http://www.dhammadownload.com

ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ကြီးရေး

မနောရထပုရဏီ

သဂြိုဟ်ခက်ဆစ်အလင်းပြ

အမေးအဖြေကျမ်း



သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

http://www.dhammadownload.com

၁၅၂၃၃

ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ကြီးရေး

မနောရထပုရဏီ

သဂြိုဟ်ခက်ဆစ်အလင်းပြ

အမေးအဖြေကျမ်း



သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

http://www.dhammadownload.com

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ အကြိမ်ရိုက်နှိပ် ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

မနောရထပူရဏီကျမ်း

နိဒါန်း

ဗုဒ္ဓဝါဒ အခြေခံတရားတော်

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
တေံ ဗုဒ္ဓါန သာသနံ။

မကောင်းမှု အကုသိုလ်ဟူသမျှကို မပြုခြင်း၊
ကောင်းမှုကုသိုလ်ကို ပြည့်စုံစေခြင်း၊
မိမိ စိတ်ကို ဖြူစင်စေခြင်း–
ဟူသောဤတရားသည် ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

ဤတရားတော်ကို ပွင့်တော်မူသမျှသော ဘုရားရှင်တို့သည် တပည့်ရဟန်းသံဃာတို့အား ဩဝါဒပါတိမောက်တရားတော်အဖြစ် ဟောကြား ဆုံးမတော်မူကြသည်။

အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမဗုဒ္ဓ ရှင်တော်ဘုရားသည်လည်း ဝါတော် ၂၀-အထိ လပြည့် လကွယ် နေ့တိုင်း တပည့်ရဟန်းသံဃာတို့အား ဟောကြား ဆုံးမတော်မူပါသည်၊ ထို့ကြောင့် ဤတရားတော်ကို ဗုဒ္ဓဝါဒအခြေခံ တရားတော်ဟု ဆိုသင့်လှပါသည်။

သိရန်မလွယ်ပုံ။ ဤဗုဒ္ဓဝါဒ အခြေခံတရားတော်၌ ပါဝင်သည့် အကုသိုလ်ကုသိုလ် ဖြူစင်သော စိတ်ဟူသည်တို့မှာ သိရန် မလွယ်ကူပါ၊ အဘယ်သို့ သိရပါမည်နည်းဟု မေးလျှင်—

ဗုဒ္ဓအဘိဓမ္မာတရားများကို လေ့လာပါဟု ဖြေရပေမည်၊ ဗုဒ္ဓအဘိဓမ္မာမှာ ပါဋိတော်ကျမ်းရင်း (၇) ကျမ်း၊ ဆဋ္ဌမူအုပ်ရေ (၁၂) အုပ်၊ အဋ္ဌကထာ ၃-ကျမ်း ၃–အုပ်၊ ဋီကာ ၂–ကျမ်း ၃–အုပ်ရှိရာ ပေါင်း (၁၈)အုပ်ရှိသည်၊ ပါဋိဘာသာဖြင့် ရေးထားသည်၊ သဘောအဓိပ္ပါယ် နက်နဲ၍ ကျယ်ဝန်းသည်၊ ထို့ကြောင့် လေ့လာရန် မလွယ်ချေ။

http://www.dhammadownload.com

အဘိဓမ္မာအခြေခံ။ သို့ဖြစ်လျှင် ယင်း အဘိဓမ္မာကျမ်းကြီး (၁၈) ကျမ်းကို လေ့လာ တတ်သိနိုင်ရန် ရှေးဦးအခြေခံအဖြစ် အဘိ-မ္မေတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါ၊ သင်္ဂြိုဟ်ကျမ်းကို ကျေပွန်တတ်သိလျှင် အကုသိုလ် ကုသိုလ် ဖြူစင်သောစိတ်များကိုလည်း နားလည်ပါလိမ့်မည်၊ အခြား ပရမတ္တသဘောများကိုလည်း နားလည်၍ အဘိဓမ္မာကျမ်းကြီး (၁၈) ကျမ်း၏ သဘောအဓိပ္ပါယ်ကိုလည်း နားလည်ရန် အခြေခံရပေလိမ့်မည်။

ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ဗုဒ္ဓဝါဒအခြေခံတရား ၃-ပါးကို တတ်သိ နားလည်လိုလျှင် အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါဟု တိုက်တွန်းလိုပါသည်။

မှန်ပါသည်၊ အဘိဓမ္မတ္ထသင်္ဂဟဟူသော အမည်ကပင် "အဘိဓမ္မာ ၇-ကျမ်းလာ သဘောအဓိပ္ပါယ်များကို အကျဉ်းချုံ ပြသောကျမ်း" ဟု အနက် အဓိပ္ပါယ်ထွက်ပါသည်၊ ကျမ်းအမည်၏ အနက်အဓိပ္ပါယ်နှင့် ကျော်ညီစွာပင် အဘိဓမ္မာ ၇-ကျမ်းမှာ ပြဆိုသည့် ပရမတ္ထတရားသဘော အဓိပ္ပါယ်များကို ထိထိမိမိ တတ်သိအောင် သင်္ဂြိုဟ်ကျမ်း၌ ပြဆိုထားပါသည်၊ ယင်းသို့ ပြနိုင်သောကြောင့်လည်း ပရမတ္ထတရားများကို သိလိုတတ်လိုသူများ ဗုဒ္ဓအဘိဓမ္မာကျမ်းကြီးများကို လေ့လာလိုသူများသည် သင်္ဂြိုဟ်ကျမ်းကို ရှေးဦးစွာ လေ့လာသင်ယူကြရပါသည်၊ ဗုဒ္ဓသာသနာဝင်အလျောက်၌ သင်ယူ လေ့လာသူအများဆုံးသော ကျမ်းဖြစ်ပါသည်။

သင်္ဂြိုဟ်အဖွင့် ကျမ်းများ။ သင်ယူ လေ့လာသူများသည့်အလျောက်ပင် သင်္ဂြိုဟ်ကျမ်းကို ဘာသာ အမျိုးမျိုးသို့လည်း ပြန်ဆိုကြပါသည်၊ ဖွင့်ဆိုသော ကျမ်းများ၊ နိဿယပြန်ဆိုသောကျမ်းများလည်း များလှပါသည်။

အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်း၊ သင်္ခေပဋီကာကျမ်း၊ ပရမတ္ထဒီပနီခေါ် ဋီကာမော်ကျမ်းစသည်ဖြင့် ပါဋိဘာသာဖြင့် ဖွင့်ဆိုသောကျမ်းလည်း များစွာရှိသည်။

ပရမတ္ထသရူပဘေဒနီ၊ အဘိဓမ္မတ္ထဒီပက၊ အဘိဓမ္မဂုဋ္ဌတ္ထစသော မြန်မာအဖွင့်ကျမ်းများလည်း များစွာရှိပေသည်။

မနောရထပူရဏီ။ ယင်းသို့ သင်္ဂြိုဟ်ကျမ်း၏ ပါဋိဘာသာအဖွင့်ကျမ်း မြန်မာဘာသာဖြင့် ဖွင့်သောကျမ်း များစွာတွင် ယခုစာရှုသူတို့ လက်ဝယ် ရောက်ရှိနေသော **မနောရထ-**

http://www.dhammadownload.com

ပူရဏီ သင်္ဂြိုဟ်ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်း ၁ ည်လည်း ထူးခြားတောက်ပြောင်သည့် မြန်မာဒဟပုံကျမ်းတစ်စောင် ဖြစ်ပါသည်။

ကျမ်းပြုပုဂ္ဂိုလ်ကျော်။ ဤကျမ်းကို ပြုစုစီရင်ခဲ့သောပုဂ္ဂိုလ်မှာ ဗုဒ္ဓသာသနာ၌ ပြဿဒိုစံလင်သည့် ဗုဒ္ဓဂင်ကျမ်းကြီးတစ်ဆူ ဖြစ်သော ဇီနတ္ထပကာသနီကျမ်းကို ညွှန်းကောင်း၊

မြန်မာစာဝေါဟာရကျွဲစည်းမှုရောက်စွဲခဲ့ စံကားဒေသ က်ာ်ည့် မဟာဝံသ ဒီပ မည်ရှိသာသနာ့သမိုင်းကြီးတစ်စောင်ကိုလည်း ညွှန်းကောင်း၊

မြန်မာစာရေးယုံဆိုင်ရာ ပ သုတ၊ အဘိဓာန်၊ ဗေဒင်တွဲ၊ နက္ခတ်ကျမ်း၊ အင်္ဂါရတ်ကျမ်း၊ ပိဋကပါဠိတော် ဒဋ္ဌကထာ ဋီကာ ကုဒင်္ဂနှင့် ဝါတ်စာ ည့် ဗဟုသုတ သေ ကိလောကုဋ္ဌာရာ သိမှတ်ပုပ်ချာ ပြဿဒိုံ ဝံသင်္ဂါ ကျော်စောထင်ရှားမသော စုပေါ်စုံကျော်ထင်ကျမ်းကိုလည်း ဖော်ထုတ်ပြုစုတော်မူခဲ့သော ဤတောင်မြို ကျိုးသဲလေးထပ် မဟာဆရာတော်ကြီးဖြစ်သည်။

ဤကျမ်းဂုဏ်ရည်။ ဆရာတော်ကြီးသည် ပါရမီရင့်သန် ပညာဘွဏ်ကြီးမား သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ ဖြစ်တော်မူသည့် အတိုင်းထင်ရှား ကျော်စောသည့် ဖဖော်ပြပါကျမ်းကြီးများနည်းတူပင် ဤမနော ရထ ဂ္ဂါ ဒီကျွန်းကိုလည်း သိပ်သည်းကျစ်လစ်၍ ပေါ်လွင်သောစကားလုံးနှင့်အသံးအနှုန်း ပေါ့ပြင်သော ဝါကျဖွဲ့သံုးပုံများ ဖြင့် ခြယ်လှယ်မှမ်းမံကာ နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတေ့ာဒဿနဝိပ္ပါယ်များကို ဖော်ပြနေရသားထားပေသည်။

အဓိပ္ပါယ် ၄—မျိုး။ ရေးသားပုံမှာလည်း ဖတ်ရှုလေ့လာသူတို့၏ ဉာဏ်အစဉ်၌ မှင်းထင်းပေါ်လွင်ထင်ပြင်လွယ်စေရန် အမေးအဖြေပုံစံဖြင့် ရေးသားထားသည်။

ယင်းသို့ရေးသားရာ၌ သင်္ဂြိုဟ်ကျမ်းလာပရမတ္ထသဘောများကို—

၁။ အစဉ်အလာ ရိုးရာ အဓိပ္ပါယ်၊
၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပါယ်၊
၃။ နက်နဲခက်ခဲသည့် အဓိပ္ပါယ်၊
၄။ အရာကျက်ဖွယ် အဓိပ္ပါယ် –

များကို ပါဝင်စေလျက် အကြောင်းအပေါင်း ၄၅၃–မျိုးကို ဦးတည်ထား လျက် စာမျက်နှာပေါင်း (၄၅၈)ဖြင့် ရေးသားထားပေသည်။

http://www.dhammadownload.com

ဤအကြောင်းများကို ပုံစံနမူနာအဖြစ်အနည်းငယ်မျှ ဖော်ပြပါအံ့။

၁။ အစဉ်အလာ ရိုးရာအဓိပ္ပါယ်

၁။ အစဉ်အလာ ရိုးရာအဓိပ္ပါယ်ဟူသည်မှာ သင်္ဂြိဟ်ကျမ်းအဖွင့်များနှင့် သင်္ဂြိဟ်ကျမ်းပို့ ချသင်ကြားပေးရာတို့၌ အများအားဖြင့် ရေးရိုးရေးစဉ်ပြောရိုးပြောစဉ် အဓိပ္ပါယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) သမ္မာသမ္ဗုဒ္ဓံ ပါဌ်လာ သံသဒ္ဒါ သမ္မာသဒ္ဒါထူးခြားပုံ (နှာ-၅)

(၂) အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း (နှာ-၁၀)

စသည်ဖြစ်သည်၊ ဤသို့သောအစဉ်အလာ ရိုးရာအဓိပ္ပါယ်များကား ဤကျမ်း၏ အဓိက ပင်မကြီးအဖြစ် ရေးသားထာ-ပေသည်။

၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပါယ်

ဆန်းကြယ်ထူးခြားသည့် အဓိပ္ပါယ်ဟူသည်မှာ ရှေးသင်္ဂြိဟ်အဖွင့်ကျမ်းများမှာဖြစ်စေ, ပ.ခြား ပရမတ္ထတရားများပြဆိုသည့် အဘိဓမ္မာကျမ်းများမှာဖြစ်စေ, သင်ကြားပို့ချရိုး အစဉ်အလာဖြစ်စေ အတွေ့အကြုံနည်းပါးလှသည့်အဓိပ္ပါယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) လောဘမူစိတ်ပေါင်း ၂၀၁၆-ပြစ်ပုံ (နှာ-၂၆)

(၂) ဒေါသမူစိတ် ၅၀၄-ဖြစ်ပုံ (နှာ-၂၇)

(၃) ခေါက်၍မေးက ရုပ်သေးတရာ ရပုံ (နှာ-၂၃၇)

စသည်ဖြစ်ပေသည်၊ ဤသို့သော ဆန်းကြယ်ထူးခြားသည့် အဓိပ္ပါယ်များကို ဤကျမ်း၌ အကိုင်းအခက်များသဖွယ် များစွာ ရေးသား ပြဆိုထားပေသည်။

၃။ နက်နဲခက်ခဲသည့် အဓိပ္ပါယ်

နက်နဲခက်ခဲသည့် အဓိပ္ပါယ်ဟူသည်မှာ ပရမတ္ထသဘာဝဆိုင်ရာ ဂမ္ဘီရဉာဏ်ရင့်သန်သူတို့အတွက် နှစ်ဆက်အားရဖွယ်ရာ ခဲရာခက်ဆစ်အဖုအထစ်မပြေပြစ်သော ဂဏ္ဌိဋ္ဌာန များကို များစွာသောကျမ်းဂန်တို့မှ ထုတ်နုတ်ရေးသားချက်ဖြစ်သည်။

ပုံစံ (၁) အဋ္ဌသာလိနီအဋ္ဌကထာကို ကိုးကား၍ အာဝဇ္ဇန်းစသည်၌ပါသောစေတနာသည် ကံ မမည်ပုံကို ပြခြင်း-(နှာ-၁၄)

http://www.dhammadownload.com

(၂) ဝိဘင်္ဂပါဠိတော်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကို ကိုးကား၍ လက်သမားအတတ်, ပန်းထိမ်အတတ်စသည်ကို ပညာတရားကိုယ်ပှားသင့်မယူသင့် စိစစ်ပြထားသည်။ (နှာ-၃၇)

(၃) မူလဋီကာအလိုအားဖြင့် အက္ခရာ ၁-လုံး၏အသံကိုနားဖြင့် ကြားရာ၌ အနည်းဆုံး ၅-ဝိထိဖြစ်ပြီးမှ သိသည်ကိုဖော်ပြသည်။ (နှာ-၃၉)

(၄)သမ္မန္ဓစိန္တာဋီကာနှင့် အနုဋီကာကို ကိုးကား၍ ဝါလုံးတည်းသော သဒ္ဒါကို ပြောသည့် ပုဂ္ဂိုလ်ဘက်မှ ဝိဘိအဆင့်ဆင့်ဖြစ်ပုံကို ပြဆိုထားသည်။ (နှာ-၁၄၆)

(၅) ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ကိုးကား၍ ဝသီဘော် ၅-တန်ဖြစ်ပုံကို ရေးသားဖော်ပြထားသည်။ (နှာ-၁၀၉)

ဤသို့စသည်ဖြင့် ဂေတာင်္ဝတ်းခိုင်မာဒသာကျမ်းများကို ကိုးကား၍ အဘိဓမ္မာပရမတ္ထသင်္ဂေါဆိုင်ရာ လေးနက်ခက်ခဲသော အဓိပ္ပါယ်များကို ပြဆိုသည်မှာ ဤကျမ်းဌီး အရှက် အညှန့် အဖူး အဝုံ အပွင့်များပမာ ပြည့်ဝစုံလင်လှပါသည်။

ဤသို့စသည်ဖြင့် ဤကျန်းဌီ ကျမ်းကြီးကျမ်းခိုင်များကို အကြောက်အထား ပြု၍ နက်နဲလေးနက်သော အဓိပ္ပါယ်များ ဖော်ပြထားသည်မှာ ပတ်မကုန် မှတ်မကုန် များပြား ပြည့်စုံလှပါပေသည်။

၄။ အရကျက်ဖွယ်အဓိပ္ပါယ်

ဖော်ပြခဲ့သည့် ၃ ပျိုးသောအဓိပ္ပါယ်တို့တွင် အချို့မှာ ကြည့်ရုံပြီးလွယ်လွယ်ပင် မှတ်သားနိုင်သော်လည်း အချို့အဓိပ္ပါယ်များ- မှတ်ဉာဏ်ဖြင့် ထိန်းထားနိုင်ခက်သည်လည်း ရှိဟတ်ပေသည်၊ ယင်းသို့သော အဓိပ္ပါယ်များကို ရှေ့ပျို့ကဗျာများမှထုတ်၍လည်းကောင်း ကိုယ်ဘိုင်ကဗျာဖွဲ့၍လည်းကောင်း ဆောဒ္ဓပုဒ် ရေးသားထားပေသည်။

ပုံစံ (၁) ဆုတောင်ခန်းပျို့မှထုတ်နုတ်၍ မာန်ကိုးပါးဖြစ်ပုံဆောင်ပုဒ်ကို (နှာ-၅၁)၌ တွေ့ရသည်။

(၂) ပါရမီခန်းပျို့မှထုတ်နုတ်၍ နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်များ အနုမာနုညာဏ်ဖြင့် သိမြင်နိုင်ပုံကို (နှာ-၆၉)၌ တွေ့နိုင်သည်။

(၃) စရိုက် ၆-ပါးဖြစ်ပုံဒေရ နှလုံးသွေးအရောင်ဖြစ်ပုံကို မှတ်လွယ်စေရန် ကိုယ်ကော်တိုင် ဆောင်ပုဒ်ရေးသားထားသည်ကို (နှာ-၇၁)၌ တွေ့နိုင်သည်။

http://www.dhammadownload.com

ဤသို့စသည်ဖြင့် လိုအပ်ရာ၌ ဆောင်ပုဒ်လင်္ကာများ ဆောင်ပုဒ်များရေး၍ အရကျက်ရယ် ဒီပိုပါယ်များကို ရေးသားဖော်ပြထားသည်မှာ ဤကျမ်း၌ အသိုး အခိုင်များသဖွယ် ဝင့်ပင့်ယဉ် ဝေဆာလှပါပေသည်။

ယင်းသို့ အနက်အဓိပ္ပါယ်အသွယ်သွယ် ဖော်ပြ ဤကျမ်းဖြစ်ပေါ်လာပုံ။ လွန်ကဲ သဒ္ဒိဗျင်္ဂကျမ်းကို ဦးဘိုသော မနောရထ-ပူရဖိုးကျမ်းကို ကျိုးသဲလေးထပ်ဆရာတော် ဘုရားကြီးသည် ပေမူဖြင့်ပြုစုဖော်ပို့ခဲ့ရာ သာဝနာတော်သက္ကရာဇ် နှစ်ထောင်လေးရာတဆယ့်ခုနှစ်ခုနှစ် (၂၄၁၇) ဂုန်ဖ ကောဇာသက္ကရာဇ် တပေါင့်နှစ်ရာသုံးဆယ့်ငါး(၁၂၃၅)ခု တော်သလင်းလဆန်း ၁၁-ရက် တနင်္လာနေ့တွင် အောင်မြင်ထမြောက်ပြီးဆုံးခြင်းသို့ ရောက်ရှိတော်မူသည်၊ ဂရုပဝေသဏီက စာဟောင်း ပေဟောင်း လူမိုက် ဂ်ာတကို ဆရာတော်ကြီးမှ သုံးဆက်မြောက် အရှင်စန္ဒောဘာသသည် ဂရုပြုယူခြင်နှင့် ပြုပြင်ဝိုက် ဒီပိုပါ ၁ ဦးစီးဝင်နှင့်တိုင်ပင်၍ ပုံနှိပ်ထုတ်ဝေမည်ဟု ဝင်းမြဲပြုခြာသည်၊ ကြွင်းပြီး ကျမ်းစာကို မရိုက်နှိပ်သေးမီ ဆရာကော်ဇာဝင်စာန္ဒ ဟာဒာ ဘာနတ်မကြာ ပြောင်းကြွတော်မူသည်၊ ဆရာဦး စိုးတင့်လည်း ကွယ်လွန်သည်၊ ဇ မှုမှု ရန်ကုန်မြို့ဗားကရာတိုက် ပျဉ်ဝေးဝင်ဘိုးဝင်းစီ ဆရာတော်အရှင်သာဂရဏံမှာ ကျန်ခဲ့သည်။

မနောရထပူရဏီကျမ်း ထူးခြားချက်ဟူသော ကြွင်းကြာကို ဖတ်ရှုကြရသော တိုင်းသူပြည်သား မှုလူအများသည်ဟူသည်း ကိုယ်တိုင်လာ စာရေးသဖြင့် အမျိုးမျိုးမေးကြသည်။

ထို့ကြောင့် စာမူကိုလက်စဝင်မိုးထားသော အရှင်သာဂရသည်လည်း အေးဆေးစွာ မနေသာတော့ပဲ ခရုပြုခြင်းတော်၏ဩဇာ ဂရုပြုယူခြင်နှင့်ပုံနှိပ်တိုက်ပိုင်ရှင် သခင်အေးနှင့်ပိုင်ပင်ပြီးမှ စရိုယဆရာဦးကြည်အာ ကြွေးမြီးအား တည်းဖြတ်ပြင်ဆင်စေကာ ၁၃၁၉ ခုနှစ်တွင် ဤကျမ်း ပထမတဲကိုယည်းအကြိမ်အား ၁၃၂၀-ခုနှစ်တွင် ဤကျမ်းဒုတိယတဲကိုယည်းအကြိမ်အား ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ပြန်လည်ရိုက်နှိပ်ခြင်း။ ယခုအခါတွင် စာအုပ်ဝယ်ယူခဲ့သည့်နှစ်ပေါင်းကြာခဲ့ပြီဖြစ်သောကြောင့် မနောရထပူရဏီကျမ်းအလွန်ရှားနေပြီဖြစ်သည်ဖြင့် ဗုဒ္ဓအာဘိမွေးကို လေ့လာလိုသူများနှင့် စာဆုစာသင် ဥစ်လူကြီးများကလည်း လုံလားတောင့်တ ပြန်လည်ရိုက်နှိပ်ပါရန် တိုက်တွန်းကြသောကြောင့် ဤကျမ်းစာမူကို ယိန်းသိမ်းစောင့်ရှောက်ထားသူ သခင်မအေးသည် သာသနာ့ခရာတော်အကျိုးကို မြော်ကိုးလျှ ပေမူနှင့်တကွ ဤစာမူကို သာသနာ့ဂုဏ်ဝိုးစိုးပွားနှိုးလို လှူဒါန်းပါသည်။

http://www.dhammadownload.com

မဲ့နောရထ ပူရဏီကျမ်း ၂-တွဲကို အလှူခံရရှိသောအခါ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ဤကျမ်းကို တတွဲတည်း စုပေါင်းရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

အကျိုးတရားအဆက်ဆက်။ ဤ မနေးရထ ပူရဏီကျမ်းသည်ကား အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂီဟကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို ပေါ်လွင်ထင်ရှားအောင် ရေးသားသော ကျမ်းဖြစ်သည်။

ဤကျမ်းကို လေ့လာခြင်းဖြင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာ ဘဂ-ကျမ်း၌ သဘောအဓိပ္ပါယ်တို့ကို အကျဉ်းချုံးရေးသားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ အဓိပ္ပါယ်သဘောများ ဗုဒ္ဓအဘိဓမ္မာသဘောတရားများကို ကောင်းစွာ နားလည်သိမြင်နိုင်မည် ဖြစ်သည်။

ယင်းသို့နားလည်လျှင်လည်း—

(၁) မကောင်းသော အကုသိုလ်ကို မပြုပဲရှောင်နိုင်ခြင်း

(၂) ကောင်းသောကုသိုလ်တရားကို ပြည့်စုံစေခြင်း

(၃) မိမိ၏စိတ်ကို ဖွံ့ဖြိုးစေခြင်း

ဟူသော ဗုဒ္ဓဝါဒအခြေခံတရားကောင်းကိုလည်း တတ်သိနားလည်ပြီး ကျင့်သုံးပွားများနိုင်ကြမည် ဖြစ်ပေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါဂဂူ)
သက္ကသီဟ ဓမ္မာစရိယ ဝဠုံသကာ
အာဗုံးရေဓမ္မာစရိယ သိရောမဏိ
စေတိယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက

http://www.dhammadownload.com

ပထမ အကြိမ် ပုံနှိပ်စဉ်က

မူလစကားချီး

ထုတ်ဝေ ဖြန့်ချီရခြင်းအကြောင်း

တိလောကဂ္ဂ ဘက်မမျှသည် သကျမာရဇိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရား၏ သုံးပါးသော သာသနာတော်ဝယ် အံ့ဖွယ်ဘနန်း ထူးဆန်းသောဉာဏ် ထက်သန်သော လုံ့လဖြင့် ပိဋကတ္တယ ပိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယ ကောဝိဒ ဖြစ်တော်မူသဖြင့် "ဇိနတ္တပကာသနီ" ကျမ်း "စွယ်စုံကျော်ထင်ကျမ်း" စသော ကျမ်းပေါင်းများစွာတို့ကို ရေးသားတော်မူခဲ့ရာ ဇမ္ဗူဒီပါကျွန်း သာသနာထွန်းကားရာ အရပ်တို့၌ ပဘန့်သောဂုဏ် သတင်းဖြင့် လွှန်မင်းစွာ ကျော်စောတော်မူခဲ့သော ကျေးဇူးတော်ရှင် "ရွှေတောင်ပြို-ကျီးသဲလေးထပ်" ဆရာတော်ဘုရားကြီးသည် အဘိဓမ္မတ္ထ သင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်း၌နည်း နာနယ ရရှိကြစေခြင်းငှာ အဘိဓမ္မတ္ထ ဉာဏဓမ္ဘီ အဆိရဲရဲ သိပ်သည်းကျစ်လစ် အနှစ်သာရဟူသမျှတို့နှင့် ထူးလှနက်နဲခက်ခဲတာ မှန်သမျှတို့ကို အဆောင်ဆောင် သောပါဠိ, အဋ္ဌကထာ, ဋီကာအဝဝ, ပျို့ကဗျာသာဓကတို့ဖြင့် ကျနစွာ တန်ဆာ ဆင်ပြီးလျှင် ၉-ပိုင်း, ၉-ကဏ္ဍ မေးအဖြေ အစုံပြလျက် ပေထက် အက္ခရာ တင်ကာ "မနောရထပူရဏီ" ဟူသောအမည်ဖြင့် စီရင်ရေးသားတော် မူခဲ့လေသတည်း။

ဤသို့ရေးသားတော်မူခဲ့သော ပေမူသည် ဆရာတော်ကြီးမှ ၃-ဆက်မြောက် ဖြစ်သော ရွှေတောင်ပြို ထိပ်ဗိုလ်ရုံ ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ပိဋကတ္တယ ပိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယ်ကောဝိဒ ဖြစ်တော် မူသော ဆရာတော်သခင် အရှင် "ဦးစန္ဒောဘာသ" မထေရ်သည် ကောင်းစွာ သိုမှီး သိမ်းဆည်းစောင့်ရှောက်လာခဲ့ရာ လွှန်ခဲ့သော အနှစ် ၃၀-လောက်က ကျွန်ုပ်တို့၏ နောင်တော် အယ်ဒီတာ "ဦးစိုးဘင့်" အား စက်တင်ပုံနှိပ်ရန် အတန် တန်တိုက်တွန်းနှိုးဆော်ခြင်းပြုသဖြင့် ရိုက်နှိပ်ရန် စိုင်းပြင်းပြီးလျှင် "မနောရထ-ပူရဏီ" ကျမ်းကြီးထွက်ပေါ်တော့မည်ဟူ၍ ကြော်ငြာများပင် ဖြန့်ချီခဲ့ဘူး လေသည်။

ထိုသို့ကြော်ငြာလိုက်ရာ များစွာသော သောတုဇန သုတေသီ အဝဝတို့ သည် ထွက်လာမည့် "ကျမ်းပူရဏီ" ကို လှမ်းယူမည် အာသီသဖြင့် တမ်းတ ခြင်းမက တမ်းတမျော်လင့်ခဲ့ကြပါသော်လည်း နေအရုဏ် လှုံခွင့်မရသဖြင့်

http://www.dhammadownload.com

မပွင့်ရသည့် ကြာပဒုံလို ယခုခေတ်တိုင်ရောက်အောင်ပင် ထွက်ပေါ်ခြင်းမရှိဖြစ်ခဲ့ရခေသည်။

မမြဲသည့်ဘဝ သင်္ခါရဖြင့် ဦးစိုးတင့်လည်း ကွယ်လွန် ဆရာတော်အရှင် "**ဦးစန္ဒဝဘာသ**" သည်လည်း ပရဝဏ်-ခုနှစ် ကေဝ်သလင်းလဆန်း ဂ-ရက်နေ့ သက်တော် (၇၉) ဝါတော် (၆၀) အရွယ်အင် ဘဝနတ်တံ ပျံလွန်တော်မူပြန်သည်ဖြစ်ရာ ဤကျမ်း စာပေပရိသတ် ဆရာတော်၏ တူကပည့် ရန်ကုန်မြို့ ဗားကရာဝိုက် ဒွေ့ကောင်တိုက်သစ် ကျောင်းကြီး၏ ဦးစီး နာယက "အရှင်ဥဒ္ဓိသာဘိဝံသ" မဟဆရာ၏ထံဘွင့် ကျွန်ုပ်ရေးခဲ့ပြန်လေရာ ယခုအခါ ဥပမာဆိုရလျှင် "စပယ်ဘဲ့လေးဂျွံ အပွင့်ပယ်ကို အင့်မှာကုန်ပါသေးရဲ့" ဆိုသကဲ့သို့ နေအရာဏ်ချိန်မသင့်၍ မပွင့်ရလျှင်ကြာအလားကျွန်ုပ်ရဖြစ်သည့် ပေမူမျှားကို အရှင်"ဦးသာဂရ" အထံမှ ပုန်ပိတ်ထုတ်ဝေရန် တိုက်တွန်းချက်ဖြင့် ရရှိခဲ့လေရာ မျှော်လင့်ကြသူ ရှင်လူအာဝဝ သောတုနအလိမ်မိယောဂီအပေါင်း "ပန်ချင်သူ ပျိုန္ဒဲနှောင်းတို့ ခေါင်းဖီးကြလေး ..." ဆိုသည့် ရွေးစကားအသွင် ပန်ဆင်လိုသူ ရှင်လူအပေါင်းဘို့ အတွက် "မနောရထပူရဏီ" ကျမ်းကို မူလကျမ်းရင်း အတိုင်း ချတ်ခြယ်မှိမ်းပါးခြင်း မရှိဘဲရဲ့ ရှင်းလင်းသေသပ်သော ပုဒ်ပါဠိ အဖြတ်အရပ်မှစ၍ ကျွန်ုသေချာ စွာ အကဲ့ရာ ပုဒ် ဗျည်း မလိုပ်လည်းစေရအောင် "ပါဠိဆရော အယ်ဒီတာကြီး ဦးဓမ္မာဝင်္သမိန်း ဝပ္ပဘဝဒိုယ" ကိုယ်တိုင် ကြပ်မတ် ကြည့်ရှုလျက် ကောင်းစွာ ပုတ်သင် ပြင်ဆင်ပြီးလျှင် ဧက်တင်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်၊

ယင်းသို့ ကြိုးပမ်းတာကုံ စက်တင် ပုံနှိပ်ထုတ်ဝေရခြင်း၏ အကြောင်းအဓိက ရည်ရွယ်ချက်များမှာ -

၁။ အတိခမ္မတ္ထ သင်္ဂိဟ်.ကျမ်းဝယ် လမ်းကောင်းသဖွယ် သိမ်မွေ့လှသည့် ခဲရာခဲဆစ် ဟူသမျှတို့ကို ရှင်းလင်းစွာ ဖော်ပြတော်မူခဲ့သဖြင့် ပေါ်လွင်လှသည်ဖြစ်ရာ အဘိဓမ္မာ ပရမတ်သဘန်း၌ လိမ္မာဝတ်ကျမ်းလိုသူ ရှင်လူ ဘုသမျှတို့၏ လိုအင်ဆန္ဒ ပြည့်ဝစေရန်၎င်း၊

၂။ ပြည်ဆထောင်စု မြန်မာနိုင်ငံတော် အစိုးရက နှစ်ဘဉ်မကွာ ပြုလုပ်ကျင်းပလျက်ရှိသော ငယ်, လတ်, ကြီး, ကျော်, ဟမ္မ စရိုက်, စာချုတန်း စာမေးပဲ့များနှင့် အဘိမ္မောဆိုင်ရာစာမေးပဲ့များကို ဝင်ရောက်ဖြေဆိုကြသော ပုဂ္ဂိုလ်အပေါင်းတို့ မှာလည်း "သင်္ဂိဟ်ဘာသာ" ၏ ခက်ဆစ်ခဲရာတို့ကြောင့် ငြီးတွားမနေကြရဲ့ လွယ်လင့်တကူ ဖြေဆိုနိုင်ကာ မဂ်လာအောင်ပန်းကို ဆင်မြန်းတော် မူနိုင်ကြစေရန်၎င်း၊

http://www.dhammadownload.com

၃။ စာချအကျော် ဆရာတော်များနှင့် ပဋိပတ်အကျင့် လမ်းတွင် အလုပ်စခန်းဝင်ကာ နေကြသော ယောဂီအပေါင်း သူတော်ကောင်းများ တို့သည်လည်း အားထားကြည့်ရှုပွားများမှုတွင် အစဉ်မလွဲ အမြဲထားဝရ လက်ကသုံးပြုနိုင် ကြရန်အတွက်ရင်း၊

၄။ ဤမျှထူးခြား ကျေးဇူးများ၍ အနှစ်သာရနှင့် ပြည့်ဝသော ကျမ်းစာတစောင် ဖြစ်ပါလျက် နှစ်ပေါင်းများစွာကပင် စက်တင်ပုံနှိပ်ရန် ကြိုးပမ်းတကုတ် အားထုတ်ခဲ့ဧကာမူ အခါမသင့် အခွင့်မရသဖြင့် ယနေ့တိုင် မထွက်ပေါ်နိုင်ပဲ ဖြစ်နေခဲ့ရာ နောင်ကာလရွေ့လျား ပျောက်ပျက်သွားခဲ့သော် တောင့်တ မျှော်လင့်လျက်ရှိကြသူ ရှင်လူအများ စာသင်သား သောကုဇန သုတေသီ ဟူသမျှတို့နှင့် နောင်လာနောက်သားတို့သည် ဤ 'မနောရထ ပူရဏီ' ကျမ်းအဆိကို တွေ့ကြုံကြည့်ရှုခွင့်မရ အဟောသိက နယ်တွင်းသို့ သက်ဆင်း တိမ်မြုပ်သွားမည့် အရေးကို တွေးမိသဖြင့်ရင်း၊

၅။ ပုံနှိပ်ထုတ်ဝေရန် စိတ်ကြုံကြိုးစားတော် မူခဲ့ကြသော ဆရာတော်သခင် ဦးစန္ဒောဘာသ ထေရ်အရှင်နှင့် နောင်တော် ဦးစိုးတင့်တို့၏ဆန္ဒ ပြည့်ဝစေမှုများကိုလည်း ထောက်ရှုလေးစားသောအားဖြင့် ကျေးဇူးများ ဆပ်ရာ ရောက်စေရန်ရင်း ဆိုခဲ့သမျှသော ရည်ရွယ်ချက် အကြောင်းကြောင်းတို့ဖြင့် စေတနာ သဒ္ဓါရှင်လန်း ကြိုးပမ်းတကုတ် ပုံနှိပ်ထုတ်ဝေခြင်း ပြုလိုက်ပါသတည်း။

သခင်အေး

ပုံနှိပ်ထုတ်ဝေသူ

ရွှေပြည်ညွှန့် စာပုံနှိပ်တိုက်ပိုင်ရှင်။

၁၃၁၉-ခု၊ နယုန်လဆန်း ဂ-ရက်နေ့

http://www.dhammadownload.com

မာတိကာ

ဘမ္ဘတ်စဉ်	အကြောင်းအထု	စာမျက်နှာ
ပဏာမနှင့် ပဋိညာဉ်		၁

စိတ်ပိုင်း

၁။	သမ္မာသမ္ဗုဒ္ဓပုဒ်၌ သမ္မာသဒ္ဒါနှင့် သံ သဒ္ဒါနှစ်ပါး အထူးကို ပြခြင်း	၅
၂။	အတုလံနှင့် သသဒ္ဒမဂဏ္ဌတ္တမံ ပုဒ်နှစ်တန်၏ အထူးကိုပြခြင်း	၆
၃။	အဘိဝါဒိယပုဒ်ဖြင့် ဝိသေသရှိခိုးပုံကို ပြခြင်း	၇
၄။	ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း	၇
၅။	ဂန္ဆာရမ္ဘ ၃-ပါးတွင် လိုအပ်သော ဂန္ဆာရမ္ဘကို ပြခြင်း	၈
၆။	နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း	၈
၇။	ပရမတ္ထ သဘာဝကို ပြခြင်း	၈
၈။	ပညတ်အပြား ၆-ပါး	၉
၉။	အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း	၁၀
၁၀။	လောဘမူစသည်ခေါ်ဆိုရပုံကို ပြခြင်း	၁၁
၁၁။	ဥဒ္ဓစ္စသမ္ပယုတ်စိတ်ခေါ်ဆိုရပုံကို ပြခြင်း	၁၁
၁၂။	မိုရာနိဿယအားဖြင့် ပဋ္ဌဝိညာဉ်အမည်ရပုံကို ပြခြင်း	၁၂
၁၃။	ကာယဝိညာဉ်၌ သုခ, ဒုက္ခ ဖြစ်ပုံကို ပြခြင်း	၁၂
၁၄။	အာဝဇ္ဇန်းစသည်၌ ပါသောစေတနာသည် ကံ မမည်ပုံကို ပြခြင်း	၁၄
၁၅။	ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇောအမည်ရပုံကို ပြခြင်း	၁၅
၁၆။	ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကို ပြခြင်း	၁၅
၁၇။	မဟာကုသိုလ်ဟူသော နာမဝိသေသကို ပြခြင်း	၁၆

http://www.dhammadownload.com

အမှတ်စဉ်	အခြင်းအရာ	စာမျက်နှာ
၁၈။	လိဘိတ်ပဋိသန္ဓေ ၁၃-ပါးမှာ ဒေဘယ်စိတ်မျိုး မြတ်သနည်း	၁၈
၁၉။	ဉာဏ်အပြားပြစ်ပုံကို ပြခြင်း	၁၉
၂၀။	စျာန်ဝင်စားရာ အစဉ်မှာ ဘယ်စျာန်ပါလေနည်း	၁၉
၂၁။	ပဌမစျာန်သန္ဓေနေသော ဗြဟ္မာတို့မှာ အဘိညာဉ်ရဖို့ အားထုတ်ရသေးသလော	၂၀
၂၂။	ပဌမစျာန် ၂-ပါး ထူးခြားပုံပြခြင်း	၂၁
၂၃။	မဟဂ္ဂုတ်ချင်းဘူသော်လည်း အာရုံမတူပုံကို ပြခြင်း	၂၁
၂၄။	နေဝသညာ နာသညာ၏ ဝံသေသကို ပြခြင်း	၂၁
၂၅။	အရူပစိတ် ၄-ပါးပြားပုံကို ပြခြင်း	၂၃
၂၆။	လောကုတ္တရာစိတ်မှာ ကြိယာဇာင်းပုံကို ပြခြင်း	၂၃
၂၇။	ပါဒကစသော စျာန်တို့နှင့် တူဟန်ကို ပြခြင်း	၂၄
၂၈။	သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကို ပြခြင်း	၂၅
၂၉။	မဂ်လေးပါးတို့ကိလေသာပယ်ုံကို ပြခြင်း	၂၅
၃၀။	လောဘမူစိတ်ပေါင်းကို ပြခြင်း	၂၆
၃၁။	ဒေါသမူစိတ်ပေါင်းကို ပြခြင်း	၂၇
၃၂။	မောဟမူစိတ်ပေါင်းကို ပြခြင်း	၂၇
၃၃။	ရူပါဝစရစိတ်ပေါင်းကို ပြခြင်း	၂၇
၃၄။	မဂ်စိတ် ၄-ထောင် ပွားနည်းကို ပြခြင်း	၂၈
	စေတသိက်ပိုင်း	
၃၅။	အာရုံအာရမ္မဏိကနှစ်ဝတ္ထုင် ဦးစွာ ဖြစ်သော တရားကို ပြခြင်း	၃၁
၃၆။	စေတသိက်ကို နာမ်ဆိုရခြင်း အကြောင်းကို ပြခြင်း	၃၁
၃၇။	ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း....	၃၂

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၈။	တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း	၃၂
၃၉။	အပွမညာ တရားလေးပါးယူပုံကို ပြခြင်း	၃၂
၄၀။	ပီတိနှင့်သောမနဿအထူးကို ပြခြင်း	၃၃
၄၁။	ဥဒ္ဓစ္စစိတ်၌ ဧကဂ္ဂတာယှဉ်ပုံကို ပြခြင်း	၃၄
၄၂။	ဝိရတီ ၃-တန်ရှောင်ကြဉ်ဟန်အထူးကို ပြခြင်း	၃၄
၄၃။	အတတ်များစွာ အရာရာ,ပညာဆိုသင့်မဆိုသင့်ကိုပြခြင်း	၃၇
၄၄။	အသိ ၃-ပါး ပြားပုံအတူးကို ပြခြင်း	၃၉
၄၅။	ဝိတက်, စေတနာ, မနသိကာရ ၃-ပါးအထူးကိုပြခြင်း	၄၀
၄၆။	ဉာဏ်နှင့်ဒိဋ္ဌိအသိထူးပုံကို ပြခြင်း	၄၁
၄၇။	ပဥ္စဝိညာဉ် ၁၀-၌ ဝိတက်မယှဉ်ပုံကို ပြခြင်း	၄၂
၄၈။	ဝိရတီကို အနိယတယောဂီ, ဆိုသင့် မဆိုသင့်ကို ပြခြင်း	၄၂
၄၉။	လောကုတ္တရာ ပဥ္စမချာန်၌ လိုအပ်သော ဥပေက္ခာကို ပြခြင်း	၄၄
၅၀။	ဗြဟ္မာတို့မှာ ၃-ဖြာဝိရတီ ဖြစ်သင့်မဖြစ်သင့်ကို ပြဆိုခြင်း	၄၅
၅၁။	မဟဂ္ဂုတ်ပဥ္စမချာန်၌ ကရုဏာ, မုဒိတာ ကင်းဟန်ကို ပြခြင်း	၄၇
၅၂။	မဟာကုသိုလ်စိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း	၄၈
၅၃။	မြတ်စွာဘုရား တရားဟောရာ သုဘာသိတဝါစာ ဖြစ်ပုံကို ပြခြင်း	၄၈
၅၄။	ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း	၄၈
၅၅။	ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း	၄၈
၅၆။	ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း	၄၉
၅၇။	ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန်အထူးကို ပြခြင်း	၄၉
၅၈။	ကာယဝိညာဉ်ဒွေ၌ ယှဉ်သောစေတသိက်ကို ပြခြင်း	၅၀
၅၉။	ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း	၅၀
၆၀။	မာနတရားထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း	၅၀

http://www.dhammadownload.com

[တ] မနောရထပူရဏီကျမ်း

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပကိဏ်းပိုင်း	
၆၁။	ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း	၅၅
၆၂။	ဝေဒနာငါးပါး၏ လက္ခဏာကို ပြခြင်း	၅၆
၆၃။	အဟိတ်နှင့်သဟိတ်နှစ်ပါးထူးခြားပုံကို ပြခြင်း	၅၆
၆၄။	အဟိတ်စေတသိက်စသည် ရှိမရှိကို ပြခြင်း	၅၇
၆၅။	ဧကဟိတ်ပုဂ္ဂိုလ်မရှိသင့်ပုံကို ပြခြင်း	၅၇
၆၆။	အသညသတ်ဗြဟ္မာကို အဟိတ်ခေါ်ဆိုရပုံကို ပြခြင်း	၅၇
၆၇။	နိဗ္ဗာန်ဝင်သောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ,စုတိကို ပြခြင်း	၅၈
၆၈။	သုံးကျွန်းသားတို့ ဟိတ်တရားမရှိပုံကို ပြခြင်း	၅၈
၆၉။	ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း	၅၈
၇၀။	ဌာန ၂၅-ပါးကို ပြခြင်း	၅၉
၇၁။	ဘုံနှင့်ဌာန ပိုင်းခြား၍ ပြခြင်း	၆၁
၇၂။	ဒွါရ ၆-တန် ရုပ်, နာမ် ကောက်ပုံကို ပြခြင်း	၆၁
၇၃။	မနောဒွါရ၏ သရုပ်ကို ပြခြင်း	၆၂
၇၄။	ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း	၆၃
၇၅။	ပဉ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း	၆၃
၇၆။	မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း	၆၃
၇၇။	မနောဒွါရ၌ မဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း	၆၃
၇၈။	ဒွါရတို့၏ရုပ်ကလာပ် အရေအတွက်ကို ပြဆိုခြင်း	၆၃
၇၉။	အာရုံ အာရမ္မဏိက ခွဲခြားပုံကို ပြခြင်း	၆၄
၈၀။	အာရုံ ၆-ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း	၆၅
၈၁။	ဓမ္မာရုံကို အာရုံပြုသောစိတ်များကို ခွဲခြား၍ ပြခြင်း	၆၅
၈၂။	မနောဒွါရ၌ဖြစ်သောစိတ်တို့၏ အာရုံကို ပြခြင်း	၆၇
၈၃။	မရဏာသန္ဓဇော၏ အာရုံကို ပြခြင်း	၆၇

http://www.dhammadownload.com

အမှတ်စဉ်	ဒေကြောင်းအရာ	စာမျက်နှာ
၈၄။	သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း	၆၈
၈၅။	ဉာဏသမ္ပယုတ် မဟာကုသိုလ် နိဗ္ဗာန် အာရုံပြုနိုင်ပုံကို ပြခြင်း	၆၈
၈၆။	ဝတ္ထု ၆-ပါးကို တည်ဌာနအားဖြင့် ပြခြင်း	၆၉
၈၇။	ဟဒယဝတ္ထု၏ အဆင်း ၆-ပါးကို ပြခြင်း	၇၀
၈၈။	ဝိညာဉ်, အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း	၇၁
	ဝိထိပိုင်း	
၈၉။	ဝိသယပဝတ္တိ၏ အဓိပ္ပါယ်ကို ပြခြင်း	၇၅
၉၀။	စက္ခုဒ္ဒါရဝိထိစိတ်ဖြစ်ပုံကို ပြခြင်း	၇၅
၉၁။	သောတဒ္ဒါရဝိထိစိတ်ဖြစ်ပုံကို ပြခြင်း	၇၇
၉၂။	မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃ ပါးယုပုံကို ပြခြင်း	၈၀
၉၃။	ဝတ္ထုနှင့်အာရုံ ထိခိုက်ရာတွင် ဘဝင်လှုပ်ပုံကို ပြခြင်း....	၈၁
၉၄။	အတီတဘဝင်ခေါ် ဆိုရပုံကို ပြခြင်း	၈၃
၉၅။	ဝိထိစိတ်ဖြစ်ပုံကို သရက် ဥပမာဖြင့် ပြခြင်း	၈၄
၉၆။	ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒခေါ် ဆိုရပုံကို ပြခြင်း	၈၅
၉၇။	ကာမဇောတို့၏ အနည်းအများစောပုံကို ပြခြင်း	၈၅
၉၈။	ရေအယဉ်၌ ပမာ ဘဝင်စိတ်ဖြစ်ထုကို ပြခြင်း	၈၆
၉၉။	မျောက်မျည်းခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း	၈၆
၁၀၀။	အိပ်မက်နှစ်ပါး ထူးခြားပုံကို ပြခြင်း	၈၇
၁၀၁။	အိပ်မက်ရာတွင် ကောင်းကျိုး,မကောင်းကျိုး ဖြစ်ပုံကို ပြခြင်း	၈၈
၁၀၂။	အနိဋ္ဌာရုံ ဣဋ္ဌာရုံတို့၌ ဝိပါက်အမှန် ဇောအပြန်ကို ပြခြင်း	၈၉
၁၀၃။	ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကို ပြခြင်း	၉၁
၁၀၄။	မြင်ဘူးသော အာရုံပစ် စိတ်တွင်ထင်ရာ ပစ္စုပ္ပန်သာ ဖြစ်ပုံကို ပြခြင်း	၉၁

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၅။	အပ္ပနာဇောတို့၏ အနည်းအများ စောပုံကို ပြခြင်း....	၉၂
၁၀၆။	တိက္ခ မန္ဒ ပုဂ္ဂိုလ်တို့၏ ဝိထိ၌ ဖိုလ်ဇောအနည်း အများကို ပြခြင်း	၉၃
၁၀၇။	မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကို ပြခြင်း	၉၃
၁၀၈။	သဗ္ဗညုတဉာဏ်ယူပုံကို ပြခြင်း	၉၃
၁၀၉။	သဗ္ဗညုတဉာဏ်တော်ရရာ ဝိထိကို ပြခြင်း	၉၃
၁၁၀။	ဒေါသဇောနောင်ကျသော် တဒါရုံဘဝင်များကို ပြခြင်း	၉၅
၁၁၁။	အာဝဇ္ဇနကို ဘဝင်ဖြစ်ပုံကို ပြခြင်း —	၉၅
၁၁၂။	ဇောနှင့် တဒါရုံဘဝင်တို့ကို ဝေဖန်ပြခြင်း	၉၅
၁၁၃။	တဒါရုံ မဖြစ်သော အရာ ၁၀-ပါးကို ပြခြင်း	၉၆
၁၁၄။	အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ပဝတ္တိစိတ်တို့ကို ပြခြင်း	၉၇
၁၁၅။	ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း	၉၇
၁၁၆။	ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြဆိုခြင်း	၉၈
၁၁၇။	ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း	၉၉
၁၁၈။	အရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း	၁၀၀
၁၁၉။	ဆပညာသအရ ယထာသမ္ဘဝယူရပုံကို ပြခြင်း —	၁၀၀
၁၂၀။	သောတာပန်ပုဂ္ဂိုလ်အပြားကို ပြခြင်း	၁၀၀
၁၂၁။	သကဒါဂါမ် ပုဂ္ဂိုလ်အပြားကို ပြခြင်း	၁၀၂
၁၂၂။	အနာဂါမ်ပုဂ္ဂိုလ် အပြားကို ပြခြင်း	၁၀၃
၁၂၃။	ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း	၁၀၄
၁၂၄။	အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် ယူပုံကို ပြခြင်း	၁၀၄
၁၂၅။	အပါယ်သတ္တဝါတို့မှာ ပညာကင်းသည်ကို ပြခြင်း	၁၀၅
၁၂၆။	အပါယ်ဘုံသား အလောင်းတော်များတွင် ဉာဏ်ယှဉ်ပုံကို ပြခြင်း	၁၀၆
၁၂၇။	မဟဂ္ဂုတ်ဇော ၁၈-ခုတို့၏ အနည်းအများ စောပုံကို ပြခြင်း	၁၀၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၂၀။	အဘိညာဉ် ဝိထီဖြစ်ပုံကို ပြခြင်း	....	....	၁၀၇
၁၂၉။	ဝယီဓာဝ် ၅-ပါး ယူးခြားပုံ	....	....	၁၀၉
၁၃၀။	ဈာန်ဝင်စား တိုင်း အသက်ရှူ မရှူ	....	....	၁၁၀
၁၃၁။	သခ်ါရ ၃-ပါး ရထိုက်, ရထိုက်ပုဂ္ဂိုလ်များကို ပြဆိုထ....			၁၁၀
၁၃၂။	တန်ခိုးပြဌာဝန်ငါ ဟုရာ:မျင်နှင့် သာပကတို့ ဝိထီကျပုံ....			၁၁၃
၁၃၃။	ဘုံ ၃-ပါး၌ မင်္ဂလာပုံခြင်း ပြ...ပုံ	...	....	၁၁၄
၁၃၄။	နိဗ္ဗာန်သမာပတ်ကို ဝင်စား:ရာ၌ ဒသ.ရပ်ပေဒေ ၂-ကြိမ်သာ ဖောခြင်း....	...	....	၁၁၄
၁၃၅။	ပုပ္ပ ဂိစ္ဆလေး:ပါး ထူး:ခြဲ း ချက်	....	....	၁၁၅
၁၃၆။	နိဗ္ဗာန်သမာပတ်ကို ဝင်စ.း:ခြင်းအကြောင်း		....	၁၁၆
၁၃၇။	ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိဗ္ဗာန်သမ.ပတ် ဝင်စား:ရာ လူး:ခြင်း:ကြပုံ		....	၁၁၆
၁၃၈။	နိဗ္ဗာန်သမာပတ်မှ ကဒသ.ဒါ အာဂုံပုံ		....	၁၁၇
၁၃၉။	ဈာန်နှင့်မဂ်တို့၏ ပစ္စဝေက္ခဏာ ဇောများ:ကို ပြခြင်း....			၁၁၇
၁၄၀။	ပစ္စဝေက္ခဏာဇော ဘယ် အယူ:မှတ်ဖွယ်....		....	၁၁၇
၁၄၁။	အိပ်ပျော်စဉ်တွင် ထိုဘဝင်စိတ်ပင် သုံးထိုက် မဆိုထိုက်....			၁၁၇
	ဘုံပုံး			
၁၄၂။	ဘုံမည်ခြင်း:အကြောင်း	....	....	၁၂၁
၁၄၃။	ကာမသုဂတိမည်ခြင်း:အကြောင်း	....	....	၁၂၁
၁၄၄။	ငရဲဘုံမည်ခြင်း:အကြောင်း	....	....	၁၂၂
၁၄၅။	တိရစ္ဆာန်မည်ခြင်း:အကြောင်း	....	....	၁၂၂
၁၄၆။	ယောနိ သဒ္ဒါ၏ အနက်အပြား:ကို ပြဆို....		....	၁၂၂
၁၄၇။	ပြိတ္တာဟု ခေါ်ဆို:ရခြင်း:အကြောင်း	....	....	၁၂၃
၁၄၈။	အသူရကာယ်မည်ခြင်း:အကြောင်း	....	....	၁၂၄

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄၉။	မနုဿဟူသော ဂေါဟာရကို ပြဆိုခြင်း....	၁၂၄
၁၅၀။	စတုမဟာရာဇ်ခေါ်ဆိုရပုံ....	၁၂၅
၁၅၁။	တာဝတိံသာဟု ခေါ်ဆိုရပုံ	၁၂၅
၁၅၂။	ယာမာဟု ခေါ်ဆိုရပုံ	၁၂၅
၁၅၃။	တုသိတာဟု ခေါ်ဆိုရပုံ....	၁၂၅
၁၅၄။	နိမ္မာနရတိဟု ခေါ်ဆိုရပုံ...	၁၂၅
၁၅၅။	ပရနိမ္မိတ ဝသဝတ္တီခေါ်ဆိုရပုံ	၁၂၆
၁၅၆။	ရူပ ပထမစျာန် ၃-ဘုံကို ပြဆိုခြင်း	၁၂၆
၁၅၇။	ဒုတိယစျာန် ၃-ဘုံကို ပြခြင်း	၁၂၆
၁၅၈။	တတိယစျာန် ၃-ဘုံကို ပြဆိုခြင်း	၁၂၇
၁၅၉။	စတုတ္ထစျာန် ၇-ဘုံကို ပြဆိုခြင်း	၁၂၇
၁၆၀။	သတ္တာဝါသ ဘုံကိုးဝကို ပြဆိုချက်	၁၂၈
၁၆၁။	ပဉ္စဝေါကာရ စတုဝေါကာရ ဧကဝေါကာရ ပြားပုံကို ပြခြင်း	၁၃၀
၁၆၂။	ဘဝင်ရပ်မှာ အရိယာ ပြောင်းကာ ဖြစ်သင့် မဖြစ်သင့်	၁၃၀
၁၆၃။	အရူပမှာ မင်သောတာ ကင်းရာဌ်ဝယ် သိမှတ်ဖွယ်	၁၃၁
၁၆၄။	သုဒ္ဓါဝါသဘုံဌ် ဗြဟ္မာအမြဲရှိ မရှိကို ပြခြင်း	၁၃၁
၁၆၅။	ဇာတိခေတ်မှ ပြင်ပသုဒ္ဓါဝါ ဘုံပျားမှာ ဗြဟ္မာ ရှိသင့် မရှိသင့်....	၁၃၂
၁၆၆။	ငရဲသားများ ပသဘေးကို ကြောက်မကြောက်	၁၃၂
၁၆၇။	ဇစ္စန္ဓာဒိဌ် အာဒိသဒ္ဒါ၏ အာဒိဝန်ကို ပြဆိုခြင်း	၁၃၄
၁၆၈။	ပဏ္ဍုက်အပြား ၅-ပါး...	၁၃၅
၁၆၉။	ဥဘတောဗျည်း အပြားနှစ်ပါး	၁၃၅
၁၇၀။	ဘုမ္မဿိတသဒ္ဒါ စသည်တို့၏ အဖွင့်ကို ပြဆိုရာ ..	၁၃၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇၁။	ပြိတ္တာအပြား ၁၂-ပါးကို ပြဆိုရာ	၁၃၉
၁၇၂။	စတုမဟာဆုဇ်နတ်ဘုံ၌ နတ်ကျိုး နတ်ကန်းရှိ မရှိ	၁၄၂
၁၇၃။	လူ ဥပပါတ်စသည် ရှိသင့် မရှိသင့်	၁၄၂
၁၇၄။	နတ်တို့ သက်ပိုင်း နတ်တိုင်း နေရ မနေရကို ပြခြင်း ..	၁၄၄
၁၇၅။	နတ် လူ နှစ်ပါးတို့၏ နှမ်, လ, ရက်များကို နှိုင်းယှဉ်ချက်	၁၄၆
၁၇၆။	အပါယ်သားများ သက်ရှည်ကြာ အကုသိုလ်လား ကုသိုလ်လား	၁၄၇
၁၇၇။	လေးကျန်းသားတို့၏ အသက်တမ်းကို ပြခြင်း	၁၄၇
၁၇၈။	နတ်ရွာ ၆-တန် တည်နေပုံ	၁၄၈
၁၇၉။	ဘုံအာကာသအဝေးကို ပြဆိုခြင်း	၁၄၉
၁၈၀။	စျာန်ဘုံလေးပါးသား ရှိရခြင်းအကြောင်း	၁၅၀
၁၈၁။	ကမ္ဘာနှင့် ပြဟ္မာ သိဖို့ရာ	၁၅၁
၁၈၂။	ကမ္ဘာပျက်ဟန်ကို ပြခြင်း	၁၅၂
၁၈၃။	ကိစ္စထူးခြား ကံလေးပါး	၁၅၃
၁၈၄။	ဥပဃာတကနှင့် ဇနက ကံနှစ်ပါး ထူးခြားပုံ	၁၅၄
၁၈၅။	ပါကဒါနအပြား ကံလေးပါး	၁၅၅
၁၈၆။	မိဘသားမယားများ ပြုစုမကျွေးမွေးရာ အကျိုးဝေး ပေး....	၁၅၇
၁၈၇။	ဂရုကံစသည်တို့ အကျိုးဖေးပုံ အစဉ်ကို ပြခြင်း	၁၅၇
၁၈၈။	အကျိုးပေးရာကာလအားဖြင့် ကံဖေးပါး ပြားပုံ	၁၅၉
၁၈၉။	ဒိဋ္ဌမမွဝေဒနိယကံ၌ အထူးမှတ်ဖွယ်	၁၆၀
၁၉၀။	ဥပပဇ္ဇဝေဒနိယကံ၌ အထူးမှတ်ဖွယ်	၁၆၁
၁၉၁။	အပရာပရိယကံ၌ အထူးမှတ်ဖွယ်	၁၆၂

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉၂။	အဟောသိကံ၌ အထူးမှတ်ဖွယ်	၁၆၃
၁၉၃။	ပဏ္ဏာသအဌကထာလာ ကံအပြားကို ပြခြင်း	၁၆၄
၁၉၄။	ပဋိသမ္ဘိဒါမဂ်လာ ကံအပြားကို ပြခြင်း	၁၆၅
၁၉၅။	အတ္ထိကံ ၆-ပါးကို ပြခြင်း	၁၆၈
၁၉၆။	ကံတို့ကို အကျယ်ဝေဖန်၍ ပြခြင်း	၁၆၉
၁၉၇။	သမ္ပတ္တိ ၄-ပါး ပိပတ္တိ ၄-ပါးကို ပြခြင်း	၁၇၀
၁၉၈။	ဂရုကံ ၂-မျိုး ပြိုင်ရိုးမရှိ	၁၇၂
၁၉၉။	ဒိဋ္ဌမမွကံနှင့် ဥပပဇ္ဇကံနှစ်ပါး၌ မှတ်သားဖွယ်	၁၇၂
၂၀၀။	ဒွါရအားဖြင့် အကုသိုလ်ကံ ၃-ပါးပြားပုံ	၁၇၃
၂၀၁။	ကမ္မပထအားဖြင့် အကုသိုလ်ကံ ၁၀-ပါးပြားပုံ ပြခြင်း	၁၇၅
၂၀၂။	အကုသိုလ်ဝစီကံ ဖြစ် မဖြစ်ကို ပြခြင်း	၁၇၇
၂၀၃။	အကုသိုလ်မနောကံ ဖြစ် မဖြစ်ကို ပြခြင်း	၁၇၈
၂၀၄။	ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ကို ပြခြင်း	၁၈၀
၂၀၅။	ဝစီကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်	၁၈၀
၂၀၆။	မနောကံ ဒွါရသုံးပါး၌ ဖြစ်ဟန်	၁၈၁
၂၀၇။	အကုသိုလ်ကံ ၁၀-ပါးကို အဟိတ်ဖြင့် ဝေဖန်ပြခြင်း	၁၈၃
၂၀၈။	ဒါန သီလ ဘာဝနာ၌ ကုသိုလ် ၁၀-ဖြာ သွင်းပုံကို ပြခြင်း	၁၈၃
၂၀၉။	ကုသိုလ် ၁၀-ပါးကို ကံ ၃-ပါးဖြင့် ဝေဖန်ပြခြင်း	၁၈၄
၂၁၀။	အကုသိုလ်ကံတို့၏ အပြစ်ကြီးငယ်ကို ပြခြင်း	၁၈၄
၂၁၁။	မဟဂ္ဂုတ်ကံမှာ မနောကံ ဖြစ်ကြောင်းကို ပြခြင်း	၁၈၅
၂၁၂။	ကံ အပြား ၁၆-ပါးကို ပြခြင်း	၁၈၅
၂၁၃။	ရူပစျာန်၏ ပရိတ္တ,မဇ္ဈိမ ပဏီဟဖြစ်ပုံကို ပြခြင်း	၁၈၆

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁၄။	အသည္ဃသတ်ဘုံသို့ လားအံ့သော ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဘဝနာပွါးဟန်ကို ပြခြင်း	၁၈၆
၂၁၅။	ကုသိုလ်အဘိညာဉ်၏ ပဋိသန္ဓေ ပဝတ္တိ, အကျိုးမရှိပုံကို ပြခြင်း	၁၈၇
၂၁၆။	နိမိတ် ၃-ပါးကိုခွဲခြားရှု ပြခြင်း	၁၈၇
၂၁၇။	သေခါနီးတွင် ထင်ပြုံးနိမိတ် မြဲ,မမြဲကို ပြဆိုခြင်း	၁၉၀
၂၁၈။	သေခါနီးမှု သက်မရှည်ပုံကို ပြခြင်း	၁၉၂
၂၁၉။	နိမိတ်အာရုံ ချုပ်ရာကာလကို ပြဆိုခြင်း	၁၉၂
၂၂၀။	စုတိလေးမျိုးကို ပြဆိုခြင်း	၁၉၃
၂၂၁။	သတ္တဝါတို့ ဘဝပြောင်းကူးရာ၌ အဆုံးမှတ်ဖွယ်ကိုပြခြင်း	၁၉၄
၂၂၂။	နိမိတ် ၃-ပါးကို ကာလ ၃-ပါး ဒွါးရ ခြောက်ပါးတို့ဖြင့် ဝေဖန်၍ပြခြင်း	၁၉၆
၂၂၃။	မရဏာသန္နဇောနှင့် ပစ္စုပ္ပန်ကမ္မနိမိတ်ဟူ ကြုံဟန် ထင်ဟန်ကို ပြခြင်း	၁၉၇
၂၂၄။	အသည္ဃသတ်ဖြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ကင်းဆိတ်ပုံကို ပြခြင်း	၁၉၉

ချပ်ပိုင်း

၂၂၅။	မဟာဘုတ်ဟူသော ဝေါဟာရ	၂၀၃
၂၂၆။	ဥပါဒါ ချပ်ကို ပြခြင်း	၂၀၄
၂၂၇။	ပထဝီဓာတ်ကို ပြခြင်း	၂၀၄
၂၂၈။	အာပေါဓာတ်ကို ပြခြင်း	၂၀၄
၂၂၉။	တေဇောဓာတ်ကို ပြခြင်း	၂၀၅
၂၃၀။	ဝါယောဓာတ်ကို ပြခြင်း	၂၀၅
၂၃၁။	ပထဝီ ၄-မျိုးကို ပြခြင်း	၂၀၅
၂၃၂။	အာပေါ ၄-မျိုးကို ပြခြင်း	၂၀၆

http://www.dhammadownload.com

အမှတ်စဉ်	အခါကြောင်းအရာ	စာမျက်နှာ
၂၃၃။	စက္ခုပသာဒရုပ်ကို ပြခြင်း	၂၀၆
၂၃၄။	သောတပသာဒရုပ်ကို ပြခြင်း	၂၀၇
၂၃၅။	ဃာနပသာဒရုပ်ကို ပြခြင်း	၂၀၇
၂၃၆။	ဇိဝှါပသာဒရုပ်ကို ပြခြင်း	၂၀၈
၂၃၇။	ကာယပသာဒရုပ်ကို ပြခြင်း	၂၀၈
၂၃၈။	စက္ခု ၂-မျိုးကို ပြခြင်း	၂၀၉
၂၃၉။	သောတ ၂-ပါ ကို ပြခြင်း	၂၁၀
၂၄၀။	ဃာန ၂-ပါးကို ပြခြင်း	၂၁၀
၂၄၁။	ဇိဝှါ ၂-ပါးကို ပြခြင်း	၂၁၁
၂၄၂။	ကာယ ၂-ပါးကို ပြခြင်း	၂၁၁
၂၄၃။	ရူပါရုံကို ပြခြင်း	၂၁၁
၂၄၄။	သဒ္ဒါရုံကို ပြခြင်း	၂၁၂
၂၄၅။	ဂန္ဓာရုံကိုပြခြင်း	၂၁၂
၂၄၆။	ရသာရုံကိုပြခြင်း	၂၁၃
၂၄၇။	ဖောဋ္ဌဗ္ဗာရုံကိုပြခြင်း	၂၁၃
၂၄၈။	ဝေါဒရဟူသောအမည်ကို ပြခြင်း	၂၁၃
၂၄၉။	ဣတ္ထိဘာဝရုပ်ကို ပြခြင်း	၂၁၄
၂၅၀။	ပုမ္ဘာဝရုပ်ကို ပြခြင်း....	၂၁၅
၂၅၁။	ဘာဝရုပ်တို၏ ပြောင်းလဲပုံကိုပြခြင်း....	၂၁၅
၂၅၂။	ဟဒယရုပ်ကို ပြခြင်း	၂၁၆
၂၅၃။	ဇီဝိတရုပ်ကို ပြခြင်း	၂၁၇
၂၅၄။	အာဟာရရုပ်ကို ပြခြင်း	၂၁၈
၂၅၅။	အနိပ္ဖန္နရုပ် ၁၀-ပါးကို ပြခြင်း	၂၁၉
၂၅၆။	ကာယဝိညတ်ရုပ်ကိုပြခြင်း....	၂၂၀

http://www.dhammadownload.com

အမှတ်စဉ်	အခန်းကြောင်းအရာ	စာမျက်နှာ
၂၅၃။	ဝစီဝိညတ်ရုပ်ကို ပြခြင်း....	၂၂၂
၂၅၄။	ဝိကာရရုပ်ကို ပြခြင်း....	၂၂၅
၂၅၉။	လက္ခဏာရုပ် ၄-ခုတဲ့ ဥပစယရုပ်နှင့် သန္တတိရုပ် ၂-ပါး ထူးခြားချက်ကို ပြခြင်း....	၂၂၆
၂၆၀။	ဇာတိရုပ်တခုကိုပင် ဥပစယသန္တတိ ခေါ် ဆိုရပုံ	၂၂၆
၂၆၁။	မဟာအဋ္ဌကထာလာရုပ် ၄-ပါးကို ပြခြင်း	၂၂၇
၂၆၂။	ပဿာဒရုပ်ငါးပါးကိုသာ ဒဿနာဒိကာရုပ်ခေါ် ဆိုပုံ	၂၂၉
၂၆၃။	ဒွါရ ၆-ပါးဖြစ်သော်ငြားလည်း ဒွါရရုပ် ၇-ပါးဖြစ်ပုံ....	၂၃၀
၂၆၄။	ဒွါရရုပ်မည်ကြောင်းကို ပြခြင်း	၂၃၀
၂၆၅။	ဂုန္ဒြိယမှုပ်ခေါ် ဆိုရပုံကို ပြခြင်း	၂၃၁
၂၆၆။	ရုပ်ဇာတိတို၏ ရုပ်တိုင်း အစိုးမရပုံ	၂၃၁
၂၆၇။	သြဇာရိကရုပ်ခေါ် ဆိုပုံကို ပြခြင်း	၂၃၁
၂၆၈။	သန္ဓိကေရုပ်ခေါ် ဆိုပုံကို ပြခြင်း	၂၃၂
၂၆၉။	သပ္ပဋိဃရုပ်ခေါ် ဆိုပုံကို ပြခြင်း	၂၃၂
၂၇၀။	သနိဒဿနရုပ်ခေါ် ဆိုရပုံကို ပြခြင်း	၂၃၂
၂၇၁။	ဥပစာနည်းဖြင့် ဂဂါစရဂ္ဂါဟိကာရုပ်ခေါ် ဆိုရပုံ	၂၃၃
၂၇၂။	ဂေါစရရုပ်ငါးပါးတွင် စက္ခုသောဘ ၂-ပါးတို့၏ အာသမ္ပတ္တဖြစ်ပုံကိုပြခြင်း	၂၃၃
၂၇၃။	အဝိနိဗ္ဘောဂရုပ် ၈-ပါးတွင် ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာရုပ်ကို ပြခြင်း	၂၃၅
၂၇၄။	လူတို့ကိုယ်ကို သုံးပိုင်းပိုင်း၍ ရေးဆွဲပုံသော်ရုပ် ပြခြင်း	၂၃၆
၂၇၅။	ခေါ်ကြိုက်မေးက မှုပဲသေးတာရုပ်ကို ပြခြင်း	၂၃၇
၂၇၆။	လဟုကာဒိတ္တယရုပ်တို့၏ ဝိကာရမည်ပုံကို ပြခြင်း	၂၃၇
၂၇၇။	သြဇာရုပ်သဏ္ဌာန်ကို ပြခြင်း	၂၃၈
၂၇၈။	ကံသည် ရုပ်ကိုဖြစ်စေ၏ဆိုရာ၌ ပဋိသန္ဓေမပါဒ်ပါဠိတော်နှင့် မဆန့်ကျင်ပုံကို ပြခြင်း	၂၃၈

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၇၉။	ရုပ်ကိုမဖြစ်စေတတ်သော စိတ်တို့ကို ပြခြင်း	၂၃၉
၂၈၀။	ပဋိသန္ဓေစိတ်၏ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း	၂၃၉
၂၈၁။	ရဟန္တာတို့စုံတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း	၂၄၀
၂၈၂။	ဒွေပဉ္စဝိညာဉ် ၁၀-၏ရုပ်ကို မဖြစ်စေနိုင်ခြင်း	၂၄၀
၂၈၃။	အရူပဝိပါက်စိတ်တို့၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း	၂၄၀
၂၈၅။	ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့၏ ကိစ္စအထူးကို ပြခြင်း	၂၄၀
၂၈၅။	ရယ်ခြင်း ၆-ပါးကို ပြခြင်း	၂၄၁
၂၈၆။	ကမ္ပဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ ဖြစ်ရာကာလ အစ,အဆုံးကို ပြခြင်း....	၂၄၂
၂၈၇။	ကံ စိတ် ဥတု အာဟာရဟူ၍ ဒေသနက္ကမအားဖြင့် ခေါ်ဆိုရပုံကို ပြခြင်း....	၂၄၃
၂၈၈။	သတ္တဝါတို့ မသေရာကာလကို ပြခြင်း....	၂၄၃
၂၈၉။	ပဋိသန္ဓေအခါ ဩဇာပျံ့နှံ့ရာ ကာလကို ပြခြင်း	၂၄၃
၂၉၀။	ရုပ်ကလာပ်ဖွဲ့ရာ အင်္ဂါ ၄-ပါးကို ပြခြင်း....	၂၄၅
၂၉၁။	ကေုပ္ပါဒနှင့် သဟဇာတ်တို့ ၂-ပါး၏ အထူးကို ပြခြင်	၂၄၅
၂၉၂။	စက္ခုဒသက ခေါ်ဆိုရပုံကို ပြခြင်း	၂၄၆
၂၉၃	ယေဘုယျနည်းအားဖြင့် ပိညတ်ရုပ်တို့ကိုလည်း ကလာပ်ဖွဲ့စည်းရာ ပါဝင်ပုံကို ပြခြင်း	၂၄၆
၂၉၄။	ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်တို့ကို ပြခြင်း....	၂၄၆
၂၉၅။	ဝစီဝိညတ်ဒသက ကလာပ်နှင့် သေရသက ကလာပ်တို့ ထူးခြားပုံကို ပြခြင်း	၂၄၇
၂၉၆။	ကလာပ်ဖွဲ့ရာ မပါဝင်သောရုပ် ၅-ပါးကို ပြခြင်း	၂၄၇
၂၉၇။	ကလာပ် ၂၁-စည်းတွင် ရုပ်ပေါင်း ၃၁၆-ပါး ဖြစ်ပုံကို ပြခြင်း	၂၄၇
၂၉၈။	ပဝတ္တိ ပဋိသန္ဓေအခါ ရသင့်ရာသော ရုပ်တို့ကို ဝေဖန်၍ ပြခြင်း	၂၄၈

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၂၉၉။	စက္ခုစသည်တို့ ချို့ယွင်း မချို့ယွင်းသော ပုဂ္ဂိုလ်တို့ကို ပြခြင်း	....	....	၂၄၉
၃၀၀။	ပဋိသန္ဓေ တည်နေစဉ်အခါ၌ ကဝ လဝရုပ်တို့ ပမာဏကို ပြခြင်း	....	....	၂၅၁
၃၀၁။	ပဋိသန္ဓေအခါ သတ္တဝါဟူ၍ပုံကို ပြခြင်း	....		၂၅၁
၃၀၂။	အဘိဓမ္မာ ဋီကာဝါဒအရ သတ္တဝါဟူသော ပုံကို ပြခြင်း	....	....	၂၅၂
၃၀၃။	သံသေဒဇ ခေါ်ဆိုရပုံကို ပြခြင်း	....	....	၂၅၃
၃၀၄။	ဥပပါတ် ခေါ်ဆိုရပုံကို ပြခြင်း	....	....	၂၅၃
၃၀၅။	သံသေဒဇနှင့် ဥပပါတ် ၂-ပါး၏ အထူး	....		၂၅၃
၃၀၆။	ဂဗ္ဘသေယျက ခေါ်ဆိုရပုံ	....	....	၂၅၄
၃၀၇။	ဂဗ္ဘမဋ္ဌာန်း ချုပ်ရာဂဟဒါလကို ပြခြင်း	....	....	၂၅၄
၃၀၈။	စိတ္တဇ အာဟာရဇ ရုပ်တို့ချုပ်ရာ ကာလကို ပြခြင်း	....	....	၂၅၅
၃၀၉။	လူသေကောင်မှာ ရဿင့်ရာသော ရုပ်ကို ပြခြင်း	....	....	၂၅၅
၃၁၀။	တစ္ဆေတို့မှာ လူတို့အလား ရုပ်မျှားရှိ မရှိ ကို ပြခြင်း	....	....	၂၅၆
၃၁၁။	တစ္ဆေတို့ကို လူမျှားမမြင်ရခြင်း အကြောင်းကို သာဓကနှင့်တကွပြခြင်း	....	....	၂၅၆
၃၁၂။	တစ္ဆေတို့ သေရာ ရုပ်လက္ခဏာ ပြောင်းပုံကို ပြခြင်း			၂၅၇
၃၁၃။	ဗြဟ္မာတို့မှာ ရဿင့် မရဿင့်သော ရုပ်တို့ကို ပြခြင်း			၂၅၈

http://www.dhammadownload.com

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၃၁၄။ ဗြဟ္မာတို့၌ ရှိသောဩဇာသည် အာဟာရင်ရုပ် မဖြစ်နိုင်
ပုံကို ပြခြင်း ၂၆၀

၃၁၅။ ဗြဟ္မာတို့မှာ ဘာဝရုပ်မရှိခြင်း အကြောင်း.... .... ၂၆၀

၃၁၆။ ဆာသည်သတ် ဗြဟ္မာတို့ဖြစ်ပုံ ပြခြင်း ၂၆၀

၃၁၇။ ဗြဟ္မာတို့မှာ တည်ရာဗိမာန် စသည် ရှိပုံ ၂၆၁

၃၁၈။ ရူပ ၁၆-ဘုံ၌ ရဃင့်သောရုပ်ကလာပ်တို့ကို ပြခြင်း ၂၆၂

နိဗ္ဗာန်နှင့် ဆိုင်ရာများ

၃၁၉။ နိဗ္ဗာန်မြင်သော ဒွါရကို ပြခြင်း ၂၆၂

၃၂၀။ နိဗ္ဗန်ရှိမရှိကို သိနိုင်ရန်ကို ပြခြင်း ၂၆၃

၃၂၀။ ရေဝတနတ်သား လျှောက်ထားရာတွင် ဘုရားသခင်
ဟောတော်မူပုံကို ပြခြင်း ၂၆၄

၃၂၂။ မိလိန္ဒမင်းကြီးမေးရာတွင် ရှင်နာဂသိန်ဖြေဆိုပုံ ၂၆၇

၃_၃။ ပဂ္ဂုလ်တိုင်း နိဗ္ဗာန် ရ မရ မိလိန္ဒမင်းကြီးကမေးရာ
ရှင်နာဂသိန်ဖြေဆိုပုံ ၂၆၉

၃၂၄။ နိဗ္ဗာန်အပြား ၂-ပါးကို ပြခြင်း ၂၆၉

၃၂၅။ တနည်း နိဗ္ဗာန်အပြား ၃-ပါးကိုပြခြင်း ၂၇၀

၃၂၆။ လက္ခဏာရေး ၃-ပါးတို့တွင် တပါးပါးကို ထင်ရှုမှုဖြင့်
မဂ်ရ မရပြခြင်း ၂၁၃

၃၂၇။ တပါးကို နှလုံးသွင်းက ၃-ပါးလုံးထင်ပုံ ၂၇၄

(သမုဒ္ဒသည်းပိုင်း)

၃၂၈။ ဒွါသတ္တတိအရ ၇၂-ပါးသရုပ်ကိုပြခြင်း.... .... ၂၇၉

၃၂၉။ အာသဝေလေးပါးကို ပြခြင်း ၂၇၉

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအထု		စာမျက်နှာ
၃၃၀။	သြဃလေးပါးကို ပြခြင်း	....	၂၈၀
၃၃၁။	ယောဃလေးပါးကို ပြခြင်း	....	၂၈၁
၃၃၂။	ဂန္ထလေးပါးကို ပြခြင်း	... .	၂၈၂
၃၃၃။	ဥပါဒါန်လေးပါးကို ပြခြင်း	....	၂၈၃
၃၃၄။	ဥပါဒါန်၏အာရုံကို ပြခြင်း	....	၂၈၃
၃၃၅။	သက္ကာယဒိဋ္ဌိ ၂၀-ကို ပြခြင်း	....	၂၈၃
၃၃၆။	နီဝရဏ ၆-ပါးကို ပြခြင်း	....	၂၈၄
၃၃၇။	ထိန်မိဒ္ဓစသည်တို့ မကဲ့ပြားပုံ ပြခြင်း	....	၂၈၅
၃၃၈။	အနုသယ ၇-ပါးကို ပြခြင်း	....	၂၈၆
၃၃၉။	သံယောဇဉ် ၁၀-ပါးကို ပြခြင်း	....	၂၈၇
၃၄၀။	ကိလေသာ ၁၀-ပါးကို ပြခြင်း	....	၂၈၇
၃၄၁။	ထောင့်ငါးရာကိလေသာကို ပြခြင်း	....	၂၈၇
၃၄၂။	ခုဒ္ဒကဝတ္ထုငါးလာ ကိလေသာကို ပြခြင်း	....	၂၈၈
၃၄၃။	တခုသော တရားဖြစ်သော်ငြားလည်း အမည်ပြားပုံ	....	၂၈၈
၃၄၄။	မိဿကသဂ်ဟကိုပြဆိုချက် ဟိတ်တရားတို့ကို ပြခြင်း	....	၂၈၉
၃၄၅။	စျာန် ၇-ပါးကို ပြခြင်း	....	၂၉၀
၃၄၆။	မဂ္ဂင် ၁၂-ပါးကို ပြခြင်း	....	၂၉၁
၃၄၇။	ဣန္ဒြေ ၂၂-ပါးကို ပြခြင်း	....	၂၉၂
၃၄၈။	ဗိုလ် ၉-ပါးကို ပြခြင်း	....	၂၉၄
၃၄၉။	အဓိပတိ ၄-ပါးကို ပြခြင်း	....	၂၉၅
၃၅၀။	အဓိပတိနှင့်ဣန္ဒြေတို့၏ ထူးခြားချက်ကို ပြဆိုခြင်း	....	၂၉၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၅၁။	အာဟာရ ၄-ပါးကို ပြဆိုခြင်း	....	၂၉၃
၃၅၂။	ပဋ္ဌဝိညာဉ်မှာ ရှိသော ဝေဒနာ၏ ဈာနင်မထိုက်ပုံ	....	၂၉၈
၃၅၃။	အဝိရိယစိတ်မှာ ဗိုလ်မပါပုံနှင့် အဟိတ်စိတ်တွင် မဂ္ဂင်မရှိပုံကို ပြဆိုခြင်း	....	၂၉၉
၃၅၄။	ဝိစိကိစ္ဆာစိတ်မှာရှိသော ဂေါဂတာ၏ မဂ္ဂင်စသည် မမည်ပုံကို ပြဆိုခြင်း	....	၂၉၉
၃၅၅။	သတ်ပဋ္ဌာန် ၄-ပါးကို ပြဆိုခြင်း	....	၂၉၉
၃၅၆။	သမ္မပ္ပဓာန် ၄-ပါးကို ပြဆိုခြင်း	....	၃၀၀
၃၅၇။	ဣဒ္ဓိပါဒ် ၄-ပါးကို ပြဆိုခြင်း	....	၃၀၁
၃၅၈။	ဈာန်ငါးပါး ၅-ပါးကို ပြခြင်း	....	၃၀၁
၃၅၉။	ဗိုလ် ၅-ပါးကို ပြဆိုခြင်း	....	၃၀၁
၃၆၀။	ဓမ္မာဇီဝ ၇-ပါးကို ပြခြင်း	....	၃၀၁
၃၆၁။	မဂ္ဂင်ရှစ်ပါးကို ပြဆိုခြင်း	....	၃၀၃
၃၆၂။	ဗောဓိပက္ခိယတရားကိုယ်ကို ပြဆိုခြင်း....	....	၃၀၄
၃၆၃။	ခန္ဓာ ဥပါဒါနက္ခန္ဓာ ၂-ပါး ထူးခြားပုံ	....	၃၀၅
၃၆၄။	ခန္ဓာ ၅-ပါး ဥပမာဖြင့် ပြဆိုခြင်း	....	၃၀၇
၃၆၅။	အာယတန ၁၂-ပါးကို ပြဆိုခြင်း	....	၃၀၉
၃၆၆။	အာယတန ၁၂-ပါး သရုပ်ကို ပြဆိုခြင်း....	....	၃၀၉
၃၆၇။	ဓာတ်တပါးသည် ဓာတ်တပါးအား ကျူးဋ္ဌားပြုပုံ		၃၁၂
၃၆၈။	ဓာတ်တရားတို့ကို ဥပမာအားဖြင့် ပြဆိုခြင်း		၃၁၃
၃၆၉။	သစ္စာ ၄-ပါးကို ပြခြင်း	....	၃၁၄
၃၇၀။	သစ္စာအနက် ၁၆-ချက်ကို ပြခြင်း	....	၃၁၅

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၇၁။	ဋီကာအလာ အရာရာ သိဒ္ဓိပေါက် အဆောင်ဂါထာ....	၃၁၇
၃၇၂။	သစ္စဝိမုတ်တရားများကို ပြခြင်း	၃၁၈
၃၇၃။	ပုထုဇဉ် ၂-မျိုးကို ပြဆိုခြင်း	၃၁၈

ပစ္စည်းပုင်း

၃၇၄။	ပစ္စည်း,ပစ္စယုပွန် ၂-ပါး ဟူ ခြားပုံကို ပြဆိုခြင်း	၃၂၁
၃၇၅။	ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ပြခြင်း	၃၂၁
၃၇၆။	အဝိဇ္ဇာကို ပြဆိုခြင်း	၃၂၁
၃၇၇။	သခ်ါရကို ပြဆိုခြင်း	၃၂၃
၃၇၈။	ဝိညာဉ်ကို ပြဆိုခြင်း	၃၂၅
၃၇၉။	နာမ်,ရုပ်ကို ပြဆိုခြင်း	၃၂၆
၃၈၀။	သဋ္ဌာယတနကို ပြခြင်း	၃၂၇
၃၈၁။	ဖဿကို ပြခြင်း	၃၂၇
၃၈၂။	ဝေဒနာကို ပြခြင်း	၃၂၈
၃၈၃။	တဏှာကို ပြခြင်း	၃၂၉
၃၈၄။	ဥပါဒါန်ကို ပြခြင်း	၃၃၀
၃၈၅။	ဘဝကို ပြခြင်း	၃၃၁
၃၈၆။	ဇာတိ ဇရာ မရဏ တို့ကို ပြခြင်း	၃၃၃
၃၈၇။	သောက ပရိဒေ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ကို ပြခြင်း	၃၃၄
၃၈၈။	အဝိဇ္ဇာကျေးဇူးပြုပုံကို ပြခြင်း	၃၃၅
၃၈၉။	သခ်ါရကျေးဇူးပြုပုံကို ပြခြင်း	၃၃၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၉၀။	ဝိညာဉ် ကျေးဇူးပြုပုံကို ပြခြင်း	....	၃၃၉
၃၉၁။	နာမ်တရားကျေးဇူးပြုပုံကို ပြခြင်း	....	၃၄၀
၃၉၂။	ရုပ်တရား ကျေးဇူးပြုပုံကို ပြခြင်း	....	၃၄၂
၃၉၃။	သင်္ဃာယတန ကေးဇူးပြုပုံ	....	၃၄၄
၃၉၄။	ဖဿကျေးဇူးပြုပုံ	....	၃၄၆
၃၉၅။	ဝေဒနာကျေးဇူးပြုပုံ	....	၃၄၇
၃၉၆။	တဏှာကျေးဇူးပြုပုံ	....	၃၄၉
၃၉၇။	ဥပါဒါန်ကျေးဇူးပြုပုံ	....	၃၅၀
၃၉၈။	ဘဝကျေးဇူးပြုပုံ	....	၃၅၃
၃၉၉။	ပဋိစ္စသမုပ္ပါဒ်တရား၏ အစွန်အဆုံးစသည်ကို ပြခြင်း....		၃၅၅
၄၀၀။	အဝိဇ္ဇာ၏အကြောင်းမူလကို ပြခြင်း....	....	၃၅၈
၄၀၁။	အဝိဇ္ဇာတဏှာ ၂-ပါး ဝဋ်မြစ်ထားပုံ	....	၃၅၉
၄၀၂။	ပဋ္ဌာန်းနည်း	... .	၃၆၀
၄၀၃။	အာရမ္မဏပစ္စည်းကို ပြခြင်း	....	၃၆၈
၄၀၄။	အဓိပတိပစ္စည်းကို ပြခြင်း	....	၃၇၁
၄၀၅။	အနန္တရပစ္စည်းကို ပြခြင်း	....	၃၇၄
၄၀၆။	သဟဇာတပစ္စည်းကို ပြခြင်း	....	၃၇၇
၄၀၇။	အညမညပစ္စည်းကို ပြခြင်း	....	၃၇၉
၄၀၈။	နိဿယပစ္စည်းကို ပြခြင်း	....	၃၇၉
၄၀၉။	ဥပနိဿယပစ္စည်းကို ပြခြင်း	....	၃၈၄
၄၁၀။	ပုရေဇာတပစ္စည်းကို ပြခြင်း	....	၃၈၅

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁၁။	ပစ္ဆာဇာတပစ္စည်းကို ပြခြင်း	၃၈၅
၄၁၂။	အာသေဝနပစ္စည်းကို ပြခြင်း	၃၉၀
၄၁၃။	ကမ္မပစ္စည်းကို ပြခြင်း	၃၉၁
၄၁၄။	ဝိပါကပစ္စည်းကို ပြခြင်း	၃၉၄
၄၁၅။	အာဟာရပစ္စည်းကို ပြခြင်း	၃၉၄
၄၁၆။	ဣန္ဒြိယပစ္စည်းကို ပြခြင်း	၃၉၅
၄၁၇။	ဈာနပစ္စည်းကို ပြခြင်း	၃၉၆
၄၁၈။	မဂ္ဂပစ္စည်းကို ပြခြင်း	၃၉၇
၄၁၉။	သမ္ပယုတ္တပစ္စည်းကို ပြခြင်း	၃၉၇
၄၂၀။	ဝိပ္ပယုတ္တပစ္စည်းကို ပြခြင်း	၃၉၈
၄၂၁။	အတ္ထိပစ္စည်းကို ပြခြင်း	၃၉၈
၄၂၂။	အနန္တရ စသော ပစ္စည်းတို့၌ ရဟန္တာစုတိကြဉ်ရပုံကို ပြခြင်း	၃၉၉
၄၂၃။	သဟဇာတကမ္မနှင့် နာနာက္ခဏိက ကမ္မနှစ်ပါး အထူး	၃၉၉
၄၂၄။	အာရမ္မဏ စသော ၄ ပစ္စည်း၌ ပစ္စည်းအလုံးစုံဝင်ပုံကို ပြခြင်း	၃၉၉
၄၂၅။	၂၄-ပစ္စည်းကို ကာလ ၃ ပါးဖြင့် ပိုင်းခြားရှိ ပြခြင်း....	၄၀၁
၄၂၆။	နိဗ္ဗာနိသည်ကား နာမ်တရားဖြစ်ပုံ	၄၀၁
၄၂၇။	ပညတ်နှစ်မျိုးကို ပြခြင်း	၄၀၂
၄၂၈။	အတ္ထပညတ်အပြား ၆-ပါးကို ပြခြင်း....	၄၀၃
၄၂၉။	နာမပညတ်အပြား ၆ ပါးကို ပြခြင်း	၄၀၅

ကမ္မဋ္ဌာန်ပိုင်း

၄၃၀။	သမထဝိပဿနာ အာဝနာကမ္မဋ္ဌာန်းကို ပြခြင်း	၄၁၁

http://www.dhammadownload.com

[က] မနောရထပူရဏီကျမ်း

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၃၁။	ကာမကုသိုလ် ရူပကုသိုလ် ၂-ပါးလုံးပင် နီဝရဏ ငြိမ်းနိုင်ပုံကို ပြခြင်း	၄၁၂
၄၃၂။	စရိုက် ၆ ပါး ကို ပြခြင်း	၄၁၃
၄၃၃။	စရိုက်နှင့် ကမ္မဋ္ဌာန်း ယှဉ်တွဲပြခြင်း	၄၁၄
၄၃၄။	ကမ္မဋ္ဌာန်း ၂-ပါးပြားပုံကို ပြခြင်း	၄၁၅
၄၃၅။	ဗြဟ္မဝိဟရဝေနား ၄-ပါး	၄၁၅
၄၃၆။	မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း....	၄၁၅
၄၃၇။	ကရုဏာ ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း	၄၂၀
၄၃၈။	မုဒိတာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း	၄၃၁
၄၃၉။	ဥပေက္ခာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း	၄၃၂
၄၄၀။	ဈာန်ကို မရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး	၄၃၃
၄၄၁။	ကသိုဏ်းကို ရှုရာ စက္ခု, မန ၂-ဒွါရဖြင့် ရှုခြင်း	၄၃၄
၄၄၂။	ပဋိကာဂနိမိတ်ထင်ရာ ဥပစာရ ဘာဝနာ ဖြစ်ခြင်း	၄၃၄
၄၄၃။	အာဒိကမ္မိကဝီထိ၌ အပွနာဈာန်စိတ်အရေအတွက်	၄၃၅
၄၄၄။	ပထမဈာန်စသည်တို့ကို ရစေနိုင်သော ကမ္မဋ္ဌာန်းပြခြင်း	၄၃၅
၄၄၅။	အရူပဈာန် ၄-ပါး၏ အာရုံတို့ကို ပြခြင်း	၄၃၆
၄၄၆။	အဘိညာဉ် ၅-ပါးထားခြင်း၏ အကြောင်းပြခြင်း	၄၃၆
၄၄၇။	ဈာန်ရပုဂ္ဂိုလ်တိုင်း အဘိညာဉ် ရ-မရကို ပြခြင်း	၄၃၆
၄၄၈။	ဣဒ္ဓိအမျိုး တန်ခိုးဆယ်ပါးကို ပြခြင်း	၄၃၉

http://www.dhammadownload.com

ဝိပဿနာပိုင်း

၄၄၉။ သီလဒ္ဓာစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံး ၃-ပါးကို ပြခြင်း ၄၄၅
၄၅၀။ သီလ ၄-ဖြာ လူတို့မှာလည်း ရသင့်ပုံကို ပြခြင်း ၄၄၆
၄၅၁။ ယုံမှားခြင်း ၁၆-ပါး ၄၄၈
၄၅၂။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြခြင်း ၄၅၀
၄၅၃။ မဂ်၏နီးပါး ကာမဇောမျှားပင် သမာဓိဇောဖြစ်ကြောင်း ၄၅၄
ကျမ်းပြီး နိဂုံး ၄၅၅

http://www.dhammadownload.com

မနောရထပုရဏီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

တိကဘိဏ္ဍံ၊ တိရတနံ၊ နိဗ္ဗံ နမာမိ။
ဂန္ဓာရမ္ဘံ၊ ပဏာမံ၊ ဘယံ နဿတိ။
ဂဏ္ဍိပဒံ၊ သဒ္ဒနံ၊ ခေပံ လိက္ခာမိ။
သောတာရာနံ၊ တံ ဂန္ထံ၊ အတ္ထံ ဟဟိတံ။
မနောရထံ၊ ပူရဏံ၊ ဣဒံ ဟောဿတိ။

(သာဝိဘိဂါထာ)

အဟံ၊ မုနိန္ဒာဘိဓေ နာမသမုတ် အက္ခန်ပ်သည်။ တိကတိဏ္ဍံ၊ သုံးမည် လောက ဘဝသုံးရွာ ဝဋ်ဆိုးမြဲမှ ကောင်းစွာကူးမြောက်တော်မူပြီးထသော။ တိရတနံ၊ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသောရတနာကို။ နိစ္စံ၊ အမြဲ။ ဝါ၊ နှိမ့်ချကြိုးနှံစွာ။ နမာမိ၊ ရှိခိုးပါ၏။ ဂန္ဆာရမ္ဘံ၊ ကျမ်းကိုအားထုတ်သည်မှ လက်မှန်စွဲ။ ပဏာမံ၊ ရှိခိုးခြင်းသည်။ ဘယံ၊ ဘေးခပ်သိမ်းကို။ နဿတိ၁၊ ပျောက်စေသတည်း။ ဂဏ္ဍိပဒံ၊ သင်္ဂြိဟ်ကျမ်း၏ ခက်ဆစ်ခက်ရာ ပြဿနာ၏။ သဒ္ဒနံ၊ အဖြေကို။ ခေပံ ခေပေန၊ အကျဉ်းအားဖြင့်။ ဝါ၊ ပါဠိ အဋ္ဌကထာ ဋီကာ သာဓက ပြဿင်းသဖြင့်။ လိက္ခာမိ၊ ရေးလိုက်ပေအံ့။ တံ ဂန္ထံ၊ ထိုဂါရေး သောကျမ်းသည်။ သောတာရာနံ၊ မှတ်နာလိုကုန်သော သူတော်ကောင်းတို့၏။ အတ္ထံ၊ အကျိုးစီးပွားသည်။ ဟဟိတံ၊ ဖြစ်လတ္တံ့သတည်း။ ဣဒံ ဂန္ထံ၊ ဤကျမ်း သည်။ မနောရထံ ပူရဏံ၊ ပရမတ်အဆု လိမ္မာရကြောင်း တောင်းပန်ကုန်သော သူတို့၏ နှလုံးအလိုကို ပြည့်စေတတ်သည်ဖြစ်၍ မနောရထပူရဏီ မည်သည်။ ဟောဿတိ၊ ဖြစ်လတ္တံ့သတည်း။

၁။ ပစ္စယာဒနိဋ္ဌာဃုတ်ဖြင့် ပဋ္ဌမိတုဝိဘတ်ကို တိရေးသည်။

http://www.dhammadownload.com



http://www.dhammadownload.com

စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

၁-သမ္မာသမ္မုဒ္ဓ ပုဒ်၌ သမ္မာသဒ္ဒါနှင့်

သံသဒ္ဒါ နှစ်ပါးအထူးကို ပြခြင်း

ပုစ္ဆာ။ ။သမ္မာသမ္မုဒ္ဓ၊ ပုဒ်အရမှာ၊ သမ္မာ,သဒ္ဒါ၊ သံ,သဒ္ဒါဝယ်၊ ဟောရေး ကျယ်၊ ဘယ်ကိုနစ်စေ၍ ဟောသနည်း။

ဝိသဇ္ဇနာ။ ။သမ္မာသဒ္ဒေန သဗ္ဗညုတဉာဏဿ ဂတိတတ္တာ ပစ္စေကဗုဒ္ဓံ နိဝတ္တေတိ၊ သံသဒ္ဒေန အရဟတ္တမဂ္ဂဉာဏဿ ဂဟိတတ္တာ သာဝကာဒယော နိဝတ္တေတိ–ဟူသော သခေ်ပဒ္ဓီကာနှင့်အညီ သမ္မာသဒ္ဒါဖြင့် မဖောက်မပြန် ကေန်စင်စစ်သိသော သဗ္ဗညုတဉာဏ်ကို ယူအပ်သောကြောင့် ဖောက်ပြန်သဖြင့် သိသော ပစ္စေကဗုဒ္ဓါကို နစ်စေသည်။ သံသဒ္ဒါဖြင့် အရဟတ္တမဂ် အမည်ရသော သယမ္ဘူဉာဏ်ကို ယူအပ်သောကြောင့် နည်းခံ၍သိသော သာဝကတို့ကို နစ်စေ သည်။ ဤသို့ ပစ္စေကဗုဒ္ဓါသာဝကတို့ကို နစ်စေ၍၊ ဘုရားသခင်ကိုသာ သမ္မာ-သမ္မုဒ္ဓသဒ္ဒါဟော၏ ဟူပေ။ ။ပစ္စေကဗုဒ္ဓါတို့သည် သစ္စာလေးပါးကို အလိုလိုသိ သောကြောင့် သမ္မုဒ္ဓကား မည်၏၊ မိမိသိသောအတိုင်း သူတပါး သိအောင် သဒ္ဒပညတ်သို့တင်၍ကား မဟောပြနိုင်။ လူ အ,သည် မိမိအိပ်မက်ကို မပြန်နိုင် သကဲ့သို့သာ ဖြစ်သောကြောင့် ဖောက်ပြန်သဖြင့် သိသည်မည်ရကား သမ္မာ-သမ္မုဒ္ဓ မမည်။ အရှင်သာရိပုတ္တရာစသော သာဝကတို့မှာလည်း ဘုရားဟော သည်ကို နာခံ၍ သိပြီးလျှင် မိမိသိတိုင်း သူတပါးအားလည်း ဟောပြနိုင်သော ကြောင့် မဖောက်မပြန်သိသည်ဖြစ်ရကား သမ္မာဗုဒ္ဓသာမည်၏။ အလိုလိုမသိ သောကြောင့် သမ္မုဒ္ဓကား မမည်။ ထို့ကြောင့် နစ်စေ၏ဟူလိုသည်။ သည်ကို ရည်၍ ပါရမီခန်း၌–

သုံးပါးယဉ်သာ၊ လက္ခဏာတည့်၊ မက္ခာ ကိုယ်ကြပ်၊ ရထားကပ်၍၊ စီးအပ်သမျှ၊ ပို့ကုန်ငလျက်၊ သတ္ထဝါဟော်၊ ယာဉ်မှူးတော်ဟု၊ ကျော် သည်ငါ့ကို၊ မှီပုံးခိုမှ၊ မငြိုမငြင်၊ ပြည်ထင်ရိမဒ်၊ အကျွတ်ပညာ၊ ပွား ကာကာလျှင်၊ (သမ္မာဗုဒ္ဓ) ရကုန်အမည်၊ သီတိထေရ်တွင်၊ အရှည်မြင်

http://www.dhammadownload.com

ခြင်း၊ မတံပြင်း၍၊ လက်ရင်းငါ့အောက်၊ အကြီးမြောက်သည်၊ လှံတောက်ပညာ၊ သာရိပုတ္တရာ။

ဟူ၍ စပ်ဆိုတော်မူသည်။

၂-အတုလံနှင့် သဿဒ္ဓမ္မ ဂဏှတ္တမံ ပုဒ်နှစ်တန်း၏ အထူးကို ပြခြင်း

ပုစ္ဆာ။ ။အတုလနှင့်၊ သဿဒ္ဓမ္မဂဏှတ္တမံ၊ ပုဒ်နှစ်တန်ဝယ်၊ ဟောရေးကျယ်၊ ဘယ်ခြိမ်နှင့် ဘယ်ဂုဏ်နည်း။

ဝိသဇ္ဇနာ။ ။သမ္မာသမ္မုဒ္ဓမတုလံ၊ သဿဒ္ဓမ္မဂဏှတ္တမံ–ဟူသော ပုဒ်သုံးရပ်တွင် သမ္မာသမ္မုဒ္ဓဟူသော ရှေ့ပုဒ်ကို ဝိသေသ့, အတုလံနှင့် သဿဒ္ဓမ္မဂဏှတ္တမံ ဟူသောပုဒ်ကို ဝိသေသနပြုသော် သမ္မာသမ္မုဒ္ဓ ဟူသော ပုဒ်၏အရသည် ဘုရားခြိမ် နောက်နှစ်ပုဒ်၏အရသည် ဂုဏ် ဖြစ်၏။

အတုလံကို ဝိသေသ့ ပြု၍ သမ္မာသမ္မုဒ္ဓနှင့် သဿဒ္ဓမ္မဂဏှတ္တမံ ကို ဝိသေသနပြုသော် **အတုလံ** ပုဒ်၏အရသည် **ဘုရားခြိမ်** နောက်နှစ်ပုဒ်၏ အရသည် **ဂုဏ်** ဖြစ်၏။ ဤသို့ ဂုဏ်ကို ဟောခြင်း, ခြိမ်ကို ဟောခြင်းသည် အမြဲပုံသေမဟုတ်။ ဆိုလိုသော ပဂ္ဂိုလ်၏ အလိုသို့ လိုက်၍ ဆိုခိုက်, ဆိုခိုက်သာ ခြိမ်ဟော, ဂုဏ် ဟောဖြစ်ရကား အာဝဇ္ဇန်ခြိမ်, အာဝဇ္ဇန်ဂုဏ် မည်၏ဟု ဖြေလေ။

တနည်းကား–ဂုဏ်သည် ဟုတ်မှန်တိုင်း ချီးမွမ်းအပ်သော **ယထာဘူတဂုဏ်**၊ လျှဉ်းပါးရန်ကို ဖြတ်လို၍ ဆိုအပ်ချီးမွမ်းအပ်သော **ဗျဝဒ္ဆေဒဂုဏ်အား**ဖြင့် နှစ်ပါး အပြားရှိသည်တွင် အတုလံဟူသော ဂုဏ်သည် လျှဉ်းပါးရန်မရှိ၊ ဟုတ်မှန်တိုင်း ချီးမွမ်းလို၍သာ ဆိုသော ပုဒ် ဖြစ်ရကား **ယထာဘူတ** ဂုဏ် မည်၏။

သဿဒ္ဓမ္မဂဏှဘွာမံ ဟူသော် ပုဒ်သည် တရားတော်ခြိမ် သံဃာတော်ခြိမ်ကို အပဋ္ဌာန်၊ ဘုရားရှင်ဂုဏ်ကို ပဋ္ဌာန်ပြု၍ ဆိုအပ်, ချီးမွမ်းအပ်သော ပုဒ်ဖြစ်ရကား **အာဝဇ္ဇန်ဆ**ဂုဏ်မည်၏ ဟု ဖြေလေ။

http://www.dhammadownload.com

၃-အဘိဝါဒိယပုဒ်ဖြင့် ဝိသေသ ရှိခိုးပုံကို ပြခြင်း

ပုစ္ဆာ။ ။အဘိဝါဒိယ၊ ပုဒ်အရ၌၊ ဝိသေသနယ်၊ ဖွင့်ရေးကျယ်၊ ဘယ် ရှိခိုးခြင်း မြောက်သနည်း။

ဝိသဇ္ဇနာ။ ။ဘယလာဘကုလာစာရာဒိဝိရဟေန, ကာယဝစီမနောဒ္ဓါရေဟိ ဝန္ဒိတ္ဝာတိ အတ္ထော-ဟု ဋီကာကျော် မိန့်သည်နှင့် အညီ လောက၌ ဘေးပြုအံ့သည်ကို ကြောက်၍ ရှိခိုးခြင်း, လာဘ်ကိုလို၍ ရှိခိုးခြင်း,အမျိုးတို့၏ ကျင့်ရိုးအစဉ်ဖြစ်၍ ရှိခိုးခြင်း, မှားသော အယူရှိ၍ ရှိခိုးခြင်း, မိုက်၍ ရှိခိုးခြင်းတို့ကို ပြုကြရကုန်၏။ ထို ရှိခိုးခြင်းတို့သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း ပြုလေငြား သော်လည်း စိတ်,စေတနာမပါကုန်။ ဤသို့သော ရှိခိုးခြင်းတို့မှ ကင်းလွတ်လျက် ကြည်ဆွတ်သော စေတနာ သဒ္ဓါဟရားနှင့်တကွ ဒ္ဓါရသုံးပါးလုံးဖြင့် ညွှတ်ကျုံး၍ ရှိခိုးသည် ဖြစ်ရကား ဝိသေသ ရှိခိုးခြင်းမြောက်၏ ဟူပေ။

၄-ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း

ပုစ္ဆာ။ ။သုံးဘုံအရ၊ မြတ်ဓမ္မဝယ်၊ ဘာသိဿနှင့်၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ ဘယ်ပဋိညာဉ် ဖြစ်သနည်း။

ဝိသဇ္ဇနာ။ ။ပဋိညာဉ်သည် **သကလ**ပဋိညာဉ်, **ကေဒေသ**ပဋိညာဉ်-ဟူ၍ နှစ်ပါးအပြားရှိသည်။ ။ထို နှစ်ပါးတို့တွင် ဝက္ခာမိ သုတ္တဟိတံ **တို့ကား** ပိဋကတ်သုံးပုံသုံးကို သိမ်းကျုံး၍ **ဝန်ခံ**သောကြောင့် **သကလ** ပဋိညာဉ် မည်၏။

ဝဏ္ဏယိဿာမိ ဝိနယံ တို့ကား ပိဋကတ်ဘပုံ ဖြစ်သော **တစိတ်တဒေသ**ကို ဝန်ခံသောကြောင့် **ကေဒေသ** ပဋိညာဉ်မည်၏။ ထိုနှစ်ပါးတို့တွင်-

ဤဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဌ်သည်လည်း **အဘိဓမ္မာ** ပိဋကတ်၌ ဟောအပ်သော အနက်ကိုသာ အကျဉ်းချုံး၍ **ဆိုအံ့**ဟု **ဝန်ခံသော** ကြောင့် **ကေဒေသ** ပဋိညာဉ်မည်၏ဟု **ဖြေလေ**။

http://www.dhammadownload.com

၅-ဂန္ဆာရမ္ဘ ၃-ပါးတွင် လိုအပ်သော ဂန္ဆာရမ္ဘကို ပြခြင်း

မေး။ ။ဂန္ဆာရမ္ဘ၊ စသည်တရိုး၊ ရှိခိုးတောင့်တ၊ ဝတ္ထုပြသည်၊ ဘယ်ပုဗ္ဗက ဖြစ်သနည်း။

ဖြေ။ ။သမ္မာသမ္ဗုဒ္ဓမတုလံ အဘိဝါဒိယ-ဟူသောပါဠိဖြင့် ရတနာသုံးပါး တို့အား ရှိခိုးခြင်းတည်းဟူသော ပဏာမကို ရွှေထား၍ ကျမ်းကို အားထုတ်ရကား **ပဏာမပုဗ္ဗကဂန္ဆာရမ္ဘ** ဖြစ်သည် ဟူပေ။

၆-နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း

မေး။ ။အပေါင်းထား၍၊ ဘုရားကိုသာ၊ သဒ္ဓါချမ်းကြွယ်၊ ရှိခိုးရွယ်၊ ဘယ်နည်းအားဖြင့် ဖြစ်သနည်း။

ဖြေ။ ။မကင်းရာသည်ကို ဆိုသဖြင့် မကင်းတတ်သည်ကို ရသောနည်း သည် **အဝိနာဘာဝနည်း**မည်၏ဟူ၍ နယလက္ခဏ ဝိဘာဝနိဒ္ဒ် လာရကား ဘုရား တည်းဟူသော မကင်းရာသည်ကို ဆိုသဖြင့် တရား, သံဃာ တည်းဟူသော မကင်းတတ်သည်ကိုလည်း ရှိခိုးသည်မည်စေသောကြောင့် **အဝိနာဘာဝနည်း** ဖြစ်သည်ဟု ဖြေ။ ။သမ္မန္ဓစိန္တာဋီကာအလို။

တနည်းကား-ဘုရားတည်းဟူသော ပြဋ္ဌာန်းသည်ကို ယူသဖြင့် တရား, သံဃာ တည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ပြီးစေသောကြောင့် ပဋ္ဌာနနည်း ဖြစ်သည်ဟု ဖြေ။ ။ဋီကာကျော် အလို။

ထို့ကြောင့်-

ဂုဏီဘူတာနမ္မိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗဘာဝေါ သဟ.
ယောဂေန ဝိညာယတိ-

ဟူ၍ မိန့်သည်။

၇-ပဲရမတ္ထသဘာဝကို ပြခြင်း

မေး။ ။ပရမတ္ထ၊ ဆတ်ဆတ်ရအောင်၊ ဝေကန်သည်၊ အသံဘယ်ပညတ် တည့်နည်း။

http://www.dhammadownload.com

မှတ်ချက်။ ။ပရမတ္ထတောဝေ၊ ဆတ်ဆတ်သောပရမတ္ထ၏ အစွမ်းဖြင့်သာလျှင်–ဟူသော ဤပုဒ်၌ ဝေသဒ္ဒါကို ဆိုခြင်းသည် ဒဿနအာကျိုးရှိသနည်းဟု မေးသည်။

ဖြေ။ ။ခေါ်ဝေါ်သမုတ်အပ်သော သမ္မုတိပညတ်ကိုထား၍ ထိုသမ္မုတိပညတ်မှ အသီးထုတ်အပ်သော အနက်သဘောသာလျှင် ပရမတ္ထမည်၏ ဟူသော အနက်ကို သိစေခြင်းအကျိုးရှိ၏ဟု ဖြေလေ။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ခေါ်ဝေါ်သော အသံသည် သမ္မုတိပညတ်မည်၏။ ထိုပညတ်ဖြင့် တင်ဆိုအပ်သော အာဂုံကိုသိခြင်းသဘော အာရုံကိုတွေ့ခြင်းသဘော အာရုံကိုခံစားခြင်းသဘော ဖောက်ပြန်တတ်သော သဘောတို့သည်သာလျှင် ပရမတ္ထခမ္မမည်၏ ဟူလိုသည်။

ဂ-ပညတ်အပြား ၆-ပါး

ထိုသဒ္ဒဝေါဟာရဖြစ်သော သမ္မုတိ ပညတ်သည်လည်း–

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ခေါ်ဆိုသော **ဝိဇ္ဇမာန** ပညတ်။

(၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို ခေါ်ဆိုသော **အဝိဇ္ဇမာန** ပညတ်။

(၃) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုခဲ့၍ မရှိသည်၌ ခေါ်ဆိုသော **ဝိဇ္ဇမာနေန အဝိဇ္ဇမာန** ပညတ်။

(၄) ပရမတ္ထအားဖြင့် တင်ရှားမရှိသည်ကိုစွဲ၍ ရှိသည်ကိုခေါ်ဆိုသော **အဝိဇ္ဇမာနေန ဝိဇ္ဇမာန** ပညတ်။

(၅) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ ရှိသည်၌ ခေါ်ဆိုသော **ဝိဇ္ဇမာနေန ဝိဇ္ဇမာန** ပညတ်။

(၆) ပရမတ္ထအားဖြင့် တင်ရှားမရှိသည်ကိုစွဲ၍ မရှိသည်၌ ခေါ်ဆိုသော **အဝိဇ္ဇမာနေန အဝိဇ္ဇမာန** ပညတ်ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင်–

http://www.dhammadownload.com

(၁) အာရုံကို သိတတ်သောသဘောကို စိတ်, တွေ့တတ်သောသဘောကိုဖဿ, ဖောက်ပြန်တတ်သောသဘောကို ရုပ် စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် '**ဝိဇ္ဇမာန**' ပညတ်မည်၏။

(၂) မြေ, ရေ, တော, တောင်, သစ်ပင်တို့ကို ဘူမိ, ဥဒက, ဝန, ပဗ္ဗတ, ရုက္ခ စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် '**အဝိဇ္ဇမာန**' ပညတ်မည်၏။

(၃) အဘိညာဉ် ခြောက်ပါးရသည့် သူဟု ခေါ်ဆိုခြင်းသည် '**ဝိဇ္ဇ-မာနေန အဝိဇ္ဇမာန**' ပညတ်မည်၏။

(၄) **မိန်း**မသံ ဟု ခေါ်ဆိုခြင်းသည် '**အဝိဇ္ဇမာနေန ဝိဇ္ဇမာန**' ပညတ်**မည်၏**။

(၅) စက္ခုဝိညာဏ်ဟု ခေါ်ဆိုခြင်းသည် '**ဝိဇ္ဇမာနေန ဝိဇ္ဇမာန**' ပညတ်**မည်၏**။

(၆) မင်းသားဟူ၍ ခေါ်ဆိုခြင်းသည် '**အဝိဇ္ဇမာနေန အဝိဇ္ဇမာန**' ပညတ်မည်၏။

ဤသို့ သဒ္ဒပညတ် ၆-ပါးကို ခွဲခြား၍ သိအောင်ကြုံလေ။

ထိုသို့ကြုံစေလို၍ ပုစ္ဆာဆဆုက-

အမည်ခြောက်ပါး၊ အပြား ၆-ရပ်၊ ဘယ်ပညတ်ဟု၊ အတတ်ဆိုသော်၊ နဂို ဉာဏ်စ ရှင်လိမ့်မည်ဟု မိန့်လေသည်။

၉-အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြခြင်း အကြောင်း

မေး။ ။ကုသိုလ်အာဒိ၊ ဟောရင်းရှိလျက်၊ ကဝိတဆူ၊ လောဘမူကို၊ ဘယ်အယူကြောင့် ဆိုသနည်း။

ဖြေ။ ။ပဋိသန္ဓိကဿ သတ္တဿ အာဒိတော ဝီထိစိတ္တဝသေန လောဘ-မူလံ ပဌမံ ဝုတ္တံ။

http://www.dhammadownload.com

ဟု ဋီကာကျော် မိန့်သည်နှင့် အညီ ပဋိသန္ဓေ နေရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏နောက် ဧသာဋ္ဌသ ဘဝင်ဖြစ်ပြီးလျှင် ထိုပဋိသန္ဓေသစ်ကို အာရုံပြု၍ တပ်မက်တတ်သော ဘဝနိကန္တိ လောဘဇော စိတ်သည် ၃-ကြိမ်ဖြစ်မြဲဖြစ်၍ ဤအစဉ်မှာ ဖြစ်တတ်သော ဝီထိမဲတော်၏အစွမ်းဖြင့် လောဘမူစိတ်ကို ရှေးဦးစွာ ဆိုသည် ဟူပေ။

၁၀-လောဘမူစသည် ခေါ်ဆိုရပုံကို ပြခြင်း

(ရှေးပုစ္ဆာ၌ မပါသောစကားဘို့ကိုလည်း ကပည်သားဘို့ ဤစာပဒားကြဖေခြင်းငှာ ပုစ္ဆာသင့်၍ ရေးလိုက်ခဲ့။)

မေး။ ။စိတ်ဘဉ္ဇင်၌ လောဘ, ဒေါဟ၊ ဟိတ်နှစ်ဝသာ၊ ယှဉ်လျက်ပါကုံ၊ တခုသာယူ၍၊ လောဘမူ ဘယ့်ကြောင့် မှည့်သနည်း။

ဖြေ။ ။မောဟဟိတ်သည့် အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်သည်ဖြစ်၍ သာမညသာဓာရဏ ဖြစ်ရကား အမည်ဝေးခြင်းငှာပေတတ်ကောင်း၊ လောဘသာလျှင် ဝိသေသသာဓာရဏဖြစ်၍ အမည်ကားခြင်းငှာ တတ်ကောင်းသောကြောင့် လောဘမူစိတ်ဟု အမည် မှည့်ဝေလသည်ဟု ဖြေလေ။ ။ဒေါသမူ၌လည်း နည်းတူ ပုစ္ဆာပြုလေ။

၁၁-ဉဒ္ဓစ္စသမ္ပယုတ်စိတ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဉဒ္ဓစ္စသည်၊ ဗဟိဒ္ဓာတ္ဂင်၊ အကုန်ယှဉ်လျက်၊ နောက်ဆုံးစိတ်ကို၊ ဉဒ္ဓစ္စသမ္ပယုတ်၊ သမုတ်သည်မှာ၊ ဘာကြောင်းဟာဟု ဆိုမည်နည်း။

ဖြေ။ ။ဉဒ္ဓစ္စသ ကုမသ္မိံ ပဒ္ဓိမဓိဒတ္တ ပဋ္ဌာနဘာဝဝန ပဝတ္တတ္တာ ဉဒ္ဓစ္စသမယတန် ဝတံ---

ဟု ဋီကာမိန့်သည်နှင့်အညီ ဉဒ္ဓစ္စသည် ကပါးသောစိတ်တို့၌ ယှဉ်သောအခါ တပါးတရား၏ နောက်ပါသာဖြစ်၍ ယှဉ်သည်၊ ဤနောက်ဆုံး စိတ်၌ကား **မိမိပြဋ္ဌာန်းသည်ဖြစ်၍** ယှဉ်သောကြောင့် **ဉဒ္ဓစ္စသမ္ပယုတ်**ဟု ဆိုသည်ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ စစ်တဆယ့်နှစ်ပွဲ လိုက်ရသော သူ့ရဲသည် ပထမပွဲ, ဒုတိယပွဲ စသည်တို့၌ သူတပါးကွပ်ကဲ၍ မိမိ နောက်ပါသာဖြစ်သည်။ ဒုဗ္ဗိဒသမ

http://www.dhammadownload.com

ပွဲ၌ကား ကွပ်ကဲကြီးကြပ်သူမရှိ။ မိမိပင် ကွပ်ကဲရသောကြောင့် "သူရဲကြီးပွဲ" ဟု ထင်ရှားသကဲ့သို့ တည်း။

၁၂–မှီရာနိဿယအားဖြင့် ပဥ္စဝိညာဉ် အမည်ရပုံကို ပြခြင်း

မေး။ ။စိတ်ဟူသမျှ၊ ဝိညာဏသာ၊ ဖြစ်တုံပါလျက်၊ အခြားစိတ်မှာ၊ သညာမတင်၊ ပဥ္စဝိညာဉ်၊ တဆယ်တွင်သာ၊ ဝိညာဏာဟု၊ သညာဘယ့်ကြောင့် တပ်သနည်း။

ဖြေ။ ။မှီရာဖြစ်သော ရုပ်နှင့် ခြားနားစိမ့်သောငှာ ဝိညာဏသဒ္ဒါတပ်၍ ခေါ်သည်ဟု ဖြေ။

ထိုစကားမှန်၏။ စိတ်တို့၏အမည်သည် သမ္ပယုတ္တဓမ္မ ကိုစွဲ၍ ဖြစ်သောအမည်၊ **မှီရာနိဿယ**ကိုစွဲ၍ ဖြစ်သောအမည်၊ သတ္တိ ကို စွဲ၍ဖြစ်သောအမည် အားဖြင့် ၃-မျိုး အပြားရှိ၏။ ထို ၃-မျိုးတို့တွင်–

(၁) လောဘမူ, ဒေါသမူ, မောဟမူ စသော အမည်တို့သည် **သမ္ပယုတ္တဓမ္မ** ကို စွဲ၍ဖြစ်သော အမည်ဘည်း။

(၂) စက္ခုဝိညာဏ် စသော အမည်တို့သည် မှီရာနိဿယ ကို စွဲ၍ဖြစ်သော အမည်တည်း။

(၃) သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသည်တို့သည် စိတ်၏သတ္တိ တည်းဟူသော ကိစ္စကို စွဲ၍ ဖြစ်သော အမည်တို့တည်း။

၁၃-ကာယဝိညာဉ်၌ သုခ ဒုက္ခ ဖြစ်ပုံကို ပြခြင်း

မေး။ ။စက္ခုသောတ၊ ဃာန ဇိဝှါ၊ ဝိညာဏ်မှာ၌၊ ဥပေက္ခာသဟဂုတ်၊ ကာယဝိညာဏ်၌၊ ဘယ့်ကြောင့် သုခဒုက္ခ သဟဂုတ် ဖြစ်သနည်း။

ဖြေ။ ။စက္ခုဝိညာဏ်၏ မှီရာဖြစ်သော စက္ခုပသာဒလည်း ဥပါဒါရုပ် ရူပါရုံလည်း ဥပါဒါရုပ် ဖြစ်သောကြောင့် ဥပါဒါ ရုပ်ချင်းချင်း ထိခိုက်ခြင်း

http://www.dhammadownload.com

သည် အားနည်း၏။ ဝါဂ္ဂမ်းစုကို တခုသော ဝါဂ္ဂမ်းစိုင်၌ ရိုက်သကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်သည်။ ။သောတ,ဃာနတို့ မှာလည်း ဤနည်းအတူ မှတ်လေ။

ကာယဝိညာဉ်မှာကား မိုရာဖြစ်သော ကာယပသာဒလည်း ဘူတရုပ်အစု၊ ဖောဋ္ဌဗ္ဗာရုံ ဟူသည်လည်း အာပေါဓာတ်ကြဉ်သော ဘူတရုပ်သုံးပါး အဆပါင်း ဖြစ်ရကား ဘူတရုပ်ချင်းချင်း ထိခိုက်ခြင်းသည် အားကြီး၏။ တခုသော ပေထက်၌ ဝါဂ္ဂမ်းစုကိုတင်၍ တူဖြင့် ခတ်လတ်သော် ဂွမ်းစုကိုလွန်၍ ပေ၌ ထိသကဲ့သို့ ဖြစ်၏။ ထိုသို့ ထိခိုက်ခြင်းအား ကြီးသောကြောင့် သုခသဟဂုတ် ဒုက္ခသဟဂုတ် ဖြစ်သည် ဟူပေ။

ထို့ကြောင့် ဋီကာ၌-

ဝတ္ထာလမ္မသဘာဝါနံ၊ ဘူတိကာနံ သံဃဋ္ဋနံ။
ဒုဗ္ဗလ ဣတ စက္ခာဒ- စတုစတ္တာမုပေက္ခက။
ကာယနိဿယဖောဋ္ဌဗ္ဗ-ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ နု ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ-

ဟူ၍ မိန့်သည်။

ဝတ္ထာလမ္မသဘာဝါနံ၊ မိုရာသဘော, အာရုံသဘောဖြစ်ကုန်သော။ ဘူတိကာနံ၊ ဥပါဒါရုပ်တို့၏။ သံဃဋ္ဋနံ၊ ထိခိုက်ခြင်းသည်။ ဒုဗ္ဗလံ၊ အားနည်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စက္ခာဒိစတုစိတ္တံ၊ စက္ခုဝိညာဉ်အစရှိသော လေးပါး သောစိတ်သည်။ ဥပေက္ခကံ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်၏။

ကာယနိဿယဖောဋ္ဌဗ္ဗဘူတာနံ၊ ကာယဝိညာဉ်၏ မိုရုပမဟာဘုတ်, ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ်တို့၏။ ဃဋ္ဋနာယ တု၊ ထိခိုက်ခြင်းသည်ကား။ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ ကာယိကံ ဝိညာဏံ၊ ကာယပသာဒကို မှီသော ဝိညာဉ်သည်။ မဇ္ဈဝေဒနံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်။ နု ဟောတိ၊ မဖြစ်။

http://www.dhammadownload.com

၁၄-အာဝဇ္ဇန်းစသည်၌ပါသော စေတနာသည် ကံမမည်ပုံကို ပြခြင်း

မေး။ ။ဝိထိသွားလမ်း၊ အာဝဇ္ဇန်းက၊ ဝုဋ္ဌောကျအောင်၊ ထိုမျှစိတ်မှာ၊ စေတနာသည်၊ အကျိုးပေးရာ ကံပင်လော။

ဖြေ။ ။ပဉ္စဒ္ဒါရဝီထိ၌ ပဉ္စဒ္ဒါရာဇဝဇ္ဇန်းမှစ၍ ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော ဤစိတ်ဘို့နှင့် ယှဉ်၍ပါသော စေတနာသည် သဟဇာတကံဖြစ်၍၊ မိမိနှင့်တကွဖြစ်သော သမ္ပယုတ်ခန္ဓာတို့ကိုသာ ပြုပြင်သည်၊ ဝိပါက်ကဋတ္တာရူပ်ကို မဖြစ်စေဘတ်၊ ထို့ကြောင့် အကျိုးပေးရာ ကံ မဟုတ်ဟု ဖြေ။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

ကမ္မံ နာမေဝံ ကိဉ္စာပိဘိ အာယူဟတိ အဘိသင်္ခရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ ဧဝံ သန္တေ ပဉ္စဝိညာဏစေတနာ ကိဉ္စာပိ အာယူဟတိ ကိဉ္စာပိ အဘိသင်္ခရောတိ ကိဉ္စာပိ ပိဏ္ဍံ ကရောတိ ကိဉ္စာပိ စေတေတိ ကိဉ္စာပိ ကပ္ပေတိ ကိဉ္စာပိ ပကပ္ပေတိ သဟဇာတမေဝ သာပိ ဟိ သဟဇာတေ သမ္ပယုတ္တာခန္ဓေ အာယူဟတိ အဘိသင်္ခရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ။

ဟူ၍ မိန့်သည်။

ဤဒံ ကမ္မံ နာမ၊ ဤကံမည်သည်ကား။ ကိ၊ အဘယ်ကို။ ကရောတိ၊ ပြုတတ်သနည်း။ ဤတိ၊ ဤသို့မေးသည်ရှိသော်။ အာယူဟတိ၊ အားထုတ်တတ်၏။ အဘိသင်္ခရောတိ၊ ကပ်၍ ပြုပြင်တတ်၏။ ပိဏ္ဍံ ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်၏။ စေတေတိ၊ စေ့ဆော်တတ်၏။ ကပ္ပေတိ၊ စီရင်တတ်၏။ ပကပ္ပေတိ၊ အပြားအားဖြင့် စီရင်တတ်၏။ ဤဘို၊ ဤသို့ ဖြေရာ၏။ ဧဝံ သန္တေ၊ ဤသို့ အားထုတ်တတ်, ပြုပြင်တတ်သည်ရှိသော်။ ပဉ္စဝိညာဏစေတနာ၊ ပဉ္စဝိညာဉ်၌ ယှဉ်သော စေတနာသည်။ ကိ၊ အဘယ်ကို။ အာယူဟတိ၊ အားထုတ်သနည်း။ ကိ၊ အဘယ်ကို။ အဘိသင်္ခရောတိ၊ ပြုပြင်တတ်သနည်း။ ကိ၊ အဘယ်ကို။ ပိဏ္ဍံ ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်သနည်း။ ကိ၊ အဘယ်ကို။ စေတေတိ၊ စေ့ဆော်တတ်သနည်း။ ကိ၊ အဘယ်ကို။

http://www.dhammadownload.com

ကပ္ပေတိ၊ စိရင်တတ်သနည်း။ ကိံ၊ အဘယ်ကို။ ပကပ္ပေတိ၊ ပြီးစေတတ်သနည်း။ သဟဇာတဓမ္မေ၊ မိမိနှင့် အတူတကွဖြစ်သော တရားတို့ကို။ အာယူဟတိ၊ အားထုတ်ဘတ်၏။ ဟိ၊ သင့်စွ။ သာပိ၊ ထိုပဉ္ဇဝိညာဉ်၌ ယှဉ်သော စေတနာသည်လည်း။ သဟဇာတေ၊ မိမိနှင့် အတူတကွ ဖြစ်ကုန်သော။ သမ္ပယုတ္တခန္ဓေ၊ သမ္ပယုတ် ခန္ဓာတို့ကို။ အာယူဟတိ၊ အားထုတ်တတ်၏။ အဘိသခ်ရောတိ၊ ကပ်၍ ပြုပြင်တတ်၏။ ပိဏ္ဍံ ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်၏။ စေတေတိ၊ စေ့ဆော်တတ်၏။ ကပ္ပေတိ၊ စိရင်တတ်၏။ ပကပ္ပေတိ၊ ပြီးစေတတ်၏။ ဣတိ၊ ဤသို့ဖြေရာ၏။

သာပိ၌ အပိ သဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော၌ ယှဉ်သောစေတနာကို ပေါင်းသည်။

၁၅-ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇော အမည်ရပုံကို ပြခြင်း

မေး။ ။ဟိတ်မရှိသည့်၊ ဟသိဘုပ္ပါဒ်၊ ဒြဗ်ရောနှော၊ ဇောငါးဆယ့်ငါး၊ ထိုတရားမှာ၊ အပြားဘယ့်ကြောင့် ဝင်သနည်း။

ဖြေ။ ။ဟိတ်နှင့်ယှဉ်ခြင်းသည် ဇောမည်ခြင်း၏ အကြောင်းမဟုတ်၊ အာရုံကိုခံစားတတ်သောသဘ္ဘိရှိခြင်းသည်သာလျှင် ဇောမည်ခြင်း၏အကြောင်းဖြစ်သည်။ ထို့ကြောင့် ဟသိတုပ္ပါဒ်သည် ဟိတ်မရှိသော်လည်း အာရုံကိုခံစားတတ်သော အနုဘုဉ္ဇန သဘောရှိရကား ဇော ကိစ္စတပ်၏၊ ဇော၌ ဝင်၏ ဟူပေ။

၁၆-ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကိုပြခြင်း

မေး။ ။ တဆယ့်သုံးရပ်၊ သောမနသ်တို့၊ ရယ်တတ်သည်သာ၊ ဖြစ်တုံပါလျက်၊ ကြိယာအဟိတ်၊ ဤစိတ်ကိုမှ၊ ဟသိဘုပ္ပါဒ်၊ ပညတ်ဘယ့်ကြောင့် တင်သနည်း။

ဖြေ။ ။ လောဘမူ သောမနဿဇော ၄-ခု၊ မဟာကုသိုလ် သောမနဿဇော ၄-ခု၊ မဟာကြိယာ သောမနဿဇော ၄-ခုအားဖြင့် ၁၂-ပါးသော

http://www.dhammadownload.com

စိတ်တို့သည် ရယ်ရှင်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ် ခေါ်သင့်လျက် မခေါ်မူ၍ အဟိတ်ကြိယာစိတ်ကိုသာ ဟသိတုပ္ပါဒ်ဟုခေါ်ခြင်းသည် ဤမှတပါးသောစိတ်တို့မှာ လောဘမူ မဟာကုသိုလ်,မဟာကြိယာဟူ၍ အသီးရအပ်သော အမည်ထူး ရှိခဲသောကြောင့် မခေါ်သည်ဟူပေ။ ။ပဋိလဒ္ဓ-ဝိသေသနာမတ္တာ၊ အသီးရအပ်သော အမည်ထူး ရှိလေသောကြောင့်တည်း ဟူ၍ ဋ္ဌာသဆရာ ဟိတ်ခတ်၏။

ကာမာဝစရသောဘကစိတ်
၁၇-မဟာကုသိုလ်ဟူသော
နာမဝိသေသကို ပြခြင်း

မေး။ ။ ကာမာဝစရ၊ ကုသလပင်၊ မဟာတွင်သည်၊ ဂုဏ်အင်ဘယ်သို့ကြီးသနည်း။

ဖြေ။ ။ အရေအတွက် များသောကြောင့်၎င်း၊ သတ္တိအားဖြင့် ကြီးမြတ်သောကြောင့်၎င်း မဟာတွင်သည်ဟု ဖြေ။ ဘယ်သို့များသနည်းဟူမူကား-

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာဒိတော စေဝ၊ ဂဏ္ဍေယျ နယကောဝိဒေါ-

ဟူသော ဋီကာနှင့်အညီ ဤကုသိုလ်စိတ်(၈) ပါးသည် ပုညကြိယ ဝတ္ထု ဆယ်ပါးတို့ကြောင့် ဖြစ်ရကား-

ဆယ်ခုဖြင့် မြှောက်..... .... (၈၀) ဖြစ်၏။
ထိုရှစ်ဆယ်ကို အာရုံ ၆-ပါးဖြင့် မြှောက် ..... (၄၈၀) ဖြစ်၏။
ထိုလေးရာရှစ်ဆယ်ကို ထက်ဝက်ခွဲ၊ ဟစုသည် ဉာဏသမ္ပယုတ်အဖို့၊ တစုသည် ဉာဏဝိပ္ပယုတ်အဖို့ ဖြစ်၏၊
ဉာဏသမ္ပယုတ် ၂၄၀- ကို အဓိပတိလေးပါးဖြင့် မြှောက်...(၉၆၀) ဖြစ်၏။
ဉာဏဝိပ္ပယုတ် ၂၄၀- ကို ဝီမံသကြဉ်သော အဓိပတိ ၃-ပါးဖြင့် မြှောက် (၇၂၀) ဖြစ်၏။

http://www.dhammadownload.com

နှစ်စုကိုရော.... .... ၁၆၈၀-ဖြစ်၏၊
ထို ၁၆၈၀- ကို ဟိန, မဇ္ဈိမ, ပဏီတ, ၃ပါးနှင့်မြှောက်.... ၅၀၄၀ ဖြစ်၏၊
ထို ၅၀၄၀-ကို ကာလ ၃-ပါးနှင့်မြှောက် ... . ၁၅၁၂၀-ဖြစ်၏၊

သန္ဓာန် ၂-ပါး, ဘုံ-၃၀, ပုဂ္ဂိုလ် ၁၂-အားဖြင့် မြှောက်ပွားသော် မဇ္ဈရတ္တက် နိုင်အောင်များ၏။

ဤသို့ အရေအတွက်အားဖြင့် များသောကြောင့်လည်း မဟာ တွင်သည်။

အဘယ်သို့ သတ္တိအားဖြင့် ကြီးမြတ်သနည်းဟူမူကား ဤကာပဘဝစရ ကုသိုလ်စိတ် ဂ-ပါးသည် လောကီဈာန် ၉-ရပ်တို့၏ အခြေခံ ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူ အားဖြင့်လည်း ဖြစ်သည်။ လောကုတ္တရာ ဖြစ်သော မဂ် ၄-ပါး, ဖိုလ် ၃-ပါးတို့၏ အခြေခံလည်းဖြစ်သည်။ သမာပတ် ၅-ပါး, အဘိညာဉ် ၇-ပါး တို့၏ အခြေခံလည်း ဖြစ်သည်။ ဤသို့ သတ္တိအားဖြင့် ကြီးမြတ်သော ကြောင့်လည်း **မဟာ**တွင်သည်ဟု ဖြေ။ ။ဤ၌ မဟန္တ သဒ္ဒါသည် များသော အနက်, ကြီးမြတ်သောအနက်ကို ဟော၏။

ဤမဟာကုသိုလ်စိတ်သည် အရေအတွက်အားဖြင့် များသောလည်း သတ္တဝါ တို့၏ သန္ဓာန်၌ ဖြစ်ခြင်းကား ကာလအားဖြင့် အလွန်နည်း၏ဟု ပြလိုသော အဋ္ဌကထာ ဆရာသည်—

ယော ပနေတဿ ကုသလစိတ္တဿ ပဝတ္တိ ကာလော နာမ ဟောတိ၊ သော အတိပရိတ္တော ယာ စဿ အတိပရိတ္တတာ ယထာ စ ဘိက္ခဝေ တဿ ပုရိသဿ ဇဝေါ၊ ယထာ စ စန္ဒိမသူရိယာနံ ဇဝေါ၊ ယထာ စ ယာ ဒေဝတာ စန္ဒိမသူရိယာနံ ပုရတော ဓာဝန္တိ တာသံ ဒေဝတာနံ ဇဝေါ၊ တတော သိဃ်္ဃတရာ အာယုသင်္ခါရာ ခိယျန္တိ—

အစရှိသည်ဖြင့် ဟောတော်မူသည်။

ပိဏ္ဍတ္ထဖြစ်သော အဓိပ္ပါယ်ကား-ဤမဟာကုသိုလ် စိတ်တို့သည် သတ္တဝါ တို့၏ သန္ဓာန်၌ဖြစ်သော ကာလကား အလွန်နည်း၏။ နည်းဟန်ကိုလည်း ဤသို့သော ဥပမာဖြင့် သိအပ်၏။ ။ရွှေများကို နောက်များဖြင့် မှန်အောင် ပစ်နိုင်သော လေးသမားကြီး လေးဦးတို့သည် တစုံသောမင်္ဂုံငှက်ကို မှီကာထိုင်ပြီး လျှင် တပြိုင်တည်း အရပ်လေးမျက်နှာသို့ ပစ်လွှတ်အပ်သောမြားကို မြေသို့ မရောက်စေပဲ ကောက်ယူနိုင်သော ၈ဝန ဟသ်ာမင်း၏ လျင်ခြင်းအဟုန်သည် ရှိ၏။

http://www.dhammadownload.com

ထိုအဟုန်ထက်လည်း တနှစ်၌ ယူဇနာ ၃-သန်း, တနာရီ၌ ယူဇနာ ၅-သောင်း ရောက်အောင် သွားနိုင်သော နေ, လ တို့၏ အဟုန်သည် လျင်မြန်၏။

ထိုအဟုန်ထက်လည်း နေ, လ, ဗိမာန်တို့၏ ရှေ့၌ ငြိုးသွားသော နတ်သားတို့၏ အဟုန်သည် လျင်မြန်၏။ ထို့ထက်လည်း ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော အာယု သင်္ခါရ၏ ချုပ်ခြင်းသည် လျင်မြန်၏။

ထိုရုပ်ဇီဝိတိန္ဒြေ၏ ဥပါဒ်, ဌိ, ဘင် အားဖြင့်တည်သော ကာလသည် ရှိ၏။ ထိုကာလ၌လည်း ၁၆-ချက်သော စိတ်တို့သည် ဖြစ်၍ ပျက်ကုန်၏။

ထို ၁၆-ချက်တွင် ကုသိုလ်စိတ်သည် ၇-ချက်မျှသာ ဖြစ်သောကြောင့် အလွန်နည်းလှရကား ဥပမာအားဖြင့် ပြဖွယ်ရာမရှိချေ။ ။ထို့ကြောင့် ဘုရားသခင်သည်–

ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ န သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တံ–ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝ၊ အကြင်မျှလောက်။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ လဟုပရိဝတ္တံ၊ လျင်သောဖြစ်ခြင်းရှိ၏။ ယာဝဉ္စ၊ အကြင်မျှလောက်လျှင်။ ဥပမာပိ၊ နှိုင်းယှဉ်စရာ ဥပမာကိုလည်း။ ကာတုံ၊ ပြုခြင်းငှါ။ န သုကရာ၊ မလွယ်။

ဤစကားရပ်တို့ဖြင့် ကုသိုလ်စိတ်တို့၏ ကာလ နည်းသောအဖြစ်ကို ပြတော်မူသည်။ ယင်းသို့ နည်းလှသောကြောင့် လျှပ်ရောင်ဖြင့် ပုလဲလုံးကို သီရာတိသကဲ့သို့ ဤကုသိုလ်စိတ် ဖြစ်သည်ကို သိခြင်းငှာ ခဲယဉ်းရကား အကြိမ်များစွာ ဖြစ်စိမ့်သောငှာ သူတော်ကောင်း တကာတို့သည် အားထုတ်ရာ၏ဟူ၍ သြဝါဒ ပေးတော်မူသည်။

၁၈–တိဟိတ် ပဋိသန္ဓေ ၁၃-ပါးမှာ

အဘယ်စိတ်များ မြတ်သနည်း

မေး။ ။သန္ဓေတည်စိတ်၊ တိဟိတ် အပြား၊ ၁၃-ပါးတွင်၊ တုမမြင်အောင်၊ ဘယ်စိတ်သ ာလျှင် မြတ်သနည်း။

ဖြေ။ ။မဟာဝိပါက် စိတ်သ ာလျှင် မြတ်၏ဟူပေ။

http://www.dhammadownload.com

အဘယ်ကြောင့်နည်းဟူမူ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကာ, မဟာသာဝကာ ဖြစ်သော ပုဂ္ဂိုလ်မြတ်တို့သည် ဤ မဟာဝိပါက်စိတ် ဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုဖြင့်သာ ပဋိသန္ဓေ နေကုန်သည်, ဘဝင် သက်ကုန်သည်, စုတိကျကုန်သည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အဋ္ဌသာလိနီ၌-

အယဉ္စိ ဝိပါကစိတ္တံ ဗုဒ္ဓပစ္စေကဗုဒ္ဓါဒီနံ အဂ္ဂပုဂ္ဂလာနံ ပဋိသန္ဓိဘာဝင်္ဂ-စုတိတဒါရမ္မဏဘူတတ္တာ စ မဟန္တံ—

ဟူ၍ မိန့်သည်။

၁၉-ဉာဏ်အပြားဖြစ်ပုံကို ပြခြင်း

မေး။ ။ဝေဒနာအပြား ၂-ပါး၊ ဉာဏ်အပြား ၄-ပါး၊ သခ်ၤါရအပြား ၈-ပါး ဟူရာ၌ ဝေဒနာမှာ သောမနဿ, ဥပေက္ခာ ပြားသောကြောင့် အပြား ရှိတန်စေ၊ ဉာဏ်ဟူသည်မှာ ပညိန္ဒြိယပါးတည်း ဖြစ်သောကြောင့် ဘယ်သို့ ပြားနိုင်အံ့နည်း။

ဖြေ။ ။ဉာဏသခ်ၤါရာနံ ဘာဝါဘာဝကတောပိ ဘေဒေါ ဉာဏသခ်ၤါရ-ကတောဝေါ။ ဋီကာ။

ဉာဏ် သခ်ၤါရတို့၏ ရှိ-မရှိသောအားဖြင့် ပြုအပ်သော အပြားသည်ပင်လျှင် ဉာဏ်၏အပြား, သခ်ၤါရ၏အပြားမည်၏ ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ ဝပြောခြင်းကိုဂုဏ်း၊ မွတ်သိပ်ခြင်းကိုဂုဏ်း မိုးသည် ပြုသကဲ့သို့တည်း။ ဉာဏ်ယှဉ်ခြင်း, မယှဉ်ခြင်း တည်းဟူသော ဂုဏ်ပြားသည်ကို ဂုဏေဖြစ်သော ဉာဏ်ဒြဗ်၌ တင်စား၍ ဂုဏ္ဏူပစာရအားဖြင့် 'ဉာဏ်အပြား' ဆိုသည် ဟူလို။

၂၀-စျာန်ဝင်စားရာ အစစ်စာ ဘယ်စျာန်ပါလေနည်း

မေး။ ။မဟဂ္ဂုတ်ဝိပါက်၊ စဉ်ဆက်သန္ဓေ၊ ထိုက်ရာနေသော်၊ ဘယ်စျာန် အခြေထသနည်း။

ဖြေ။ ။ပထမစျာန် သုံးဘုံ၌ ပထမစျာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ဒုတိယစျာန် သုံးဘုံ၌ ဒုတိယစျာန်ဝိပါက်စိတ်, တတိယစျာန်ဝိပါက်စိတ်

http://www.dhammadownload.com

နှစ်ပါးတွင် တပါးပါးဖြင့် ပဋိသန္ဓေ နေသည်။ တတိယစျာန် သုံးဘုံဠ စတုတ္ထစျာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ စတုတ္ထစျာန် ဖ-ဘုံဠ ပဉ္စမစျာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ ယင်းသို့ ဘုံအားလျော်စွာ ပဋိသန္ဓေ နေကြသော်လည်း ရူပဗြဟ္မာ ဟူသမျှသည် ပဝတ္တိကာလ၌ အင်္ဂါငါးပါးရှိသော ပထမစျာန်ကို အခြေပြု၍သာ စီးဖြန်းရသည်။ ဝင်စားရသည်။ ထို့ကြောင့် ပဉ္စင်္ဂိကစျာန်ကို ပထမစျာန်ဟု ခေါ်သည်။ ထိုအနက်ကို ပြခြင်းငှာ ဋီကာကျော်၌—

ပထမဉ္စ ဒေသနက္ကမတော စေဝ ဥပပတ္တိက္ကမတော စ အာဒိဘူတတ္တာ တံ စျာနဉ္စ အာရမ္မဏူပနိဇ္ဈာနပေါ ပစ္စနိကစျာပနတော စာတိ ပထမစျာနံ—

ဟူ၍ မိန့်သည်။

ဒေသနက္ကမတော စေဝ၊ ဒေ့သနာစဉ်အားဖြင့်ငင်း။ ဥပပတ္တိက္ကမတော စ၊ သတ္တဝါသန္တာန်၌ ဖြစ်စဉ်အားဖြင့်ငင်း။ အာဒိဘူတတ္တာ၊ အစဖြစ်သည်၏ အဖြစ်ကြောင့်။ ပဏမဉ္စ၊ ရှေးဦးသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဇ္ဈာနတော စ၊ ကသိုဏ်းစသော အာဂုံကို ကပ်၍ရှုတတ်သောကြောင့်ငင်း။ ပစ္စနိကစျာပနတော စ၊ဆန့်ကျင်ဘက်ဖြစ်သော နိဝရဏတရားတို့ကို ဖုတ်ကြည်းတတ်သောကြောင့်ငင်း။ စျာနဉ္စ၊ စျာန်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ပထမစျာနံ၊ ပထမစျာန် မည်၏။

၂၁-ပဉ္စမစျာန်သန္ဓေနေသော ဗြဟ္မာတို့မှာ အဘိညာဉ်ရှိဖို့ အားထုတ်ရသေးသလော

မေး။ ။ပဉ္စမစျာန်၊ ဇကန်သန္ဓေ၊ နေသူတို့မှာ၊ အဘိညာဉ်ငါးပါး၊ ထိုတရားကို အသစ်ပွားရဦးအံ့လော။

ဖြေ။ ။မဉ္စမစျာန် ပဋိသန္ဓေနေသော ဗြဟ္မာဖြစ်သော်လည်း အဘိညာဉ်ငါးပါးကို အသစ်ပွားမှပင် ရသည်။ အဘယ်ကြောင့်နည်းဟူမူ ပဉ္စမစျာန် ပဋိသန္ဓေကား **ဝိပါက်တရား**, အဘိညာဉ်ကား **ကုသိုလ်, ကြိယာ တရား** ဖြစ်သည်။ ထို့ကြောင့် ပွားရ၏ ဟူပေ။

ပဉ္စမစျာန်ဝိပါက်သည် ရှေးရှေးသော အဘိညဉ်ကုသိုလ်၏ အကျိုးမဟုတ်လော ဟူငြားအံ့။ အဘိညာဉ်၏ အကျိုးမဟုတ်၊ အဘိညာဉ်ကား

http://www.dhammadownload.com

ဝိပါက်ကဋ္ဌတ္တာရုပ်ကို မဖြစ်စေတတ်။ သက်သက်သော ပဋ္ဌမစျာန်ကသာလျှင် နာနာကွဏိကကမ္မပစ္စည်း တပ်သည်ဖြစ်၍ ဝိပါက်ကဋ္ဌတ္တာရုပ်ကို ဖြစ်စေ၏ ဟူပေ။

၂၂-ပဋ္ဌမစျာန်နှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး။ ။သက်သက်သော ပဋ္ဌမစျာန်နှင့် အဘိညာဉ်ကိစ္စ တပ်သော ပဋ္ဌမစျာန်သည် အဘယ်သို့ ထူးကြသနည်း။

ဖြေ။ ။သက်သက်သော ပဋ္ဌမစျာန်မှာ ကသိုဏ်းဆယ်ပါး, အာနာပါ-နဿတိ, ဥပေက္ခာ ဗြဟ္မဝိဟာရ အားဖြင့် ၁၂-ပါးသော **ပညတ်**ကို အာရုံပြု၍ ဖြစ်သည်။ အဘိညာဉ် ကိစ္စတပ်သော ပဋ္ဌမစျာန်နှစ်ခုတွင် ကုသိုလ်မှာ အရ-ဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော **အလုံးစုံသောတရား**ကို အာရုံပြုသည်။ ကြိယာမှာ **အလုံးစုံသောတရား**ကို အာရုံပြုသည်။ ။ဤသို့ထူးကြ၏ဟူပေ။

၂၃-မဟဂ္ဂုတ်ချင်း တူသော်လည်း အာရုံမတူပုံကို ပြခြင်း

မေး။ ။ရူပ, အရူပ၊ စိတ်နှစ်ဝကို၊ တကွချုပ်၍၊ မဟဂ္ဂုတ်အမည်၊ ဆိုပြီး သည်မှ၊ ဆစိတ္တာနိ မဟဂ္ဂတေ၊ အနေဘယ့်ကြောင့်ထူးသနည်း။

ဖြေ။ ။ရူပ, အရူပစိတ်ကို မဟဂ္ဂုတ်ခေါ်သည်မှာ မဟန္တေဟိ စျာနလာ-ဘီဟိ ဂတာ မဟဂ္ဂတာ-ဟူသော ဝစနတ္ထနှင့်အညီ မြတ်ကုန်သော စျာနလာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်သော တရားဖြစ်သောကြောင့်၎င်း၊ မဟတ္တံ ဂတာနိ မဟဂ္ဂတာနိ ဟူသော ဝစနတ္ထနှင့်အညီ မြတ်သောအဖြစ်သို့ ရောက်သော ကြောင့်၎င်း မဟဂ္ဂုတ် ခေါ်သည်။

ဆစိတ္တာနိ မဟဂ္ဂတေ၏ အရကား ဝိညာဏဥာယတန စိတ် ၃-ခု၊ နေဝသညာ-နာသညာယတနစိတ် ၃-ခု၊ ဤ ၆-ခုသောတရားတို့သည် မိမိကိုလည်း **မဟဂ္ဂုတ်** မည်သည်၊ အာရုံလည်း မဟဂ္ဂုတ်စိတ်ကိုပင် အာရုံပြုသည်၊ ကြွင်းသော ၂၁-ပါးသောစိတ်တို့မှာ မိမိကား **မဟဂ္ဂုတ်**မည်၏။ အာရုံပြုသောအခါ ကသိုဏ်းစသော ပညတ်ကို အာရုံပြုသည်။ မဟဂ္ဂုတ်တရားကို အာရုံမပြု။ ။ ဤသို့ ထူးကြ၏ဟု ဖြေ။

၂၄-နေဝသညာနာသညာ၏ ဝိသေသကိုပြခြင်း

မေး။ ။နေဝသညာနာသညာယတန၊ စိတ်အရသည်၊ အရူပမှာ၊ ခြင်းရာ ဘယ်သို့ထူးသနည်း။

၁၅၂၃၃

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

http://www.dhammadownload.com

ဖြေ။ ။သညာဝ ဝိပဿနာယ ဂေါစရဘာဝံ ဂန္ဆာ နိဗ္ဗေဒဇနနသခ်ါ-
တသ ပဋ္ဌသညာကိစ္စသ အဘာဝတော နေဝသညာ စ ဥဏ္ဟောဒကေ
တေဇောဓာတု ဝိယ သခ်ါရုပသေသသုခုမဘာဝေန ဒိဋ္ဌမာနတ္တာန အသညာတိ
နေဝသညာနာသညာ သာ ဧဝ အာယတနံ ဣမသ သသမ္ပယုတ္တဓမ္မသ
စျာနသ နိဿယာဒိဘာဝတောတိ နေဝသညာနာသညာယတနံ သညာဝေန
စေတ္ထ စျာနုပလက္ခဏံ နိဒဿနမတ္တံ။ ဧဝဒနာဒယောပိ ဟိ တသ္မိံ စျာနေ
နေဝဝေဒနာနာဝေဒနာဒိကာယေဝါတိ – ဟူသော ဋီကာကျော်ဖြင့် ဖြေ။

အနက်ကား

သညာဝ၊ သညာသည်သာလျှင်။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်၏။ ဂေါစရ-
ဘာဝံ၊ အာရုံ၏အဖြစ်ကို။ ဂန္ဆာ၊ ရောက်၍။ နိဗ္ဗေဒဇနနသခ်ါတသ၊ ငြီးငွေ့
ခြင်းကို ဖြစ်စေတတ်သည်ဟု ဆိုအပ်သော။ ပဋ္ဌသညာကိစ္စသ၊ ထင်ရှားသော
သညာကိစ္စ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နေဝသညာ စ၊ ထင်ရှားသော
သညာမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥဏ္ဟောဒကေ၊ ရေနွေးဌ်။
တေဇောဓာတု ဝိယ၊ ရှိသောတေဇောဓာတ်ကဲ့သို့။ သခ်ါရုပသေသသုခုမ-
ဘာဝေန၊ သခ်ါရုတို့မှ ကြွင်းသော သိမ်မွေ့သောအဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊
ရှိသေးသည်၏အဖြစ်ကြောင့်။ န အသညာ စ၊ သညာမရှိ မဟုတ်သည်လည်း။
ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ထင်သော သညာလည်းမရှိ သိမ်မွေ့သော
သညာလည်း မရှိသည်လည်းမဟုတ်သောသတ္တိကြောင့်။ နေဝသညာ နာသညာ၊
နေဝသညာနာသညမည်၏။ သာ ဧဝ၊ ထိုနေဝသညာနာသညသည်သာလျှင်။
သသမ္ပယုတ္တဓမ္မသ၊ သမ္ပယုတ်တရားနှင့် တကွဖြစ်သော။ ဣမသ စျာနသ၊
ဤစျာန်၏။ နိဿယာဒိဘာဝတော၊ မှီရာစသည်၏အဖြစ်ကြောင့်။ အာယတနံ၊
တည်ရာတည်း။ ဣတိ၊ ထို့ကြောင့်။ နေဝသညာနာသညာယတနံ၊ နေဝသညာ
နာသညာယတနမည်၏။ စ၊အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤစျာန်၌။ သညာဝသေန၊
သညာ၏အစွမ်းဖြင့်။ ဇာနုပလက္ခဏံ၊ စျာန်ကိုမှတ်ခြင်းသည်။ နိဒဿနမတ္တံ၊
နိဒဿနနည်းမျှသာတည်း။ ဟိ၊ သင့်ပ့။ တသ္မိံ စျာနေ၊ ထိုစျာန်၌။ ဝေဒနာ-
ဒယောပိ၊ ဝေဒနာ အစရှိသည်တို့သည်လည်း။ နေဝဝေဒနာနာဝေဒနာဒိ-
ကာယေဝ၊ နေဝဝေဒနာနာဝေဒနာ တို့ချည်းတည်း။

အဓိပ္ပါယ်အကျဉ်းကား။ ။ပုဂ္ဂိုလ်တတ် ထက်မြက်တတ်သော သတ္တိ
ရှိသောကြောင့် တေဇောဟုသမုတ်အပ်သော်လည်း နွေးရုံမျှသော ရေဌ်ရှိသော
တေဇောသည် ပုဂ္ဂိုလ်ခြင်းသဘောမရှိ၊ မအေးသောကြောင့် ပူသောသဘော
မှ ကင်းသည်လည်းမဟုတ်သကဲ့သို့ ဤစိတ်ကိုဌင်း၊ စိတ်ဌ်ယှဉ်သော ဝေဒနာ

http://www.dhammadownload.com

သညာ ဖဿ စသော တရားတို့ကိုဂုဏ်း၊ လက္ခဏာရေးသို့တင်၍ သုံးသပ်ခြင်းငှါ ထင်သော ဝိဇ္ဇာနန ကိစ္စ, ဝေဒိယနကိစ္စ, သဉ္ဇာနန ကိစ္စလည်းမရှိ၊ ထိုတရားတို့ ပျောက်ပျက်ကုန်ခန်းသည်လည်း မဟုတ်၊ ရှိသည်ဟုဆိုရလွဲမျှသာ ဖြစ်သည်။

ထိုကြောင့် ထိုစ္ဆာန်၌—

စိတ်လည်း-နေဝစ်တာ နာစိတ္တ မည်သည်။

ဝေဒနာလည်း-နေဝဝေဒနာ နာဝေဒန မည်သည်။

သညာလည်း-နေဝသညာ နာသညမည်သည်။

ယင်းသို့ မည်သော်လည်း၊ နိဒဿန နည်းအားဖြင့် သညာကိုအရင်းထား၍ ဆိုသည် ဟူလိုသော်။

၂၅-အရူပစိတ် ၄-ပါး ပြားပုံကိုပြခြင်း

မေး။ ။ဥပေက္ခာ, ကေဂ္ဂတာ၊ အဂ်ါအားဖြင့်၊ နှစ်ပါးချင်းသာ၊ တူကြပါလျက်၊ စိတ်မှာ ၄-ပါး၊ ဘယ်အကြောင်းဖြင့် ပြားသနည်း။

ဖြေ။ ။သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။

ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒကလသာဠိကာ-

ဟူသော ဂါထာနှင့်ညီစွာ ရှေးစိတ်ထက် နောက်နောက်စိတ် သိမ်မွေ့သည်၏ အစွမ်းဖြင့်ပြား၏။ (အဘိ၊ဋ္ဌ၊၁။ ၂၅၄)

ဥပမာကား။ ။ဘုံလေးဆင့်ရှိသော ပြာသာဒ်၌ ပဌမဘုံတွင်ရှိသော ကာမဂုဏ်တို့ထက် ဒုတိယ ဘုံစသည်၌ရှိသော ကာမဂုဏ်ကိုသည် သိမ်မွေ့သကဲ့သို့ တဆင့်ထက်တဆင့် သိမ်မွေ့လေသည်။ မစင်တောင်ရှိသော မဏ္ဍပ်တွင် အဆင့်ဆင့်ဆွဲကာ တည်သော လူလေးဦးကဲ့သို့ တဆင့်ထက်တဆင့် ကသိုဏ်းရုပ်နှင့် ဝေးကွာသော ဥပမာကိုလည်း အဋ္ဌကထာ၌ ပြတော်မူသည်။

၂၆-လောကုတ္တရာစိတ်မှာ ကြိယာကင်းပုံကို ပြခြင်း

၆မေး။ ။လောကုတ္တရာ၊ စိတ်သခ်္ခါဟုင်၊ ကြိယာဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။မဂ္ဂဿ ကေစိတ္တက္ခဏိကာတိ—ဟူသော ဋီကာ, ဟိတ်နှင့်အညီ မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် ကြိယာ ကင်း၏ ဟူပေ။ မဂ်စိတ် တကြိမ် ဖြစ်ခြင်းတည်းဟူသော အကြောင်းနှင့် ကြိယာ ကင်းခြင်းတည်း

http://www.dhammadownload.com

ဟူသော အကျိုးသည် မလျော်ကံ့ တကား ဟူငြားအံ့၊ လျော်ကံ့၏ ဟူပေ။ ဘယ်သို့ လျော်သနည်းဟူမူ ကြိယာ စိတ်ဟူသည်ကား ကရဏမတ္တမေဝ ကိရိယာ ဟူသည်နှင့်အညီ ပြုကာမျှသာ ဖြစ်၍ အကျိုးပဒေသတ်သော ကုသိုလ်ကံသို့ ကြိယာခေါ်သည်။ သဘောအားဖြင့် အနဝဇ္ဇ ဖြစ်၍ ကုသိုလ်သဘောပင် ဖြစ်သည်။လောကုတ္တရာစိတ်၌ မဂ်တည်းဟူသော ကုသိုလ်မှာလည်း တကြိမ်သာ ဖြစ်ရကား ထိုသဘောရှိသော်ကြိယာစိတ်မဖြစ်နိုင်ပြီ။ ထို့ကြောင့် ကြိယာကင်း၏ ဟူပေ။ အဝိပါကသဘာဝတ္တာ ကုသလမေဝ ကြိယာ နာမ။ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ။

၂၇-ပါဒက စသော စျာန်တို့နှင့်
တူဟန်ကို ပြခြင်း

မေး။ ။မဂ်ဝီထိမှာ ပါဒကစျာန်၊ သမသီတစျာန်၊ ပုဂ္ဂလဇ္ဈာသယစျာန် ၃-ခုတွင် တခုခုနှင့်တူ၏ဟူသော် တူဟန် ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။မဟဂ္ဂုတ်စျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် မဂ်ကိုရလိုသော် မိမိရအပ်သော စျာန်ငါးပါးတွင် တပါးပါးကို ဝင်စားပြီး၍ အခြားသော သင်္ခါရတရားတို့ကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၊ ထိုနောက် မဂ်စိတ် သည် ဖြစ်၏။ ထို ပုဂ္ဂိုလ်အား **ရှေးဝင်စားသော**စျာန်သည် ဝိပဿနာ၏အခြေခံ ဖြစ်သောကြောင့် **ပါဒကစျာန် မည်**၏။ ရသောမဂ်သည် ထိုစျာန်နှင့် အင်္ဂါအားဖြင့် တူ၏။

အကြင်**စျာန်**လာဘီ ပုဂ္ဂိုလ်သည် မဂ်ကို **ရလိုသော်** မိမိ ရအပ်သော **စျာန်** ငါးပါးတွင် တပါးပါးကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော၊ ထို နောက် မဂ်စိတ်သည်ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ရှေးဦး သုံးသပ်သောစျာန်သည် **သမသီတစျာန်** မည်၏။ ရသောမဂ်သည် ထို သမသီတစျာန်နှင့် အင်္ဂါအားဖြင့် တူ၏။

အကြင်စျာန်လာဘီပုဂ္ဂိုလ်သည် မဂ်ကို ရလိုသော် မိမိရသော စျာန်ငါးပါးတို့တွင် တပါးပါးကို ဝင်စား၍ ထိုမှအထက်ဖြစ်သော စျာန်ကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ မိမိလိုအပ်သော စျာန်နှင့် တူစွာသော မဂ်ကို ရအံ့။ ထိုမဂ်သည် ပုဂ္ဂိုလ်၏ **အလိုအားလျော်စွာ** ဖြစ်သောကြောင့် **ပုဂ္ဂလဇ္ဈာသယ** မည်၏။ ဤ၌ ဝင်စား**သော**အခါ ပထမစျာန်ကို ဝင်စား၍ ဒုတိယစျာန်ကိုသုံးသပ်အံ့။ပုဂ္ဂိုလ်ကလည်း ဝင်စားရင်း စျာန်နှင့်တူသောမဂ်ကိုရလိုအံ့။

http://www.dhammadownload.com

ပထမစျာန်နှင့်တူသော ပဥ္စင်္ဂိကမဂ်သည်ဖြစ်၏။ သုံးသင်္ဂြိုဟ်ရင်း ဒုတိယစျာန်နှင့်တူသော မဂ်ကို ရလိုအံ့ ဒုတိယစျာန်နှင့်တူသော စတုရင်္ဂိကမဂ်သည်ဖြစ်၏။ ဘယ်စျာန်ဟု မမှတ်မူ၍ စီးဖြန်းအံ့ အထက်စျာန်နှင့် အင်္ဂါတူသော မဂ်သည်ဖြစ်၏။ ဤကား ပဂ္ဂလဇ္ဈာသယ အားဖြင့် ဖြစ်ခြင်းတည်း။

၂၇-သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကိုပြခြင်း

မေး။ ။စျာန်ရပြီးသော ပုဂ္ဂိုလ်၏မဂ်မှာ စျာန်အင်္ဂါ ငါးပါးဖြင့် ဖြစ်တန်စေ၊ စျာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ မဂ်ကိုရသော် အဘယ်အင်္ဂါဖြင့် ဖြစ်ပါအံ့နည်း။

ဖြေ။ ။စျာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့အား ဝိပဿနာ နိယမအားဖြင့် ပဥ္စင်္ဂိက ပထမ မဂ်သာလျှင် ဖြစ်၏ဟူပေ။

ဆောင်ပုဒ်။ ။စျာန်ရှိ ပုဂ္ဂိုလ်၊ မဂ်ရလိုသော်၊ ထိုစျာန်အမျှား၊ တပါးပါးကို၊ ဝင်စားပြီးမှ၊ ပကိဏ္ဏကာ၊ သင်္ခါရကို၊ တိကလက္ခဏာ၊ သုံးသပ်ကာနှင့်၊ ဝုဋ္ဌာနဂါမိ၊ ဝိပဿနာတက္ခဏ၊ မဂ်ကိုရမူ၊ ရသောမဂ်သည်၊ အထက်ခြေခံ၊ ဝင်သောစျာန်နှင့်၊ အင်္ဂံတူမြဲ မချွတ်တည်း။

စျာနလာဘီ၊ ထို ယောဂီသည် မိမိရချင်၊ စျာန်ကိုပင်လျှင်၊ သုံးအင် လက္ခဏာ၊ တင်ကာသုံးသပ်၊ မဂ်ရလင့်သော်၊ သုံးသပ်ခဲ့ရာ၊ စျာန်အင်္ဂါနှင့်၊ တူလာစမြဲ မချွတ်တည်း။

အောက်စျာန်အားကို၊ ဝင်စားပြီးလတ်၊ ထက်စျာန်ရပ်မှာ၊ သုံးသပ်ခါနှင့်၊ ဝိပဿနာဝုဋ္ဌ၊ မဂ်ကိုရသော်၊ ပဂ္ဂလအဇ္ဈာ၊ အောက်စျာန်မှာလျှင်၊ တူလို ချင််က၊ အောက်တွင်တူလတ်၊ ထက်စျာန်ရပ်မှာ၊ တူလိုပါလည်း၊ ထက်မှာတူမြဲ၊ ထိုခပဲကား၊ ခေါ်မြဲပဂ္ဂလဇ္ဈာသယတည်း။ (ဤလက်ံကို အာဂုံဆောင်)

၂၉-မဂ်လေးပါးတို့ ကိလေသာ ပယ်ပုံကို ပြခြင်း

မေး။ ။လောကုတ္တရာ၊ စိတ်မှာရှစ်ခု၊ ညစ်ကျကိလေ၊ သာကို ချေသည့်၊ ဘယ်စိတ်အစုမ်း ပေတည့်နည်း။

http://www.dhammadownload.com

ဖြေ။ ။မဂ်စိတ်လေးခု၏ အစွမ်းဖြစ်သည်ဟူပေ။အဘယ်သို့ ကိလေသာကို ချေသနည်း ဟူမူကား၊ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် တခု၊ ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သည်။ အပါယဂမနိယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု ဒေါသမူဒွေ ဤကိလေသာ ၆-ပါးကို တနုကရ, အားဖြင့် ပယ်သည်။

သကဒါဂါမိ မဂ်ဖြင့် အပါယဂမနိယ မဖြစ်သော ဒေါသမူဒွေကိုလျှင် တနုကရ အားဖြင့် ပယ်ပြန်သည်။

အနာဂါမိ မဂ်ဖြင့် ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု ဒေါသမူဒွေးတို့ကို အကြွင်းမဲ့ ပယ်သည်။

အရဟတ္တမဂ် ဖြင့် ရူပရာဂ,အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပ-ယုတ် ၄-ခု ဥဒ္ဓစ္စ သဟဂုတ် တခု ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သည်ဟု ဖြေ။

ဤကား ဒဿနတိက် အရကောက်အလို။

သင်္ဂြိုဟ်ဆရာကမူကား–

သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာ-ပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ။ သကိဒေဝ ဣမံ လောကံ အာဂန္ဆာ။

အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ အနဝသေသ-ပ္ပဟာနေန အနာဂါမီ နာမ ဟောတိ။ အနာဂန္ဆာ ဣတ္ထတ္တံ။

အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ။ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော –

ဟူ၍ဆိုသည်။ အဓိပ္ပါယ်မှာ ရှေးမာတိကာအတိုင်း ယူလေ။

၃၀-လောဘမူစိတ်ပေါင်းကိုပြခြင်း

မေး။ ။နှစ်ဂေါင်တဆယ်၊ စွန်းကယ်မူလ၊ ၆-ခုရအောင်၊ လောဘပွား ဟန် အမှန် ဘယ်သို့ မြောက်သနည်း။

http://www.dhammadownload.com

ဖြေ။ ။ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာမိစ္ဆာဒိဋ္ဌိ စ လောဘမူလေန ဇာယန္တိ–ဟူ၍ဂင်း၊

သေသာနိ စတ္တာရိပိ ဒ္ဝိဟိ မူလေဟိ သမ္ဘဝန္တိ–ဟူ၍ဂင်း

မိန့်ဆိုသော သဂ္ဂြိဟ်ပါဠ်နှင့်အညီ ကာမေသုမိစ္ဆာစာရ,အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ, အဒိန္နဒါန်, မုသာဝါဒ,ပိသုဏဝါစာ သမ္ဖပ္ပလာပ ဤ ၇-ပါးတွင်တပါးပါးကြောင့် လောဘစိတ် ဖြစ်ရကား ၎င်းစိတ် ၍စ်ပါးကိုတည် ကံ ၇-ပါးနှင့်မြောက်၊ ၎င်းကို အာရုံ ၆-ပါးနှင့်မြောက်၊ ၎င်းကို ကာလ ၃-ပါးနှင့်မြောက်၊ ၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓ ဟူသော သန္တာန် နှစ်ပါးနှင့် မြောက် နှစ်ထောင်တဆယ် ခြောက်ခု ရ၏။

ဆောင်ပုဒ်။ ။စိတ်ကိုတည်ထား၊ ၇-ပါးကံ၊ ရုံ ၆-ပြန်နှင့်၊ ၃-တန့်ကာလ၊ သန္တာန်၌၊မြောက်ကြွတုံမြောက်၊နှစ်ထောင်တဆယ်ခြောက်။

၃၁-ဒေါသမူစိတ်ပေါင်းကိုပြခြင်း

မေး။ ။ငါးရာ လေးခု၊ အစုမတူ၊ ဒေါသမူဝယ်၊ ကောက်ယူ ဘယ်သို့ မြောက်မည်နည်း။

ဖြေ။ ။ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, အဒိန္နဒါန်, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ ဤ ၇-ပါးတွင် တပါးပါးကြောင့် ဒေါသစိတ်ဖြစ်ရကား ၎င်းစိတ် နှစ်ပါးကိုတည် ကံ ၇-ပါးနှင့်မြောက်၊ အာရုံ ၆-ပါး, ကာလ ၃-ပါး၊ သန္တာန် ၂-ပါးနှင့်မြောက် ၅၀၄-ခုရ၏။

ဆောင်ပုဒ်။ ။နှစ်တန်ဒေါသာ၊ ကံသတ္တာ၊ ရုံ, ကာ, သန်နှင့်မြောက်၊ ပွားမြောက်စုဝေး၊ ငါးရာလေး။

၃၂-မောဟမူစိတ်ပေါင်းကို ပြခြင်း

မေး။ ။ခုနစ်ရာနှစ်ဆယ်၊ မောဟဝယ်၊ တသွယ်ဘယ်သို့မြောက်သနည်း။

ဖြေ။ ။မောဟတည်ထား၊ ကံ,ဆယ်ပါးနှင့်၊ ၆-ပါးအာရုံ၊ အစုံသန္တာန်၊ တိကာလံ၊ မြောက်ပြန် ၇၂၀-တည်း။

၃၃-ရူပါဝစရ စိတ်ပေါင်းကိုပြခြင်း

မေး။ ။ရူပါဝစရ၊ ကုသလမှာ၊ ဘယ်မျှစိတ်ပေါင်း ပွားသနည်း။

ဖြေ။ ။ရူပ စိတ်သည် စတုက,နည်း ပဉ္စကနည်းအားဖြင့် စျာန် ၉-ပါးဖြစ်၍ သုဒ္ဓိကနဝကမည်၏။ ထိုနဝကကို ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒ

http://www.dhammadownload.com

ခိပွါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါခိပွါဘိညာဟူသော ပဋိပဒါလေးပါးနှင့် ယှဉ်၍ ဟောတော်မူခြင်းကြောင့် နဝက လေးပါး ဖြစ်၏။

ပရိတ္တ ပရိတ္တာရုံ, ပရိတ္တ အပ္ပမာဏာရုံ
အပ္ပမာဏပရိတ္တာရုံ, အပ္ပမာဏအပ္ပမာဏာရုံ–

တည်း ဟူသော အာရုံ လေးပါးနှင့် ယှဉ်အပ်သောကြောင့်လည်း နဝက လေးပါး ဖြစ်၏။

ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ပရိတ္တ ပရိတ္တာရမ္မဏစသည်ဖြင့်အာရုံပဋိပဒါရော၍လည်း နဝက ၁၆-ပါး ဖြစ်၏။ ပေါင်းသော် နဝက ၂၅-ပါးဖြစ်၍ စျာန်ပေါင်း ၂၂၅-ပါး ဖြစ်သတည်း။

ဆောင်ပုဒ်။ ။သက်သက် ၉-ရပ်၊ ပဋိပဒ် ၄၊ အာရုံ ၄၊ ရောထွေး ၁၆၊ ပေါင်း၍မြောက်၊ ပွားမြောက်ရှုပ၊ ဗျည်းဒွဒွ။

၃၄-မဂ်စိတ် ၄-ဆောင် ပွားနည်းကိုပြခြင်း

မေး။ ။မဂ်လေးပါးမှ၊ လွတ်ပွားတထောင်စီ၊ လေးထောင် ညီအောင်၊ တလီဘယ်သို့ မြောက်သနည်း။

ဖြေ။ ။စျာန်ဟူသော အမည်ဖြင့် ဟောအပ်သော သောတာပတ္တိမဂ်သည် ဝိပဿနာ၏ အစွမ်းဖြင့် သုညတ မဂ် အပ္ပဏိဟိတမဂ်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးကို ပဋိပဒါ ၄-ပါးနှင့်ယှဉ်၍ ဟောတော်မူသောကြောင့် ပဋိပဒါ၏ အစွမ်းဖြင့် ၈-ပါး အပြားရှိ၏။ ပဋိပဒါနှင့် မဖက် သက်သက်ဖြစ်သော အရင်းနှစ်ပါးနှင့်ပေါင်းသော် ၁၀-ပါးဖြစ်၏။

ထို့အတူ မဂ်ဟူသော အမည်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဝိပဿနာ, ဓမ္မက္ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်ဟူသော အမည်တို့ဖြင့် ဟောရာ၌လည်း ဆယ်ပါး ဆယ်ပါးစီ ဝေဖန်အပ်သည်ဖြစ်၍ အမည်နှစ်ဆယ်၌ နည်းပေါင်း နှစ်ရာဖြစ်၏။

ထိုနည်းနှစ်ရာကို အခြားတည်ပြန်၍ **အဓိပတိ** လေးပါးနှင့် မြောက်သော် နည်းပေါင်းရှစ်ရာ ဖြစ်၏။ သင်္ခသက်နှစ်ရာနှင့် ရောသော် သောတာပတ္တိမဂ်၌ နည်းပေါင်း**တထောင်** ဖြစ်၏။ ။သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟာတ္တမဂ်, တို့၌လည်း ဤနည်းအတူ တထောင်စီချည်း ယူရမည်။

စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

၂-စေတသိကဝိဘင်း

http://www.dhammadownload.com

စေတသိက်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

၃၅-အာရုံ အာရမ္မဏိကနှစ်ဝတ္ထုင် ဦးစွာဖြစ်သော တရားကို ပြခြင်း

မေး။ ။အာရုံနှင့် စိတ်၊ စေတသိက်၊ ဖြစ်ရိပ်ဘယ်သူ အစနည်း။

ဖြေ။ ။အာရုံနှင့် အာရမ္မဏိကဖြစ်သော စိတ်, စေတသိက် နှစ်ပါးသည် ထိခိုက်၍ ဖြစ်ကြရာတွင် ဘယ်သူ အစနည်းဟု မေးရာ၌ အာရုံဖြစ်သော တရားတို့သည် ပုရေဇာတ ပစ္စည်းတပ်သည်ဖြစ်၍ ရှေးဦးဖြစ်ရကား အစဖြစ်၏ဟု ဆိုထိုက်သည်။

အာရမ္မဏိကဖြစ်သော စိတ်, စေတသိက်နှစ်ပါးမူကား တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောအာရုံ, တူသောမှီရာဟု ဆိုအပ်သော လက္ခဏာ ၄-ပါးနှင့် ယှဉ်သည်ဖြစ်၍ တပြိုင်နက်ဖြစ်သည်ဟု ဆိုအပ်သတည်း။

ပုရေဇာတ သဘောကား ကမ္မာဦးဦးဖြစ်သော နေ, လ တို့သည် နောက်မှ ဖြစ်၍ အလင်းကိုမှီသော သက္ကဝါတို့အား ရှေးဦးဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရေ, မြေ, သစ်ပင်စသော ရူပါရုံတို့သည် နောက်မှဖြစ်၍ ရှေးရှုထင်လာသော စက္ခုပသာဒ, စက္ခုဝိညာဉ်တို့နှင့်ယှဉ်သော စေတသိက်တို့အား ရှေးဦးဖြစ်၍ ကျေးဇူးပြုသည်။ သဒ္ဒါရုံ, ဂန္ဓာရုံစသည်တို့လည်း ဤနည်းအတူပင်မှတ်လေ။

၃၆-စေတသိက်ကို နာမ်ဆိုရခြင်းအကြောင်းကို ပြခြင်း

မေး။ ။စေတသိက်ပေါင်းဖွဲ့၊ ငါးဆယ့်နှစ်ပါး၊ တရားအမှုန်၊ ရုပ်နှင့်နာမ်ကို၊ ကောန်ဘယ်သို့ ဆိုသနည်း။

ဖြေ။ ။စေတသိက် ငါးဆယ့်နှစ်ပါးသည် နာမ်တရား ကောန်ဖြစ်သည်ဟု ဆိုရမည်။

စေတသိက်သည် နာမ်တရားဟု ထင်ရှားလှလျက် ဤပုစ္ဆာကို ဘယ့်ကြောင့် ပြုသနည်းဟူမူ–စေတသာ၊ စိတ်ကြောင့်။ သမုဋ္ဌိတ်၊ ဖြစ်သည်တည်း။ စေတသိကံ၊ စိတ်ကြောင့်ဖြစ်သည်။ ။ဤသို့ ဝိဂြိုဟ်ပြုသော် စိတ္တဇရုပ်ကိုလည်း စေတသိက သဒ္ဒါဟောသောကြောင့် စိတ္တဇရုပ်ကို စင်စေခြင်းငှာ ပုစ္ဆာပြု၏ဟူပေ။

http://www.dhammadownload.com

၃၇-ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း

မေး။ ။ငါးပါးဝေဒနာ၊ စိတ်မှာမကွေ၊ ယှဉ်၍နေသည်၊ ထိုဝေဒနာ ဘယ်ကနည်း။

ဖြေ။ ။စေတသိက် ဒွေပညာသတွင် ပါသောဝေဒနာ တရားပင် ဟူလိုသည်။

၃၈-တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း

မေး။ တတြ မဇ္ဈတ္တကာ,ဥပေက္ခာသည် လက္ခဏာ ဘယ်သို့ထူးသနည်း။

ဖြေ။ ။တကြ တတြ အာရမ္မဏေ မဇ္ဈတ္တဘာဝေါ၊ တတြမဇ္ဈတ္တတာ။ တတြ တတြ အာရမ္မဏေ၊ ယိုထိုသောအာရုံ၌၊ မဇ္ဈတ္တဘာဝေါ၊ လျစ်လျူရှုသော အဖြစ်သည်။ ဝါ၊ အလယ်၌တည်သောအဖြစ်သည်။ တတြမဇ္ဈတ္တတာ၊ တတြ မဇ္ဈတ္တတာမည်၏။

သုခဒုက္ခေဟိ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဣက္ခာ အနုဘဝနန္တိ၊ဥပေက္ခာ။

ယာဝဲ ဝေဒနာ၊ အကြောင်းဝေဒနာသည်။ သုခဒုက္ခေဟိ၊ သုခ ဒုက္ခတို့နှင့် ဥပေတာ ယုတ္တာအဝိရုဒ္ဓါ၊ အလိုက်အဖက် မဆန့်ကျင်သောအား ဖြင့်။ ဣက္ခာအနုဘဝနံ၊ ခံစားခြင်းတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။

ဤသို့ ဋီကာဌ် ဝစနတ္ထပြုရကား တရားလိုဘက်သို့လည်းမပါ၊တရားခံဘက်သို့လည်း မပါ။ အလယ်၌တည့်မတ်စွာနေ၍ တရားစီရင်သော တရားမ သူကြီးကဲ့သို့ သုခဘက်သို့လည်းမပါ၊ ဒုက္ခဘက်သို့လည်းမပါ၊ အလယ်မှာတည်၍ လျစ်လျူရှုတတ်သော တရားသည် တတြမဇ္ဈတ္တတာ မည်၏။

တရားလိုနှင့်လည်း လိုက်လျော တရားခံနှင့်လည်း လိုက်လျောအောင် ကြံဆောင်တတ်သော ရှေနေ ကဲ့သို့ သုခနှင့်ဝင်း၊ဒုက္ခနှင့်ဝင်းလိုက်လျောအောင် ဖြစ်၍ လျစ်လျူရှုတတ်သော တရားသည် ဥပေက္ခာ မည်၏။

ခန္ဓာအားဖြင့် တတြမဇ္ဈတ္တတာသည် သင်္ခါရက္ခန္ဓာ။ ဥပေက္ခာသည် ဝေဒနာက္ခန္ဓာ။ ။ဤသို့ ထူးကြ၏ ဟူပေ။

တနည်းကား–ဥပေက္ခာရင့်, ဥပေက္ခာနုအား ဖြင့် ထူးကြ၏ ဟူပေ။

၃၉-အပ္ပမညာတရားလေးပါးယူပုံကို ပြခြင်း

မေး။ ။အပ္ပမညာ၊ ၄-ဖြာ ဆိုမူ၊ တရားစုကို၊ နှစ်ခုမျှသာ၊ ထင်ရှားလာသော်၊ ကြွင်းရာဘယ်သို့ ကောက်သနည်း။

http://www.dhammadownload.com

ဖြေ။ ။အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ နဂဟိတာ ဥဘောတိ။

ဟိ၊ အဖြေကိုဆိုလိုက်အံ့။ အဗျာပါဒေန၊ အဒေါသ စေတသိက်ဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဂဟိတာ၊ ယူအပ်၏။ တတြမဇ္ဈတ္တတာယ စ၊ တတြမဇ္ဈတ္တ-တာ စေတသိက်ဖြင့်လည်း။ ဥပေက္ခာ၊ ဥပေက္ခာကို။ ယသ္မာ၊ အကြင်ကြောင့်၊ ဂဟိတာ၊ ယူအပ်၏။ တသ္မာ၊ ထိုသို့ယူအပ်သောကြောင့်။ ဥဘော၊ နှစ်ပါးသောမေတ္တာ, ဥပေက္ခာတို့ကို။ နဂဟိတာ၊ မယူအပ်သတည်း။ ဤသို့ဦကာမိန့်သောကြောင့်–

သဘ္တဝါတို့၌၊ မမုန်းခြင်း, အကျိုးစီးပွားကိုလိုခြင်း လက္ခဏာရှိသော အဒေါသသည်ပင် မေတ္တာမည်၏။

ထိုထိုသော အာရုံ၌ လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တတာသည်ပင် ဥပေက္ခာမည်၏။

ဤနှစ်ပါးကို သောဘဏသာဓာရဏ အမည်ဖြင့် ယူခဲ့ပြီးဖြစ်ရကား ကရုဏာ မုဒိတာ နှစ်ပါးကိုသာ အပွမညာဟူ၍ ပြလေသည်။ ယင်းသို့ ပြသော်လည်း အပွမညာကား ဤနှစ်ပါးသာမဟုတ်၊ လေးပါးဖြစ်သောကြောင့် ဣမေ ဒွေဟု သဒ်ျာမချုပ်ပဲ ဆိုလေသည် မှတ်ရမည်။

၄၀-ပီတိနှင့် သောမနဿ အထူးကိုပြခြင်း

မေး။ ။ပီတိသဘော၊ သောမနဿ၊ ဤအရမှာ၊ လက္ခဏာ ဝေါဟာ အထူးဘယ့်နှယ်နည်း။

ဖြေ။ ။ကိုယ်၌ဖြစ်သော ဝေဒနာကို သုခ,စိတ်၌ ဖြစ်သောဝေဒနာကို သောမနဿဟူ၍ ဣန္ဒြိယဘေဒ၌ ခွဲ၍ဟောသည်။ ခံစားတတ်သော အနု-ဘဝနလက္ခဏာ၌ကား သောမနဿလည်း သုခသဘောပင် ဖြစ်သည်၊ ထို့ကြောင့် သုခနှင့် ပီတိထူးသကဲ့သို့ သောမနဿနှင့် ပီတိလည်း ထူးကြ၏ဟု ဆိုရမည်။

ပီတိနှင့် သုခ ဘယ်သို့ထူးသနည်းဟူမူ တောအုပ်၌ ရေသိပ်၍ ရှာဖွေသော ယောဂျီားသည် ရေကိုမြင်သောအခါ နှစ်သိမ့်ခြင်းကဲ့သို့ အာရုံကိုမြင်၍, ကြား၍ နှစ်သိမ့်ခြင်းသည် ပီတိ၏ သဘောဖြစ်၏။

http://www.dhammadownload.com

မြင်သော ရေကိုသုံးရသောအခါ ကိုယ်စိတ်ချမ်းသာသကဲ့သို့ အာဏုံကို ဝမ်းမြောက်စွာ ခံစားခြင်းသည် သုခ၏သဘောဖြစ်သည်။ ။ဤသို့ဟူးဟြ၏ ဟူပေ။ ထို့ကြောင့် ဋီကာဌ်-

တတ္ထ အာရမ္မဏပဋိလာဘေ ပီတိယာ ဝိသေသော ပါကဋ္ဌော၊
ယထာလဒ္ဓဿ အနုဘဝနေ သုခဿ ဝိသေသော ပါကဋ္ဌော-

စသည်ဖြင့်မိန့်၏။

၄၁-ဥဒ္ဓစ္စစိတ်၌ ကေဂ္ဂတာယှဉ်ပုံကိုပြခြင်း

မေး။ ။ဥဒ္ဓစ္စနှင့်၊ ဧကဂ္ဂတာ၊ ဖြစ်ခြင်းရာသည်၊ တည်ကြည်ပြန့်လွင့်၊ ဆန့်ကျင်ခွင့်ကို၊ အသင့်ဘယ်သို့ ကြံသနည်း။

မှတ်ချက်။ ။ကေဂ္ဂတာကား တခုတည်းသော အာရုံကို ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာရှိသည်၊ ထိုစေတသိက်သည်လည်း သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်၍ အလုံးစုံသောစိတ်နှင့်ယှဉ်သည်။ ထိုဧကဂ္ဂတာသည် ပျံ့လွင့်တုန်လှုပ်တတ်သော ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဘယ်သို့ယှဉ်ပါအံ့နည်း။ လက္ခဏာချင်း ဆန့်ကျင်လှ၏တကား ဟူ၍ မေးသည်။

ဖြေ။ ။ဥပမာကား မြင်းကိုစီးသော ယောကျ်ားသည် မြင်း၏အလိုသို့ အတန်ငယ်လိုက်၍ လိုက်၍ မိမိ၏အလိုသို့ပါအောင် ဆုံးမသကဲ့သို့ ပျံ့လွင့်တတ်သော ဥဒ္ဓစ္စကို လွန်စွာမပျံ့လွင့်စေပဲ တခုသောအာရုံ၌ တဒ်ထိုင်း, နှစ်ဝိထိုင်း, သုံးဝိထိုင်း တည်စေ၍ ယှဉ်သည်ဟု ဖြေ။ ။ထို့ကြောင့် မဏိမဉ္ဇူ၌၌—

ဥဒ္ဓစ္စ သဟဂတ စိတ္တော ပနာယံ အာဿဒမုကပုရိသော ဝိယ ဒဋ္ဌဗ္ဗော-

ဟု ဆိုတော်မူသည်။

၄၂-ဝိရတီ ၃-တန် ဧရှာင်ကြဉ်ဟန် အထူးကို ပြခြင်း

မေး။ ။ဝိရတီ ၃-ခု၊ ကြဉ်သည့်မှုမှာ၊ ရှေးကပြုသည့်၊ ဒုစရိုက်ကိုကြဉ်သလော။ မပြုသေးသော ဒုစရိုက်ကိုကြဉ်သလော။ သဘောထက်ကြပ်၊ တွေ့လတ်သောခါ၊ မှုံရန်တခု၊ ထို ၃-ခုတွင် ဘယ်မှုဝိထိတို့ပေနည်း။

မှတ်ချက်။ ။ဝိရတီ ၃-ခုသည် ဒုစရိုက်ကိုကြဉ်၏ဆိုသော် ရှေးပြုပြီးသော ဒုစရိုက်လည်း ချုပ်လေပြီးဖြစ်၍ ကြဉ်ဖွယ်မရှိ၊ မပြုသေးသောဒုစရိုက်လည်း မရှိသေးဖြစ်၍ ကြဉ်ဖွယ်မရှိ၊ တွေ့ဆဲသော ဒုစရိုက်ကိုသာ ကြဉ်ဖွယ်ရှိသည်။ ထို

http://www.dhammadownload.com

ကာလ ၃-ပါးတွင် အဘာ၀်ကာလ၌ ဖြစ်သော ဒုစရိုက်ကို အာရုံပြု၍ ဝီထိကျသဖြင့် ကြည်ခြင်းဖြစ်သနည်းဟု မေးသည်။

ဖြေ။ ။လွန်လေပြီးသော ဒုစရိုက်ကိုကား မကြည်နိုင်, ပြုဆဲသော ဒုစရိုက်ကိုငင်း၊ နောင်ပြုလတ္တံ့သော ဒုစရိုက်ကိုငင်း ကြည်သည်ဖြစ်၍ ပစ္စုပ္ပန်, အနာဂတ် နှစ်ပါးကို အာရုံပြု၍ ဝီထိကျ၏ဟူပေ။

ဥပမာကား။ ။သီးဆဲသော သစ်ပင်ကိုသတ်လျှင် ပစ္စုပ္ပန်အသီးကိုငင်း, နောင်သီးလတ္တံ့သည်ကိုငင်း ဖျက်ဆီးသည် မည်သကဲ့သို့တည်း။

ဤဝိရတီ၌ အာဇီဝဟေတုကိုမှီ၍ ဘယ်သို့ကြည်သနည်း။ အာဇီဝဟေတုကို၌ ဘယ်သို့ကြည်သနည်း။

ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးအား ဖြင့် ၇-ပါးသော ဒုစရိုက်တို့သည် အသက်မွေးကြောင်းဖြစ်သော ဒုစရိုက်, အသက်မွေးကြောင်းမဖြစ်သော ဒုစရိုက်အား ဖြင့် **နှစ်ပါး**ပြား၏။

ထိုနှစ်ပါးတို့တွင် မုဆိုး တံငါတို့၏ ပါဏာတိပါတ, ခိုးသူ, လူကောက်စသည်တို့၏ အဒိန္နာဒါန်, ပြည့်တန်ဆာမ စသည်တို့၏ မိစ္ဆာစာရသည်ငင်း၊ နွားတ်, သူရင်းငှါး စသည်တို့၏ မုသာ၀ါဒ၊ သူလျှို, ဂုံးသမား စသည်တို့၏ ပိသုဏ-၀ါစာ၊ သဘင်သည် စသည်တို့၏ ဖရုသ၀ါစာ၊ သမ္ဖပ္ပလာပ တို့သည်ငင်း အသက်မွေးကြောင်းဖြစ်၍ **မိစ္ဆာအာဇီ၀**မည်ကုန်၏။ ထိုမိစ္ဆာဇီ၀မျိုး တခုခုကို အရင်းထား၍ ၇-ပါးလုံးမှ ကြည်ရာ၌ **သမ္မာအာဇီ၀**ဖြစ်၏။

အမျိုးကောင်းသားတို့သည် တရုံတခါ ပြုအပ်သော ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် ၃-ပါးသည် အသက်မွေးကြောင်းမဟုတ်ရကား **မိစ္ဆာကမ္မန္တ** မည်၏။ ထိုမိစ္ဆာကမ္မန္တမျိုးမှ ကြည်ရာ၌ **သမ္မာကမ္မန္တ** ဖြစ်၏။

အမျိုးကောင်းသားတို့သည် အမှတ်မဲ့ ပြောဆိုအပ်သော မုသာ၀ါဒ ပိသုဏ၀ါစာ, ဖရုသ၀ါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက် လေးပါးတို့သည်လည်း အသက်မွေးကြောင်း မဟုတ်သောကြောင့် **မိစ္ဆာ၀ါစာ**မည်၏။ ထိုမိစ္ဆာ၀ါစာမှ ကြည်ရာ၌ **သမ္မာ၀ါစာ** ဖြစ်၏။

အသက်မွေးကြောင်း မဟုတ်သော ကာယဒုစရိုက်မှ ကြည်သည်ကိုငင်း, အသက်မွေးကြောင်း မဟုတ်သော ဝစီဒုစရိုက်မှ ကြည်သည်ကိုငင်း အာဇီ၀-ဟေတုကို မငဲ့မူ၍ ကြည်သည်ဟု ဆိုသည်။

http://www.dhammadownload.com

အသက်မွေးကြောင်းဖြစ်သော ထိုဒုစရိုက် ၃-ပါးဟိုပ္ပ ကြဉ်သည်ကို အာဇီဝ-ဟေတုကိုငဲ့၍ ကြဉ်သည်ဟု ဆိုသည်။

ထိုအဓိပ္ပါယ်ကိုပြခြင်းငှာ အဋ္ဌသာလိနီ၌—

ကာယဒ္ဒါရေ ပန ဝီတိက္ကမော အာဇီဝဟေတုကောပိ အတ္ထိ နအာဇီဝ-ဟေတုကောပိ၊ တထာ ဝစီဒ္ဒါရေ၊ တတ္ထ ယံ ရာဇရာဇမဟာမတ္တာ ခိဠာပသုတာ သူရဘာဝံ ဒဿေန္တော မိဂဝံ ဝါ ပန္ထဒူတံ ဝါ ပရဒါရ-ဝီတိက္ကမံ ဝါ ကရောန္တိ၊ ဣဒံ အကုသလံ ကာယကမ္မံ နာမ။ တတော ဝိရတိပိ သမ္မာကမ္မန္တော နာမ၊ ယံ ပန နှ အာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ၊ ဣဒံ အကုသလံ ဝစီကမ္မံ နာမ၊ တတော ဝိရတိပိ သမ္မာဝါစာ နာမ။ ယံ ပန အာဇီဝဟေတု နေသာဒမစ္ဆဗန္ဓာဒယော ပါဏံ ဟနန္တိ၊ အဒိန္နံ အာဒိယန္တိ၊ မိစ္ဆာစာရံ စရန္တိ၊ အယံ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ယမ္ပိ လဉ္ဆ ဂဟေတ္ဝာ မုသာ ဘဏန္တိ၊ ပေသုညံ ဖရုသ သမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊ အယမ္ပိ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ-

ဟူ၍ မိန့်အပ်ပြီ။

ကာယဒ္ဒါရေ၊ ကာယဒ္ဒါရဉ္စ။ ဝီတိက္ကမော၊ လွန်ကျူးခြင်းသည်။ အာဇီဝ-ဟေတုကောပိ၊ အသက်မွေးခြင်း၏ အကြောင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ နအာဇီဝဟေတုကောပိ၊ အသက်မွေးခြင်း၏ အကြောင်းမဟုတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တထာ၊ ထို့အတူ။ ဝစီဒ္ဒါရေ၊ ဝစီဒ္ဒါရ ဉ္စ။ ဝီတိက္ကမော၊ လွန်ကျူးခြင်းသည်။ အာဇီဝဟေတုကောပိ၊ သည်လည်း။ အတ္ထိ၊ ရှိ၏။ နအာဇီဝဟေတုကောပိ၊ သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနှစ်ပါး တို့တွင်။ ခိဠာပသုတာ၊ မြူးထူးခြင်းဌာ လေ့လာကုန်သော။ ရာဇရာဇမဟာ-မတ္တာ၊ မင်း, မင်း၏ အမတ်ကြီးတို့သည်။ သူရဘာဝံ၊ ရဲရင့်သော အဖြစ်ကို။ ဒဿေန္တော၊ ပြလျက်။ ယံ မိဂဝံ ဝါ၊ အကြင် သားသတ်ခြင်းကို ၎င်း။ ယံ ပန္ထဒူတံ ဝါ၊ အကြင်ခရီးဌာ စောင့်၍ လုယက်ခြင်းကိုဌင်း။ ယံ ပရ-ဒါရဝီတိက္ကမံ ဝါ၊ အကြင်သူတပါး၏ မယားကို လွန်ကျူးခြင်းကိုဌင်း။ ကရောန္တိ၊ ပြုကုန်၏။ ဣဒံ အကုသလံ၊ ဤအကုသိုလ်သည်။ ကာယကမ္မံ နာမ၊ ကာယကံ မည်၏။ တတော၊ ထိုကာယကံမှ၊ ဝိရတိပိ၊ ကြဉ်ခြင်းသည်လည်း။ သမ္မာ-ကမ္မန္တော နာမ၊ သမ္မာကမ္မန္တ မည်၏။

နှ အာဇီဝဟေတုကံ၊ အသက်မွေးခြင်း၏ အကြောင်းမဟုတ်သော။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ယံ ပန ဝစီဒုစရိတံ၊ အကြင်ဝစီဒုစရိုက်ကို။ ဘာသန္တိ၊ ပြောဆိုကုန်၏။ ဣဒံ အကုသလံ၊ သည်။ ဝစီကမ္မံ နာမ၊ ဝစီကံ

http://www.dhammadownload.com

မည်၏။ တတော၊ ထို့ဝစီကံမှ။ ဝိရတိပိ၊ ကြဉ်ခြင်းသည်လည်း။ သမ္မာဝါစာနာမ၊ သမ္မာဝါစာ မည်၏။

အာဇီဝဟေတု၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော။ နေသာဒ-မစ္ဆဗန္ဓာဒယော၊ မုဆိုး ကဲငါ အစရှိသည်တို့သည်။ ယံ ပါဏံ၊ အကြင်သူ၏ အသက်ကို။ ဟနန္တိ၊ သတ်ကုန်၏။ ယံ အဒိန္နံ၊ အကြင်အရှင်မပေးသော သူ၏ ဥစ္စာကို။ အာဒိယန္တိ၊ ခိုးယူကုန်၏။ ယံ မိစ္ဆာစာရံ၊ အကြင်မှားသော အကျင့်ကို။ စရန္တိ၊ ကျင့်ကုန်၏။ အယံ၊ ဤသို့ ကျင့်ခြင်းသည်။ မိစ္ဆာ-အာဇီဝေါ နာမ၊ မိစ္ဆာအာဇီဝ မည်၏။ တတော၊ ထိုမိစ္ဆာအာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ၊ သမ္မာအာဇီဝ မည်၏။

ယံ လဉ္ဆံ၊ အကြင်တံစိုးကို။ ဂဟေတွာ၊ ယူ၍။ မုသာ၊ ချွတ်ယွင်းသော စကားကို။ ဘဏန္တိ၊ ဆိုကုန်၏။ ပေသုညံ ဖရုသံ သမ္ဖပ္ပလာပေါ၊ ချောပစ်သော စကား, ရုန့်ရင်းသော စကား, ပြိန်ဖျင်းသော စကားတို့ကို။ ပဝတ္တေန္တိ၊ ဖြစ်စေကုန်၏။ အယမ္ပိ၊ ဤမကောင်းမှုသည်လည်း။ မိစ္ဆာအာဇီဝေါ နာမ၊ မိစ္ဆာ-အာဇီဝ မည်၏။ တတော၊ ထိုမိစ္ဆာအာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ၊ သမ္မာအာဇီဝ မည်၏။

၄၃-အတတ်များစွာ အရာရာ, ပညာဆိုသင့် မဆိုသင့်ကို ပြခြင်း

၄မး။ ။ပန်းရုန်, ပန်းပု၊ လုပ်မှုများစွာ၊ ထွေပြားစွာသည်၊ ပညာ စေတသိက်ပင်လော။

သေနတ်အမြောက်၊ မီးပေါက်လှံမား၊ မြား, မြှား, ပိုက်, ကွန်၊ အလွန်များစွာ၊ လုပ်ဆောင်ရာသည်၊ ပညာစေတသိက်ပင်လော။

၄ဖြ။ ။ပကာရုန ဇာနာတိ အနိစ္စာဒိဝသေန အာဝဋ္ဋတိတိ ပညာ။ သာ ၄ဝ ယတာသဘာဝါဝဗောဓနေ အာဓိပစ္စယောဂတော ကုန္ဒြိယန္တိ ပညိန္ဒြိယံ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပကာရုန၊ ယုတ် လတ် မြတ်အား အပြားအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်။ အာဝဋ္ဋတိ၊ ဟုတ်မှန်စွာ သိတတ်၏။ ကုတိ တသ္မာ၊ ထို့သို့မှန်စွာ သိတတ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရား သဘောသည်။ ပညာ၊ ပညာမည်၏။ သာ ၄ဝ၊ ထိုပညာသည်သာလျှင်

http://www.dhammadownload.com

ယထာသဘာဝါဝဗောဓနေ၊ ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း၍ သိခြင်း၌။ အာမိပစ္စယောဂတော၊ အစိုးရသောအဖြစ်နှင့် ယှဉ်ခြင်းကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ဣတိ၊ ထို့ကြောင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြေမည်၏။

ဤသို့ ဋီကာတို့ ဝစနတ္ထပြသောကြောင့် ပန်းရန်, ပန်းပု စသော လုပ်မှုအပြား, သေနတ်, မီးပေါက် စသော ဝတ္ထုအပြား၌ ဟုတ်မှန်စွာ သိသော ဉာဏ်သည် ပညာ စေတသိက်ပင် ဟူပေ။

အနိစ္စာဒိဝသေန ဟု ဋီကာဆိုသည် မဟုတ်လော။ ဤခန္ဓာကို လက္ခဏာရေးအားဖြင့် ထိုးထွင်း၍သိခြင်းကိုသာ ပညာဟု ယူသင့်ပါ၏တကား ဟူငြားအံ့။ အနိစ္စာဒိ၌ အာဒိသဒ္ဒါဖြင့် သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဥေယျတရားအားလုံးကိုပင် ယူကောင်းရကား ပညတ်ဖြစ်သော ပန်းရန်, ပန်းပုအတတ်၊ သေနတ်, မီးပေါက်စသော အတတ်တည်းဟူသော လက်မှုပညာ, နှုတ်မှုပညာတို့ကို ယူသင့်၏။

ဤတွင်သာမက မိမိကို သတ်အံ့ဟု ကြံသောသူအား ပြန်၍ သေကြောင်းကြံသော အမှုကိုပင် ဉာဏ်ပညာရှိသည်ဟု အနာထပိဏ်သဌေး၏ ကျွန်မဝတ္ထု, ကုဏ္ဍလကေသိ၏ ဝတ္ထုတို့၌ ဟောတော်မူ၏ဟု ဖြေ။

၁။ ပညာသည် အကုသိုလ်ကို အာရုံပြု၏လော ဟူငြားအံ့။ ပညာ၏ ယှဉ်ရာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် အရဟတ္တမဂ်, ဖိုလ်ကြဉ်သော အလုံးစုံသော တရားကို အာရုံပြု၏ ဟူပေ။

၂။ အာရုံပြုနိုင်သော် မဟာကုသိုလ်စိတ်နှင့် သတ်ကြောင်း လုံ့လကို ပြုသလော ဟူငြားအံ့။ ကုသိုလ်စိတ်နှင့်ကား သတ်ကြောင်း လုံ့လကို မပြု၊ ဤသို့စီမံသော် ငါချမ်းသာ၍ ဤသူပျက်စီးလတံ့ဟု ကုသိုလ်စိတ်နှင့် သိ၏။ သိပြီးမှ ဒေါသစိတ်နှင့် သတ်ကြောင်း လုံ့လကို ပြု၏။ ထိုသို့ပြုသော်လည်း သိတတ်သော စိတ်သည် သတ်ခြင်းကိစ္စကို ပြီးစေသော သန္တတိ ပစ္စုပ္ပန်၌ ဝင်လေရကား ဒေါသ၏ ရှေ့ကျသောကုသိုလ်၌ ပါသော ဉာဏ်ကိုပင် 'သမီပူပစာ' အားဖြင့် သေကြောင်းကြံသော ဉာဏ်ဟု ဆိုသည်ဟူ၍ ယူရမည်။

၃။ ဋီကာ ဆရာ၏ စကားအစွန်းအစကို နှိုင်းဆ၍သာ ဆိုသလော ဘုရားဟော သာဓကကို ပြပါဦး ဟူငြားအံ့။

ဝိဘင်း ကျမ်းမြတ်၏ ၁၈-ရပ်သော ဝိဘင်းတို့တွင် ဉာဏ ဝိဘင်းပါဋိ တော်၌....

http://www.dhammadownload.com

ကမ္မာယတနံ, သိပ္ပါယတနံ ဝိဇ္ဇဉာနံ စသည်ဖြင့် ဟောတော်မူသည်။ ထိုပါဠိကို သမ္မော အဋ္ဌကထာ၌၊

ကမ္မဉ္စ တံ အာယာတနဉ္စ အာဇီဝါဒိနန္တိပိ ကမ္မာယတနံ။ သိပ္ပါယတနေသုပိ ဧသေဝ နယော။ တတ္ထ ဒုဝိဓံ ကမ္မံ ဟီနဉ္စ ဥက္ကဋ္ဌဉ္စ။ တတ္ထ ဟီနံ နာမ ဝဏ္ဏကိကမ္မံ ပုပ္ဖဆဋ္ဌကကမ္မန္တိ ဧဝမာဒိ။ ဥက္ကဋ္ဌံ နာမ ကသိ ဝါကိဋ္ဌာ ဂေါ ရက္ခန္တိ ဧဝမာဒိ–

စသည်ဖြင့် ဖွင့်ပြတော်မူသည်။

အသက်မွေးခြင်း စသည်တို့၏ တည်ရာ ဖြစ်သော ဏမ္မ လုပ်ခြင်းသည် ကမ္မာယတန မည်၏။

အသက်မွေးခြင်း စသည်တို့၏ တည်ရာဖြစ်သော ဇတတ်သည် သိပ္ပါယတန မည်၏။

ထို နှစ်ပါးတွင် အမှု လုပ်သည်လည်း ဟီန ဥက္ကဋ္ဌ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုကွင် လက်သမား အမှု, ပန်းသွန်း အမှုတို့သည် ဟီန မည်၏။ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, ကျွဲ နွား မွေးခြင်းစသော အမှုတို့သည် ဥက္ကဋ္ဌမည်၏။

အတတ်သည်လည်း ဟီန ဥက္ကဋ္ဌအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ကျူ ဖျာ ယက်သောအတတ်, ယက်ကန်းသည်အတတ်, အိုးထိန်းသည်အတတ်, သားရေနယ် အတတ်, ခဝါသည် အတတ်တို့သည် ဟီန မည်၏။

ဂဏန်းအာဘတ်, စာရေး အတတ်, ဆေး အဝတ် စသည်တို့သည် ဥက္ကဋ္ဌ မည်၏။ ထိုအမှု ထိုအတတ်ဘို့ကို ကြံ၍ သိခြင်းသည် ဉာဏ်မည်၏ဟူ၍ ပြတော်မူသည်။

၎၄ အသိ၃-ပါး ပြဿနာ

အထူးကို ပြခြင်း

မေး။ ။သညာ, ဝိညာဉ်, ပညာ၊ သိသည်မှာ လက္ခဏာဘယ်သို့ ကဲ့သနည်း။

သညာသည် အာရုံကိုမှတ်၍ သိတတ်သော သဘော, ဝိညာဉ်လည်း အာရုံကိုသိတတ်သော သဘော, ပညာလည်း အာရုံကိုအပြားအားဖြင့် သိတတ်သော သဘောရှိသော် ဤ ၃-ပါးသော တရားသည် ဘယ်သို့ ထူးကြသနည်း။

http://www.dhammadownload.com

ဖြေ။ ။သညာသည် အညို-အပြာ စသောအဆင်း၏ အစွမ်းဖြင့်၎င်း၊ ကောင်းသည် မကောင်းသည် စသော သတ္တိ၏အစွမ်းဖြင့်၎င်း မှတ်၍သိကာမျှ ကို ပြုတတ်၏။ သဘော လက္ခဏာကို သိခြင်းငှါ မတတ်နိုင်။

ဝိညာဉ်သည် သဘော လက္ခဏာ တိုင်အောင် သိတတ်၏။ အကြွင်းမဲ့ ထိုးထွင်း၍ မဂ်ကို ရောက်စိမ့်သောငှါကား မတတ်နိုင်။

ပညာမူကား ဤ ၃-ပါးသော ကိစ္စကိုပင် ပြီးစေ၏။

ဥပမာကား ရွှေကို ကောက်၍ရသော သူငယ်သည် ဤဝတ္ထုကား တန်ဆာ ဆင်ကောင်းသော ဝတ္ထုတည်းဟု သိသကဲ့သို့ သညာက မှတ်၍ သိသည်။ ထိုသူငယ်၏ မိဘသည် ဤဝတ္ထုကား မြတ်နိုးအပ်သော ရွှေရတနာတည်းဟု သိသကဲ့သို့ ဝိညာဉ်က သိသည်။

ရွှေပန်းထိမ်သည် ဤဝတ္ထုကား ၇-မူးရည် ရှိ၏။ ၈-မူးရည် ရှိ၏။ အဖိုး ဤမျှတန်၏ဟု အကြွင်းမဲ့ သိသကဲ့သို့ ပညာက သိသည်။

ထို့ကြောင့် ဋီကာ၌—

ဗာလဂါမိကဟေရညိကာနံ ကဟာပဏာဝဗောဓနမေတ္ထ နိဒဿနန္တိ-ဟူ၍ မိန့်သည်။

ဧတ္ထ၊ ဤသညာ, ဝိညာဉ်, ပညာတို့၏ အာရုံကို သိကြရာ၌။ ဗာလ-ဂါမိက ဟေရညိကာနံ၊ သူငယ်,ရွာသူ, ရွှေပန်းထိမ်သည်တို့၏။ ကဟာ-ပဏာဝဗောဓနံ၊ ရွှေအသပြာကို အစွမ်းအားလျော်စွာ သိကြခြင်း သည်။ နိဒဿနံ၊ သက်သေတည်း။

စာသင်ရာ၌ အက္ခရာကိုစပ်၍ ဖတ်တတ်ကာမျှ သိသောသူ, မတန့်မနား သွားအောင် ဖတ်ခြင်း၌ သိသောသူ, သဘောအဓိပ္ပါယ်နှင့်တကွ သိသောသူ ဤသုံးယောက်တို့ကိုလည်း သက်သေတင်အပ်၏။

၄၅–ဝိတက်, စေတနာ, မနသိကာရ ၃-ပါး အထူးကို ပြခြင်း

မေး။ ဝိတက် စေတနာ၊ မနသိကာရ၊ ဓမ္မ ၃-အင်၊ ရှေရှုတင်သော်၊ ဘယ်လျှင်ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံသို့ ရှေဆောင်တတ် သောကြောင့် ထိုတရားတို့ကို အာရုံ၌ ထည့်သကဲ့သို့ ဖြစ်၏။

http://www.dhammadownload.com

စေတနာသည် ဝိဘက်ရှေ့ရှု တင်ပြီးသော တရားတို့ကို အာရုံ၌ မပြတ်ယှဉ်စေ၏။

မနသိကာရသည် သတ္တိပြားကြသော တရားတို့ကို တခုသောကိစ္စ၌ ညီစိမ့်သောငှါ ညီညွတ်၏။

ဥပမာကား စစ်သည်အများကို စစ်ထိုးတော်စိမ့်သောငှါ ဆော်, သောသူကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

တက်ပြီး၍ ဆိုင်မိသော စစ်သည်ကို မဆုတ်ပဲ စစ်ထိုးစိမ့်သောငှါ ကွပ်ကဲသောသူ ကဲ့သို့ စေတနာကို မှတ်အပ်၏။

လက်နက် ,သတ္တိ မတူကြသော်လည်း ထိုး ,ခုတ် ခြင်း ကိစ္စ၌ ညီမျှစိမ့်သောငှါ စီရင်သောသူ ကဲ့သို့ မနသိကာရကို မှတ်အပ်၏

တနည်းကား။ ။မြင်းကဲသာ ရထားကို သွားစိမ့်သောငှါ ရှေးဦးစွာနှင်သော ပဓောဂကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

သွားသောရထား၏ မတန့်နားစိမ့်သောငှာ ထပ်မံကာ နှင်သော ပဓောဂကဲ့သို့ စေတနာကို မှတ်အပ်၏။

အသွားမညီသောမြင်းကို ညီစိမ့်သောငှါ ညှဲသကဲ့သို့ မနသိကာရကို မှတ်အပ်၏၊ ဤကား အထူးတည်း။ ဤကာ၌ ဥပမာ တခြားစီဆိုသောကြောင့် သိခက်ရကား တရား ၃-ခုကို ဥပမာတခု၌ စု၍ ပြလိုက်သည်။

၄၆-ဉာဏ်နှင့်ဒိဋ္ဌိ အသိထူးပုံကို ပြခြင်း

မေး။။ ဉာဏ် ,နှင့်ဒိဋ္ဌိ၊ သိတတ် , မြင်တတ်၊ ဤနှစ်ရပ်မှာ၊ လက္ခဏာဘယ်သို့ ခဲ့မည်နည်း။

ဖြေ။ ။ဉာဏ်ဟိ အာရမ္မဏံ ယထာ သဘာဝတော ဇာနာတိ၊ ဒိဋ္ဌိ ယထာသဘာဝံ ဝိဇဟိတ္ဝာ အယာထာဝတော ဂဏှာတိ အယမေတေသံ ဝိသေသော။

ဟိ၊ ထူးဟန်ကို ဆိုလိုက်အံ့။ ဉာဏံ၊ ဉာဏ်သည်။ အာရမ္မဏံ ၊ အာရုံကို။ ယထာသဘာဝတော၊ ဟုတ်မှန်ကိုင်း သဘောအားဖြင့်။ ဇာနာတိ၊ သိ၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ယထာသဘာဝံ၊ ဟုတ်မှန်သောသဘောကို။ ဝိဇဟိတ္ဝာ၊ စွန့်၍။ အယာထာဝတော၊ မဟုတ်မမှန်သော သဘောအားဖြင့်။ ဂဏှာတိ၊ ယူတတ်၏။ ဤတိအယံ၊ ဤသည်လျှင်။ ဧတေသံ၊ ထိုဉာဏ်နှင့် ဒိဋ္ဌိတို့၏။ ဝိသေသော၊ အထူးတည်း။

http://www.dhammadownload.com

ပုံကား။ ။ဒါနတော ဘောဂဝါ– ဟူသောပုဒ်ကို၊ဒါနတော၊ အလှူပေးခြင်းကြောင့်။ ဘောဂဝါ၊ စည်းစိမ်ဥစ္စာရှိ၏။ ဤသို့မှန်သော အနက်ကိုမယူမူ၍။ ။ဘော၊ အို-အချင်းတို့။ ဒါနတော၊ အလှူပေးခြင်းကြောင့်။ ဂဝါ၊ နွားဖြစ်၏။ ဤသို့မမှန်သော အနက်ကို ယူခြင်းသည် ဒိဋ္ဌိ၏ သဘောတည်း။

တနည်းကား။ ။ဤဘဝမှ စုတေလျှင် တယောက်ယောက်သော အမိဝမ်း၌ဝင်၍ ဖွားလတ်သဖြင့် ပက်လက်အိပ်တတ်သော သူငယ်ဖြစ်လတ္တံ့သည်ကို မယူ။ သေလျှင် ပျောက်တော့သည်သာဟု ယူခြင်းစသည်တို့သည် ဒိဋ္ဌိ၏ သဘောပင်တည်း။

၄၇-ပဉ္ဇဝိညာဉ် ၁၀-၌ ဝိတက်မယှဉ်ပုံကိုပြခြင်း

မေး။ ။ကာမာဝစရ၊ စိတ္တသင်းဝင်၊ ဟူပါချင်လျက်၊ ပဉ္ဇဝိညာဉ်၊ တဆယ်တွင်၌၊ ဝိတက်ဘယ်ကြောင့် မယှဉ်သနည်း။

ဖြေ။ ။အပိစေတ္ထ ပဉ္ဇဝိညာဏံ အဝိတက္ကမ္ပိ ဝတ္ထာလမ္ဗဏသံဃဋ္ဌနဗလေန အဘိရောဟန္တိ။ ။ဋီကာ။

ဒေ့ပဉ္ဇဝိညာဉ် ၁၀-တို့သည် ဝိတက်ရှေ့ရှုမတင်ပဲ ဝတ္ထု, အာရုံတို့၏ ထိခိုက်ခြင်း၏ အစွမ်းအားဖြင့် အာရုံသို့ တင်သောကြောင့် ဝိတက် မယှဉ်သည် ဟူပေ။

ပဉ္ဇဝိညာဉ်မှ ကြွင်းသော ၄၄-ပါးသော ကာမစိတ် ပဘမစျာန် ကောဒသ ဤ ၅၅-ပါးသော စိတ်တို့မှာ ဝိတက် ရှေ့ရှု တင်မှသာလျှင် အာရုံသို့ တက်နိုင်သည်။ ဘယ်ကဲ့သို့နည်းဟူမူ ကျေးတောရွာသားသည် မင်းကျွမ်းဝင်သော သူကိုမှီ၍ မင်း၏ အထံသို့ ဝင်ရသကဲ့သို့တည်း။

ဒုတိယစျာန်စသော ၅၅-ပါးသော စိတ်တို့သည်လည်း ဝိတက်၏အစွမ်းဖြင့် သာလျှင် အာရုံသို့တက်ရ၏။ ဥပမာကား- ထိုကျေးတောသားသည် မင်းကျွမ်းဝင်သူနှင့် အတူတက္ဂ ဝင်ဘူးထွက်ဘူးသောကြောင့် နောက်ကာလ၌ကား ထိုမင်းကျွမ်းဝင်သူမပါပဲ မင်း၏ထံသို့ ဝင်နိုင်သကဲ့သို့ ရှေးသဝိတက္ကစိတ်နှင့် အတူ အာရုံသို့တက်ဘူးသောကြောင့် နောက်ကာလ၌ကား ဝိတက်ကင်းလျက်ပင် အာရုံသို့ တက်နိုင်၏ ဟူပေ။

၄၈-ဝိရတိကို အနိယတယောဂီ သင့်, မဆိုသင့် ကိုပြခြင်း

မေး။ ။ဝိရတိသုံးဖြာ၊ မြတ်ဓမ္မာသည်၊ လောကုတ္တရာ၊ စိတ်မှာနိယတ၊ ယှဉ်ပါကြလျက်၊အနိယတယောဂေ၊ ဘယ်အနေကြောင့် သွင်းသနည်း။

http://www.dhammadownload.com

ဖြေ။ ။နဟိ တောသံ လောကိယေသု ဝိယ လောကုတ္တရေသုပိ မုသာဝါဒါ-ဒီနံ ဝိသုံ ဝိသုံ ပဟာနဝသေန ပဝတ္တိ ဟောတိ သဗ္ဗေသမေဝ ဒုစ္စရိတဒုရာဇီဝါနံ၊ တေန တေန မဂ္ဂေန သဗ္ဗသော သမုစ္ဆိန္ဒနတော။ ။ဋီကာ။

ဟိ၊ အဖြေဆိုလိုက်အံ့။ လောကိယေသု ဝိယ၊ လောကီ ကုသိုလ်တို့၌ကဲ့သို့၊ လောကုတ္တရေသုပိ၊ လောကုတ္တရာ စိတ်တို့၌ကာ။ မုသာဝါဒါဒီနံ၊ မုသာဝါဒ အစရှိသည်တို့ကို။ ပဟာနဝသေန၊ ပယ်ခြင်း၏ အစွမ်းဖြင့်။ တောသံ၊ ထိုဝိရတီ တရားတို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ သဗ္ဗေသမေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဒုစ္စရိတ ဒုရာဇီဝါနံ၊ ဒုစရိုက်ဒုရာဇီဝတို့ကို။ တေန တေန မဂ္ဂေန၊ ထိုထိုသော မဂ်ဖြင့်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သမုစ္ဆိန္ဒန-တော၊ ဖြတ်ခြင်းကြောင့်။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌ လိုရင်း အဓိပ္ပါယ်ကား။ ။လောကီကုသိုလ် တရားတို့၌ မုသာဝါဒ အစရှိသော ဒုစရိုက် ဒုရာဇီဝတို့ကို အသီးအသီး ပယ်သည်၏ အစွမ်းဖြင့် ဝိရတီ မည်ခြင်းသည် ဖြစ်သကဲ့သို့ လောကုတ္တရာစိတ်တို့၌ ဒုစရိုက် ဒုရာဇီဝတို့ကို အသီး သီးပယ်ခြင်း၏ အစွမ်းဖြင့် မဖြစ်၊ အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့၏ ဖြစ်ကြောင်းဖြစ်သော အကုသိုလ်တရားတို့ကို ထိုထိုသောမဂ်ဖြင့် အချင်း ခပ်သိမ်းအကြွင်းမဲ့ ဖြတ်ခြင်းကြောင့် သာလျှင် ဒုစရိုက်ဒုရာဇီဝတို့ကို ကြဉ် သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် လောကုတ္တရာစိတ်၌ ဝိရတီမည်ခြင်းသည် အစစ် မဟုတ် အကြောင်းဖြစ်သော အကုသိုလ်စိတ်ကို ကြဉ်သဖြင့် အကျိုးဖြစ်သော ဒုစရိုက်, ဒုရာဇီဝကို ကြဉ်သည်မည်ရကား ကာရဏူပစာဖြင့် အတုသာဖြစ်သည်။

ဤအတူ ဝိရတီတို့၏ အမြဲယှဉ်ခြင်းကိုကား ပဓာနမပြု၊ အစစ်ဝိရတီတို့၏ အမြဲမယှဉ်ခြင်းကိုသာ ပဓာနပြု၍ အနိယတယောဂီသို့ သွင်းလေသည်။ (ခဲရပ် ဖြစ်သည် စေ့စေ့နှလုံးသွင်းရမည်)။

ဝိရမိတဗ္ဗဝတ္ထုယော ဝိရမဏံ ဝိရတိ။ ။ဝိရမိတဗ္ဗဝတ္ထုယော၊ ကြဉ်အပ်-သော ဒုစရိုက် ဒုရာဇီဝတို့ကို။ ဝိရမဏံ၊ ကြဉ်ခြင်းသည်။ ဝိရတိ၊ ဝိရတိမည်၏။ ဤသို့ဝစနတ္ထပြုအပ်ရကား–

ကြဉ်ခြင်း ကြိယာသည် မုချဝိရတီမည်၏။ ထိုကြဉ်ခြင်းကြိယာကို မဟာ-ကုသိုလ်စိတ်သာဖြစ်စေသည်၊ မဂ်စိတ်, ဖိုလ်စိတ်တို့ကား မဖြစ်စေ၊ အကုသိုလ် စိတ်ကို ပယ်ခြင်းကိုသာ ဖြစ်စေသည်။ ပင်စည်ကိုဖြတ်လျှင် အသီး,အရွက်ကို ပယ်သည်မည်သကဲ့သို့သာဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာ၌ ဝိရတီကား ဥပမာသာ ဟူလိုသည်။

http://www.dhammadownload.com

မေး။ ။ဒုစရိုက်နှင့် ဒုရာဇီဝသည် ဘယ်သို့ကဲ့သနည်း။

ဖြေ။ ။အသက်မွေးကျောင်းမဟုတ်ပဲ ပြုသော ပါဏာတိပါတ စသည်တို့သည် ဒုစရိုက်မည်၏။

အသက်မွေးကျောင်းဖြင့် ပြုအပ်သော ပါဏာတိပါတစသည်တို့ကား ဒုရာဇီဝမည်၏။

ဤကဲ့သို့ ကဲ့၏ ထူး၏ဟူပေ။

၄၉-လောကုတ္တရာ ပဉ္စမစျာန်၌လိုအပ်သော ဥပေက္ခာကိုပြခြင်း

မေး။ ။လောကုတ္တရာ၊ပဉ္စမစျာန်၊ရှစ်ခုမှန်တွင်၊ယှဉ်သည်စေတသိက်၊ပေါင်း ကျိတ်တွက်ဖွဲ့၊ ၃၃-ခု၊ တရားစုတွင်၊ ဘယ်ဥပေက္ခာ သွင်းမည်နည်း။

ဖြေ။ ။ဥပေက္ခာသည် -

၁။ ဆဋ္ဌင်္ဂုပေက္ခာ၊ ၆။ ဝေဒနုပေက္ခာ၊

၂။ ဗြဟ္မဝိဟာရုပေက္ခာ၊ ၇။။ ဝိပဿနုပေက္ခာ၊

၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊ ၈။ တတြမဇ္ဈတ္တုပေက္ခာ၊

၄။ ဝီရိယုပေက္ခာ၊ ၉။ စျာနုပေက္ခာ၊

၅။ သင်္ခါရုပေက္ခာ၊ ၁၀။ ပါရိသုဒ္ဓုပေက္ခာ—

ဟူ၍ **ဆယ်ပါး** အပြားရှိ၏။ ထိုဆယ်ပါးတို့တွင် ရဟန္တာပုဂ္ဂိုလ်တို့အား ဣဋ္ဌ, အနိဋ္ဌဖြစ်သော အာရုံ ၆-ပါးတို့သည် ၆-ဒွါရ၌ ထင်လတ်သော် ဝမ်းမြောက်သောစိတ်လည်းမဖြစ်၊ နှလုံးမသာသောစိတ်လည်း မဖြစ်၊ စင်ကြယ်သော ပကတိသဘောကို မစွန့်သောအခြင်းအရာဖြင့် ဖြစ်သော လျစ်လျူရှုခြင်းသည် ဆဋ္ဌင်္ဂုပေက္ခာမည်၏။

အလုံးစုံသော သတ္တဝါတို့၌ မချစ်မမုန်း လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်သော ဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာမည်၏။

မိမိနှင့် သဟဇာတ်တရားတို့ကို လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်သော ဥပေက္ခာသည် ဗောဇ္ဈင်္ဂုပေက္ခာမည်၏။

လွန်စွာလည်း အားမထုတ်၊ လွန်စွာလည်းမလျော့၊ အလတ်သောလုံ့လဟု ဆိုအပ်သော ဥပေက္ခာသည် ဝီရိယုပေက္ခာမည်၏။

http://www.dhammadownload.com

နိဝရဏတရား သို့မလိုက်ပဲ တည်ကြည်ငြိမ်သက်စွာ လျစ်လျူရှုသောအခြင်းအရာသည် သန်ဒါရုပေကွာမည်၏။

သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်သော ဥပေက္ခာသည် ဝေဒနုပေက္ခာမည်၏။

စူးစမ်းဆင်ခြင်ခြင်း၌ လျစ်လျူရှုသောအခြင်းအရာသည် ဝိပဿနုပေက္ခာမည်၏။

မိမိနှင့်တကွဖြစ်ဘက်ဖြစ်သော သဟဇာတ်တရား၌ အညီဆောင်ရွက်တတ်သော ဥပေက္ခာသည် တကြမဇ္ဈတ္တုပေက္ခာမည်၏။

စင်စစ် လွန်မြတ်သောသုခ၌လည်း မဇ္ဈိမက် မငဲ့ကွက်ခြင်းကို ဖြစ်စေတတ်သော ဥပေက္ခာသည် စျာနုပေက္ခာမည်၏။

အလုံးစုံ ဆန့်ကျင်ဘက်ဖြစ်သော နိဝရဏတရား၌ ငြိမ်းစေခြင်း၌လည်း အားမထုတ်တတ်သော စတုတ္ထစျာန်၌ရှိသော ဥပေက္ခာသည် ပါရိသုဒ္ဓိဥပေက္ခာမည်၏။

ထိုဆယ်ပါးတို့တွင် ဆဋ္ဌဂုံပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂပေက္ခာ, တကြမဇ္ဈတ္တုပေက္ခာ, ပါရိသုဒ္ဓိဥပေက္ခာ ဤငါးပါးတို့သည် တရားကိုယ်အားဖြင့် တကြမဇ္ဈတ္တတဲစေတသိက်တည်း။

သန်ဒါရုပေက္ခာ, ဝိပဿနုဒပက္ခာနှစ်ပါးသည် ပညိန္ဒြေ စေတသိက်တည်း။

ဝိရိယုပေက္ခာသည် ဝိရိယစေတသိက်တည်း။

ဝေဒနုပေက္ခာ၊ စျာနုပေက္ခာနှစ်ပါးသည် ဝေဒနာစေတသိက်တည်း။

လောကုတ္တရာ ပဉ္စမစျာန်ရှစ်ခု၌ကား လောကီစတုတ္ထစျာန်၌ကဲ့သို့ ပါရိသုဒ္ဓိ-ဥပေက္ခာဟူ၍ ဆိုအပ်၏။

ဆောင်ပုဒ်။ ။ဆ, ဗြ,ဗော,ဝိ၊ သင်,ဝေ,ဝိ၊ ပါရိ, တကြ, စျာ၊ ဆယ် ပေက္ခာ။ (ပါဠိကိုလိုသော် အဋ္ဌသာလိနီ၌ယူလေ။)

၅၀-ဗြဟ္မာတို့မှာ ၃-ဖြာဝိရတီ ဖြစ်သင့်မဖြစ်သင့်ကို ပြဆိုခြင်း

မေး။ ။မဟဂ္ဂုတ်မှာ၊ သုံးဖြာဝိရတီ၊ ကြဉ်သည်ရှိပြီး၊ ဝိရတီသုံးဖြာ၊ ထို ဗြာဟ္မာတို့၊ ယထာရဟ မဖြစ်လော။

http://www.dhammadownload.com

ဖြေ။ ။ဗြဟ္မာတို့၏ စိတ်ရကို ထောက်သော် မဟာကုသိုလ်စိတ် ရှစ်ခုကို လည်း ရသောကြောင့် ထိုစိတ်နှင့် ဝိရတိ ယှဉ်ကောင်းရကား ဗြဟ္မာတို့၌ ဝိရတိ ဖြစ်၏ဟု ဆိုဖွယ်ဆို၏။ ယင်းသို့ ရှိသော်လည်း မဆိုအပ်။ ဘယ့်ကြောင့် နည်းဟူမူကား ကြဉ်ထိုက်သော ပိရမိတမ္မဝတ္ထုမရှိသော ဘုံဖြစ်သောကြောင့် ထိုဝတ္ထုကို အာရုံပြုသောစိတ် မဖြစ်ကောင်းရကား ဝိရတိမဖြစ် ဟူ၍သာ မှတ်အပ်၏။

ဗြဟ္မာဘုံ၌ ဝိရမိတမ္မဝတ္ထုမရှိသော် လူ့ဘုံသို့လာ၍ သဟမွတိ ဗြဟ္မာ ဟရားဖောင်းပန်သောအခါ သမ္မာဝါစာ မဖြစ်လော။ ထိုအခါ မုသာဝါဒ အစရှိသော ဒုစ်စရိုက်မှ ကြဉ်သည်ဖြစ်၍ ဝိရတိ မယူသင့်ပါလော ဟူငြားအံ့။ ဝိရတိမယူသင့်, ဘယ့်ကြောင့် မယူသင့်သနည်းဟူမူ ဝစီဒုစရိုက်ကို အာရုံပြု၍ ကြဉ်ဆဲအခါ၌သာ ဝိရတိသမ္မာဝါစာ ဖြစ်သည်။ ကြဉ်ပြီး၍ ကောင်းသော စကားဆိုသောအခါ၌ကား သုဘာသိတ ဝါစာသာ ဖြစ်သည်။ ဝိရတိသမ္မာ-ဝါစာ မဟုတ်၊ ဝိရတိသမ္မာဝါစာကား အကြောင်း, သုဘာသိတ ဝါစာကား အကျိုး ဟူ၍ ယူရမည်။ ထို့ကြောင့် ဋီကာဆရာတို့သည်—

သမ္မာ ဝဒန္တီ ဧတာယာတိ သမ္မာဝါစာ ဟူ၍ ကရဏသာဓနပြုကြကုန်၏။ ဧတာယ ဓမ္မဇာတိယာ၊ ဤဝစီဒုစရိုက်မှ ကြဉ်သောဆဿောဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဤတိဟသမ္မာ၊ ထိုသို့ ဆိုကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာဝါစာ၊ သမ္မာဝါစာမည်၏။

သမ္မာ ကရောန္တိ ဧတေနာတိ သမ္မာကမ္မန္တော။ ။ဧတေန၊ ဤကာယ ဧရိုက်မှ ကြဉ်သောသဆောဖြင့်။ သမ္မာ၊ ကောင်းစွာ။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဤတိဟသမ္မာ၊ တိုသို့ ပြုကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာ-ကမ္မန္တော၊ သမ္မာကမ္မန္တ မည်၏။ သမ္မာအာဇီဝလည်း နည်းတူ ဝိဂြိုဟ်ဆိုလေ။

အထူးမှတ်သားဖွယ်

သီတင်းသုံးသောသူတို့အား သိက္ခာပုဒ်ဆောက်တည်သောအခါ ဒုစရိုက်ကို အာရုံပြု၍ ကြဉ်သောကြောင့် ဝိရတိတရား ဖြစ်သည်။

ဆောက်တည်ပြီး၍ ဒါန, ဝေယျာဝစ္စ အစရှိသော ပုညကြိယဝတ္ထုကို ပြုသောအခါ၌ဌင်း, တရားနာခြင်း တရားဟောခြင်း တရားဆွေးနွေးခြင်းကို ပြုသောအခါ၌ဌင်း အနဝဇ္ဇကမ္မ သုဘာသိတဝါစာတို့သာ ဖြစ်သည်ဟူ၍ မှတ်။

ဗြဟ္မာမင်းသည် မဟာကုသိုလ်စိတ်ဖြင့် တရားတောင်းပန်ပါသည်ကို ဝိရတိသမ္မာဝါစာမဖြစ်ဟု ဆိုခြင်းသည် ဘယ်သို့ ဝန်ခံနိုင်အံ့နည်း ဟူငြားအံ့။ မြတ်စွာဘုရားသည် တရားမဟောလိုသော အကြံဖြစ်သည်ကို သိ၍ "နဿတိ ဝတ ဘော

http://www.dhammadownload.com

လောကော" ဟူသောစကားဖြင့် အချင်းတို့ လောကသည် ပျက်တော့အံ့သည် တကား သတ္တဝါအခပါင်းတို့သည် နှတ်လမ်းကြောင်း လူလမ်းကြောင်း လွဲလျက် ဆင်းရဲခြင်းသို့ ရောက်တော့အံ့သည်တကားဟု သတ္တဝါအပေါင်းတို့အား ဆနား ခြင်း ကချဏာ ပြဋ္ဌာန်းသောစိတ်ဖြင့် ဘုရားထံသို့ ကပ်လာ၍ "ဥဒ္ဓေဟိ ဝိဂ ဝိဇိတ သင်္ဂါမ" အစရှိသော ဂါထာကို ရွတ်လျက် တရားဟောတော်မူပါဟု တောင်းပန်၏။

ထိုတောင်းပန်သောစိတ်သည် မဟာကုသိုလ် ပထမဒွေဖြစ်အံ့၊ နိယတ ယှဉ် သော စေတသိက် ၃၃-ခုတွင် ကရဏာကို ထည့်၍ ၃၄-ခု ရသင့်သည်။

ဒုတိယဒွေ, တတိယဒွေ ဖြစ်အံ့၊ နိယတ ယှဉ်သော စေတသိက် ၃၂-ခုတွင် ကရဏာကို ထည့်၍ ၃၃-ခု ရသင့်သည်။

စတုတ္ထဒွေ ဖြစ်အံ့၊ နိယတယောဂိစေတသိက် ၃၁-ခုတွင် ကရဏာကို ထည့်၍ ၃၂-ခု ရသင့်သည်။

ဝိရတီ-အပ္ပမညာ တို့သည် မဟာကုသိုလ်နှင့်ယှဉ်၏ ဆိုသော်လည်း အနိ-ယတယောဂီဖြစ်၍ရင်း နာနာကဒါစိဖြင့် ဖြစ်တတ်သောကြောင့်ရင်း ကရဏာ နှင့် ယှဉ်ခိုက်မှာ မုဒိတာ, ဝိရတီတို့သည် မဖြစ်ရာပြီ။

ဒုက္ခိတသတ္တဝါကို အာရုံပြုခိုက် သုခိတ သတ္တဝါကို အာရုံမပြုနိုင်။ ဒုစရိုက်မှ ကြဉ်ခြင်းကိုလည်း အာရုံမပြုနိုင်။ အာရုံပြုကြသော တရားတို့သည် တပြိုင် နက်လည်း မဉ္ဇပါဒ်နိုင်။

ထို့ကြောင့် သတ္တဝါကို သနားလျှင် တရားတောင်းပန်ရာ၌ ဝိရတီသမ္မာဝါစာ မပါသောအဖြစ်ကို စင်စစ် သိအပ်၏ ဟူပေ။

၅၁–မဟဂ္ဂုတ်ပဉ္ဇမစျာန်၌ ကရုဏာ မုဒိတာ ကင်းဟန်ကိုပြခြင်း

မေး။ ။မဟဂ္ဂုတ်ရ၊ ပဉ္စမစျာန်၊ ကြဉ်ဟန် ကရုဏာ၊ မုဒိတာ၊ နှစ်ဖြာ ဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။ပဉ္စမစျာန် စိတ်၌ တတြမဇ္ဈတ္တတာ ပြဓာန်းရကား သနားခြင်း ဝမ်းမြောက်ခြင်း မရှိပြီ။ ထို့ကြောင့် ကရုဏာ, မုဒိတာ ကင်းသည်ဟူပေ။

အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့ကား ရုံခါမျှ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့် ပဉ္စမစျာန်၌ မယှဉ်သည်ဟူ၍ ဋီကာ၌ ဖြေ၏။

http://www.dhammadownload.com

၅၂-မဟာကုသိုလ်စိတ်၌ စေတသိက်
ယှဉ်ဟန်အထူးကို ပြခြင်း

မေး။ ။မဟာကုသလ၊ ပထမဒွေးဟု၊ဆိုရေးတွက်ရ၊အဋ္ဌတိံသာ၊ ယှဉ်ကြွ ရာဝယ်၊ မကွာအစု ဖြစ်၏လော။

ဖြေ။ ။အဋ္ဌတိံသ စေတသိက်တွင် အညသမာန်းတေရသ,သောဘဏ-သာဓာရဏ ၁၉, ပညိန္ဒြေ ဤ ၃၃-ပါးသာ တစုတည်းဖြစ်သည်။ အပွမညာ, ဝိရတိ ဟူသော အနိယတယောဂီ စေတသိက် ၅-ခုမှာ တခုဖြစ်ခိုက် ၄-ခု မဖြစ်ဟူပေ။

၅၃-မြတ်စွာဘုရား တရားဟောရာ
သုဘာသိတဝါစာဖြစ်ပုံကို ပြခြင်း

မေး။ ။မဟာကြိယာ၊ ရှစ်ခုမှာ၌၊ သုံးဖြာဝိရတိ၊ မရှိဟူလျှင်၊ ချစ်ရှင် ဘုရား၊ တရားဒေသနာ၊ ဟောသောခါ၌၊ သမ္မာဝါစာ မဟုတ်လော။

ဖြေ။ ။တရားဟောခြင်းသည် သမ္မာဝါစာမဟုတ်၊ သုဘာသိတဝါစာသာ ဖြစ်သည်ဟု ဖြေ။

၅၄-ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း

မေး။ ။မဟာဝိပါက်၊ ရှစ်ချက်စိတ်ဖြင့်၊ ပဋိသန္ဓေ၊ နေသူတို့မှာ၊ မေတ္တာ တရား ရ၏လော။

ဖြေ။ ။အဒေါသ စေတသိက်သည် မေတ္တာ မည်ရကား မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုအားဖြင့် ပဋိသန္ဓေနေသော ဒွိဟိတ်ပုဂ္ဂိုလ်, ဉာဏသမ္ပယုတ် ၄-ခုဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ အခါကပင် မေတ္တာ တရားကို ရအပ်၏။ ပဝတ္တိ၌ကား ဆိုဖွယ်မရှိရတော့သည်သာဟု ဖြေ။

၅၅-ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း

မေး။ ။သန္ဓေစိတ်က၊ လောဘမယှဉ်၊ ကြဉ်သည်ရှိလျက်၊ ဘဝကန္တိ၊ ကပ်မိရောနှော၊ လောဘဘယ်က လာသနည်း။

ဖြေ။ ။ရှေးဘဝ၌ ပြုအပ်သော ကုသိုလ်စေတနာ တည်းဟူသော ပုညာဘိသခ်ါရ, အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသခ်ါရ တို့သည်

http://www.dhammadownload.com

ပြုမြင်အပ်သည်ဖြစ်၍ ပဋိသန္ဓေ ကုန်ဝိသတည်းဟူသော ပဋိသန္ဓေဝိညာဉ်, ဘဝင် ကုန်ဝိသ, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိလောဘစေ့ာ အစရှိသော ပဝတ္တိ ဝိညာဉ်တို့ ဖြစ်ကုန်ရကား ရှေးကုသိုလ်က်, အကုသိုလ်က် ပြုပြင်၍ လောဘတို့ပေါ်လာ၏ ဟူပေ။

၂၄-ပါးသော ပစ္စည်းတို့တွင် ကုသိုလ် အကုသိုလ်က်က ပဋိသန္ဓေ ဝိညာဉ်ကို နာနက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိ ဝိညာဉ်ကိုကား ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌ သခါရပစ္စယာ ဝိညာဏံ ဟူ၍ ဟောတော်မူသည်။

၅၆-ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း

မေး။ ။မခဲ့ဖူးရှိ၊ ထိန,မိဒ္ဓ၊ သဘာဝသည်၊ ကိစ္စဘယ်သို့ ထူးသနည်း။

ဖြေ။ ။ထိန သည် စိတ်၏မခဲ့ခြင်းလက္ခဏာ, လေးလံခြင်းကိစ္စ, ပျင်းရိသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

မိဒ္ဓသည် စေတသိက်တို့၏ မခဲ့ခြင်းလက္ခဏာ, မထက်ခြင်းကိစ္စ, ငိုက်မျဉ်းသော အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဤသို့ ထူးကြ၏ ဟူပေ။

၅၇-ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း

မေး။ ။ဒေါသဖြစ်မှု၊ စိတ်နှစ်ခုမှာ၊ အစုနှစ်ဆယ်၊ နှစ်ခုက်ယ်သည်၊ တကယ်စုလျက်၊ ယှဉ်၏လော။

ဖြေ။ ။နှစ်ဆယ်နှစ်ပါးလုံး တပြိုင်တည်းစုလျက် မယှဉ်၊ ဣဿာ,မစ္ဆရိ, ကုက္ကုစ္စတို့သည် အနိယတယောဂိဖြစ်၍ ၁၉-ပါးသာ အမြဲယှဉ်သည်။ ဣဿာဖြစ်ခိုက် ဣဿာကိုထည့်၍ ၂၀၊ မစ္ဆရိယဖြစ်ခိုက် မစ္ဆရိယကိုထည့်၍ ၂၀၊ကုက္ကုစ္စဖြစ်ခိုက် ကုက္ကုစ္စကိုထည့်၍ ၂၀-စီသာ ယှဉ်၏ ဟူပေ။

ဤ ၃-ပါးသော တရားတို့သည် ဘယ့်ကြောင့် တပြိုင်နက် မယှဉ်ပဲ တခုတခုစီသာ ယှဉ်လေသနည်းဟူမူ "ဘိန္နာလမ္မဏတ္တာယေဝါတိ အဓိပ္ပါယော" ဟူသော ဋီကာနှင့်အညီ ဣဿာသည် သူတပါး၏ စည်းစိမ်ကို ငြူ။ စူတတ်ရကား ဗဟိဒ္ဓကို အာရုံပြုသည်။

http://www.dhammadownload.com

မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်တတ်ရကား အဋ္ဌတ္တကို အာရုံပြုသည်။

ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်, သုစရိုက်, မပြုသေးသော ဒုစရိုက်, သုစရိုက်ကို အာရုံပြု၍ ပူပန်တတ်ရကား အတိတ် ကိုဌင်း၊ အနာဂတ် ကိုဌင်း အာရုံပြုသည်။ ဤသို့ အာရုံပြားသောကြောင့် တခုတခုစီ ယှဉ်၏ ဟူပေ။

၅၈-ကာယဝိညာဉ်ဒွေဒ္ဓယှဉ်သော စေတသိက်ကို ပြခြင်း

မေး။ ။ကာယဝိညာဏ်၊ နှစ်တန်သမုတ်၊ စိတ်တွင်ချုပ်၍၊ သမ္ပယုတ် ဘယ်မျှ ရသနည်း။

ဖြေ။ ။ဒွိပဉ္စဝိညာဏသု ပကိဏ္ဏကဝိဝဇ္ဇိတာ-ဟု သဋ္ဌိဟ်ဆရာ ဆိုပြီးဖြစ်သောကြောင့် စကျွဝိညာဉ် ဒွေဒ္ဓရင်း၊ သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ် ဒွေဒ္ဓရင်း သမ္ပစိတ္တသာဓာရဏာ စေတသိက် ၇-ပါးသာလျှင် သမ္ပယုတ်ဖြစ်၏ ဟူပေ။

၅၉-ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း

မေး။ ။ဟသိတုပ္ပါဒ်၊ ယှဉ်တတ်စေရ၊ ဇောမူလဝယ်၊ ဆန္ဒဘယ်ကြောင့် ကင်းသနည်း။

ဖြေ။ ။ရဟန္တာပုဂ္ဂိုလ်တို့အား ပြုံးရယ်လိုသော ဆန္ဒမရှိပဲ မျက်နှာလွှင်ရုံ ပြုံးခြင်းတည်းဟူသော သိတ၊ သွားပေါ်ရုံပြုံးခြင်း တည်းဟူသော ဟသိတ ဖြစ်သောကြောင့် ဆန္ဒကင်းသည် ဟူပေ။ ။တနည်းကား ဆန္ဒသည် အဟိတ် စိတ်တို့၌ ယှဉ်ခြင်းမရှိသောကြောင့် ကင်း၏ ဟူပေ။

၆၀-မာနတရား ထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း

မေး။ ။မာနတရား၊ ထောင်လွှားငါပြောင်၊ မရှိထင်သည်၊ ဘယ်ဟိတ်စိုရင် သောကြောင့်နည်း။

ဖြေ။ ။မာန စေတသိက်သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ယှဉ်သည်။ ထိုစိတ်၌ လောဘဟိတ်, မောဟဟိတ် နှစ်ပါးရသည်။ ဤ ဟိတ်နှစ်ပါးလည်း ထူး၍ စီရင်ကြောင်းကို ကျမ်းဂန်မဆို။ မာန ပင်လျှင် ထောင်လွှားခြင်း သဘောကို ပြီးစေရကား မာနဟိတ်ပင် ဒိဋ္ဌိဂတဝိပ္ပယုတ်ကို စီရင်၏ဟု ဆိုသင့်တော့သည်။

http://www.dhammadownload.com

ဤမာန် သည်-

၁။ သေယျ မာန်၊

၂။ သဒိသ မာန်၊

၃။ ဟီန မာန်-

ဟူ၍ ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ငါကား ဤသူတို့ထက် အမျိုးအားဖြင့် မြတ်၏ ဟူ၍ရင်း, အကျင့်အားဖြင့် မြတ်၏ဟူ၍ရင်း, အတတ်ပညာအားဖြင့် မြတ်၏ဟူ၍ရင်း ဖြစ်ထောင်လွှားခြင်းသည် သေယျမာန် မည်၏။

ငါသည် အမျိုးအားဖြင့်, အကျင့်အားဖြင့်, အတတ်ပညာအားဖြင့် ဤသူနှင့်တူ၏ ဟူ၍ ထောင်လွှားခြင်းသည် သဒိသမာန် မည်၏။

ငါသည် အမျိုးအားဖြင့်, အကျင့်အားဖြင့်, အတတ်ပညာ အားဖြင့် ညံ့သော်လည်း ဤသူ ငါ့ကို မကဲ့ရဲ့သင့် ဟူ၍ရင်း, မထေမဲ့ မပြုသင့် ဟူ၍ရင်း ထောင်လွှားခြင်းသည် ဟီနမာန် မည်၏။

ဤမာန် ၃-ပါးသည် သူမြတ်၌ရင်း, သူလတ်၌ရင်း, သူယုတ်၌ရင်း ၃-ပါးစီ ရှိရကား ၉-ပါးပြား၏။ ဤကို ရည်၍ ဆုတောင်းခန်း၌-

ယုတ် ,လတ် ,မြတ် , အား၊ သုံးပါးတိုင်တည်၊ ကိုးခု မည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရွှည်မြောက်သား၊ အစောက်မတ်လတ်၊ မာန်တောင်ထွတ်ကို၊ တိန်းညွတ်ထောက်တို့၊ မက်စွမ်းဖြို၍၊ ကုသိုလ်နှိမ့်ချ၊ မီးပွားကျသို့၊ ဂုဏ်အရာ၊ စွန်းစွန်းပါသား၊ သံဃာတို့ထက်၊ လျှမ်းလျှမ်းတက်၍၊ နှုတ်ထွက်ဖြိုးဖြိုး၊ လက်ရတိုးလျက်၊ ကျမ်းရိုးနင်းမိ၊ ဟကာသိသည်၊ သာရိပုတ္တရာ၊ မည်တော်သာဖြင့်၊ လက်ျာရံသီး၊ ငါ့သားကြီး-

ဟူ၍ စပ်ဆိုတော်မူသည်။

ဤတွင် စေဟသိက်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

၅-ပကိဏ်းပိုင်း

http://www.dhammadownload.com

ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဂိသဇ္ဇနာများ

၆၁-ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း

မေး။ ။ကိုးဆယ် တခုယုတ်၊ အဟုတ်စိတ်မှာ၊ ဝေဒနာသည်၊ ခန္ဓာတရား မှန်၏လော။

ဖြေ။ ။ဝေဒနာ ဝေဒနာကွန္ဓောတိ၊အာမန္တာ-ဟူ၍ ခန္ဓယမိုက်၌ ဟောတော် မူသောကြောင့် စိတ်တခုယုတ် ကိုးဆယ်၌ ယှဉ်သော ဝေဒနာ စေတသိက်သည် ဝေဒနာကွန္ဓာမည်သည်ချည်း ဟူပေ။ ။ခန္ဓာငါးပါးတို့တွင် ရူပကွန္ဓာ၌- ရူပံ ရူပကွန္ဓောတိ၊ ပိယရူပံ သာတရူပံ ရူပံ၊ နရူပကွန္ဓော။ ရူပကွန္ဓော ရူပဥေဝ ရူပကွန္ဓော စ-ဟူသောပါဌ်ဖြင့် လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာ-သ၊ ရုပ်အဌဝီသတို့၏အပေါင်းဖြစ်သော ပိယရုပ်, သာတရုပ်သည် ရုပ်သာ မည်၏၊ ရူပကွန္ဓာ မမည်။

အစိတ်ဖြစ်သော ရုပ္ပန လက္ခဏာရှိသော ရုပ်အဌဝီသသည် ရုပ်လည်း မည်၏။ ရူပကွန္ဓာလည်းမည်၏ ဟူ၍ ဟောသည်။

သညာ သညာကွန္ဓောတိ၊ဒိဋ္ဌိသညာ သညာ၊နသညာကွန္ဓော၊သညာကွန္ဓော သညာစေဝ သညာကွန္ဓော စ- ဟူသောပါဌ်ဖြင့် ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာသည် သညာသာ မည်၏။ သညာကွန္ဓာ မမည်။

စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော သညာစေတသိက်သည် သညာလည်း မည်၏၊ သညာကွန္ဓာလည်း မည်၏ဟူ၍ ဟောသည်။

သခ်ါရကွန္ဓာ၌ သခ်ါရာ သခ်ါရကွန္ဓောတိ၊ သခ်ါရကွန္ဓံ ဌပေတွာ အဝသေ-သာ သခ်ါရာ၊နသခ်ါရကွန္ဓော။သခ်ါရကွန္ဓော သခ်ါရာ စေဝ သခ်ါရကွန္ဓော စ- ဟူသောပါဌ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်, ဝေဒနာ, သညာ, ရုပ်အဌဝီသသည် သခ်ါရသာ မည်၏။ သခ်ါရကွန္ဓာ မမည်။

ဝေဒနာသညာမှ တပါးသော စေတသိက် ပညာသ သည် သခ်ါရလည်း မည်၏။ သခ်ါရကွန္ဓာလည်း မည်၏ ဟူ၍ ဟောသည်။

ဤသို့ ရုပ်သာမည်၍ ရူပကွန္ဓာ မမည်သောတရား။ သညာသာမည်၍ သညာကွန္ဓာ မမည်သောတရား။ သခ်ါရသာမည်၍ သခ်ါရကွန္ဓာ မမည်သော

http://www.dhammadownload.com

တရားရှိသောကြောင့် ဝေဒနာကွန္ဓာဌာလည်း ဝေဒနာသာမည်၍ ဝေဒနာကွန္ဓာမမည်သောတရား ရှိမရှိကို စိစစ်လိုသောကြောင့် ယခင်ပုစ္ဆာကို ပြုသည်။

အဖြေကား- ဝေဒနာမည်သမျှ တရားသည် ဝေဒနာကွန္ဓာ မည်သည်ချည်း ဟူလို။

၆၂- ဝေဒနာငါးပါး၏ လက္ခဏာကို ပြခြင်း

မေး။ ။ ဝေဒနာငါးပါး၊ ကဲ့ပြားလှစွာ၊ သိဘို့ရာသည်၊ လက္ခဏာ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ တတ္ထ ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ သုခံ, အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ, သဘာဝတော ဝါ ပရိကပ္ပတော ဝါ ဣဋ္ဌာနုဘဝနလက္ခဏံ သောမနဿံ တထာ အနိဋ္ဌာနုဘဝနလက္ခဏံ ဒေါမနဿံ, မဇ္ဈတ္တာနုဘဝနလက္ခဏာ ဥပေက္ခာ။

ဟူသော ဋီကာနှင့် အညီ သုခသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

ဒုက္ခသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

သောမနဿသည် သဘောအားဖြင့်၎င်း၊ ပရိကပ္ပအားဖြင့်၎င်း ဣဋ္ဌဖြစ်သော အာရုံ ၆- ပါးကို ခံစားခြင်းလက္ခဏာရှိ၏။

ဒေါမနဿသည် သဘောအားဖြင့်၎င်း၊ ပရိကပ္ပအားဖြင့်၎င်း အနိဋ္ဌဖြစ်သော အာရုံ ၆-ပါးကို ခံစားခြင်းလက္ခဏာရှိ၏။

ဥပေက္ခာသည် မဇ္ဈတ္တဖြစ်သော အာရုံ ၆- ပါးကို ခံစားခြင်းလက္ခဏာရှိ၏ ဟူပေ။

ကိုယ်၌ဖြစ်သောသာယာခြင်းကို သုခ, မသာယာခြင်းကို ဒုက္ခ, စိတ်၌ဖြစ်သောသာယာခြင်းကို သောမနဿ, မသာယာခြင်းကို ဒေါမနဿ ဆိုသည်။

၆၃- အဟိတ်နှင့်သဟိတ်နှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး။ ။အဟိတ်စိတ်နှင့်၊ သဟိတ်စိတ်မှာ၊ ဖြစ်ခြင်းရာသည်၊ ပမာဘယ်သို့ ထူးသနည်း။

ဖြေ။ ။ ဟေတုပစ္စယာ ဟိ ဓမ္မာ၊ ဝိရုဇ္ဈမ္မလာ ဝိယ ပါဒပါ ထိရာ ဟောန္တိ၊ အဟေတုကာ ဇလတလေ သေဝါလသဒိသာ-

ဟူ၍ ဋီကာမိန့်သည်ဟု ဖြေ။

http://www.dhammadownload.com

ဟိ၊ ဥပမာဖြင့် ထင်စွာဆိုဦးအံ့။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းရှိကုန်သော။ မေ့မှာ၊ သဟိတ်စိတ် စေတသိက် တရားတို့သည်။ ဝိရုဋ္ဌမူလာ၊ ပြန့်ပွားစည်သော အမြစ်ရှိသော။ ပါဒပါ ဝိယ၊ သစ်ပင်ကဲ့သို့။ ထိရာ၊ မြဲမြံခိုင်ခံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဟေတုကာ၊ အဟိတ် စိတ်, စေတသိက်တရားတို့သည်။ ဇလတလေ၊ ရေအပြင်၌။ သေဝါလသဒိသာ၊ အမြစ်မရှိသောမှော်နှင့် တူကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

သဟိတ်စိတ်တို့သည် အိမ်နေနှင့်တူ၏။ အဟိတ်စိတ်တို့သည် ဧည့်သည်နှင့် တူ၏ ဟူ၍ရင်း၊ သဟိတ်စိတ်တို့သည် ဝန်ထမ်းသမားနှင့် တူ၏၊ အဟိတ်စိတ်တို့သည် ကူပင့်သောသူနှင့်တူ၏ ဟူ၍ရင်း ဥပမာပြုလေ။

၆၄-အဟိတ်စေတသိက်စသည် ရှိမရှိကို ပြခြင်း

မေး။ ။အချို့စိတ်ကို၊ သဟိတ်ခွဲဝေ၊ ခေါ်ရလေသို့၊ စေတသိက်မှာ၊ အဟိတ်, သဟိတ်၊ ဧကဟိတ်, ဒွိဟိတ်၊ တိဟိတ်ဟူ၍ မရှိလော။

ဖြေ။ ။မရှိပြီ၊ အဟိတ်စိတ်နှင့်ယှဉ်သောအခိုက် အဟိတ်စေတသိက်,ဧကဟိတ်စိတ်နှင့်ယှဉ်သောအခိုက် ဧကဟိတ်စေတသိက်, ဒွိဟိတ်စသည်နှင့် ယှဉ်သောအခိုက် ဒွိဟိတ်စေတသိက်ဟူ၍ အဝတ္ထာအားဖြင့် ခေါ်ဆိုထိုက်တော့သည်။

၆၅-ဧကဟိတ်ပုဂ္ဂိုလ်မရှိသင့်ပုံကို ပြခြင်း

မေး။ ။ဧကဟိတ်ဟု၊ စိတ်ရှိလျက်ကို၊ ပုဂ္ဂိုလ်ဧကဟိတ် မရှိလော။

ဖြေ။ ။မရှိပေ၊ ဘယ့်ကြောင့် မရှိသနည်းဟူမူကား အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်စသည်ဖြင့် ခေါ်ဆိုခြင်းသည် ပဋိသန္ဓေ စိတ်နှင့်ယှဉ်သော ဟိတ်ကိုသာစွဲ၍ ခေါ်သည်။ ဧကဟိတ်စိတ်မှာ ပဋိသန္ဓေ စိတ်မဟုတ်၊ ပဝတ္တိစိတ်သာဖြစ်သည်။ ထို့ကြောင့် ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိသတည်း။

၆၆-အသညသတ်ဗြဟ္မာကို အဟိတ်ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။အသညသတ်၊ မြတ်သည်ဗြဟ္မာ၊ ဖြစ်လျက်ပါကို၊ အဟိတ်ဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ ။အသညသတ် ပုဂ္ဂိုလ်တို့သည် ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ဖြင့်သာ ပဋိသန္ဓေနေသည်။ ထိုနဝက ကလာပ်ရုပ်သည်လည်း လောဘ အစရှိသော ဟိတ် ၆-ပါးတွင် တပါးပါးမျှ မယှဉ်ရကား အဟေတုကဖြစ်၍ အဟိတ်၊

http://www.dhammadownload.com

ပဋိသန္ဓေဟု ဆိုလေသည်။ ယုတ်မာသောကြောင့် အဟိတ်ပုဂ္ဂိုလ်ခေါ်သည် မဟုတ်ဟူ၍ ဖြေရမည်။

၆၇-နိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစုတိကို ပြခြင်း

မေး။ ။လောကီစျာန်ပဲ့၊ မင်္ဂ,ဖိုလ်,ဉာဏ်နှင့်၊နိဗ္ဗာန်အောင်မြေ၊ ထောက်သူတွေကို၊ သန္ဓေဘယ်သို့ သွင်းမည်နည်း။

ဖြေ။ ။တိဟိတ်ဝိပါက် တေရသဖြင့် ပဋိသန္ဓေ နေ၍ တိဟိတ်စုတိ တေရသဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်ကုန်၏ဟု ဖြေ။

အကျယ်ကား—ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခု ဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်သည် ဝိပဿနာကို စီးဖြန်း၍ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရ၏၊ ထို့နောက် သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရ၏။ ထို့နောက် အနာဂါမိမဂ်, အနာဂါမိဖိုလ်ကို ရ၏။ ထို့နောက်မှ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရ၏။ ထိုသို့ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်သည် စုတိကျလိုသော် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခုဖြင့်ပင် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

ရူပတဆယ့်ငါးဘုံ၌ ပြဟ္မာတို့သည် ရူပဝိပါက် ၅-ခုဖြင့် ပဋိသန္ဓေနေ၍ ဝိပဿနာကိုအာရုံထုတ်သဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပြီးသော် ဤရူပဝိပါက် ၅-ခုဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

အရူပ ၄-ဘုံ၌ ပြဟ္မာတို့သည် အရူပဝိပါက် ၄-ခုဖြင့် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်ပြီးသော် အရူပဝိပါက် ၄-ခုဖြင့် စုတိ၍ နိဗ္ဗာန်ဝင်၏ ဟူပေ။

၆၈-သုံးကျန်းသားတို့ ဟိတ်တရား မရှိပုံကို ပြခြင်း

မေး။ ။ဟိုကျန်းသားတွေ၊ ဟေတုနတ္ထိ၊ ဟိတ်မရှိဟု၊ ဟောဘိဘုန်းကြွယ်၊ အဓိပ္ပါယ်ကို၊ ဘယ်သို့ကြံရေး သင့်သနည်း။

ဖြေ။ ။အရှေ့ကျန်း, မြောက်ကျန်း, အနောက်ကျန်း သားတို့သည် မိမိတို့၏ကျန်း၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့လည်း မဖြစ်၊ ဤကျန်းကအရှင် မြတ်တို့လည်း ကြွသွား၍ တရားမဟော၊ ထို့ကြောင့် ထိုသုံးကျန်းသားတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားတည်းဟူသော ဟိတ် မရှိဟု ဆိုလိုသည်။ ။ မင်္ဂလာ စေတီဘွဲ့၌ ရှင်သီလဝံသ ဆိုသည်။

၆၉-ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း

မေး။ ။ဆယ့်လေးကိစ္စ၊ ဆယ်ဌာနဟု၊ ရသည်အမှန်၊ ရုပ်နာမ်တရား၊ ထိုနှစ်ပါးတွင်၊ ဖြစ်လာဘယ်သူ အကြောင်းနည်း။

http://www.dhammadownload.com

ဖြေ။ ။စိတ်တို့၏ သတ္တိသည် "ကရဏ် ကိစ္စ" ဟူသော ဝစနတ္ထကြောင့် ကိစ္စမည်၏၊ ထိုသတ္တိ၏တည်ရာဖြစ်သော စိတ်ဒြဗ်သည်ၵင်း, စိတ်၏ ဖြစ်ရာ အကြားသည်ၵင်း ဌိယတိ ဇတ္ထာတိ ဌာနံ-ဟူသော ဝစနတ္ထကြောင့် ဌာနမည်၏။ ။စိတ်တခုယုတ် ကိုးဆယ်ကို သတ္တိအားဖြင့် ဝေဖန်သော် ၁၄-ပါးသာ ရသောကြောင့် ကိစ္စ ၁၄-ပါးထားလေသည်။ ထိုကိစ္စရှိသော စိတ်၏ ဖြစ်ရာ ဌာနကား အကျဉ်းအားဖြင့် ၁၀-ပါး၊ အကျယ်အားဖြင့် ၂၅-ပါး ပြားလေသည်။ ထို့ကြောင့် ကိစ္စသည် အကျိုး, ဌာနသည် တည်ရာအကြောင်း ဟုမှတ်သင့်၏။

ဥပမာကား – လူတယောက်သည် ပန်းချို, ပန်းပု, ဆေးကု, ဗိသုကာ, လယ်ယာလုပ်ခြင်းဟူသော သိပ္ပငါးရပ်ကို တတ်မြောက်၏။ ထိုသူအား ပန်းချိတတ်သည်ကိုစဲ့၍ **ပန်းချိသမား**, အရုပ်ထုတတ်သည်ကို စဲ့၍ ပန်းပုသမား, သူနာတို့အား ဆေးကုတတ်သည်ကိုစဲ့၍ **ဆေးဆရာ**, အိမ်, ရာ, ကျောင်း, ကန် ပြုတတ်သည်ကိုစဲ့၍ **လက်သမား**, လယ်ယာလုပ်တတ်သည်ကိုစဲ့၍ **လမိုင်းကြီး**ဟု အမည်ငါးပါးဖြင့် သမုတ်အပ်သည်။ ထိုတတ်သော သတ္တိ၏ တည်ရာကား လူဒြဗ်**တခုသာ** ဖြစ်သကဲ့သို့ ဥပေက္ခာသန္ဓီရဏနှစ်ခုတို့သည် ဘဝနှစ်ရပ်ကို စပ်တတ်သော သတ္တိ, ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သောသတ္တိ, ဘဝမှ ချွေတတ်သော သတ္တိ, ယူပြီးသော ပဋ္ဌာရုံကို စုံစမ်းတတ်သောသတ္တိ, ဇော၏အာရုံသို့လိုက်၍ အာရုံပြုတတ်သော သတ္တိရှိသောကြောင့် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္ဓီရဏကိစ္စ, တဒါရုံကိစ္စတတ်သည်ဟု ဆိုသည်။ ထို့သတ္တိငါးဦး၏ တည်ရာကား ဥပေက္ခာသန္ဓီရဏစိတ်ပင် ဖြစ်သည်။ ထို့ကြောင့် သတ္တိကို ကိစ္စ, သတ္တိဝန် ဖြစ်သော **စိတ်ဒြဗ်**ကို ဌာနဟု ဋီကာဌ မိန့်လေသည်။

တနည်းကား–စိတ်ဒြဗ်ဟူသည်လည်း မထင်ရှားရကား ရှေ့စိတ် နောက်စိတ် နှစ်ပါး၏ အကြားဖြစ်သော အန္တရဝိကပွပညတ်ကိုပင် ဌာနယူရမည်ဟု ပြသည်။ ထိုသို့မယူမူ ဌာန ၂၅-ပါး ပြား၏။ **ရှေ့နည်းကား** မှန်၍, **နောက်နည်းကား** တဒ္ဓမ္မူပစာရ တည်း။

၂၀-ဌာန ၂၅-ပါးကို ပြခြင်း

၂၅-ဌာနကိုကား——

ကေဝိမံ သန္ဓိဌာနံ၊ ဆ ဌာနာနိ ဘဝင်္ဃ။
ဒ္ဝိဌာနာဝဇ္ဇနံ ပဉ္စ-ဝိညာဏာဒိနမေကကံ။

http://www.dhammadownload.com

ဝေါဠဗ္ဗနဿ ဒုဋ္ဌာနံ၊ ဇဝနံ ဆ တဒါလမ္ဗံ။
ဒ္ဋဌာနံ စုတိယာ ဌာနံ၊ တိဓေဝံ ပဉ္စဝိသတိ။

ဟူသော သဒ်ဒ်ပဋိကာ ဂါထာဖြင့် မှတ်ရမည်။

သန္ဓိဌာနံ၊ ပဋိသန္ဓေဌာနသည်။ ဧကဝိဓံ၊ တခုသောအဖို ရှိ၏။ ဘဝင်ဿ၊ ဘဝင်၏။ ဌာနာနိ၊ ဌာနတို့သည်။ ဆ၊ ၆-ပါးတို့တည်း။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဒ္ဋဌာနံ၊ နှစ်ဌာနရှိ၏။ ပဉ္စဝိညာဏာဒီနံ၊ ဓက္ခုဝိညာဉ်စသည်တို့၏။ဌာနံ၊ ဌာနသည်။ ဇကာံ၊ တပါးပါးစီသောတည်း။

ဝေါဠဗ္ဗနဿ၊ ဝုဋ္ဌော၏။ ဌာနံ၊ ဌာနသည်။ ဒုဋ္ဌာနံ၊ နှစ်ပါး ပြား၏။ ဇဝနံ၊ ဇောသည်။ ဆ၊ ခြောက်ဌာန ရှိ၏။ တဒါလမ္ဗံ၊ တဒါရုံသည်။ ဒ္ဋဌာနံ၊ နှစ်ဌာနရှိ၏။ စုတိယာ ဌာနံ၊ စုတိ၏ဌာနသည်။ တိဓာ၊သုံးပါး ပြား၏။ ဇဝံ၊ ဤသို့။ ပဉ္စဝိသတိ၊ ၂၅-ပါးသော ဌာနတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁။ စုဘန္တရံ သန္ဓိဌာနံ၊ ပအာ တအာ ဇအာ ဝေါအာ။
တစု ဇစုန္တရံ ဘဿ၊ ဆ ဌာနံ ပရိဒီပယေ။

၂။ ဘဝိ ဘင်္ဂန္တရံယေဝ၊ ဒုအာ ဌာနံ အာသန္တရံ။
ဝိဌာနေကံ ဝိတိန္တရံ၊ သံဌာနေကံ သံဝေါန္တရံ။

၃။ တိဌာနေကံ ဒုဝေါဌာနံ၊ တိဇ တိဘန္တရံ တထာ။
ဝေါတ ဝေါဘ ဝေါစုန္တရံ၊ အာတ အာဘ အာစုန္တရံ။

၄။ ဇဌာနံ ဆ ဇဘဇစု-န္တရံ ဥယျံ ဒုတဌာနံ။
တပ ဇပ ဘပန္တရံ၊ စုတိဌာနံ တိဓာ မတံ။

ဤဂါထာတို့ဖြင့် အကျယ်ကို သိရမည်။

စုဘန္တရံ၊ စုတိ, ဘဝင်၏ အကြားသည်။ သန္ဓိဌာနံ၊ ပဋိသန္ဓေဌာနတည်း။ ပအာ, တအာ, ဇအာ, ဝေါအာ, တစု, ဇစုန္တရံ၊ ပဋိသန္ဓေ, အာဝဇ္ဇန်း၊ တဒါရုံ, အာဝဇ္ဇန်း၊ ဇော,အာဝဇ္ဇန်း၊ ဝုဋ္ဌော,အာဝဇ္ဇန်း၊ တဒါရုံ, စုတိ၊ဇော, စုတိတို့၏ အကြားသည်။ ဘဿ၊ ဘဝင်၏၊ ဆ ဌာနံ၊ ၆-ဌာနဟူ၍။ ပရိဒီပယေ၊ ပြရာ၏။

ဘဝိ ဘင်္ဂန္တရံယေဝ၊ ဘဝင်,ပဉ္စ ဝိညာဉ်၊ ဘဝင်, ဇော၏ အကြားသည်သာလျှင်။ ဒုအာဌာနံ၊ အာဝဇ္ဇန်းဌာနနှစ်ပါး မည်၏။ အာသန္တရံ၊ အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း၏ အကြားသည်။ ဇကံ၊ တခုသော။ ဝိဌာနံ၊ ပဉ္စဝိညာဉ်ဌာနမည်၏။ ဝိတိန္တရံ၊ ပဉ္စဝိညာဉ်, သန္တီရဏ၏ အကြားသည်။ ဇကံ၊ တခုသော။

http://www.dhammadownload.com

သံဌာနံ၊ သမ္ပဋိစ္ဆိုင်းဌာန မည်၏။ သံဝေါန္တရံ၊ သမ္ပဋိစ္ဆိုင်း, ဝုဋ္ဌော၏ အကြား သည်။ တီဌာနေကံ၊ သန္တီရဏဌာနတပါးတည်း။ တီဇ, တီဘန္တရံ၊ သန္တီရဏ, ဇော၊ သန္တီရဏ,ဘဝင်၏ အကြားသည်။ ဒုဝေါဌာနံ၊ ဝုဋ္ဌောဌာန နှစ်ပါးတည်း။

တဆော၊ ထိုမြို့။ ဝေါတ, ဝေါဘ, ဝေါစုန္တရံ၊ ဝုဋ္ဌော,တဒါရုံ၊ ဝုဋ္ဌော, ဘဝင်၊ ဝုဋ္ဌော,စုတိတို့၏ အကြားသည်ဌင်း။ အာတ, အာဘ, အာစုန္တရံ၊ အာဝဇ္ဇန်း, တဒါရုံ၊ အာဝဇ္ဇန်း,ဘဝင်၊ အာဝဇ္ဇန်း,စုတိတို့၏ အကြားသည်ဌင်း။ ဇဝဌာနံ ဆ၊ ဇောဌာန ၆-ပါး မည်၏။ဇော,ဇစုန္တရံ၊ ဇော,ဘဝင်၊ဇော,စုတိတို့၏အကြားကို။ ဒုတဌာနံ၊ တဒါရုံဌာန နှစ်ပါးဟူ၍။ ဥယျံ၊ သိအပ်၏။ တပ, ဇပ,ဘပန္တရံ၊ တဒါရုံ, ပဋိသန်၊ ဇော,ပဋိသန်၊ ဘဝင်,ပဋိသန်တို့၏ အကြားသည်။ တိဓာ၊ ၃-ပါးပြားသော။ စုတိဌာနံ၊ စုတိဌာနဟူ၍။ မတံ၊ သိအပ်၏။

၃၁-ဘုံနှင့်ဌာန ပိုင်းခြား၍ ပြခြင်း

ဒမး။ ။နှစ်ဆယ့်ငါးပါး၊ ဌာနပြားသော်၊ သုံးပါးဘုံမှာ၊ ဌာနဘယ်နှစ်ပါး စီနည်း။

ဖြေ။ ။ကာမေ ဒသ၊ နဝ ရူပေ၊ အရူပေ ပဉ္စ ဌာနာနိ-ဟူသော သုစိတ္တာလင်္ကာရနှင့် အညီ ကာမဘုံ၌ ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန,ပဉ္စဝိညာဉ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏ ဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာနဟူ၍ ဆယ်ပါးရှိ၏။

ရူပဘုံ၌ တဒါရုံကိုချ၍ ၉-ဌာနရှိ၏။ အရူပဘုံ၌ပဋိသန္ဓေ, ဘဝင်,အာဝဇ္ဇန်း, ဇော, စုတိ အားဖြင့် ၅-ဌာနရှိ၏ ဟူပေ။

၃၂-ဒွါရ ၆-တန် ရုပ်နာမ် ကောက်ပုံကို ပြခြင်း

မေး။ ။ဒွါရ ၆-တန်၊ တံခါးမှန်သည်၊ ရုပ်နာမ် ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။စက္ခုပသာဒရုပ်သည် စက္ခုဒွါရ၊ သောတပသာဒရုပ်သည် သောတဒွါရ၊ ဃာနပသာဒရုပ်သည် ဃာနဒွါရ၊ ဇိဝှါပသာဒ ရုပ်သည် ဇိဝှါဒွါရ၊ ကာယပသာဒ ရုပ်သည် ကာယဒွါရ၊ ဘဝင်စိတ်သည် မနောဒွါရ မည်ရကား ရုပ်ဒွါရ ၅-ပါး နာမ် ဒွါရ တပါးဟု ကောက်အပ်၏။

ဤ ပသာဒရုပ်တို့သည် အဘယ့်ကြောင့် ဒွါရမည်သနည်းဟူမူ ဒုဝေ ဇနာ အရန္တိ ဂစ္ဆန္တိ ဇတေနာတိ ဒွါရံ - ဟူသော ဝစနတ္ထကြောင့် ဒွါရ မည်၏။ ဇတေန၊ ဤအပေါက်ဖြင့်။ ဒုဝေ ဇနာ၊ ထွက်သူဝင်သား လူနှစ်ပါးတို့သည်။ အရန္တိ ဂစ္ဆန္တိ၊ သွားလာ ထွက်ဝင်တတ်ကုန်၏။ ဤတိတသွာ၊ ထိုသို့ သွားလာ

http://www.dhammadownload.com

ထွက်ဝင်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအပေါက်သည်။ ဒွါရံ၊ ဒွါရ မည်၏။ လူတို့၏ ထွက်ဝင်ကြောင်း ဖြစ်သော တံခါးပေါက်ရ၏။

ယံ ရွှပ်၊ အကြင်ရုပ်သည်။ ဒွါရံ ဝိယ၊ တံခါးပေါက်ကဲ့သို့တည်း။ကွတိတသွာ၊ ထိုသို့ တံခါးပေါက်ကဲ့သို့ဖြစ်သော သတ္တိကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ တံခါး ပေါက်နှင့်တူသော ရုပ်, နာမ်ရ၏။

ထိုဒွါရဠ် ဖြစ်သော စိတ်တို့သည် ဒွါရေ ပဝတ္တာ ဒွါရိကော- ဟူသော ဝစနတ္ထကြောင့် ဒွါရိက မည်ကုန်၏။

၇၃-မနောဒွါရ၏ သရုပ်ကို ပြဆိုခြင်း

မေး။ ။ဘဝင် တဆယ့်ကိုးခုသည် ဘယ့်ကြောင့် မနောဒွါရမည်သနည်း။

ဖြေ။ ။မနာနံ ဒွါရံ မနောဒွါရံ။မနာနံ၊ အာဝဇ္ဇန်း အစရှိသော စိတ်တို့၏။ ဒွါရံ၊ ဖြစ်ကြောင်းတည်း။ မနောဒွါရံ၊ အာဝဇ္ဇန်း အစရှိသော ဝီထိ စိတ်တို့၏ ဖြစ်ကြောင်း။ ဤသို့သော ဝစနတ္ထနှင့်အညီ ပဉ္စဒွါရာဝဇ္ဇန်း အစရှိသော ဝီထိ စိတ်တို့၏ ဖြစ်ကြောင်းဖြစ်၍ တံခါးဝနှင့် တူသော်ကြောင့် မနောဒွါရ•မည်၏ ဟူပေ။

ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် မနောဒွါရမည်သော်-

ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဝိညာဉ်၏ဖြစ်ကြောင်း,

ပဉ္စဝိညာဉ်သည် သမ္ပဋိစ္ဆိုင်း၏ ဖြစ်ကြောင်း,

သမ္ပဋိစ္ဆိုင်းသည် သန္တီရဏ၏ ဖြစ်ကြောင်း,

သန္တီရဏသည် ဝုဋ္ဌော၏ ဖြစ်ကြောင်း,

ဝုဋ္ဌောသည် ဇော၏ ဖြစ်ကြောင်း—

ဖြစ်သည်မဟုတ်လော၊ ဤစိတ်တို့လည်း မနောဒွါရ မည်ကောင်းပါ၏တကား ဟူငြားအံ့။ အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်ပင် မနောဒွါရ မည်သည်ချည်း ဖြစ်၏။

ယင်းသို့ဖြစ်သော်လည်း ဘဝင်မှတပါးသော စိတ် ၇၀-မှာ မိမိသည် ဒွါရလည်း မည်၏။ ဒွါရဠ် ဖြစ်တတ်သောကြောင့် ဒွါရိကလည်း မည်၏။

ဘဝင် ၁၉-ခုမှာမူကား ဒွါရသာ မည်သည်။ ဒွါရိက မမည်ပေ။ ထို့ကြောင့် ဘဝင် ၁၉-ခုကိုသာ ဒွါရအမည်ဖြင့် ခေါ်လေသည်ဟု ဖြေ။

http://www.dhammadownload.com

၂၄-ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း

မေး။ ။ဘဝင် ၁၉-ခုသည် မနောဒွါရ မည်ပါလျက် အနုဂ္ဂါဆရာသည် ဘယ့်ကြောင့် ဒွါရဝိမုတ် ဆိုပါသနည်း။

ဖြေ။ ။ဒွါရေ နိဗ္ဗတ္တော ဝိမုတ္တာနိ ဒွါရဝိမုတ္တာနိ· ဟူသော ဝစနတ္ထနှင့် အညီ ဒွါရ၌ဖြစ်ခြင်းမှ ကင်းလွတ်သောကြောင့်သာ ဒွါရဝိမုတ်ဆိုပါသည်။ ဒွါရ မဟုတ်သောကြောင့် မဆိုပါဟု ဖြေ။

၂၅-ပဥ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း

မေး။ ။ပဥ္စဒွါရ၊ နိစ္စမကွာ၊ ဖြစ်ခြင်းရာသည်၊ စိတ်သာတစု ဘယ်မျှနည်း။

ဖြေ။ ။ဒွေပဥ္စဝိညာဉ်တဆယ်, မနောဓာတ် ၃-ခုအား ဖြင့် ၁၃-ပါးသော စိတ်သည် ပဥ္စဒွါရ၌သာ ဖြစ်၏ ဟူပေ။

၂၆-မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း

မေး။ ။မနောဒွါရ၊ ဆိုကုန်ကြသည်၊ မုချဘယ်တွင် ဖြစ်သနည်း။

ဖြေ။ ။ရှေးရှေးသောစိတ်သည် နောက်နောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်၍ မနောဒွါရမည်ရကား အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်သည်ပင် မုချအားဖြင့် မနောဒွါရမည်သည်။ ထို့ကြောင့် အဋ္ဌသာလိနီ၌ သဗ္ဗော မနော မနောဒွါရံ-ဟု မိန့်၏။

၂၇-မနောဒွါရ၌ မဖြစ်သောစိတ်ကို ပြခြင်း

မေး။ ။နာမ်, ဒွါရမှာ၊ မဖြစ်ရာသည်၊ စိတ်သာဘယ်မျှ ကြွင်းသနည်း။

ဖြေ။ ။ဒွေပဥ္စဝိညာဉ်တဆယ်, မနောဓာတ်သုံးခု, ဝုဋ္ဌော ဤ ၁၄-ခု ကြွင်းသည် ဟူပေ။

၂၈-ဒွါရတို့၏ ရုပ်ကလာပ် အရေအတွက်ကို ပြခြင်း

မေး။ ။ဒွါရ ၆-ဖြာ၊ ဖြစ်သောခါဝယ်၊ ပါသည်ကိုယ်စီ၊ အညီကလာပ် ဘယ်မျှနည်း။

ဖြေ။ ။စက္ခုဒွါရဟု ခေါ်အပ်သော ပသာဒရုပ်၌ အဝိနိဗ္ဘောဂရုပ်ရှစ်ခု, စက္ခု ပသာဒ, ဇီဝိတိန္ဒြေ အားဖြင့် ၁၀-ပါးသော် ရုပ်အစုသည်၎င်း, ကာယ-ပသာဒ, မိန်းမတို့အား ဣတ္ထိဘော, ယောကျ်ားတို့အား ပုမ္ဘော သုက်သွေးဟု ဆိုအပ်သော သမ္ဘဝရုပ်, အလုံးအလျောင်း မြင်စကောင်းသော သဏ္ဌာန၌

http://www.dhammadownload.com

အားဖြင့် လေးပါးသော်ရုပ်သည်ထင်း ရှိလေရကား ပေါင်းသော် အကျဉ်း အားဖြင့် ၁၄-ပါးရှိသည်။

အကျယ်အားဖြင့်ကား အဝိနိဗ္ဘောဂရုပ် ရှစ်ခု, သမ္ဘဝ, သဏ္ဌာန ဤရုပ် ၁၀-ပါးသည် ကံ, စိတ်, ဥတု,အာဟာရ တည်းဟူသော အကြောင်းလေးပါး ဖြင့် ဖြစ်ရကား ၄၀-ပြားသည်။ စက္ခုပသာဒ, ကာယပသာဒ, ဘာဝ, ဇီဝိတိန္ဒြ ဤရုပ်လေးပါးသည် ကံကြောင့်သာ ဖြစ်ရကား ဤအတိုင်းယူ၍ ပေါင်းသော် ၄၄-ပါးရှိသည်။

ထိုရုပ်တို့တွင် စက္ခုပသာဒသည် ရူပါရုံ၌ အဘိမုခီဘူတ ဖြစ်သောအခါ စက္ခုဒသက ကလာပ်သာ ဖြစ်သည်။ထိုကလာပ်သည် သတ္တရသာယုကဖြင့် ချုပ်ပြီးသောနောက် မိန်းမသည် ယောကျ်ားအား၊ ယောကျ်ားသည် မိန်းမအား တပ်သော စိတ်သည်ဖြစ်အံ့၊ ဘာဝဒသကကလာပ် ဥပါဒ်ပြန်၍ သတ္တရသာယုက ဖြင့် ချုပ်၏။ မတပ်ငြိပဲ ပကတိမြင်ရုံသာဖြစ်အံ့၊ ဘာဝဒသက ကလာပ်မဖြစ်။ သောတပသာဒ စသည်တို့၌လည်း ဤနည်းတူ ယူအပ်၏။

ကာယဒသကမူကား ဖောဋ္ဌဗ္ဗာရုံနှင့် ကြုံသောအခါမှ ဖြစ်၏။ ဤသို့ ဖြစ်ကောင်းရကား ဒွါရငါးပါးတွင် တပါးပါး၌ ကလာပ်နှစ်စည်းစီ ဖြစ်ကောင်း၏ ဟူပေ။

သမ္ဘဝရုပ် ဟူသည်ကား လူတို့အား ၁၄-နှစ်, ၁၅-နှစ် ရှိသောအခါ ထုက ဗွန်းငြိသဖြင့် ဖြစ်ပေါ်သော သုက်သွေးကို **သမ္ဘဝရုပ်** ဆိုသည်။

သဏ္ဌာနရုပ် ဟူသည်ကား ပရမတ်ဖြစ်သော ရုပ်တို့ ပေါင်းစည်း၍ အလုံးအလျောင်း မြင်ကောင်းအောင်တည်သော သဏ္ဌာန်ကို သဏ္ဌာနရုပ်ဆိုသည်။ ဤရုပ်နှစ်ပါးကို သံဂါယနာ ဆရာတို့ သွင်း၍ ပြသည်။ သင်္ဂြိဟ် ဆရာကမူကား သမ္ဘဝရုပ်ကို အာပေါဓာတ်၌ သွင်း၍ သဏ္ဌာနရုပ်ကို ဝဏ္ဏ၌ သွင်း၍ ပြသည်။

၃၉-အာရုံ,အာရမ္မဏိက ခွဲခြား၍ ပြခြင်း

မေး။ ။အာရုံ အာရမ္မဏိက၊ သမုတ်ကြ၏။ အာရမ္မဏိက၊ နာမခေါ်ဘုယ်၊ အဘယ်တရားပေတို့နည်း။

ဖြေ။ ။စက္ခုဝိညာဉ်ဖြင့် မြင်အပ်သမျှသောရုပ်သည် ရူပါရုံမည်၏။ သောတဝိညာဉ်ဖြင့် ကြားအပ်သမျှသော သဒ္ဒရုပ်သည် သဒ္ဒါရုံမည်၏။ ဃာနဝိညာဉ်ဖြင့် နံအပ်သောရုပ်သည် ဂန္ဓာရုံမည်၏။ ဇိဝှါဝိညာဉ်ဖြင့် သိအပ်သောရုပ်သည်

http://www.dhammadownload.com

ရသာရုံမည်၏။ကာယဝိညာဉ်ဖြင့်တွေ့အပ်သောရုပ်သည် ဖောဋ္ဌဗ္ဗာရုံမည်၏။စိတ်စေတသိက်, ပသာဒရုပ်, သုခုမရုပ်, နိဗ္ဗာန်, ပညတ် ဤ၆-ပါးသည် ဓမ္မာရုံမည်၏။

ဘယ့်ကြောင့် အာရုံမည်သနည်းဟူမူ-"စိတ္တစေတသိကေဟိ မုခံကတ္ဒာ လမ္မိယတီတိ အာလမ္မဏံ"ဟူသော ဝစနတ္ထနှင့်အညီ အားနည်းသောသူသည် စွဲကိုင်အပ်သော တောင်ဝှေးကဲ့သို့ စိတ်, စေတသိက်တို့သည် စွဲကိုင်အပ်သောကြောင့် အာရုံမည်၏။

တနည်းကား။ ။"စိတ္တ စေတသိကေဟိ အာဂန္ဓာ ရမန္တိ တ္ထောတိ အာရမ္မဏံ"ဟူသော ဝစနတ္ထနှင့်အညီ စိတ်, စေတသိက်တို့သည် လာ၍မွေ့လျော်ရာဖြစ်သောကြောင့်လည်း အာရုံမည်၏ ဟူပေ။

ရုပ်နှင့်ရူပါရုံ အထူးကား စက္ခုဝိညာဉ်မဆွဲကိုင်သေးသော မြေ,ရေ,သစ်ပင်စသောရုပ်သည် ရုပ်သာမည်၏၊ ဆွဲကိုင်သောအခါ ရူပါရုံမည်၏။

ပုံကားလူမကိုင်သေးသော 'ဒုတ်သည် ဒုတ်သာမည်၏။ လူကိုင်သောအခါ တောင်ဝှေးမည်သကဲ့သို့တည်း။ ဤအာရုံ ၆-ပါး၌ ကျက်စားတတ်သော စိတ်, စေတသိက်တို့သည်-

"အာရမ္မဏေ ပဝတ္တော အာရမ္မဏိကော"ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌ ဖြစ်တတ်သောကြောင့် အာရမ္မဏိကမည်၏။

၈၀-အာရုံ ၆-ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း

မေး။ ။အာရုံ ၆-ဖြာ ဖြစ်မြဲရာတွင် ဘယ်အာရုံက များသနည်း။

ဖြေ။ ။ဓမ္မာရုံသည် ပသာဒရုပ် ၅-ခု၊ သုခုမရုပ် ၁၆-ခု၊ စိတ်တခုယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊နိဗ္ဗာန်၊ပညတ် အားဖြင့် ၆-ပါးပြားသည်ဖြစ်၍ ဓမ္မာရုံက များသည်ဟူပေ။

၈၁-ဓမ္မာရုံကို အာရုံပြုသော စိတ်များကို ခွဲခြား၍ပြခြင်း

မေး။ ။ရုပ်, နာမ်, ပညတ်၊ သုံးရပ်ဖြစ်တုံ၊ ဓမ္မာရုံကို၊ ပြုကုန်ကြသည်၊ ထိုမျှစိတ်မှာ၊ ဘာသာဘယ်သို့ ကောက်မည်နည်း။

ဖြေ။ ။ပသာဒရုပ်ကို အာရုံပြု၍ ၄၃-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ သုခုမရုပ်ကို အာရုံပြု၍လည်း ၄၃-ပါး၊ ကာမစိတ် စတုပညာသကို အာရုံပြု၍လည်း ၄၃-ပါးသော စိတ်ထို့သည် ဖြစ်ကုန်၏။ ၄၃-ပါး ဟူဆော်ကား

http://www.dhammadownload.com

ကဲ့သ့ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံ ဇကာဒသ, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့တည်း။

ရူပစိတ် ၁၅-ခုကို အာရုံပြု၍၎င်း, အရူပစိတ်ကို အာရုံပြု၍၎င်း, အနိယတအားဖြင့် ၃၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၃၁-ပါးဟူသော်ကား ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၈-ခု, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့တည်း။

အရူပစိတ်ကို အာရုံပြု၍ နိယတအားဖြင့် ၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၆-ပါးဟူသော်ကား ဝိညာဏဉ္စာယတန ၃-ခု၊ နေဝသညာနာသညာယတန ၃-ခု ဤ ၆-ပါးတည်း။

အောက်မဂ် ၃-ခု, အောက်ဖိုလ်, ၃-ခုအားဖြင့် ၆-ပါးသော လောကုတ္တရာစိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေအားဖြင့် ၁၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

အရဟတ္တဖိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, ကြိယာအဘိညာဉ်အားဖြင့် ၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

စေတသိက် ဒွေပညာသကို အာရုံပြု၍ ၄၉-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၄၉-ပါး ဟူသည်ကား ယခင် ၄၃-ပါးတွင် ဒုတိယ စတုတ္ထာရုပ္ပစိတ် ၆-ခုကို ထည့်၍ ၄၉-ပါး ဖြစ်သတည်း။

နိဗ္ဗာန်ကို အာရုံပြု၍ နိယတအားဖြင့် ရှစ်ပါး, အနိယတအားဖြင့် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ရှစ်ခု, အဘိညာဉ်ဒွေအားဖြင့် ၁၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ပညတ်ကို အာရုံပြု၍ နိယတအားဖြင့် ၂၁-ပါးသောစိတ်၊ အနိယတအားဖြင့် ၃၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ဆောင်ပုဒ်။ ။ပသာဒနှင့် သုခုမရူပါ၊ ကာမာစိတ္တာ၊ ၃-ဌာနမှာ၊ တေစတ္တာ၊ ရူပါ ရူပ၊ ကော်တိ သ။

အောက်မဂ်,၃-ဖြာ၊ ဖိုလ် ၃-ဖြာ၌၊ ကောဒသ၊ အရဟတ္တမှာ၊ ၆-ခုသာ၊ အာရမ္မဏိက၊ စိတ်ပေါင်းရ။

စေတသိက်မှာ၊ နောစတ္တာ၊ ပညတ္တာရမ္မဏာ၊ ကော်ဗီသ။

အနိယတ်မှာ၊ ကော်တိ သာ၊ သွင်းပါ ကုန်ကြ၊ ပေါင်း ဒွေပညာသ။

http://www.dhammadownload.com

ဤ အကျဉ်းကို အာဂုံဆောင် ပါဠိ ပါဠိနှင့် မှတ်သိလိုမူ သုစိတ္တာလင်္ကာရ ကျမ်းတွင်ယူလေ။

ဂျ-မနောဒွါရဋ္ဌ ဖြစ်သောစိတ်တို့၏ အာရုံကိုပြခြင်း

မေး။ ။မျက်မှောက် ရှုးနှောင်း၊ အပေါင်းပညတ်၊ နှံ့စပ်ကုန်စင်၊ ဘယ် ဒွါရမှာ ထင်သနည်း။

ဖြေ။ ။မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဘိမေ့ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာလမ္ဗဏံဟောတိ–

ဟူသော ပါဠိနှင့်အညီ ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, အနာဂတ်ကာလ, ကာလ ၃-ပါးမှ လွတ်သောပညတ် ဤ ၃-ရပ်ဌဖြစ်သော အာရုံ ၆-ပါးသည် မနောဒွါရဋ္ဌ ထင်၏ဟူပေ။

ဂ၃-မရဏာသန္နဇောတို့၏ အာရုံကို ပြဆိုခြင်း

မေး။ ။မရဏာသန္န၊ ထိုကာလမှာ၊ ဒွါရ ၆-ဖြာ၊ နာဂတ်သာ၊ အာရုံပြုနိုင်သေး၏လော။

ဖြေ။ ။မရဏာသန္နဇော ဟူသမျှသည် အနာဂတ်ကို အာရုံမပြု၊ ပစ္စုပ္ပန်ကို ၎င်း, အတိတ်ကိုဌင်း အာရုံပြု၏ဟူပေ။

ဤဌ ထင်စွာဆိုဦးအုံ။ မရဏာသန္နကာလ၏ အနီးဌဖြစ်သော စိတ်တို့သည် လေးဝီထိ, ငါးဝီထိ ခန့်ကပင် ကံကိုသော်ဌင်း၊ ကမ္မနိမိတ်ကိုသော်ဌင်း၊ ဂတိနိမိတ်ကိုသော်ဌင်း အာရုံပြုကုန်သည်။

ထိုသို့ပြုရာတွင် ကုသိုလ်, အကုသိုလ် စေတနာသည် ကံမည်၏။ ထိုကံသည်, ချုပ်လေပြီးဖြစ်၍ အဟိတ်သာတည်း၊ ထိုအတိတ်ဖြစ်သောကံကို ကာမပဋိသန္ဓေ-၁၀ ဘဝင်- ၁၀ စုတိ -၁၀ တို့သည် အာရုံပြုကုန်၏။

ကံ၏ အာရုံဖြစ်သော ကျော်ငြား ဘုရားစသော အဆောက်အဦသည် ကမ္မ-နိမိတ်မည်၏။ ထို ကမ္မနိမိတ်သည် အတိတ်, ပစ္စုပ္ပန်, ပညတ်အားဖြင့် ၃-ပါး ပြား၏။ ထိုကမ္မနိမိတ်ကို ပဋိသန္ဓေစိတ် ကျေနပ်သ ဘဝင်ကျေနပ်သ, စုတိ ကျေနပ်သ တို့သည် အာရုံပြုကုန်၏။

လားလတ္တံ့သောဘဝဌ ရှေ့ရှုထင်သော အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း စသည်တို့သည် ဂတိနိမိတ်မည်၏။ ထိုဂတိနိမိတ်သည် မရောက် မတွေ့သေး

http://www.dhammadownload.com

သော်လည်း အိပ်မက် မြင်သကဲ့သို့ ထင်ရကား ပစ္စုပ္ပန်သာတည်း။ ထိုဂတိနိမိတ်ကို ကာမပဋိသန္ဓေ- ၁၀ ဘဝင်-၁၀ စုတိ-၁၀တို့သည် အာရုံပြုကုန်၏။

တနည်းကား။ ။မရဏာသန္နဇောသည် ဖ-ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်, အတိတ် ဖြစ်သော ပဥ္စာရုံ ကမ္မနိမိတ်သည် ကာမပဋိသန္ဓေ, ဘဝင်တို့၏ အာရုံဖြစ်၏။ ထို့အတူ အတိတ်ဖြစ်သော ပဥ္စာရုံ ကမ္မနိမိတ်သည် စုတိစိတ်၏ အာရုံဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော အတိတ်ဖြစ်သော ဓမ္မာရုံ ကံ, ကမ္မနိမိတ်သည် ကာမပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်သာ ဖြစ်သော ရူပါရုံ ဂတိနိမိတ်သည် ကာမပဋိသန္ဓေ ဘဝင်တို့၏ အာရုံဖြစ်၏။

မနောဒွါရဖြင့်ယူအပ်သော ပညတ်ဖြစ်သော ဓမ္မာရုံ ကမ္မနိမိတ်သည် ရူပ-ပဋိသန္ဓေ ၅-ခု, ပထမ တတိယာရုပ္ပပဋိသန္ဓေတို့၏ အာရုံဖြစ်၏။ ဒုတိယ, စတုတ္ထာရုပ္ပတို့၏ အာရုံကား အတိတ်ဓမ္မာရုံသာ ဖြစ်၏။ (ဤကား ဋီကာကျော်နည်းပေတည်း။)

၈၄-သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း

မေး။ ။သေက္ခပုဂ္ဂိုလ်၊ အကုသိုလ်ကို၊ နှင်ဖျက်ပြီတုံ၊ အာရုံဖြစ်ရ၊ အနေ-ကမျှ မစောလော။

ဖြေ။ ။မဂ်ဖလဥ္စ နိဗ္ဗာန်၊ ပစ္စဝေက္ခဏဝီထိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခဏဝီထိ ဝါ နှ ဝါ။

ပဏ္ဍိတော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ မဂ္ဂဥ္စ၊ မဂ်ကိုဂျင်း။ ဖလဥ္စ၊ ဖိုလ်ကိုဂျင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်ကိုဂျင်း။ ပစ္စဝေက္ခဏဝီထိ၊ အာရုံပြု၍ဆင်ခြင်၏။ ဟီနေ၊ မိမိပယ်အပ်ကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့ကိုဂျင်း။ သေသေ စ၊ ကြွင်းသေးသော ကိလေသာတို့ကိုဂျင်း။ပစ္စဝေက္ခဏဝီထိ ဝါ၊ဆင်ခြင်သည်လည်းရှိ၏။ နှ ဝါ ပစ္စဝေက္ခဏဝီထိ၊ မဆင်ခြင်သည်သည်းရှိ၏။ ဤဂါထာဖြင့် ဖြေလေ။

၈၅-ဉာဏသမ္ပယုတ် မဟာကုသိုလ်
နိဗ္ဗာန်အာရုံပြုနိုင်ပုံကိုပြခြင်း

မေး။ ။လောကုတ္တရာ၊ စိတ်သာအမှန်၊ နိဗ္ဗာန်အာရုံ၊ ကြုံ၏ဆိုသော်၊ မဟာကုသိုလ်၊ ထိုကိုရုံခါ မပြုလော။

http://www.dhammadownload.com

ဖြေ။ ။မနောဒ္ဒါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု, မဟာ-ကြိယာဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒ္ဒေ ဤ ၁၀-ပါးသော စိတ်တို့သည် ရံခါပြုနိုင်ပါ၏။ ပြုနိုင်သည်ဆိုသော်လည်း မဟာကုသိုလ်တိုင်း မဟုတ်သေးပေ။ မဂ်၏ ရှေအဖို့၌ကျသော ဂေါတြဘူကိစ္စတပ်သော ကုသိုလ်သာလျှင် ပစ္စက္ခ အားဖြင့် အာရုံပြုနိုင်သည်။ ပုထုဇဉ်သာမန်တို့၏ ကုသိုလ်မူကား အနုမာန အား ဖြင့်သာ အာရုံပြုနိုင်သည်။

ထို့ ကြောင့် ဋီကာကျော်၌-

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ ကလျာဏ ပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ-

ဟူ၍ မိန့်တော်မူသည်။

ပုထုဇဉ်သာမညကို မဆိုထားဘိ၊ တိဟိတ် ပဋိသန္ဓေနေ၍ စျာန်သမာပတ်ကို ရသော သုမေဓာရှင်ရသေ့တို့မှလည်း အနုမာန ဖြင့်သာ သိရကြောင်းကို ပါရမီ ခန်း၌-

သုမေဓာသည်၊ ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ကေန်တိတိ၊ ဉာဏ်မျက်စိဖြင့်၊ ပါဋိသရုပ်၊ ပါဌ်သားငုပ်ကို၊ ဖွေထုတ်ကျမ်းလာ၊ မြင်ချေ ပါသို့-

ဟူ၍ စပ်ဆိုလေသည်။

ဂ၆-ဝတ္ထု ၆-ပါးကို တည်ရာဌာနအားဖြင့် ပြခြင်း

မေး။ ။ဝတ္ထု ၆-ပါး၊ တရားအရ၊ ဟဒယဝတ္ထု၊ ဖြစ်မှုဘယ်အရပ်တွင်နည်း။

ဖြေ။ ။ဝသန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု။ ။ဧတ္ထ၊ ဤရုပ်၌။ စိတ္တ-စေတသိကာ၊ စိတ်, စေတသိက်တို့သည်။ ဝသန္တိ၊ မှီ၍နေတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့မှီရာဖြစ်သောသတ္တိကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။

ဤသို့သော ဝစနတ္ထနှင့်အညီ မှီရာဖြစ်သောရုပ်သည် စက္ခုဝတ္ထု, သောတ-ဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဟူ၍ ၆-ပါး အပြားရှိ၏။

http://www.dhammadownload.com

ထို ၆-ပါးတို့တွင် မံသဝတ္ထု၏အလည်ရွှေဝယ် တည်နေသောသူတို့၏ အရုပ်ထင်ကောင်းသော မျက်လွှာ ၂-ထပ်တို့၏အတွင်း၌ သန်းဦးခေါင်းခန့်မျှ ရှိသော ကြည်စွာသော ပသာဒရုပ်သည် စက္ခုဝတ္ထုမည်၏။

နှားတို့၏အတွင်း၌ လက်စုပ်ကဲ့သို့ ကြန့်ကြန့်နီသော မွေးနု ရှိသော ပသာဒရုပ်သည် သောတဝတ္ထုမည်၏။

နှာခေါင်းတို့၏ အတွင်း၌ ဆိတ်ခြေ, ခွါ သဏ္ဌာန်ကဲ့သို့ ရှိသော ပသာဒရုပ်သည် ဃာနဝတ္ထု မည်၏။

ခံတွင်းတို့၏ အတွင်းဝယ် လျှာအလယ်အရပ်၌ ကြာရွက်ညှန့်သဏ္ဌာန်ကဲ့သို့ရှိသော ပသာဒရုပ်သည်။ ဇိဝှါဝတ္ထုမည်၏။

ဆံ, အမွေး, ခြေသည်း, လက်သည်းစသော ကမ္မဇတေဇောဓာတ်တို့မှ လွတ်သော ကိုယ်အလုံးတို့၌ ခဲဓိစ္စတ်သော ဝါဂွမ်းကဲ့သို့ စိုစွတ်စွာတည်သော ပသာဒရုပ်သည် ကာယဝတ္ထုမည်၏။

ရင်ချိုင့်၏ အတွင်းသားကို မှီလျက် မျောက်လုပ်သီးပြွတ်ကဲ့သို့ တွဲလျားတည်သောနှလုံးသား၏အကွင်း ပုန်းညက်စေ့ဆဲ့လောက်ရုံသောကျင်း၌ အဆင်း ၆-ပါးဖြင့်တည်သော သွေးသည် ဟဒယဝတ္ထုမည်၏ ဟူ၍ ဖြေပေ။

၈၇-ဟဒယဝတ္ထု၏ အဆင်း ၆-ပါးကို ပြခြင်း

မေး။ ။နှလုံးသွေးသား၊ ၆-ပါးစရိုက်၊ စိတ်သို့လိုက်၍၊ ဖြစ်ခိုက် ဘယ်သို့ထူးသနည်း။

ဖြေ။ ။ဤ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးသွေးသည် ရာဂစိတ် ဖြစ်သောအခါ ခေါင်ရန်းပန်းကဲ့သို့ ခြင်းခြင်းနီသည်။

ဒေါသစိတ် ဖြစ်သောအခါ သစ်စေးကဲ့သို့ မည်းနက်သောအဆင်း ရှိသည်။

မောဟစိတ် ဖြစ်သောအခါ သားဆေးရေ အဆင်းကဲ့သို့ ညစ်ကျုသည်။

ဝိတက်ကြီးသော အခါ ပဲပြုတ်ရည်ကဲ့သို့ နောက်သောအဆင်း ရှိသည်။

သဒ္ဓါတရား ဖြစ်သောအခါ မဟာလှေကားပန်းကဲ့သို့ဝါသောအဆင်း ရှိသည်။

ပညာ ဖြစ်သောအခါ ကျောက်မျက်ကဲ့သို့ ပြိုးပြိုးပြက်သောအဆင်းရှိသည်။ ဤသို့ ထူးကြ၏ ဟူပေ။

http://www.dhammadownload.com

စိတ်ဖြစ်သောအခါသာလျှင် ထူးခြားရှိဖြစ်သည် မဟုတ် မူလရင်းကလည်း ပုဂ္ဂိုလ်ချင်းမတူ။

ဆာဂစရိုက် ရှိသောသူအား နီသည်။
ဒေါသစရိုက် ရှိသောသူအား မှည်းသည်။
မောဟစရိုက် ရှိသောသူအား ညစ်ကျုံသည်။
ဝိတက်စရိုက် ရှိသောသူအား ပဲပြုတ်ရည်ကဲ့သို့ နောက်သည်။
သဒ္ဓါစရိုက်ရှိသောသူအား ဝါသည်။
ပညာစရိုက်ရှိသောသူအား ပြိုးပြိုးပြက်ရှိသည် ပင်တည်း။

ဆောင်ပုဒ်။ ။နီမြန်းရာဂ၊ ဒေါသမည်းငြား၊ သားခွေးမောဟ၊ တက္က ပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာပြိုးပြက်၊ ဧဟေတမျက်သွင်၊ အဆောင်ထင်သည်၊ ဖြ-အင် ဟဒယအာဆင်းတည်း။

၈၈-ဝိညာဉ် အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း.

မေး။ ။ပဥ္စဝိညာဉ်၊ သဏ္ဌာန်လက္ခဏာ၊ တူလျှစ်ဘသည်၊ ပမာဘယ်သို့ ဟောသနည်း။

ဖြေ။ ။ဝမ္မိကဥဒကာကာသဂါမသိဝထိကသခ်ါတဂေါစရနိန္နာ ဝိယ စ အဟိသုသုမာရ ပက္ခီ ကုက္ကုရ သိင်္ဂါလာရူပါဒိဂေါစရနိန္နာဝ၊ ဧဘော စက္ခာ-ဒယောတိ ဒဋ္ဌဗ္ဗာ။ ။(သင်္ဂဟဒီပနီ)။

အဟိ, သုသုမာရ, ပက္ခီ, ကုက္ကုရ, သိင်္ဂါလာ၊ မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, တောခွေးတို့သည်။ ဝမ္မိကဥဒကာကာသဂါမသိဝထိကသခ်ါတဂေါစရ-နိန္နာ ဝိယ စ၊ တောင်ပို့ အခေါင်း, ရေကြောင်း, ကောင်းကင်, အိမ်စဉ့်, သုသာန်ဟု ဆိုအပ်သော ကျက်စားရာတို့ကို လွန်စွာ ညွတ်ဘိသကဲ့သို့။ ဧတေ စက္ခာဒယော၊ ဤ စက္ခုဝိညာဉ် အစရှိသည်တို့သည်။ ရူပါဒိဂေါစရနိန္နာဝ၊ရူပါရုံ အစရှိသော ကျက်စားရာကို အခါမပြတ် ညွတ်ကုန်၏ ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

http://www.dhammadownload.com

ဤသို့ ကျမ်းလာသောကြောင့်-

စက္ခုဝိညာဉ်သည် မြွေနှင့်တူသည်။
သောတဝိညာဉ်သည် မိကျောင်းနှင့်တူသည်။
ဃာနဝိညာဉ်သည် ငှက်နှင့်တူသည်။
ဇိဝှါဝိညာဉ်သည် အိမ်ခွေးနှင့်တူသည်။
ကာယဝိညာဉ်သည် တောခွေးနှင့်တူသည်-

ဟူ၍သိအပ်၏။

အာရုံငါးပါးမှာလည်း-

ရူပါရုံသည် တောင်ပို့ခါင်းနှင့်တူ၏။
သဒ္ဒါရုံသည် မြစ်ကြောင်းနှင့်တူ၏။
ဂန္ဓာရုံသည် ကောင်းကင်နှင့်တူ၏။
ရသာရုံသည် အိမ်စဉ့်နှင့်တူ၏။
ဖောဋ္ဌဗ္ဗာရုံသည် သုဿာန်ပြင်နှင့်တူ၏-

ဟူ၍ သိအပ်၏။

ဤတွင် ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာမျှား ပြီးပြီ။

http://www.dhammadownload.com

၄-ပိဋကတ်ပါဠိ

http://www.dhammadownload.com

ဝီထိပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

၈၉-ဝိသယပွဝတ္တိ၏ အဓိပ္ပါယ်ကိုပြခြင်း

မေး။ ။ဝိသယပွဝတ္တိ၊ ရှိသည် ၆-စုံ၊ အာရုံတို့၏၊ ဒ္ဒါရတို့၌ ဖြစ်ခြင်း, အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း အရင်းဘယ်သို့ ထူးသနည်း။

ဖြေ။ ။ဝိသယာနံ ဒ္ဒါရေသု ပဝတ္တိ၊ ဝိသယပွဝတ္တိ။ ဝိသယာနံ၊ အာရုံတို့၏။ ဒ္ဒါရေသု၊ ဒ္ဒါရတို့၌။ ပဝတ္တိ ဖြစ်ခြင်းတည်း။ ဝိသယပွဝတ္တိ၊ အာရုံတို့၏ ဒ္ဒါရတို့၌ ဖြစ်ခြင်း။ (ဆဋ္ဌီတပ္ပုရိသ် မဇ္ဈေလောပိဝိဂြိုဟ်)

ဝိသယေသု စိတ္တာနံ ပဝတ္တိ၊ ဝိသယပွဝတ္တိ။

ဝိသယေသု၊ အာရုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းတည်း။ ဝိသယ-ပွဝတ္တိ၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း။ (သတ္တမီတပ္ပုရိသ် မဇ္ဈေလောပိဝိဂြိုဟ်)

ရှေဝစနတ်ကား အာရုံတို့သည် ဒ္ဒါရတို့၌ အလိုလို မဖြစ်လာတဘ်ပဲလျက် ဖြစ်လာသကဲ့သို့ သမ္ဗန်, သမ္ဗန္ဓီ ပြု၍ဆိုရကား တဒ္ဓမ္မူပစာတည်း။

နောက်ဝစနတ်ကား ကျက်စားရာဖြစ်သော အာရုံတို့၌ ကျက်စားတတ်သော စိတ်တို့၏ ဖြစ်ခြင်းကိုစွဲ၍ ဆိုရကား မုချအမည်တည်း။ ဤသို့ ထူး၏ဟူပေ။

၉၀-စက္ခုဒ္ဒါရ ဝီထိစိတ် ဖြစ်ပုံကိုပြခြင်း

မေး။ ။ပသာဒအား၊ ငါးပါးအာရုံ၊ ကြုံကြလတ်သော်၊ ပရမတ်,ပညတ် စပ်၍ဖြစ်ဘိ၊ တဒနုဝတ္တက၊ ဝီထိမှပင်၊ အသိစင်သည်၊ ဘဝင်စပ်ယှဉ်၊ စိတ်စဉ် ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။သတ္တာါတို့၏ သဏ္ဌာန်၌ သတ္တမသတ္တာဟမှစ၍ စိတ္တက္ခဏာဘိုင်း အစဉ်မပြတ် ဖြစ်နေသော စက္ခုပသာဒရုပ်သည် သစ်ပင် စသော ရူပါရုံနှင့် ရှေရှုထင်လတ်သော အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ဟူ၍ ၃-ကြိမ်၊ ထို့နောင် ထိုပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ စိတ်ကို သွင်းတတ်သောပဉ္စဒ္ဒါရာဝဇ္ဇန်း, မြင်တတ်သော စက္ခုဝိညာဉ်, ခံလင့် သကဲ့သို့သော သမ္ပဋိစ္ဆိုင်း, စုံစမ်းလင့် သကဲ့သို့သောသန္တီရဏ မှတ်လင့်သကဲ့သို့သော ဝုဋ္ဌော စိတ်သည်ဖြစ်၏။ ထို့နောင် သိတတ်သော ဇော စိတ် ၇ကြိမ်, ထို့နောင် ထိုဇော၏ အာရုံကို အာရုံပြုတတ်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

http://www.dhammadownload.com

ထိနောင် ထိုအတိတ် ရူပါရုံကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ နှစ်ကြိမ်။ ထိုရူပါရုံကို အာရုံပြု၍ စိတ်ကို သွင်းတတ်သော မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ဇောကိစ္စ ၇-ကြိမ်, တဒါရုံ ကိစ္စ နှစ်ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

ထို့နောင် ထိုရူပါရုံ၏ အဆင်းသဏ္ဌာန်ကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

ထို့နောင် ထိုရူပါရုံ၏ အမည်စသော နာမပညတ် အဘွဲပညတ်ကို သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ဇော ၇-ကြိမ် တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွှေဖြစ်၏။

ဤသို့ လေးဝီထိကျသည်တွင်–

ပထမ ဝီထိကား–ပစ္စုပ္ပန်ရူပါရုံကို

ဒုတိယ ဝီထိကား–အတိတ်ရူပါရုံကို

တတိယဝီထိကား–သဏ္ဌာန ပညတ်ကို

စတုတ္ထ ဝီထိကား–နာမ ပညတ်စသည်ကို အာရုံပြုသည်။

ထို့ကြောင့် ဆရာတို့လည်း–

ရူပံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ။

သဏ္ဌာနံ တတိယဝါရေန၊ နာမာဒိ စတုတ္ထေန ဝါ–

ဟူ၍ မိန့်ကုန်၏။

စက္ခုနှင့် ရူပါရုံ ဆိုင်မိလျှင် မြင်ခြင်းကား အလွန်လျင်သည်။ ဘယ်သို့ ၄-ဝီထိ ဖြစ်နိုင်အံ့နည်းဟူငြားအံ့။

စက္ခုဒ္ဒါရေ ဣဋ္ဌာရမ္မဏံ အနုဘဝိတုကာမေန ဟိ စိတ္တကရူပကာရာ-ဒယော ပဏ္ဍောသာပေတွာ ဣဒံနာမဿ သဇ္ဇေထာတိ ဝတ္တဗ္ဗံ ဟောတိ၊ ဇတ္ထန္တရေ ကောဋိသဟဿာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဇန္တိ။ အထ ပစ္ဆာ တံ အာရမ္မဏံ သမ္မာပုဏာတိ။ သေသဒ္ဒါရေသုပိ ဧသေဝ နယော။

http://www.dhammadownload.com

ဟိ၊ သင့်စွ။ စက္ခုဒ္ဒါရေ၊ စက္ခုဒ္ဒါရ၌။ ဣဋ္ဌာရမ္မဏံ၊ ဣဋ္ဌာရုံကို၊ အနုဘဝိ-တုကာမေန၊ ခံစားလိုသဖြင့်။ စိတ္တကရူပကာရာဒယော၊ဆန်းကြယ်စွာရေးတတ်သော ပန်းချီသမားစသည်တို့ကို။ ပကျောသာပေတွာ၊ ခေါ်စေ၍။ တဿ၊ ထိုပန်းချီသမားအား။ဣဒံနာမဿ၊ဤမည်သောအရုပ်ကို။ သဇ္ဇေထာတိ၊စီရင်လေလော့ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဇတ္ထန္တရေ၊ ဤသို့ဆိုသောအတွင်း၌။ ကောဋိသဟဿာနိ၊ ကုဋေတထောင်ကုန်သော စိတ်တို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ အထပစ္ဆာ၊ ထို့နောင်မှ။ တံ အာရမ္မဏံ၊ ထိုအရုပ်ဟူသော အာရုံသို့။ သမ္ပာပုဏာတိ၊ ကောင်းစွာရောက်၏။ သေသဒ္ဒါ-ရေသုပိ၊ ကြွင်းသောဒ္ဒါရတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။

ဤသို့ သံယုတ် အဋ္ဌကထာသာသည်ကို ဆောက်သော် ရူပါရုံကိုမြင်ရာ၌ ၄-ဝိထိကျ၏ ဆိုခြင်းသည် အရင်းပြမျှသာ ဖြစ်သည်။ နောက်ကို နှလုံးသွင်းများတိုင်း များသေး၏ ဟူပေ။

အဋ္ဌသာလိနီ၌ကား—

> ဧဝံ ဧကေကာရမ္မဏံ ဇဝနံ ဒ္ဒီသု ဒ္ဒီသု ဒ္ဒါရေသု ဥပ္ပဇ္ဇတိတိ ဝေဒိတဗ္ဗံ၊ ရူပါရမ္မဏံ ဟိ ဇဝနံ စက္ခုဒ္ဒါရေပိ၊ ဥပ္ပဇ္ဇတိ၊ မနောဒ္ဒါရေပိ သဒ္ဒါဒိအာရမ္မဏေသုပိ ဧသေဝ နယော–

ဟူ၍ ဆိုသည်။

အဝိပ္ပါယ်ကား။ ။တခုတခုသော အာရုံလျှင် အာရုံရှိသော ဇောသည် နှစ်ပါးနှစ်ပါးသော ဒ္ဒါရတို့၌ ဖြစ်၏ဟူ၍ သိအပ်၏။ ထိုစကားသည် မှန်၏။ ရူပါရုံလျှင် အာရုံရှိသော ဇောသည် စက္ခုဒ္ဒါရ၌ရင်း, မနောဒ္ဒါရ၌ရင်း ဖြစ်၏။ သဒ္ဒါရုံစသည် အာရုံရှိသော ဇောတို့၌လည်း ဤနည်းအတူ မှတ်အပ်၏ ဟူလိုသည်။

၉၁-သောတဒ္ဒါရဝီထိစိတ် ဖြစ်ပုံကို ပြခြင်း

သတ္တဝါတို့၏ သဏ္ဌာန်၌ အဋ္ဌမသတ္တာဟမှစ၍ စိတ္တက္ခဏတိုင်း မပြတ်နေသော သောတ ပသာဒရုပ်သည် ဂေါ, စသော သဒ္ဒါရုံနှင့် ထိလတ်သော် အတီတဘဝင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် သဒ္ဒါရုံ၌ ဝီထိကို သွင်းတတ်သော ပဥ္စဒ္ဒါရာဝဇ္ဇန်း, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်, ထို့နောင် ဘဝင် ၄-ကြိမ်, ၅-ကြိမ် ဖြစ်၏။

http://www.dhammadownload.com

ထို့နောင် အတိတ်သဒ္ဒါရုံကို အာရုံပြု၍ သိလိုသော် ဘဝင်္စလန, ဘဝဂုံပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ် ထို့နောင် ဘဝင် ၄-ကြိမ်, ၅-ကြိမ် ဖြစ်၏။။

ထို့နောင် သဒ္ဒါရုံ၏ နာမပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ်, မနောဒ္ဒါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ် ထို့နောင် ဘဝင် ၄-ကြိမ်,၅-ကြိမ် ဖြစ်၏။။

ထို့နောင်-သဒ္ဒါရုံ၏ အတ္ထပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ်, မနောဒ္ဒါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။။

ဤ ၄-ဝီထိတို့တွင် ရှေးနှစ်ဝီထိကား ပရမတ် ဖြစ်သော အသံသဒ္ဒကို အာရုံပြုသည်။ တတိယဝီထိကား နာမပညတ် ကို အာရုံပြုသည်။ စတုတ္ထဝီထိကား အတ္ထပညတ်ကို အာရုံပြုသည်။

ထို့ကြောင့် ဆရာတို့သည်—

သဒ္ဒံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ဟူ၍ မိန့်ကုန်သည်

အနုရုဒ္ဓါ ဆရာတော်မြတ်လည်း၊ ပစ္စယသင်္ဂဟ၌—

ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္နံ၊ မနောဒ္ဒါရဃ ဂေါစရာ။
အတ္ထာယဃောနုသာရေန၊ ဝိညာယန္တီ တတော ပရံ၊
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ—

ဟူ၍ မိန့်အပ်ပြီ။

ဝစီဃောသာနုသာရေန၊ ဂေါစသော ဝစီမယ သဒ္ဒကို အစဉ်လျှောက်၍ အာရုံပြုသဖြင့်။ ပဝတ္တာယ၊ ဖြစ်သော။ သောတဝိညာဏဝီထိယာ၊ သောတ-ဝိညာဏဝီထိ, တဒနုဝတ္တကမနောဒ္ဒါရဝီထိ၏။ ပဝတ္တာနန္တရုပ္ပန္နမနောဒ္ဒါရဃ၊ ဖြစ်သည်၏အခြားမဲ့၌ နာမပညတ်ကို ကြံသောအခြင်းအရာဖြစ်သော ဝိညာဉ် အစဉ်၏။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ တတော၊ ထိုနာမပညတ်ကို ကြံသော ဝိညာဉ်အစဉ်မှ။ ပရံ၊ နောက်၌။ ယဿ၊ အကြင်သမုတိ, ပရမတ္ထအား ဖြင့် ပြားသော နာမပညတ်ကို။ အနုသာရေန၊ အစဉ်လျှောက်သဖြင့်။ အတ္ထာ၊ အနက်ဒြပ်, တည်းဟူသော အတ္ထပညတ်တို့ကို။ ဝိညာယန္တီ၊ သိရကုန်၏။။

http://www.dhammadownload.com

သာယံ ပညတ္တိ၊ ဆိုသမုတိ့ ပမုမတ္ထအားဖြင့် ပြားသောအတ္ထပညတ်ကို။ လောက-သကေ်တနိမ္မတာ၊ ရှေးရှေးသောသူ လူပညာရှိတို့၏ အမှတ်သကေ်တပညတ် ဖြင့်ပြီး၏ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

ဤသို့ တလုံးသော အက္ခရာရှိသော နာမပညတ်ကို ကြားရာ၌ ၄-ဝိထိဖြစ်၏ ဟူသောစကားသည် အဋ္ဌကထာဆရာတို့၏ ဝါဒတည်း။

မူလဋီကာဆရာတော်ကား ရှေးနှစ်ဝိထိ၏နောက်၌ သုဒ္ဓမနောဒ္ဓါရတဝိထိဖြစ်ပြီးမှ နာမညတ်ကို အာရုံပြု၍ တဝိထိ၊ အတ္ထပညတ်ကို အာရုံပြု၍ တဝိထိ ဖြစ်သည်ဟု ဆို၏။ ဤအလိုသော် ၅-ဝိထိကျမှ ဂေါ့သဒ္ဒါ၏ နှား, ဟူသောအနက်ကို ကုန်စင်စွာသိရသည်။

များသောအက္ခရာရှိသော ပုရိသောဟူသော ပုဒ်၌ ပု,ကိုကြားရာ၌ သောတ-ဒ္ဓါရတဝိထိဖြစ်ပြီးမှ တဒနုဝတ္တကတဝိထိ, ရိ,ကို ကြားရာ၌လည်း ဤနည်းအတူ နှစ်ဝိထိ, သ,ကိုကြားရာ၌လည်း နှစ်ဝိထိဖြစ်ပြီးမှ အက္ခရာအစဉ်ကိုပေါင်း၍ အာရုံပြုသော သုဒ္ဓမနောဒ္ဓါရဘဝိထိ၊ နာမပညတ်ကို အာရုံပြု၍ တဝိထိ၊ အတ္ထပညတ်ကိုအာရုံပြု၍ တဒဿိအားဖြင့် ၃-ဝိထိဖြစ်သည်။ ထိုထက် အက္ခရာများ၌လည်း ဤနည်းအဝူကြံလေ။ ဤကား သုဏန္တပုဂ္ဂိုလ်တို့၏ ဖြစ်ရိုးတည်း။

ဝဒန္တပုဂ္ဂိုလ်၌ဖြစ်ဟန်ကား ဂေါစသောသဒ္ဒါကို ရွတ်လိုသောပုဂ္ဂိုလ်သည် ထိုဂေါ့သဒ္ဒါ၏မှိရာခန္ဓာ ပဥ္စက, ဒြပ်၌ရှိသော ရုပ်, နာမ် တရားတို့၏ ရုပ္ပန နမန လက္ခဏာတည်းဟူသော တဇ္ဇာပညတ်, ယင်းလက္ခဏာကိုစွဲ၍ ရုပ်နာမ်ဟူသမုတ်အပ်သော ဥပါဒါပညတ်, ထိုရုပ်,နာမ် ခန္ဓာငါးပါး အပေါင်းတည်းဟူသော သမူဟပညတ်ထိုတရားတို့၏ အစီအစဉ်တည်းဟူသော သန္ဌာန်ပညတ်, ထိုသန္ဌာန်တို့၏ပရမတ္ထအားဖြင့် ထင်ရှားဖြစ်ခြင်းတည်းဟူသော ပရမတ္ထ အတ္ထပညတ်, ထိုအတ္ထကို မှတ်ကြောင်းဖြစ်သော လောကသမုတိ ဟု ဆိုအပ်သော သကေ်တပညတ်, ယင်းသကေ်တတို့ကို ပြတတ်သော သုဏန္တတို့၏ ဉာဏ်အား ပကတ္တုပနိဿယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော မနသာဝဝတ္ထာပိတ သဒ္ဒပညတ်ကို အာရုံပြု၍ ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဓါရာဝဇ္ဇန်း, ဇော ၇-ကြိမ် ဖြစ်၏။ ထိုဇောစိတ်တို့သည် ဝိညတ်နှင့်တကွသော စိတ္တဇရုပ်ကိုဖြစ်စေ၏။ ယင်းသို့ဖြစ်စေရာ သတ္တမဇော၌ သဝိညတ္တိက ဝစီဘေဒသဒ္ဒဟူသော ဂေါ သဒ္ဒါသည်ဖြစ်၏။ ထိုကြောင့် သမ္မန္နစိန္တာ ဋီကာ၌—

http://www.dhammadownload.com

တဇ္ဇောပါဒါ သမူဟဉ္စ၊ သန္တတိ အတ္ထသင်္ကေတံ
သဒ္ဒပညတ္တိ မာလမ္ပ၊ ဝဒန္တေ ဝတ္တတေ စိတ္တံ-

ဟူ၍ မိန့်အပ်၏။

ဝဒန္တေ၊ ရွတ်ဆိုသောပုဂ္ဂိုလ်၌။ တဇ္ဇောပါဒါ သမူဟဉ္စ၊ တဇ္ဇာ ပညတ်, ဥပါဒါပညတ် သမူဟပညတ်ကိုဋင်း။ သန္တတိ၊ သန္တတိ ပညတ်ကိုဋင်း။ အတ္ထ-သင်္ကေတံ၊အတ္ထပညတ်,သင်္ကေတ ပညတ်ကိုဋင်း။သဒ္ဒပညတ္တိ၊သဒ္ဒပညတ်ကိုဋင်း။ အာလမ္ပ၊ အာရုံပြု၍။ စိတ္တံ၊ မနောဒ္ဒါရိက ဇောစိတ်သည်။ ဝတ္တတေ၊ ဖြစ်၏။

အနုဋ္ဌိကာ၌လည်း ဤနည်းပင်လာသည်။

ဤသို့ စက္ခုဒ္ဒါရ, သောတဒ္ဒါရ တို့၌ ဖြစ်ဟန်ကိုမှီ၍ ကြွင်းသော ဃာနဒ္ဒါရ, ဇိဝှါဒ္ဒါရ, ကာယဒ္ဒါရ တို့၌လည်း စိတ်အစဉ်ဖြစ်ဟန်ကို ဝေဖန်၍ သိရာသည်။

၉၂-မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃-ပါးယူပုံပြခြင်း

မေး။ ။ဝိသယပ္ပဝတ္တိ၊ ကိုးဝီထိမှာ၊ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယု-က၊ ပသာဒတို့၊ ဘယ်ကဖြစ်၍၊ စင်စစ်ချုပ်ရာ၊ ဘယ်မှာဥပါဒ်, ပြိုင်သနည်း။

ပြေ။ ။အတိမဟန္တာရုံ, တဝီထိ၊ မဟန္တာရုံ နစ်ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ ဤ ၉-ဝီထိမှာ အာရုံနှင့် ပသာဒတို့၏ ထိခိုက်ကြခြင်းသည် ထင်ရှားသော ကြောင့် ပသာဒ၏ အမည်ကို၊ မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ဟူ၍ အမည် ၃-ပါးဖြင့် သမုတ်ရသည်၊ ကြွင်းသောဝီထိတို့၌ မသမုတ်ရကုန်။

ထို ၃-ပါးတို့တွင် အတိမဟန္တာရုံဝီထိ၌ ပဥ္စဒ္ဒါရာဝဇ္ဇန်းမှစ၍ ပဋိလောမ အားဖြင့် ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ် ဌီ ဘင်၌ ဖြစ်သော စက္ခုပသာဒတို့သည် စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားမရှိ ချုပ်လေပြီးဖြစ်သောကြောင့် ထိုပသာဒတို့ကိုထား၍ စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားရှိသော ၄၉-ချက်သော ခဏ၌ ဖြစ်သော စက္ခုပသာဒတို့တွင် အတီတ ဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် ရူပါရုံနှင့်အတူ ဥပါဒ်၍ ရူပါရုံ ချုပ်လေသော ဒုတိယ တဒါရုံ၏ဘင်၌ပင် ပြိုင်၍ချုပ်လေသောကြောင့်ဋင်း၊ စက္ခုဝိညာဉ်၏ မှိရာဖြစ်သောကြောင့်ဋင်း အလတ်ဖြစ်သော ရုပ်သက်ရှိရကား-

မဇ္ဈိမော အာယု ယဿာတိ မဇ္ဈိမာယုကော-ဟူသော ဝစနက်နှင့်ညီစွာ မဇ္ဈိမာယုက မည်၏။

http://www.dhammadownload.com

အတီတဘဝင်၏ ရှေးတေရသမ ဘဝင်၏ ဌိမှစ၍ဖြစ်သော ၃၇-ချက်သော စက္ခုပသာဒတို့သည် ရူပါရုံမချုပ်မိ ချုပ်လေသောကြောင့် နုံ့သောအသက်ရှိရကား-

မန္ဒော အာယု ယဿာတိ မန္ဒာယုကော ဟူသော ဝစနတ်နှင့်ညီစွာ မန္ဒာ-ယုက မည်၏။

အတီတဘဝင်၏ ဌိမှစ၍ ပဉ္စဒ္ဒါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် ၁၁-ချက်သော ခဏဒ္ဒဖြစ်သော စက္ခုပသာဒတို့သည် ရူပါရုံနှင့်အတူဖြစ်လျက် ရူပါရုံ၏ နောက်မှ ချုပ်လေသောကြောင့် ပွါးသောရုပ်သက်ရှိရကား....

အမန္ဒော အာယု ယဿာတိ အမန္ဒာယုကော ဟူသော ဝစနတ္တနှင့်ညီစွာ အမန္ဒာယုက မည်၏။

မဟန္တာရုံနှစ်ဝီထိတို့တွင် ပထမ မဟန္တာရုံ၌ ပထမ အတီတဘဝင်၏ ဥပါဒ်၌ ဖြစ်သော စက္ခုပသာဒသည် မဆ္ဆိမာယုက, ရှေး ၃၄-ချက်သော ခဏဖြစ်သော စက္ခုပသာဒသည် မန္ဒာယုက, နောက် ၁၄-ချက်သော ခဏဒ္ဒဖြစ်သော စက္ခု-ပသာဒသည် အမန္ဒာယုကမည်၏။

ဒုတိယမဟန္တာရုံ၌ ပထမအတီတဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် မဆ္ဆိမာယုက, ရှေး ၃၁-ချက်သော ခဏဒ္ဒဖြစ်သော စက္ခုပသာဒသည် မန္ဒာ-ယုက, နောက် ၁၇-ချက်သော ခဏဒ္ဒဖြစ်သော စက္ခုပသာဒသည် အမန္ဒာယုက မည်၏။

ပရိတ္တာရုံ ၆-ဝီထိ၌လည်း ဤနည်းကိုမှီ၍ယူလေ။

၉၃-ဝတ္ထ နှင့်အာရုံ ထိခိုက်ရာတွင် ဘဝင်လှုပ်ပုံကို ပြခြင်း

မေး။ ။အမှီပြားလျက် ငါးပါးဝိညာဉ်၊ ငါးတန်အာရုံ၊ တော်ကြကုန်၍၊ ကြိုက်ကြုံထိလျင်၊ ဘဝင်ဘယ့်ကြောင့် လှုပ်သနည်း။

ဖြေ။ ။ဟဒယဝတ္ထုနှင့် ပသာဒ ဝတ္ထုသည် ဌာနအားဖြင့် ဝေးကွာသော်လည်း စည်မျက်နှာ နှစ်ဘက်ကဲ့သို့ တစပ်တည်း တည်သောကြောင့် စက္ခုပ-သာဒကို ရူပါရုံထိခိုက်လျှင် ဟဒယဝတ္ထုကို မှီသောဘဝင် လှုပ်လေသည်။ သောတဝတ္ထု စသည်တို့၌လည်း နည်းတူမှတ်လေ။

ထို့ကြောင့် သစ္စသံခိပ် ၌-

ဃဋ္ဌိတေ အညဝတ္ထုမှိ၊ အညနိဿိတ ကမ္ပနံ။
ကောဗဒ္ဓေန ဟောတိတိ၊ သက္ခရောပမယာ ဝဒေ။

ဟူ၍ ဆိုလေသည်။

http://www.dhammadownload.com

အညဝတ္ထုမှိ၊ ဟဒယ ဝတ္ထုမှ တပါးသော ပသာဒ ဝတ္ထု၌။ ဃဋ္ဌိတေ၊ ပဉ္ဇာရုံ တို့ထိကုန်လတ်သော်။ အညနိဿိတ ကမ္ပနံ၊ စက္ခုဝတ္ထုမှတပါးသော ဟဒယဝတ္ထု ကိုမှိသောဘဝင်၏ လှုပ်ခြင်းသည်။ ကောဗဒ္ဓေန၊ တစပ်တည်း တည်ခြင်း ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဟုတ်အတ္ထံ၊ ဤသို့သော အနက်ကို။ သက္ခရောပ-မယာ–သက္ခရောပမာယ၊ စည် မျက်နှာ၌ ကပ်သောသကာခဲ၌ နားသောယင်၏ ဥပမာဖြင့်။ ဝဒေ၊ ဆိုရာ၏။

အဌသာလိနီ၌ကား–ငှက်သည် ကောင်းကင်ဖြင့် ပြန်လာ၍ သစ်ခက် ဖျား၌ နားသည်ရှိသော် သစ်ခက်ကို ထိခိုက်ခြင်း, မြေ၌ ထိုအရိပ် နှံ့ခြင်းတို့သည် မရှေးမနှောင်း တပြိုင်နက်သော ခဏ၌ ဖြစ်ကုန်သကဲ့သို့ ဤအတူ ရူပါရုံ စသည် တို့၏ စက္ခုပသာဒ စသည်၌ ထိခိုက်ခြင်း, ဘဝင်လှုပ်ခြင်းငှါ စွမ်းနိုင်သော မနောဒ္ဓါရအား ထင်ခြင်းသို့ ရောက်ခြင်းတို့သည် ပရှေးမနှောင်း တခုသော စိတ်၏ ခဏ၌သာလျှင် ဖြစ်၏ဟု ပြခြင်းငှာ–

သာခါဃဋ္ဌနဆာယာ ဖရဏာနိ၊ အပုဗ္ဗံ အစရိမံ ကေက္ခဏေယေဝ ဘဝန္တိ၊ ဧဝံ ပစ္စုပ္ပန္နဝာဒိနံ စက္ခုပသာဒါဒိဃ ဋ္ဌနဉ္ဇ ဘဝင်စလန သမတ္ထ-တာယ။ မနောဒ္ဓါရေ အာပါထဂမနဉ္ဇ အပုဗ္ဗံ အစရိမံ ကေက္ခဏေ-ယေဝ ဟောတိ–

ဟူ၍ မိန့်ဆိုသည်။

ရူပါရုံနှင့် စက္ခုပသာဒ, ရှေ့ရှုတော်မူကြရာဝယ် ထိသည်, ထင်သည်, မြင်သည် ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုတွင် အတီတဘဝင်၏ ဥပါဒ်ခဏ၌ ထိသည်။ ဘဝင်စလန၏ ဥပါဒ်ခဏ၌ ထင်သည်။ စက္ခုပိညာဉ်၏ ဥပါဒ်ခဏ၌ မြင်သည်။

ဘဝင်လွန်ဟူသည်ကား ထင်သော ကာလကို လွန်သည်ဟူ၍ ဝီထိလက်ရိုး၌ ဆိုသည်။ ထိုစကားသည်–

ဌိတိပ္ပတ္တာနော၊ ဌိသို့ရောက်ကုန်သည်ဖြစ်၍ သာလျှင်။ ပဉ္ဇာလမ္ဗဏာနိ၊ ငါးပါးသော အာရုံတို့သည်။ ပဉ္ဇဒ္ဓါရေ၊ ပဉ္ဇဒ္ဓါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ တို့ကြောင့်။ ကေစိတ္တက္ခဏာတီတကံ၊ တခု သောစိတ်၏ ခဏကဲ့သို့သော ခဏလျှင်လွန်ခြင်း ရှိသော။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ စက္ခုသ၊ စက္ခုပသာဒအား။ အာပါထံ၊ ထင်ခြင်းသို့။ ယဒိ အာဂစ္ဆတိ၊ အကယ်၍ ရောက်သည်ဖြစ်အုံ။ ဧဝံသတိ၊ ဤသို့ရောက်သည်ရှိသော်။ တတော၊ ထိုထင်ခြင်းသို့ ရောက်ခြင်းကြောင့်။ ဝါ၊ ထိုထင်ခြင်းသို့ ရောက်သည်မှ။ ပရံ၊

http://www.dhammadownload.com

နောက်၌။ ဒိုက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်၊ ဘဝင်သည်။ စလိတေ၊ လှုပ်သည် ရှိသော်–

ဟူ၍ဆိုအပ်သော သင်္ဂြိုဟ်စကားနှင့် ညီသကဲ့သို့ မထင် ။

သင်္ဂြိုဟ်၌ကား…ပဥ္စပသာဒတို့၏ ဥပါဒ်နှင့် ပဥ္စာရုံတို့၏ ဥပါဒ်သည်ပြိုင်မိ ကြသော်လည်း ထိရုံသာ ဖြစ်သည်၊ မတင်သေး။ ထိုရုပ်တို့၏ ဌိသို့ရောက်မှ သာလျှင် ထင်ကုန်သည်။ ထို့ကြောင့် ဟခုသောစိတ်၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်းရှိသော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့။ ထိုသို့ထင်သည်မှ နောက်၌ ဘဝင် နှစ်ကြိမ်လှုပ်၏ ဟူ၍ဆိုသည်။ ထိုစကား၌… ရုပ်တို့၏ ဌိဟူသည်လည်း အတီတဘဝင်၏ ဌိနှင့် တပြိုင်တည်း ဖြစ်သည်။ ဤဌိ၌ ထင်ပါမှ၊ တတောပရံ ဟူသောစကားကို ဆိုသင့်သည်။ ဘဝင်စလန၏ ဥပါဒ်မှာမှထင်မူ တတောပရံ ဟူ၍ မဆိုသင့်ပြီ။

ထို့ကြောင့် –

အတီတဘဝင်၏ ဥပါဒ်၌ ထိသည်။

ဂင်းဘဝင်ဌိ၌ ထင် သည်။

ပဥ္စဝိညာဉ်၏ ဥပါဒ်၌ မြင်သည် –

ဟူ၍ဆိုမှ သင်္ဂြိုဟ်နှင့် ညီညွတ်မည်။

၉၄-အတီတဘဝင် ခေါ်ဆိုရပုံကို ပြခြင်း

အတိက္ကမိတ္ဒာ ဣတံ အတီတံ။

အတိက္ကမိတ္ဒာ၊ လှုပ်ခြင်းကိုလွန်၍။ ဣတံ၊ ဖြစ်သည်တည်း။ အတီတံ၊ လှုပ်ခြင်းကို လွန်၍ဖြစ်သည်။ ။အာရုံနှင့် ပသာဒ ထိခိုက်၍ ထင်သော်လည်း ထိုစိတ်၌ မလှုပ်သေး။ နောက်စိတ်မှ လှုပ်သောကြောင့် ထိုလှုပ်ခြင်းကို လွန်၍ ဖြစ်သောစိတ်ကို အတီဘဘဝင် ဆိုလေသည်။

ရေ, မြေ,တော, တောင် ဟူသောရုပ်တို့သည် သတ္တဝါတို့ သဏ္ဌန်၌ကဲ့သို့ သတ္တရသာယုက ရှိသော ဥပါဒ်ဌိဘင် အားဖြင့် မပြတ်ဖြစ်၏လော….ဟူငြားအံ့၊ မဖြစ် ဟူပေ။

ဘယ့်ကြောင့် မဖြစ်သနည်းဟူမူ ထိုရုပ်တို့သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိကောင်းသော အဝိဇ္ဇမာနပညတ်သာ ဖြစ်သည်။

ထိုဗာဟီရဇ ရုပ်တို့သည် ဥပါဒ်, ဌိ, ဘင် အားဖြင့် ဖြစ်ခြင်းမရှိ။ အကြင် အခါ၌ သတ္တဝါတို့၏ စိတ်သည် အာရုံပြု၍ စွဲလမ်း၏။ထိုအခါ ရုပ်တို့သည် ရူပါရုံ

http://www.dhammadownload.com

အဖြစ်သို့ ရောက်၏။ ထိုရူပါရုံ၏ အဖြစ်သာလျှင် သက္ကရသာယုက ရှိသည်ဖြစ်၍ ဥပါဒ်,ဌိ, ဘင် ဟု သမုတ်သတည်း။

ဥပမာကား။ ။က ခုံ တတ်သောသူသည် က,သော အခါ၌သာလျှင် က,ချေသည် မည်သည်။ မကသောအခါ မမည်။ ယင်းသို့မမည်သော်လည်း က, ဘူးသည်ကို စွဲ၍ဘူတပုဗ္ဗဂတိက နည်းဖြင့် ကချေသည် ခေါ်လေသကဲ့သို့ငုင်း....။

လူတို့၏ အသက်အတိုင်းအရှည်ကို ရက်, လ, နှစ်ဖြင့် မှတ်၍ ဤသူကား.... ဤမျှနှစ်, ဤမျှလ, ဤမျှရက်ရှိသည်ဟု ခေါ်ရသကဲ့သို့ငုင်း.... ဖြစ်သည် ဟူပေ။

(ခဲရပ်, စေ.စေ.ဆင်ခြင်လေ။)

၉၅- ဝိထိစိတ်ဖြစ်ပုံကို သရက်

ဥပမာဖြင့် ပြခြင်း

ဝီထိစိတ်၏ ဖြစ်စဉ်လက္ခဏာကို ဤအာမွော ပမာ ဖြင့် သိအပ်၏။ လူတယောက်သည် အသီးရှိသောသရက်ပင်၏ အောက်၌ ဥက္ခောင်းခြုံ၍အိပ်နေရာ.... အနီး၌ သရက်သီးတလုံးကြွေ၍ ထိုအသံဖြင့် နိုးသတ်သော် ပုဆိုးခြုံကို ဖွင့်၍ကြည့်သဖြင့် မြင်သော် ထိုသရက်သီးကို ကောက်၍,နှိပ်နယ်၍ နမ်း၍ ပုည့်မှန်းသိလျင် သုံးဆောင်၍ လျှာ, အာ၌ ကပ်သမျှကို တံတွေးနှင့်တကွ မျိုပြီး၍ တဖန်အိပ်မြဲ အိပ်ပြန်သည်။

ဤဥပမာ၌ ယောကျ်ားသည် အိပ်ပျော်သောအခါကဲ့သို့ ဘဝင်ကျနေသော အခါကို မှတ်အပ်၏။

သရက်သီး ကြွေသော အခါကဲ့သို့ ပသာဒနှင့် အာရုံထိသောအခါကို မှတ်အပ်၏။

ကျသောအသံဖြင့် နိုးသောအခါကဲ့သို့ အာဝဇ္ဇန်းဖြစ်သောအခါကို မှတ်အပ်၏။

ပုဆိုးခြုံကို ဖွင့်ကြည့်သော အခါကဲ့သို့ စက္ခုဝိညာဉ် ဖြစ်သော အခါကို မှတ်အပ်၏။

ထ၍ ကောက်သောအခါကဲ့သို့ သမ္ပဋိစ္ဆိုင်းဖြစ်သောအခါကို မှတ်အပ်၏။

နှိပ်နယ်၍စမ်းသကဲ့သို့ သန္တီရဏ ဖြစ်သောအခါကို မှတ်အပ်၏။

http://www.dhammadownload.com

နမ်းရှိ မှည့်မှန်းသိသကဲ့သို့ ဝုဋ္ဌောဖြစ်သောအခါကို မှတ်အပ်၏။
သုံးဆောင်သောအခါကဲ့သို့ ဇောဖြစ်သောအခါကို မှတ်အပ်၏။
လျှာ,အာဠာ ကပ်သမျှကို တံတွေးနှင့်တကွ မျိုသောအခါကဲ့သို့ တဒါရုံဖြစ်သောအခါကို မှတ်အပ်၏။

စားပြီးသော် အိပ်မြဲအိပ်ပြန်သကဲ့သို့ ဘဝင်သို့ သက်သောအခါကို မှတ် အပ်၏။

၉၆-ဘဝင်္ဂစလန ဘဝဂုံပစ္ဆေဒ

ခေါ်ဆိုပုံကို ပြခြင်း

မေး။ ။ဝိထိရိုးတွင်၊ ဘဝဂုံပစ္ဆေဒ၊ မည်နာမဖြင့်၊ ချမြဲပင်ကို၊ ဘဝင်္ဂစလန နှစ်ကြိမ်ကျဟူ၊ မမျှအာဆို၊ သင်္ဂြိဟ်ဘယ်ကြောင့်ဟောသနည်း။

ဖြေ။။ ။ တတ္ထ ပထမဝိတ္တံ ဘဝင်္ဂသန္တတိ စာလေန္တံ ဝိယ ဥပ္ပဇ္ဇတိတိ ဘဝင်္ဂစလနံ။ ဒုတိယံ တဿာသြဒ္ဓိဇ္ဇနာကာရေန ဥပ္ပဇ္ဇနတော ဘဝင်္ဂုပစ္ဆေ-ဒေါတိ ဝေါဟာရန္တိ၊ ဤမ ပန အဝဗောဓသေန ဝုတ္တံ ဒ္ဝိက္ခတ္တုံ ဘဝင်္ဂံ စလိတေတိ-ဟူ၍ ဋီကာမိန့်သည်နှင့် အညီ ဘဝင်္ဂန်စ်ကြိမ်တွင် ရှေးစိတ်သည် ဘဝင်အစဉ် ကို လှုပ်စေသကဲ့သို့ ဖြစ်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်သည်။ နောက်စိတ် သည် ဘဝင်အလျဉ်ပြတ်သောအခြင်းအရာဖြင့် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်သည်။

ဤသင်္ဂြိဟ်ကျမ်းဌီကား အများနှင့်ဆက်ဆံသော သာမညနည်းအားဖြင့် နှစ်ပါးလုံးကို ဘဝင်္ဂစလနဟု ဝေါဟရလသည်။ ဘယ်သို့ အများနှင့် ဆက်ဆံလေ သနည်းဟူမူ အတိပရိတ္တာရုံ ဝိထိဌ် ဘဝင်ပြတ်ခြင်းမရှိ လှုပ်ရုံမျှသာဖြစ်၍ ဆက်ဆံသတည်း။

၉၇· ကာမဇောတို့၏ အနည်းအများ

စောပုံကို ပြခြင်း

မေး။ ။ ကာမဇောသည်၊ လွန်သော် ဘယ်မျှ၊ ယုတ်ကဘယ်နှယ်၊ အကြိမ်ဝယ်၊ ရှေးချယ်ဘယ်သို့၊ ကောက်သနည်း။

ဖြေ။ ။ ကာမ ဇောတို့သည် ပြကတေ့သော ကာလဌ် ၇· ကြိမ်, သစ်ပင် ထက်မှကျခြင်း, ရေမှမ်းခြင်း, ဝေဒနာနှိပ်စက်ခြင်းအကြောင်းတို့ကြောင့် မိန်းမော တွေဝေသော မုဆွာကာလဌ် ၆· ကြိမ်, သေခါနီးဖြစ်၍ မိန်းမောသောမုဆွာကာ-

http://www.dhammadownload.com

လ၌ ၅- ကြိမ်, မရဏာသန္နကာလ၌ ၅- ကြိမ်, ယမကပါဋိဟာရိယကာလ၌ ၅- ကြိမ်, ၄-ကြိမ်, ၃-ကြိမ် ဖြစ်ကုန်၏ ဟူ၍ကောက်လေ။

အဘယ်ကိုမြင်၍ ဆိုသနည်းဟူမူ–

သတ္တက္ခတ္တုံ ပကတိ ကာလေ၊ ဆက္ခတ္တုမေဝ ဝါ မုဉ္ဇာကာလေ ဇဝန္တိ ဟူသော သခ်ပဋ္ဌိကာ။

မုဉ္ဇာ မရဏာသန္န ကာလေသု ဆပဉ္စပိ ဇဝနာနိ ပဝတ္တန္တိတိ အာဟ ယေဘုယျနာတိ ဟူ၍၎င်း, မရဏကာလာဒီသူတိ ဧတ္ထ အာဒိသဒ္ဒေန မုဉ္ဇာကာလံ သင်္ဂဏှာတိ ဟူ၍၎င်း ဆိုအပ်သော ဋီကာကိုမြင်၍ ဆိုသည်ဟူပေ။

ဤဋီကာကျော်ဆရာသည် ရှေယေဘုယျေန၏ အဖွင့်တွင် မုဉ္ဇာကာလ၌ ၆- ကြိမ် စောကြောင်းကို ဆိုခဲ့ပြီးလျက် မရဏကာလာဒီသု၌ အာဒိသဒ္ဒါဖြင့် မုဉ္ဇာကာလကိုယူ၍ ၅- ကြိမ်စောသည်ဟု အဘယ်ကြောင့် ဆိုပြန်သနည်းဟူမူ–

မုဉ္ဇာသည်—

သေခြင်းနီးသော ..... မုဉ္ဇာ,

သေခြင်းမနီးသော ..... မုဉ္ဇာ, အားဖြင့် နှစ်မျိုး ရှိသည်။

သေခြင်းမနီးသော မုဉ္ဇာ၌ ၆-ကြိမ်, သေခြင်းနီးသော မုဉ္ဇာ၌ ၅-ကြိမ်- ဖြစ်သည်ဟု ခွဲခြမ့်း၍ယူစေလိုသောကြောင့် ဆိုသည်ဟူပေ။

မဏိမဉ္ဇူဆရာတော်ကား ဋီကာဆရာ၏ သံဝဏ္ဏနာသည် အဌကထာနှင့် ဆန့်ကျင်သည်ဟု ဆို၏။

၉၈-ရေအယဉ် ပမာ ဘဝင်စိတ်ဖြစ်ရာကာလကို ပြခြင်း

မေး။ ။ဘဝင်, ဘဝင်၊ စိတ်လျှင်အရ၊ တွေတွေကျသည်၊ မုချဘယ် အခါတွင်နည်း။

ဖြေ။ ။နိဒ္ဒေါကမနကာလေ ဘဝင်္ဂပ္ပဝါဟောဝ ပဝတ္တတိ–ဟူသည်နှင့်အညီ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ ဘဝင်သာလျှင် ရေအယဉ်ကဲ့သို့ တွေတွေကျသည် ဟူပေ။

၉၉-မျောက်မျည်းခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း

မေး။ ။အိပ်ခါ၌တွင်၊ ထင်ထင်ပြက်ပြက်၊ အိပ်မက်မြင်သော်၊ မပျော်ခင်လော၊ ပျော်မှလော။

http://www.dhammadownload.com

ဖြေ။ ။ကပိမိဒ္ဓပရေတော ခေါ၊ မဟာရာဇ သုပိနံ ပသ တိ-ဟူ၍ မိလိန္ဒ ပဉ္ဉာ၌ဆိုသောကြောင့် ဘဝင်ကျ၍ အိပ်ပျော်သည်လည်းမဟုတ်,နိုးသည်လည်း မဟုတ်၊ ထိုနှစ်ပါး၏အကြား မျောက်မျည်းကာမျှသောအခါ၌ အိပ်မက်မြင်၏ ဟု ဖြေ။

ထို့ကြောင့်-သုပိနာစျာယ၌-

ဆဋ္ဌာရမ္မဏ၊ ပစ္စယကြောင့်၊ ဒ္ဒါရိကစိတ်၊ မဆိတ်ဖြစ်ဆဲ၊ ဖန်လဲပ္ဂါးတက်၊ နိုးစဉ်လျက်လည်း၊ အိပ်မက်မမြင်၊ ဘဝင်သက်၍၊ စက်မွေ့စိုက်စိုက်၊ အိပ်ပျော်ခိုက်လည်း၊ မထိုက်ပေရာ၊ အကြင်ခါ၌၊ အာဝဇ္ဇန်းဟုံ၊ မျှော့လှမ်းပုံသို့၊ အာရုံရမ်းရှ၊ ဖမ်းလုလုတွင်၊ ခေါ်မှုဝေါဟာ၊ မျောက်မျည်းခါ၌၊ ခြင်းရာပြီပြင်၊ ထင်လတ်သည်ကို၊ အိပ်မက်ဆို၏-ဟူ၍ စပ်လေသည်။

၁၀၀-အိပ်မက်နှစ်ပါး ထူးခြားပုံကို ပြခြင်း

ထိုအိပ်မက်သည် မထင်လွန်းသောအိပ်မက်,ထင်ရှားသောအိပ်မက်အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် မထင်လွန်းသော အိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာ-ဝဇ္ဇန်းစိတ်သည် နှစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား အဝိဘူဘာရုံတည်း။

ဤဝိထိကိုရည်၍ သမ္မောအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်၌-

သုပိနေနေဝ ဒိဋ္ဌံ ဝိယ မေ၊ သုတံ ဝိယ မေတိ ကထနကာလေပိ အဗျာကတောယေဝ-

ဟူ၍ မိန့်တော်မူသည်။

သုပိနေနေဝ၊ အိပ်မက်ဖြင့်သာလျှင်။ မေ၊ ငါသည်။ ဒိဋ္ဌံ ဝိယ၊မြင်သကဲ့သို့။ မေ၊ ငါသည်၊ သုတံ ဝိယ၊ ကြားသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကထနကာလေပိ၊ ဆိုရသောအခါ၌လည်း။ အဗျာကတောယေဝ၊ အဗျာကတဖြစ်သော မနောဒ္ဒါရာဝဇ္ဇန်းသာလျှင်။ ဟောတိ၊ ဖြစ်၏။

၎င်းပါဌ်ကို မူလဋီကာ၌-

အဗျာကတောယေဝ အာဝဇ္ဇနမတ္တသေဝ ဥပ္ပဇ္ဇနတောတိ ဝဒန္တေ-ဟိ မနောဒ္ဒါရေပိ အာဝဇ္ဇနံ ဒ္ဒိက္ခတ္တုံ ဥပ္ပဇ္ဇိတ္ဝာ၊ ဗဝနဋ္ဌာနေ ဌတ္ဝာ၊ ဘဝင်ံ ဩတရတိတိ အဓိပ္ပေတန္တိ ဒဋ္ဌဗ္ဗံ-

ဟူ၍ ဖွင့်ဆိုသည်။

http://www.dhammadownload.com

အာဝဇ္ဇနမတ္တဆေဝ၊ အာဝဇ္ဇန်း၏ သာလျှင်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်း ကြောင့်။ အဗျာကတောယေဝ၊ အဗျာကတသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒန္တေဟိ၊ ဆိုကုန်သော အဋ္ဌကထာဆရာတို့သည်။ မနောဒ္ဓါရေပိ၊ မနောဒ္ဓါရဉ်လည်း။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဒ္ဓိက္ခတ္တုံ၊ နှစ်ကြိမ်။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်၍။ ဇဝနဋ္ဌာနေ၊ ဇောဏ်အရာ၌။ ဌတ္ဝာ၊ တည်၍။ ဘဝင်ံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဣတိ၊ ဤသို့။ အဓိပ္ပေတန္တိ၊ အလိုရှိအပ်၏ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထင်ရှားသောအိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် မနောဒ္ဓါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား ဝိဘူတာရုံတည်း။

ဤသို့ ဖြစ်သောဝီထိကိုရည်၍ တေရသကဏ်ဋီကာ၌-

ယဒိပိ သုပိနန္တေ ဝိဘူတံ ဟုတ္ဝာ၊ ဥပဋ္ဌိတေ ရူပါဒိဝတ္ထုမှိ တဒါ-ရမ္မဏံ ပဝတ္တတိ၊သုပိနံ ဟိ ပဿန္တော မနောဒ္ဓါရိကေနေဝ ဇဝနေန ပဿ-တိ၊ န ပဉ္ဇဒ္ဓါရိကေန ပဋိဗုဇ္ဈန္တော စ မနောဒ္ဓါရိကေနေဝ ပဋိဗုဇ္ဈတိ၊ န ပဉ္ဇဒ္ဓါရိကေန-

စသည်ဖြင့် ဆိုတော်မူသည်။

ယဒိပိ၊ အကယ်၍လည်း။ သုပိနန္တေ၊ အိပ်မက်၌။ ဝိဘူတံ၊ ထင်ရှားသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပဿတိ၊ မြင်အံ့။ ဥပဋ္ဌိတေ၊ ရှေ့ရှုထင်လတ်သော်။ ရူပါဒိဝတ္ထုမှိ၊ ရူပါရုံစသောဝတ္ထု၌။ တဒါရမ္မဏံ၊ တဒါရုံသည်။ ပဝတ္တတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ သုပိနံ၊ အိပ်မက်ကို၊ ပဿန္တော၊ မြင်သောသူသည်။ မနောဒ္ဓါရိကေနေဝ၊ မနောဒ္ဓါရဉ်သာလျှင်ဖြစ်သော။ ဇဝနေန၊ ဇောဖြင့်။ ပဿတိ၊ မြင်၏။ ပဉ္ဇဒ္ဓါ-ရိကေန၊ ပဉ္ဇဒ္ဓါရဉ်ဖြစ်သော ဇောဖြင့်။ န ပဿတိ၊ မမြင်။ ပဋိဗုဇ္ဈန္တော စ၊ နိုးသော်လည်း။ မနောဒ္ဓါရိကေနေဝ၊ မနောဒ္ဓါရဉ် ကျသောဇောဖြင့်သာလျှင်။ ပဋိဗုဇ္ဈတိ၊ နိုး၏။ ပဉ္ဇဒ္ဓါရိကေန၊ ပဉ္ဇဒ္ဓါရဉ် ကျသောဇောဖြင့်။ န ပဋိဗုဇ္ဈတိ၊ မနိုး။

၁၀၁—အိပ်မက်ရာတွင် ကောင်းကျိုး, မကောင်းကျိုး ဖြစ်ပုံကို ပြခြင်း

ယင်းသို့ ဇော, တဒါရုံကျသော မနောဒ္ဓါရဝီထိဖြင့် အိပ်မက်သော် ကုသိုလ်ပြုသည် မက်ရာ၌ ကောင်းကျိုးပေးအံ့လော၊ မကောင်းမှု ပြုသည် မက်ရာ၌ မကောင်းကျိုးပေးအံ့လော ဟူငြားအံ့။

http://www.dhammadownload.com

တေနာယံ သုပိနော ကုသလောပိ ဟောတိ အကုသလောပိ အဗျာကတောပိ၊ တတ္ထ သုပိနန္တေ စေတိယဝန္ဒနမေ္မသဝနမေ္မဒေသနာ-ဒီနိ ကရောန္တဿ ကုသလော၊ ပါဏာတိပါတာဒီနိ ကရောန္တဿ အကုသလော၊ ဒ္ဒိဟိ အန္တေဟိ မုတ္တော အာဝဇ္ဇနတဒါရမ္မဏကွဏေ အဗျာကတောတိ ဝေဒိတဗ္ဗော။ သွာယံ ဒုဗ္ဗလဝတ္ထုကတ္တာ စေတနာယ ပဋိသန္ဓိံ အာကစိုတုံ အသမတ္ထော။ ပဝတ္တေ ပန အညေဟိ ကုသ-လာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံ ဒေတိ၊ ကိဉ္ဆာပိ ဝိပါကံ ဒေတိ၊ အထ ဒေါ အဝိသယေ ဥပ္ပန္နတ္တာ အဗ္ဗောဟာရိကာဝ သုပိနန္တ-စေတနာ–

ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ မိန့်အပ်ပြီ။

တေန၊ ထို့ကြောင့်။ အယံ သုပိနော၊ ဤအိပ်မက်သည်။ ကုလောပိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။အကုသလောပိ၊ အကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အဗျာကတောပိ၊ အဗျာကတသည်လည်း။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ သုပိနန္တေ၊ အိပ်မက်၌။ စေတိယဝန္ဒ နမေ္မသ-ဝန မေ္မဒေသနာဒီနိ၊ စေတီကို ရှိခိုးခြင်း, တရားနာခြင်း, တရားဟောခြင်း စသည်တို့ကို။ ကရောန္တဿ၊ ပြုသောသူအား။ ကုသလော၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ အကျယ်ကို ၎င်းဋီကာမှာ ရှုလေ။

၁၀၂–အနိဋ္ဌာရုံ, ဣဋ္ဌာရုံ တို့၌ ဝိပါက်အမှန်

ဇောအပြန်ကို ပြခြင်း

မေး။ ။အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံကို၊ အကုသိုလ်နှင့်၊ ကုသိုလ်အကျိုး၊ ဖြစ်ပေ မျိုးဟု၊ ကျမ်းရိုးလာပြီ၊ ဇောမှာဘယ်သို့ ကောက်သနည်း။

ဖြေ။ ။ကောင်းကျိုးကိုလည်း မဖြစ်စေတတ်, သတ္တဝါလည်း အလိုမရှိအပ်သော အာရုံသည် အနိဋ္ဌာရုံမည်၏။

ကောင်းကျိုးကိုလည်း ဖြစ်စေတတ် သတ္တဝါလည်း အလိုရှိအပ်သော အာရုံသည် ဣဋ္ဌာရုံ မည်၏။

ထိုဣဋ္ဌာရုံစသည်လည်း ဣဋ္ဌာမဇ္ဈတ္တာရုံနှင့် အတိဣဋ္ဌာရုံဟူ၍ နှစ်ပါးအပြား ရှိ၏။

ထိုနှစ်ပါးတို့တွင် အကြင်ထမင်း, အဖျော်, အိပ်ရာ အစရှိသည်တို့သည် ပစ္စုပ္ပန် အတ္တဘောဌ်ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ သင့်ရုံ လိုအပ်သောကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံ မည်၏။

http://www.dhammadownload.com

ဘုရားအစရှိသော အာရုံတို့သည် ပစ္စုပ္ပန် တမလွန်အားဖြင့် နှစ်ပါးသော ကာလ၌ ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ အလွန် အလိုရှိအပ်သော ကြောင့် အတိုင္ငဒွာရုံမည်၏။

မေထုနသေဝန စသည်ကို သတ္တဝါပင် အလိုရှိငြားသော်လည်း နှစ်ပါးသောကာလ၌ ဒုက္ခဝိပါက်သာ ဖြစ်သောကြောင့် ဣဋ္ဌာရုံမမည်၊ အနိဋ္ဌာရုံသာ မည်ကုန်၏။

ထိုအာရုံတို့တွင် ဓစင်ခွေးကောင် အစရှိသော အနိဋ္ဌာရုံကို မြင်သော ကာလ အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့သည် ဖြစ်ကုန်၏။

ထမင်း၊ အဖျော်၊ ဒါယကာ၊ နေရာ၊ ပန်းနံ့သာစသော ဣဋ္ဌာဇီဝတ္ထာရုံကို မြင်သောကာလ ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့သည် ဖြစ်ကုန်၏။

ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ကား ကုသလဝိပါက်ဖြစ်သော စက္ခု-ဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သောမနဿသန္တီရဏ၊ သောမနဿ တဒါရုံတို့သည် ဖြစ်ကုန်၏။

သတ္တဝါသည် သညာဖောက်ပြန်၍ အနိဋ္ဌာရုံကို ဣဋ္ဌအားဖြင့် ယူသော်၎င်း၊ ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံကို အနိဋ္ဌအားဖြင့် ယူသော်၎င်း ဤဝိပါက်တို့သည် ဖောက်ပြန်ခြင်းမရှိ၊ ပကတိအားဖြင့် အမှန်ဖြစ်ပြဲပင်ကား။

ကုသိုလ်, အကုသိုလ်, ဧဟေတုကဘာဝ ဖေယျအပ်သေးသော ဝိပ္ပလ္လာသ တရားရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ခြင်းကြောင့် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံကိုလည်း အနိဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်ဉပေက္ခာ ဧဟေသော်၎င်း အကုသိုလ်ဧဟေသော်၎င်း ဖြစ်၏။

အနိဋ္ဌာရုံကိုလည်း ဣဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်သောမနဿ ဧဟေသော်၎င်း, အကုသိုလ်ဧဟေသော်၎င်း ဖြစ်၏။

ထိုအနက်ကိုပြခြင်းငှါ ဥကာဓက္ကေဝ၌ -

> တထာ ဟိ အသဒ္ဓါဒီနံ ပုဒ္ဓါဒီသု အတိဣဋ္ဌာရမ္မဏေသုပိ ဥပေက္ခာ-ဧဝနံ ဟောတိ၊ စိတ္တိယာဒီနဉ္စ ဧဟေတုသဧဝနံ။ ဂမ္ဘီရပကတိကာဒီ-နဉ္စ ပဋိက္ကူလာရမ္မဏေ ဥပေက္ခာဧဝနံ။ သုနခါဒီနဉ္စ တာတ္ထာ သောမနဿ-ဧဝနံ -

ဟူ၍ ဆိုတော်မူသည်။

http://www.dhammadownload.com

တထာ တံ ဝစနံ၊ ထိုစကားကို။ ဟိ-ဝိတ္ထာရေမိ၊ ချဲဦးအံ့။ အသဒ္ဓါဒီနံ၊ မသဒ္ဓါသောသူ အစရှိသည်တို့အား။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ အတိဣဋ္ဌာရမ္မဏေသုပိ၊ အတိဣဋ္ဌာရုံတို့၌လည်း။ ဥပေက္ခာဇဝနံ၊ ဥပေက္ခာ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တိတ္ထိယာဒီနဥ္စ၊ တိတ္ထိအစရှိသည် တို့အားလည်း။ ဒေါမနဿဇဝနံ၊ ဒေါမနဿဇောသည်။ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရပကတိကာဒီနဥ္စ၊နက်နဲသော သဘောရှိသော ယောဂီပုဂ္ဂိုလ် စသည်တို့အား။ ပဋိကူလာရမ္မဏေ၊ စက်ဆုပ်ဖွယ်သော အသုဘအာရုံ၌။ ဥပေက္ခာဇဝနံ၊ ဥပေက္ခာဇောသည်။ ဟောတိ၊ ဖြစ်၏။ သုနခါဒီနဥ္စ၊ ခွေးစသော သတ္တဝါတို့အားလည်း။ တတ္တ၊ ထိုစက်ဆုပ်ဖွယ်ရှိသော အာရုံ၌။ သောမနဿဇဝနံ၊ သောမနဿဇောသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမပစ္ဆာဘာဂပဝတ္တာနိ၊ ရှေအဖို နောက်အဖို၌ ဖြစ်ကုန်သော။ ဝိပါကာနိ ပန၊ ဝိပါက်စိတ်တို့သည်ကား။ ယထာ ဝတ္ထုကာနေဝ၊ ဝတ္ထုအတိုင်းသာတည်း။

၁၀၃–ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး။ ။အနန္တရာဒိ၊ ပစ္စည်းရှိလျက်၊ ဝိဘူတာရုံ၊ အဝိဘူတာရုံ၊ နှစ်စုံဘယ်သို့ ထူးသနည်း။

ဖြေ။ ။တဒါရုံ ကျသည်ဖြစ်၍ မျက်စိဖြင့် မြင်သကဲ့သို့ ထင်သောအာရုံကို ဝိဘူတာရုံဆိုသည်။

တဒါရုံမကျသည်ဖြစ်၍ အနည်းငယ်ထင်သော အာရုံကို အဝိဘူတာရုံဆိုသည်။ အဝိဘူတပုဒ်၌ အ,သဒ္ဒါသည် အနုဒရာ ကညာ၌ကဲ့သို့ အပွကအနက်ကို ဟောသည်။

၁၀၄–မြင်ဘူးသောအာရုံပင် စိတ်တွင်ထင်ရာ ပစ္စပ္ပန်သာဖြစ်ပုံကို ပြခြင်း

မေး။ ။ရှေးကဖူးမြင်၊ စေတီပြင်ကို၊ စိတ်တွင်တွေးကြံ၊ ထင်လာပြန်သော်၊ ပစ္စုပ္ပန်လော, အတိတ်လော။

ဖြေ။ ။ရှေးက စက္ခုဒ္ဓါရဖြင့် ထင်ဘူးသော ရူပါရုံသည် တဖန် မနောဒ္ဓါရဝီထိဖြင့် ထင်ပြန်သော် ပစ္စုပ္ပန္နာရုံပင် မည်၏။

ထို့နောက်ကျသော တဒနုဝတ္တက ဝီထိ၏ အာရုံသည်သာလျှင် အတိတ်ရူပါရုံကို အာရုံပြုသည်ဟု ဆိုအပ်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

http://www.dhammadownload.com

တဿ ဧဝံ စေတိယံ ပဿိတ္ဝာ ဗုဒ္ဓါရမ္မဏံ ပိတိံ နိဗ္ဗတ္တေတ္ဝာ။ ပ။ ဧဝံ တာဝ ဒိဋ္ဌဝသေန ရူပါရမ္မဏံ အာပါထံ အာဂစ္ဆတိ–

ဟူ၍ မိန့်တော်မူသည်။

ဧဝံ၊ ဤသို့။ စေတိယံ၊ စေတီတော်ကို။ ပဿိတ္ဝာ၊ ဖူးမြင်၍။ ဗုဒ္ဓါရမ္မဏံ၊ ဘုရားလျှင်အာရုံရှိသော။ ပိတိံ၊ နှစ်သက်ခြင်းကို။ နိဗ္ဗတ္တေတ္ဝာ၊ ဖြစ်စေ၍၊ အပရဘာဂေ၊ နောက်အဖို့၌။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော အရပ်သို့။ ဂတဿ။ ရောက်သော။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု၊ နေ့သန့်ရာ, ညဉ့်သန့်ရာအရပ်တို့၌။ နိသိန္နဿ၊ နေထသော။ အာဝဇ္ဇမာနဿ၊ တွေးကြံဆင်ခြင်သော။ တဿ၊ ထို စေတီကို ဖူးမြင်ဘူးသောသူအား။ အလက်တပဋိယတ္တံ၊ တန်ဆာဆင်ခြင်းနှင့် စပ်သော။ မဟာစေတိယံ၊ မဟာစေတီသည်။ စက္ခုဒ္ဓါရေ၊ စက္ခုဒ္ဓါရ၌။အာပါထံ၊ ထင်ခြင်းသို့။ အာဂတသဒိသမေဝ၊ ရောက်သည်နှင့် အတူသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဒက္ခိဏံ၊ လက်ျာရစ် လှည့်သည်ကို။ ကတ္ဝာ၊ ပြု၍။ စေတိယံ၊ စေတီကို။ ဝန္ဒနကာလော ဝိယ၊ ရှိခိုးရသော အခါကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဒိဋ္ဌဝသေန၊ မြင်ဘူးသည်၏ အစွမ်းဖြင့်။ ရူပါရမ္မဏံ၊ ပစ္စုပ္ပန်ရူပါရုံသည်။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

ပတိ ဥပ္ပန္နံ ပစ္စုပ္ပန္နံ။ ပတိ၊ ရှေးရှုအသစ်။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ပစ္စုပ္ပန္နံ၊ ရှေးရှုအသစ်ဖြစ်သည်။ ပါဒိပုဗ္ဗပဒကမ္မဓာရည်းဝိဂြိုဟ်။

၁၀၅–အပ္ပနာဇောတို့၏ အနည်းအများစောပုံကို ပြခြင်း

မေး။ ။အပ္ပနာဇော၊ သဘောမြဲစွာ၊ တကြိမ်သာ ဘယ်ဝီထိမှာ ကျသနည်း။

ဖြေ။ ။ဈာန်ကို ရှေးဦးစွာရသော အာဒိကမ္မိက ပုဂ္ဂိုလ်အား အပ္ပနာဇော တကြိမ်သာကျသည်။

ဈာန်ရပြီး၍ ပစ္စဝေက္ခဏာဝသီဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ကာမကုသိုလ် ကြိယာဇောသာ ၇-ကြိမ်ကျသည်။

သမာပဇ္ဇနဝသီဖြင့် ဈာန်ဝိုဝင်စားသော ပုဂ္ဂိုလ်အား အပ္ပနာဇောသည် ဘဝင်အယဉ်ကဲ့သို့ များစွာဖြစ်သည်။

အဓိဋ္ဌာနဝသီဖြင့် ကာလကိုပိုင်းခြား၍ ဝင်စားသော ပုဂ္ဂိုလ်အား ပိုင်းခြား သမျှ ကာလပတ်လုံး အပ္ပနာဇော ဖြစ်သည်။

ဝုဋ္ဌာနဝသီဖြင့် ဈာန်မှထသော ပုဂ္ဂိုလ်အား ထလိုသောအခါ၌ပင် အပ္ပနာဇောကို ရပ်စေနိုင်သည် ဟူပေ။

http://www.dhammadownload.com

၁၀၆–တိကွ မန္ဒ ပုဂ္ဂိုလ်တို့၏ဝိဆိဋ္ဌ ဖိုလ်ဇောအနည်းအများကို ပြခြင်း

မေး။ ။မဂ္ဂဝီထိ၊ ဖြစ်ဘိပုဂ္ဂိုလ်၊ နှစ်ပါးဆိုသော်၊ ဖိုလ်ကြိမ်ဘယ်က များသနည်း။

ဖြေ။ ။တိကွ ပညာ ပုဂ္ဂိုလ်မှာ ဝုဋ္ဌာနဂါမိ ဝိပဿနာဇောသည် ဥပစာ, အနုလုံ, ဂေါတြဘူဟူ၍ ၃-ကြိမ် ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား ဇော ၇-ကြိမ် ပြည့်စေခြင်းငှါ ဖိုလ်စိတ် ၃-ကြိမ် ဖြစ်သည်။

မန္ဒပညာ ပုဂ္ဂိုလ်မှာ ဝုဋ္ဌနာဂါမိဝိပဿနာဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူ၍ ၄-ကြိမ်ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား နောက်ဖိုလ်စိတ် နှစ်ကြိမ်သာ ဖြစ်သည် ဟူပေ။

၁၀၇–မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကို ပြခြင်း

မေး။ ။နည်း, များ, ဖြစ်ရာ၊ အပွနာမြောက်၊ ဇောနောက်ဘဝင်၊ ကျမြဲပင်ကို၊ ကြောင်းအင်ဘယ်တွက်၊ မဂ်အပွနာ၊ ဖိုလ်အပွနာတို့၊ ဆက်ကာဘယ့်ကြောင့်ဖြစ်သနည်း။

ဖြေ။ ။မဂ္ဂဿ ဂရုကမ္မဘာဝေန အာသန္နဖလနိပ္ပတ္တနေ သမတ္ထတာယ မဂ္ဂါနန္တရံ ဝိပါကံ ပဝတ္တတိ– ဟူသော မဒုဋ္ဌိကာနှင့်အညီ မဂ်သည် ဂရုကံဖြစ်၍ အနီးဌ် အကျိုးကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် မဂ်၏အခြားမဲ့ ဌ်ပင် ဖိုလ်ဟူသော အကျိုးဆက်ကာ ဖြစ်လေသည် ဟူပေ။

၁၀၈–သဗ္ဗညုတဉာဏ်ယူပုံကို ပြခြင်း

မေး။ ။အရဟတ္တမဂ်၊ ကိလေသာကို၊ ကြွင်းမဲ့ဖျက်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ၃-တန်စုတွင်၊ သဗ္ဗညုတဉာဏ်၊ ဧကန်ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ၃-ပါးတွင်ပစ္စဝေက္ခဏာဉာဏ်ကို သဗ္ဗညုတဉာဏ်ကောက်ရမည်ဟု ဖြေ။

၁၀၉–သဗ္ဗညုတဉာဏ်တော်ရရာ ဝီထိကို ပြခြင်း

မေး။ ။ဂုဏ်ပေါင်းစုသည့်၊ သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်ကို၊ သုံးဘော်သခင်၊ ဆင်ခြင်အစ၊ ဘယ်ဝီထိမှာ ရသနည်း။

သဗ္ဗညုဉာဏ်၊ ဖြစ်ဟန်ခြင်းရာ၊ ဇောတော်မှာ၊ အပွနာလော၊ ကာမလော။

http://www.dhammadownload.com

ဖြေ။ ။ဝိမောက္ခော အရဟတ္တမဂ္ဂေါ၊ ဝိမောက္ခန္တေ အရဟတ္တဖလေ၊ တသ္မိံ ဝိမေက္ခန္တေ၊ ပဝတ္တံ ညာဏံ ဝိမောက္ခန္တိကံ နာမ၊ သဗ္ဗညုတညာဏာဘာဝေါတိ-ဟူ၍ မိန့်အပ်သော ဥဒါန်းဗာဒ္ဓကထာ, ဤနည်းတူလာသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့ဖြင့် ဖြေအပ်၏။

အဝိပ္ပါယ်ကား။ ။ဒအရဟတ္တမဂ်ဉာဏ်သည် ကိလေသာတို့မှ လွတ်သော ကြောင့် ဝိမောက္ခ မည်၏။

ထိုဝိမောက္ခအမည်ရသော မဂ်၏အခြားမဲ့၌ ၃-ကြိမ်သော အရဟတ္တဖိုလ်စိတ် ဖြစ်သည်။

ထို့နောင်မှ ဖလသမာပတ္တိဝီထိ ဖြစ်သည်။ထိုဖိုလ်၏အဆုံး၌ ဥယျမတ်တရား ကို အာရုံပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝီထိဖြစ်သည်။ ဤငါးဝီထိ၌ ပါသော ဉာဏ်ကို **သဗ္ဗညုတဉာဏ်** ဆိုသည်။

ဝီထိကျုဟန်ကား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရပြီးသော် ဥယျမတ် တရားကိုသိခြင်းငှာ သခ်ါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါး တို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း ထို့နောင် ထို့ဥယျငါးပါးတို့တွင် တပါးပါးကို ပိုင်းခြား၍သိတတ်သောမဟာကြိယာဇော ၇-ကြိမ်, ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤနည်းအတူ ငါးဝီထိချရမည်။

သဗ္ဗညုတဉာဏ်ယှဉ်သော ဇောသည် **အပွနာလော ကာမလောဟူရာ၌** သဗ္ဗညုတဉာဏ် ပန သဒိဘက္ခု သဝိစာရမေဝ ကာမာဝစရမေဝ၊ လောကိယ-မေဝါတိ-ဟူသော ဉာဏဝိဘင်း အဋ္ဌကထာ။

သဗ္ဗညုတာဉာဏ် ပန ကာမာဝစရမေဝ၊ တထာ **အနာဝရဏဉ္ဇဟူ၍လာသော** မဋ္ဌိမနိကာယ် **မဟာသီဟနာဒသုတ်** အဋ္ဌကထာ။

ဧကမေဝ ဉာဏ် သဗ္ဗညုဟဉာဏ် အနာဝရဏ ဉာဏန္တိ ဝိသယပဝတ္တိ မုခေန အညေဟိ အသာဓာရဏဘာဝဒဿနတ္ထံ၊ ဒုဝိဓေန ဉေဒ္ဓံ-ဟူသော ဥဒါန်း အဋ္ဌကထာတို့နှင့်အညီ ဥယျမတ်တရား ငါးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ သိတတ်သော ကာမာဝစရဖြစ်သော မဟာကြိယာ ဉာဏသမ္မယုတ် ဇော ၇-ခု၌ ယှဉ်သော ပညာနှင့်ကို သဗ္ဗညုတဉာဏ်ဟူ၍ ဆိုသည်။

ငါသိခြင်း၌ ပိတ်ပင်တားဆီးခြင်း ရှိသေး၏ လောဟ တွေးတောသောကာလ အဆီးအတား မရှိပြီဟု သိသော ထိုမဟာကြိယာဇော၌ ယှဉ်သော ဉာဏ်ကိုပင် **အနာဝရဏဉာဏ်ဟူ၍** ဆိုသည်။

http://www.dhammadownload.com

၁၁၀-ဒေါသဇောနောင်ကျသော တဒါရုံဘဝင်များကို ပြခြင်း

ပေး။ ။ဒေါသဇောနှင့်၊ အခြောင်းသင့်စွဲ၊ ဘယ်ဝဒါရုံ၊ ဘယ်ဘဝင်လျှင် တုန်သနည်း။

ဖြေ။ ။ဒေါသဇောနောင် ပဒါရုံ ကျသည်ဖြစ်အံ့၊ ဥပေက္ခာ တဒါရုံ ဖြစ်ခုကျသည်။ တဒါရုံမကျသည်ဖြစ်အံ့၊ ဥပေက္ခာ ဘဝင်ခြောက်ခု ကျသည်ဟူပေ။

၁၁၁-အာဂန္တုက ဘဝင်ဖြစ်ပုံကို ပြခြင်း

မေး။ ။သောမနဿ၊ ရဘလွှဲသဇန္ဓ၊ ဇနလူတို့မှာ၊ ဒေါသဖြာသော်၊ တဒါရုံမှာ ကျပါဦး•အုံးလော။

ဖြေ။ ။သောမနဿ ပဋိသန္ဓေ နေသောပုဂ္ဂိုလ်အား ဒေါသပုဇ္ဇော ကျခဲ့သော် ၎င်းဇောနောင် သောမနဿ တဒါရုံ, သောမန ဘဝင်တို့လည်း မဖြစ်သင့်ရကား၊ တဒါရုဖြစ်ချင်းသည်း မရှိပြီ၊

ဥပေက္ခာ သန္ဓိရဏဝီထိသည် ဝရုံးက လေ့ကျက်ဘူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုက ဘဝင်ဘင်္ဂိမ် ဖြစ်ပြီးမှ သောမနဿ ဘဝင်ကျလေသည်။

ထိုအနက်ကို ပြခြင်းငှါ-

> သောမနဿပဋိသန္ဓိကဿဒေါမနဿ သဟဇာတဇဝနာဝသာနေ တဒါလမ္ဗဏာ သမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏ-မာရဗ္ဘ ဥပေက္ခာသဟဂတသန္ဓိရဏံ ဥပ္ပဇ္ဇတိ၊ တမနန္တရိတ္တာ ဘဝင်္ဂပါ-တောဝ ဟောတိတိ ဝဒန္တိ အာစရိယာ-

ဟူ၍ မိန့်လေသည်။

၁၁၂-ဇောနှင့် တဒါရုံ ဘဝင်တို့ကို ဝေဖန်၍ ပြခြင်း

ဝေဒနာတူ တဒါရုံ ဖြစ်ခြင်းကို အကျဉ်း မှတ်လွယ် စိမ့်သောငှါ ဂါထာပြလိုက်ဦးအုံ။

> ၁။ ပရိတ္တကုသလာဒေါသ- ပါပသာတ ကြိယာဇဝါ။
> ပဉ္စဒ္ဒွေကံ တဒါလမ္ဗံ၊ သုခိတေသု **ယ**ထာရဟံ။
>
> ၂။ ပါပါကာမသုဘာ စေဝ၊ သောပေက္ခာ စ ကြိယာဇဝါ။
> သောပေက္ခေသု တဒါလမ္ဗံ၊ ဆဋ္ဌေက **မ**နုရူပတော။

http://www.dhammadownload.com

ပရိတ္တကုသလာဒေါသပါပသာတကြိယာဇဝါ၊ ကာမကုသိုလ် ဇောရှစ်ခု၊ ဒေါသကြဉ်သော အကုသိုလ်ဇော ၁၀၊သောပနသ ကြိယာ ဇော ၅-ခုနောင်မှ။ ပဉ္စသု၊ ငါးပါးကုန်သော။ သုခိတေသု၊ သောမနသ တဒါရုံတို့တွင်။ ဧကံ တဒါလပ္ပံ၊ တခုခုသော တဒါရုံသည်။ ယထာရဟုံ၊ ထိုက်သည် အားလျော်စွာ။ ဟောတိ၊ ဖြစ်၏။

ပါပါ စ၊ အကုသိုလ်ဇော ၁၂-ခုမှရင်း။ ကာမသုဘာ စေဝ၊ မဟာကုသိုလ်ဇော ရှစ်ခုမှရင်း။ သောပေက္ခာ စ ကြိယာဇဝါ၊ ဥပေက္ခာသဟဂုတ်ကြိယာ ဇော ၄-ခုမှရင်း။ ပရံ၊ နောက်၌။ ဆသု၊ ၆-ပါးကုန်သော။ သောပေက္ခေသု၊ ဥပေက္ခာ တဒါရုံတို့တွင်။ ဧကံ၊ တခုခုသော တဒါရုံသည်။ အနုရူပတော၊ သတ္တာ၊ အာရုံ အားလျော်စွာ။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား။ ။လောဘမူ, မောဟမူ, မဟာကုသိုလ်ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ တဒါရုံ ဧကာဒသတွင် တခုခု။ မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရ ဘဝင် ၁၅-ခုတွင် တခုခုကျသင့်၏။

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆-ခု။ မကျသည်ဖြစ်အံ့ ကာမ, ဥပေက္ခာ ဘဝင် ၆-ခုတွင် တခုခု ကျသင့်၏။

ဟသိတုပ္ပါဒ် ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ သောမနသ တဒါရုံ ၅-ခု၊ မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတွင် တခုခုဖြစ်သင့်၏။

မဟာကြိယာ သောမနသ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနသ တဒါရုံ ၅-ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တခုခုဖြစ်သင့်၏။

မဟာကြိယာ ဥပေက္ခာဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာ-တဒါရုံ ၆-ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တခုခုဖြစ်သင့်၏။ ဤသို့မှတ်လေ။

၁၁၃-တဒါရုံမဖြစ်သော အရာ ၁၀-ပါးကို ပြခြင်း

၁။ ပညတ်ကို အာရုံပြုသော ဇောနောင်ရင်း၊

၂။ လက္ခဏာရေးကို အာရုံပြုသော ဝိပဿနာ ဇောနောင်ရင်း၊

၃။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောနောင်ရင်း၊

၄။ ရူပါ, ရူပ, ဓမ္မလျှင် အာရုံရှိသော ဇောနောင်ရင်း၊

၅။ မိစ္ဆတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်ရင်း၊

၆။ သမ္မတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်ရင်း၊

http://www.dhammadownload.com

၇။ လောကုတ္တရာ တရားကို အာရုံပြုသော ဇောနောင်ဇင်း၊

၈။ အာဘိညာဉ်ကို အာရုံပြုသော ဇောနောင်ဇင်း၊

၉။ ပဋိသန္ဓိဒါ ၄-ပါးကို အာရုံပြုသော ဇောနောင်ဇင်း၊

၁၀။ ဒုဗ္ဗလဖြစ်သော ကာမာဝစရ အာရုံဌဂင်း-တဒါရုံ မဖြစ်ဟူ၍ သမ္မော-အဋ္ဌကထာဌ် လာသည်။

ဆောင်ပုဒ်။ ။ပညတ်လကွာဏာ၊ ဝုဋ္ဌာနာနှင့်၊ ရူပါရူပ၊ မိဿတ္တက၊ သမ္မတ္တ-နိယတာ၊ လောကုတ္တရာ,ဘိညာဉ်၊ သမ္ဘိဒါလေး၀၊ ကာမ-ဒုဗ္ဗလာ၊ အာရုံမှာဌ်၊ တဒါရုံလှုပ်၊ မချအပ်ဟု၊ ကျမ်းမြတ် အဋ္ဌ-ကထာ မိန့်သတည်း။

၁၁၄-အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်

ပဝတ္တိစိတ်တို့ကို ပြခြင်း

မေး။ ။သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်အား၊ ပုဂ္ဂိုလ်များတို့၊ တည်ငြားသန္ဓေ၊ ဘယ်သည့် စိတ်နှင့် နေသနည်း။

မသေသမျှ၊ ပဝတ္တိကာလ၊ ရသည့်အညီ၊ ကိုယ်စီစိတ်ရ၊ ဘယ်မျှနည်း။

ဖြေ။ ။ကာမဘုံဌ်ဖြစ်သော အရိယာ ၃-ယောက်တို့သည် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခုတို့ဘွင် တခုခုဖြင့် ပဋိသန္ဓေနေကုန်သည်။ ။ရူပဘုံဌ် ရူပ-ဝိပါက် ၅-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေ နေကုန်သည်။ ။အရူပဘုံဌ် အရူပ-ဝိပါတ် ၄-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေ နေကုန်သည်။ ပဝတ္တိ အခါဌ်ကား—

ကာမသောတာပန်အား စျာန်မရမူ ၄၁။

စျာန်ရမူ ၅၀။

သကဒါဂါမ်လည်း ဤနည်းအတူပင်တည်း။

အနာဂါမ်အား စျာန်မရမူ ၃၉။

စျာန်ရမူ ၄၈-ရကြလေသည်။

၁၁၅-ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း

ဤအထုဌ် ဆောင်ရွက်လွယ်စိမ့်သောဌ့၁ ဘုံပုဂ္ဂိုလ်ရ စိတ်ရကို ချုံး၍ ပြလိုက်ပေအုံ့။

http://www.dhammadownload.com

၁။ ဒု, သု, ဒ္ဒိ, တိ၊ အဋ္ဌာရိ၊ ဘုံဌိပုဂ္ဂလာ။
၂။ အပါယ်လေးဘုံ၊ ဒု, ဟိတ်ကြုံ၊ ယူတုံတစ်စီသာ။
၃။ စဝတုမဟာ၊ မနုဿာ၊ ဒု, ခွဒဆယ့်တစ်လာ။
၄။ ဒု, သု, ပယ်လတ်၊ ငါးဘုံနတ်၊ ရမ့ဟတ်ဆယ်စီသာ။
၅။ ဆယ်ဘုံဗြဟ္မာ၊ ဒု, သု, ဒ္ဒါ၊ ပယ်ခွဒယူနဝါ။
၆။ အသညသတ်၊ ရူပ်သာမ့တ်၊ ယူလတ်သုဟိတ်သာ။
၇။ သုဒ္ဓါဝါဆို၊ နာဂါမ်ဖိုလ်၊ ထက်ကိုသုံးစီသာ။
၈။ ဒု, သု, ဒ္ဒိက၊ အောက်မဂ်, ချ၊ အဋ္ဌအရူပါ။
၉။ ပုဂ္ဂိုလ်အပြား၊ ဝါကရား။ ကောက်ငြား ဘုံသုံးရွာ။

ဘုံပုဂ္ဂိုလ်ရ ပြီး၏။

၁၁ဖ-ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ အကုသိုလ် ၁၂၊ ကုသိုလ် ၈၊ တွက်စစ် ဧဇာနှစ်ဆယ်။
၂။ အဟိတ်စိတ်မှ၊ သတ္တရ၊ ဟသိတုပ္ပါဒ်ပယ်။
၃။ သဘို့သစိတ်၊ ပေါင်းရှိကျိတ်၊ ဒုဟိတ်ပုဂ္ဂိုလ်ဝယ်။
၄။ ၎င်းတွင်သာ၊ ဉာဏဝိပွယုတ်၊ ဝိပါတ်စုတ်၊ ပုဂ္ဂိုလ်သုဂတိ။
၅။ ဒ္ဒိဟိတ္တဉ္စ၊ ယင်းသာမ့၊ ဧကစတ္တာရိ။
၆။ တိဟိတ်ဖြစ်လာ၊ ယင်းတွင်သာ၊ ဉာဏသမ္ပယုတ်။
၇။ ဝိပါက်၄-ဖြာ၊ ဆင့်၍သာ၊ သန်္ခါစိတ်ရကုတ်။
၈။ စျာန်ရဖြစ်လျှင်၊ ၉-ခုပင်၊ ရောတင်မဟဂ္ဂုတ်။
၉။ စတုပညာ၊ ဤသန်္ခါ၊ ကာမတိဟိတ်ပုဂ်။
ဤကား ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့၏ စိတ်ရပေတည်း။
၁၀။ ၄-ပါးဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပယ်ခွဒတုံလို၊ အကုသိုလ်သတ်၊ သတ္တရသ်၊ ရမ့တ်အဟေတု။
၁၁။ ကုသိုလ်ဝိပါက်၊ ၁၆-စုက်၊ တက်လော ဖိုလ်တခု။
၁၂။ ၄၁-မှန်၊ သောတာပန်၊ ရဟန်စိတ်အစု။

http://www.dhammadownload.com

၁၃။ စျာန်ရသည့်ပုဂ်၊ မဟဂ္ဂုတ်ယူ၊ ၉-ခုကူ ပေါင်းမူ ၅၀-ပြု။
၁၄။ သကဒါဂါမ်လည်း၊ ဤသို့နည်း၊ လည်းရှိဖိုလ်ကိုသာ။
၁၅။ တနုကရ၊ ပဋိဃ၊ ဤမျှထူးသည်သာ။
၁၆။ အနာဂါမ်မှာ၊ ယင်းတွင်သာ၊ ပယ်ခွာဒေါသပစ်။
၁၇။ နဝတိံသ၊ စျာန်မရ၊ ရလျှင် ၄၈။
၁၈။ ဝိပါက်ကာမ၊ တေဝီသ၊ ကောဒသကြိယာ။
၁၉။ အရဟတ္တဖိုလ်၊ စွက်လိုကေ၊ ဗျည်းတိံသ၊ စိတ်ရ ရဟန္တာ။
၂၀။ စျာန်ရဖြစ်လျှင်၊ ၉-ခုပင်၊ တင်လေကြိယာ၊ မဟဂ္ဂါ။
၂၁။ စတုစတ္တာလီ၊ အရညီ၊ ဤဘုံရဟန္တာ။
၂၂။ မဂ္ဂဋ္ဌာန်လေးဝ၊ မိမိရသည့်၊ မင်မျှကိုသာ၊ ယူသင့်စွာ၏။

ကာမပုဂ္ဂိုလ်စိတ်ရ ပြီး၏။

၁၁၇-ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါသမူပယ်၊ ဇောတဆယ်၊ ရဖွယ်အကုသိုလ်။
၂။ အဟိတ်စိတ်မှာ၊ ဃာနာဒိဆက္ကာ၊ ဟသိ,ချ၊ ဒသတခုပို။
၃။ ကာမာဝစရ၊ ကုသလ၊ အဋ္ဌသွင်းစေလို။
၄။ ကုသိုလ်နဝ၊ ဝိပါက်မှ၊ ကျရာဘုံတွင်ဆို။
၅။ ၃၉-မျှ၊ တိဟိတ်ရ၊ ရူပဘုံပုဂ္ဂိုလ်။
၆။ သောတာပန္ဒ၊ ဖြစ်ပြန်က၊ ရသည့်ဖိုလ်စိတ်တင်။
၇။ ဒိဋ္ဌိလေးဖြာ၊ စိတ်ကင်္ခါ၊ ခွာလေငါးခုပင်။
၈။ သကဒါနှင့်၊ အနာဂါမ်မူ၊ ဤနည်းတူ၊ လဲယူသူဖိုလ်ပင်။
၉။ ပဉ္စတိံသ၊ စိတ်အရ၊ သေက္ခသုံးယောက်တွင်။
၁၀။ စက္ခုသောတ၊ ပဋိစ္ဆနှင့်၊ သုခ,သန္တီရဏာ၊ ပဉ္စဒ္ဓါက၊ ကြိယာဝီသ၊ ထက်ဖလ၊ ပါပတခုလျှင်။
၁၁။ ကေတိံသ၊ အရဟန္တ၊ ပဌမစျာန်ဘုံတွင်။
၁၂။ ထက်သုံးဘုံမှာ၊ ဖြစ်တုံလာ၊ ပါကာ,လဲ၍ယှဉ်။

ရူပပုဂ္ဂိုလ်စိတ်ရ ပြီး၏။

http://www.dhammadownload.com

၁၁၈-အရှုပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါသပယ်ရှား၊ဆယ်ပါး ပါပါ၊ မနာဝဇ္ဇ၊ ကုသလ၊ ကာမ,အရှုပါ။

၂။ ပထမဝိပါက်၊ ဗွက်လေဘုံက၊ ဧောဗီသ၊ အရှုပ ပုထုဇ္ဇာ။

၃။ သောသနာဂါ၊ ဖြစ်တုံလာက၊ ကခါဒိဋ္ဌိ၊ ပယ်လိုက်ဘိရှ၊ မိမိဖလ၊ လောင်းစွက်ရ၊ ဂီသ,စိတ်ယူပါ။

၄။ ရဟန္တာမှာ၊ မနာဝဇ္ဇ၊ ကာမအရှုပါ၊ ကြိုယာနှင့်၊ အဂ္ဂါဖလ၊ ဘုံပါက၊ စိတ်ရပန္နရာ။

၅။ အထက်ဘုံတွင်၊ ဖြစ်ဝံ့လျှင်၊ အောက်ခွင်အရှုပ၊ စိတ်ကိုချ၊ ရသင့်လျော်စွာ ယူပေရာ။

အရှုပပုဂ္ဂိုလ်စိတ်ရ ပြီး၏။

၁၁၉-ဆပညာသအရ ယထာသမ္ဘဝ ယူရပုံကို ပြခြင်း

မေး။ ။ဆပညာသ၊ စိတ်အရကို၊တကွဆိုပြီ၊ပုဂ္ဂိုလ်တယောက်၌ပင်လော။

ဖြေ။ ။တယောက်မှာ မဟုတ်၊ သောတာပန်၊ သကဒါဂါမ် အနာဂါမ် သုံးပါးကို ပေါင်း၍ ဆိုသည်။ ပထာသမ္ဘဝသာ ယူရမည်၊ ယူနည်းကိုလည်း ရှေးကပြခဲ့ပြီ။

၁၂၀-သောဘာပန် ပုဂ္ဂိုလ်အပြားကို ပြခြင်း

မေး။ ။သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်ဆို၊ ပုဂ္ဂိုလ်သုံးပါး၊ ဂုဏ်ထူးခြား၊ ပြားသည် ဘယ်မျှစီတို့နည်း။

ဖြေ။ ။သောတာပန်သည် စျာန်ရ, စျာန်မရ အားဖြင့် နှစ်ပါးပြားသည်၊ ထိုနှစ်ပါးတို့တွင် စျာန်ရ သောတာပန်သည် ဤဘဝအရဟတ္တမဂ်, ဖိုလ်ကို မရသော် ဗြဟ္မာပြည်သို့သာ သွားလေသည်။ အရဟတ္တမဂ် ဖိုလ်ကို ရသော် ပရိနိဗ္ဗာန်ပြုလေသည်။ စျာန်မရသော သောတာပန်သည်လည်း-

၁။ ကေဝီဇ-သောတာပန်,

၂။ ကောလံကောလ-သောတာပန်,

၃။ သတ္တက္ခတ္တုပရမ-သောတာပန်–ဟူ၍ သုံးပါးပြားသည်။

ထိုသုံးပါးတို့တွင် အကြင်ပုဂ္ဂိုလ်သည် ကြီးသောပညာ, ထက်သော ဝီပဿနာ ရှိသည်ဖြစ်၍ သောတာပန်ဖြစ်ပြီးသည့်နောက် တဘဝသာ ပဋိသန္ဓေ

http://www.dhammadownload.com

နေ၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် **ကေဗိဇ**- သော-တာပန် မည်၏။

အကြင်ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ပြီးသည့်နောက် နှစ်ဘဝဇင်း, သုံးဘဝဇင်း, လေးဘဝဇင်း, ငါးဘဝဇင်း, ခြောက်ဘဝဇင်းဖြစ်၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန် ယူ၏။ ထိုပုဂ္ဂိုလ်သည် **ကောလံကောလ**-သောတာပန် မည်၏။

အကြင် ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ပြီးသည့်နောက် ၂-ဘဝဖြစ်၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် **သတ္တက္ခတ္တုပရမ**-သောတာပန် မည်၏။

ဤအနက်ကို ပြခြင်းငှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်း အဖွင့်၌-

> သတ္တာ ဟိ ဗုဒ္ဓတုလာယ တုလယိတ္ဘာ သဗ္ဗညုတညာဏေန ပရိမ္ဗိန္ဒိတ္ဘာ အယံ ပုဂ္ဂလော သဗ္ဗမဟာပညော, တိက္ခဝိပဿကော, ကေမေဝ ဘဝံ နိဗ္ဗတ္တေတ္ဘာ အရဟတ္တံ ဂဏှိဿတီတိ **ကေဗိဇ**ံတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော ဒုတိယံ, တတိယံ, စတုတ္ထံ, ပဉ္စမံ, ဆဋ္ဌံ ဘဝံ နိဗ္ဗတ္တေတ္ဘာ အရဟတ္တံ ဂဏှိဿတီတိ **ကောလံကောလော**တိ နာမံ အကာသိ။ အယံ ပုဂ္ဂလော သတ္တမံ ဘဝံ နိဗ္ဗတ္တေတ္ဘာ အရဟတ္တံ ဂဏှိဿတီတိ သတ္တက္ခတ္တုပရမော**တိ** နာမံ အကာသိ-

ဟူ၍ မိန့်တော်မူသည်။

သခေါပဝတ္ထာနာ **ဆရာတော်ကား**-

သောတာပန် ဖြစ်ပြီးနောက် လူ့ပြည်၌ ၆-ကြိမ်, နတ်ပြည်၌ **တကြိမ်** ပဋိသန္ဓေနေ၍ အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည် **ကေဗိဇ** သောတာပန် မည်၏။

သောတာပန် ဖြစ်ပြီးနောက် လူ့ပြည်၌**တကြိမ်** နတ်ပြည်၌**တကြိမ်** **အား**ဖြင့် နှစ်ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ငင်း,

လူ့ပြည်၌တကြိမ် ပဋိသန္ဓေနပြီးသော် နတ်ပြည်သို့သွား၍ ထိုနတ်ပြည်မှသည် လူ့ပြည်သို့ပြန်၍ ပဋိသန္ဓေတကြိမ်နေပြီးမှ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ငင်း,

ဤသို့ နတ်ပြည်တကြိမ် လူ့ပြည်တကြိမ် ပြောင်းကာ ပြောင်းကာ ၄-ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ငင်း,

http://www.dhammadownload.com

၅-ကြိမ် ၆-ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်၎င်း ကောလံကောလ သောတာပန် မည်၏။

လူ.ပြည့်, နတ်ပြည့်, အရောရောအားဖြင့် ၇-ကြိမ် ပဋိသန္ဓေနေပြီးမှ အရဟတ္တဖိုလ်ကိုရ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

လူ.ပြည်၌သာလျှင် ၇ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်, နတ်ပြည်၌သာလျှင် ၇-ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်ကို သတ္တက္ခတ္တုပရမ-ဟူ၍ မဆိုအပ်ဟု ပြတော်မူသည်။ ။ဤစကားသည် ကိုးစားရန် အဋ္ဌကထာ မရှိချေ။

၁၂၁-သကဒါဂါမ်ပုဂ္ဂိုလ်ဒေသနာကို ပြခြင်း

သကဒါဂါမ်သည်လည်း—

ဤလူ.ပြည်၌ သကဒါဂါမိုလ်သို့ရောက်၍ လူ.ပြည်၌ပင် အာဆက် မဂ်,ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော–

၁။ ဣဓ ပဘ္ဒာ ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ပင် အဆက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော–

၂။ တတ္ထ ပဘ္ဒာ....တတ္ထ ပရိနိဗ္ဗာယီ....တမျိုး,

နတ်ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် လူ.ပြည်သို့တကြိမ်လာ၍ အဆက် မဂ်, ဖိုလ် ကိုရ၍ နိဗ္ဗာန်ယူသော–

၃။ တတ္ထ ပတ္ဒာ....ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

လူ.ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့သွား၍ အဆက် မဂ်,ဖိုလ် ကိုရ၍ ပရိနိဗ္ဗာန်ပြုသော–

၄။ ဣဓ ပတ္ဒာ....တတ္ထ ပရိနိဗ္ဗာယီ....တမျိုး,

လူ.ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့ တကြိမ်သွား၍ တဖန် လူ.ပြည်၌ ပဋိသန္ဓေ နေလာပြန်ပြီး နိဗ္ဗာန်ယူသော–

၅။ ဣဓ ပတ္ဒာ....တတ္ထ နိဗ္ဗတ္တော်ဘဲ ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

ဤသို့အားဖြင့် သကဒါဂါမ်အပြား ၅-ပါးရှိသတည်း။

http://www.dhammadownload.com

၁၂၂–အနာဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း

အနာဂါမ် ဟူသည်ကား–

ဤကာမသုဂတိဘုံဘို့၌ တတိယ မဂ်, ဖိုလ်ကိုရပြီးသော် ဤဘဝ အရဟတ္တ မဂ်, ဖိုလ်ကို မရသေးသည်ဖြစ်အံ့၊ ကာမဘုံ၌ ပဋိသန္ဓေမနေ။ ဗြဟ္မာပြည်သာ ဖြစ်လေသော ပုဂ္ဂိုလ်သည် အနာဂါမ်မည်၏။

ထိုအနာဂါမ်သည် စျန်ရ, စျန်မရအားဖြင့် နှစ်ပါးရှိသည်တွင် စျန်ရပုဂ္ဂိုလ်မှာ ဗြဟ္မာပြည်သို့ သွားတန်စေ၊

စျန်မရသော သုက္ခဝိပဿက အနာဂါမ်သည် ဘယ်သို့ ဗြဟ္မာပြည်သို့ သွားနိုင်အံ့နည်း ဟူငြားအံ့–

> သောပိ မရဏကာလေ စျာနိကောဝ ဟုတ္ဝာ ဂစ္ဆတိ၊ ဂစ္ဆန္တဿ ဟိ မဂ္ဂန္တဲရေ စောရာဒီဟိ ဇီဝိတက္ခယံ ပါပေန္တဿာပိ၊ လက္ခဏတ္တယံ အာရောပေတ္ဝာ စျာနိကဿေဝ မရဏံ ဟောတိ–

ဟူသော သခေ်ပဋိကာနှင့်အညီ–

ထိုစျာန်မရသော အနာဂါမ်သည်လည်း သေခါနီးကာလ၌စျာန်ရသည်ဖြစ်၍ ဗြဟ္မာပြည်သို့ သွားနိုင်၏။ ထိုစကားသည်မှန်၏။

အကြင် စျာန်မရသော ပုဂ္ဂိုလ်အား ခရီးသွားစဉ် အကြား၌ ခိုးသားစသည်တို့သည် လိုက်သတ်၍ လျင်စွာ အသက်ကုန်ရသော်လည်း လက္ခဏာရေးသို့ ကင်သဖြင့် စျာန်နှင့် တကွသာလျှင် သေခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် ဗြဟ္မာဘုံသို့သာ လားနိုင်၏ဟူပေ။

ထိုအနာဂါမ်သည်–

၁။ အန္တရာ ပရိနိဗ္ဗာယိ အနာဂါမ်၊

၂။ ဥပဟစ္စ ပရိနိဗ္ဗာယိ အနာဂါမ်၊

၃။ အသခ်ါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၄။ သသခ်ါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၅။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိနီ အနာဂါမ်-
အားဖြင့် ငါးမျိုးပြား၏။

http://www.dhammadownload.com

ထိုငါးမျိုးတို့တွင်-

အကြင်ပုဂ္ဂိုလ်သည် အကြင်ဘုံ၌ အနာဂါမ်၏အဖြစ်ဖြင့် ပဋိသန္ဓေနေ၍ အသက်တဝက်မတိုင်မီ အရဟတ္တဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြု၏၊ ထိုပုဂ္ဂိုလ်သည် အန္တရာ ပရိနိဗ္ဗာယိ မည်၏။

အသက်ထက်ဝက်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ် ပုဂ္ဂိုလ်သည် ဥပဟစ္စ ပရိနိဗ္ဗာယိ မည်၏။

သခ်ါရ တရားတို့ကို သင့်ရုံသာစီးဖြန်း၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ် ပုဂ္ဂိုလ်သည် အသခ်ါရ ပရိနိဗ္ဗာယိ မည်၏။

သခ်ါရ တရားတို့ကို အပင်အပန်းစီးဖြန်းမှ အရဟတ္တ မဂ်ဖိုလ်ကို ရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် သသခ်ါရ ပရိနိဗ္ဗာယိ မည်၏။

ဘုံစဉ်အဘိုင်းစံ၍ အကနိဋ္ဌဘုံသို့ရောက်မှ အရဟတ္တ မဂ်ဖိုလ်ကို ရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အကနိဋ္ဌ ဂါမိနိ မည်၏။

ပရိတ်ကြီးဋီကာ၌ အန္တရာ, ဥပဟစ္စ, ပရိနိဗ္ဗာယိကို ပုဂ္ဂိုလ်တဦးတည်း ယူသည်ကား မှားလေစွ။

၁၂၃-ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း

ရဟန္တာပုဂ္ဂိုလ်သည်ကား-

ဈာန်မှခြောက်သော သုက္ခဝိပဿက ရဟန္တာ၊

ဈာန်ရသော ဈာနလာဘီ ရဟန္တာ ဟူ၍ နှစ်ပါးပြားပေ၏။

ထိုအရိယာပုဂ္ဂိုလ်တို့သည်-

သဒ္ဓါဓုရ ရဟန္တာ၊ ပညာဓုရ ရဟန္တာ အားဖြင့်လည်း နှစ်ပါး ပြားပြန်၏။

အသိည, ခိပ္ပါဘိည၊ မန္ဒပညာ, တိက္ခပညာ အားဖြင့်လည်း နှစ်ပါးပြား သေး၏။

၁၂၄-အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် ယူပုံကို ပြခြင်း

မေး။ ။ယေ ပုဂ္ဂလာ၊ အဋ္ဌသတံ၊ ပသဋ္ဌာ-လာ၊ အရိယာဖြစ်၊ တရာ ရှစ်ကို၊ စိစစ်ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။ကေဒိဇ သောတာပန် ကောလံကောလ သောတာပန် သတ္တက္ခတ္တုပရမ သောတာပန် ဟူ၍ ၃-ပါး။

http://www.dhammadownload.com

ကာမသကဒါဂါမ်, ရူပသကဒါဂါမ်, အရူပသကဒါဂါမ် ဟူ၍ သကဒါဂါမ် ၃-ပါး အားဖြင့် ဤ ၆-ပါးသော ပုဂ္ဂိုလ်တို့သည် ပဋိပဒါ၏ အစွမ်းဖြင့် ၄-ပါးစီ ပြားရကား ၂၄-ပါးဖြစ်၏။

အန္တရာ ပရိနိဗ္ဗာယိ အနာဂါမ်, ဥပဟစ္စပရိနိဗ္ဗာယိ အနာဂါမ်, အသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်, သသင်္ခါရ ပရိနိဗ္ဗ ယိ အနာဂါမ်, ဥဒ္ဓံသောတ အကနိဋ္ဌ-ဂါမိနိ အနာဂါမ် အားဖြင့် ငါးဦးသော ပုဂ္ဂိုလ်ဘို့သည် အဝိဟာဘုံ, အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံဘို့၌ အသီးသီးရကုန်သည်။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံ-သောတကို ကြဉ်၍ ၄-ဦးသောပုဂ္ဂိုလ်တို့ကို ရကုန်သည်ဖြစ်ရကား အနာဂါမ် ၂၄-ပါး ဖြစ်၏။

သုက္ခဝိပဿက, သမထနိယျာနိက ဟူ၍ ရဟန္တာပုဂ္ဂိုလ် နှစ်ဦး, မဂ္ဂင်္ဂဉာန် ပုဂ္ဂိုလ် လေးဦး၊ ဤအလုံးစုံကိုပေါင်းသော် ၅၄-ပါး ဖြစ်၏။

ထို ၅၄-ပါးကို သဒ္ဓါဓုရ, ဝိပဿနာဓုရ နှစ်ပါးဖြင့် မြှောက်သော် (တရာ့ ရှစ်ယောက်) ဖြစ်သတည်း။

ဤအာရကြောင်းကို ပရမတ္ထဇောတိကာ၊ ဃည်သော သုတ္တနိပါတ် အဋ္ဌကထာ၌ လာသည်။

ဆောင်ပုဒ်။ ။သောတာ သကဒါ၊ ဤ ၆-ဖြာ၌၊ ပဋိပဒါ ၄-ပါး၊ မြှောက်
ပုံးလေက၊ ဇောဗိသ။
နှံဂါမ် ငါးဖြာ၊ သုဒ္ဓါဝါ၊ ဧကာပယ်ချ၊ ဇောဗိသ။
ဒွေအရဟန္တာ၊ မဂ္ဂဋ္ဌာ၊ ပေါင်းပါတုံထ၊ ဇောပညာသ။
ဓုရနှစ်ဖြာ၊ မြှောက်သောခါ၊ အဋ္ဌာသတ၊ ပုဂ္ဂိုလ်ရ။

၁၂၅–အပါယ်သတ္တဝါတို့မှာ ပညာကင်းသည်ကို ပြခြင်း

မေး။ ။ယောဘုယျနည်း၊ ဖြင်ပည်းသတ္တဝါ၊ ပါယ်လေးရွာမှာ၊ ပညာ စေတသိက် ရှိ၏လော။

ဖြေ။ ။အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တမျိုးသာ ရှိသည်။ ထိုပုဂ္ဂိုလ်တို့၏ စိတ်ရကိုလည်း ၃၇-ပါးသာ ကျမ်းဆရာတို့ပြသောကြောင့် ဉာဏသမ္ပယုတ်စိတ် ၄-ခုပါရကား ပညာစေတသိက်ရသည်ဟု ဆိုဖွယ်ရှိ၏။ ယင်းသို့ဆိုဖွယ်ရှိသော်လည်း မဆိုအပ်ခေ။ ဘယ့်ကြောင့်နည်းဟူမူ ဤ ၃၇-ပါးသော စိတ်သည် အလွန်အားဖြင့် ရထိုက်သောပုဂ္ဂိုလ်ကိုသာ ရည်၍ ပြသည်။

http://www.dhammadownload.com

အလောင်းတော်ဖြစ်သော ကျေးမင်း, ခါမင်း, ဟသ်ာမင်း အစရှိသော ပုဂ္ဂိုလ်တို့ဠသာ ရသင့်သည်။

ကုသိုလ်စိတ် မရဏိုက်သောပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ကိုချ၍ ကုသလဝိပါက်စိတ်ကိုမျ မရဏိုက်သော ငရဲသူပြိတ္တာတို့မှာ ကုသလဝိပါက်စိတ်ကိုချ၍ယူရမည်။

ဤအကြောင်းကိုကား မိလိန္ဒပဉ္ဟာတွင် အရှင်နာဂသိန် ဖြေသောစကားကို ထောက်ထား၍ သိရမည်။

မင်းကြီးမေး။ ။အရှင်ဘုရား၊ အကြင်ပဋိသန္ဓေနေသော သတ္တဝါတို့သည် ယောနိသော မနသိကာရဖြင့် ပဋိသန္ဓေနေသလော၊ဟု မေး၏။

မထေရ်ဖြေ။ ၊မင်းကြီး၊ ယောနိသော မနသိကာရဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာဖြင့်လည်း ပဋိသန္ဓေန၏။ ပညာကင်းသော တပါးသော ကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေ၏ဟု ဖေါ်ပြသော်–

မင်းကြီး။ ။အရှင်ဘုရား၊ယောနိသော မနသိကာရသည်ပင် ပညာမဟုတ်လောဟ မေး၏။

မထေရ်။ ။မင်းကြီး ယောနိသော မနသိကာရလည်း အခြား,ပညာလည်း အခြားပင်တည်း။

မင်းကြီး၊ ဆိတ်, နွား, ကြံ, ကုလားအုတ်, မြည်း, မြင်း သတ္တဝါတို့အား မနသိကာရ တရားရှိ၏။ ထိုသတ္တဝါတို့အား ပညာမရှိ။ ထို့အောက် ယုတ်ညံ့သော သတ္တဝါတို့အားလည်း ပညာမရှိ။ ပညာယှဉ်သော စိတ်ပင်မဖြစ်ချေဟု ဖြေ၏။

၁၂၆–အပါယ်ဘုံသား အလောင်းတော်များတွင်
ဉာဏ်ယှဉ်ပုံကို ပြခြင်း

မေး။ ။ဘုရား အလောင်း၊ငွေဥဒေါင်းမင်း၊ဝက်မင်းဒေသနာ၊ဟောသော ခါဝယ်၊ လက္ခဏာဝေဖန်၊ ဉာဏ်ယှဉ်၏လော မယှဉ်လော။

ဖြေ။ ။ဖြည့်အပ်ပြီးသော ပါရမီရှိသော အလောင်းတော်တို့သည်တစုံတခုသော အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘဝသို့ ရောက်ရခြင်းသော်လည်း ရပြီးသောဉာဏ်သည် မတိမ်မကောပြီ။ ထို့ကြောင့် အလောင်းတော်ဖြစ်သော ဥဒေါင်းမင်း, ဟသ်ာမင်း စသည်တို့ တရားဟောသောအခါ လက္ခဏာရေးအားဖြင့် ဝေဖန်နိုင်သော ဉာဏ်ယှဉ်၏ဟု သိရမည်။

http://www.dhammadownload.com

၁၂၇-မဟဂ္ဂုတ်ဇော ၁၈-ခုတို့၏ အနည်းအများ စောပုံကို ပြခြင်း

မေး။ ။တဆယ့်ရှစ်ဖြာ၊ ဈာန်မှာဝီသိ၊ အာဒိကမ္မိက၊ သမာပဇ္ဇန၊ အရသဘော၊ ဇောကြိမ်ဘယ်က များသနည်း။

ဖြေ။ ။မဟဂ္ဂုတ် ကုသိုလ်ဈာန် ၉-ပါး, ကြိယာဈာန် ၉-ပါးအားဖြင့် ၁၈-ပါးသော ဈာန်ကို ရခသောပုဂ္ဂိုလ်၏ အာဒိကမ္မိကဝိထိ၌ အပွနာဇောသည် တကြိမ်သာ ဖြစ်သည်။ သမာပဇ္ဇနဝီထိ၌ကား ဘဝင်အယဉ်ကဲ့သို့ များစွာ အပွနာဇော ဖြစ်သည်။

၁၂၈-အဘိညာဉ်ဝီထိဖြစ်ပုံကို ပြခြင်း

မေး။ ။အဘိညာဏ်တရား ၅ ပါး၊ ၆-ပါး၊ ၇-ပါးတွင်၊တပါးပါး၌၊ဝင်စား သည်ရှိ၊ ၄-ဝီထိမှာ၊ အသိဆင်ဆင်၊ ဘိညာဉ်ဖြင်သည်၊ ဘဝင်စပ်ယှဉ်၊ စိတ်စဉ် ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။အဘိညာဉ်ဟူသည်ကား-

အဘိဝိသေသော ဉာဏော အဘိညာဏော။ ။အဘိဝိသေသော၊ ထူးမြတ်ကဲလွန်သော။ ဉာဏော၊ အသိဉာဏ်တည်း။ အဘိညာဏော၊ ထူးမြတ်ကဲလွန်သောအသိဉာဏ်။

ဤသို့သော ဝစနတ္ထဖြင့် ထူးမြတ်ကဲလွန်သောဉာဏ်ဟု သမုတ်အပ်သော အဘိညာဉ်သည်-

၁။ ဣဒ္ဓိဝိဓ၊ ၂။ ဒိဗ္ဗစက္ခု၊
၃။ ဒိဗ္ဗသောတ၊ ၄။ စေတောပရိယ၊
၅။ ပုဗ္ဗေနိဝါသ-ဟူ၍ ငါးပါးအပြား ရှိ၏။

ထိုငါးပါးတို့တွင် ယထာကမ္မုပဂနှင့် အနာဂတံသကို ထည့်သော် ၇-ပါး အပြားရှိ၏။

ရှေးအဘိညာဉ် ငါးပါးကိုကား သာသနာတော်၏ အပ၌ သုမေဓာ စသော တာပသ, ဣသိတို့ပင် ရနိုင်ကြသည်။ ၇-ပါးလုံးကိုကား သာသနာတော်၏ အတွင်း၌ ဗုဒ္ဓသာဝက, ဈာနလာဘီ ပုဂ္ဂိုလ်တို့သာ ရနိုင်ကုန်သည်။

ထို ၇-ပါးတို့တွင် ဣဒ္ဓိဝိဓ အဘိညာဉ် ဖြစ်ဟန်ကား သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ကာမ, ရူပ, တိဟိတ်, ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ ရူပကာယကို သတ, သဟဿ စသည်ဖြစ်အောင် နိမ္မိတရုပ် ဖန်ဆင်းလို

http://www.dhammadownload.com

လတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဇ္ဈတ်တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဇ္ဈတ်တွင် တခုခုသည်၊ မန္ဒပညာ ပဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခပညာ ပဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃-ကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် ရူပကုသိုလ် ပဉ္စမစျာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာ ပဉ္စမစျာန်သည် ရဟန္တာပဂ္ဂိုလ်အား ပါဒကစျာန်ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏၊ ကို့နောင် ဘဝင်—

ထို့နောင် သတံ ဟောမိ, သဟဿံ ဟောမိ အာဓိပတေယျသဒ္ဒါရှိသည်ဖြင့် အဓိဋ္ဌာန်ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း၊ ထို့နောင် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်—

ထို့နောင် အဘိညာဉ်၏အခြေဖြစ်သော ပါဒကစျာန်ကို ဝင်စားလိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း၊ ထို့နောင် ပဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဇ္ဈတ်တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဇ္ဈတ်တွင် တခုခုသည်၊ မန္ဒပညာပဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာပဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ရူပကုသိုလ် ပဉ္စမစျာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာပဉ္စမစျာန်သည် ရဟန္တာပဂ္ဂိုလ်အား ပါဒကစျာန်ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်—

ထို့နောင် အဘိညာဉ်ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် မိမိရူပကာယ၏ သတ, သဟဿ အစရှိသော နိမ္မိတရုပ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း၊ ထို့နောင် ပဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဇ္ဈတ်တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဇ္ဈတ်တွင် တခုခုသည်၊ မန္ဒပညာ ပဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခ-

ထို့နောင် အဘိညာဉ်ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် မိမိရူပကာယ၏ သတ, သဟဿ အစရှိသော နိမ္မိတရုပ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း၊ ထို့နောင် ပဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဇ္ဈတ်တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဇ္ဈတ်တွင် တခုခုသည်၊ မန္ဒပညာ ပဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခ-

http://www.dhammadownload.com

ပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃-ကြိမ် ဥပစာရ သမာဓိ ဧောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ရူပကုသိုလ်ပဋ္ဌမစျာန်သည် ပုထုဇဉ် သေက္ခအား၊ ကြိယာပဋ္ဌမစျာန်သည် ရဟန္တာပုဂ္ဂိုလ်အား၊ အဘိညာဉ် ဧောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၏။ ကြွင်းသော အဘိညာဉ်တို့၌လည်း ဤနည်းအတူ ၄-ဝိထိစီ ချရမည်။

ဤဒွိဝိဓ အဘိညာဉ်၏ ပါဒကစျာန်ဝိထိမှာ ပဆဝိကသိုဏ်းကို အာရုံပြု၍ ကြွင်းသော အဘိညာဉ်တို့၏ ပါဒကစျာန် ဝိထိမှာ အာလောက ကသိုဏ်းကို အာရုံပြုသည်သာ ထူး၏။

ဤအဘိညာဉ်ဝိထိသည် ဝိထိလက်ရိုးတို့၌ ရှိပြီးဖြစ်သော်လည်း စိတ်စဉ် ဘယ်သို့ ဖြစ်သနည်းဟု အမေးရှိသောကြောင့်ဂုဏ်း, အကျဉ်းနည်းကို သိစေလိုရှင်း ရေးလိုက်သည်။

၁၂၉-ဝသ်ဘော်၅-ပါး ထူးခြားပုံ

မေး။ ။ဝသီဘော်ဝယ်၊ ငါးပါးသွယ်၊ ဘယ်ဝိထိနှင့်၊ ဘယ်ဝိထိမှာ ကျသနည်း။

ဖြေ။ ။စျာန်ကိုရပြီးသော စျာနလာဘီ ပုဂ္ဂိုလ်သည် မိမိရသော စျာန် ၌ရှိသော စျာန်အင်္ဂ၊ကို ရှေးဦးစွာ ဆင်ခြင်သော ဝိထိသည် ပစ္စဝေက္ခဏာ ဝိထိမည်၏။ ထို့နောင် ထိုစျာန် အင်္ဂါတို့တွင် ဝိတက်ကို အာရုံပြု၍ ၄-ကြိမ်, ၅-ကြိမ်သော ဇော၊ ၂-ကြိမ်, ၃-ကြိမ်,သော ဘဝင်၊ ဝိစာရကို အာရုံပြု၍ ၄-ကြိမ် ၅-ကြိမ် သော ဇော၊ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်၊ ပီတိကို အာရုံပြု၍ရှင်း၊ သုခကို အာရုံပြု၍ရှင်း၊ ဧကဂ္ဂတာကို အာရုံပြု၍ရှင်း၊ ၄-ကြိမ်, ၅-ကြိမ်သောဇော၊ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်တို့ကို ဖြစ်စေလျက် အဖန်တလဲလဲ လေ့လာသော ပစ္စဝေက္ခဏာ ဝိထိသည် အာဝဇ္ဇနဝသီ မည်၏။

သမာပဇ္ဇနဝသီ ဟူသည်ကား စျာန်ကို ရပြီးသောပုဂ္ဂိုလ်သည် စျာန်ကို ဝင်စားလိုလတ်သော် နှစ်ကြိမ်, သုံးကြိမ် သော ဘဝင်ထက် အလွန်မဖြစ်မူ၍ ရုတ်ခြင်း အာဝဇ္ဇန်း၏ အခြားမဲ့၌ စျာန်ဇောတို့ကို ဘဝင်အယဉ်ကဲ့သို့ များစွာ ဖြစ်စေခြင်းတည်း။

အဓိဋ္ဌာန ဝသီဟူသည်ကား ကာလကိုပိုင်းခြား၍ ဤမျှလောက်သော အခါပတ်လုံး ဘဝင်မကျစေပဲ စျာန်စိတ်ကိုသာ ဖြစ်စေအံ့ဟု ဆောက်တည်၍ ဝင်စားခြင်းတည်း။

http://www.dhammadownload.com

ဝုဋ္ဌာနဝသီဟူသည်ကား လိုရာအချိန်၌ နှိုးအောင်အိပ်နိုင်သော သူကဲ့သို့ ပိုင်းခြားတိုင်းသော ကာလကို မလွန်မူ၍ ဝင်စားသော စျာန်မှ ထခြင်းတည်း။

ပစ္စဝေက္ခဏာဝသီ ဟူသည်ကား စျာန်အင်္ဂါတို့ကို အနုလုံ, ပဋိလုံ အားဖြင့် ဆင်ခြင် ခြင်းပင်တည်း။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌-

ပထမစျာနတော ဝုဋ္ဌာယ ပထမံ ဝိတက္ကံ အာဝဇ္ဇနတော။ ဘဝင်္ဂံ ဥပစ္ဆိန္နိတ္ဝာ ဥပ္ပန္နဇဝနာနန္တရံ ဝိတက္ကာဒမ္မဏာ နေဝ၊ စတ္တာရိ ပဉ္စ ဝါဇဝနာနိ ဇဝန္တိ။ တတော ဒွေ ဘဝင်္ဂါနိ၊ တတော ပုန ဝိစာဇုဒမ္မဏံ အာဝဇ္ဇနံ ဝုတ္တာနုဿယနေဝ၊ ဇဝနံ နိတိ ဇဝံ ပဉ္စစျာနုဂေ်သု ယဒါ နိရန္တရံ စိတ္တံ ပေသေတုံ သက္ကောတိတိ၊ အာဝဇ္ဇန်သာ အာဝဇ္ဇနဝသီ သိဒ္ဓါ ဟောတိ။

အစရှိသည်ဖြင့် မိန့်အပ်ပြီ။

၁၃၀-စျာန်ဝင်စားတိုင်း အသက်ရှူ မရှူ

မေး။ ။သုမေဓာက၊ စသည်ရှင်ပဲ့၊ စျာန်အဘိညာဉ်၊ ယှဉ်လတ်သောခါ၊ အသက်ရှူပါသေး၏လော။

ဖြေ။ ။စတုတ္ထစျာန် ဝင်စားခိုက်သော ပုဂ္ဂိုလ်ဟူသမျှသည် အဿာသ, ပဿာသ မရှိ၊ အသက်မရှူ ဟူပေ။

၁၃၁-သခ်ါရ ၃-ပါး ရထိုက် မရထိုက်
ပုဂ္ဂိုလ်များကို ပြဆိုရာ

မေး။ ။ကာယသခ်ါရ၊ဝစီသခ်ါရ၊စိတ္တသခ်ါရ၊ဤသုံးဝကို၊မရဏောင်းဆို၊ ပုဂ္ဂိုလ်ရေတွက် ဘယ်မျှနည်း။

ဖြေ။ ။ဤပြဿနာ၌ စုံလင်စွာ ရေးလိုက်အံ့။

တယော သခ်ါရာ၊ ကာယသခ်ါရော ဝစီသခ်ါရော စိတ္တသခ်ါရော-တိ။ အဿာသပဿာသာ ကာယသခ်ါရော၊ ဝိတက္ကဝိစာရာ ဝစီသခ်ါ-ရော၊ ဝေဒနာ စ သညာ စ စိတ္တသခ်ါရော ဌပေတွာ ဝိတက္ကဝိစာရေ သမ္ပယုတ်စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသခ်ါရော။

(သခ်ါရယမိုက် ပါဠိထော်)

http://www.dhammadownload.com

သခ်ါရာ၊ သခ်ါရတရားတို့သည်။ ကာယသခ်ါရော၊ ကာယသခ်ါရငှင်း။ ဝစီသခ်ါရော၊ ဝစီသခ်ါရငှင်း။ စိတ္တသခ်ါရော၊ စိတ္တသခ်ါရငှင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့ဟည်း။

အဿာသပဿာသာ၊ ထွက်သက်, ဝင်သက်တို့သည်။ ကာယသခ်ါရော၊ ကာယသခ်ါရမည်၏။ ဝါ၊ကိုယ်ကိုပြုပြင်တတ်သော တရားမည်၏။

ဝိတက္ကဝိစာရာ၊ ဝိတက် ဝိစာရတို့သည်။ ဝစီသခ်ါရော၊ ဝစီသခ်ါရမည်၏။ ဝါ၊ ဝစီတေဒသဒ္ဒကို ပြုပြင်တတ်သော တရားမည်၏။

ဝေဒနာ စ၊ ဝေဒနာသည်ငှင်း။သညာ စ၊ သညာသည်ငှင်း။ စိတ္တသခ်ါရော၊ စိတ္တသခ်ါရမည်၏။ ဝိတက္ကဝိစာရေ၊ ဝိတက် ဝိစာရတို့ကို။ ၎ပေတွာ၊ ထားရှိ။ သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။စိတ္တသမ္ပယုတ္တကာ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ စိတ္တသခ်ါရော၊စိတ်ကိုပြုပြင်တတ်သော တရားမည်၏။

၁-ကာယသခ်ါရကို ပြဆိုရာ

အဿာသပဿာသာ ကာယသခ်ါရော- ဟူ၍ ဟောတော်မူအပ်သော ကာယသခ်ါရ၏ သရူပဝိဘာဂဝါရ၌ အဇ္ဈတ္တိက စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော စိတ္တဇဝါယော ဓာတ်ဟုဆိုအပ်သော အဿာသပဿာသ သည် ကာယသခ်ါရ မည်၏။

ထိုကာယသခ်ါရသည် ဘုံအားဖြင့် ကာမ ၁၁-ဘုံတို့၌ဖြစ်၏။ ရူပ အရူပဘုံတို့၌ မဖြစ်။

ဈာန်အားဖြင့် ပထမဈာန်- ဇော၂၀၊ ဒုတိယဈာန်ဇော- ၁၀၊ တတိယဈာန်-ဇော- ၁၀ တို့၌ ဖြစ်၏။ စတုတ္ထဈာန်ဇော ၁၈- ခုတို့၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀- ကြဉ်သော ကာမစိတ် ၄၄- ခုတို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဉ် ၁၀၊ မဟဂ္ဂုတ်ဝိပါက်၉-ခု၊ ပဋိသန္ဓေ, စုတိ စိတ်၏ ရှေးဗာတ္တိံသမ စိတ်မှစ၍ စုတိတိုင်အောင်သော ကာလ၌ ဖြစ်သောစိတ်တို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် ၁- သေသောပုဂ္ဂိုလ်။ ၂-အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်။ ၃- ရေငုပ်သောပုဂ္ဂိုလ်။ ၄- နိရောဓ သမာပတ်ကို ဝင်စားခိုက်သော ပုဂ္ဂိုလ်။ ၅- ၆- စတုတ္ထဈာန်ကိုဝင်စားသော ကာမပုဂ္ဂိုလ်, ရူပ, အရူပ ပုဂ္ဂိုလ်။ ၇- မိန်းမောသောပုဂ္ဂိုလ်၊ ဤ ၇- ဦးသောပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော ဗလဝါရမ္မဏ ဖြစ်သော ကာမပုဂ္ဂိုလ်တို့၌သာ ဖြစ်၏။

http://www.dhammadownload.com

၂-ဝစီသခ်ါရကို ပြဆိုဂု

ဝိတက္ကဝိစာရာ ဝစီသခ်ါရော- ဟူ၍ ဟောတော်မူအပ်သော ဝစီသခ်ါရ၏ သရူပ ဝိဘာဂဝါရ၌ ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက်, ဝိစာရသည် ဝစီသခ်ါရမည်၏။။

ထိုဝစီသခ်ါရသည် ဘုံအားဖြင့် စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်၏။ အာသညသတ်ဘုံ၌ မဖြစ်။

စျာန်အားဖြင့် မူလဘူတဖြစ်သော ပထမစျာန်ဇော ၂၀-တို့၌ ဖြစ်၏။ဒုတိယစျာန်ဇော ၁၀၊ တတိယစျာန်ဇော ၁၀၊ စတုတ္ထစျာန်ဇော ၁၀- ခုတို့၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀- ကြဉ်သော ကာမစိတ် ၄၄-ခု၊ ရူပါဝစရ ပထမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်တို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဉ် ၁၀၊တတိယ စျာန်ဝိပါက်, စတုတ္ထစျာန်ဝိပါက်, ပဉ္စမစျာန်ဝိပါက်, အရူပဝိပါက် လေးခုတို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် သေသောသူ၊နိရောဓသမာပတ်ကို ဝင်စားခိုက်သောပုဂ္ဂိုလ်၊ အာသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

၃-စိတ္တသခ်ါရကို ပြဆိုဂု

ဝေဒနာ စ သညာ စ စိတ္တသခ်ါရော ဒ္ဝေပေတ္ဝာ ဝိတက္ကဝိစာရေ, သဗ္ဗေပိ စိတ္တ-သမ္မယုတ္တကာ ဓမ္မာ စိတ္တသခ်ါရော·ဟူ၍ ဟောတော်မူအပ်သော စိတ္တသခ်ါရ၏ သရူပဝိဘာဂ ဝါရ၌ စိတ်တခုယုတ် ကိုးဆယ်၏ အကျိုးဖြစ်သော ဝိတက် ဝိစာရမှ တပါးသော စေတသိက်ပညာသ သည် စိတ္တသခ်ါရမည်၏။။ ထိုစိတ္တသခ်ါရသည် ဘုံအားဖြင့် စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်၏။ အာသည-သတ်ဘုံ၌ မဖြစ်။

စျာန်အားဖြင့် အလုံးစုံသော စျာန်တို့၌ ဖြစ်၏။ စိတ္တုပ္ပါဒ်အားဖြင့် အလုံးစုံသော စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။ ပုဂ္ဂိုလ်အားဖြင့် သေသောပုဂ္ဂိုလ်,နိရောဓသမာပတ်ကို ဝင်းစားခိုက်သောပုဂ္ဂိုလ်, အာသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။ ဤသို့ ယမိုက်ဟောရိုး လာသည်ကို ထောက်၍—

ကာယသခ်ါရ မရထိုက်သော ပုဂ္ဂိုလ် ၇- ပါး။
ဝစီသခ်ါရ မရထိုက်သော ပုဂ္ဂိုလ် ၃- ပါး။
စိတ္တသခ်ါရ မရထိုက်သော ပုဂ္ဂိုလ်လည်း ၃-ပါးဟူ၍ ဖြေ။

http://www.dhammadownload.com

၁၃၂-တန်ခိုးပြရာဟွင် ဘုရားရှင်နှင့် သာဝကတို့ဝိထိုကျပုံ

မေး။ ။ရေ, မိုး, အာစုံ၊ ဂုဏ်ထူးပြရာ၊ ပြာဋိဟာတွင်၊ သာဝကနှင့် ဗုဒ္ဓ, ဘယ် သို့ထူးသနည်း။

ဖြေ။ ။ဘဂဝတော ပန ယမကပါဋိဟာရိယကာလဒီသု လဟုကပဂတ္တိယံ စတ္တာရိ ပဋ္ဌ ဝါ ပစ္ဆဝေဿာဇ္ဇိဘာနိ ဘဝံ့ကိဒိ ဝဒန္တိ။

(လက်သန်းအဋ္ဌကထာ)

စတ္တာရိ ဝါ ပဋ္ဌ ပါဘိ စ ပဒေနတံ တိဂ္ဂါဒြိယ ပုဂ္ဂိဒြိယ ပညာဝသေန ဝေဒိတဗ္ဗန္တိ အာစရိယ ဓမ္မပါလတ္ထေရန ဝုဘံ့၊ တသ္မာ ဘဂဝတော စတ္တာရိ၊ အညော သံ ပဋိပတိ ယုဘံ့ ဝိယ ဒိဿတိ။

(အဘိဓမ္မတ္ထသင်္ဂဟဒီပနီ)

အဓိပ္ပါယ်ကား။ ။စတ္တာရိ ဝါ ပဋ္ဌ ဝါ ဟူ၍ သပုစ္ဆယ အနက်ရှိသော 'ဝါ' သဒ္ဒါကို ဆို့ခြင်းကြောင့် ထက်သေးပညိန္ဒြေသော ပုဂ္ဂိုလ်အား ၄-ကြိမ်၊ နှံ့သောပညိန္ဒြေရှိသေးပုဂ္ဂိုလ်အား ၅-ကြိမ်စောသည်ဟု သိအပ်၏ဟူ၍ ဓမ္မပါလ ဆရာဆိုတော်မူသည်။

ထို့ကြောင့် ဘုရားသခင်အား ၄- ကြိမ် အရှင်သာရိပုတ္တရာ စသော သာဝက တို့အား ၅-ကြိမ် စောဏ်ဟူသော စကားသည် သင့်မြတ်၏ဟူလိုသည်။

စတ္တာမိ ဝါ ပဋ္ဌ ဝါ တိ ဝိကပ္ပနတ္ထဝါသဒ္ဒေန ဘဂဝတောဝ အစ္ဆာယိ-ကကာလေ တီဏိ ဝါ စတ္တာရိ ဝါ ဇဝနစိတ္တာနိ ဘဝန္တီတိ ဂဟေတဗ္ဗာ။

(မဒုဋ္ဌီကာ)

အဓိပ္ပါယ်ကား။ ။ စတ္တာရိ ဝါ ပဋ္ဌ ဝါ ဟူသောပုဒ်၌ ဝိကပ် အနက်ရှိသော ဝါ သဒ္ဒါဖြင့် မြတ်စွာဘုရားအား အဆောတလျင် ပြုချင်သော ကာလတို့၌ ၃-ကြိမ်၄-ကြိမ်ဖြစ်သော ပစ္ဆဝေဿဇ္ဇဘာဝစိတ်သည် ဖြစ်သေးဏ်ဟူ၍ ယူအပ်၏။

အဘယ်ကြောင့်နည်းဟူမူ စိတ္တိဿရိယဓမ္မ အရှင်မြတ် ဖြစ်တော်မူသော ကြောင့်တည်း ဟူ၍ မိန့်ဆိုသည်။

http://www.dhammadownload.com

၁၃၃-ဘုံ ၃-ပါး၌ မက်ရပုံချင်း မတူပုံ

မေး။ ။အရူပနှင့်၊ ရူပဘုံတွင်၊ မက်လေးအင်၊ မဂ္ဂင်ရှစ်ပါးစုံ၏လော။

ဖြေ။ ။ကာမဘုံ၌ မက်ကိုရကြသော ပုဂ္ဂိုလ်တို့သည် ၅-မျိုးပြား ကြကုန်သည်။ ထို ၅-မျိုးတွင်–

ပထမစျာန်မက်ကို ရသည်ဖြစ်အံ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ **ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မက်စိတ်** ဖြစ်သည်။

ဒုတိယစျာန်မက်ကို ရသည်ဖြစ်အံ့၊ သမ္မာသင်္ကပ္ပကို ချန်၍ **အင်္ဂါ ၇-ပါးသာ ရှိသော မက်စိတ်** ဖြစ်သည်။

တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်မက်ကိုရသောသူအားလည်း ဤနည်း အတူ **အင်္ဂါ ၇-ပါးရှိသော မက်စိတ်** ဖြစ်သည်။

ဤအတူ ရူပဘုံ အရူပဘုံတို့၌ မက်ရသော မဂ္ဂဌာန် ပုဂ္ဂိုလ်တို့သည်လည်း ၅-မျိုးပင် ဖြစ်ရကား—

ပထမစျာန်မက်ကိုရအံ့၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဒုတိယ စျာန်မက် စသည်ကိုရအံ့၊ ရှစ်ပါးမပြည့်စုံ၊ အင်္ဂါ ၇-ပါးသာရှိ၏ဟု ဖြေ။

၁၃၄–နိရောဓသမာပတ်ကို ဝင်စားရာ၌ အာရူပ္ပဇော ၂–ကြိမ်သာ စောခြင်း

မေး။ ။နိရောဓမြတ်၊ သမာပတ်ကို၊ ဝင်လတ်သောခါ၊ စတုတ္ထာရူပ္ပေါ၊ နှစ်ကြိမ်စောမှ၊ ချုပ်ရရှာသည်၊ တကြိမ်နှင့်သာ မချုပ်လော။

ဖြေ။ ။တကြိမ်သော ဇောနှင့်သာလည်း မချုပ်၊ ထို့ထက်လွန်၍လည်း ၃-ကြိမ်၊ ၄-ကြိမ် မစောဟူပေ။

http://www.dhammadownload.com

ဘယ့်ကြောင့် လွန်၍ မစောသနည်းဟူမူ ရုပ်နွမ်း၍ အိပ်ချင်လှသောသူသည် ၄-ဝါကျ ၅-ဝါကျ ရှိသော ဂါထာကို သရဇ္ဈာယ်ပါသော်လည်း ၂-ဝါကျနှင့်သာ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ နိရောဓ၏ ပယောဂကြောင့် ၂-ကြိမ်မျှ စော၍ သာလျှင် ချုပ်ခြင်းသို့ ရောက်ရ၏။ ။ဤအဓိပ္ပါယ်ကို –

ကသ္မာ ပနဿ ဒ္ဒိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ နပဝတ္တန္တီတိ၊ နိရောဓဿ ပယောဂတ္တာ၊ ဣဒဉ္ဒိ ဣမဿ ဘိက္ခုနော ဒ္ဒေ သမာပဘိပဿနာ ဓမ္မေ ယုဂနဒ္ဓေ ကတ္ဒာ၊ အဌသမာပတ္တိ အာရောဟနံ အနုပုဗ္ဗနိရောဓဿ ပယောဂေါ။ နှ,နေဝသညာနာသညာယတန သမာပတ္တိယာတိ နိရောဓဿ ပယောဂတ္တာ ဒ္ဒိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ နပဝတ္တန္တိ–

ဟူ၍ သာရတ္ထဒီပနီ(၁။နှာ–၃၈၃)၌ မိန့်သောကြောင့် သိရသည်။

၁၃၅-ပုဗ္ဗကိစ္စလေးပါး ကူးခြားချက်

မေး။ ။နိရောဓမှာ၊ ပုဗ္ဗကိစ္စံ၊ ၄-ပါးမှန်ကို၊ ပြုဟန်ခြင်းရာ ဘယ်သို့နည်း။

ဖြေ။ ။နိရောဓသမာပတ္တိ သမာပဇ္ဇိတုကာမော ပုဂ္ဂလော၊ အာကိဉ္ဉညာယတနံ သမာပဇ္ဇိတ္ဒာ၊ တတော ဝုဋ္ဌာယ နာနာဗဒ္ဓအပိကောပနံ, သံဃပဋ္ဌိမာနနံ, သတ္ထုပကွောသနံ, အဒ္ဓါနပရိစ္ဆေဒန္တိ စတုဗ္ဗိဓံ ပုဗ္ဗကိစ္စံ ကတ္ဒာ သမာပဇ္ဇတိ–

ဟူသော ဒီပနီပါဌ်နှင့်ညီစွာ နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်သည် ပထမစျာန်မှသည် အာကိဉ္ဉညာယတနစျာန်တိုင်အောင် ဝင်စားပြီးသော် ထိုစျာန်မှထပြီး၍–

မိမိကိုယ်နှင့်စပ်သော ကပ်လျက်တည်သော သင်္ကန်း, သပိတ်, ပရိက္ခရာမှ တပါး အသီးသီးသော ဌာန၌ ထားအပ်သော သင်္ကန်း, သပိတ်, အိပ်ရာ, ညောင်စောင်း, ကျောင်း,ကန်, ကုဋ္ဌီတို့ကို မီးစသော ရန်သူတို့သည် မဖျက်ဆီး စေသတည်းဟူ၍ ဓိဋ္ဌာန်ခြင်း၊

သံဃကိစ္စ သန္နိပါတရှိသည်ဖြစ်၍ သံဃာတို့ မြတ်နိုးတနာ တောင့်တရာသော အကြောင်းရှိအံ့လောဟု တွေးတောခြင်း၊

ဘုရားဘုန်းမော် ခေါ်တော်မူသော အကြောင်းရှိအံ့လောဟု တွေးတောခြင်း၊

http://www.dhammadownload.com

ငါ၏အာသက်သည် ၇-ရက်အတွင်း၌ မြတ်ကင်းကုန်ဝန်းရာသော အကြောင်း ရှိအံ့သလောဟု မျှော်ကြည့်ခြင်း။

ဤကိစ္စ ၄-ပါးကို ပြုပြီး၍သာလျှင် ဝင်စားရ၏ ဟူလိုသည်။

နာနာဗဟွ အဝိကောပနဋ္ဌိ ကာယပဋိဗဒ္ဓံ ပရိက္ခာရံ ဌပေတွာ ဝိသုံ ဝသု ဌပေတွာ ဒိဗ္ဗေဝမေ့ အစိတ္တကာ ဟုတ္ဝာ နိမ်ရောဓံ နိဗ္ဗာနံ ပတ္တာ သုခံ ဝိဟရိဿာမီတိ အဓိဋ္ဌာနံ။ အဒ္ဓါနပရိစ္ဆေဒေါတိ ဇီဝိတကာလဿ ပရိစ္ဆေဒေါသတ္တာဟ-ဘဂ္ဂန္တရေ အတ္တာနော အာယုသင်္ခါရပ္ပဝတ္တိံ ဩလောကနန္တိ အတ္ထော။
(ဒီပနီ)

၁၃၆-နိရောဓသမာပတ်ကို ဝင်စားခြင်း အကြောင်း

မေး။ ။ကျောက်တိုင်အတိ၊ ဟည်ရဘိသား၊ နိရောဓမှာ၊ ရဟန္တာအနာဂါမ်၊ အရှင်မွန်တို့၊ ဘယ်အလိုကြောင့် ဝင်သနည်း။

ဖြေ။ ။ကသွာ သမာပဇ္ဇန်တိ သဒ်ဓါရုံ ပဘင်္ဂေဒေဒေ ဥက္ကဏ္ဌိတွာ ဒိဗ္ဗေဝမေ့မှ, အစိတ္တကာ ဟုတ္ဝာ၊ နိရောဓံ နိဗ္ဗာနံ ပတ္တာ သုခံ ဝိဟရိဿာမ၊ တိ သမာပဇ္ဇန်တိ-

ဟူသော ဝိသုဒ္ဓိမဂ်နှင့်ညီစွာ သင်္ခါရတရားတို့၏ ပြိုခြင်းအကူး၌ ငြိုးငွေ့ဆန့်ကျင်သော စိတ်ရှိသည်ဖြစ်၍ မျက်မှောက်သော ကိုယ်ပိုင်အဖြစ်၌ စိတ်ဖြစ်ခြင်း မရှိ၊ နိရောဓ မည်သော နိဗ္ဗာန်ချမ်းသာကို ခံစားကာ နေအံ့ဟူ၍ ဝင်စားကုန်သတည်း။

၁၃၇-ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိရောဓ သမာပတ် ဝင်စားရာ ကွဲးခြားကြပုံ

မေး။ ။ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ ထိုနိရောဓ၊ ဝင်စားကြသော်၊ ကာလ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ကာမပုဂ္ဂိုလ်မှာ ၇-ရက်မျှသာ ဝင်စားနိုင်သည်။ ရူပပုဂ္ဂိုလ်မှာ အလိုရှိတိုင်း ဝင်စားနိုင်သည်။

ဘယ့်ကြောင့် ကာမပုဂ္ဂိုလ်အား ၇-ရက်သာ ဝင်စား နိုင်သနည်းဟူမူ-

ဟထာ ကာလပရိစ္ဆေဒကရဏတော၊ တဉ္စ ယောဂုယျုန အာဟာ-ရူပဇီဝိနံ သတ္တာနံ ဥပါဒိန္နကပဝတ္တဿ ကေဒိသံ ဘုတ္တာဟာရဿ သတ္တာဟမေဝ ယာပနတော-

http://www.dhammadownload.com

ဟူသော သာရတ္တဒီပနီ (၁။၃၈၀)နှင့် ညီစွာ အာဟာရကိုမှီ၍ အသက်ရှည်ကုန်သော သတ္တဝါတို့အား တနေ့ သုံးဆောင်အပ်သော အာဟာရသည် ၇-ရက် ကာလပတ်လုံးသာလျှင် ဥပါဒိန္နကရုပ်ကို မျှတအောင် ထောက်ပံ့နိုင်သော အကြောင်းရှိသည်၏ အဖြစ်ကြောင့် ကာမပုဂ္ဂိုလ်ကို့အား ၇-ရက်မျှသာ သမာပတ်ကိုဝင်စား၏ ဟူပေ။

၁၃၈-နိရောဓ သမာပတ်မှ ထသောအခါ အာရုံပြုပုံကို ပြခြင်း

မေး။ ။နိရောဓတက်၊ ပစ္စဝေက္ခဏာ၊ ဖြစ်သောခါ၊ အာရုံ ဘယ်သို့ပြုသနည်း။

ဖြေ။ ။နိရောဓဌာနသခ်ါတံ နိဗ္ဗာနမေဝ အာရမ္မဏံ ကတ္ဘာ ပစ္စဝေက္ခတိ–

ဟူသည်နှင့်အညီ နိဗ္ဗာန်ကိုသာ အာရုံပြု၏ဟူပေ။

၁၃၉-ဈာန်နှင့် မဂ်ကို၏ ပစ္စဝေက္ခဏာဇောများကို ပြခြင်း

မေး။ ။ဈာန်ပစ္စဝေက္ခဏာ၊ မဂ်ပစ္စဝေက္ခဏာ၊ အာရုံထူးပြား၊ ဇောကြိမ် ဘယ်က များသနည်း။

ဖြေ။ ။ဈာန်ပစ္စဝေက္ခဏာကို ဝိထိလက်ရိုး ဆရာတို့သည် ၄-ကြိမ်, ၅-ကြိမ် ချကြကုန်သည်။ ပဌာန်းအရကောက်၌ကား ဈာနာ ဝုဋ္ဌဟိတ္ဘာ ဈာနံ ပစ္စဝေက္ခတိ–ဟူသောပါဌ်၏ အရ၌ ၇-ကြိမ်ပင်ချသည်။ မဂ်ပစ္စဝေက္ခဏာကိုလည်း ဇော ၇-ကြိမ်ပင်ချသည်။ ထို့ကြောင့် ပဌာန်းအရကောက် ဆရာတို့၏ အလိုအားဖြင့် ဇောကြိမ် အတူတူပင်ဟု ဖြေဆိုရမည်။

၁၄၀-ပစ္စဝေက္ခဏာ ဇောဝယ် အထူးမှတ်ဖွယ်

မေး။ ။ထိုပစ္စဝေက္ခဏာ၊ ဇောဖြစ်ရာ၌၊ အပွနာလော၊ ကာမလော။

ဖြေ။ ။ပစ္စဝေက္ခဏာဇော ဟူသမျှသည် ကာမဇောချည်း မှတ်ရမည်။

၁၄၁-အိပ်ပျော်စဉ်ဘွင် ထိုဘဝင် စိတ်ပင် ဆိုထိုက် မဆိုထိုက်

မေး။ ။ဖြစ်ရေအယဉ်၊ ဘဝင်ဘွေကွေ၊ ဖြစ်လေရချက်၊ ဤအနက်လည်း စိတ်လက္ခဏာ မဟုတ်လော။

http://www.dhammadownload.com

ဖြေ။ ။စိတ်လက္ခဏာ ဟုတ်၏ဟူပေ၊ ဟုတ်သော် ဘဝင်တွေတွေ့ကျ၍ အိပ်ပျော်သောအခါ၌ တစုံတခုသော အာရုံကို မသိခဲ့တကား။ ဘယ်သို့ စိတ်မည်ပါအံ့နည်း ဟူငြားအံ့။ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" ဟူသော ဝစနတ်သည် ထင်ရှားရာသို့ လိုက်၍ ဆိုအပ်သော ရုဠှိနည်းသာတည်း။ အဘယ်သဒ္ဒါ တို့ကဲ့သို့ နည်းဟူမူ-

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုသော-ဟူသော သဒ္ဒါတို့ကဲ့သို့တည်း။ ဤဝစနတ္ထဖြင့် ကုသိုလ်, အကုသိုလ် တရားတို့ကို ခွဲခြားရ၍ သိတတ်သောကြောင့် မနုဿ မည်၏ဟူသော် မသိတတ်သော သူတို့လည်း အများရှိခဲ့သည်။ ထိုသူတို့ကား ဘယ်သို့ မနုဿ မည်အံ့နည်းဟူမူ၊ သိတတ်သောသူနှင့် သွင်, ပြင်, သဏ္ဌာန် တူသောကြောင့် သဒိသူပစာရ အားဖြင့် မနုဿမည်၏ဟု ဆိုရသကဲ့သို့ ဘဝင်စိတ်တို့သည်လည်း အာရုံကို သိတတ်သော စိတ်တို့နှင့် ဇာတ်အားဖြင့် တူသောကြောင့် သဒိသူပစာရအားဖြင့် စိတ်ခေါ်၏ ဟူပေ။

ပုဗ္ဗအားဖြင့် ဘယ်သို့ ဝိဂြိုဟ်ဆိုသနည်းဟူမူ-

ကမ္မကိလေသေဟိ စိတံ တာယတီတိ စိတ္တံ-ဟူ၍ ပြုအပ်၏။

ယံ ဝိပါကဝိညာဏံ၊ အကြင်ဝိပါက် ဝိညာဉ်သည်။ **ကမ္မကိလေသေဟိ၊** ကံ ကိလေသာတို့သည်။ စိတံ၊ ဆည်းပူးအပ်သော အတ္တဘောကို။ **တာယတိ၊** စောင့်တတ်၏။ ဣတိတသ္မာ၊ ထို့သို့အတ္တဘောကို စောင့်တတ်သော သတ္တိကြောင့်။ တံ ဝိပါကဝိညာဏံ၊ ထိုဝိပါက် ဝိညာဉ်သည်။ စိတ္တံ၊ စိတ်မည်၏။

ဤသို့ ဋီကာဆရာတို့ ဝစနတ်ပြုကြ၏ ဟူပေ။

ဤတွင် ဝိထိပိုင်းဆိုင်ရာ **ပုစ္ဆာဝိသဇ္ဇနာများ** ပြီးပြီ။

http://www.dhammadownload.com



http://www.dhammadownload.com

ဘုံပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

၁၄၂-ဘုံမည်ခြင်း၏ အကြောင်း

မေး။ ။သုံးဆယ့်တပါး၊ ပြားသည်ဌာန၊ ဘုံနာမသည်၊ အနွတ္ထလော, ရဋ္ဌလော။

ဖြေ။ ။အနက်သို့အစဉ်လိုက်သော အမည်ဖြစ်၍ အနွတ္ထသညာချည်းဟူပေ။ ဘုံတို့၏ဝိဂြိုဟ်ကို ပြဆိုလိုက်ဦးအံ့။

အပါယ်ဘုံမည်ခြင်း၏အကြောင်း

ပုညသမ္မတာ အယာ ယေဘုယျေန အပဂတောတိ အပါယော။
ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူမိ။
အပါယော စ သော ဘူမိ စာတိ အပါယဘူမိ။

ယော ပဒေသော၊ အကြင်အရပ်သည်။ ပုညသမ္မတာ၊ ကောင်းမှုဟုသမုတ်အပ်သော။ အယာ၊ စည်းစိမ်ချမ်းသာမှ။ ယေဘုယျေန၊ များသောအားဖြင့်။ အပဂတော၊ ကင်းသည်တည်း။ ဣတိတသ္မာ၊ ထိုသို့စည်းစိမ်ချမ်းသာမှ ကင်းသော သတ္တိကြောင့်။ သော ပဒေသော၊ ထိုအရပ်သည်။ အပါယော၊ အပါယမည်၏။

ဧတ္ထ၊ ဤနေရာ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဘဝန္တိ၊ ဖြစ်ကတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောသတ္တိကြောင့်။ ဘူမိ၊ဘုံမည်၏။

အပါယော စ၊ အပါယ်လည်း ဟုတ်၏။ သော၊ ထို အပါယ်ဟူသည်။ ဘူမိ စ၊ ဘုံလည်းဟုတ်၏။ ဣတိ၊ ထို့ကြောင့်။ အပါယဘူမိ၊အပါယ်ဘုံမည်၏။

အပါယ်လေးဘုံလုံးနှင့်ဆိုင်သော ဝိဂြိုဟ်။ ယေဘုယျသဒ္ဒါဖြင့် စည်းစိမ်ချမ်းသာရှိသော နဂါး, ဂဋ္ဌုန်တို့ကို စင်စေသည်။

၁၄၃-ကာမသုဂတိ မည်ခြင်း၏ အကြောင်း

သောဘနာ ဂတိ သုဂတိ။
ကာမတဏှာသဟစရိတာ သုဂတိ ကာမသုဂတိ။

သောဘနာ၊ တင့်တယ်ကောင်းမြတ်သော။ ဂတိ၊ ဖြစ်ခြင်းတည်း။ သုဂတိ၊ တင့်တယ်ကောင်းမြတ်သောဖြစ်ခြင်း။

http://www.dhammadownload.com

ကာမတဏှာသဟစရိတာ၊ ကာမတဏှာနှင့်တကွဖြစ်သော။ သုဂတိ၊ တင့်တယ်သောဖြစ်ခြင်းတည်း။ ကာမသုဂတိ၊ ကာမတဏှာနှင့်တကွ တင့်တယ်သောဖြစ်ခြင်း။ ဘူမိသဒ္ဒါနှင့် ရှေးနည်းအတူ ကမ္မာဝဂျည်းတွဲ။

၁၄၄-ငရဲဘုံမည်ခြင်း၏ အကြောင်း

အယတော, သုခတော, နိဂ္ဂတောတိ နိရယော။

ယော ပဒေသော၊ အကြောင်အရပ်သည်။ အယတော သုခတော၊ ချမ်းသာမှ။ နိဂ္ဂတော၊ ကင်းလွတ်သည်ဟုည်း။ ဤတိတသ္မာ၊ ထိုသို့ချမ်းသာမှ ကင်းလွတ်သော သတ္တိကြောင့်။ သော ပဒေသော၊ ထိုအရပ်သည်။ နိရယော၊ နိရယမည်၏။ ဝါ၊ နရက်မည်၏။

နှ, အက္ခရာကို ဂ, အက္ခရာနှင့်လဲလှယ်၍ ငရဲခေါ်သည်။

၁၄၅-တိရစ္ဆာန်မည်ခြင်း၏အကြောင်း

တိရော အဉ္ဆိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ တိရော၊ ဖိလာ။ အဉ္ဆိတာ၊ သွားတတ်ကုန်၏။ ဤတိတသ္မာ၊ ထိုသို့ဖိလာသွားတတ်သော သတ္တိကြောင့်။ တေ သတ္တာ၊ထိုသတ္တဝါတို့သည်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

လိုရာအရပ်သို့ ရှေ့ရှုမျက်နှာမူ၍မသွားပဲ ဘေးဘက်သို့မျက်နှာမူ၍သွားရသောကြောင့် ဖိလာသွား၏ဟူလိုသည်။

တနည်းကား-ဥဒ္ဓံ အနဂန္ဆာ တိဂိုယံ အဉ္ဆိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ၊ တို့သည်။ ဥဒ္ဓံ၊ အထက်သို့။ အနဂန္ဆာ၊ မတက်မူ၍။ တိရိယံ၊ ဖိလာ။ အဉ္ဆိတာ၊ ဖြစ်တတ်ကုန်၏။ ဤတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ တို့သည်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

လူတို့ကဲ့သို့ အထက်သို့မမြင့်ပဲ ဖိလာအားဖြင့် ကြီးပွား၍ဖြစ်တတ်၏ ဟူလိုသည်။ (သမ္မောဒဝိနောဒနီဋီကာ ဝိဘင်္ဂဟ်)

၁၄၆-ယောနိသဒ္ဒါ၏ အနက်အပြားကိုပြဆိုရာ

ယောနိသဒ္ဒါသည်-

၁။ တူသောအဖြစ်နှင့်စပ်သောအနက်၊
၂။ ဆောနှောခြင်းအနက်၊
၃။ အကြောင်းဖြစ်သောအနက်။ ဤ ၃-ပါးကိုဟော၏။

http://www.dhammadownload.com

ယုဝန္တိ ဧတ္ထ သတ္တာ ဧကဇာတိ သမ္ဗန္ဓံ ဟောတိတိ ယောနိ။

ဧတ္ထ၊ ဤဇာတ်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ယုဝန္တိ ဧကဇာတိ သမ္ဗန္ဓံ ဟောတိ၊တူသောအမျိုး၌ စပ်၍ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ယောနိ၊ ယောနိ မည်၏။

အဖြူအနီစသော အဆင်းအားဖြင့်ရင်း၊ အကြီး, အငယ်စသော သဏ္ဌာန်အားဖြင့်ရင်း၊ မတူကြသော်လည်း ဤကား နွား, ဤကား ကျွဲ, ဟူ၍ သိအပ်သော သဏ္ဌာန်တူကြသော အဖြစ်ရှိသော ခန္ဓာကိုယ်သည် ယောနိ မည်၏ ဟူလိုသည်။

ယုဝန္တိ မိဿန္တိ သုက္ကသောဏိကာ ဧတေနာတိ ယောနိ။

ဧတေန၊ ဤမင်္ဂဖြင့်။ သုက္ကသောဏိကာ၊သုက်သွေးတို့သည်။ယုဝန္တိ မိဿန္တိ၊ ရောယှက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရောယှက်ကြောင်း ဖြစ်သော သတ္တိကြောင့်။ ယောနိ၊ ယောနိမည်၏။ (အင်္ဂါဇာတ်ရ၏။)

ယဝတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ။

ဧတေန၊ ဤအကြောင်းဖြင့်။ ဖလံ၊ အကျိုးသည်။ ယဝတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ယောနိ၊ ယောနိ မည်၏။ (အကြောင်းရ၏။)

ဤ သုံးပါးသော အနက်တို့တွင် တိရစ္ဆာနယောနိ ဟူသောပုဒ်၌ ယောနိ သဒ္ဒါသည် ခန္ဓာကိုယ်ကို ဟောဏ်။

တိရစ္ဆာနာနံ ယောနိ တိရစ္ဆာနယောနိ။

တိရစ္ဆာနာနံ၊ တိရစ္ဆာန်တို့၏။ ယောနိ၊ ခန္ဓာကိုယ်တည်း။ တိရစ္ဆာနယောနိ၊ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်။

တိရစ္ဆာန်တို့မှာ မိမိတို့၏ ခန္ဓာကိုယ်သည်ပင် ဘုံမည်၏ဟူလိုသည်။

၁၄၇–ပြိတ္တာဟု ခေါ် ဆိုရခြင်း၏ အကြောင်း

ပကဋ္ဌေန သုခတော ဣတာတိ ပေတာ။

ယေ သတ္တာ၊ တို့သည်။ သုခတော၊ ချမ်းသာမှ။ ပကဋ္ဌေန၊ ဝေးသော အားဖြင့်။ ဣတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ တို့သည်။ ပေတာ၊ ပေတမည်ကုန်၏။

http://www.dhammadownload.com

ပစ္စာဂတဘာဝေန ဣတာတိ ပေတာ။

ယေ သတ္တာ၊ တို့သည်။ ပစ္စာဂတဘာဝေန၊ အိမ်သို့ပြန်လာသော အဖြစ်ဖြင့်။ ဝါ၊ လူ့ဘုံသို့ ပြန်လာသော အဖြစ်ဖြင့်။ ဣတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ တို့သည်။ ပေတာ၊ ပေဘပည်ကုန်၏။

ပ,ဣတာ ဟု ပုဒ်ဖြတ်၊ ပ, ကား ပစ္စာဂတ အနက်ဟော ဤဝိဂြိုဟ်ကား ဝိနိပါတိက ပြိတ္တာကိုရည်သည်။

ပေတာနံ ဝိသယော ပေတ္တိဝိသယော။

ပေတာနံ၊ ပြိတ္တာတို့၏။ ဝိသယော၊ ဖြစ်ရာအရပ်တည်း။ ပေတ္တိဝိသယော၊ ပြိတ္တာတို့၏ ဖြစ်ရာအရပ်။

ပြိတ္တာတို့မှာ မိမိတို့၏ ဖြစ်ရာဌာနသည်ပင် ဘုံမည်၏ဟူလိုသည်။

၁၄၈–အသုရကာယ်မည်ခြင်း၏ အကြောင်း

ဣဿရိယကီဋ္ဌာဒီဟိ နသုရန္တိ ဒိဗ္ဗန္တိတိ အသုရာ။

ယေ သတ္တာ၊ တို့သည်။ ဣဿရိယကီဋ္ဌာဒီဟိ၊ အစိုးရခြင်း မြူးထူးခြင်း စသည်တို့ဖြင့်။ နသုရန္တိ နဒိဗ္ဗန္တိ၊ နတ်ကွဲသို့ မထွန်းပကုန်။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အသုရာ၊ အသုရာမည်၏။

အသုရာနံ ကာယော အသုရကာယော။

အသုရာနံ၊ အသုရာတို့၏။ ကာယော၊ အပေါင်းတည်း။ အသုရကာယော၊ အသုရာတို့၏ အပေါင်း။

တောင်ခြေ တောအုပ်, သမုဒ္ဒရာအနီးအနားတို့သည် အသုရကာယ်တို့၏ နေရာဘုံမည်၏။

၁၄၉–မနုဿဟူသော ဝေါဟာရကိုပြခြင်း

မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ဥဿန္နံ၊ မြတ်သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့မြတ်သောစိတ်ရှိသော သတ္တိကြောင့်။ တေ သတ္တာ၊ တို့သည်။ မနုဿာ၊ မနုဿမည်ကုန်၏။ စတုတ္ထီ ဗဟုဗ္ဗီဟိ၊ သမာသ်ဝိဂြိုဟ်။ (ဌီကာအလို)

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿာ။

ယေ ပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ကုသလာကုသလေ၊ ကုသိုလ်, အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ မနတိ ဇာနာတိ၊ သိတတ်၏။

http://www.dhammadownload.com

ကွတိတသ္မာ၊ ထို့ကြောင့်။ တေ ပဂ္ဂလာ၊ ထိုပုဂ္ဂိုလ်ဟူသည်။ မနုဿာ၊ မနုဿ မည်ကုန်၏။ (ကစ္စည်းကျမ်းအလို ကိတ်ဝိဂြိုဟ်)

၁၅၀-စတုမဟာရာဇ်ဟု ခေါ်ဆိုရပုံ

စတုမဟာရာဇေ ဘဝါစာဟုမဟာရာဇာကာ။

စတုမဟာရာဇေ၊ ၄-ယောက်သော နတ်မင်းကြီးတို့၏နေရာ၌။ ဘဝါ၊ ဖြစ်ကုန်သည်တို့ကည်း။ စာတုမဟာရာဇာကာ၊ ၄ ယောက်သော နတ်မင်းကြီးတို့၏ နေရာ၌ ဖြစ်ကုန်သည်ဘို့။ (သာဝတ္ထိတ်)

၁၅၁-တာဝတ်သာဟု ခေါ်ဆိုရပုံ

တေတ္တိံသ သဟပုညကာရိနော ဇတ္တ နိဗ္ဗတ္တာတိ တာဝတိံသာ။

ဇတ္တ၊ ဤနယ်ပြည်၌။ သဟပုညကာရိနော၊ ပကာ ကောင်းမှုပြုကြကုန်သော။ တေတ္တိံသာ၊ ၃၀ကျိပ်, ၃-ဦးသောသူတို့သည်။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ ကွတိတသ္မာ၊ ထိုသို့ ၃-ကျိပ် ၃-ဦးသော သူတို့ဖြစ်ရာ ဖြစ်သော သက်ဘိုကြောင့်။ တာဝတိံသာ၊ တာဝတိံသာမည်၏။ (တေတ္တိံသ သဒ္ဒါကို တာဝတိံသာရေး၏ ဟူလိုသည်။)

၁၅၂-ယာမာဟု ခေါ်ဆိုပုံ

ဒုက္ခတော ယာတာ အပယာတာဘိ ယာမာ။

ဒုက္ခတော၊ တောင့်တရခြင်းဆင်းရဲမှ။ ယာတာ အပယာတာ၊ ကင်းသည်တည်း။ ကွတိ၊ ထို့ခြောင့်။ ယာမာ၊ **မာယာမည်။**

၁၅၃-တုသိတာဟု ခေါ်ဆိုပုံ

အတ္တနော သိရိသမ္ပတ္တိယာ တုသံ ပီတိံ ကွတာ ဂတာတိ တုသိတာ။

အတ္တနော၊ မိမိ၏။ သိရိသမ္ပတ္တိယာ၊ ကျက်သရေရိပ်ငြိမ် မြတ်စည်းစိမ်ဖြင့်။ တုသံ ပီတိံ၊ နှစ်သက်မွေ့လျော်ခြင်းသို့။ ကွတာ ဂတာ၊ ရောက်ကုန်သည်တို့တည်း။ ကွတိတသ္မာ၊ ထို့ကြောင့်။ တုသိတာ၊ **တုဿိတာမည်၏။**

၁၅၄-နိမ္မာနရတိဟု ခေါ်ဆိုပုံ

နိမ္မာနေ ရတိ ဧတေသန္တိ နိမ္မာနရတိနော။

ဧတေသံ၊ ထိုနတ်တို့အား။ နိမ္မာနေ၊ မိမိဖန်ဆင်းအပ်သော စည်းစိမ်၌။ရတိ၊ မွေ့လျော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ကွတိ၊ ထို့ကြောင့်။ နိမ္မာနရတိနော၊ **နိမ္မာနရတိ** မည်ကုန်၏။

http://www.dhammadownload.com

၁၇၅-ပရနိမိတ ဝသဝတ္တီ ဒေါ်ဆိုပုံ

ပရနိမ်မိတေသု ဘောဂေသု ဝသံ ဝတ္တေန္တီတိ ပရနိမ်မိတဝသဝတ္တီနော။ ဧတေသံ၊ ထိုနတ်တို့အား။ ပရနိမ်မိတေသု၊ သူတထူး ဖန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်တို့၌။ ဝသံ၊ မိမိအလိုသို့။ ဝတ္တေန္တီ၊ လိုက်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သူတထူးဖန်ဆင်းအပ်သော စည်းစိမ်တို့ကို မိမိအလိုသို့ လိုက်စေတတ်သော သတ္တိကြောင့်။ တေ၊ ထိုနတ်တို့သည်။ ပရနိမ်မိတဝသဝတ္တီနော၊ ပရနိမ်မိတဝသဝတ္တီတို့ မည်ကုန်၏။ (ဝသဝတ္တီပုဒ်၌ သ-တွင် သံယုတ်ကင်းစေ။)

၁၅၆-ရူပ ပထမဈာန် ၃-ဘုံကို ပြဆိုခြင်း

မဟာဗြဟ္မာနံ ပရိသတိဋ္ဌာနေ ဘဝါတိ ဗြဟ္မပါရိသဇ္ဇာ။

မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာတို့၏။ ပရိသတိဋ္ဌာနေ၊ ပရိသတ်အရာ၌။ ဘဝါ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ **ဗြဟ္မပါရိသဇ္ဇာမည်ကုန်၏။**

မဟာဗြဟ္မာနံ ပုရောဟိတဋ္ဌာနေ ဘဝါတိ ဗြဟ္မပုရောဟိတာ။

မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာတို့၏။ ပုရောဟိတဋ္ဌာနေ၊ ပုရောဟိတ်အရာ၌။ ဘဝါ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မပုရောဟိတာ၊ **ဗြဟ္မပုရောဟိတာ** မည်ကုန်၏။

စျာနဒီဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဒ္ဓါတိ ဗြဟ္မာနော။

ယေ ပဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ စျာနဒီဟိ၊ စျာန်အစရှိကုန်သော။ ဂုဏဝိသေသေဟိ၊ ဂုဏ်ဒကျေးဇူး အထူးတို့ဖြင့်။ ဗြူဟိတာ ပရိဝုဒ္ဓါ၊ ကြီးပွားတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မာနော၊ **ဗြဟ္မာ** မည်ကုန်၏။

မဟန္တာ ဗြဟ္မာနော မဟာဗြဟ္မာနော။

မဟန္တာ၊ မြတ်ကုန်သော။ ဗြဟ္မာနော၊ ဗြဟ္မာတို့တည်း။ မဟာဗြဟ္မာနော၊ မြတ်ကုန်သော ဗြဟ္မာတို့။

၁၅၇-ဒုတိယစျာန် ၃-ဘုံကို ပြဆိုခြင်း

ပရိတ္တာ အာဘာ ဧတေသန္တိ ပရိတ္တာဘာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊ နည်းသော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပရိတ္တာဘာ၊ **ပရိတ္တာဘာ** မည်ကုန်၏။

http://www.dhammadownload.com

အပ္ပမာဏာ အာဘာ ဧတေသန္တိ အပ္ပမာဏာဘာ။

ဧတေသံ၊ ထိုဖြဟ္မာတို့အား။ အပ္ပမာဏာ၊ မနှိုင်းယှဉ်နိုင်သော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အပ္ပမာဏာဘာ၊ **အပ္ပမာဏာဘာ** မည်ကုန်၏။

ဝလာဟကတော ဝိဇ္ဇု ဝိယ ဣဓ ဧကစ္စော ဓိတော စ အာဘာ သရတိ နိဿရတိ ဧတေသန္တိ အာဘာသရာ။

ဧတေသံ၊ ထိုဖြဟ္မာတို့အား။ ဝလာဟကတော၊ တိမ်တိုက်မှ။ ဝိဇ္ဇု ဝိယ၊ လျှပ်စစ်ကဲ့သို့၊ ဣဓ ဧကစ္စော ဓိတော စ၊ ထိုမှ ဤမှလည်း။ အာဘာ၊ အရောင်သည်။ သရတိ နိဿရတိ၊ ကွန့်မြူးထွက်ပြေးတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာဘာသရာ၊ **အာဘာသရာ** မည်ကုန်၏။

၁၅၈-တတိယစျာန် ၃-ဘုံကို ပြဆိုခြင်း

ပရိတ္တာ သုဘာ ဧတေသန္တိ ပရိတ္တာသုဘာ။

ဧတေသံ၊ တို့အား။ ပရိတ္တာ၊ အထက်ပြဟ္မာတို့အောက် နည်းသော။ သုဘာ၊ တခဲနက်ထွက်သော ကိုယ်ရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပရိတ္တာသုဘာ၊ **ပရိတ္တာသုဘာ** မည်ကုန်၏။

အပ္ပမာဏာ သုဘာ ဧတေသန္တိ အပ္ပမာဏာသုဘာ။

ဧတေသံ၊ တို့အား။ အပ္ပမာဏာ၊ တပြင်တည်းတွင် မနှိုင်းယှဉ်အပ်သော။ သုဘာ၊ တခဲနက်ထွက်သော ကိုယ်ရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အပ္ပမာဏာသုဘာ၊ **အပ္ပမာဏာသုဘာ** မည်ကုန်၏။

သုဘေဟိ အာကိဏ္ဏာတိ သုဘကိဏ္ဏာ။

သုဘေဟိ၊ အရောင်အပေါင်း စုဆောင်း၍တင့်တယ်ခြင်းတို့ဖြင့်။ အာကိဏ္ဏာ၊ ပြွမ်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ သုဘကိဏ္ဏာ၊ **သုဘကိဏ္ဏာ**မည်ကုန်၏။

သုဘာကိဏ္ဏ ဆိုအပ်လျက် သုခုစ္စာရဏ အာကျိုးငှါ အာကိုလည်း အရဿ, ဏ ကိုလည်း ဟပြု၍ သုဘကိဏ္ဏ ဟု ဆိုလေသည်။

၁၅၉-စတုတ္ထစျာန် ၇-ဘုံကို ပြဆိုခြင်း

စျာနပ္ပဘာဝနိဗ္ဗတ္တံ ဝိပုလံ ဖလံ ဧတေသန္တိ ဝေဟပ္ဖလာ။

ဧတေသံ၊ တို့အား။ စျာနပ္ပဘာဝနိဗ္ဗတ္တံ၊ စျာန်၏ အစွမ်းဖြင့် ဖြစ်သော။ ဝိပုလံ၊ ပြန့်ပြောသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဝေဟပ္ဖလာ၊ **ဝေဟပ္ဖိုလ်** မည်ကုန်၏။

http://www.dhammadownload.com

နတ္ထိ သညာ ဧတေသန္တိ အသညာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ သညာ၊ သညာအစရှိသော နာမ်တရားသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့သညာ အစရှိသော နာမ်တရားမရှိသော သတ္တိကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။ အသညာ၊ အသညာ မည်ကုန်၏။

အသညာ ဧဝ သတ္တာ အသညသတ္တာ။

အသညာ ဧဝ၊ သညာစသော နာမ်တရား မရှိသော ရုပ်အစုသာလျှင်။ သတ္တာ၊ သတ္တဝါတို့တည်း။ အသညသတ္တာ၊ သညာစသော နာမ်တရားမရှိသော ရုပ်အစုသာလျှင် သတ္တဝါ။

တပါးသော ပုဂ္ဂိုလ်တို့၌ သတ္တသဒ္ဒါ မထည့်မူ၍ အသညသတ်၌ သာလျှင် သတ္တ သဒ္ဒါထည့်၍ ဘယ့်ကြောင့် ခေါ်သနည်းဟူမူ ရုပ်အစုမျှသာ ဖြစ်သော ရေ, မြေ, သစ်ပင်မျိုးကဲ့သို့ နိဇ္ဈတ္တ မှတ်မည်စိုးသောကြောင့် သတ္တသဒ္ဒါထည့်၍ အမည်ပေးသည် ဟူပေ။

သုဒ္ဓါနံ အာဝါသာတိ သုဒ္ဓါဝါသာ။

သုဒ္ဓါနံ၊ စင်ကြယ်ကုန်သော အနာဂါမ် ရဟန္တာတို့၏။ အာဝါသာ၊ နေရာတို့တည်း။ သုဒ္ဓါဝါသာ၊ စင်ကြယ်သော အနာဂါမ်ရဟန္တာတို့၏နေရာ။ (အစိတ် အစိတ်သောဘုံတို့၌ ဝိဂြိုဟ်မှာ ဋီကာတွင် ရှုလေ။)

၁၆၀-သတ္တဝါသ ဘုံကိုးဝကို ပြဆိုချက်

မေး။ ။သတ္တဝါသ၊ ဘုံကိုးဝကို၊ ဌာနဘယ်သို့ ခွဲမည်နည်း။

ဖြေ။ ၁။ နာနတ္တကာယ, နာနတ္တသညီ,

၂။ နာနတ္တကာယ, ဧကတ္တသညီ,

၃။ ဧကတ္တကာယ, နာနတ္တသညီ,

၄။ ဧကတ္တကာယ, ဧကတ္တသညီ,

၅။ ကေတ္တကာယ, သညာနတ္ထိ,

၆။ အာကာသာနဉ္စာယတန,

၇။ ဝိညာဏဉ္စာယတန,

၈။ အာကိဉ္စညာယတန,

၉။ နေဝသညာနာသညာယတန-

အားဖြင့် ဘုံကိုးဝ ဖြစ်သတည်း။

http://www.dhammadownload.com

ထိုဘုံကိုးဝတ္ထင် လူ့ပြည် နတ်ပြည်အားဖြင့် ၇-ပါးသော သုဂတိဘုံတို့သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်လည်း အထူးထူးအပြားပြား ပဋိသန္ဓေစိတ်လည်း အထူးထူးအပြားပြားဖြစ်၍ နာနတ္တကာယ နာနတ္တသညီ မည်၏။

အပါယ်လေးဘုံ ပထမစျာန်သုံးဘုံ ဤ ၇ ပါးသော ဘုံတို့သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်ကား အထူးထူးအပြားပြားဌိ၏။ ပဋိသန္ဓေ စိတ်မူကား ပထမစျာန် ၃-ဘုံ၌ ပထမစျာန် ဝိပါက်တခုသာ အပါယ်လေးဘုံ၌လည်း အကုသလဝိပါက် သန္တီရဏတခုသာ ရှိသည်ဖြစ်၍ နာနတ္တကာယ, ဧကတ္တသညီ မည်၏။

ဒုတိယစျာန်၃-ဘုံသည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန် အထောင်အဝါကား‌တူ၏။ ပဋိသန္ဓေစိတ်ကား ဒုတိယစျာန်ဝိပါက်, တတိယစျာန် ဝိပါက်နှစ်ပါး ဖြစ်၍ ဧကတ္တကာယ နာနတ္တသညီ မည်၏။

တတိယစျာန် ၃-ဘုံ ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသဘုံ တို့သည် သတ္တဝါတို့၏ကိုယ်သဏ္ဌာန်လည်းတူသည်။ ပဋိသန္ဓေစိတ်လည်း ဧတုက္က နည်းအားဖြင့် ဧတုတ္ထစျာန် ဝိပါက် တပါးသာ ဖြစ်သောကြောင့် ဧကတ္တကာယ ဧကတ္တသညီမည်၏။

အသညသတ်သည် ကိုယ်သဏ္ဌာန်ကား‌တူ၏ စိတ်မရှိသောကြောင့် ဧကတ္တကာယ သညာနတ္ထိ မည်၏။

အရူပ လေးဘုံသည် သညာနတ္ထိတိ တပါးစီဖြစ်၍ လေးပါးယူရမည်။အဂုံတို့၏ အဋ္ဌကထာ စသည်၌လာ၏။ ထို့ကြောင့် ရှေးဆရာတို့လည်း-

လူ့ပြည်နှင့်နတ်၊ သတ်လျှင်နာနာ၊
ပထမစျာန်, လေးတန်ပယ်ခွင်၊ သတ်လျှင်နာဧ၊
ဒုတိစျာန်နှစ်ရပ်၊ ဧ,နာဟတ်,
သညသတ်ပြည်၊ အသညီ,
ကြွင်းပြည်နဝါ၊ ဧ ဧသာ,
အရူပါမှ ဘုံလေးဝ,
သတ္တဝါသာ၊ ဘုံကိုးရွာ-

ဟုစိတ်ဖြာဝေဖန်အပ်သတည်း- ဟူ၍ မိန့်ကုန်၏။

http://www.dhammadownload.com

၁၆၁-ပဥ္စဝေါကာရ, စတုဝေါကာရ ကေဝေါကာရ ပြဿပုံကိုပြခြင်း

မေး။ ။ခန္ဓာတရား ၅-ပါး၊ ၄-ပါး၊ တပါးပြုမ်းရာ၊ သတ္တဝါ၊ ဘုံမှာ ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံ, ရူပ ၁၅-ဘုံ။

ဤ ၂၆-ဘုံသည် ခန္ဓာငါးပါး ပြုမ်းလျက်ဖြစ်သောကြောင့် **ပဥ္စဝေါကာရဘုံ** မည်၏။

အရူပလေးဘုံသည် နာမက္ခန္ဓာ ၄-ပါးသာ ရှိသောကြောင့် **စတုဝေါကာရ** ဘုံ မည်၏။

အသညသတ်ဘုံသည် ရူပက္ခန္ဓာ တပါးသာရှိသောကြောင့် **ကေဝေါကာရ** ဘုံ မည်၏။ ။ဤသို့ ကောက်ခလေ။

ဝေါကာရ၌ ဝေါသဒ္ဒါသည် ဝေါမိဿက ပုဒ်၌ကဲ့သို့ ရောပြုမ်းခြင်းအနက်ကို ဟော၏။ ။ဝေါမိဿိတ္ထာ ကရောတီတိ ဝေါကာရော-ဟု ဝိဂြိုဟ်ပြုရမည်။

၁၆၂-ဘဝင်္ဂရပ်မှာ အရိယာ ပြောင်းကာ ဖြစ်သင့်, မဖြစ်သင့်

မေး။ ။အကနိဋ္ဌ၊ တက္ကဝေဟပ်၊ ဘဝင်္ဂရပ်မှာ၊ အရိယာသည်၊ တခါ ဘုံပြောင်းဦးအံ့လော။

ဖြေ။ ။ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝင်္ဂေ စ ပတိဋ္ဌိတာ။
နု ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
ဇြဟ္မလောကဂတာဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ-
ဟူသော နာမရူပ ပရိစ္ဆေဒပါဌ်ဖြင့် ဖြေ။

ဝေဟပ္ဖလေ စ၊ ဝေဟပ္ဖိုလ်ဘုံဌာနင်း။ အကနိဋ္ဌေ စ၊ အကနိဋ္ဌဘုံဌာနင်း။ ဘဝင်္ဂေ စ၊ ဘုံတို့၏ အထွတ်အဖျားဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံဌာနင်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ အရိယပုဂ္ဂလာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တပါးသောဘုံ၌။ နဇာယန္တိ၊ မဖြစ်ကုန်။ ဇြဟ္မလောကဂတာ၊ ဇြဟ္မာပြည်သို့ ရောက်ကုန်သော။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်တို့သည်။ ဟေဋ္ဌာ၊ မိမိ၏ ဖြစ်ရာမှ အောက်

ဝေဟပ္ဖလေ စ၊ ဝေဟပ္ဖိုလ်ဘုံဌာနင်း။ အကနိဋ္ဌေ စ၊ အကနိဋ္ဌဘုံဌာနင်း။ ဘဝင်္ဂေ စ၊ ဘုံတို့၏ အထွတ်အဖျားဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံဌာနင်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ အရိယပုဂ္ဂလာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တပါးသောဘုံ၌။ နဇာယန္တိ၊ မဖြစ်ကုန်။ ဇြဟ္မလောကဂတာ၊ ဇြဟ္မာပြည်သို့ ရောက်ကုန်သော။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်တို့သည်။ ဟေဋ္ဌာ၊ မိမိ၏ ဖြစ်ရာမှ အောက်

http://www.dhammadownload.com

အောက်သော ဘုံသို့။ နောပပဋ္ဌရေ၊ မဖြစ်ကြကုန်။
ယို ဂါထာကို မှီ၍ ဆရာတို့လည်း—

ဆောင်ပုဒ်။ ။ဝေဟပ်ကနိဋ္ဌ၊ နေဝသညာ၊ ဤ ၃-ဖြာ၌၊ ရိယာဖြစ်က၊ အညဘုံမှာ၊ မဖြစ်ပါပဲ၊ ထပ်ကာထပ်ကာ၊ ဤဘုံမှာဖြင့်၊ ခေမာအမတ၊ နိဗ္ဗာန်ရသည်၊ ဘဝကူးဆိပ် ၃-ပါးတည်း—

ဟူ၍ မိန့်ဆိုလေသည်။

၁၆၃-အရူပပှာ မဂ်သောတာ ကင်းရာဌ်ဝယ် သိမှတ်ဖွယ်

မေး။ ။အရူပမှာ၊ ပဌမမဂ်၊ ကျေးဇူးနက်ကို၊ စဉ်ဆက်ဘယ့်ကြောင့် မရသနည်း။

ဖြေ။ ။ပရတော ဃောသပစ္စယာဘာဝတော ပဌမမဂ္ဂေါပိ အရူပလောကေ နဥပလဗ္ဘတိ—ဟူသော ဒီပနီပါဌ်နှင့်အညီ ဘုရား,ရဟန္တာစသော အရှင်မြတ်တို့၏ ဟရားဒေသနာသံတည်းဟူသော အထောက်အပံ့မရှိသည်၏ အဖြစ်ကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရသည် ဟူပေ။

၁၆၄-သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာအမြဲ ရှိ,မရှိကို ပြခြင်း

မေး။ ။သောင်းတိုက်သားတွင်၊ ဘုရားရှည်ကြာ၊ မပွင့်ပါသော်၊ သုဒ္ဓါဝါသ မဆိတ်လော။

ဖြေ။ ။သုဒ္ဓါဝါသာ ဝိဝဋ္ဌပကွေ ဌိတာ နသဗ္ဗကာလိကာ၊ ကပ္ပသတသဟဿမှိ အသင်္ချေယျမှိ ဗုဒ္ဓါ သုညေ လောကေ နဥပ္ပဇ္ဇန္တိ၊ သောဋ္ဌသကပ္ပသဟဿဗ္ဘန္တရေ ဗုဒ္ဓေသု ဥပ္ပန္နေသုယေဝ ဥပ္ပဇ္ဇန္တိ—
ဟူသော ပဋ္ဌိသမ္ဘိဒါမဂ်, အဌကထာဖြင့်ဖြေ။

သုဒ္ဓါဝါသာ၊ သုဒ္ဓါဝါသဘုံတို့သည်။ ဝိဝဋ္ဌပကွေ၊ ဝိဝဋ္ဌအဖို့၌။ ဌိတာ၊ တည်ကုန်သည်ဖြစ်၍။ နသဗ္ဗကာလိကာ၊ ခပ်သိမ်းသော ကာလ၌ မရှိကုန်။ ကပ္ပသတသဟဿမှိ၊ ကမ္ဘာတသိန်းပတ်လုံးရင်း။ အသင်္ချေယျမှိ၊ အသင်္ချေပတ်လုံးရင်း။ လောကေ၊ လောက၌။ ဗုဒ္ဓါ သုညေ၊ ဘုရားရှင်တို့ ဆိတ်ခဲ့သော်။ နဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ သောဋ္ဌသကပ္ပသဟဿဗ္ဘန္တရေ၊ ကမ္ဘာတသောင်းခြောက်ထောင်၏ အတွင်း၌။ ဗုဒ္ဓေသု၊ ဘုရားရှင်တို့သည်။ ဥပ္ပန္နေသုယေဝ၊ ပွင့်တော်မူကုန်သော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com

၁၆၅-ဇာတိခေတ်မှ ပြင်ပသုဒ္ဓါဝါ ဘုံများမှာ ဗြဟ္မာ ရှိသင့်-မရှိသင့်

မေး။ ။သုဒ္ဓါဝါသ၊ နာမသမိုက်၊ သောင်းတိုက်ပြင်မှ၊ နန္တစကြဝဋ္ဌာ၊ တည်လေရာမှာ၊ ဗြဟ္မာတို့ ရှိလေ၏လော။

ဖြေ။ ။သုဒ္ဓဝါသေ ပန ဇာတိခေတ္တတော အပရဘာဂေ သတိပိ အနာဂါမိနံ တတ္ထုပပတ္တိ န ယုတ္တာ၊ တတ္ထ နိကန္တိ အသိဒ္ဓိတော ဣဓ ဇာတာနံ ပန တတ္ထ ဝါသော ယုတ္တော၊ အနာကိဏ္ဏတာယ ဖာသုဝိဟာရဟေတုတ္တာ-ဟူသော ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပါဌ်ဖြင့် ဖြေ။

သုဒ္ဓါဝါသေ ပန၊ သုဒ္ဓါဘုံတို့သည်ကား။ ဇာတိခေတ္တတော၊ ဇာတိခေတ်မှ။ အပရဘာဂေ၊ ပြင်အဖို့၌။ သတိပိ၊ ရှိသော်လည်း။ အနာဂါမိနံ၊ အနာဂါမ် ဗြဟ္မာတို့၏။ တတ္ထ၊ ထိုဘုံတို့၌။ ဥပပတ္တိ၊ ဖြစ်ခြင်းသည်။ န ယုတ္တာ၊ မသင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တတ္ထ၊ ထိုဘုံ၌။ နိကန္တိ အသိဒ္ဓိတော၊ တပ်ခြင်းနှင့်မပြည့်စုံသောကြောင့်တည်း။ ဣဓ၊ ဤဇာတိခေတ်တွင်း၌။ ဇာ-တာနံ၊ ဖြစ်ကုန်သောဗြဟ္မာတို့၏။ အနာကိဏ္ဏတာယ၊ မရောပြွမ်းသည်၏အဖြစ်ကြောင့်တည်း။ ဖာသုဝိဟာရဟေတုတ္တာ၊ ချမ်းသာစွာ နေခြင်း၏အကြောင်းဖြစ်သောကြောင့်ဂုင်း။ တတ္ထ၊ ထိုပြင်ဖြစ်သောဘုံတို့၌။ ဝါသော၊ နေခြင်းသည်။ ယုတ္တော၊ သင့်၏။

အဓိပ္ပါယ်ကား။ ။ဇာတိခေတ်၏အတွင်း၌ သုဒ္ဓါဝါသဘုံသည် အမြဲတည်၏။ ပုဂ္ဂိုလ်ကား အမြဲမဘည်။ ဇာတိခေတ်၏ ပြင်၌ကား ဘုံသာရှိသည် ပုဂ္ဂိုလ်မရှိ၊ ဘယ့်ကြောင့်နည်းဟူမူ ထိုဘုံ၌တပ်တတ်သော နိကန္တိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မရှိသောကြောင့် အနာဂါမ်တို့ဖြစ်ခြင်းငှါ မထိုက်သောကြောင့်တည်း၊ မနှောင့်ယှက်ခြင်း ချမ်းသာစွာ နေခြင်းအကျိုးငှါ ဤဇာတိခေတ်သားဖြစ်သော အနာဂါမ်, ရဟန္တာတို့သည် ရံခါသွား၍နေ၏ဟူလိုသည်။

၁၆၆–ငရဲသားများ သေဘေးကို ကြောက်-မကြောက်

မေး။ ။ငရဲခံသူ၊ မပူမြင့်ရှည်၊ ဆင်းရဲတည်လျက်၊ သေမည်ဘေးကို၊ တွေး၍ကြောက်နိုင်သေး၏လော။

ဖြေ။ ။သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။

သဗ္ဗေ၊ ခပ်သိမ်းသောသူတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းသောသူတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ ဤသို့ ဟောတော်မူသောကြောင့် ငရဲခံရသော သူတို့သည်

http://www.dhammadownload.com

ငရဲထိန်းတို့ ခုတ်ခြင်း, ထိုးခြင်း, ရိုက်ခတ်ခြင်း တို့ကို ပြုသောဒဏ်မှလည်း ထိတ်လန့်ကုန်၏။ သေရအံ့သော ဘေးမှလည်း ကြောက်လန့်ကုန်၏ ဟူလို သည်။

ဘုရား, ရဟန္တာတို့သည် အသောကံ, ဝိရင်း, ခေမံ-ဟူသောပါဌ်ဖြင့် ဘယ် ဘေးကိုမှ မကြောက်ဟူ၍ ဟောတော်မူသည်မဟုတ်လော၊ ဘယ့်ကြောင့် သဗ္ဗေ ဘာယန္တိ မစ္စုနော ဟူ၍ ဟောတော်မူပြန်သနည်း-

ဤပါဠိ နှစ်ရပ်သည် ဆန့်ကျင်ကြ၏တကား ဟူငြားအံ့ သဗ္ဗသည်-

၁။ အကြွင်းရှိသော သာဝသေသသဗ္ဗ၊

၂။ အကြွင်းမရှိသော အနဝသေသသဗ္ဗ-

ဟူ၍ နှစ်ပါးရှိသည်တွင် သဗ္ဗေ ဘာယန္တိ မစ္စုနော ဟူသောပါဌ်၌ သဗ္ဗသဒ္ဒါ သည် အကြွင်းရှိသော သာဝသေသ သဗ္ဗ ဖြစ်သောကြောင့် ဘုရား, ရဟန္တာ ဟူသော ကိလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်တို့ကိုထား၍ ထိုမှကြွင်း သော အလုံးစုံသောသတ္တဝါဟူသမျှကို ယူအပ်ရကား မဆန့်ကျင် ဟူပေ။

ဘုရား, ရဟန္တာ တို့သည် ဘယ့်ကြောင့် သေဘေးကို မကြောက်သနည်း ဟူငြားအံ့။ မိမိ၏ အတ္တဘော၌ အိုခြင်း, နာခြင်း, သေခြင်း, ပဋိသန္ဓေနေရ ခြင်း စသော အပြစ်ကိုရှု၍ ငြီးငွေ့လှသောကြောင့် ပကြောက်သည်ဟူပေ။

အတ္တဘော၌ အပြစ်မြင်ဟန်ကို မဇ္ဈိမပဏ္ဏာသ အဌကထာ၌ ဥပမာပြသည် ကား-

ယောကျ်ား တယောက်သည် အရွယ်အဆင်း, တင့်တယ်ခြင်းရှိသော မိန်းမ တဦးအား တပ်သောစိတ်, ရှိသည်ဖြစ်၍ အစား, အဝတ်ကို လောက်ငစ္ဆာပေး ၍ အိမ်၌နေစေ၏။ ထိုမိန်းမသည် တပါးသော ယောကျ်ားတို့နှင့် ယဉ်ပါးမြူး ထူးခဲ့၏။ လင်ယောကျ်ားက ငါသည် ဤမိန်းမအား ချီးမြောက်ခြင်းနည်းပါး၍ အခြားသောသူနှင့် နှီးနှောလေသည်၊ တိုး၍ချီးမြောက်ဦးအံ့ဟု ကြံလျက် တန် ဆာဝတ်စားတို့ကို တိုးပွားရှ် ပေးပြန်၏။

ယင်းသို့ပေးသော်လည်း အခြားသူနှင့် နှီးနှောမြဲပင်နှီးနှောပြန်၏။ ထိုအခါ လင်ယောကျ်ားက ဤမိန်းမကား ငါ့အားမဆောက်, မညှာ သူပြုလေရာကို သာ ပြုလေ့ရှိ၏။ ကြာသော် ငါ၏အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိတ်လန့်သည်ဖြစ်၍ စုံမက်ခြင်းမရှိပဲ အိမ်မှ နှင်ထုတ်လေ၏။ ထိုမိန်းမသည် သူတပါးတို့နှင့် သွား လာနေထိုင်သည်ကို မြင်သော်လည်း ခင်မင်သောစိတ်သည် ကင်းပြတ်၍ ဒေါ်- မနဿသာဖြစ်လေ၏။

http://www.dhammadownload.com

ထိုကဲ့သို့ အကြင်ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိအပ္ပဘောကို ချစ်ခင်တက်မက်သဖြင့် အစားကောင်း, အဝတ်ကောင်း, အပေးပေါင်းတို့ဖြင့် မျိုးမြှင့်ပြုစုရကာနေစေ၏။ ထိုသို့နေစေပါသော်လည်း ဩဇ, လေ, ပျက် သလိပ် ပျက်ခြင်း စသော ရောဂါဟူသော သူတပါးဟုံနှင့် နှိုးနှောခဲ့၏။ ငါသည် အသိုးအမြောက်နည်း၍ သာ ရောဂါနှင့် နှိုးနှောလေသည်ဟု နှလုံးပြု၍ ပညာရှိတပါးတို့နှင့် တိုင်ပင်လျက် ဆေးဝါးကုသခြင်း ငှာ သည်ဖြင့် ဗဟုနံပြုစုပါသော်လည်း ထိုအတ္တဘော သည် ရောဂါဟူသော သူတပါးနှင့်သာ ရောနှောပြန်ခဲ့၏။ ဇရုစသော ရန်သူတို့နှင့်လည်း ပေါင်းဖက်ရောယှက်ခဲ့။ ထိုသို့ပေးပယ်သော အတ္တဘော၏ အပြစ်ကို မြင်လျှင် ယခင်မိန်းမကို အိမ်ပြန်ဆုတ်လေသကဲ့သို့ သင်အတ္တဘော၏ အလိုသို့ လိုက်ကာ အစမဆင် သံသရာ၌ ဂူညံကြာစွာ ငါပင်ပန်းရပြီ သင်ဟူကား မညှာမထောက် ဇရာ၏နောက်, ဗျာဓိ၏နောက်, မရဏ၏နောက်သို့သာလိုက်တတ်စွာလှ၏။ ယနေ့မှစ၍ သင့်အား ငါမပဲ့ပြီ၊ ပျက်လိုပျက် ကြေလိုကြေ, ဖြစ်ချင်တိုင်း ဖြစ်စေဟု နှလုံးသွင်း၍ အတ္တဓောဂတင်းမအာင်သာ အာရုံပြုလေသောကြောင့် သေခြင်းကို မကြောက်သတည်း။

၁၆၇-ဇစ္ဆန္ဒာဒိဠ္ဍ အာဒိသဒ္ဒါ၏ အာဒိဝန်ကို ပြဆိုခြင်း

ဇမေး။ ။ဇစ္ဆန္ဒာဒိ၊ ပုဒ်အဒ်ဠ်၊ အာဒိအလိုံ၊ ပုဂ္ဂိုလ် ဘယ်မျှယူမည်နည်း။

ဖြေ။ ။ဇစ္ဆန္ဒာဒိနဒ်တို့ ဝတ္ထု အာဒိဂဟဏေန ဇစ္ဆဝခ်ိဆ့, ဇစ္ဆဒုဂ, ဇစ္ဆ ဇဋ္ဌ, ဇစ္ဆိမတ္တ-က,ပတ္တက, ဥဘဇတာ ဗျဉ္ဇနဒုဂ, နပုံသက, မမ္မာဒီနံ သင်္ဂဟော–

ဟူသော်ငိုကာနှင့်အညီ ပဋိသန္ဓေအား ဖြင့် နားပင်းသော သူ, ပဋိသန္ဓေ-အား ဖြင့် အ ဇသော သူ, ပဋိသန္ဓေအား ဖြင့် မှိုက်သော သူ, ဇဋ္ဌိသန္ဓေအား ဖြင့် ရှုးသွပ်သော သူ, ပဏ္ဍုက် ၄-ပါး, ဥဘဇတာဗျည်း, နပုံသက, မမ်းစဲ့သော သူ အား ဖြင့် ၁၁-မျိုးသော ပုဂ္ဂိုလ်တို့ကို ယူအပ်၏။

ပဋိသန္ဓေအား ဖြင့် ကန်းဇသော သူပါ တကိုပ် နှစ်မျိုးတည်း။ ဤသူတို့သည် သုဂတိဘုံသား ဖြစ်လျက် ဇာတိ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ဖြင့် ပဋိသန္ဓေ နေသော ကြောင့် သုဂတိဇဟိတ် ပုဂ္ဂိုလ်မည်ကုန်၏။

အလုံးစုံသော အကုဇ, ဇလာဇုဇ ဃဋ္ဋဝါတို့သည် ပဋိသန္ဓေအခါ၌ စက္ခု-ပဿာဒ စသည်တို့မဖြစ်၊ သက်ဆေး, သတ္တဝါဟမ္မစ၍ ဖြစ်ကြရကား အစက္ခုက, အသောတက ပဋိသန္ဓေခဲ့ကြ၏ ဇစ္ဆန္ဓမည်ကောင်းရာ၏ တကားဟူငြားအံ့-

တထာပိ စက္ခာဒိဥပ္ပဒ္ဒေ ဟကာလေပိ စက္ခုပ္ပတ္တိ ငိဗန္ဓက ကမ္မပဋ္ဌ-ပဟိတသာဓတ္ထိဒယေန ဒိန္နပဋိသန္ဓိနာ၊ ဣတရေနပိ ဝါ ကမ္မေန အနုပ္ပါဒေဘာဝတ္ထုကော သဒ္ဒတ္ထော ဇစ္ဆန္ဓောနာမ-

ဟူသော်ငိုကာနှင့်အညီ ပဋိသန္ဓေအခါက မပါသော်လည်း စက္ခုဖြစ်ခြင်းငှါ

http://www.dhammadownload.com

ထိုက်သောကာလ၌ စက္ခုဖြစ်ကြသော သတ္တဝါသည် ဇစ္စန္ဓမည်။ သစက္ခုက ပင်မည်သည်၊ စက္ခုဖြစ်ဆိုက်သောကာလ၌ စက္ခုမဖြစ်ရအောင် တားမြစ်သော ကံ၏ အစွမ်းဖြင့် ပေးအပ်သော ပဋိသန္ဓဂျိုသော သတ္တဝါ, တပါးသော အကုသိုလ်ကံကြောင့် မဖြစ်သော စက္ခုပသာဒမျိုသော သတ္တဝါသည် ဇစ္စန္ဓမည်၏။ ဖြစ်ပြီးမှ ပျက်စီးသောသူကို ဇစ္စန္ဓ ဟူ၍ မယူဒ.ပ်ဟူလိုသည်။ ဇစ္စဗဓိရ တို့၌လည်း နည်းတူယူလေ၊

၁၆၈-ပဏ္ဍာက်အပြား၌ ပါး

ပဏ္ဍာက်သည်—

၁။ ဒဝသိတ္တာ-ပဏ္ဍာက်၊

၂။ ဥသူယျ-ပဏ္ဍာက်၊

၃။ ဩပက္ကမိက- ပဏ္ဍာက်၊

၄။ ပက္ခ-ပဏ္ဍာက် ဟူ၍ ၄-ပါး။

၅။ နပုံသက ပဏ္ဍာက်နှင့်သော် ၅-ပါးပြား၏။

ထို ငါးပါးတို့တွင်အကြင်သူသည် သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့်စုပ်၍ သုက်ကိုယူပြီးလျှင် မိမိအင်္ဂါ ဇာတ်တွင်း သွင်းလောင်းရာမှ ထောက်၏ ပူပန်ခြင်းသည် ငြိမ်း၏၊ ထိုသူသည် ဒဝသိတ္တာပဏ္ဍာက်မည်။

အကြင်သူသည် သူဘပါးတို့ မေထုန် ပျော်မြူးသည်ကို ကြည့်၍ ငြူစူစောရာ၏ ပူပန်ခြင်းသည် ငြိမ်း၏။ ထိုသူသည် ဥသူယျပဏ္ဍာက် မည်၏။

အကြင်သူအား သူဘပါးတို့သည် နှိပ်စက်၍ မျိုးစေ့တို့ကို ဖျက်ဆီး၏။ ထိုသူသည် ဩပက္ကမိက ပဏ္ဍာက်မည်၏၊

အကြင်သူအား ရှေးမကောင်းမှု ကံကြောင့် လဆန်းပက္ခ၌ အလွန်ပူပန်ခြင်း ဖြစ်၍ လဆုတ်ပက္ခ၌ ထိုပူပန်ခြင်းသည် ငြိမ်း၏။ လဆုတ်ပက္ခ၌ သော်လည်း အလွန် ပူပန်ခြင်းဖြစ်၍ လဆန်းပက္ခ၌ ငြိမ်း၏။ ထိုသူသည် ပက္ခပဏ္ဍာက် မည်၏။

အကြင်သူအား ပဋိသန္ဓေကပင် ဘဝချမ်းမြဖစ်သောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ်တို့ မရှိကုန်၊ ထိုသူသည် နပုံသကပဏ္ဍာက်မည်၏။

၁၆၉-ဥဘတောဗျည်း ဘပြားနှစ်ပါး

အကြင်သူအား နှစ်ပါးသော နိမိတ်တို့သည် ထင်ရှားဖြစ်၏။ ထိုသူသည် ဥဘတောဗျည်း မည်၏။ ထို ဥဘတောဗျည်းသည်—

http://www.dhammadownload.com

၁။ ဣတ္ထိ ဥဘတောဗျည်း

၂။ ပုရိသ ဥဘတောဗျည်း ဟူ၍ နှစ်ပါးပြား၏။

ထို နှစ်ပါးတွင်—

ဣတ္ထိဥဘတောဗျည်းအား ဣတ္ထိနိမိတ်သည် အမြဲတည်၏။ တပါးသော ဣတ္ထိတို့နှင့် ရောနှောလိုသောအခါ ဣတ္ထိနိမိတ် ကွယ်၍ ပုရိသနိမိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မိမိလည်း ကိုယ်ဝန်ယူနိုင်၏။ တပါးသော မိန်းမတို့ကိုလည်း ကိုယ်ဝန်ပေးနိုင်၏။

ပုရိသ ဥဘတောဗျည်းအား ပုရိသနိမိတ်သည် အမြဲတည်၏။ တပါးသော ယောကျ်ားတို့နှင့် ရောနှောလိုသောအခါ ပုရိသနိမိတ်ကွယ်၍ ဣတ္ထိနိမိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့်မိမိကား ကိုယ်ဝန်မယူနိုင် တပါးသော မိန်းမတို့ကိုသာ ကိုယ်ဝန်ပေးနိုင်၏။ ဤကား ကျမ်း၌လာသော စကားတည်း။

အချိုကား ဣတ္ထိနိမိတ်,ပုရိသနိမိတ် နှစ်ပါးပင် ထင်ရှားရှိလျက် ပုရိသနိမိတ်သာ အောင်မြင်သည်။ အချိုလည်း ဣတ္ထိနိမိတ်သာ အောင်မြင်သည်။ ဤကား မျက်မြင်တည်း။

ဤ ပဏ္ဍုက်ငါးဦး ဥဘတောဗျည်းတို့တွင် အာသိတ္တပဏ္ဍုက်,ဥဿူယျပဏ္ဍုက်တို့အား ရှင်ရဟန်းအဖြစ်ကို မြစ်တော်မမူ၊ ကြွင်းသော ပဏ္ဍုက်တို့ကိုသာ မြစ်တော်မူသည်။

ပက္ခပဏ္ဍုက်ကိုကား၊ အကြင်ပက္ခ၌ ပူပန်ခြင်းရှိ၍ ပဏ္ဍုက်ဖြစ်၏။ ထိုပက္ခ-၌သာ ရှင်ရဟန်းအဖြစ်ကို မြစ်တော်မူသည်ဟူ၍ ဝိနည်းအဋ္ဌကထာ, ဋီကာတို့၌လာ၏။

မမ်းစွဲသောသူ ဟူသည်ကား- စကား တငက်ငက်ရှိသော သူတည်း။ အက္ခဆုတလုံးကိုလျက် ၂-ကြိမ် ၃-ကြိမ်ဆပ်၍ ဆိုရသော သူတည်းဟု ပြခြင်းငှါ မဏ်မဥူသာဋီကာ၌—

မမ္မော ဝုစ္စတိ အဗဋ္ဌဗလော ကေက္ခရမ္ပိ ဒိုက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ ဥစ္စာရဏပုဂ္ဂလော-

ဟူ၍မိန့်၏။

http://www.dhammadownload.com

၁၇၀–ဘုမ္မဿိတ, သဒ္ဒါစသည်တို့၏ အဖွင့်ကိုပြဆိုရာ

မေး။ ။သုဂတိအဟိတ် ဘုမ္မိဿိတာ၊ ဝိနိပါတိကာ၊ အသုရာကို၊ ဋီကာ ဘယ်သို့ ဖွင့်သနည်း။

ဖြေ။ ။ဘုမ္မဒေဝေ သိတာ နိဿိတာ တဂ္ဂတိကတ္တာတိ ဘုမ္မဿိတာ။

သုခသမုဿယတော ဝိနိပါတာတိ ဝိနိပါတိကာ–
ဟူ၍ဖွင့်သည်။

တဂ္ဂတိကတ္တာ၊ ထိုဘုမ္မစိုးနတ်တို့၏ အလားလျှင် အလားရှိသောကြောင့်။ ဘုမ္မဒေဝေ၊ ဘုမ္မစိုးနတ်တို့ကို။ သိတာ နိဿိတာ၊ မှီ၍ဖြစ်ကုန်သည်တို့တည်း။ ဘုမ္မဿိတာ၊ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်ကုန်သည်တို့။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ သုခသမုဿယတော၊ ချမ်းသာ အပေါင်းမှ။ ဝိနိပါတာ၊ ကင်းကွာတတ်ကုန်၏။ ဇူတိတသွာ၊ ထိုသို့ချမ်းသာ အပေါင်းမှ ကင်းကွာတတ်သော သတ္တိကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဝိနိပါတိကာ၊ ဝိနိပါတိကတို့ မည်ကုန်၏။

ဒီပနဒ္ဒကား–

ဘူမိယံ နိဿိတာ ဒေဝါ ဘုမ္မဒေဝါ၊ တဂ္ဂတိကတ္တာ ဘုမ္မ-
ဒေဝေ သိတာ နိဿိတာတိ ဘုမ္မဿိတာ–
ဟူ၍ ဖွင့်၏။

ဘူမိယံ၊ မြေ၌။ နိဿိတာ၊ မှီ၍နေကုန်သော။ ဒေဝါ၊ နတ်တို့တည်း။ ဘုမ္မဒေဝါ၊ မြေ၌မှီ၍နေကုန်သောနတ်တို့။ ပရမေသုရာ, သာတာဂီရိ အစရှိသော ဘုမ္မစိုးနတ်တို့ကိုရ၏။

တဂ္ဂတိကတ္တာ၊ ထိုဘုမ္မစိုးနတ်တို့၏ အလားလျှင် အလားရှိခြင်းကြောင့်။ ဘုမ္မဒေဝေ၊ ဘုမ္မစိုးနတ်တို့ကို။ သိတာ နိဿိတာ၊ မှီ၍ဖြစ်ကုန်သည်တို့တည်း။ ဘုမ္မဿိတာ၊ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်ကုန်သည်တို့။ ဝိနိပါတိကအသုရာကို ရ၏။

တောင်၏အတွင်း ရေ,မြေ၏ အတွင်း ကျင်း, လိုဏ်ခေါင်းတို့၌ ကံအား လျော်စွာ ဗိမာန်ပေါက်၍ ထိုဗိမာန်၌ နေကုန်သောနတ်တို့ကို ဘုမ္မစိုးနတ်ဟူ၍ ဆိုသည်။

ထိုဘုမ္မစိုးနတ်တို့တွင် အချို့နတ်ကား အလွန်ဟန်ခိုးကြီးသည်၊ သား, မြေး, အခြံအရံများသည်။ အသက်လည်း ရှည်သည်ဖြစ်၍ ဘုရားနှစ်ဖြစ်, သုံးဖြစ်

http://www.dhammadownload.com

တိုင်အောင် မှီသည်။ အချို့လည်း တန်ခိုးအခြံအရံ သင့်ရုံသာရှိသည်။ အသက်လည်း အနှစ် သုံးရာ, လေးရာ, ငါးရာမျှလောက် ရှည်သည်။

မဏ္ဍာဂိရိဟောင်၌ နေသော ပရမေသုရာနတ်, ဟိမဝန္တာတောင်၌ နေသော ဟေရဝတနတ်, မဿိမဒေသ သာတဂတောင်၌ နေသော သာတာဂိရိနတ်, ပူရတောင်၌နေသော ပုဏ္ဏကနတ်, ကုဋ္ဌိရကောင်၌နေသော ကုက္ကုတိဝနတ်, ပရမေသုရာနတ်မင်း၏ သားကြီးဖြစ်သော ဓနဉ္ဇကုမာရ မည်သော မဟာပိန္နဲနတ် အစရှိကုန်သော နှစ်ကျိပ်ရှစ်ယောက်သော နတ်မင်းတို့သည် ဘုမ္မစိုးနတ်ချည်း ဖြစ်ကုန်သည်။ အစာအာဟာရ ကြမ်းတမ်းသောကြောင့် ယက္ခ ဟူ၍လည်း သမုတ်ကုန်သည်။

ထိုဘုမ္မစိုးနတ်တို့ကဲ့သို့ မြေ၌မှီ၍နေရသော ဘုမ္မဝိုးနတ်တို့၏ ကျေး, ကျွန်, ခြေရံသာ ဖြစ်သော နတ်ပြိဿာတို့သည် အထူးထူးသော ဆင်းရဲ၏ ကျေးဇူးရှိသောကြောင့်—

ဝိဒိမာနိ ဒုက္ခာနိ နိပတန္တိတိ ဝိနိပါတိကာ-

ဟူသော ဝစနတ္ထနှင့်ညီစွာ ဝိနိပါတိကလည်း မည်သည်။

နတ်၏အလားရှိလျှက် နတ်ကဲ့သို့ စည်းစိမ်တန်ခိုးဖြင့် မဆွန်းပသောကြောင့် နသုရန္တိ နဒိဗ္ဗန္တိတိ အသုရာ ဟူသော ဝစနတ္ထနှင့်ညီစွာ အသုရာလည်း မည်၏။

ထိုအမည်နှစ်ရပ်ကို စပ်၍ ဝိနိပါတိက အသုရာဟု ခေါ်လေသည်။ ထိုဝိနိပါတိက အသုရာဖြစ်သော ပြိဿာတို့ကား ဟိမဝန္တာ၏ အနီးအပါး ဝိဇ္ဇာဓရဝံတောအုပ်၌ မြို့ပြဖွဲ့၍နေသည်။ တန်ခိုးကြီးသော ပြိဿာပင် မင်းပြုသည်။ လူတို့၏ အနီးဖြစ်သော တောအုပ်၌ကား ဆယ်ဝဲ့, ရာဂုမျှသာ နေသည်။

ထို့ကြောင့် ဆဂတိဒီပနီကျမ်း, လောကပညတ္တိကျမ်းတို့၌—

တတ္ထ ပေတနဂရေ မဟိဒ္ဓိကဒေဝေ သဗ္ဗပေတာနံ ဣဿရိယာဓိ-
ပစ္စံ ကရောတ-

ဟူ၍ပြဆိုသည်။

တတ္ထ၊ ထိုဟိမဝန္တာတောင်၏ အနီးဖြစ်သော ဝိဇ္ဇာဓရဝံတောအုပ်၌။ ပေတနဂရေ၊ ပြိဿာတို့၏မြို့၌။ မဟိဒ္ဓိကဒေဝေ၊ တန်ခိုးကြီးသောပြိဿာသည်။ သဗ္ဗပေတာနံ၊ အလုံးစုံသော ပြိဿာတို့အား။ ဣဿရိယာဓိပစ္စံ၊ အစိုးရခြင်းမင်း၏အာဏာကို။ ကရောတိ၊ ပြု၏။

http://www.dhammadownload.com

၁၇၁-ပြိတ္တာအပြား ၁၂-ပါးကိုပြဆိုရာ

ထိုပြိတ္တာသည် အမျိုးအားဖြင့် -

၁။ ဇန္ဓာသပြိတ္တာ
၂။ ကုဏပါသပြိတ္တာ
၃။ ဂူထခါဒကပြိတ္တာ
၄။ အဂိဇာလမုခပြိတ္တာ
၅။ သုစိမုခပြိတ္တာ
၆။ တဏှာဠိကာပြိတ္တာ
၇။ သုနိဇ္ဈာဝေဂပြိတ္တာ
၈။ သဿကပြိတ္တာ
၉။ ပဗ္ဗတာဂ်ပြိတ္တာ
၁၀။ ဇဝမာနိကာပြိတ္တာ
၁၁။ ဒဠိဒ္ဒကပြိတ္တာ
၁၂။ မဟိဒ္ဓိကပြိတ္တာ

ဟူ၍ ၁၂- မျိုးပြားကုန်သည်။ ထို ၁၂-မျိုးတို့တွင်—

အလွန် အစာမွတ်သိပ်ခြင်းရှိသည်ဖြစ်၍ သူတပါးစွန့်အပ်ဖွယ်သော ကံကလွဲ,နှပ်, အံဖတ် တို့ကို စားရသောပြိတ္တာသည် ဇန္ဓာသပြိတ္တာ မည်၏။

မြေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ် စသည်ကို စားရသောပြိတ္တာသည် ကုဏပါသပြိတ္တာ မည်၏၊

လူတို့စွန့်အပ်သောမစင်ကို စားရသော ပြိတ္တာသည် ဂူထခါဒက ပြိတ္တာ မည်၏။

တစုံတခုသောအစားကို မစားမဲ့ ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာသည် အဂိဇာလမုခ ပြိတ္တာမည်၏။

ကိုယ်ကြီးမားလျက် အပ်နှဖားမျှလောက် ခံတွင်းရှိသော်ပြိတ္တာသည် သုစိမုခ ပြိတ္တာမည်၏ ထိုပြိတ္တာတို့သည် တရုံတခါ ပစ္စည်းကိုတွေ့လတ်သော် ခံတွင်းပေါက် အလွန်ကျင်းသောကြောင့် မသွင်းနိုင်ရကား နားပေါက်, နှာခေါင်းပေါက်တို့ဖြင့် သွင်းရကုန်၏။ စိုးစဉ်းမျှ သဘယာဖြင်းကို မရ။ ကားလဒုည်ဟု ငတ်မွတ်ကုန်၏။

ရေသိပ်ခြင်းတက္ကာဖြင့် လွန်စွာခိုင်ခံ့သော ပြိတ္တာသည် ဇာကုဋ္ဌိကပြိတ္တာ မည်၏။ ထိုပြိတ္တာဘို့သည် တရုံတဆစ်မျှ ရေခန်းသောကာလ ရေငတ်လှမသောကြောင့် ထုံးအိုင်, မြစ်, ချောင်း စသည်တို့သို့ ရွှေ့ရွှေ့ တွားလျက် သွားရာဖြင့် အနီးအပါးသို့ရောက်သော် ပြည်စု, သွေးကုန်, ကျဉ်းကြီးတို့သော ထင်ကုန်၏။

· လွန်စွာလောင်မြိုက်ပြီးသော မီးလောင်ဆင်တွတ်နှင့် တူသော ပြိတ္တာသည် သုနိဇ္ဈာမက ပြိတ္တာမည်၏။ ထိုပြိတ္တာသည် အခါညှိုးစည်းသောကိုယ် ကြုံလိုပိန်ကပ်လျက် နံရိုးပြိုင်းရရိုင်းလေသော ကိုယ်ဝိုင်၏၊ မကောင်းသောရနံ့လည်း ပျံ၏။ ခွင်သောခြေလက်, ပြူးပြူးဆတ်သော မျက်စိလည်းရှိ၏၊ ထမင်းငတ်ခြင်း, ရေသိပ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်၏။

http://www.dhammadownload.com

ဓား လှံ,အသွား ငါးမျှားချိတ်နှင့် တူသော လက်သည်း ခြေသည်းရှိလျက် မိမိ၏ ကိုယ်အသားကို ခွါ၍ စားကာ နေရသောပြိတ္တာသည် သတ္ထက်ပြိတ္တာမည်၏။ ဤ၌ သတ္ထသဒ္ဒါသည် လက်နက်ဟောဖြစ်၍ ဒန္တဇ,ဒုတိယကွဲရာ ထ,နှင့် ရေးရမည်၊

တောင်မျှလောက်သော ကိုယ်ရှိလျက် ဇီးကွက်မျက်နှာကဲ့သို့ ထိပ်မှာ မျက်နှာရှိသော ပြိတ္တာသည် ပဗ္ဗတက်ပြိတ္တာမည်၏။ ဤပြိတ္တာ၏ကိုယ်သည် နေ့ညပတ်လုံး အခိုးထွက်၍လောင်၏။

စပါးကြီးမြွေကဲ့သို့ ကိုယ်ရှိသော ပြိတ္တာသည် အဇဂရက် ပြိတ္တာမည်၏။ ထိုပြိတ္တာသည် ပြောင်ပြောင်တောက်သော ကိုယ်ဖြင့် ညဉ့်၌လှည့်လည်၍ နေ့၌ အထူးထူးသောဒုက္ခကို ခံရ၏၊

နေရာဗိမာန်၌ဖြစ်ရသော ပြိတ္တာသည် ဝေမာနိက ပြိတ္တာမည်၏။ ထိုပြိတ္တာသည် မိဿကကံကို ပြုခဲ့သောကြောင့် ရံခါ နတ်ကဲ့သို့ စည်းစိမ်ချမ်းသာကိုခံစားရ၏။ ရံခါ ခွေးစားခြင်း ဓား, လှံ ပြတ်ခြင်းစသော ဆင်းရဲကို ခံစားရ၏။

မဟိဒ္ဓိကပြိတ္တာဟူသည်ကား ထိုဝေမာနိကမျိုးတွင်တန်ခိုးကြီးသော မင်းပြု၍ စီရင်သော ပြိတ္တာတည်း။ထိုပြိတ္တာကား အဆင်းလှသကဲ့သို့စည်းစိမ်ကြီးသကဲ့သို့ အကယ်၍ထင်၏။ ယင်းသို့ထင်သော်လည်း တောဇဉ်ကို စားလိုတိုင်းမစားရ၊ရံဖန်သာ မှိုဝဲရ၍ တောင့်တခြင်း အားကြီးလျက်ပင်ရှိ၏။

ပြိတ္တာမျိုးသည် ဤ ၁၂-ပါးမျှသာမကသေး အပ်သွားကဲ့သို့အမွေးရှိသော သုစိလောမ ပြိတ္တာမျိုး၊မိကျောင်းရေကဲ့သို့ ကြမ်းသောအရေရှိသော ခရလောမ ပြိတ္တာမျိုး၊ဒီဃနခပြိတ္တာမျိုး၊ဧကပါဒပြိတ္တာမျိုး၊အနေကပါဒပြိတ္တာမျိုး၊ဧကဟတ္ထ ပြိတ္တာမျိုး၊အနေကဟတ္ထပြိတ္တာမျိုး၊ ဧကနေတ္တပြိတ္တာမျိုး၊ အနေကနေတ္တပြိတ္တာ မျိုးစသောအားဖြင့် မျှားစွာရှိသေး၏။ယင်းသို့ရှိသော်လည်း ပဋ္ဌာန နည်းအားဖြင့် ၁၂- ပါးဟူ၍သာ ဆိုသည်ဟု ဆဂတိဒီပနီ၌ မိန့်၏။ (ကိဉ္ဇာပိ ဒ္ဒါဒသပေတကုလာနီတိ ဝုတ္တံ၊တံ ပန ပဋ္ဌာနဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။)အဋ္ဌကထာကြီးတို့၌ကား–

၁။ ပရဒတ္တုပဇီဝိတပြိတ္တာ၊ ၃။ နိဇ္ဈာမတဏှိကပြိတ္တာ၊

၂။ ခုပ္ပိပါသိကပြိတ္တာ၊ ၄။ ကာလကဉ္ဇိကပြိတ္တာ၊

ဟူ၍ ၄-မျိုးသာ ထင်ရှားစွာလာသည်။

ထိုလေးမျိုးတို့တွင် လူ့ပြည်က ဆွေမျိုးညာတိစသောဘူတို့အလှူကောင်းမှုပြု၍ အမျှဝေသည်ကိုမှီ၍ အသက်ရှင်သောပြိတ္တာသည် ပရဒတ္တုပဇီဝိတ ပြိတ္တာမည်၏။

http://www.dhammadownload.com

ထမင်းငတ်မွတ်ခြင်း, ရေသိပ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သော ပြိတ္တာသည်ခုပ္ပိ-ပါသိက ပြိတ္တာမည်၏။

ဝမ်းခေါင်းခံတွင်းမှရင်း, ကိုယ်အလုံးရင်း လောင်သည်ဖြစ်၍ ပူပန်ခြင်း ရှိသော ပြိတ္တာသည် နိဇ္ဇာမတဏှိက ပြိတ္တာမည်၏။

အသုရကာယ်ဟူ၍ အသီးခေါ်ဝေါ်အပ်သော ပြိတ္တာအသုရာသည် ကာလ-ကိဉ္ဇိက ပြိတ္တာမည်၏၊

ထို့ကြောင့်—

တေသံ ကိရ တိဂါဝုတ္တော အတ္တဘာဝေါ အပ္ပမံယ လောဟိတော ပုရာဏပဏ္ဏသဒိသော ကက္ကဋ္ဌကာနံ ဝိယ အက္ခိနိ နိက္ခမိတ္ဘာ မတ္ထကေ-တိဋ္ဌန္တိ၊ မုခံ သုစိပါသကသဒိသံ၊ မတ္ထကသ္မိံ ယေဝ ဟောတိ၊ တေန တေ ဩနမေတွာ၊ ဂေါစရံ ဂဏှန္တိ—

ဟု ဆိုသော သုတ်ပါထေယျ အဋ္ဌကထာနှင့်အညီ ထိုအသုရာတို့၏ အတ္တဘော သည် ၃-ဂါဝုတ်မျှရှိသတတ်၊ နည်းသော အသားအသွေး ရှိ၏။ ဖက်ရွက်လျော်ကဲ့သို့ အရိုးအရေမျှသာတည်လျက် ပုဇွန်မျက်စိကဲ့သို့ ပြူရရူးထွက်သော မျက်စိတို့သည် ဦးခေါင်းထက်၌ တည်ကုန်၏။ ခံတွင်းသည့် အပ်နဖားပေါက်မျှသာ ဦးခေါင်းထိပ်မှာ တည်၏။

ထို့ကြောင့် ထိုကာလကိဉ္ဇိက အသုရာတို့သည် အောက်သို့ စောက်ထိုး ညွှတ်၍သာ အစာကို ယူရကုန်၏။ ဤဝိနိပါတိက အသုရာမျိုးတို့သည် ယောနိ အားဖြင့် အချိုကား အဏ္ဍဇ, အချိုကား ဇလာဗုဇ, အချိုကား သံသေဒဇ အချိုကား ဥပပါတ် ဖြစ်ကုန်၍ ယောနိ လေးပါးပင် ရအပ်သည်။ သန္ဓေစိတ် အားဖြင့် သုဂတိအဟိတ်, အချိုကား ဒွိဟိတ်, အချိုကား တိဟိတ်ပင် နေရ ကုန်သည်။

ထို့ကြောင့် နာမရူပပရိစ္ဆေဒကျမ်း၌—

ဘုမ္မဝဇ္ဇေသု ဒေဝေသု၊ ပေတေနိဇ္ဇာမ တဏှိကေ။
နိရယေသု စ သမ္ဘောတိ၊ ယောနေကာဝေါပပါတိကာ။
ဘုမ္မဒေဝေ မနုဿေသု၊ တိရစ္ဆာနေ ပရေတထာ။
ပေတေသု စာဝ သေသေသု၊ စတဿောပိ စ ယောနိယော-

ဟူ၍ မိန့်အပ်၏။

ဘုမ္မဝဇ္ဇေသု၊ ဘုမ္မစိုးနတ်သည် ကြဉ်အပ်ကုန်သော။ ဒေဝေသု၊ နတ်ဗြဟ္မာ တို့၌ရင်း။ နိဇ္ဇာမတဏှိကေ၊ နိဇ္ဇာမတဏှိက ဖြစ်သော။ ပေတေ၊ ပြိတ္တာ၌ရင်း။

http://www.dhammadownload.com

နိရယေသု စ၊ ငရဲကြီးရှစ်ထပ်တို့၌ဌင်း။ ဧကာဝ၊ တဒုသာလျှင် ဖြစ်သော။ ဩပပါတိကာ၊ ဥပပါတ်ဟု ဆိုအပ်သော။ ယောနိ၊ ပဋိသန္ဓေသည်။ သမ္ဘောတိ၊ ဖြစ်၏။။

ဘူမ္မဒေဝေ စ၊ ဘူမ္မစိုးနတ်၌ဌင်း။ မဒုဿေသု စ၊ လူတို့၌ဌင်း။ တိရစ္ဆာနေ-စ၊ တိရစ္ဆာန်မျိုး၌ဌင်း။ တထာပရေ၊ ထိုမှတပါး။ အဝေသေသေသု၊ ဆိုအပ်ပြီးသော နိဇ္ဈာမဘက္ခိကမှ ကြွင်းကုန်သော။ ပေတေသု စ၊ ပြိတ္တာမျိုးတို့၌ဌင်း။ စတသ္သောပိစ ယောနိယော၊ လေးပါးသော ယောနိတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။။

၁၇၂-စတုမဟာရာဇ် နတ်ဘုံ၌ နတ်ကျိုး နတ်ကန်း ရှိ မရှိ

မေး။ ။မာနဝေ ဒေဝေ၊ ကျွာကယာဒေါ၊ သဘောလျော်စွာ၊ စတု-မဟာရာဇ် ရှေးဘုံစစ်၌၊ အဖြစ်ယုတ်မျိုး၊ နတ်ကျိုး နတ်ကန်း ရှိ၏လော။။

မှတ်ချက်။ ။မာနဝေ၊ လူ့ပြည်၌ဌင်း၊ အာဒေါဒေဝေ၊ အစစ္စာသော စာတုမဟာရာဇ်နတ်ပြည်၌ဌင်း။ ကျွာကယာ၊ ဒုဂ္ဂတိအဟိတ် ကြွင်သောပုဂ္ဂိုလ် တကျိပ်တယောက်ကို။ လဘတိ၊ ရ၏။။ ဤသို့ ပရမတ္ထဇိန္ဒ၌ ဆိုသည့်အတိုင်း စာတုမဟာရာဇ် ဘုံအစစ်၌ ဇစ္စန္ဓ, ဇစ္စဇိရ အစရှိသော သုဂတိအဟိတ် ပုဂ္ဂိုလ်တို့ကို ရုပါအံ့လောဟု မေးသည်။

ဖြေ။ ။စတုမဟာရာဇ် ဘုံအစစ်၌ နတ်ကျိုး နတ်ကန်း မရှိ၊ စတု-မဟာရာဇ် အဝင်ဖြစ်သော လူ့ပြည်၌နေသော ဝိနိပါတိက အသုရာ နတ်ပြိတ္တာမျိုးတို့၌သာလျှင် အကျိုး, အကန်း စသည်တို့ ဖြစ်ကုန်၏ ဟူပေ။

၁၇၃ လူ-ဥပပါတ်စသည် ရှိသင့် မရှိသင့်

မေး။ ။ကမ္ဘောဇိးသား၊ ကြွင်ခဲ့ထားမှ၊ လေးပါးယောနိ၊ ရှိကာဌ်မူ၊ လူဥပ-ပါတ် မဖြစ်လော။။

ဖြေ။ ။ကမ္ဘောဇိးသားမှတပါး လူဥပပါတ် ဖြစ်သည်မှာ အမွပါလိကာ မည်သော ပြည့်တန်ဆာမတဉီးသာ ကျမ်းဂန်၌ လာသည်။ အကြောင်းကား-ဤအမွပါလိကာ အလောင်းသည် ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာ၌ ကုသိုလ်ကောင်းမှုကို ဆည်းပူး၍ လူ့ပြည်, နတ်ပြည် လှည့်လည်ကာ လာသည်တွင် ဤကမ္ဘာမှသည် ၃၁-ကမ္ဘာထက်၌ သိမိ ဘုရားရှင် သာသနာတော်ဝယ် ရဟန်းပဉ္စင်းပြု၍ ဘိက္ခုနီမတို့၏ သိက္ခာပုဒ်ကို မကျိုး မပေါက်အောင် ဆောက်တည်၍နေ၏။။

http://www.dhammadownload.com

တနေ့သ၌ ဘိက္ခူနိမ အများတို့နှင့်တကွ တဆူသော စေတီကို ပူဇော်လျက် လက်ျာရစ်လှည့်ကြရာ ရွှေကသွားသော ရဟန္တာမ တဦးသည် ချည်ဆတ်သော ကြောင့် သလိပ်ခဲ စင်ကျလေသည်ကို ထိုဏေရိမ မမြင်ရကား မပယ်ရှားပဲ သွားလေ၏။ နောက်ကလိုက်သော ဘိက္ခုနိမမြင်လျှင် အဘယ်ပြည့်တန်ဆာမ သည် ဤစေတီပြင်၌ သလိပ်ခဲချလေသနည်းဟု ဆဲရေးမြည်တွန်၏၊

အနိုးနေသော ဏေရိမတို့က ဤသို့မဆိုလင့်၊ သံဃာကြီးများ ရွှေက သွားသည်ဟု တားမြစ်ပါသော်လည်း ပြည့်တန်ဆာမကဲ့သို့ ကျင့်သည်ကို မဆို ပြီလောဟု ထပ်ပြန်၏။ ထိုဘိက္ခုနိမသည် ဘီလကို ကောင်းစွာ စောင့်ရှောက် လျက် နောက်နောက်သော ဘဝတို့၌ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေခြင်းပု ကင်းလွတ်ပါစေသောဟု ဆုတောင်း၏။ ထိုအကြောင်းကြောင့် နတ်ပြည်၌သာ များစွာ ဖြစ်ခဲ့ပြီးသော် အဆုံးဘဝကျသောအခါ ငါတို့ ဘုရားလက်ထက်တော်၌ ဝေသာလီပြည်ဝယ် လိစ္ဆဝီမင်းတို့ပိုင်နက် သရက်ဥယျာဉ်တွင် တခုသော သရက်ပင်အခွဲ၌ ဥပပါတ် ပဋိသန္ဓေနေလော၏။

ဥယျာဉ်စောင့်သည် နံနက်စောစော လှည့်ပတ်ရာ တွေ့မြင်လျှင် သရက်ပင် စောင့်နတ်သည် ကိုယ်ထင်ပြသည်ဟု ရိုခိုးလျက် အပါးသို့ ချဉ်းလာ၏။ မယ္လပ် မရှား စကားမဆိုနေသည်ကို မြင်မှ နတ်မဟုတ်မှန်းသိ၍ မိမိအိမ်သို့ ဆောင်၏။ သမီးပြုထားပြီးလျှင် လိစ္ဆဝီမင်းတို့အား ဆက်လေ၏။ သရက်ပင်၌ ရသော ကြောင့် ထိုသူငယ်မကို အမွေပါလိဟု မှည့်ကြကုန်၏။

ဥပပါတ်သန္ဓေနေသူဖြစ်၍ အလွန်တင့်တယ်လှသောကြောင့် မြင်သမျသော လိစ္ဆဝီမင်းသားတို့သည် လိုချင်လှရကား သူရသင့်, ငါရသင့်ဟု ငြင်းခုံခိုက်ရန် ဖြစ်ကြ၏။ ထိုအခါ ထိုရန်ငြိမ်းစိမ့်သောငှါ တရားသူကြီးတို့က အလုံးစုံသော မင်းသားတို့နှင့် ဆက်ဆံအောင် ပြည့်တန်ဆာမအရာ၌ ထားရမည်ဟု စီစင် ကြ၏။ ရဟန္တာမအား ဆဲရေးဘူးသော မကောင်းမှုကံသည် စီမံတိုက်တွန်းသည် ဖြစ်ရကား ထိုတရားသူကြီးတို့ စီမံတိုင်း အမွေပါလိကားကို ပြည့်တန်ဆာမအရာ၌ ထားကြကုန်၏။ ဖွားရာဖြစ်သော သရက်ဥယျာဉ်ကိုလည်း ဆောင်နှင်းပေ၏။ ဆင်းရဲသားတို့ မသွားမဝင်နိုင်စိမ့်သောငှါ တနေ့လျှင် အသပြာ တရာပေးမှ ပျော်ပါးရသတည်း။

နောက်အခါ ထိုပြည့်တန်ဆာမသည် ဘုရားသခင်အား အလွန်ကြည်ညို ရကား မိမိဥယျာဉ်၌ ကျောင်းဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော် တို့အား လှူဒါန်း၏။ ကာလလျှားလတ်သော် မိမိ၏သားဖြစ်သော ဝိမလ-ကောဏ္ဍမထေရ်၏ အထံ၌ တရားတော်ကို နာရသောကြောင့် သာသနာတော်၌

http://www.dhammadownload.com

ရဟန်းပြု၍ ဝိပဿနာတရားကို အားထုတ်လေလျှင် ရဟန္တာမအဖြစ်သို့ ရောက်လေသတည်း။

ထိုသို့ ဥပပါတ်ပဋိသန္ဓေနေကြောင်းကို အပဒါန်ပါဠိတော်၌-

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဟောသိ ဩပပါတိကော။
အမ္မသာခန္ဓရေ ဇာတာ၊ အမ္မပါလီတိ တေနဟံ-

ဟူ၍လာသည်။

လူတို့ သံသေဒဇ ပဋိသန္ဓေနေသည်မှာ ပဒုမဝတီမိဖုရား, အာကာဠိမင်းသမီး, ပေါက္ခရသာတိပုဏ္ဏား, ပဒုမဝတီ၏သားဖြစ်သော မင်းသားလေးရာ, ကိုးကျိပ်, ကိုးယောက်တို့တည်း။

သံသေဒဇနှင့် ဩပပါတိကအထူးကား သံသေဒဇမှာ ငယ်စဉ်ကသည် အစဉ်အတိုင်း ကြီးပွါးရသည်။ ဥပပါတ်မှာ ၁၆-နှစ်ရွယ်, ၁၈-နှစ်ရွယ်ဖြင့် ဖြစ်ကုန်သည်။ မိုဃမှကား သစ်ပင်, ကြာတိုက် စသော စိမ့်စိုရာကို မှီ၍ချည်း ဖြစ်ကုန်သည်။ ထို့ကြောင့် ပါထိဇ္ဇဝဂ္ဂအဋ္ဌကထာ၌-

သံသေဒေ၀ပပါတိကာနံ အယံ ဝိသေသော။
သံသေဒဇာ မန္ဒာဒဟာရာ ဟုတ္ဝာ နိပ္ပတ္တန္တိ။
ဩပပါတိကာ သောဠသဝဿုဒ္ဒေသိကာ—

ဟူ၍ မိန့်လေသည်။

လူတို့ အလွန်ဇပဋိသန္ဓေနေသည်ကို အဋ္ဌကထာ ဋီကာတို့၌ သာဓကမထင်။

ကလျာဏီကျောက်စာတွင် နဂါးမနှင့်ဝိဇ္ဇာဓိရ် ရောနှောကြရာ သန္ဓေရ၍ ဥနှစ်လုံး သဲပြင်တွင် ဥခဲ့၍ ရှင်ရသေ့တွေ့လတ်သော် ယူ၍ထားသဖြင့် ယောကျ်ားငယ်နှစ်ယောက် ဖွားမြင်သည်။ တယောက်ကား ဆယ်နှစ်ရွယ်ရောက်မှ ကျောက်ရောဂါနှင့်ဆုံးသည်။ တယောက်မှာ အစဉ်အတိုင်းကြီးပွါး၍ သုဝဏ္ဏဘူမိမြို့တွင် သီဟာသနဟူသောအမည်နှင့် ဘိုက်သိုက်ခံ၍ မင်းပြုသည်ဟု ဆိုသည်။

၁၇၄-နတ်တို့သက်ပိုင်း နတ်တိုင်းနေရ,မနေရကို ပြခြင်း

မေး။ ။အပါယ်လွှဲ.ရှာ၊ အသုရာ၌၊ အာယုမမြဲ၊ ခဲ့၍ပြသော်၊ နိယတ သခ်ျာ၊ နတ်တို့ရှာ၌၊ ညီညာသက်တမ်း သေ၏လော-

http://www.dhammadownload.com

ဖြေ။ ။နတ်ခြောက်ရွာတို့တွင် နတ်တို့၏ အရေအတွက်အား ဖြင့်-

စတုမဟာရာဇ်ဘုံ၌ နှစ်ပေါင်း ငါးရာ၊
တာဝတိံသာဘုံ၌ နှစ်ပေါင်း တထောင်၊
ယာမာဘုံ၌ နှစ်ပေါင်း နှစ်ထောင်၊
တုသိတာဘုံ၌ နှစ်ပေါင်း လေးထောင်၊
နိမ္မာနရတီဘုံ၌ နှစ်ပေါင်း ရှစ်ထောင်၊
ပရနိမ္မိတဝသဝတ္တီဘုံ၌ နှစ်ပေါင်း တသောင်း ခြောက် ထောင် ရှည်သည်။

လူတို့၏အရေအတွက်အား ဖြင့်ကား-

စတုမဟာရာဇ်၌ အနှစ် ၉-သန်း၊
တာဝတိံသာ၌ ၃-ကုဋေ ၆-သန်း၊
ယာမာ၌ ၁၄-ကုဋေ ၄-သန်း၊
တုသိတာ၌ ၅၇-ကုဋေ ၆-သန်း၊
နိမ္မာနရတီ၌ ၂၃၁-ကုဋေ ၄-သန်း၊
ပရနိမ္မိတ ဝသဝတ္တီ၌ နှစ်ပေါင်း ၉၂၁ ကုဋေ ၆-သန်း ရှည်သည် ဟူ၍ သက်တမ်းပမာဏကို ပြသည်။

ထိုထို နတ်ပြည်၌ဖြစ်သော နတ်တို့သည် သက်တမ်းအတိုင်း တည်၍သာ စုတေကုန်သလော ဟူရာ၌ အခ္ခါကား သက်တမ်းအတိုင်း ရှည်သည်၊ အခ္ခါကား မရှည်၊ ယင်းသို့မရှည်သော်လည်း လူတို့ပြည်မှာ ရာတမ်း, ထောင်တမ်း ဆိုသကဲ့သို့ အလွန်ကို ပိုင်းခြားသော ဥက္ကံသကောဋိနည်းအား ဖြင့်သာ အသက်တမ်းကို ထားလေသည် ဟူပေ။

ဘယ်ကိုထောက်၍ သိရသနည်းဟူမူကား-

နတ်တို့၏ စုတိအပြားလေးပါး

နတ်တို့၏စုတေခြင်းသည်-

၁။ အာယုက္ခယ၊
၂။ ပုညက္ခယ၊
၃။ အာဟာရက္ခယ၊
၄။ ကောပါဘိဘဝန၊

အားဖြင့် လေးပါးအပြားရှိသည်။

http://www.dhammadownload.com

ထိုလေးပါးတို့တွင် အကြင်သူသည် မျှားစွာသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ပြီးသော် သက်တမ်းအတိုင်းနေ၍ စုတေပြီးမှ အထက်နတ်ပြည်၌ ဖြစ်၏။ ဤသူအား အာယုကွယဖြင့် စုတေသည်မည်၏။

အကြင်သူသည် အနည်းငယ်သော ကောင်းမှုကို ပြုလျက် သဒ္ဓါစေတနာထက်လှသောကြောင့် နတ်ပြည်၌ဖြစ်ရ၏။ ယင်းသို့ဖြစ်သော်လည်း သက်တမ်းအတိုင်းမနေရပဲ သုံးဖို့ တဖို့မျှဖြင့်ရင်း, ထက်ဝက်မျှဖြင့်ရင်း ကောင်းမှု၏ အာနိသင်ကုန်ရကား စုတေခဲ့၍ လူ့ပြည်စသည်၌ ဖြစ်၏။ ထိုသူအား ပုညကွယဖြင့် စုတေသည်မည်၏။

အကြင်နတ်သည် ကာမဂုဏ်ကို ခံစားခြင်း၌ မွေ့လျော်လှသည်ဖြစ်၍ အာဟာရကို သတိမရသောကြောင့် တနပ်စာမျှကိုလွန်မိ၏။ ထိုနတ်သည် နောက်ထပ်၍ အာဟာရကို သုံးဆောင်ပါသော်လည်း ရုပ်ခန္ဓာနှမ်းယိသဖြင့် စုတိခြင်းသို့ရောက်၏။ ထိုနတ်သည် အာဟာရကွယဖြင့် စုတေသည်မည်၏။

အကြင်နတ်သည် မိမိမြူးထူးစံပယ်ရာ ဥယျာဉ်, ကစားရာစသည်တို့၌ တပါးနတ်တို့ ဘက်ပြိုင်လာသည်ကို မြင်လျှင် ဤနတ်သည် ငါ့အားဘက်ပြိုင်ရာသလောဟု ဒေါသစိတ်ဖြစ်လျက် မျက်မုန်းကျိုးခြင်းသည် ဖြစ်၏။ ထိုအမျက်ကြောင့် ကိုယ်ခန္ဓာသည် မီးလောင်သကဲ့သို့ ပူ၍ စုတေ၏။

ထိုသို့ အမျက်ထွက်သည်ကို နတ်တဦးကသိလျှင် အမျက်မထားပဲ ရှောင်ရှားသည်ဖြစ်အံ့၊ ထိုနတ်ချမ်းသာ၏။ မရှောင်ပဲ ငါ့ကို အမျက်ထွက်ရသလောဟု ဒေါသတဖန် တင်တုံပြန်အံ့၊ နှစ်ဦးစလုံးပင် စုတေခြင်းသို့ ရောက်၏။ ထိုနတ်တို့အား **ကောပါဘိဘဝနအား**ဖြင့် စုတေသည်မည်၏ဟူ၍ ဓမ္မပဒ အဋ္ဌကထာ ဃောသကဝတ္ထု၌လာသည်။ ဒီဃနိကာယ် ပြဟ္မဇာလသုတ် အဖွင့်၌လည်း ကျယ်စွာလာသည်။

ယင်းသို့ ကျမ်းဂန်လာရကား နတ်သက်တမ်းအတိုင်း မတည်ဘဲလည်း အမျှားပင် စုတေကြ၏ဟု သိရမည်။

၁၇၅-နတ်လူနှစ်ပါးတို့၏ နှစ်,လ,ရက်မျှားကို နှိုင်းယှဉ်ချက်

စတုမဟာရာဇ်ဘုံ၌ နတ်တို့၏အရေအတွက်ဖြင့် နှစ်ပေါင်းငါးရာသည် လူတို့၏ အရေအတွက်ဖြင့် နှစ်ပေါင်း ၉-သန်းရှိ၏ဆိုသော် ထိုနတ်ပြည်၌ တနှစ်လျှင် လူ၌ နှစ်ပေါင်း ဘယ်မျှရှိအံ့နည်း။နတ်ပြည်၌ တရက်လျှင် လူ၌ ရက်ပေါင်း ဘယ်မျှရှိအံ့နည်းဟူသော် လူတို့၏ နှစ်ပေါင်းကိုးသန်းကို တည်၊ ငါးရာဖြင့်စား၊ လဒ်တသောင်းရှစ်ထောင်ရ၏။ ဤကား နတ်၏ တနှစ်တွင်ရသော လူတို့၏ နှစ်ပေါင်းတည်း။

http://www.dhammadownload.com

ထိုနှစ်ပေါင်း တသောင်းရှစ်ထောင်ကိုဟာည်၊ နတ်တို့၏ရက်ပေင်း ၃၆၀-ဖြင့်စား၊ လဒ် ၅၀-ရ၏။ ဤကား နတ်၏တရက်၌ရသော လူတို့၏နှစ်ပေါင်းတည်း။

အထက်နတ်တို့၏ သက်တမ်း၌လည်း ဤနည်းအတူ တွက်လေ။ ထို့ကြောင့် ဋီကာ၌-

> ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
> တိံသရတ္တိဒေါ မာသော၊ မာသာ ဒ္ဝါဒသ သံဝစ္ဆရံ။
> တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။

ဟူ၍ မိန့်အပ်ပြီ။

မနုဿာနံ၊ လူတို့၏။ ယာနိ ပညာသဝဿာနိ၊ အကြင်အနှစ်ငါးဆယ်တို့သည်။ တဟိံ၊ ထိုစာတုမဟာရာဇ်နတ်ပြည်၌။ ဒိနော၊ တနေ့တည်ဟူ၍မည်၏။ တိံသရတ္တိဒေါ၊ နေ့ညဉ့်သုံးဆယ်သည်။ မာသော၊ တလမည်၏၊ မာသာ ဒ္ဝါဒသ၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရံ၊ တနှစ်မည်၏။ ဧတေန သံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ပဉ္စသတံ၊ အနှစ်ငါးရာကို။ အာယု၊ အသက်တမ်းဟူ၍။ မတံ၊ သိအပ်၏။

၁၇၆-အပါယ်သားများ သက်ရှည်ငြားအကုသိုလ်လား ကုသိုလ်လား

သက်တမ်းမြဲသော ပုဂ္ဂိုလ်တို့တွင် အပါယ်လေးဘုံ၌ အခ္ဆိုကား အသက်တိုသည်။အခ္ဆိုကား အသက်ရှည်သည်။ ထိုသို့အသက်ရှည်ခြင်းသည် ကုသိုလ်ကံကြောင့်လော အကုသိုလ်ကံကြောင့်လော ဟူငြားအံ့-

> အပါယေသု ဟိ ကမ္မမေဝ ပမာဏံ ဘတ္ထ နိဗ္ဗတ္တာနံ။ ယာဝ ကမ္မံ နခီယတိ၊ တာဝ စဝနာဘာဝတော-

ဟူသော ဋီကာနှင့်အညီ အပါယ်ဘုံတို့၌ မိမိ၏အကုသိုလ် ကံသာလျှင် ပမာဏဖြစ်၏။ အကြင်ကာလပတ်လုံး အကုသိုလ်ကံသည် အာနိသင်မကုန်။ ထိုမျှလောက်ကာလပတ်လုံး စုတေခြင်းမရှိရကား အကုသိုလ်ကံကြောင့်သာ အသက်ရှည်၏ ဟူပေ။

၁၇၇-လေးကျန်းသားတို့၏ သက်တမ်းကိုပြခြင်း

မနုဿာယုပရိစ္ဆေဒေါ နာမ ဝိဇ္ဇတိ-ဟူသောစကားကို ဇမ္မူဒိပ်ကျန်းသူတို့ကို ရည်၍သာ ဋီကာဆရာ ဆိုသည်၊ အရှေကျန်း, အနောက်ကျန်းသားကဲ့ကား

http://www.dhammadownload.com

ငါးရာစီ၊ မြောက်ကျန်းသားတို့ကား အနှစ်တထောင် အသက်ရှည်သည်ဖြစ်၍ သက်တမ်းမြဲသည်ပင်ဟူ၍ အဖေဂျုံသာရဋ္ဌဆိုသည်။

ထို သုံးကျန်းသားတို့သည် မုချအားဖြင့် လူမမည်။ ဇမ္မူဒိပ်သားတို့နှင့် သဏ္ဌာန် တူရုံသာဖြစ်ရကား သဒိသူပစာရ အားဖြင့်သာ လူမည်သည်။ ထို့ကြောင့် သုံးကျန်းသားတို့၏ အသက်တမ်းကို ပမာဏမပြုပဲ ဆိုလေသည်ဟူ၍ ဆရာကြီးတို့ မိန့်ကုန်၏။

၁၇၈-နတ်ရွာခြောက်တန် ဟည်နေဟန်

နတ်ပြည်ခြောက်ထပ်တို့၏ တည်ဟန်ကို ဓမ္မဟဒယဝိဘင်း အဋ္ဌကထာ၌-

စာတုမဟာရာဇိကာ နာမ သိနေရုပဗ္ဗတာဿ ဝေမဇ္ဈေ ဟောန္တိတိ တေသု ပဗ္ဗတဋ္ဌကာပိ အတ္ထိ အာကာသဋ္ဌကာပိ၊ တေသံ ပရမ္မုရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ၊ ခိဠပဒေါသိကာ, မနောပဒေါသိကာ, သီတဝလာဟကာ, ဥဏှဝလာဟကာ, စန္ဒိမဒေဝပုတ္တော, သူရိယဒေဝပုတ္တော-တိ ဧတေ သဗ္ဗေပိ စာတုမဟာရာဇိကဒေဝလောကဋ္ဌကာ ဝေ။ တေတ္တိံသ ဇနာ တတ္ထ ဥပ္ပန္နာတိ တာဝတိံသာ၊ တေပိ အတ္ထိ ပဗ္ဗတဋ္ဌကာ၊ အတ္ထိ အာကာသဋ္ဌကာ၊ တေသံ ပရမ္မုရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ၊ တဆာ ယာမာဒိနံ ဧကမေဝ ဒေဝလောကေပိ ဟိ ဒေဝါနံ ပရမ္မုရာ စက္ကဝါဠံ အပတ္တာ နာမ နတ္ထိ-

ဟူ၍ မိန့်ဆိုသည်။

အနက်ကား—

စာတုမဟာရာဇိကာ နာမ၊ စာတုမဟာရာဇ် နတ်ပြည်မည်သည်ကား။ သိနေရုပဗ္ဗတာဿ၊ မြင်းမိုရ်တောင်မင်း၏။ ဝေမဇ္ဈ၊ အလယ်ဖြစ်သော ပဥ္စမအာလိန်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုနတ်တို့တွင်။ ပဗ္ဗတဋ္ဌကာပိ၊ တောင်၌တည်သော နတ်ဘုံသည်လည်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ အာကာသဋ္ဌကာ၊ ကောင်းကင်၌ တည်သောနတ်တို့ သည်လည်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုနတ်တို့၏။ ပရမ္မုရာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠပဗ္ဗတံ၊ စကြဝဠာတောင်သို့။ ပတ္တာ၊ ရောက်ကုန်၏။ ခိဠာပဒေါသိကာ၊ မြူးထူးလွန်၍ ပျက်စီးသော နတ်ဌင်း။ မနောပဒေါသိကာ၊ မျက်ခြိုး စိတ်-လွန်၍ ပျက်စီးသောနတ်ဌင်း။ သီတဝလာဟကာ၊ အချမ်းကိုဆောင်တတ်သောနတ်ဌင်း။ ဥဏှဝလာဟကာ၊ အပူကို ဆောင်တတ်သော နတ်ဌင်း။ စန္ဒိမဒေဝပုတ္တော၊ လ, နတ်သားဌင်း။ သူရိယဒေဝပုတ္တော၊ နေ, နတ်သားဌင်း။ ဣတိ၊ ဤသို့အစရှိသော။ ဧတေ သဗ္ဗေပိ၊ ဤနတ်အလုံးစုံ တို့သည်လည်း။

http://www.dhammadownload.com

စာတုမဟာရာဇိကဒေဝလောကဋ္ဌကာ ဧဝ၊ စာဝုမဟာရာဇ် နတ်ပြည်၌ တည်သော နတ်တို့ချည်းတည်း။ တေတ္တိံသ ဇနာ၊ သုံးကျိပ်သုံးဦးသော သူတို့သည်။ တတ္ထ၊ ထိုနတ်ပြည်၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တာဝတိံသာ၊ တာဝတိံသာမည်ကုန်၏။ တေပိ၊ ထိုတာဝတိံသာနတ်တို့သည်လည်း။ ပဗ္ဗတဋ္ဌကာ၊ မြင်းမိုရ်တောင်ထိပ်၌ တည်သော နတ်တို့သည်လည်း။ အတ္တိ သန္တိ၊ ရှိကုန်၏။ အာကာသဋ္ဌကာ၊ ကောင်းကင်၌ တည်သော နတ်တို့သည်လည်း။ အတ္ထိ၊ရှိကုန်၏။ တေသံ၊ ထိုဘာဝတိံသာနတ်တို့၏။ ပရမ္မုခာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠပဗ္ဗတံ၊ စကြဝဠာတောင်သို့။ ဥတ္တာ၊ ဆိုက်ရောက်ကုန်၏။ ယာမာဒီနံ၊ ယာမာ အစရှိကုန်သော အထက်နတ်ပြည်လေးထပ်တို့၏။ ပရမ္မုခာ၊ အဆက်ဆက်တို့သည်။ တထာ၊ ထို့အတူပင်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဧးဟမေဝ ဒေဝလောကေပိ၊ တထပ်သော နတ်ပြည်၌လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပရမ္မုခာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠံ၊ စကြဝဠာတောင်သို့။ အာပဘာ နာမ၊ မရောက်သော မည်သည်။ နတ္ထိ၊ မရှိ။

နှုတ်တက် ဆောင်ရန် ကောင်းလှသောကြောင့် ပါဠို, အနက် အစုံရေးလိုက်သည်။

၁၇၉-ဘုံအာကာသအဝေးကို ပြဆိုခြင်း

၁။ လူ ဘုံမှသည်.....စာတုမဟာရာဇ်ဘုံ၊

၂။ ထိုမှသည်.....တာဝတိံသာဘုံ၊

၃။ ထိုမှသည်.....ယာမာဘုံ၊

၄။ ထိုမှသည်.....တုသိတာဘုံ၊

၅။ ထိုမှသည်.....နိမ္မာနရတိဘုံ၊

၆။ ထိုမှသည်.....ပရနိမ္မိတ ဝသဝတ္တီဘုံ၊

ဤ ၆-ပါးသော ဘုံတို့၏အကြားသည် ယူဇနာ လေးသောင်း, နှစ်ထောင်စီ ကွာဝေး၏။

၁။ ဝသဝတ္တီဘုံမှသည်.....ပထမစျာန် ၃-ဘုံ၊

၂။ ထိုမှသည်.....ဒုတိယစျာန် ၃-ဘုံ၊

၃။ ထိုမှသည်.....တတိယစျာန် ၃-ဘုံ၊

၄။ ထိုမှသည်.....စတုတ္ထစျာန်ဖြစ်သော ဝေဟပ္ဖိုလ် အာသညသတ်ဘုံ၊

http://www.dhammadownload.com

၅။ ထိုမှသည်.....အဝိဟာဘုံ၊
၆။ ထိုမှသည်.....အတပ္ပါဘုံ၊
၇။ ထိုမှသည်.....သုဒဿာဘုံ၊
၈။ ထိုမှသည်.....သုဒဿီဘုံ၊
၉။ ထိုမှသည်.....အကနိဋ္ဌဘုံ၊
၁၀။ ထိုမှသည်.....အာကာသာနဉ္စဘုံ၊
၁၁။ ထိုမှသည်.....ဝိညာဏဉ္စဘုံ၊
၁၂။ ထိုမှသည်.....အာကိဉ္စညာဘုံ၊
၁၃။ ထိုမှသည်.....နေဝသညာဘုံ၊

ဤ ၁၃-ဘုံ တို့၏အကြားသည် ယူဇနာ (၅၅၀၈၀၀၀) **ငါးသန်း, ငါးသိန်း ရှစ်ထောင်စီ** ကွာခြား၏။

ဆောင်ပုဒ်–

လေးသောင်း နှစ်ထောင်၊ အကွာဆောဒ်၊ လူ့ဘောင် နတ် ၆-ရွာ။
ငါးသန်း, ငါးသိန်း၊ ရှစ်ထောင်ကိန်း၊ ခြားစိမ်းနတ်ဗြဟ္မာ။
တြိသုညာ၊ သောပဉ္စာ၊ အဌာဧကသတ်။
နေဝသညာ၊ နတ်ဗြဟ္မာ၊ လူ့ရွာအခြားမှတ်–

ဟူသတည်း။

၁၈၀-စျာန်ဘုံလေးပါးသာ

ရှိရခြင်း အကြောင်း

မေး။ ။ ရူပါဝစရံ၊ စိတ် ၃- တန်မှာ၊ စျာန် ၅- ပါးသာ၊ ပြားစပါလျက်၊ ဘုံမှာလေးရပ်၊ သန္ဒေကပ်သည်၊ ပညတ်ဘယ့်ကြောင့် မညီသနည်း။

ဖြေ။ ။စျာန်ရသော ပုဂ္ဂိုလ်တို့သည် မန္ဒပညာ, တိက္ခပညာဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် မန္ဒပညာပုဂ္ဂိုလ်အား အင်္ဂါငါးပါးရှိသော ပထမစျာန်ကိုရပြီးနောက် ဝိတက်ကိုလွန်၍ ကျန်အင်္ဂါ လေးပါးဖြင့် ဒုတိယ စျာန်ကိုရသည်။ ထို့နောင် ဝိစာရကိုလွန်၍ ကျန်အင်္ဂါ ၃- ပါးဖြင့် တတိယစျာန်ကိုရသည်။ ထိုနောင် ပီတိကိုလွန်၍ ကျန်အင်္ဂါ ၂- ပါးဖြင့် စတုတ္ထစျာန်ကို

http://www.dhammadownload.com

ရသည်။ ထို့နောင် သုခကိုလွန်၍ ဥပေက္ခာ, ကေဂ္ဂတာ အင်္ဂါ ၂- ပါးဖြင့် ပဥ္စမစျာန်ကို ရသည်။ ဤသို့ ၅- ကြိမ်ရသောကြောင့် စျာန် ၅- ပါးဖြစ်သည်။

တိက္ခပညာ ပုဂ္ဂိုလ်အား ပထမစျာန်ကို ရပြီးနောက် ဝိတက်, ဝိစာရ နှစ်ပါးကိုလွန်၍ ကျန်အင်္ဂါ ၃ပါးဖြင့် ဒုတိယစျာန်ကို ရသည်။ ပီတိကိုလွန်၍ ကျန်အင်္ဂါနှစ်ပါးဖြင့် တတိယစျာန်ကို ရသည်။ သုခကိုလွန်၍ ကျန်ဥပေက္ခာ ကေဂ္ဂတာ အင်္ဂါနှစ်ပါးဖြင့် စတုတ္တစျာန်ကို ရသည်။ ဤသို့ ၄- ကြိမ်သာရသောကြောင့် စျာန် ၄- ပါး ဖြစ်သည်။

ဥပမာကား—အားနည်းသော သူသည် ငါးလှမ်း တက်ရသောကြောင့် လှေးကားငါးထစ်ပြုသည်ကို အားရှိသောသူသည် လေးလှမ်းဖြင့် တက်သကဲ့သို့ မှတ်ရမည်။

ဤသို့ ပဥ္စကနည်း, စတုက္ကနည်းနှစ်ပါးရှိသည်တွင် ရူပါဝစရဘုံကို စတုက္ကနည်း ပညတ်သောကြောင့် ၄- ရပ်သာရှိလေသည်ဟု ဖြေလေ။

၁၈၁- ကမ္ဘာနှင့်ဖြဟ္မာ သိဖို့ရာ

ဖြဟ္မာတို့၏ အာယုပ္ပမာဏကိုပြရာဝယ် ကပ်သည်—

၁။ အာယုကပ်၊ ၃။ အသင်္ချေယျကပ်၊

၂။ အန္တရကပ်၊ ၄။ မဟာကပ်-

ဟူ၍ လေးပါးအပြားရှိသည်။ ထိုလေးပါးတို့တွင်—

သတ္တဝါတို့ ပဋိသန္ဓေနေသည်မှ စုတိတိုင်အောင် အသက်အပိုင်းအခြားသည် **အာယုကပ်** မည်၏။

လူတို့အသက် ဆယ်နှစ်နေသည်မှသည် အသင်္ချေယျတိုင်၊ ထိုအသင်္ချေနေသည်မှသည် ဆယ်နှစ်ဟန်းတိုင်အောင်သော ကာလအပိုင်းအခြားသည် အန္တရကပ် မည်၏။

ထိုအန္တရကပ် ၆၄- ရပ်တို့ဖြင့် မှတ်အပ်သော ဝိဝဋ္ဌဌာယီကပ်သည် **အသင်္ချေယျကပ်** ဘကပ်မည်၏။

ထိုမျှလောက် ပမာဏရှည်သော သံဝဋ္ဌကပ်, သံဝဋ္ဌဌာယီကပ်, ဝိဝဋ္ဌကပ် သုံးကပ်တို့သည်လည်း အသင်္ချေယျကပ်တို့ မည်ကုန်၏။

ဤအသင်္ချေယျ လေးကပ်သည် **တခုသောမဟာကပ်** မည်၏။

http://www.dhammadownload.com

၁၈၂- ကမ္ဘာပျက်ဟန်ကို ပြခြင်း

သတ္တ သတ္တဂ္ဂိနာ ဝါရာ၊ အဌမေ အဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ။

ဟူသော ဂါထာနှင့်အညီ မီးဖျက်သော ကမ္ဘာ ၇-ကြိမ်, ၇-ကြိမ်ဖြစ်၍ ၈-ကြိမ်မြောက်, ၈- ကြိမ်မြောက်၌ ရေဖျက်သည်။မီး ၇- ကြိမ်ရှစ်လီ,ရေ ၇-ကြိမ် အားဖြင့် ၆၃- ကြိမ်ဖျက်ပြီး၍ ၆၄- ကြိမ်မြောက်၌ လေဖျက်သောကမ္ဘာ ဖြစ်သည်။ ။ထို့ကြောင့် လောကဝိဒူပျို့၌—

မီး, ငါးဆယ့်ခြောက်၊ အဟောက်လျှံဝေ၊ ရေ, ၇-ကြိမ်၊ လေ တကြိမ်ဖြင့်၊ ရွှေအိမ်လောက၊ ဗြဟ္မာဘုံထွတ်၊ ရောက်တိုင်းလွတ်၍၊ သံဝဋ္ဌသုံးလီ၊ ပျက်ပြီကမ္ဘာ၊ တည်ထွန်းခါဝယ်—

ဟူ၍ စပ်ဆိုလေသည်။

အဂ္ဂိနာဘဿရာ ဟေဌာ၊ အာပေန သုဘကိဏ္ဏတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ-

ဟူသော ဂါထာနှင့်အညီ—

မီးဖျက်သောကမ္ဘာ၌ ပထမစျာန် ၃- ဘုံ ပျက်သည်။

ရေဖျက်သောကမ္ဘာ၌ ဒုတိယစျာန် ၃-ဘုံတိုင်အောင် ပျက်သည်။

လေဖျက်သောကမ္ဘာ၌ တတိယစျာန် ၃- ဘုံတိုင်အောင် ပျက်သည်။

ဤသို့ တေဇော သံဝဋ္ဌ၊ အာပေါ သံဝဋ္ဌ၊ ဝါယော သံဝဋ္ဌ ကပ် ၃- ပါးတွင် တပါးပါးမျှ မလွတ်ရကား ပထမစျာန်ဗြဟ္မာတို့၏ အသက်ကို မဟာကပ်၏ အစွမ်းဖြင့်သာ မယူအပ်၊ အသင်္ချေယျကပ်၏ အစွမ်းဖြင့်သာ ယူအပ်သည်။ ဒုတိယစျာန် ဗြဟ္မာစသည်တို့ကိုကား မဟာကပ်ဖြင့် ယူအပ်သတည်း။

ကမ္မစတုက္ကဉ် သိလွယ်, ဆောင်လွယ် စိမ့်သောဌာ စုံလင်စွာ ရေးလိုက်အံ့။

ကံ ဟူသော ဝေါဟာရ

အကုသိုလ်စိတ်ဒွါဒသ, လောကီကုသိုလ် သတ္တရသတို့၌ယှဉ်သော စေတနာ ၂၉- ခုသည်—ကရိယတေ ဧတေနာတိ ကမ္မံ။ ။ဧတေန၊ ဤစေတနာဖြင့်။ ကရိယတေ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပြုကြောင်းဖြစ်သော သတ္တိကြောင့်။ ကမ္မံ၊ ကံ မည်၏—ဟူသော ဝစနတ္ထနှင့်ညီစွာ ဝိပါက်ကဋ္ဌတ္တာရုပ်, ဒုက္ခ, သုခတို့ကို ပြုပြင်ကြောင်းဖြစ်သောကြောင့် ကံမည်၏။

http://www.dhammadownload.com

၁၈၃-ကိစ္စထူးခြား ကံလေးပါး

ကျွိကံသည် ကိစ္စဟုဆိုအပ်သော သတ္တိ၏အစွမ်းအားဖြင့်-

၁။ ဇနကကံ၊ ၃။ ဥပပီဠကကံ၊

၂။ ဥပထမ္ဘကကံ၊ ၄။ ဥပဃာတကကံ-

ဟူ၍ လေးပါးအပြားရှိ၏။

၁-ဇနကကံကို ပြဆိုချက်

ထိုလေးပါးတို့ဟုင်-

ဇနေတီတိ ဇနကံ၊ ပဋိသန္ဓိပဝတ္တိသု ဝိပါကကဋတ္တာရူပါနံ နိဗ္ဗ-
တ္တကာ ကုသလာကုသလစေတနာ ဇနကံ နာမ-

ဟူသော ဋီကာနှင့်အညီ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက် ကဋတ္တာရုပ်တို့ကိုဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်စေတနာသည် ဇနကကံမည်၏။

၂-ဥပထ္ထမ္ဘကကံကို ပြဆိုချက်

ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ၊ ကမ္မဇ္ဇရဿ စိရတရဝိပါကနိဗ္ဗတ္တနေ
ပစ္စယဘူတံ ဝိပါကသော်ဝ၀ါ၊ သုခဒုက္ခဘူတဿ ဇနကဿာမတ္ထိယာနုံ-
ရူပံ စိရတရုပဝတ္တိပစ္စယဘူတံ ကုသလာကုသလကမ္မံ ဥပတ္ထမ္ဘကံ နာမ။

(ဋီကာ)

ကံတပါး၏ အကျိုးဆက် ကြာမြင့်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုခ ဝိပါက်, ဒုက္ခဝိပါက်တို့၏ အဆက်မပြတ်ဖြစ်ခြင်းငှာငင်း, ပျက်စီးခြင်းငှာငင်း ဇနကကံဟောင်း၏ သတ္တိအားလျော်စွာ ကြာမြင့်အောင် ထောက်ပံ့တတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။

ဒီပနီဆရာတော်၏ အလိုကား ပဝတ္တိအခါ၌ အကျိုးပေးတတ်သော ကံသည် ဖြစ်စေအပ်သော သုခ,ဒုက္ခကိုငင်း, ပဋိသန္ဓေကို ပေးအပ်သောကံသည် ဖြစ်စေအပ်သော သုခဒုက္ခကိုငင်း ကြာမြင့်စွာဖြစ်စိမ့်သောငှာ ထောက်ပံ့တတ်သောကံသည် ဥပတ္ထမ္ဘကကံမည်၏ဟူ၍ ဆိုသည်။

ကျွိကံကား ကုသိုလ်ကို ကုသိုလ်ချင်း၊ အကုသိုလ်ကို အကုသိုလ်ချင်းသာ ထောက်ပံ့သည်။

http://www.dhammadownload.com

၃-ဥပပီဠကကံကို ပြဆိုခြင်း

ဥဟန္တော ပိဋ္ဌေတိတိ ဥပပီဠကံ၊ ကမ္မန္တရဇနိတဝိပါကဿ ဗျာဓိ-ဓာတုသမဘာဒိနိမိတ္တဂိဟာဓနေန စိရတရပဝတ္တိ ဝိနိဗန္ဓကံ၊ ယံကိဉ္စိ ကမ္မံ ဥပပီဠကံ နာမ။ (ဋီကာ)

ကံတရားသည် ဖြစ်စေအပ်သော ငါပါက်၏နာခြင်းအကြောင်း, ဓာတ်ညီညွတ်ခြင်း၏အကြောင်းကို ကားမြင်သဖြင့် ကြာမြင့်စွာဖြစ်ခြင်းကို နှောင့်ယှက်တတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပပီဠကကံမည်၏။

ဤ၌ အဓိပ္ပါယ်အဖြောင့်ကား-အကုသိုလ်ကံသည် ဖြစ်စေ၍ အနာများသောသူအား ကုသိုလ် ဥပပီဠကကံသည် နာခြင်း၏အကြောင်းကို တားမြစ်သဖြင့် ကြာမြင့်စွာခံမြဲသောအောင် နှိပ်စက်သည်။

ကုသိုလ်ကံသည်ဖြစ်စေ၍ ကျန်းမာသောသူအား အကုသိုလ် ဥပပီဠကကံသည် ဓာတ်ညီညွတ်ခြင်း၏အကြောင်းကို တားမြစ်သဖြင့် ကြာမြင့်စွာ နာခြင်းဖြင့် နှိပ်စက်သည်ဟု ဆိုလိုသည်။

၄-ဥပဃာတကကံကို ပြဆိုခြင်း

ဥပဃာတော ဃာတေတိတိ ဥပဃာတကံ၊ ဒုဗ္ဗလဿ ပန ကမ္မဿ ဇနကသာမတ္ထိယံ ဥပဟစ္စ ဝိစ္ဆေဒကပစ္စယုပ္ပါဒနေန တာဒိ ဝိပါကံ ပဋိ-ဗာဟေတွာ သယံ ဝိပါကနိဗ္ဗတ္တကကမ္မံ ဥပဃာတကံ နာမ။ (ဋီကာ)

အားနည်းသော ဇနကကံ၏ အစွမ်းကိုဖြတ်၍ ပြတ်စဲခြင်း၏အကြောင်းကို ဖြစ်စေသဖြင့် ထိုဝိပါက်ကို တားမြစ်၍ အသစ်ဖြစ်သော မိမိ၏အကျိုးကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ကံသည် ဥပဃာတကကံမည်၏။

၁၀၄-ဥပဃာတကနှင့် ဇနကကံနှစ်ပါး ထူးခြားပုံ

ဥပဃာတကကံသည်လည်း အကျိုးကိုဖြစ်စေတတ်၏ဟူသော် ဇနကကံနှင့် ဘယ်သို့ထူးသနည်းဟူငြားအံ့၊ ဇနကမှာ တပါးသောကံ၏အကျိုးကို မဖြတ်မူ၍ မိမိ၏သဘောအလျောက် အကျိုးပေးသည်။

ဥပဃာတကမှာ တပါးသောကံ၏ အကျိုးကိုဖြတ်၍ အသစ်အကျိုးပေးသည်။ ဤသို့ထူးကြ၏ဟူ၍ အဋ္ဌကထာတို့၌ ဆိုးဖြတ်ကုန်၏။

သက်ဒသကား---တော၌ ဆင်းရဲစွာနေရသော ဆင်ဖြူကို မင်းတို့သည် ဖမ်းဟူ၍ ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်ရာ၌ ဇရုံးက ကုသိုလ် ဇနကကံကြောင့် တိရစ္ဆာန်ဖြစ်၍ ဆင်းရဲစွာ နေရသည်ကို ဇရုံး

http://www.dhammadownload.com

ကုသိုလ်ဖြစ်သော ဥပဃာတကကံသည် ဒုက္ခဝိပါက်ကို ဖြတ်၍ သုခဝိပါက်ကို ဖြစ်စေသည်။

အမျိုးကောင်းသားတို့သည် မိဘခိုးမြောက်သဖြင့် ချမ်းသာစွာ နေရလျက် သူအသက်ကို သတ်ခြင်း ခိုးဝှက်ခြင်းစသော အမှုကို ပြုလတ်သော် မကောင်းမှုကြောင့် မင်းဒဏ်သင့်၍ နှောင်အိမ်၌ ရှည်မြင့်စွာ ဆင်းရဲခံရရာ၌ ရှေးကုသိုလ် ဇနကကံကြောင့် လူ့ဘဝ၌ သုခဝိပါက်ဖြစ်သည်ကို အကုသိုလ် ဥပဃာတကသည် သုခဝိပါက်ကို ဖြတ်၍ ဒုက္ခဝိပါက်ကိုဖြစ်စေသည်။ ဤသို့ သက်သေပြရသည်။

အပရေဆရာတို့ကား–ဥပပီဋ္ဌကကံသည် သတ္တဝါတို့အား အနာများသည်၏ အဖြစ်အစရှိသော အကြောင်းကို ဆောင်သဖြင့် ဇနကကံ၏ အကျိုးကို အကြား အကြား၌ နှောင့်ယှက်၏။

ဥပဃာတကကံသည် ထိုအနာများခြင်း စသည်ကို အချင်းခပ်သိမ်းဖြတ်၍ တပါးသော ဇနကကံ၏ အခွင့်ကိုပေး၏။ မိမိကား အကျိုးကို မဖြစ်စေတတ်ဟူ၍ ဆိုကုန်၏။ ဤကား သတ္တိအားဖြင့် ပြားသောကံ ၄-ပါးတည်း။

၁၈၅—ပါကဒါနအပြားကံလေးပါး

ထို ၄-ပါးတို့တွင် တပါးပါးသော ကံသည် အကျိုးပေးသော အစဉ်အားဖြင့်—

၁။ ဂရုကံ၊ ၃။ အာစိဏ္ဏကံ၊

၂။ အာသန္နကံ၊ ၄။ ကဋတ္တာကံ–

ဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင်—

၁-ဂရုကံကို ပြဆိုချက်

ဂရုကန္တိ မဟာသာဝဇ္ဇံ မဟာနုဘာဝဥ အညေန ကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျကမ္မံ–

ဟူသော ဋီကာနှင့်အညီ တပါးသောကံသည် ထားမြစ်ခြင်းငှာ မစွမ်းနိုင်သော ကြီးသောအပြစ် ကြီးသောအာနုဘော်ရှိသော ကုသိုလ်, အကုသိုလ်ကံသည် ဂရုကံမည်၏။

http://www.dhammadownload.com

ကုသိုလ်အဖို့၌ မဟဂ္ဂုတ်ကံတို့တည်း။ အကုသိုလ်အဖို့၌ကား မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒကတည်း ဟူသော အနန္တရိယ ကံငါးပါး, နိယတ မိစ္ဆာဒိဋ္ဌိကံ ၃-ပါးတို့တည်း။

၂-အာသန္နကံကို ပြဆိုချက်

အာသန္နန္တိ မရဏကာလေ အနုဿရိတံ တဒါ ကတဉ္စ။ ။(ဋီကာ)

သေခါနီးကာလ၌ အောက်မေ့သောကံသည်ရင်း, ပြုအပ်သော ကံသည်ရင်း အာသန္နကံမည်၏။

၃-အာစိဏ္ဏကံကို ပြဆိုချက်

အာစိဏ္ဏန္တိ အဘိဏှသော ကတံ ကေဝါရံ ကတ္ဘာပိ ဝါ အဘိဏှ-သော သမာသေဝိတံ။ ။(ဋီကာ)

မပြတ်မလတ် ပြုအပ်သော ကံသည်ရင်း၊ တကြိမ်ပင် ပြုရသော်လည်း နှစ်သက်လှသည်ဖြစ်၍ နေ့ညမပြတ် မှိဝဲအပ်သော ကံသည်ရင်း အာစိဏ္ဏကံ မည်၏။

၄-ကဋတ္တာကံကို ပြဆိုချက်

ကဋတ္တာကမ္မန္တိ ဂရုကာဒိဘာဝံ အသမ္ပတ္တံ ကတမတ္တတာယေဝ ကမ္မန္တိ ဝတ္တဗ္ဗကမ္မံ။ ။(ဋီကာ)

ဂရုက, အာသန္န, အာစိဏ္ဏ အဖြစ်သို့မရောက် လောကဝတ်အလျောက် ပြုခြင်းမျှကို ကံဟူ၍ ဆိုအပ်သော ကံသည် ကဋတ္တာကံမည်၏။ ဤ၌ လောက ဝတ်ဟူသည်ကား တမလွန်၌ ခံစားဖို့ဟု မရည်ပဲ မိဘဖြစ်၍ လုပ်ကျွေးခြင်း သားမယားဖြစ်၍ ဝတ်စားတန်ဆာပေးခြင်း အဆွေခင်ပွန်းတို့အား ကျွေးတို့ ကျွေးခြင်း အစရှိသော အမှုတို့တည်း။

အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ၌ကား—

ဂရုကာသန္နာစိဏ္ဏဘာဝံ အသမ္ပတ္တံ ကတမတ္တံ ဝါ အတီတဘဝေ ကဘံ ဝါ၊ ကုသလာကုသလကမ္မံ ကဋတ္တာကမ္မံ နာမ—

ဟူ၍ မိန့်သည်။

အဓိပ္ပါယ်ကား—ဂရုကံ အာသန္နကံ အာစိဏ္ဏကံ အဖြစ်သို့မရောက်သော လောက၌ ကျင့်ရှိ၊ ကျင့်စဉ်ဖြစ်သောကံသည်ရင်း၊ ရှေးဘဝ၌ ပြုဘူးသော အပရာပရိယကံသည်ရင်း ကဋတ္တာကံ မည်၏ ဟူလိုသည်။

http://www.dhammadownload.com

၁၈၆-မိဘသားမယားများ ပြုစုကျေးမွေးရာ

အကျိုးပေး မပေး

မိဘသားမယားတို့၌ လုပ်ကျေးပြုစုသော စေတနာသည် အကျိုးပေးပါအံ့လော ဟူငြားအံ့၊ ထိုစေတနာကို မဆိုထားဘိ တို့သူတို့ အချင်းချင်း ချစ်ခင်ကြသော မေတ္တာသဟဂုတ် စေတနာသည်လည်း တဆင့်ထက်တဆင့် ရင့်စေ၍ စကြဝတေးမင်းအဖြစ် တိုင်အောင် ဆောင်နိုင်ကြောင်းကို မာတုဂုဏသုတ်၌—

ပိယန္တိ ပါ ပုတ္တေ ပိနံ၊ ပိယော ပယော စ သုပိယော။
မေတ္တာဝသေန တံ ပိယံ၊ စက္ကဝတ္တိကရံ ဘဝေ—

ဟူ၍ ဟောတော်မူသည်။

အနက်ကား—

ပါ-ပိတရာ၊ ဖခင်တို့သည်၊ ပုတ္တေ၊ သားသမီးတို့ကို။ ပိယန္တိ၊ ချစ်ခင်ကြကုန်၏။ ပိနံ ပတိနဉ္စ၊ လင်တို့အားလည်း။ ပိယော ဘရိယာ၊ မယားတို့သည်။ ပိယန္တိ၊ ချစ်ခင်ကြကုန်၏။ ပယော ဘတ္တာရော စ၊ လင်ထို့သည်လည်း။ သုပိယော သုန္ဒရပဇာပတိယော၊ ကောင်းမြတ်သော မယားတို့ကို။ ပိယန္တိ၊ ချစ်ခင်ကြကုန်၏။ မေတ္တာဝသေန၊ မေတ္တာ၏ အစွမ်းဖြင့်။ တံ ပိယံ၊ တိုချစ်ခင်ကြခြင်းသည်။ စက္ကဝတ္တိကရံ၊ စကြဝတေးမင်း၏ အဖြစ်ကိုပြုကတ်သည်။ ဘဝေ၊ ဖြစ်၏။

သားမယားတို့၌ တဏှာအားဖြင့် ချစ်ခြင်း, မေတ္တာအားဖြင့် ချစ်ခြင်း ဟူ၍ နှစ်ပါးရှိသည်။

ထိုနှစ်ပါးတို့တွင် ငါ့အား ခြေဆုပ်လက်နယ်ပြုခြင်း, ယပ်ခပ်ခြင်း, ကျေးမွေးခြင်း, နာရေးဖျားတာပြုစုခြင်း, ကောင်းမှုပြုရာ ညီညာခြင်း, ဥစ္စာကို ထိန်းသိမ်းခြင်း စသောအမှုကို ပြုပေသည်ဟု ဂုဏ်ကျေးဇူးကို အောက်မေ့၍ ချစ်ခြင်းသည် မေတ္တာ အားဖြင့် ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာကုသိုလ်ပင် ဖြစ်ရကား မြတ်သောအကျိုးကိုပေး၏ ဟူလိုသည်။

၁၈၇-ဂရုကံ စသည်တို့ အကျိုးပေးပုံ အစဉ်ကို ပြခြင်း

ထိုလေးပါးသော ကံ တို့တွင် အကြင်သူအား ဂရုကံသည် ရှိအံ့၊ ထိုဂရုကံသည်လျှင် အကျိုးပေး၏။

ဂရုကံ မရှိမူကား ထိုဂရုကံနှင့် အလားဟူသော အတိဘာရိယကံသည် အကျိုးပေး၏။

http://www.dhammadownload.com

ထိုအတိဘာရိယကံမရှိမူ အာသန္နကံသည် အကျိုးပေး၏။ အာသန္နကံမရှိမူ အာစိဏ္ဏကံသည် အကျိုးပေး၏။

အာစိဏ္ဏက် မရှိမူ ကဋတ္တာကံသည် အကျိုးပေး၏။ အကျိုးဟူသည်လည်း ပဋိသန္ဓေကိုင်၏ ဟူလိုသည်။ ဤသို့ အကျိုးပေးသော ဇနကဉာဏ်လည်း ကံလေးပါးစီ ပြား၏ ဟူလိုသည်။

အဘိဓမ္မာဝတာရ စသည်တို့၌ကား ဂရုကံမရှိမူ အာစိဏ္ဏကံ အကျိုးပေး၏။ အာစိဏ္ဏကံမရှိသော် အာသန္နကံ အကျိုးပေး၏ ဟူ၍ အာစိဏ္ဏကံကို ရှေ့တင်၍ ဆိုသည်။

ယင်းသို့ ဆိုသော်လည်း သုတ္တန်အဋ္ဌကထာတို့၌ အာသန္နကံ ဦးစွာ အကျိုးပေးသော ဝတ္ထုဟာဓက ဥပမာသော်ကြောင့် ခြံဝင်္ဂ တည်သော နွားသည် အိုမင်း အားနည်း သော်လည်း တပါးသော နွားတို့၏ ရှေ့ဦးစွာ ထွက်နိုင်သကဲ့သို့ သေခါနီးဉီဖြစ်သော အာသန္နကံ သည် ငယ်သည်ပင် ဖြစ်သော်လည်း အာစိဏ္ဏကံ၏ အလျင် အကျိုးပေး၏ဟု နှလုံးပြု၍ အနုရုဒ္ဓါ အရှင်ကား အာသန္နကံကို ရှေ့တင်၍ ဆိုသည်ဟု ဋီကာမိန့်၏။

သတ္တဝါတို့မှာ မိမိမျှားစွာ ခေလ့လာသော အမှုကိုသာလျှင် သေခါနီး ကာလ၌ အောက်မေ့မိသည်၊ ကမ္မနိမိတ် ဖြစ်သည်ကား မျှား၏။ အခြားအာရုံကို ယူနိုင်, အောက်မေ့ နိုင်သည်ကား အနည်းသာ ရှိသည်ဟု အဋ္ဌကထာကြီးတို့၌ ဆိုရကား အာဘိဓမ္မာဝတာရ စကားလည်း သင့်သည်ပင်ဟု ဆရာမြတ်တို့ မိန့်ကုန်၏။

အဘိဓာရိယက် ဟူသည်ကား ရဟန္တာမှ ကြွင်းသော အရိယာပုဂ္ဂိုလ်တို့ကို သတ်သောကံ, အလိုမတူသော ဘိက္ခုနီမကို ဖျက်ဆီးသောကံ, အရိယာတို့ကို စွပ်စွဲသော ဥပဝါဒကံ, စေတီ, ဇေဘုရိတို့ကို ဖျက်ဆီးသော ကံတို့ဘည်း။

ထိုကံတို့သည် အနန္တရာဘဝ၌ စင်စစ်အကျိုးပေးဟတ်သောကြောင့် အနန္တရိယသဒိသ ကံလည်း မည်ကုန်၏။ ထို့ကြောင့် သမ္မောအဋ္ဌကထာ၌-

သေသအရိယပုဂ္ဂလေ မာရေန္တသ အနန္တရိယံ နတ္ထိ၊ ကမ္မံ ပန ဘာရိယံ အနန္တရသဒိသံ-ဟူ၍ဂင်း၊

ပါရာဇိကက် အဋ္ဌကထာ၌-

သော စ ဇာနံ ဝါ ဥပဝဒေယျ အဇာနံဝါတ်ပိ အရိယုပဝါဒေါ ဟောတိ၊ အတိဘာရိယံ ကမ္မံ၊ သဂ္ဂါဝရဏံ, မဂ္ဂါဝရဏဉ္စ-ဟူ၍ဂင်း၊

http://www.dhammadownload.com

အင်္ဂုတ္တိရ် အဋ္ဌကထာ၌-

စေဝိယသုတကံ ပေါဓိသုတကဉ္စ အတိဘာရိယကမ္မံ၊ အနန္တံရသဒိသံ-ဟူ၍ဝင်း မိန့်ဆိုသည်။

ယင်းသို့ အတိဘာရိယကံ ရှိခဲ့ရသော် သင်္ဂြိဟ်ကျမ်း၌ ဘယ့်ကြောင့်ဆိုသနည်း ဟူငြားအံ့။ သိုကံဟူသည် အကုသိုလ်သက်သေ ဖြစ်သောကြောင့် ကုသိုလ်, အကုသိုလ်နှစ်ပါးစုံနှင့် ဆက်ဆံသော ကံအမည်ကို ပြုရာတွင် မငင်သင့်သောကြောင့် သွင်းခြင်းမပြုသည်ဟု ယူရမည်။

၁၈၈-အကျိုးပေးရာ ကာလအားဖြင့် ကံလေးပါး ပြားပုံ

ယင်းကံ လေးပါးတို့တွင် တပါးပါးဖသော ကံသည်လည်း အကျိုးပေးရာ ကာလအားဖြင့်-

၁။ ဒိဋ္ဌဓမ္မဝေဒနိယကံ၊
၂။ ဥပပဇ္ဇဝေဒနိယကံ၊
၃။ အပရာပရိယဝေဒနိယကံ၊
၄။ အဟောသိကံ-ဟူ၍ လေးပါး အပြားရှိ၏။

ထိုလေးပါးတို့တွင်-

၁-ဒိဋ္ဌဓမ္မဝေဒနိယကံကို ပြဆိုချက်

တသ္မိံ ယေဝ အတ္တဘာဝေ ဖလဒါယိနီ ပထမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနိယံ နာမ-

ဟူသော ဋီကာနှင့်အညီ ကဲလွန်သောသတ္တိရှိသည်ဖြစ်၍ မျက်မှောက်သော်ကိုယ်၏အဖြစ်၌ အဟိတ်ဝိပါက် တည်းဟူသော အကျိုးကို ပေးတတ်သော ပထမဇော် စေတနာသည် ဒိဋ္ဌဓမ္မဝေဒနိယကံမည်၏။

၂-ဥပပဇ္ဇဝေဒနိယကံကို ပြဆိုချက်

အတ္ထသာဓိကာ ပန သတ္တမဇဝနစေတနာ သန္နိဋ္ဌာပကစေတနာ ဘူတာ အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနိယံ နာမ-

ဟူသော ဋီကာနှင့်အညီ လိုအပ်သော အကျိုးကို ပြီးစေတတ်ဘော သတ္တမဇော် စေတနာသည်ကား ရှေးရှေးဇော်ကို့မှ ရအပ်သော အာသေဝနပစ္စည်း ရှိသည်ဖြစ်၍ အခြားမဲ့သောဘဝ၌ အကျိုးကို ပေးခြင်းငှာ စွမ်းနိုင်ရုံကား ဆုံးဖြတ်တတ်သော သန္နိဋ္ဌာပကစေတနာဖြစ်၍ ဥပပဇ္ဇဝေဒနိယကံမည်၏။

http://www.dhammadownload.com

၃-အပရာပရိယဝေဒနိယကံကို ပြဆိုချက်

အပရေ အပရေ ဒိဋ္ဌဓမ္မတော အညသ္မိံ ယတ္ထကတ္တစိ အတ္တဘာဝေ ဝေဒိတပ္ပံ ကမ္မံ အပရာပရိယဝေဒနိယံ-

ဟူသော ဋီကာနှင့်အညီ မျက်မှောက်သော ကိုယ်၏အဖြစ်မှတပါး အမှတ်မထင် အကြင်တစုံတခုသော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးကိုပေးတတ်သော အလယ်ဇော ၅- ချက် စေတနာသည် အပရာပရိယဝေဒနိယကံမည်၏။

၄-အဟောသိကံကို ပြဆိုချက်

အဟောသိ ဝေ ကမ္မံ နတ္ထိ ဝိပါကော အဟောသိ၊ အတ္ထိဘာဝိဿတိ စာတိ၊ ဝေဒံ ဝတ္တပ္ပံ ကမ္မံ အဟောသိကမ္မံ-ဟူသော ဝစနတ္ထ။

သကသကကာလာတီတံ ပန ပုရိမကမ္မဒ္ဒယံ တတိယမ္ပိ စ သံသာရ-ပဝတ္တိယာ ဝေါစ္ဆိန္နာယ အဟောသိကမ္မံ နာမ။

ဟူသော ဋီကာနှင့်အညီ ကံကား ဖြစ်ပြီး၊ ကံ၏ အကျိုးကား ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဟူ၍ မဆိုအပ်သော မိမိ၏ အကျိုးပေးရာ ကာလကိုလွန်သော ဒိဋ္ဌဓမ္မ, ဥပပဇ္ဇကံ နှစ်ပါးသည်ဌင်း၊ သံသရာဝဋ်ပြတ်ပြီးသော အပရာပရိယကံသည်ဌင်း အဟောသိကံမည်၏။

၁၀၉-ဒိဋ္ဌဓမ္မဝေဒနိယကံ၌ အထူးမှတ်ဖွယ်

ထိုလေးပါးတို့ဘွင် ပဌမဇော စေတနာသည် အာဘယ်အကြောင်းဖြင့် ကဲလွန်သော သတ္တိရှိ၍ မျက်မှောက်အကျိုးကို ပေးနိုင်သနည်း ဟူမူကား-

ပဋိပဒက္ခဏေ ဟိ အနာဘိဘူတတာ စ ပစ္စယဝိသေသေန ပဋိလဒ္ဓဝိသေသ-တာယ စ၊ ဗလဝဘာဝပ္ပတ္တာ သာတိဿယာ-

ဟူသော ဋီကာနှင့်အညီ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည် မနှိပ်စက်သည်၏ အဖြစ်ကြောင့်ဌင်း၊ ဝတ္ထု, ခေတ္တ, အဇ္ဈာသယ, ဂုဏာတိရေက ဟူသော အကြောင်းထူးလေးရပ် ကြုံကြိုက်လတ်သည်၏ အဖြစ်ကြောင့်ဌင်း အားကြီးသော အဖြစ်သို့ ရောက်သည်ဖြစ်၍ ကဲလွန်သော သတ္တိ ရှိသည်။ ထို့ကြောင့် မျက်မှောက်၌ အကျိုးပေး၏ ဟူပေ။

အားကြီးသောအဖြစ်သို့ ရောက်သော် နောက်ဘဝ၌ ပဋိသန္ဓေကို ပေးသင့်ပါ၏။ ဘယ်ကြောင့် မပေးလေသနည်း။

အာသေဝနာလာဘေန အပ္ပဝိပါကတာယ။

ဟူသောဋီကာနှင့်အညီကျ၍ပထမဇောသည် အာသေဝနပစ္စည်းကိုမရခြင်းကြောင့်

http://www.dhammadownload.com

နည်းသောအကျိုးရှိသည်ဖြစ်၍ ပျိုနုသောသစ်ပင်သည် အပင့်မျကိုသာ ပေးသကဲ့သို့၊ ပဝတ္တိဋ္ဌ အဟိဟဲဝိပါက်မျကိုသာ ပေး၏ဟူပေ။

၁၉၀- ဥပပဇ္ဇဝေဒနီယကံ၌ အဆူးမှတ်ဖွယ်

ဥပပဇ္ဇဝေဒနီယဖြစ်သော သတ္တမဇော စေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကိုမပေးပဲ ပဝတ္တိအကျိုးကို ပေးအံ့ဟုလာ ဟူငြားအံ့၊

သာ စ ပဋိသန္ဓိံ ဒတွာပ ပဝတ္တိဝိပါကံ ဒေတိ။ ပဋိသန္ဓိယာ ပန အဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နုတ္ထိ။ စုတိအနန္တရဉ္စိ ဥပပဇ္ဇဝေဒနီယသ ဩကာသော။ ပဋိသန္ဓိယာ ပန ဒိန္နာယ ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတိတိ အာစရိယာ-

ဟူသောဋီကာနှင့်အညီ ဤသတ္တမဇော စေတနာသည် ပဋိသန္ဓေကို ပေးပြီးသော်သာလျှင် ပဝတ္တိအကျိုးကို ပေနိုင်၏။ ပဋိသန္ဓေကိုမပေးသော် ပဝတ္တိအကျိုးကို ပေးနိုင်သည်ဟု၍ မရှိ။ ဝယ်ယူခြင်းငှါးနည်းဟူမူ စုတိ၏အခြားမဲ့ကာလသည်သာလျှင် ဥပပဇ္ဇဝေဒနီယကံ၏ အခွင့်ရသော ကာလတည်း။

ပဋိသန္ဓေကို ပေးပြီးသော်ကား ဘဝအရာ, ဘာတဆယာင် တိုင်အောင်ပင် ပဝတ္တိအကျိုးကို ပေး၏ ဟူ၍ အဋ္ဌကထာ ဆရာတို့မိန့်ကုန်၏။

သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယ မဖြစ်မူ၍ ဒုတိယဘဝ၌ ပဋိသန္ဓေကို မငင်ခဲ့သော် အဘယ်ကံသည် ငင်ပါအံ့နည်း၊ အလယ်ဇော ၅-ချက်စေတနာသည် ပေးပါအံ့လော ဟူငြားအံ့။

ဒိဋ္ဌဓမ္မဝေဒနီယံ ယဉ္စ ကုသလာကုသလစိ အတ္တဘာဝဝေ-ဟု ဋီကာကျော်မိန့်ခြင်း ကြောင့်၎င်း၊

ဒိဋ္ဌဓမ္မဝေဒနီယံ အညသ္မိံ, အတ္တဘာဝေ ဟု အဘိဓမ္မတ္ထဝိကာသနီဋ္ဌ မိန့်ခြင်းကြောင့်၎င်း၊

သတ္တမဇော စေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကို မပေးခဲ့သော် အလယ်ဇော ၅-ချက် စေတနာသည် ပေး၏ဟူပေ။

မဏိမဉ္ဇူဆရာတော်ကား အလယ်ဇော စေတနာပေး၏ ဟူသော်လည်း ပစ္စုပ္ပန်ဘာဖြစ်သော အလယ်ဇော စေတနာသည် မပေး။ အတိတ်ဘဝ၌ ဖြစ်သော အလယ်ဇောစေတနာသည်သာလျှင် ပေးသည်။ ထို့ကြောင့် အပရာပရိယကံသည် တတိယဘဝမှစ၍ ပေးသည် မှတ်ရမည်ဟု မိန့်ဆို၏။

နယပကာသနီဋ္ဌ ဒိဋ္ဌဓမ္မောပပဇ္ဇေဟိ အညသ္မိံ ဟု ဆိုသည်။

မနော ၁၁-ယ မဃ-၀

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်ဋီကာ၌ ဒိဋ္ဌဓမ္မာနန္တရာ နာဂတတော အညသို့ အတ္တဘာဝ-ပရိယာယေ-ဟု ဆိုသည်။

ဤကျမ်းဟို၏ အလိုသော် ဒိဋ္ဌဓမ္မ, ဥပပဇ္ဇတို့မှဟပါး နောက်နောက်သော အတ္တဘော အဆက်ဆက်ကိုသာလျှင် အလယ်ဇောစေတနာ ပေး၏။ ဒုတိယ-ဘဝ၌ မပေးဟူလိုသည်။

ဤသို့ဆိုခဲ့သော ခပ်သိမ်းသော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယ မည်သည်ချည်းဖြစ်ရာ၏။ စင်စစ်သော်ကား ခပ်သိမ်းသော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယမမည်။

ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယမည်မှ သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယမည်သည်။

ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယမမည်သော် သတ္တမဇောစေတနာ လည်း ဥပပဇ္ဇဝေဒနီယမမည်။

ထို့ကြောင့် ခပ်သိမ်းသော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယ မမည်ဟု သိအပ်၏။

အဘယ်ကိုထောက်၍ သိသနည်းဟူမူကား- သတ္တမဇော စေတနာသည်-

သန္နိဋ္ဌာပကစေတနာဘူတာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ-

ဟူ၍ ဋီကာဆိုသောကြောင့် ပထမဇောသည် ပစ္စယဝိသေသဖြင့် ရအပ်သော သတ္တိအထူးရှိမှ သတ္တမဇောလည်း ရအပ်သောသတ္တိ အထူးရှိသည်။

ထို့ကြောင့် ပထမဇော ဒိဋ္ဌဓမ္မမည်မှ သတ္တမဇော ဥပပဇ္ဇမည်သည်ဟု သိရသတည်း။

၁၉၁-အပရာပရိယကံ၌ အထူးမှတ်ဖွယ်

အလယ်ဇော ငါးချက်စေတနာကား အပရာပရိယဝေဒနီယ မည်သည်ချည်း ဖြစ်သည်။

မျက်မှောက်၌ အကျိုးမပေးသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယ မမည်သော ပထမဇောစေတနာ, အခြားမဲ့၌ အကျိုးမပေးသောကြောင့် ဥပပဇ္ဇဝေဒနီယ မမည်သော သတ္တဇောစေတနာသည်လည်း အပရာပရိယဝေဒနီယသာ ဖြစ်ကုန်၏။ ထိုအနက်ကို ပြခြင်းငှာ ဋီကာကျော်၌-

http://www.dhammadownload.com

ယထာ ဝုတ္တကာရဏဝိရဟတော ဒိဋ္ဌဓမ္မဝေဒနီယာဒိဘာဝံ အသမ္ပတ္တာ အာဒိပရိယောသာနစေတနာနံ မဇ္ဈေ ပဝတ္တာပဋ္ဌ စေတနာ ဝိပါကဒါန-သဘာဝဿ အနုပစ္ဆိန္နတ္တာ ယဒါ ကဒါစိ ဩကာသလာဘေ သတိ ပဋိသန္ဓိပဝတ္တိသု ဝိပါကံ အဘိနိပ္ပါဒေန္တီ အပရာပရိယဝေဒနီယံ နာမ-ဟူ၍ (အဘိဓမ္မတ္ထဝိဘာဝိနီဋ္ဌိကာ ၁၇၂)၌ မိန့်သည်။

ယထာဝုတ္တကာရဏ ဝိရဟတော၊ အကြင်အကြင် ဘိုအပ်ပြီးသော ပစ္စယ-ဝိသေသဟူသော အကြောင်းကင်းခြင်းကြောင့်။ ဒိဋ္ဌဓမ္မဝေဒနီယာဒိဘာဝံ၊ ဒိဋ္ဌဓမ္မဝေဒနီယ စသော အဖြစ်သို၊ အသမ္ပတ္တာ၊ မရောက်သော။ စေတနာ၊ ပဏမဇောစေတနာ, သတ္တမဇော စေတနာသည်ရင်း။ အာဒိပရိယောသာန-စေတနာနံ၊ အစ ဇော, အဆုံးဇော စေတနာတို့၏။ မဇ္ဈေပဝတ္တာ၊ အလယ်၌ ဖြစ်သော။ ပဋ္ဌစေတနာ၊ ငါးချက်သော စေတနာသည်ရင်း။ ဝိပါကဒါနသဘာ-ဝဿ၊ အကျိုးပေးတတ်သော သဘော၏။ အနုပစ္ဆိန္နတ္တာ၊ မပြတ်သည်၏ အဖြစ်ကြောင့်။ ယဒါ ကဒါစိ၊ အမှတ်မရှိသောဘဝ၌၊ ဩကာသလာဘေ၊ အခွင့်ကိုရသည်။ သတိ၊ ရှိသော်။ ပဋိသန္ဓိပဝတ္တိသု၊ ပဋိသန္ဓေအခါ, ပဝတ္တိ အခါတို့၌။ ဝိပါကံ၊ အကျိုးကို။ အဘိနိပ္ပါဒေန္တီ၊ ပြီးစေတတ်သည်ဖြစ်၍။ အပရာပရိယဝေဒနီယံ နာမ၊ အပရာပရိယ ဝေဒနီယကံ မည်၏။

ယင်းသို့ အလယ်ဇော အစရှိသော အပရာပရိယကံတို့သည် အနန္တရဘဝမှ စ၍ အကျိုးပေးခဲ့သော် သတ္တမဇောစေတနာနှင့် ဘယ်သို့ ထူးအံ့လောဟူငြား အံ့။ သတ္တမဇောစေတနာသည် အနန္တရဘဝ၌သာလျှင် ခံစားအပ်သော အကျိုး ရှိ၏။ အလယ်ဇောစေတနာတို့ကာ အနန္တရဘဝ စသည်တို့တွင် အမှတ်မရှိသော ဘဝ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤသို့ ထူးကြ၏ဟူပေ။

(အဖေဂ္ဂုဒီပနီ)

၁၉၂-အဟောသိကံ၌ အထူးမှတ်ဖွယ်

အဟောသိကံ ဟူသည်ကား ရှေးကံ ၃-ပါးမှ အခြားရှိ၏လော ဟူငြားအံ့—

သကသကကာလာတီတံ ပန ပုရိမကမ္မဒွယံ တတိယမ္မိ စ သံသာ-ရပ္ပဝတ္တိယာ ဝေါစ္ဆိန္နာယ အဟောသိကမ္မံ နာမ —

ဟူသော ဋီကာနှင့်အညီ မိမိ၏အကျိုးပေးရာ ကာလကို လွန်သော ဒိဋ္ဌဓမ္မ, ဥပပဇ္ဇကံ နှစ်ပါး၊ သံသရာဝဋ္ဌပြတ်ပြီးသော ပုဂ္ဂိုလ်၏ အပရာပရိယကံ တပါး ဤ ၃-ပါးကိုပင် အဟောသိကံဆိုသည်ဖြစ်ရကား ဤ ၃-ပါးမှ အခြားမရှိပြီ။

http://www.dhammadownload.com

ပဃမဇော စေတနာသည် မျက်မှောက်ဘဝ၌ အကျိုးကိုပေးသည် ဖြစ်အံ့၊ ဒိဋ္ဌဓမ္မဝေဒနီယမည်၏။ အကျိုးကို မပေးသည်ဖြစ်အံ့၊ ဒိဋ္ဌဓမ္မဟူသော အမည်သည် အဟောသိ ဖြစ်၏။

သတ္တမဇော စေတနာသည် အခြားမဲ့ဘဝ၌ အကျိုးကိုပေးသည်ဖြစ်အံ့၊ ဥပပဇ္ဇဝေဒနီယမည်၏။ အကျိုးကိုမပေးသည်ဖြစ်အံ့၊ ဥပပဇ္ဇဟူသော အမည်သည် အဟောသိဖြစ်၏။

စေတနာမူကား အပရာပရိယသို့သက်၍ အခွင့်ရသောကာလ၌ အကျိုးပေး၏။ အပရာပရိယကံတို့ကား သံသရာဝဋ်ပြတ်မှသာလျှင် အဟောသိ ဖြစ်၏ဟူလိုသည်။

ကံအမည်သာလျှင် အဟောသိဖြစ်၍ စေတနာဝတည်းဟူသော ကံမပျောက်သော အဖြစ်ကို ဘယ့်ကြောင့်ဆိုသနည်းဟူငြားအံ့၊ ဥကာပါဠ်၌ သက သက-ကာလဘီတံဟူ၍သာဆိုသည်။ ကမ္မဘီတံဟူ၍မဆို။ ထို့ကြောင့် ကံကိုမလွန်ကာလကိုသာလွန်သည်ဖြစ်၍ ထိုကာလ၌ ခေါ်ဝေါ်အပ်သော အမည် ဝေါဟာရသာ ပျောက်သည်။ ကံမပျောက်ဟု သိရာ၏ဟူပေ။ ဤအရာကို နေရာကျသိခဲစွ။ ဋီကာကျော် ဆင်တဲနိဿယကိုရှုကြလေ။

၁၉၃-ပဏ္ဏာသအဋ္ဌကထာလာ ကံအပြားကို ပြခြင်း

ဥပရိပဏ္ဏာသ ဒေဝဒဟသုတ် အဋ္ဌကထာ၌ကား-

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊

၂။ သမ္ပရာယဝေဒနီယကံ၊

၃။ ပရိပက္ကဝေဒနီယကံ၊

၄။ အပရိပက္ကဝေဒနီယကံ၊

၅။ သုခဝေဒနီယကံ၊

၆။ ဒုက္ခဝေဒနီယကံ-

ဟူ၍ ၆-ပါး ပြားသည်ဟု ဆို၏။

ထို ၆-ပါးတို့တွင် မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

ဒုတိယ တတိယအစရှိသော အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသောကံသည် သမ္ပရာယဝေဒနီယကံ မည်၏။

http://www.dhammadownload.com

ပြီးပြီးသော အတ္တဘောဋ္ဌ ခံစားအပ်သောကံသည် ပရိပက္ကဝေဒနီယကံ မည်၏။

မပြီးသေးသော အတ္တဘောဋ္ဌ ခံစားအပ်သောကံသည် အပရိပက္ကဝေဒနီယကံ မည်၏။

ကွဌဝိပါက်ကို ပေးတတ်သောကံသည် သုခဝေဒနီယကံ မည်၏။

အနိဋ္ဌဝိပါက်ကို ပေးတတ်သောကံသည် ဒုက္ခဝေဒနီယကံမည်၏။

ဒိဋ္ဌဓမ္မနှင့် ပရိပက္ကဝေဒနီယ၏ အလူးကား-

ပထမအရွယ်၌ ပြုအပ်သောကံသည် ပထမအရွယ်၌သော်၎င်း၊ ဒုတိယအရွယ်၌သော်၎င်း အကျိုးပေးအံ့၊ ဒုတိယအရွယ်၌ ပြုအပ်သောကံသည် ဒုတိယအရွယ်၌သော်၎င်း၊ တတိယအရွယ်၌သော်၎င်း အကျိုးပေးအံ့၊ တတိယအရွယ်၌ ပြုအပ်သောကံသည် အသက်မကုန်မီ အကျိုးပေးအံ့၊ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

ကံကိုပြုသည်မှစ၍ ၇-ရက်အတွင်း၌ အကျိုးပေးနိုင်ကား ပရိပက္ကဝေဒနီယကံ မည်၏။ ဤသို့ထူးကြ၏၊

ဤကံ ၅-ပါးတို့သည် ကုသိုလ်, အကုသိုလ်အားဖြင့် ပြားရကား အသီးအသီး ပိုင်းခြားသော် ၁၂-ပါးဖြစ်၏ဟူလိုသည်။

၁၉၄-ပဋိသန္ဓိဒါမင်္ဂလာ ကံအပြား ကိုပြခြင်း

ပဋိသန္ဓိဒါမင်္ဂလာသေးနည်းအားဖြင့်ကား-

၁။ အဟောသိကမ္မံ အဟောသိကမ္မဝိပါကော၊

၂။ အဟောသိကမ္မံ နာဟောသိကမ္မဝိပါကော၊

၃။ အဟောသိကမ္မံ အဘ်ဆိကမ္မဝိပါကော၊

၄။ အဟောသိကမ္မံ နဘ်ဆိကမ္မဝိပါကော၊

၅။ အဟောသိကမ္မံ ဘဝိဿဘိကမ္မဝိပါကော၊

၆။ အဟောသိကမ္မံ နဘဝိဿတိ ကမ္မဝိပါကော-

ဟူ၍ အဟောသိကံ ၆-ပါး-

၁။ အတ္ထိကမ္မံ အဘ်ဆိကမ္မဝိပါကော၊

၂။ အတ္ထိကမ္မံ နတ္ထိကမ္မဝိပါကော၊

http://www.dhammadownload.com

၃။ အတ္ထိကမ္မံ ဘဒိဿတိ ကမ္မဝိပါကော၊
၄။ အတ္ထိကမ္မံ နာ ဘဒိဿာတိ ကမ္မဝိပါကော၊
၅။ ဘဒိဿတိကမ္မံ ဿဒိဿတိ ကမ္မဝိပါကော၊
၆။ ဘဒိဿတိကမ္မံ နာ ဘဒိဿတိ ကမ္မဝိပါကော-
ဟူ၍ အတ္ထိက် ၆-ပါး ပေါ်၏သော် ၁၂-ပါး ဖြစ်ပါသည်။

၁။ ထို ၁၂-ပါးတို့တွင် အကြင်ကံကို အတိတ်ဘဝ၌ပြုပြီး၍အတိတ်ဘဝ၌ပင် အကျိုးပေးခဲ့၏။ ထိုကံသည် အဟောသိကမ္မံ အဟောသိကံမည်၏။

၂။ အကြင်သူသည် အတိတ်ဘဝ၌ ဒိဋ္ဌဓမ္မဖြစ်လောက်သော ကံအမျိုးကို အားထုတ်ပြီးသော် တခုခုသော ဒိဋ္ဌဓမ္မကံသည် အကျိုးပေးခဲ့၍ ကြွင်းသော အကျိုးမပေးရသေးလောက်သည်ရှင်း၊ တခုသော ဥပပဇ္ဇကံသည် ပဋိသန္ဓေကိုင်၍ ကြွင်းသော အကျိုး မပေးရသေးသော ကံသည်ရှင်း၊ အနန္တရိယကံ ၅-ပါး, ၄-ပါး, ၃-ပါးတို့ကို ပြုခဲ့သည်ကြွင် တခုခုသောကံသည် ငရဲဘုံ၌ ပဋိသန္ဓေကိုင်၍ ကြွင်းသော အကျိုးမပေးရသော ကံတို့သည်ရှင်း၊ သမာပတ်ရှစ်ပါးတို့တွင် တပါးပါးသော သမာပတ်ဖြင့် ဗြဟ္မာဘုံ၌ ပဋိသန္ဓေကို ပေး၍ကြွင်းသောသမာပတ် တို့သည်ရှင်း အဟောသိကမ္မံ နာဟောသိကမ္မဝိပါကော တို့သည် ၆-ပါးတို့ကို ဝေမာဒိသု ... ခဲ့ ဂစ္ဆန္တိ-
ဟူ၍ဆိုတော်မူသည်။

ယေန စ ပဋိသန္ဓိဂဟာနိ ကမ္မာနိ ကတာနိ ဥပဟတ္တိ၊ တာသာ သံသ-ရာဒေါယေဝ ပဋိသန္ဓိဝသေန ဥပဋ္ဌာတိ၊ သောသာန် အဟောသိကမ္မံ နာဟောသိ ကမ္မဝိပါကော့တိ ဝေမာဒိသု ... ခဲ့ ဂစ္ဆန္တိ-
ဟူ၍ဆိုတော်မူသည်။

ယေန စ၊ အကြင်သူသည်ကား ပဋိပဲ၊ ငါးပါးလည်း ဖြစ်ကုန်သော။ တောနိ ကမ္မာန်၊ ဤ အနန္တရိယကံတို့ကို။ ကတာန်၊ ပြုမိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့သူအား သံသာရေဒါယေဝ၊ သံသ-ရာဘေဒကံ သည်သာလျှင်။ ဥပဋ္ဌာတိ၊ ဝိပါကဖြစ်ပေါ်စေ၏၊ ပဋိသန္ဓေ၏အစွမ်းဖြင့်။ ဝိပစ္စတိ၊ အကျိုးပေး၏။ သေသာနိ၊ ကြွင်းသော အနန္တရိယ ကံတို့သည်။ အဟောသိကမ္မံ နာဟောသိကမ္မဝိပါကော့တိ ဝေမာဒိသု၊

http://www.dhammadownload.com

ကံကားဖြစ်ပြီး ကံ၏အကျိုးကား ဖြစ်ပြီးမဟုတ် ဤသို့ အစရှိသည်တို့၌။
သခ်ၤ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

(ဝေမာဒိ၌ အာဒိဝန်ဖြင့် ဘဝိဿတိ ကမ္မဝိပါကတို့ကို ပယူစေလိုသည်။)

ဤအဋ္ဌကထာ၌ နာဓာသိ ကမ္မဝိပါက ကံ၏သရုပ်လက္ခဏာကို ထင်စွာပြခြင်းငှါ မူလဋ္ဌကာ၌-

ဘေသု ပန သမာနာဘာဝေသု ကေန ဝိပါကေ ဒိဋ္ဌေ ဤတရာဒိ အဘ္ဘာနာ ကတ္တာဒ္ဗကိစ္စဿ ဒတာနာ ကာဘဗ္ဘာနုဒါယံ တတိယံ ဝိ ပဒ္ဓိသန္ဓိံ ကာဇရာန္တိ၊ ဇကာသ ပန အညာနိဝိ၊ ဥပတ္ထမ္ဘကာနိ ဟောန္တိတိ ဒဋ္ဌဗ္ဗာနိ-

ဟူ၍ဒီပနီဆိုသည်။

သမာနသဘာဝေသု၊ မိစ္ဆတ္တနိယတာအဖြာဖြာဖြင့် တူသောသဘောရှိကုန်သော။ ဘေသု ပန၊ ထိုအနန္တရိယကံ ၅-ပါး ၄-ပါး ၃-ပါး ၂-ပါး ၁-ပါး ဤဥဇုဝိပါက ကံတို့၌။ ဘာခုသော်ကံသည်။ ဝိပါကံကား၊ ခြားမဲ့ပဋိသန္ဓေပေးတတ်သော အကျိုးကို။ ဒီပေး သည်ရှိသော်။ ဤဘဝမှာ၊ ဤသန္တာန်၌ ဖြစ်စေတတ်သည်။ ဒီးတွေနာ၊ မိမိသည်။ ကတ္တုဗ္ဗကိစ္စဿ၊ ပြုအပ်သောကိစ္စကို၊ ဟေတုဝေ၊ ဝိပဋိသန္ဓေကိုပေးသော်သည်သာလျှင်။ ကတ္တာဒ္ဗာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဒုတိယံပိ ဝ၊ နှစ်ကြိမ်မြောက်သည်းဖြစ်သော။ တတိယံပိ စ၊ သုံးကြိမ်မြောက်လည်းဖြစ်သော။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ နကရောန္တိ၊ မပြုကုန်။ ပန၊ စ၊ ဆင်းသေး။ ဇကာသ၊ တခုသော အကျိုးပေးကံအား၊ အညာနိပိ၊ တပါးသော ကံသို့သည်လည်း။ ဥပတ္ထမ္ဘကာနိ၊ ထောက်ပံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။

ဂင်းပါဠ်၏ အဓိပ္ပါယ်ကို အနုဋ္ဌီကာ၌-

အနေကေသု အနန္တရိယသု ကဇေသု ကိဉ္စာပိ ဗလဝတော ယော ပဋိသန္ဓိဒါနံ နကတရဿံ အတ္တနော ပန ယာဒိတ္ထကိစ္စဿ ဒေဝနဝ ကဒ္ဓတ္တာ တဿ ဝိပါကဿ ဥပတ္ထမ္ဘနဝသေန ပဝတ္တတော ဤတရာနံ နနိဝါရိတပ္ပဝတ္တာနံ နာဝမ ဟောန္တိ၊ ဇကာ ပန ဝါဒေါ ပဋိပဋိဝတ္တု ကုသလသူတိ-

ဟူ၍ပြဆိုသည်။

ဇနေကေသု၊ များသောကုန်သော။ အနန္တရိယသု၊ အနန္တရိယတို့ကို။ ကဇေတသု၊ ပြုကုန်သည်ရှိသော်။ ဗလဝတော၊ အားကြီးသောကံသည်သာ

http://www.dhammadownload.com

လျှင်။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကို ပေးတတ်သည်။ ဣတရေသံ၊ ဤမှတပါးသော ကံတို့၏။ နပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကို မပေးတတ်သည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ဖြစ်၏။ ပန၊ ယင်းသို့ဖြစ်သော်လည်း။ အတ္တနာ၊ မိမိသည်။ ကာတဗ္ဗ-ကိစ္စဿ၊ ပြုအပ်သောကိစ္စကို။ တေနေဝ၊ ထိုဗလဝကံသည်ပင်လျှင်။ ကတတ္တာ၊ ပြုနိုင်သည်၏ အဖြစ်ကြောင့်။ တဿ ဝိပါကဿ၊ ထိုကံ၏အကျိုးကို။ ဥပတ္ထမ္ဘနဝသေန၊ ထောက်ပံ့သည်၏ အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်း ကြောင့်။ ဣတရာနိ၊ တပါးသောကံတို့ကို။ တေန၊ ထိုဗလဝကံသည်။ နနိဝါ-ရိတဖလာနိ နာမ၊ မမြစ်အပ်သော အကျိုးရှိသည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိပက္ခေသု၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ကုသလေသု၊ ကုသိုလ်တို့၌။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

ဤဋီကာတို့၏ အမိန့်ကို ထောက်စာ၍ နာဟောသိကမ္မဝိပါက ဟူသည် ကား ဥပတ္ထမ္ဘကအဖြစ်ဖြင့် အကျိုးပေးဆဲ ပေးလတ္တံ့သော ကံဟု သိအပ်လှ တော့သည်။

များစွာသော ကုသိုလ်ကံကို ပြုပြီးလျက် ကလျာဏမိတ္တကိုမှီ၍ အရဟတ္တ ဖိုလ်သို့ ရောက်သောသူသည်လည်း အဟောသိကမ္မံ နာဟောသိကမ္မဝိပါက ပင် မည်၏ဟု အဌကထာဆိုသည်။

၃။ အတိတ်ကာလ၌ အားထုတ်ခဲ့သော အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးကိုပေးသည်ဖြစ်အံ့။ ထိုကံသည် အဟောသိကမ္မံ အတ္ထိကမ္မဝိပါကမည်၏။

၄။ အတိတ်ကာလ၌ အားထုတ်ခဲ့သော အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးမပေးသည်ဖြစ်အံ့၊ ထိုကံသည် အဟောသိကမ္မံ နတ္ထိကမ္မဝိပါက မည်၏။

၅။ အတိတ်၌ အားထုတ်ခဲ့သော ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးမပေးပဲ အနာဂတ်ဘဝ၌ အကျိုးပေးသည်ဖြစ်အံ့၊ အဟောသိကမ္မံ ဘဝိဿတိကမ္မဝိပါက မည်၏။

၆။ ၎င်းကံသည် အနာဂတ်ဘဝ၌လည်း အကျိုးမပေးသည် ဖြစ်အံ့၊ အဟောသိကမ္မံ နဘဝိဿတိကမ္မဝိပါက မည်၏။ ပေါင်း ၆-ပါးတည်း။

၁၉၅-အတ္ထိကံ ၆ ပါးကို ပြဆိုခြင်း

အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ ဤပစ္စုပ္ပန်ဘဝ၌ပင် အကျိုး ပေးအံ့၊ ထိုကံသည် အတ္ထိကမ္မံ အတ္ထိကမ္မဝိပါကမည်၏။

အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ ဤပစ္စုပ္ပန်ဘဝ၌ အကျိုးမပေး အံ့၊ ထိုကံသည် အတ္ထိကမ္မံ နတ္ထိကမ္မဝိပါက မည်၏။

http://www.dhammadownload.com

အကြင်ကံသည်ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ အနာဂတ်ဘဝ၌ အကျိုးပေးလတ္တံ့သည်ဖြစ်အံ့၊ ထိုကံသည် အတ္ထိကမ္မ ဘဝိသတိကမ္မဝိပါကမည်၏။

ဌင်းကံသည် အနာဂတ်ဘဝ၌ အကျိုးမပေးလတ္တံ့သည် ဖြစ်အံ့၊ အတ္ထိကမ္မ နဘဝိသတိကမ္မဝိပါက မည်၏။

အကြင်ကံဏည် အနာဂတ်ဘဝ၌ အားထုတ်၍ အနာဂတ်ဘဝ၌ အကျိုးပေးလတ္တံ့သည်ဖြစ်အံ့၊ ထိုကံသည် ဘဝိသတိကမ္မဘဝိသတိကမ္မဝိပါက မည်၏။

ဌင်းကံသည် အနာဂတ်ဘဝ၌ အကျိုးမပေးသည်ဖြစ်အံ့၊ ဘဝိသတိကမ္မ နဘဝိသတိကမ္မဝိပါက မည်၏။ အဘို့ကံ ၆-ပါးပေတည်း။

၁၉၆-ကံတို့ကို အကျယ်ဝေဖန်၍ ပြခြင်း

ဆိုခဲ့ပြီးသောကံတို့ကို အကျယ်ဝေဖန်သော် ဇနကကံသည်-

၁။ ဂရုက ဇနက ၂။ အာသန္န ဇနက

၃။ အာစိဏ္ဏ ဇနက ၄။ ကဋတ္တာ ဇနက-ဟူ၍လေးပါး။

ဥပတ္ထမ္ဘကကံလည်း-

၁။ ဂရုက ဥပတ္ထမ္ဘက ၂။ အာသန္န ဥပတ္ထမ္ဘက။

၃။ အာစိဏ္ဏဥပတ္ထမ္ဘက။ ၄။ ကဋတ္တာဥပတ္ထမ္ဘက- ဟူ၍လေးပါး။

ဥပပီဠကကံလည်း-

၁။ ဂရုက ဥပပီဠက ၂။ အာသန္န ဥပပီဠက၊

၃။ အာစိဏ္ဏ ဥပပီဠက။ ၄။ ကဋတ္တာ ဥပပီဠက-ဟူ၍ လေးပါး။

ဥပဃာတကကံလည်း ဤနည်းအတူ လေးပါးဖြစ်ရကား ရှေးကံ လေးပါးကိုတည် နောက်ကံ ၄-ပါးနှင့် မြောက်=၁၆ ပါးဖြစ်၏။

ဤ ၁၆-ပါးကိုတည် ဒိဋ္ဌဓမ္မဝေဒနီယ ကံလေးပါးနှင့်မြောက်=၆၄-ပါးဖြစ်၏။

ထို ၆၄ ပါးကိုတည် အဟောသိကံ ၆-ပါး၊ အတ္ထိက ၆-ပါးအားဖြင့် ၁၂-ပါးနှင့် မြောက်=၇၆ဂ-ပါးဖြစ်၏။

ထို ၇၆ဂ ပါးကိုတည် ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးနှင့်မြောက်=၁၅၃၆-ပါးဖြစ်၏။

ထို ၁၅၃၆-ပါးကိုတည် သမ္ပတ္တိ ၄-ပါး ဝိပတ္တိ ၄-ပါးအားဖြင့် ဂ-ပါးသော ပဋိဗာဟကံနှင့် မြောက်=၁၂၂ဂဂ-ပါးဖြစ်၏။

http://www.dhammadownload.com

ဆောင်ပုဒ်။ ။သောင်းနှစ်ထောင်မှာ၊ နှစ်ရာရှစ်ဆယ်၊ ရှစ်ပါးကယ် ကျွမ်း ဝယ်လာရှောင်း ကံအပေါင်း။

၁၉၇-သမ္မတ္တိ ၄-ပါး ဝိပတ္တိ ၄-ပါးကို ပြဆိုခြင်း

ကုသိုလ်ကံတို့သည် သမ္မတ္တိလေးပါးကိုမှီ၍ အခွင့်ရသဖြင့် အကျိုးပေးကုန်သည်၊ ဝိပတ္တိလေးပါးကိုမှီ၍ အကျိုးမပေးကုန်။

အကုသိုလ်ကံတို့သည် ဝိပတ္တိလေးပါးကိုမှီ၍ အခွင့်ရသဖြင့် အကျိုးပေးကုန်သည်၊ သမ္မတ္တိလေးပါးကိုမှီ၍ အကျိုးမပေးကုန်။

ထိုအခြင်းအရာကို ဉာဏဝိဘင်းအဖွင့်၌ ဟောတော်မူသည်။ သမ္မာအင်္ဂကဆောင်လည်း ထင်စွာ ဖွင့်ပြတော်မူသည်။ ဤကျမ်းဦးကား အကျဉ်းမျှ ပြလိုက်ပေအံ့။

သမ္မတ္တိလေးပါး—

၁။ ဂတိသမ္မတ္တိ=လူ.ပြည် နတ်ပြည်တည်းဟူသော ပြည့်စုံသော ဂတိ၌ ဖြစ်ခြင်း။

၂။ ဥပဓိသမ္မတ္တိ=ပြည့်စုံသော ကိုယ်ခန္ဓာသဏ္ဌာန်ရှိခြင်း။

၃။ ကာလသမ္မတ္တိ=ပြည့်စုံသော ကာလ၌ဖြစ်ခြင်း။

၄။ ပယောဂသမ္မတ္တိ= ပြည့်စုံသော လုံ့လဉဿာဟရှိခြင်း-ဟူ၍ လေးပါးတည်း။

ဝိပတ္တိလေးပါး ဟူသော်ကား—

၁။ ဂတိဝိပတ္တိ=အပါယ်ဘုံတည်းဟူသော ပျက်သောဂတိ၌ ဖြစ်ခြင်း။

၂။ ဥပဓိဝိပတ္တိ=မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက် ပျက်သော ကိုယ်ခန္ဓာရှိခြင်း။

၃။ ကာလဝိပတ္တိ=ကပ်သုံးပါးနှင့် ကြုံလျက် ပျက်သောကာလ၌ ဖြစ်ခြင်း။

၄။ ပယောဂဝိပတ္တိ=ပျက်စီးသောလုံ့လရှိခြင်းဟူ၍ လေးပါးတည်း။

ထိုလေးပါးတို့တွင် အကြွင်းသူအား များစွာသော အကုသိုလ်ကံ တို့သည် ပိုကုန်၏။ ထိုကံတို့သည် ဂတိဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေး၏။ တခု

http://www.dhammadownload.com

သော ကုသိုလ်ကံကြောင့် ဂတိသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်၊ ထိုသို့မပေးခြင်းသည် ဂတိသမ္ပတ္တိပဋိဗာဋ္ဌမည်၏။

အကြင်သူအား များစွာသော အကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေး၏။ တခုသော ကုသိုလ်ကံကြောင့် ကိုယ်သဏ္ဌာန်လှပခြင်းတည်းဟူသော ဥပဓိသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသို့ မပေးခြင်းသည် ဥပဓိသမ္ပတ္တိပဋိဗာဋ္ဌမည်၏။

(ဘာတိကမင်းသည် နွားသားစားသော သူတို့အား မင်းဒဏ်ထားသည်တွင် အဆင်းလှသော မိန်းမငယ်တဦးသည် ချမ်းသာရသကဲ့သို့ မှတ်ရမည်။)

အကြင်သူအား များစွာသော မကောင်းမှုတို့သည် ရှိကုန်၏။ ထိုကံတို့သည် အသက်တမ်းတိုသော ကာလဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော ကုသိုလ်ကံကြောင့် အသခ်ျေ တမ်းစသည်၌ ဖြစ်ခြင်း မင်းကောင်းတို့၏ လက်ထက်၌ ဖြစ်ခြင်းတည်းဟူသော ကာလသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသို့မပေးခြင်းသည် ကာလသမ္ပတ္တိပဋိဗာဋ္ဌမည်၏။

အကြင်သူအား များစွာသော မကောင်းမှုတို့သည် ရှိကုန်၏။ ထိုကံတို့သည် လုံ့လမဲ့ခြင်းတည်းဟူသော ပယောဂဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ ပညာ လုံ့လနှင့် ပြည့်စုံခြင်းတည်းဟူသော ပယောဂသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသို့မပေးခြင်းသည် ပယောဂသမ္ပတ္တိပဋိဗာဋ္ဌမည်၏။

အကြင်သူအား များစွာသော ကောင်းမှုတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏၊ တခုသော အကုသိုလ်ကြောင့် ဂတိဝိပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ငရဲခံရခြင်း တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်းအားဖြင့် များစွာသော ကာလပတ်လုံး အပါယ်ဘုံ၌ ဦးခေါင်းချီခွင့်ကိုမျှ မရအောင် ဖြစ်ကုန်၏။ ဤသို့ ဖြစ်ရခြင်းသည် ဂတိဝိပတ္တိပဋိဗာဋ္ဌမည်၏။

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော မကောင်းမှုကံကြောင့် အဆင်းမလှခြင်း, အင်္ဂါချိုတဲ့ခြင်း စသော ဥပဓိဝိပတ္တိ၌တည်သောအခါ အကျိုးမပေးကုန်။ ဤသို့ဖြစ်ခြင်းသည် ဥပဓိဝိပတ္တိသည် နှိပ်စက်အပ်သည်မည်၏။

http://www.dhammadownload.com

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ကာလသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော မကောင်းမှုကံကြောင့် မကောင်းသောမင်း, မကောင်းသောလူရှိသော ကာလဝိပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသူတို့၏ကံသည် ကာလဝိပတ္တိဖြင့် နှိပ်စက်အပ်သည်မည်၏။

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် လုံလ, ပညာ, သမာဓိတည်းဟူသော ပယောဂသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ လုံ့လကင်းလျက် ပျင်းရိမိုက်မူး သေသောက်ကျူးခြင်းစသော ပယောဂ ဝိပတ္တိ၌တည်သောအခါ အကျိုးမပေးကုန်။ ထိုသူတို့၏ ကုသိုလ်ကံသည် ပယောဂဝိပတ္တိဖြင့် နှိပ်စက်အပ်သည် မည်၏။

၁၉၈ ဂရုကံ နှစ်မျိုး ပြိုင်ရိုးမရှိ

မေး။ ။အကုသိုလ်နှင့် ကုသိုလ်အစု၊ ဂရုကံခြင်း ဆိုင်မိလျှင်းသော် အခင်းဘယ်သူ အောင်အံ့နည်း။

ဖြေ။ ။အကုသိုလ် ဂရုကံနှင့် ကုသိုလ်ဂရုကံသည် တယောက်တည်း၌ဆိုင်၍ မဖြစ်နိုင်ချေ၊ ဘယ့်ကြောင့်နည်းဟူမူ ဂရုကံဖြစ်သော အနန္တရိယကံ ငါးပါးသည် ကမ္မန္တရာယ်ဖြစ်သည်။ ဤကံ ငါးပါးတွင် တပါးပါးကို ပြုမိသောသူသည် ဤဘဝ၌ စျာန်, မဂ်, ဖိုလ်ကို မရနိုင်ပြီ။ လူ့ပြည်နတ်ရွာသို့လည်း မလားပြီ။ အဝီစိသို့သာ လားရတော့သည်။ ထို့ကြောင့် ဆိုင်၍မဖြစ်နိုင်ဟု ဆိုရမည်။

၁၉၉-ဒိဋ္ဌဓမ္မကံနှင့် ဥပပဇ္ဇကံနှစ်ပါး၌ မှတ်သားဖွယ်

မေး။ ။၇-တန်ဇော၊ စဉ်၍စောလျက်၊ ပထမဇောသည်၊ အဟောသိကံ၊ ဖြစ်သည်မှန်က၊ ငါးတန်ဇောသာ၊ ပေးရပါမည်၊ သည်မှာမရပ်၊ သတ္တမဇော၊ ဘယ်သဘောကြောင့် ပေးသနည်း။

ဖြေ။ ။ပထမဇောသည် ပစ္စယ ဝိသေသဖြင့် ရအပ်သော သတ္တိအထူးရှိမှ သတ္တမဇောသည်း သတ္တိအထူးရှိသည်ဖြစ်၍ အကျိုးပေးနိုင်သည်။ ပထမဇောသတ္တိအထူးမရှိ၍ ဒိဋ္ဌဓမ္မ မပေးလျှင် သတ္တမဇောသည် ဥပပဇ္ဇ၌မပေးနိုင်ပြီ။ အပရာပရိယသို့သာ သက်လေသည်။ ပုစ္ဆာဆရာကား ပထမဇော မပေးသော်လည်။ သတ္တမဇောပေးသေး၏ဟု ထင်ဟန်ရှိသည်။

http://www.dhammadownload.com

၂၀၁-ဒွါရအားဖြင့် အကုသိုလ်ကံ၃-ပါး ပြားပုံကိုပြခြင်း

ပါကဋ္ဌာနအားဖြင့် ပြားသောကံ ၄-ပါးတို့တွင် အကုသိုလ်ကံသည် ဖြစ်ရာဒွါရအားဖြင့် ၃-ပါး, ဒုစရိုက် ကမ္မပထအားဖြင့် ၁၀-ပါးပြားပုံ၌ အဋ္ဌသာလိနီ၌ လာသောနည်းအားဖြင့် ကဲ့ပြားအောင်ပြလိုက်ပေအံ့။

ကံ၏ ဖြစ်ရာဖြစ်သော ဒွါရသည်—

၁။ ကာယကမ္မ ဒွါရ ၂။ ဝစီကမ္မ ဒွါရ ၃။ မနောကမ္မ ဒွါရ ဟူ၍ ၃-ပါး အပြားရှိ၏။

ကာယအပြား၉လေးပါးကို ပြခြင်း

ထို ၃-ပါးအပြားတို့တွင် ကာယကမ္မဒွါရ ဟူသော်ပုဒ်၌ ကာယ သည်-

၁။ ကံဖြစ်ကြောင့်ဖြစ်သော ဥပါဒိဏ္ဏကာယ

၂။ အာဟာရကြောင့်ဖြစ်သော အာဟာရသမုဋ္ဌာနကာယ

၃။ ဥတုကြောင့်ဖြစ်သော ဥတုသမုဋ္ဌာနကာယ

၄။ စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာနကာယ အားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကံကြောင့်ဖြစ်သော ကာယသည် ပဋိသန္ဓေခဏ၌ ဖြစ်ပြီးသော ကာယသည် ပဝတ္တိကာလ၌ ဖြစ်ပြီးသော ကာယသည် ဘင်္ဂခဏ၌ ဖြစ်ပြီးသော ကာယသည် ဥပပဇ္ဇဝေဒနီယကံ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဝိပါက်ဖြစ်သော ကာယသည် ဥပပဇ္ဇဝေဒနီယကံ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဝိပါက်ဖြစ်သော ကာယသည် အပရာပရိယဝေဒနီယကံ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဝိပါက်ဖြစ်သော ကာယသည် အဟောသိကံ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဝိပါက်ဖြစ်သော ကာယသည် ဖြစ်ရာဒွါရအားဖြင့် ၃-ပါးပြားပုံ၌

http://www.dhammadownload.com

ထိုဒွါရ၌ ဖြစ်သောစေတနာဖြင့် ပါဏာတိပါတ်စသောအမှုတို့ကိုလည်းပြု၏။ ထိုအမှုတို့မှ ရှောင်ကြဉ်ခြင်းကိုလည်းပြု၏။ ထိုသို့ပြုခြင်း ရှောင်ကြဉ်ခြင်းသည် ကာယကံ မည်၏။

ထိုကြောင့် အဋ္ဌသာလိနီ၌–

ဝေမေသာ စိတ္တသမုဋ္ဌာနေသု ရူပေသု ဝိညတ္တိ ကာယကမ္မဒွါရံ နာမာတိ ဝေဒိတဗ္ဗာ– စသည်ဖြင့် မိန့်ဆိုသည်။

ဝါစာ ၃ ပါးကို ပြခြင်း

ဝစီကမ္မဒွါရဟူသောပုဒ်၌ ဝါစာသည်–

၁။ စေတနာ ဝါစာ ၂။ ဝိရတိ ဝါစာ ၃။ သဒ္ဒ ဝါစာ အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့ဘွဲ့ ကောင်းသောစကားကို ဆိုအံ့ဟုကြံသော စေတနာသည် စေတနာ ဝါစာမည်၏။

ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် ဝိရတိ ဝါစာမည်၏။

နှုတ်မြွက်၍ဆိုသော အသံသည် သဒ္ဒ ဝါစာမည်၏။

ထိုအသံနှင့် တကွဖြစ်သော မိမိလည်းသိစေအပ် သူတပါးတို့ကိုလည်း သိစေတတ်သော အခြင်းအရာထူးဟု ဆိုအပ်သော ဝိညတ်ရုပ်သည် ရှိ၏။ ထိုဝိညတ်ရုပ်သည်သာလျှင် ဝစီကံ၏ဖြစ်ရာဖြစ်သောကြောင့် ဝစီကမ္မဒွါရမည်၏။ ထိုဒွါရ၌ဖြစ်သော စေတနာဖြင့် မုသာဝါဒအစရှိသော ဝစီဒုစရိုက်တို့ကို ပြောဆို၏။ ထိုစကားတို့မှ ရှောင်ကြဉ်ခြင်းကိုလည်း ပြု၏။ ထိုသို့ပြောဆိုခြင်း ရှောင်ကြဉ်ခြင်းတို့သည် ဝစီကံ မည်၏။

အလုံးစုံသော စိတ်အခုယုတ် ကိုးဆယ်သည် မနောဒွါရမည်၏။ ထိုစိတ်၌ ယှဉ်သော စေတနာသည် ကံမည်၏။ ယင်းသို့ ဒွါရ, ကံ မည်သော်လည်း ဤအရာ၌ ကမ္မပထ ဖြစ်သောကံ၏ဖြစ်ရာကို လိုအပ်ရကား လောဂီကုသိုလ် သတ္တရသ အကုသိုလ်ဒွါဒသအားဖြင့် ၂၉-ပါးသော ဇောစိတ်သည်သာလျှင် မနောကမ္မဒွါရ မည်၏။ ထိုစိတ်တို့နှင့်ယှဉ်လျက်ပါသော စေတနာသည်ရှိ၏။ ထိုစေတနာဖြင့် အဘိဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့ကိုယူ၏။ ထိုအမှုတို့မှ ရှောင်ကြဉ်ခြင်းကိုလည်း ပြု၏။ ထိုသို့ပြုခြင်း, ရှောင်ကြဉ်ခြင်းတို့သည် မနောကံ မည်၏။

http://www.dhammadownload.com

ကိုယ်ဖြင့်၎င်း, နှုတ်ဖြင့်၎င်း ပြုအပ်သောအမှုသည် ကရဏိယနှိ ကမ္မံ ဟူသည်နှင့်ညီစွာ မုချအားဖြင့် ကံမည်သည်။ ထိုအမည်ကို အကြောင်းဖြစ်သော စေတနာ၌တင်စား၍ အကြောင်းဖြစ်သော စေတနာကို ဖလူပစာရအားဖြင့်ကံ ဟူ၍ဆိုသည်။ ထို့ကြောင့်-

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတ္ဝာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ-

ဟူ၍ ဟောတော်မူသည်။

ထိုစေတနာဟူသောကံ၏ ဖြစ်ရာဒွါရသည် ကာယ ဝစီ မနဟူ၍ ၃-ပါးပြားသည်၏ အဖြစ်ကြောင့် ထိုစေတနာဟူသော ကံကိုလည်း ဌာန၏အမည်ကို ဌာနီ၌တင်စား၍ ဌာနူပစာရနည်းအားဖြင့် ကာယကံ ဝစီကံ မနောကံ ဟူ၍ ခေါ်သည်။

ထိုစေတနာကြောင့်ပြီးသော ပါဏာတိပါတ်စသော အမှုကိုလည်း ဌာနဖြင့် ဌာနီကိုမှတ်၍ ပညတ်သော တဗ္ဗဟုလဝုတ္တိ နည်းအားဖြင့် ကာယကံ, ဝစီကံ, မနောကံဟူ၍ ခေါ်လေသတည်း။

၂၀၁ ကမ္မပထ အားဖြင့် အကုသိုလ်ကံ

၁၀-ပါးပြားပုံကို ပြခြင်း

ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော စေတိ ကာယဝိညတ္တိသင်္ခါတော ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမအစရှိသော လက်သန်းပါဌ်၌လာ၏ အဓိပ္ပါယ်ကား-

ကာယကံ ၃-ပါး

ပါဏာတိပါတ်, အဒိန္နဒါန်, ကာမေသုမိစ္ဆာစာရ ဤ ၃-ပါးသောကံသည် ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌များစွာ ဖြစ်တတ်သောကြောင့် ဝစီဒွါရ၌လည်း အပွကအားဖြင့် ဖြစ်သော်လည်း များရာသို့လိုက်၍ခေါ်သော တဗ္ဗဟုလဝုတ္တိနည်းအားဖြင့် ကာယကံမည်သည်။

ဝစီကံ ၄-ပါး

မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ ဤလေးပါးသောကံသည် ဝစီဝိညတ်ဟုဆိုအပ်သောဝစီဒွါရ၌များစွာဖြစ်တတ်သောကြောင့်ကာယဒွါရ၌ အပွကအားဖြင့် ဖြစ်သော်လည်း ယခင်နည်းအားဖြင့် ဝစီကံမည်၏။

http://www.dhammadownload.com

မနောကံ၃-ပါး

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဤသုံးပါးသောကံသည် ကာယဝိညတ်, ဝစီဝိညတ်ကိုကြဉ်၍ရင်း, ထိုဝ်ညတ်ဘို့နှင့်တကွရင်း, မနောဒွါရဋ္ဌများစွာ ကာယဝစီဒွါရဋ္ဌ အပွကအားဖြင့်သာ ဖြစ်ဘတ်သောကြောင့် မနောကံမည်သည်။

ထို့ကြောင့် အဋ္ဌသာလိနီ(၁၃၂)၌-

အကုသလံ ဟိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ၊ နမနောဒွါရေ၊ တထာ အကုသလံ ဝစီကမ္မံ အကုသလံ မနောကမ္မံ ပနတီသုပိ ဒွါရေသု သမုဋ္ဌာတိ။ တဿာ ကုသလာနိ ကာယဝစီမနောကမ္မာနိ-

ဟူ၍ မိန့်သည်။

ဟိ၊ ထင်စ့ာဆိုလိုက်အံ့။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသုံးပါးသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ နသမုဋ္ဌာတိ၊ မဖြစ်။ တထာ၊ ထို့အတူ။ အကုသလံ ဝစီကမ္မံ၊ အကုသိုလ်ဝစီ ံ ၄-ပါးသည်။ ဝစီကာယဒွါရေသု၊ ဝစီဒွါရ, ကာယဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ နသမုဋ္ဌာတိ၊ မဖြစ်။ အကုသလံ မနောကမ္မံ ပန၊ အကုသိုလ်ဖြစ်သော မနောကံသုံးပါးသည်ကား၊ တိသုပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန်သော။ ကာယဝစီမနောကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ တထာ၊ ထို့အတူပင်တည်း။

အကုသိုလ်ဒုရာ၌ ဒုစရိတသာဖြစ်၍ ကမ္မပထမဖြစ်ပုံကို ပြရာ၌-

အကုသိုလ်ဆယ်ပါးတို့သည်-

၁။ ကမ္မပထသို့ ရောက်သောကံ၊
၂။ ကမ္မပထသို့ မရောက်သောကံ၊

ဟူ၍ နှစ်ပါး ဒသပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ကမ္မပထသို့မရောက်သောကံကို ထိုထို့ဒွါရ၌ဖြစ်သော ဒုစရိုက်အမည်ဖြင့်သာလျှင် ခေါ်ဝေါ်အပ်၏ဟု ပြလိုရကား-

ကာယဝစီဒွါရေသု ဟိ စောပနံ ပတ္တာ ကမ္မပထံ အပတ္တံ အတ္ထိ၊ မနောဒွါရေ စ သမုဒါစာရံ ပတ္တာ ကမ္မပထံ အပတ္တံ အတ္ထိ၊ တံ ဂဟေတ္တာ တံတံဒွါရပက္ခိကမေဝ အကံသု-

စသည်ဖြင့် မိန့်ဆိုသည်။

http://www.dhammadownload.com

ဟိ၊ ထင်စ့ဝဆိုဉီးအုံ။ ကာယဝစီဒ္ဒါရေသု၊ ကာယဒ္ဒါရ, ဝစီဒ္ဒါရတို့ဥ်။ စောပန်၊ တုန်လှုပ်ခြင်းသို့။ ပတ္ဓာ၊ ရောက်လျက်။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တံ၊ မရောက်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ မနောဒ္ဒါရေ စ၊ မနောဒ္ဒါရဥ်လည်း။ သမုဒါစာရံ၊ လေ့ကျက်ခြင်းသို့။ ပတ္ဓာ၊ ရောက်လျက်။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တံ၊ မရောက်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသို့ကမ္မပထသို့ မရောက်သောကံကို။ ဂဟေတ္ဓာ၊ ယူ၍။ တံတံ ဒ္ဒါရာဘိုက ်မဝ၊ ကိုယ်သောဒ္ဒါရဥ် ထည့်သွင်းခြင်းကိုသာလျှင်။ အကံသု၊ ပြုကုန်၏။ ကတြ၊ ထိုသို့ကည့်သွင်းဆုဥ်။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ နခေယာ၊ နှဲ့ပြောသည်၊။

အကုသိုလ်ကာယကံ ဖြစ်, မဖြစ်ကို ပြခြင်း

ယော နရော၊ အကြင်သူသည်။ မိဂဝံ၊ သမင်ဟောသို့။ ဂမိဿာမိတိ်။ သွားအုံ့ဟူ၍။ ဓနုံ စ၊ လေးကိုလည်း၊ သဇ္ဇေတိ၊ စီရင်၏။ ဇိယံ၊ လေးညှိုကို။ ဝဋ္ဋေသိ၊ ကျစ်၏။ သတ္တိ ံ၊ လှံကို။ နိသေဓေ၊ သွေး၏။ ဘတ္တံ၊ ထမင်းကို၊ ဘုဥ်္ဇတိ၊ စား၏။ ဝတ္ထံ၊ ပုဆိုးကို။ ပရိဒဟတိ၊ ဖောက်ပိုးကြိုက်၏။ ဧတ္တာဝတာ၊ ဤသို့ပြုခြင်းဖြင့်။ ကာယဒ္ဒါဓရ၊ ကာယဒ္ဒါဓဥ်၌။ စောပနံ၊ တုန်လှုပ်ခြင်းသို့။ ပတ္တံ၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဧသော၊ ထိုတောဟိုကွေးသောသူသည်။ အရဏေ၊ တောဥ်။ ဒိဝသံ၊ တနေ့ပတ်လုံး။ စရိတ္ဝာ၊ လှည့်လည်၍။ အန္တမသော၊ အယုတ်သဖြင့်။ သသဗိန္ဒုဝရမတ္တမ်ပိ၊ ယုံးယဉ်, ကြောင်ငယ်မျက်စိလည်း။ နလဘတိ၊ မရခဲ့။ ဣဒံ အကုသလံ၊ ဤတောဒဏ်ရုံမျှသော အကုသိုလ်သည်။ ကာယကမ်မံ နာမ၊ ကာယကံမည်သည်။ ဟောတိ၊ ဖြစ်အုံ့လော။ နဟောတိ၊ မဖြစ်အုံ့လော။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ နဟောတိ၊ မဖြင်။

ကသ္မာ၊ ဘယ်ကြောင့်နည်းဟူမူကား။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်ဘည်း။ ကေဝလံ ပန၊ စင်စစ်သော်ကား။ ကာယဒ္ဒုစ္စရိတံနာမ၊ ကာယဒုစရိုက်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတပ္ပံ၊ သိအပ်၏။ မစ္ဆဂဟကာဒီသု၊ ငါးဖမ်းခြင်းအစရှိကုန်သော။ ပယောဂေသု၊ ပယောဂတို့ဥ်။ ဧသေဝ နယော၊ ဤနည်းပင်တည်း။

၂၁၂-အကုသိုလ်ဝစီကံ ဖြစ်, မဖြစ်ကို ပြခြင်း

ဝစီဒ္ဒါရေပိ၊ ဝစီဒ္ဒါရဥ်လည်း။ ယော၊ အကြင်သူသည်။ မိဂဝံ၊ သမင်တောသို့။ ဂမိဿာမိတိ၊ သွားအုံ့ဟူ၍၊ ဝေဂေန၊ လျင်စွာ။ ဓနုအာဒီနိ၊ လေး, မြား, လှံ, ဓား စသည်တို့ကို။ သဇ္ဇေတွာတိ၊ စီရင်လော့ဟူ၍။ အာဏာပေတွာ၊ သူ့ကို စေခိုင်း၍။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဒိဝသံစရိတ္ဝာ၊ တနေ့ပတ်လုံး လှည့်လည်၍။ အရညေ၊ တောဥ်။ ကိဉ္စိ၊ တစုံတခုသော ယုံ, ကြောင်သတ္တဝါကို။ အလဘန္တဿ၊ မရသောသူအား။ ဝစီဒ္ဒါရေ၊ ဝစီဒ္ဒါရဥ်။ စောပနံ၊

http://www.dhammadownload.com

တုန်လှုပ်ခြင်းသို့။ ကိဉ္စိပိ ပတ္တံ၊ အကယ်၍ကား ရောက်၏။ ပန၊ ထိုသို့ရောက်သော်လည်း။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တာတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ ဝစီကမ္မံ နာမ၊ ဝစီကံမည်သည်။ န ဟောတိ၊ မဖြစ်။ ကေဝလံ၊ စင်စစ်။ ဝစီဒုစ္စရိတံနာမ၊ ဝစ်ဒုစရိုက်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၂၀၃-အကုသိုလ်မနောကံ ဖြစ်, မဖြစ်ကို ပြခြင်း

မနောဒ္ဓါရေ ပန၊ မနောဒ္ဓါရဉ်ကား။ ဝဓကစေတနာယ၊ သတ်လိုသောစေတနာ၏။ ဥပပန္နမတ္တာယ ဧဝ၊ ဖြစ်ကာမျှဉ်ပင်လျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထအထူးသည်။ ဟောတိ၊ ဖြစ်၏။ သော စ ဧခါ၊ ထိုသို့ဖြစ်ခြင်းသည်လည်း။ ဗျာပါဒဝသေန၊ ညှဉ်းဆဲနှိပ်စက်လိုသော ဒေါသ၏အစွမ်းဖြင့်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်၊ ဟ် ကသ္မာ၊ ဘယ့်ကြောင့်နည်းဟူမူကား။ အကုသလံ ကာယကမ္မံ၊ အကုသိုလ်ကာယကံသည်။ ကာယာဝဓီဒ္ဓါရေသု၊ ကာယဒ္ဓါရ, ဝစီဒ္ဓါရဟို၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒ္ဓါရေ၊ မနောဒ္ဓါရဉ်။ န သမုဋ္ဌာတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းဖြင့်။ န သမုဋ္ဌာတိ၊ မဖြစ်။

ဤအဋ္ဌကထာပါဠိ၌ အဓိပ္ပါယ်အကျဉ်းကား-

ကံတို့သည် ကမ္မပထသို့ရောက်သောကံ, **မရောက်**သောကံဟူ၍ နှစ်ပါးရှိသည်တွင် ကမ္မပထသို့**ရောက်**သောကံ၌ ပါဏာတိပါတ်စသော**အမှု**သည် ကာယဒ္ဓါရဉ်၌ဖြစ်သောအခါ၊ **ကာယကံ ကာယဒ္ဓါရဉ်** ဖြစ်သည်မည်၏။ သူတပါးကို စေခိုင်းသောအခါ **ကာယကံ ဝစီဒ္ဓါရဉ်** ဖြစ်သည်မည်၏။

ကမ္မပထသို့ **မရောက်**သော ပါဏာတိပါတ စသည်၌ကား လက်နက်ကိုကိုင်ခြင်း, လှည့်ပတ်ရှာဖွေခြင်း စသည်တို့ဖြင့် ကာယဒ္ဓါရဉ်ဖြစ်သောအခါ **ကာယဒုစရိုက်မည်သည်**။ သူ့ကိုစေခိုင်းသည်**၏** အစွမ်းဖြင့် ဝစီဒ္ဓါရဉ် ဖြစ်**သော**အခါ **ဝစီဒုစရိုက်သာမည်သည်**။ ကာယဒုစရိုက်မမည်။ ဘယ့်ကြောင့်နည်းဟူမူ ကမ္မပထသို့ မရောက်လေသောကြောင့်တည်း ဟူလိုသည်။

မနောဒ္ဓါရဉ်ကား ဥစ္စာကိုလိုချင်သော လောဘ, ညှဉ်းဆဲလိုသော ဒေါသဖြစ်သောအခါကပင် **မနောကမ္မပထသို့** ရောက်၏။ ဒုစရိုက်လည်းဖြစ်၏။ အသက်သတ်ခြင်း စသည်ကိုပြုအံ့ဟု ကြံစိအားထုတ်၍ ကိုယ်တုန်လှုပ်ခြင်း, နှုတ်တုန်လှုပ်ခြင်းကို ပြုသောအခါ ထိုဖေတနာသည် မနောကံ, **မနော**ဒုစရိုက်မမည်ပြီ။ **ကာယဒုစရိုက်, ဝစီဒုစရိုက်**သာဇင်း, **ကာယကံ ဝစီကံ**သာဇင်း မည်တော့၏ ဟူလိုသည်။

http://www.dhammadownload.com

ဤအဓိပ္ပါယ်ကို ပြလိုသော အနုဋ္ဌီကာဆရာသည်–

ယထာ့ ဟိ ကမ္မပထံ ပတ္တာ ကာယကမ္မာဒိသခ်ါတာ စေတနာ ဒ္ဒါရန္တရေ ဥပ္ပန္နာပိ ကာယကမ္မာဒိနာမမေဝ လဘန္တိ နဲ ဧဝံ ကမ္မပထံ အပတ္တာ တာ ပန ယတ္ထ ယတ္ထ ဒ္ဒါရေ ဥပ္ပဇ္ဇန္တိ၊ တေန တေနေဝ ဒ္ဒါရေန ကာယဒုစ္စရိတံ, ဝစီဒုစ္စရိတန္တိအာဒိနာမံ လဘန္တိ၊ ဧဝံ နာမ ဂဟဏမေဝ ဟိ တေသံ ဒ္ဒါရပဏ္ဍိက ကရဏံ ဝုတ္တံ–

ဟူ၍ မိန့်အပ်ပြီ။

ဟိ၊ ထင်စ္ဒာဆိုဦးအံ့။ ကမ္မပထံ၊ ကမ္မပထသို့။ ပတ္တာ၊ ရောက်ကုန်သော။ ကာယကမ္မာဒိသခ်ါတာ၊ ကာယကံ စသည်ဟုဆိုအပ်ကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဒ္ဒါရန္တရေ၊ မိမိ၏ဖြစ်ရာဒ္ဒါရမှ တပါးသောဒ္ဒါရ၌။ ဥပ္ပန္နာပိ၊ ဖြစ်သော်လည်း။ ကာယကမ္မာဒိနာမမေဝ၊ ကာယကံ စသော အမည်ကိုသာလျှင်။ လဘန္တိ ယထာ၊ ရကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တာ၊ မရောက်ကုန်သော အကုသိုလ်စေတနာတို့သည်။ ကာယကမ္မာဒိနာမံ၊ ကာယကံ စသောအမည်ကို။ နဲ လဘန္တိ၊ မရကုန်။ တာ ပန၊ ထိုစေတနာတို့သည်ကား။ ယတ္ထ ယတ္ထ ဒ္ဒါရေ၊ အကြင်အကြင်ဒ္ဒါရ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေန တေနေဝ ဒ္ဒါရေန၊ ထိုထိုဖြစ်ရာဒ္ဒါရ၏ အစွမ်းဖြင့်သာလျှင်။ ကာယဒုစ္စရိတံ, ဝစီဒုစ္စရိတန္တိအာဒိနာမံ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်စသောအမည်ကို။ လဘန္တိ၊ ရကုန်၏။ ဟိ၊ သင့်စ္ဒ။ ဧဝံ၊ ဤသို့။ နာမဂဟဏမေဝ၊ အမည်ကို ယူခြင်းပင်လျှင်။ တေသံ၊ ထိုစေတနာတို့၏။ တံတံဒ္ဒါရပဏ္ဍိက ကရဏံ၊ ထိုထိုသောဒ္ဒါရ၌ထည့်သွင်ခြင်းကို ပြုခြင်းဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

သားငါးသတ်ခြင်းငှါ ကြံ၍ လက်နက်, ဓားလှံ, ပြင်ဆင်သောကာလ၌ ကျရောက်သော လောဘ, ဒေါသတို့သည် အဘိဇ္ဈာ,ဗျာပါဒ သဘောဖြစ်၍ မနောကံ မမည်သင့်ပါလောဟု စောဒနာငြားအံ့။

ကမ္မပထ မမြောက်သော ကာယဒုစရိုက်ကိုငှင်း, ဝစီဒုစရိုက်ကိုငှင်း ပြုသော စေတနာတို့သည် မနောကံ မမည်။ ထို့ကြောင့် မနောကံ မခေါ်သင့်။ ကာယဒုစရိုက်လည်း ကာယကံ၌သာဝင်သည်။ ဝစီဒုစရိုက်လည်း ဝစီကံ၌သာဝင်သည်ဟု ပြခြင်းငှါ မူလဋီကာ၌–

ဣမေ,သတ္တာ ဟညန္တူတိ ပဝတ္တဗျာပါဒဝသေန စေတနာ ပဏ္ဍိကာ ဝါ ဘဝန္တိ၊ ကာယကမ္မဝေါဟာရလာဘာ အဗ္ဗောဟာရိကာ ဝါ မနောကမ္မဝေါဟာရဝိရဟာ သသမ္ဘာရပထဝိအာဒီသု အာပါဒယော ဧတ္ထ နိဒဿနံ–

ဟူ၍ မိန့်သည်။

http://www.dhammadownload.com

ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဟညန္တု၊ သေပါလေစကုန်။ ဣတိ၊ ဤသို့။ ပဝတ္တာဗျာပါဒပဿေန၊ ဖြစ်သောဒေါသ၏ အစွမ်းဖြင့်။ ကာယဒ္ဒါရိက-စေတနာ၊ ကာယဒွါရ၌ ဖြစ်သော စေတနာသည်။ ကာယကမ္မဝေါဟာရ-လာဘာ၊ ကာယကံဟူသော ဝေါဟာရကို ရခြင်းကြောင့်။ စေတနာပက္ခိ-ကာ ဝါ၊ ကာယကံကိုပြီးစေသော စေတနာ၏ အသင်းအပင်းသာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ မနောကမ္မဝေါဟာရဝိရဟာ၊ မနောကံဟူသော ဝေါဟာရမှကင်း ခြင်းကြောင့်။ အဗ္ဘောဟာရိကာ ဝါ၊ မနောကံ မခေါ်ဝေါ်သင့် ကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏၊ ထို့ထွေ၊ ဤမနောကံဟု မခေါ်ဝေါ်သင့်ရာ၌။ သသမ္ဘာရပထဝိအာဒီသု၊ ကသာ, လောမာ အစရှိသော သသမ္ဘာရပထဝီစသည်တို့၌။ အာပါဒယော၊ အာပေါဓာတ် အစရှိသည်တို့သည်။ နိဒဿနံ၊ သက်သေတည်း။

ကသာ, လောမာ စသော ပထဝီဓာတ်နှစ်ဆယ်တို့၌ အာပေါ, တေဇော, ဝါယော ဓာတ်တို့သည် ရှိငြားသော်လည်း အာပေါဓာတ်စသည်ဖြင့် မခေါ်ဝေါ်အပ်၊ ပထဝီဓာတ်ဟူ၍သာ ခေါ်ဝေါ်အပ်သကဲ့သို့ ကံမခြောက်သော ကာယဒုစရိုက် ဝစီဒုစရိုက်ကို ပြီးစေသော စေတနာနှင့်တကွသော အဘိဇ္ဈာ, ဗျာပါဒတို့ကို မနောကံ မခေါ်ဝေါ်အပ်ကုန် ဟူလိုသည်။

၂၀၄-ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ပြခြင်း

ကမ္မပထ မြောက်သော ကံ၏ဒွါရ၌ဖြစ်ဟန်ကို အဋ္ဌကထာ၌ ပြသည်ကား-အကြင်သူသည် မိမိကိုယ်တိုင် သတ်ခြင်း, ခိုးခြင်း, ပြစ်မှားခြင်းကိုပြု၏။ ထိုသူ၏ကံသည် ကာယကံ မည်၏။ ဒွါရလည်း ကာယဒွါရ၌ဖြစ်၏။ ထိုကံကိုပြီးစေသော စေတနာနှင့် တကွသော အဘိဇ္ဈာ, ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

အကြင်သူသည် သူတယောက်အား သင်သည် ဤမည်သောသူကို သတ်-ချေ ဟူ၍ဆင်း, ဤမည်သောဥစ္စာကို ခိုးချေဟူ၍ဆင်း စေ၏။ ထိုစေသော သူ၏ကံသည် ကာယကံ မည်၏။ ဒွါရကား ဝစီဒွါရဖြစ်၌၏။ ထိုသို့စေခြင်းကြိ-ယာကို ပြီးစေတတ်သော စေတနာနှင့်တကွသော အဘိဇ္ဈာ စသည်တို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

ဤကား-ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ခြင်းတည်း။

၂၀၅-ဝစီကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ကို ပြခြင်း

အကြင်သူသည် သူတပါးအား လှည့်ပတ်လိုသည်ဖြစ်၍ နှုတ်မမြွက်ပဲ လက်ဝါးကာခြင်း, ခေါင်းလှုပ်ခြင်းစသည်ကိုပြု၏။ ဆဲရေးလိုသည်ဖြစ်၍ လက်ဆုပ်

http://www.dhammadownload.com

ပြခြင်းကိုလည်း ပြု၏။ ကိုယ်၏ ဖောက်ပြန်ခြင်းဖြင့်သာလျှင် ပီသုဏ္ဏဝါစာ, သမ္မပ္ပလာပတို့ကို သိစေ၏။ ထိုသူ၏ကံသည် ဝစီကံမည်၏။ ဒုဒ္ဒါရကား ကာယဒုဒ္ဒါရဒ္ဒဖြစ်၏။ ထိုကံကို ပြီးစေသော စေတနာနှင့် တကွသော အဘိဇ္ဈာစသည်တို့သည် စေတနာအဖို့ဒ္ဒသာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

အကြင်သူသည် နှုတ်မြွက်၍ မုသာပါဒ, ပီသုဏ္ဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့ကို ပြောဆို၏။ ထိုသူ၏ကံသည် ဝစီကံမည်၏။ ဒုဒ္ဒါရလည်း ဝစီဒုဒ္ဒါရဖြစ်၏။ ထိုကံကို ပြီးစေသော စေတနာနှင့်တကွသော အဘိဇ္ဈာစသည်တို့သည် စေတနာအဖို့ဒ္ဒသာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

ဤကား ဝစီကံ, ဒုဒ္ဒါရနှစ်ပါးဒ္ဒ ဖြစ်ခြင်းတည်း။

၂၀၆-မနောကံ ဒုဒ္ဒါရသုံးပါးဒ္ဒ ဖြစ်ဟန်ကို ပြခြင်း

အကြင်သူသည် သူ၏ဥစ္စာကို လိုဒ္ဓုင်သောစိတ်ဖြင့် ကိုယ်အင်္ဂါကို တုန်လှုပ်စေလျက် ဥစ္စာထုပ်ကိုကိုင်ခြင်း, လက်ကိုဆွဲခြင်း စသည်ကို ပြု၏။အမျက်နှင့်တကွသော စိတ်ဖြင့်ရိုက်ခတ်ခြင်းဂါ လုံ,ကန် ကိုင်ခြင်းစသည်ကိုလည်း ပြု၏။ မိစ္ဆာဒိဋ္ဌိနှင့်တကွသောစိတ်ဖြင့် ပိသုနိုး, ပရုဒမသူရာစဂါး နတ်ဟိုအား ရှိခိုးခြင်း, ပန်းသစ်သီးပူဇော်ခြင်းကိုလည်းပြု၏။ ထိုသူ၏ကံသည် မနောကံမည်၏။ဒုဒ္ဒါရကား ကာယဒုဒ္ဒါရဒ္ဒ ဖြစ်၏။ စေတနာကား ကံမှ အခြားမရှိပြီ။

အကြင်အခါဒ္ဒ သူ၏ဥစ္စာကို လိုဂျင်သောစိတ်ဖြင့် နှုတ်ဖျားဂါကို တုန်လှုပ်စေလျက် ဤဘဏ္ဍာသည် ငါ၏ဥစ္စာဖြစ်ပါမူကား ပေးဝင်းလေစွဟု ဆောင့်တ၏။ ဗျာပါဒနှင့်တကွသောစိတ်ဖြင့် ဤသတ္တဝါတို့သည် သေပါစေဟူ၍ဖြင်း, မိပါစေဟူ၍ဖြင်း ပျက်စီးပါစေဟူ၍ဖြင်း ဆောင့်ဘ၏။ မိစ္ဆာဒိဋ္ဌိနှင့် တကွသောစိတ်ဖြင့် အလှူ၏အကျိုးသည် မရှိ စသည်ဖြင့် ဆို၏။ ထိုသူ၏ကံသည် မနောကံမည်၏။ ဒုဒ္ဒါရကား ဝစီဒုဒ္ဒါရဒ္ဒဖြစ်၏။ ဤဒုစရိုက်သုံးပါးလည်း ကံမှ အခြားမရှိ။

အကြင်အခါဒ္ဒ ကိုယ်အင်္ဂါနှုတ်အင်္ဂါကို မလှုပ်စေပဲ ငြိမ်သက်စွာနေလျက် သူ၏ဥစ္စာကိုလိုဂျင်ခြင်း, သူဗီးဝဲါးကို ဖျက်ဆီးလိုခြင်း စိတ်သည်ဖြစ်၏။ မိစ္ဆာအယူကိုလော်လည်း ကြံယူ၏။ ထိုအခါ ထိုသူ၏ကံသည် မနောကံမည်၏။ ဒုဒ္ဒါရလည်း မနောဒုဒ္ဒါရဒ္ဒဖြစ်၏။ ဤကားမနောကံ ဒုဒ္ဒါရ-သုံးပါးဒ္ဒ ဖြစ်ခြင်းတည်း။

ဤသို့လျှင် ကာယကံ ၃-ပါးသည် ကာယ, ဝစီ ဟူသော ဒုဒ္ဒါရနှစ်ပါးဒ္ဒသာ ဝစီကံ ၄-ပါးသည်သည်း ကာယ, ဝစီ ဟူသော ဒုဒ္ဒါရနှစ်ပါးဒ္ဒသာ ဖြစ်သည်။ မနောကံ ၃-ပါးမူကား ဒုဒ္ဒါရ ၃-ပါးလုံးပင် ဖြစ်၍ဟူ၍ ပြတော်မူသည်။

ဤမနောကံ ကာယဒုဒ္ဒါရဒ္ဒ ဖြစ်ပုံကို ပြသော်စကားဒ္ဒ——

http://www.dhammadownload.com

ယဒါပန အာဘိဇ္ဈာသဟဂတေန စေတသာ ကာယာဂ်ံ စောပေန္တော ဟတ္ထဂ္ဂါဟာဒီနိ ကရောတိ ဗျာပါဒသဟဂတေန စေတသာ ဒဏ္ဍပရာမာသာဒီနိ ကရောန္တိ—

ဟူသောပါဠ်ကို မှီ၍ သူ၏ဥစ္စာကိုယူခြင်းငှါ သွားသောသူသည် ဥစ္စာထုပ်ကို ကိုင်မိသည်တိုင်အောင် ဘူဒိမ်ရာကို ဖြစ်မှားလိုသောသူသည် လက်စသည်ကို သုံးသပ်မိသည်တိုင်အောင်, သတ်ပုတ်လိုသောသူသည် လုံကန် ကိုင်ရုံမျှမက ရိုက်ခတ်မိသည်တိုင်အောင် ကံ မမြောက်မူကား ကာယဒွါရ၌ဖြစ်သော မနောကံ ဟု ယူမှားကြကုန်၏။

ဤသို့ယူမှု မိမိတို့မှိရာ အဋ္ဌကထာကိုပင် စွပ်စွဲရောက္ခတော့မည်။ အဘယ့်ကြောင့် နည်းဟူလျှင် ၎င်းအဋ္ဌကထာဟု၌ ကမ္မပထမမြောက်သော ပုဗ္ဗစေတနာနှင့်တကွသော ပယောဂကို ကာယဒုစရိုက်ရင်း, ဝစီဒုစရိုက်ရင်း ဖြစ်သည်။ မနောကံမဟုတ်ဟု ပြလေပြီးဖြစ်သောကြောင့်တည်း။

ကိုယ်အင်္ဂါကိုလှုပ်စေလျက် လက်နက် ခား, လုံ့, ကိုင်ခြင်းစသော အမှုအရာကိုမှ မနောကံ, ကာယဒွါရဖြစ် မယူခဲ့သော် ဘယ်သို့သော အရာကို ယူပါတော့အုံနည်း ဟူငြားအုံ။

သူ့၏ဥစ္စာကို လိုချင်ခြင်း အားကြီးသဖြင့် ရွှေရွှေကြံလျက် လက်ပမ်းသည်တို့မဆိုင်ဘွဲ့မီ ဟန်ရေးပြသကဲ့သို့ ဤသို့ဝင်မည်, ဤသို့ထွက်မည်, ဤသို့ယူမည်ဟု ကြံရွယ်လှုပ်ရှားသော အခါဌ်ဌင်း။

သူ့အားရန်ငြိုးထားခြင်းအားကြီးသဖြင့် ဤသို့ရိုက်မည်, ဤသို့ထိုးနှက်မည်ဟု အမှုအရာပြုသောအခါဌ်ဌင်း, ကိုယ်အင်္ဂါလှုပ်ခြင်းသို့ ရောက်သည်ကိုသာ မနောကံ ကာယဒွါရဖြစ်ယူရမည်။

သူအသက်ကို သတ်ဖောက်အံ့, သူ့ဥစ္စာကိုခိုးဖောက်အံ့ဟု ရွှေရွှအားထုတ်သည်မှစ၍ ကိုယ်တုန်လှုပ်ခြင်း, နှုတ်မြွက်ခြင်း ပယောဂတို့သည် ကာယဒုစရိုက် ဝစီဒုစရိုက်သာ မည်းတော့သည်။ ထိုဒုစရိုက်တို့လည်း ကာယကံ, ဝစီကံသို့ သွင်းရမည်ဟူ၍ ပုလင်္ဂီကာမိန့်၏။

ကာယဒုစရိုက်ကို ကာယကံသို့ သွင်းရမည်။ ဝစီဒုစရိုက်ကို ဝစီကံသို့ သွင်းရမည်ဟူသော စကားကို ဘယ်ကိုထောက်၍ ဆိုသနည်းဟူငြားအုံ—

> တိဝိဓံ ကာယဒုစ္စရိတံ အကုသလံ ကာယကမ္မမေဝ ဟောတိ၊ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ အကုသလံ ဝစီကမ္မမေဝ ဟောတိ၊ တိဝိဓံ မနောဒုစ္စရိတံ အကုသလံ မနောကမ္မမေဝ ဟောတိ—

ဟူ၍ အဋ္ဌသာလိနီ ကမ္မပထ သံသန္ဒနပိုင်း၌ မိန့်သည်ကို ကောက်၍ ဆိုသည်ဟူပေ။ (အနောက်မှာ သိသာလှပြီ။)

http://www.dhammadownload.com

၂၀၇-အကုသိုလ်ကံ ၁၀-ပါးကို
ဟိတ်ဖြင့် ဝေဖန်၍ ပြခြင်း

မေး။ ။အကုသိုလ် ဆယ်ပါး၊ ဟိတ်တရားကို၊ ခြားနားဘယ်သို့ ဝေအံ့နည်း။

ဖြေ။ ။ဒွိဟိတ်ကံ ၆-ပါး။ တိဟိတ်ကံ ၄-ပါးဟူ၍ဆိုပေ။

ဒွိဟိတ်ကံ ၆-ပါးဟူသည်ကား—

ပါဏာတိပါတ,ဖရုသဝါစာ,ဗျာပါဒ ဤ ၃-ပါးသည် **ဒေါသ မောဟ**ဟူသော ဟိတ်နှစ်ပါးကြောင့် ဖြစ်သည်။

၁။ ကာမေသုမိစ္ဆာစာရ, ၂။ အဘိဇ္ဈာ, ၃။ မိစ္ဆာဒိဋ္ဌိ ဤ ၃-ပါးကား **လောဘ,မောဟ** ဟူသော ဟိတ်နှစ်ပါးကြောင့် ဖြစ်သည်။

တိဟိတ်ကံ ၄-ပါးဟူသည်ကား

၁။ အဒိန္နာဒါန်။ ၂- မုသာဝါဒ။ ၃- ပိသုဏဝါစာ။ ၄- သမ္ဖပ္ပလာပ။ ဤ ၄-ပါးသည် **လောဘ,ဒေါသ,မောဟ** ဟူသော ဟိတ် ၃-ပါးကြောင့် ဖြစ်သည်။ မောဟဟိတ်ကို တိုက်ရိုက်မကိုသော်လည်း သဗ္ဗာကုသလသာဓာရဏ ဖြစ်၍ ပါသည်ချည်းဟု သိရမည်။

၂၀၈-ဒါန, သီလ, ဘာဝနာ၌ ကုသိုလ်
ဆယ်ဖြာ သွင်းပုံကို ပြခြင်း

မေး။ ။ဒါန, သီလာ၊ ဘာဝနာစု၊ ဤသုံးခုတွင်၊ ကုသိုလ်ဆယ်ဖြာ၊ ဝင်၍ လာသည်၊ ထိုက်ရာဘယ်သို့ သွင်းမည်နည်း။

ဖြေ။ ။ပဘ္ဘိဒါန,ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌သွင်း။ အပစာယန,ဝေယျာဝစ္စ နှစ်ပါးကိုသီလ၌သွင်း။ ဓမ္မသဝန, ဓမ္မဒေသနာ နှစ်ပါးကို ဘာဝနာ၌ သွင်း။ ဒိဋ္ဌိဇုကမ္မ တပါးကို ၉-ပါးလုံး၌ သွင်းရမည် ဟူပေ။

ဘယ့်ကြောင့် ပဘ္ဘိဒါနနှင့် ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌ သွင်းရသနည်း ဟူမူ—

ဒါနမှိ ဟိ ဣဿာမစ္ဆေရာနံ ပဋိပက္ခံ ဧတေဝိ တသ္မာ သမာနပုဋိပက္ခတာယ ဧကသက္ခဏတ္တာ တေ ဒါနမယဝုညကိရိယာတ္တုမှိ သင်္ဂယှန္တိ—

ဟူသော ဋီကာနှင့်အညီ ဒါနသည် ဣဿာ, မစ္ဆေရတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ပဘ္ဘိဒါန, ပတ္တာနုမောဒနတို့လည်း ဣဿာ, မစ္ဆေရတို့နှင့် ဆန့်ကျင်

http://www.dhammadownload.com

ဘက်ပင် ဖြစ်သည်။ ဤသို့ ဆန့်ကျင်ဘက်ချင်း တူသည်၏အဖြစ်ကြောင့် ဒါနဌ်သွင်း၍ သင်္ဂြိုဟ်အပ်၏ ဟူပေ။

အပစာယနနှင့် ဝေယျာဝစ္စကို ဘယ့်ကြောင့် သီလဌ်သွင်းသနည်းဟူမူ "စာရိတ္တ သီလ ဘာဝတော" ဟူသော ဋီကာနှင့်အညီ သူတော်ကောင်းတို့၏ ကျင့်ဝတ်အလေ့ ဖြစ်သောကြောင့် သီလဌ်သွင်းအပ်၏ ဟူပေ။

ဤကား အရှင်မေပါလ၏အလိုတည်း။ အပရေဆရာတို့ကား ဓမ္မဒေသနာသည် ဓမ္မဒါနဌ်ဖြစ်သောကြောင့် ဒါနဌ်သွင်း၍သင်္ဂြိုဟ်၏။

၂၀၉-ကုသိုလ် ၁၀-ပါးကို ကံ ၃-ပါးဖြင့် ဝေဖန်၍ပြခြင်း

ကမ္မ, ဒွါရအားဖြင့်ကား ဒါန, အပစာယန, ဝေယျာဝစ္စ ဤ ၃-ပါးသည် ကာယဒွါရဌ် များစွာဖြစ်တတ်သောကြောင့် ကာယကံ မည်၏။

သီလ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဒေသနာ ဤလေးပါးသည် ဝစီဒွါရဌ် များစွာဖြစ်တတ်သောကြောင့် ဝစီကံ မည်၏။

ဘာဝနာ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မ ဤ ၃-ပါးသည် မနောဒွါရဌ် များစွာဖြစ်တတ်သောကြောင့် မနောကံ မည်၏ ဟူ၍ ဒီပနီဆိုသည်။

အဋ္ဌသာလ်နီဌ်ကား– ဒါန, သီလ, ဘာဝနာ ၃-ပါးတွင် တပါး တပါးဌ် ကံ ၃-ပါးဖြင့် ဝေဖန်၍ ပြတော်မူ၏။

၂၁၀-အကုသိုလ်ကံတို့၏ ဒ ပြစ်ကြီး, ဝယ် ကို ပြခြင်း

မေး။ ။အကုသိုလ်တရား ကံ ၃-ပါးဝယ်၊ လွန်ကျူးတွယ်သော်၊ ဘယ်ကံ သာ၍ကြီးသနည်း။

ဖြေ။ ။နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိတည်းဟူသော နိယတမိစ္ဆာဒိဋ္ဌိကံသည် သာ၍ကြီးသည်။

ထို့အောက်ကား အနန္တရိယကံ ၅-ပါးတွင် သံဃဘေဒကကံကြီးသည်။
ထို့အောက်-လောဟိတုပ္ပါဒက ကံကြီးသည်။
ထို့အောက်-အရဟန္တဃာတက ကံ ကြီးသည်၊
ထို့အောက်-မာတုဃာတက ကံ ကြီးသည်။
ထို့အောက် ပိတုဃာဟက ကံ ကြီးသည်။

မိဘနှစ်ဦးတို့တွင် အမိသည် သီလရှိသည်ဖြစ်၍ အဘသီလမဲ့သည်ဖြစ်အံ့၊ မာတုဃာတက ကံ ကြီးသည်။

http://www.dhammadownload.com

အဘသီလရှိ၍ အမိသီလမဲ့သည်ဖြစ်အံ့၊ ပိတုဃာတကကံ ကြီးသည်။
မိဘနှစ်ဦး သီလရှိခြင်းတူမူကား မာတုဃာတက ကံ ကြီးသည်ဟူပေ။
ပါဠိကိုလိုမူ သမ္မော အဌကထာဉာဏ ဝိဘင်းအဖွင့်၌ ယူလေ။

၂၁၁-မဟဂ္ဂုတ်ကံမှာ မနောကံသာဖြစ်ကြောင်းကို ပြခြင်း

မေး။ ။မဟဂ္ဂုတ်မှန်၊ ကုသိုလ်ကံကို၊ အသံဖွင့်ကာ၊ ဘာဝနာ၊ ပွားရှာရ လေဦးမည်လော။

ဖြေ။ ။ရူပါဝစရ ကုသလံ ပန မနောကမ္မမေဝ ဝိညတ္တိသမုဋ္ဌာပကတ္တာ ဘာဝေန ကာယဒ္ဓါရာဒီသု အပ္ပဝတ္တနတော–

ဟူသော ဋီကာနှင့်အညီ ရူပါဝစရ ကုသိုလ်ကံသည် ဝိညတ်ကို ဖြစ်စေခြင်း မရှိသည်၏အဖြစ်ကြောင့် ကာယဒ္ဓါရစသည်တို့၌ မဖြစ်ခြင်းကြောင့် မနောကံ သာလျှင် ဖြစ်၏။ အသံဖွင့်၍ မပွားရပြီ ဟူလို။

၂၁၂-ကံအပြား ၁၆-ပါးကို ပြခြင်း

မေး။ ။တိဟိတ်ဥက္ကဋ္ဌ၊ ဒ္ဓိဟိတ်ဥက္ကဋ္ဌ၊ ရသည်အမှန်၊ ၄-ပါးကံကို၊ စတုဗ္ဗိဓံ၊ နှစ်တန်နှစ်တန်၊ ဖွင့်ဆိုပြန်သည်၊ ထိုကံဘယ်က ပွားသနည်း။

ဖြေ။ ။ဉာဏသမ္ပယုတ် ၄-ခုသည် တိဟိတ်စိတ်မည်၏။ ထိုတိဟိတ်စိတ် သည် ဥက္ကဋ္ဌ ၄-ပါး, သြမက ၄-ပါးအားဖြင့် ရှစ်ပါးရှိသည်။ ဉာဏဝိပ္ပယုတ် ၄-ခုဟူသော ဒ္ဓိဟိတ်စိတ်သည်လည်း ဥက္ကဋ္ဌ ၄-ပါး၊ သြမက ၄-ပါးအားဖြင့် ရှစ်ပါးရှိသည်။ ထိုစိတ်၌ပါသော စေတနာလည်း ရှစ်ပါးရှစ်ပါးစီ ရှိသည်ဖြစ်၍ ကံ ၁၆-ပါး ပြားသည် ဟူပေ။

ဥက္ကဋ္ဌကံ,သြမကကံတို့၏ အထူးကိုပြခြင်း

ဘယ့်ကြောင့် ဥက္ကဋ္ဌ ဖြစ်သနည်း၊ ဘယ့်ကြောင့် သြမက ဖြစ်သနည်းဟူငြား အံ့–

ယဉ္ဇိ ကမ္မံ အတ္တနော ပဝတ္တိကာလေ ပုရိမပစ္ဆာဘာဂပဝတ္တေဟိ ကုသ-လကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ အာသေဝနလာဘေန သမုဒါစိဏ္ဏံ၊ တံ ဥက္ကဋ္ဌံ၊ ယံ ပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ ဒုက္ကဋ္ဌမေတံ မယာတိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ၊ တံ သြမကန္တိ ဒဋ္ဌဗ္ဗံ– ဟူသော ဋီကာနှင့်အညီ အကြင်ကုသိုလ်ကံသည် မိမိဖြစ်သောအခါ၌ ရှေ့အဖို့ နောက်အဖို့ဖြစ်သော ကုသိုလ်ဇောတို့သည်လည်း ခြံရံအပ်၏။ နောက်မှမူလည်း

http://www.dhammadownload.com

အဖန်တလဲလဲ မှိုဝဲခြင်း အာသေဝနကိုရသဖြင့် ကောင်းစွာလေ့ကျက်အပ်၏။ ထိုကံသည် ဥက္ကဋ္ဌကံမည်၏။

အကြင်ကုသိုလ်ကံကို ပြုသောအခါ၌ များစွာသော အကုသိုလ်ကံတို့သည် ခြံရုံးအပ်၏။ နောက်ဟူမူလည်း ငါသည် မကောင်းသည်ကို ပြုမိ၏တကားဟု နှစ်လုံးမသာခြင်းရှိ၏။ ထိုကံသည် သြဝကကံမည်၏ ဟူလိုသည်။

၂၁၃-ရှုပဉ္စာန်၏ ပရိပ္ပဿဒ္ဓိ, မဒ္ဒိပ, ပဟိတပြဿိပုံကို ပြခြင်း

မေး။ ။ရူပါဝစရ၊ စျာန်ငါးဝကို၊ ရကြသည်မှာ တူသင့်ပါလျက်၊ ဘယ်ခြင်း ရာကြောင့်၊ ပရိပ္ပဿဒ္ဓိ၊ မဒ္ဒိမ၊ ပဏီဟာဟု သုံးဝပြားပြန်လေသနည်း။

ဖြေ။ ။တတ္ထ ပဋိလဒ္ဓမပ္ပဟာနေသဝိတံ ပရိတ္တံ၊ တဆာ နာတိသုဘာဝိတံ အပရိပုဏ္ဏဝသိဟာဝံ မဇ္ဈိမံ၊ အတိဝိယ သုဘာဝိတံ ပန သဗ္ဗသော ပရိပုဏ္ဏဝသိဘာဝံ ပဏီတံ–

ဟူသော အဋ္ဌသာလိနီနှင့်ညီစွာ စျာန်ကိုရကာမျှဖြစ်၍ ဝသီဘော ငါးပါးတို့ဖြင့် မမှီဝဲရသေးသေး စျာန်လည် ပရိတ္တမည်၏။

စျာန်ရပြီးသော ဝသီးသော ငါးပါးတို့ဖြင့် လေ့လာပြားသော်လည်း အလို အတိုင်း မပြည့်စုံသေးသော စျာန်သည် ပဋိ်မမည်၏။

အာသန်ကောင်းစွာ လေ့လာပွားစေအပ်ပြီးသည်ဖြစ်၍ အလိုအတိုင်း ပြည့်စုံ သောစျာန်သည် ပဏီတမည်၏ဟူလေ။

ဥပမာကား။ ။ဓာတ်ကိုကျက်မှတ်၍ ရကာမျှသည် ပရိတ္တစျာန်နှင့်တူ၏။ ရပြီးသော် မဟုန်မတို့ ချက်ကိုခြင်းငါးမျိုးနိုင်သောအခါ မဇ္ဈိမစျာန်နှင့်တူ၏။ သဘော အဓိပ္ပါယ်, အကျယ်, အကျဉ်းနှင့်ဟက္ခ သိသောအခါ ပဏီတစျာန် နှင့်တူ၏။

၂၁၄-အသညသတ်ကုပ္ပါလေးဘုံလေးဘုံသော စျာန်လာဘီ ပုဂ္ဂိုလ်တို့၏ ဘာဝနာပွားဟန်ကို ပြခြင်း

မေး။ ။ပဥ္စမစျာန်သမ္ပန္နာ၊ အဓိဋ္ဌာတုလျှက်၊ အယူစွဲကပ်၊ သညသတ်မှာ၊ ရုပ်ဖြစ်လာသော်ဘာဝနာဘယ်သို့ပွားသနည်း။

ဖြေ။ ။စိတ်, ဓာတု, ဘဉ္ဇာဟူသော နာမ်ဘာဝေကြောင့်သာလျှင် ဤ ခန္ဓာရဲ့ဖြစ်ခြင်း ချုပ်ခြင်း ဆင်းရဲသည်ဖြစ်၏။ နာမ်တရားမရှိသော် မဖြစ်ရာ မိုးခိုးတိမ်တိုက်ကဲ့သို့ တည်ဟူ၏ဟု နာမ်တရား၌ ငြိုးငွေ့ရကား–

http://www.dhammadownload.com

ဓီ,စိတ္တံ,ဓိပ္ပတံ,စိတ္တံ။ ။စိတ္တံ၊ စိတ်သည်။ ဓီ၊ စက်ဆုပ်ဖွယ်ရှိစွဲ။ စိတ္တံ၊ စိတ်သည်။ ဓိပ္ပတံ၊ စက်ဆုပ်အပ်သော အကျင့်ဖြစ်ကြောင်းတည်း။

ဤသို့ ဘာဝနာပြုသဖြင့် ထိုကုသိုလ်ကြောင့် ရုပ်သက်သာ ပဋိသန္ဓေနေရလေသည်။ ဤပုဂ္ဂိုလ်တို့ကား ကမ္မကြိယ ဝါဒီတိတ္ထိတို့တည်း။ ထို့ကြောင့် ဋီကာ၌–

အရူပဝိရာဂဘာဝနံ ဘာဝေတွာ အသည္တ သတ္တေသု ဥပပဇ္ဇန္တိ၊ ကမ္မကြိယဝါဒိနော တိတ္ထိယာ ဧဝါတိ အဓိပ္ပါယော–

ဟူ၍ မိန့်သည်။

အရူပဝိရာဂဘာဝနံ၊ နာမ်တရား၌ တပ်ခြင်းကင်းသော ဘာဝနာကို။ ဘာဝေတွာ၊ ပွားစေ၍။ အသည္တသတ္တေသု၊ အသည္တဘုံတို့၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ကမ္မကြိယဝါဒိနော၊ ပြုအပ်သော ကုသိုလ်ကံသည် အကျိုးငှဲ့၏ဟု ယူလေ့ရှိကုန်သော။ တိတ္ထိယာ ဧဝ၊ တိတ္ထိတို့ပင်တည်း။ ဣတိအဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၂၁၅-ကုသိုလ်အဘိညာဉ်၏ ပဋိသန္ဓေပဝတ္တိ, အကျိုးမရှိပုံကို ပြခြင်း

မေး။ ။ကုသိုလ်ဧကန်ဇောလည်းမှန်လျက်၊ ပဋိသန္ဓေပဝတ္တိ၊ကျိုးမရှိသည်မည်သည့်ဇောစိတ်ပေတို့နည်း။

ဖြေ။ ။အဘိညာဉ်ကိစ္စတပ်သော ပဉ္စမစျာန် ကုသိုလ်ဇောဟူပေ။ အဘယ့်ကြောင့် အကျိုးမပေးသနည်းဟူငြားအံ့—

အဘိညာဘာဝပုဂ္ဂလော ပန အဝိပါကဘာဝေါ အလဒ္ဓါသေဝနဝသေန ဝုတ္တော–

ဟူသောဋီကာ, နှင့်အညီ အဘိညာဉ်ဇောသည် တကြိမ်သာ စောသည်၏အဖြစ်ကြောင့် အာသေဝနပစ္စည်းကို မရလေရကား အားနည်းသည်ဖြစ်၍ အကျိုးမပေးသည်ဟူပေ။

ကမ္မ စဟုက္ကပြီး၏။

၂၁၆-နိမိတ် ၃-ပါးကို ခွဲခြားပြခြင်း

မေး။ ။သေခါနိုးစိတ်၊ နိမိတ် ၃-ပါး၊ ထင်သည်များကို၊ ခြားအောင် ဘယ်သို့ခွဲမည်နည်း။

http://www.dhammadownload.com

ဖြေ။ ။တတ္ထ ကမ္မံ နာမ အာယူဟတာ ကုသလာကုသလစေတနာ ကမ္မ-နိမိတ္တံ နာမ၊ ယံ ဝတ္ထုံ အာရမ္မဏံ ကတ္ဝာ အာယူဟတိ ဂတိနိမိတ္တံ နာမ နိဗ္ဗတ္တနကသြကာသေ၊ ဇနကာဝ ဝဏ္ဏော ဥပဋ္ဌာတိ–
ဟူသော သဒ္ဒမဟာပါဋ္ဌန့် ညီ့ထွေ·ပြကတော့ အခါဠ် ပြုပြင်အားထုတ်အပ်သော ကုသိုလ်, အကုသိုလ် စေတနာသည် ကံမည်၏။

အကြင်ကျောင်း ဘုရားစသော ဝတ္ထုကို အာရုံပြု၍ ကံကို အားထုတ်၏။ ထိုကံ၏ အာရုံဖြစ်သော ဝတ္ထုသည် ကမ္မနိမိတ် မည်၏။

ဖြစ်လတ္တံ့သောအရုပ်၌ ကံအားလျော်စွာ တခုသော အဆင်းသည်ထင်၏။ ထိုအဆင်းသည် ဂတိနိမိတ်မည်၏ဟုခဲ့ပေ။

နိမိတ် ၃-ပါးတင်ဟန်ကိုပြခြင်း

ဤနိမိတ် ၃-ပါးတွင် ဇာပါးပါးသည် အလုံးစုံသော သတ္တဝါတို့အား ထင်သာလော ဟူကြားအံ့-ဟိုထိုသော ဂတိတို့၌ ဖြစ်ထိုက်သေးသော သတ္တဝါဟူအားသာလျှင် ထင်သည်။ တစုံ တခုသော ဘဝ၌ မဖြစ်ထိုက်သော ရဟန္တာပုဂ္ဂိုလ်ဟူအား မထင်ပြီ နိဗ္ဗာန်သာလျှင် ထင်တော့သည်။ ထို့ကြောင့် ဦးကာ၌–

ယထာရဟန္တိ တံတံဂတိသု ဥပပဇ္ဇနကသတ္တာနုရူပံ။ ကတ္ထစိ ပန အနု-ပပဇ္ဇမာနဿ ဓိဇာသဝဿ ယဿောပဓိတံ နာမရူပမမ္မာဒိကမေဝ စုတိပရိယောသာနံ ဂေါစရဘာဝံ အာရုံ၏အဖြစ်သို့ ဂစ္ဆတိ၊ ရောက်၏။ ကမ္မ-ကမ္မနိမိတ္တာဒယော– ဟူ၍မိန့်ဘာည်။

ယထာရဟန္တိ၊ ယထာရဟံဟူသည်ကား။ တံတံဂတိသု၊ ထိုထိုသောဂတိတို့၌။ ဥပပဇ္ဇနကသတ္တာနုရူပံ၊ ဖြစ်လတ္တံ့သော သတ္တဝါအားလျော်စွာ။ ဥပဋ္ဌာတိ၊ ထင်၏။ ကတ္ထစိ တစုံတခုသော ဘဝဂတိ၌။ အနုပပဇ္ဇမာနဿ၊ မဖြစ်လတ္တံ့သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယဿောပဓိတံ၊ အကြင်အကြင်ထင်ခဲ့ဟိုင်းသော။ နာမရူပမမ္မာဒိကမေဝ၊ နာမ်, ရုပ်တရားတို့၏ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ သင်္ကာသည်သာလျှင်။ စုတိပရိယောသာနံ၊ စုတိအဆုံးရှိကုန်သောစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မ-ကမ္မနိမိတ္တာဒယော။ ကံ, ကမ္မနိမိတ် စသည်တို့သည်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ နု ဂစ္ဆန္တိ၊ မရောက်ကုန်။

ဤပါဋ္ဌကို ဆရာတို့ကြံယူကြသော စကားအကျယ်ကို စွယ်စုံကျော်ထင်အဖြေ၌ ရေးခဲ့ပြီ။

http://www.dhammadownload.com

နိမိတ် ၃-ပါးထင်ရာကာလကို ပြဆိုခြင်း

ထိုနိမိတ် ၃-ပါးတို့သည် စုတိ၏အနီးဖြစ်သော မရဏာသန္နစိတ်၌သာ ထင်အံ့လော ဟူငြားအံ့— အလွန်လျှင်သော သေခြင်းရှိသောသူအား စုတိသို့ မရောက်မီ ၃-ဝီထိခန့်က ထင်သည်။

နှေးနှေးသေခြင်းရှိသောသူအား ၅-ဝီထိ, ၆-ဝီထိ ကွာသော မုဉ္ဆာကာလက ပင် ထင်သည်ဟူပေ။

ဤအဓိပ္ပါယ်ကား—

အညာ သမ္မုဋ္ဌကာလ ကိရိယာ နာမ ဟောတိ၊ ပရမ္မုခံ ဂစ္ဆန္တဿ ဟိ ပစ္ဆတော တိခိဏေန အသိနာ သီသံ ဆိန္ဒန္တိ။ပ။ ဣဒံ ကိမတ္ထံ အာဘတံ အရူပဓမ္မာနံ ဝိသယော နာမ ဧဝံ လဟုကောတိ ဒီပနတ္ထံ—

ဟူသော သမ္မောအဋ္ဌကထာဖြင့် သိအပ်၏။

အညာ၊ တပါးသော။ သမ္မုဋ္ဌကာလ ကိရိယာ နာမ၊ ပြင်းစွာတွေဝေလျက် သေရခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ ပရမ္မုခံ၊ တပါးသို့ မျက်နှာမူလျက်။ ဂစ္ဆန္တဿ၊ သွားသော သူအား။ ပစ္ဆတော၊ နောက်မှ၊ တိခိ-ဏေန၊ ထက်စွာသော။ အသိနာ၊ သန်လျက်ဖြင့်။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ နိပ္ပဇ္ဇိတွာ၊ လျောင်း၍။ နိဒ္ဒါယန္တဿာပိ၊ အိပ်ပျော်သော သူအား လည်း။ တိခိဏေန၊ ထက်စွာသော။ အသိနာ၊သန်လျက်ဖြင့်။ သိသံ၊ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဥဒကေ၊ ရေ၌။ သြသီဒါပေတွာ၊ နစ်မွန်းစေ၍။ မာရေန္တိ၊ သတ်ကုန်၏။ ဧဝရူပေပိ ကာလေ။ ဤသို့သော အခါ၌လည်း။ အညတရံ၊ တပါး ပါးသော။ ကမ္မံ ဝါ၊ ကံသည်ဌင်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်သည်ဌင်း။ ဥပဋ္ဌာတိ၊ ထင်၏။

အညံ၊ တပါးသော၊ လဟုကမရဏံ နာမ၊ လျင်သော သေခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဟိ၊ ဘယ်သို့ရှိသနည်းဟူမူကား။ နိခါဒနဒဏ္ဍကမတ္ထကသ္မိံ၊ ဆောက်ရိုး၏ အထက်၌။ နိလီနံ၊ နားသော။ မက္ခိကံ၊ ယင်ကို။ မုဂ္ဂရေန၊ ဆောက်ပုတ်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ပိသန္တိ၊ ကြေကုန်၏။ ဧဝရူပေပိ-ကာလေ၊ ဤသို့သောအခါ၌လည်း။ ကမ္မံ ဝါ၊ ကံသည်ဌင်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်သည်ဌင်း။ ဥပဋ္ဌာတိ၊ ထင်၏။ ဧဝံ၊ ဤသို့။ ပိသယမာနာယ၊ ကြေလေသော။ မက္ခိကာယ ပန၊ ယင်အားလည်း။ ပဌမံ၊ ရှေးဦးစွာ။ ကာယ-ဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်သို့။ နာဝဋ္ဌေတိ၊ မလည်စေ။ မနောဒွါရာဝဇ္ဇနမေဝ၊ ဒုက္ခဝေဒနာကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်းသည်သာလျှင်။ အာဝဋ္ဌေတိ၊ လည်စေ၏။ အထ ပစ္ဆာ၊

http://www.dhammadownload.com

ထို့နောင်မှ၊ ဇဝနံ၊ ဇောသည်။ ဇဝိတ္ဌာ၊ စောရှ်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရ-တိ၊ သက်၏။

ဒုတိယဝါရေ၊ နှစ်ကြိမ်မြောက်သော ဝါရဉ်။ ကာယဒ္ဒါရာဝဇ္ဇနံ၊ ကာယဒ္ဒါရဉ်ဖြစ်သော အာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဇ္ဇေတိ၊ လည်စေ၏။ တတော၊ ထို့နောင်မှ၊ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်ဂုင်း။ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆိုင်းသည်ဂုင်း။ သန္တီရဏံ၊ သန္တီရဏသည်ဂုင်း။ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌောသည်ဂုင်း။ ဣတိ၊ ဤသို့။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်ဘို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဇဝနံ၊ ဇောသည်။ ဇဝိတ္ဌာ၊ စောရှ်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။

တတိယဝါရေ၊ သုံးကြိမ်မြောက်သော ဝါရဉ်လည်း။ မနောဒ္ဒါရာဝဇ္ဇနံ၊ မနောဒ္ဒါရာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဇ္ဇေတိ၊ လည်စေ၏။ အထ၊ ထို့နောင်မှ။ ဇဝနံ၊ ဇောသည်၊ ဇဝိတ္ဌာ၊ စောရှ်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဧတသ္မိံ ဌာနေ၊ ဤဘတိယဝီထိ၏အရာဉ်။ ကာလကိရိယံ၊ သေလွန်စုတိခြင်းကို။ ကရောတိ၊ ပြုအပ်၏။ ဣဒံ၊ ဤစကားကို။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ၊ အာဘတံ၊ ဆောင်အပ်သနည်း။ အရူပမ္ပောနံ၊ နာမ်တရားတို့၏။ ဝိသယော နာမ၊ အရာမည်သည်ကား။ ဧဝံလဟုကော၊ ဤသို့ လျင်မြန်၏။ ဣတိ ဒီပနတ္ထံ၊ ဤသို့ပြခြင်းငှါ၊ အာဘတံ၊ ဆောင်အပ်၏။

ဤအဌကထာကို ထောက်၍ အလွန်လျင်သော သေခြင်းရှိသော သတ္တဝါအား ၃-ဝီထိအခါကပင် နိမိတ်ထင်၏ဟု သိရာသည်။

ဋီကာကျော်ဌ်ကား–

ပစ္စသန္နမရဏဿာတိ ဧကဝီထိပမာဏာယုကဝသေန၊ တတော ဝါကိဉ္စိ အခိကာယုကဝသေန သမာသန္နမရဏဿ–ဟူ၍ မိန့်၏။

ဤအလိုသော် တခုသောဝီထိ၏ ပမာဏ အသက်ရှိသည်၏ အစွမ်းဖြင့်ဂုင်း, ထိုထက် စိုးစဉ်း လွန်သော အသက်ရှိသည်၏ အစွမ်းဖြင့်ဂုင်း, စုတိကျခြင်းသည် အလွန်နီးသော သေခြင်းရှိသည်မည်၏။ ဤဝီထိဌ်သာ နိမိတ် ၃-ပါးထင်၏ ဟူလိုသည်။ ဖြည်းနှေးစွာ သေရသော သတ္တဝါအား ၅-ဝီထိ ၆-ဝီထိ ကွာသော မုဉ္ဇာကာလကသော်ဂုင်း, ထို့ထက်ကွာသော မုဉ္ဇာကာလကသော်ဂုင်း ထင်၏။

၂၁၇-သေခါနီးတွင် ထင်ပြီးနိမိတ်မြဲမမြဲကို ပြဆိုခြင်း

ထိုသို့သော နိမိတ်သည် မမြဲ၊ ပြောင်းလဲကာလည်း ထင်တတ်၏။ ငရဲလားကြောင်း မကောင်းသော နိမိတ်ထင်ပြီးလျက်လည်း ကောင်းသော ပယောဂကြောင့် ဒေဝနိမိတ်ထင်ပြန်တတ်၏။ နတ်ရွာသွားကြောင်း နိမိတ်

http://www.dhammadownload.com

ကောင်းထင်ပြီးလျက်လည်း နိရယနိမိတ်ထင်ပြန်တတ်၏။ လူ့ပြည်ဂတိနိမိတ် ထင်ပြီးလျက်လည်း တိရစ္ဆာနဂတိနိမိတ် ထင်ပြတတ်၏။ တိရစ္ဆာနဂတိနိမိတ် ထင်ပြီးလျက်လည်း မနုဿဂတိနိမိတ်သည် ထင်ပြန်တတ်၏။ ထို့ကြောင့် ဉာဏဝိဘင်းအဋ္ဌကထာ၌-

ဥပန္နာနသမ်ဂိတာ နာမ။ သာ စလတိ၊ သေသာ နိစ္စလာ။ နိရယေ ဟိ ဥပဋ္ဌိတေပိ ဒေဝလောကော ဥပဋ္ဌာတိ၊ ဒေဝလောကေ ဥပဋ္ဌိတေပိ နိရယော ဥပဋ္ဌာတိ-

စသည်ဖြင့် မိန့်တော်မူသည်။

နိမိတ်မမြဲပုံကို ဝတ္ထုသာဓကဖြင့် ပြအပ်ခြင်း

အဘယ်သူတို့ ထင်ဘူးသနည်းဟူမူကား သေသဖျာ်ရိုးတင်ခြင်းရင်း သဗ္ဗဂိရိကျောင်း၌ သီတင်းသုံးသော မြေကလိုက မထေရ်တဉီး၏ အဘသည် ခွေးမုဆိုးပြု၍ အသက်မွေး၏။ မထေရ်သည် တရားသဖြင့် တားမြစ်ပါသော်လည်း မကောင်းစွာသော ကိုယ်အကျင့်ကို မဖျောက်နိုင်ခဲ့၊ အိုမင်းသောအခါ၌ ဤသက်ကြီးသည် မပျက်စီးပါစေလင့်ဟု နှလုံးထားလျက် အလိုမရှိပဲပင် ရှင်ပြုစေ၏။ ထို သာမဏေကြီးသည် မရှည်မြင့်မီ နာ၍သေရာညောင်းစောင်း၌ လျောင်းရသောအခါ မိန်းမောရာတို့၌ နိရယနိမိတ်ထင်လာ၏။ သေဏာတောင်၌ ခြေရင်းမှ မြင်းပမာဏရှိသော ခွေးသည် ကိုက်ခဲခြင်းငှါ ခြံရံလာကုန်၏။

ထိုသို့ထင်သောအခါ သာမဏေကြီးသည် ကြောက်သည်ဖြစ်၍ ချစ်သားသေဏာ, ခွေးတို့ကို မောင်းပါလော့ဟု မြည်တမ်းဟစ်အော်၏။ အဘယ်ကို မြင်သနည်းဟု မေးသော် ငါ့အား ခွေးခဲအံ့သောငှါ ဝန်းရံလာသည်ကို မြင်ပါလေ၊ဟု ဆို၏။ ထိုစကားကို ကြားသော် သား သေဖျာ မထေရ်ကလည်း ငါ့အဘအား နိရယနိမိတ်ထင်ခဲ့ပြီဟုသိ၍ ငါသို့ဝင်သော သားကောင်း၏ အဘသည် ငရဲသို့ လားရာအံ့လောဟု တပည့်သာမဏေတို့အား များစွာသော ပန်းတို့ကို ဆောင်စေ၍ စေတီရင်ပြင်၌ တင်လျှူပူဇော်ပြီးလျှင် အဘသာမဏေကြီးကို ညောင်စောင်းပါဆောင်၍ သာမဏေကြီး ဤပန်းဖြင့် ဘုရားသခင်ကို ပူဇော်လော့ သင်၏အလိုငှါ ငါပူဇော်သည်ကိုလည်း, ဝမ်းမြောက်လောဟု တိုက်တွန်း၏။

သာမဏေကြီးလည်း သားဆိုတိုင်း ပန်းပူဇော်၍ စိတ်ကို ကြည်စေသောအခါ တဝေ တိ သာနတ်ရွာနိမိတ်သည် ထင်လေ၏။ ထိုအခါ ချစ်သား သေဏာ ရှားလော့ ရှားလော သင်၏မိခင်သည် တန်ဆာဆင်လျက် လာသည်ဟု ဆို၏။ ထိုစကားကို ကြားမှ ငါ့အဘအား နတ်ပြည်နိမိတ်ကို ထင်ပြီဟု ငြိမ်သက်စွာ နေလေ၏။

http://www.dhammadownload.com

ဤသို့လျှင် စုတိနှင့် ဝေးကွာသော မုဉ္ဇာကာလတို့၌ ထင်သော နိမိတ်သည် မမြဲပဲ ပြောင်းလဲကာ ထင်နိုင်လေသတတ်။

၂၁၈။ ဝသဝါနိုးပူ သက်မရှူပုံပြခြင်း

မေး။ ။နိမိတ်ထင်ပြ၊ ဇောကျသောအခါ၊ ထိုသူနာသည်၊ အသက်ရှူပါသေး၏လော။

ဖြေ။ ။ကာယသင်္ခါရဖြစ်သော စိတ္တဇဝါယောဓာတ်ဟု ဆိုအပ်သော အဿာသ,ပဿာသသည်စုတိစိတ်သို့မရောက်မီ ၃၂-ချက်မြောက်သော စိတ်ကပင် ချုပ်လေပြီးဖြစ်၍ စုတိနှင့်နိုးသော မရဏာသန္နဇော ကျသောအခါ အသက်မရှူပြီဟု ဆိုအပ်၏။

၂၁၉။ နိမိတ်အာရုံ ချုပ်ရာကာလကို ပြဆိုခြင်း

မေး။ ။စုတိသောအခါ၊ ပစ္စုပ္ပန္နာရုံ၊ အလုံးစုံသည် ဘယ်မှာ အကုန်ချုပ်သနည်း။

ဖြေ။ ။မနောဒ္ဓါရ၌ ဂတိနိမိတ်တည်းဟူသော ပစ္စုပ္ပန္နာရုံထင်သော သူအား တဒါရုံနောင် စုတိကျသည်ဖြစ်အုံ။ ပဋိသန္ဓေ,ထို့နောင် ဘဝင် ၄-ကြိမ်။ ဇောနောင်စုတိကျသည်ဖြစ်အုံ၊ ပဋိသန္ဓေ၊ ထို့နောင် ဘဝင် ၆-ကြိမ်တိုင်အောင် ပစ္စုပ္ပန္နာရုံရှိသည်၏အဖြစ်ကို ရအပ်၏။

ပဉ္ဇဒ္ဓါရ၌ ကမ္မနိမိတ်တည်းဟူသော ပစ္စုပ္ပန္နာရုံထင်သောသူအား တဒါရုံနောင် စုတိကျသည်ဖြစ်အုံ၊ ပဋိသန္ဓေစိတ်သာလျှင် ဇောနောင်စုတိကျသည်ဖြစ်အုံ၊ ပဋိသန္ဓေနောင် ဘဝင်နှစ်ကြိမ်သည်သာလျှင် ပစ္စုပ္ပန္နာရုံရှိသည်၏အဖြစ်ကို ရအပ်သည်ဟု ဆိုသောကြောင့် ပဋိသန္ဓေနောင် ဘဝင်၆-ကြိမ်တွင် ပစ္စုပ္ပန္နာရုံချုပ်သည်ဟုသိအပ်၏။

ထိုအနက်ကိုပြခြင်းငှာ သင်္ခေပဋိကာ၌–

> ပစ္စုပ္ပန္နာလမ္ဗဏေသူတိ ဂတိနိမိတ္တေ မနောဒ္ဓါရေ၊ ကမ္မနိမိတ္တေ ပဉ္ဇဒ္ဓါရေ၊ အာပါထဂတေ ပဋိသန္ဓိ ဘဝင်္ဂါနမ္ပိတိ မနောဒ္ဓါရေ တဒါလမ္ဗဏဝသာနေ စုတိယာ သတိ ပဋိသန္ဓိယာပိ၊ စတုန္နံဘဝင်္ဂါနမ္ပိ၊ ဇဝနာဝသာနေ၊ စုတိယံ ပဋိသန္ဓိယာပိ၊ ဆန္နံ ဘဝင်္ဂါနမ္ပိ၊ ပဉ္ဇဒ္ဓါရေ တဒါလမ္ဗဏာဝသာနေ၊ စုတိယံ ဒ္ဓိန္နံ ဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာလမ္ဗဏတာ လဗ္ဘတိ–

ဟူ၍ မိန့်လေသည်။

http://www.dhammadownload.com

၂၂၀ စုတိ ၄-မျိုးကို ပြဆိုခြင်း

မေး။ ။ပဥ္ဇဒ္ဒါရ၊ မနောဒ္ဒါရ၊ သေကုန်ကြသော်၊ ကာမမည်ရှိ၊ စုတိအကျ၊ ဝါရဘယ်နှစ်ပါးစီနည်း။

ဖြေ။ ။တဒါလမ္ဗဏာဝသာနေ ဝါ၊ တဒါလမ္ဗဏ ဘဝင်္ဂဃယေ ဝါ၊ ဇဝနာဝသာနေ ဝါ၊ ဇဝနဘဝင်္ဂဃယေ ဝါ၊ စတူဟာကာရေဟိ ဥပ္ပဇ္ဇိတ္ဒာ နိရုဇ္ဈတိ–ဟူသော သခေ်ပဋိကာနှင့် အညီ--

၁။ တဒါရုံနောင်....စုတိ၊

၂။ တဒါရုံနောင်ဘဝင်....ဘဝင်နောင်.. စုတိ၊

၃။ ဇောနောင်....စုတိ၊

၄။ ဇောနောင်ဘာင်....ဘဝင်နောင်....စုတိ–
အားဖြင့် ၄ ဝါရစီ ပြား၏ဟူပေ။

ဤ ၄-ဝါရတို့တွင် တဒါရုံနောင်ဘဝင် ဘဝင်နောင်စုတိသည် ပဥ္ဇဒ္ဒါရဒ္ဒ်မဖြစ်သင့်၊ ဘယ့်ကြောင့်နည်းဟူမူကား ဤဝီထိသည် ပဥ္ဇဒ္ဒါရဒ္ဒ်ဖြစ်ခဲ့သော် မရဏာသန္နဇောယူခဲ့သော ပစ္စုပ္ပန္နာရုံကမ္မနိမိတ်သည် စုတိတွင်သာ ချုပ်ခဲ့ရာ၏။ ပဋိသန္ဓေသို့ မရောက်ရာ၊ ထိုသို့မရောက်ခဲ့သော် ပဋိသန္ဓေစိတ်သည် အသစ်ဖြစ်သော ပစ္စုပ္ပန္နာရုံကို ယူရရာ၏။ ထိုသို့လည်း ယူမြဲမဟုတ်၊ ထို့ကြောင့် မဖြစ်သင့်ဟူပေ။

မဖြစ်သင့်သော် ဋီကာဆရာတို့ ဤဝါရကို ဘယ့်ကြောင့် ပြသနည်း ဟူငြားအံ့—

သက္ခရကထလိကမှိ, မစ္ဆဂုမ္ဗမှိ, စရန္တမှိ, တိဋ္ဌန္တမှိ ပဿတိ–ဟူသော ပါဋ္ဌ်ကဲ့သို့ ရသင့်သည်အားလျော်စွာ ယူစေလို၍သာ ပြသည်။ ဝီထိလက်ရိုးတို့ဒ္ဒ် ဤဝီထိကို ရေးမိသည်ကား သတိသမ္မောသကြောင့်သာ ဖြစ်၏။

ကာမာဝစရပဋိသန္ဓိယာ ဆဒ္ဒါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဥ္စ ပစ္စုပ္ပန္နမတီတာလမ္ဗဏံ ဥပလဗ္ဘတိ–

ဟူသောပါဋ္ဌ်ဖြင့် ကာမာဝစရပဋိသန္ဓေ၏ ပစ္စုပ္ပန္နာရုံဖြစ်ဟန်ကို ပြသည် မဟုတ်ပါလော ဟူငြားအံ့။

မရဏာသန္နဇောသည် ၆-ဒ္ဒါရဖြင့် ယူအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ်တည်းဟူသောအာရုံ, မရဏာသန္နဇောသည် မနောဒ္ဒါရဖြင့်ယူအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်တည်းဟူသော အာရုံကို ပဋိသန္ဓေယူသည်ကိုသာ ရည်၍ပြသည်၊ အသစ်ဖြစ်သော ပစ္စုပ္ပန္နာရုံကို ယူသည်ဟု မပြ။

http://www.dhammadownload.com

ထို့ကြောင့် ဟဒါမျိုနောင် ဘဝင်, ဘဝင်နောင် စုတိကျသော ဝီထိကို ရသင့်သော မနောဒွါရဋ္ဌိသာ ယူရမည်။ ပဥ္စဒွါရဋ္ဌိ မယူသင့်။ ထိုအဓိပ္ပါယ်ကို ပြလိုသော သဒ္ဒေါပဆရာသည်-

ဘဝင်္ကယေပိ ယထာရဟံ ယောဇေတဗ္ဗံ-ဟု မိန့်သတည်း။

ဋီကာကျော်ဋ္ဌကား---

တတ္ထ "ကာမဘဝတော စဝိတ္ဝာ တတ္ထေဝ ဥပပဇ္ဇမာနာနံ တဒါရမ္မဏပရိယောသာနာနိ, သေသာနံ ဇဝနပရိယောသာနာနိ" တိ ဓမ္မာနုသာရကိယံ ဝုတ္တံ။ ဘဝင်္ကယေ ဝါတိ ယဒိ ဧကဇဝနဝီထိတော အာဓိကတရုယုသေသော သိယာ၊ တဒါ ဘာဂ်ါဝသာနေ ဝါ ဥပပဇ္ဇိတ္ဝာ နိရုဇ္ဈတိ-ဟူ၍ ဆိုသည်။

အဓိပ္ပါယ်ကား- ကာမဘုံမှစုတေ၍ ကာမဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား တဒါရုံအဆုံးရှိသောဝီထိဖြင့် စုတိသည်။

ကာမဘုံမှ စုတိ၍ ရူပဘုံ, အရူပဘုံတို့၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်, ရူပဘုံ အရူပဘုံတို့မှ စုတေ၍ တပါးဘုံ၌ဌင်း, မိမိတို့ဘုံ၌ဌင်း ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောအဆုံးရှိသောဝီထိဖြင့် စုတေသည်ဟူ၍ ဓမ္မာနုသာရကိကျမ်း၌ ဆိုသည်။

ဘဝင်္ကယေ ဝါ ဟူရာ၌ တခုသောဇောဝါရရှိသော ဝီထိဆက် အလွန်အသက်ကြွင်းရှိသည်ဖြစ်အံ့၊ ထိုအခါ ဘဝင်၏ အဆုံး၌ စုတိဖြစ်၍ ချုပ်၏။

တခုသော စိတ္တက္ခဏသာ အသက်ကြွင်းရှိသည်ဖြစ်အံ့။ ထိုအခါ ဝီထိစိတ်၏ အဆုံး၌ စုတိဖြစ်၍ချုပ်၏ ဟူလိုသည်။

ဤစကားဖြင့်လည်း ပဥ္စဒွါရ၌ တဒါရုံနောင် ဘဝင်, ဘဝင်နောင် စုတိကျသော ဝီထိမရှိကြောင်းကို သိသာသည်။

၂၂၁-သတ္တဝါတို့ ဘဝပြောင်းကူးရာ၌ အကူးမှတ်ဖွယ်ကို ပြခြင်း

မေး။ ။ဘဝတကူး၊ ကူး၍သနွေ၊ တည်ပြုန်လေသော်၊ ၄-ဟွေ့နာမက္ခန်၊ ဖြစ်ကြဟန်၌၊ ရှေးနာမ်ဟောင်းလော, အသစ်လော။

ဖြေ။ ။ဥပပဇ္ဇမာနမေဝ ပကိဋ္ဌာတိ၊ နက္ကတော ဂန္ဆာတိ အဓိပ္ပါယော၊ နဟိ ပုရိမဘဝပရိယာပန္နာ ကောစိ ဓမ္မော ဘဝန္တရံ သင်္ကမတိ၊ နာပိ-

http://www.dhammadownload.com

ပုရိမဘဝပရိယာပန္နဟောတူဟိ ဝိနာ ဥပပဇ္ဇတိ။ ပဋိသေသာသ ပဒီပမုဒ္ဒါ ဝိယာတိ–

ဟူသော ဋီကာဖြင့် ဖြေ။

ဥပပဇ္ဇမာနမေဝ၊ အသစ်ဖြစ်ဆဲ ဖြစ်၍သာလျှင်။ ဘဝန္တရေ၊ ဘဝတပါးဉ်။ ပတိဋ္ဌာတိ၊ တည်၏။ ကုတော၊ ဤဘဝဟောင်းမှ။ ဂန္ဆာ၊ ပြောင်းသွား၍။ နပတိဋ္ဌာတိ၊ မတည်။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အရှင်ဒာန္ဒုဒ္ဒါ၏အလိုတည်း။ ဟိ၊ ထင်စွာဆိုဦးအံ့၊ ပုရိမဘာဝပရိယာပန္နော၊ ရှေးဘဝဋ္ဌ အကျုံးဝင်သော။ ကောစိ မရွေ့၊ တစုံတခုသော တရားသည်။ ဘဝန္တရံ၊ ဘဝသစ်သို့။ နသင်္ကမတိ၊ မပြောင်းရွှေ့။ ပုရိမဘဝပရိယာပန္နဟောတူဟိ၊ ရှေးဘဝဋ္ဌ အကျုံးဝင်မသော အကြောင်းတရားတို့နှင့်။ ဝိနာ၊ ကင်း၍။ နာပိ ဥပပဇ္ဇတိ၊ ဖြစ်လည်းမဖြစ်။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ ပဋိသေသာသ-ပဒီပမုဒ္ဒါ ဝိယ၊ ပဲ့တင်သံ ,သိမီးလို့, တံဆိပ်ရေး ကဲ့သို့တည်း။

မိလိန္ဒမင်းကြီးအငေးနှင့် ဂျင်နာဂသိန်အဖြေကို ပြခြင်း

ဤအရာကို မိလိန္ဒပဉ္ဟာဋ္ဌ လာသည်ကား–

မင်းကြီး။ ။ပစ္ဆုပ္ပန်ဟဝဋ္ဌ ရှိသော နာမ်တရားတို့သည် ဘဝသစ်သို့ မပြောင်းပဲ ပဋိသန္ဓေနေ၏ ဟူသောအရာကို ကာဇောတော်မလင်နိုင်ပါ၊ ဥပမာပြု ပါလောဟု ဆျောက်၏။

အရှင်။ ။ပဒုကြောင်သူ တယောက်သည် ဆီမီးတစ်ရာမှ မီးကို ဆီမီးတခွက်ဖြင့် ညှိထွန်းအံ့။ ထိုမီးလှုံဟောင်းသည် မီးခွက်သစ်သို့ ပြောင်းသလောဟု မေး၏။

မင်းကြီး။ ။အရှင်ဘုရား မီးကုံဟောင်းသည် မပြောင်းပေ၊ မီးသစ်သာ ဖြစ်ပေသည်ဟု ဖေါ်ကျော်လျှင်။

အရှင်။ ။ထို့အတူ ဘဝဟောင်းမှ မပြောင်းပဲ ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်၏ဟု ဖြေပေ၏။

မင်းကြီး။ ။လွန်စွာ ဥပမာ ပြုပါဦးဟု လျှောက်လျှင်။

အရှင်။ ။မင်းကြီး ငယ်စဉ်အခါက ဆရာ၏အထံ၌ အတတ်ပညာကို သင်ယူ၍ ရပါ၏လောဟု မေး၏။

မင်းကြီး။ ။သင်ဘူးပါ၏။ ရလည်းရပါ၏ဟု လျှောက်သော်။

အရှင်။ ။မင်းကြီး ဘုံအတတ်ပညာသည် ထို့ဆရာထံမှ ပြောင်း၍ လိုက်လာလောဟု မေး၏။

http://www.dhammadownload.com

မင်ကြီး။ ။အရှင်ဘုရား ထိုအတတ်ပညာသည် ဆရာထံမှ မပြောင်းပေဟု လျှောက်ဆိုလျှင်။

အရှင်။ ။ထို့အတူ နာမ်တရားတို့သည် ဘဝဟောင်းမှ မပြောင်းပဲ ဘဝသစ်၌ ပဋိသန္ဓေနေသတည်းဟု ဖြေပေ၏။

၂၂၂-နိမိတ် ၃-ပါးကို ကာလ ၃-ပါး
ဒွါရ ၆-ပါးတို့ဖြင့် ဝေဖန်၍ ပြခြင်း

မေး။ ။ဂတိနိမိတ်၊ အတိတ်ကမ္မ၊ မရဏအခါ၊ ထင်သည်မှာ၊ ဘယ်ဒွါရဖြင့် ယူသနည်း။

ဖြေ။ ။နိမိတ် ၃-ပါးတွင် ကံကား အတိတ်သာ၊ ကမ္မနိမိတ်ကား အတိတ် ပစ္စုပ္ပန် နှစ်ပါး၊ ဂတိနိမိတ်ကား ပစ္စုပ္ပန် ရူပါရုံတပါးသာတည်း။

ကံနိမိတ်နှင့် ဂတိနိမိတ်ကို မနောဒွါရဖြင့် ယူအပ်၏။ ကမ္မနိမိတ်ကိုကား ၆-ဒွါရဖြင့် ယူအပ်၏။

သစ္စသံခိပ်ဆရာကား–ကမ္မနိမိတ်, ဂတိနိမိတ် နှစ်ပါးကို ပဉ္စဒွါရဖြင့် ယူသည်ဟု ပြခြင်းငှာ–

ပဉ္စဒွါရေ သိယာ သန္ဓိ၊ ဝိနာ ကမ္မံ ဒွိဂေါစရေ။

ဟူ၍ မိန့်၏။

ပဉ္စဒွါရေ၊ ပဉ္စဒွါရမရဏာသန္နဇောဏ် အဆုံး၌။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဒွိဂေါစရေ၊ ကမ္မနိမိတ်, ဂတိနိမိတ် ဟူသောအာရုံ နှစ်ပါး၌။ သန္ဓိ၊ ပဋိသန္ဓေသည်။ သိယာ၊ ဖြစ်ရာ၏။

ဤဆရာ၏စကားသည်–

ဂတိနိမိတ္တံ မနောဒွါရေယေဝ အာပါထမာဂစ္ဆတိ–

ဟူသော သမ္မောအဋ္ဌကထာ။

ကမ္မဗလေန ဥပဋ္ဌာပိတံ ဝဏ္ဏာယတနံ သုပိနံ ပဿန္တဿ ဝိယ ဒိဗ္ဗစက္ခုဿ ဝိယ မနောဒွါရေယေဝ ဂေါစရဘာဝံ ဂစ္ဆတိ–

ဟူသော မူလဋီကာတို့နှင့် မညီ။ ထို့ကြောင့် ဆရာတို့ မနှစ်သက်ကုန်။

ကမ္မဗလေန၊ ကံ၏အစွမ်းဖြင့်။ ဥပဋ္ဌာပိတံ၊ ထင်လတ္တံ့သော။ ဝဏ္ဏာယတနံ၊ ဂတိနိမိတ် တည်းဟူသော ရူပါရုံသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တဿ၊

http://www.dhammadownload.com

မြင်မက်သောသူအား။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ ဝိယ စ၊ ထောက်သကဲ့သို့ဌင်း။ ဒိဗ္ဗစက္ခုဿ၊ ဒိဗ္ဗစက္ခုအဘိညာဉ်အား။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ ဝိယ စ၊ ထောက်သကဲ့သို့ဌင်း။ မနောဒ္ဓါရေယေဝ၊ မနောဒ္ဓါရဉ္စ သာလျှင်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ထောက်၏။

အနုဋ္ဌိကာဉ်လည်း ဤနည်းပင် ဆိုသည်။

၂၂၃-မရဏာသန္နဇောနှင့် ပစ္စုပ္ပန် ကမ္မနိမိတ်တို့ ဖြစ်ဟန် ထင်ဟန်ကို ပြခြင်း

ပစ္စုပ္ပန္နာရုံဟူထုဉ်၌ ဂတိနိမိတ်သည် လာလတ္တံ့သော ဘဝ၌ အမိဝမ်းရေစသော ရူပါရုံ ဖြစ်သောကြောင့် ပစ္စုပ္ပန်ဆိုသော် သင့်တန်စေ၊ ကမ္မနိမိတ်မူကား ပဋိသန္ဓေကိုဖြစ်စေတတ်သော ကံ၏အာရုံကိုသာ ကမ္မနိမိတ်ဟူ၍ ဆိုအပ်ပါသည်။ စုတိ အာသန္နဇောတို့သည်ကား ပဋိသန္ဓေကို ဖြစ်စေတတ်သောကံ မဟုတ်ရကား ထိုဇောတို့ယူအပ်သော အာရုံသည် အဘယ်သို့ ပစ္စုပ္ပန်ကမ္မနိမိတ် ဖြစ်သင့်အံ့နည်း။

စောဒနာခြင်း၏ အကြောင်းကို ဆိုလိုက်ဦးအံ့—

ထိုစုတိ, အာသန္နဇောသည်လျှင် အာရုံကိုထင်စေတတ်သည်။ ထိုဇောသည်လျှင် ပဋိသန္ဓေကို ဖြစ်စေတတ်သည် မဖြစ်ရာ။ အဘယ့်ကြောင့်နည်းဟူမူ အဖန်တလဲလဲ ဆည်းပူးအပ်သော အာသေဝနပစ္စည်းကို ရသောကံသည်သာလျှင် ပဋိသန္ဓေကိုငင်တတ်သည်။ တဏှာသည် သာယာအပ်သောကံသည်သာလျှင် အကျိုးကို ပြီးစေတတ်သည်။ ဤစုတိ, အာသန္နဇော စေတနာတို့သည်ကား ဆည်းပူးအပ်သောအဖြစ် မရှိသောကြောင့်ဌင်း, တဏှာသည် မသာယာအပ်သောကြောင့်ဌင်း ပဋိသန္ဓေကို ဖြစ်စေတတ်သည် မဖြစ်ရာ။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မနိမိတ် ဘယ်သို့ဖြစ်နိုင်အံ့နည်းဟု စောဒနာသည်။

တနည်းလည်း စုတိ၏ အနီးဖြစ်ကုန်သော ပဉ္စဒ္ဒါရိကဇောတို့၏ အာရုံသည် ပစ္စုပ္ပန်ကမ္မနိမိတ် အကယ်၍ဖြစ်အံ့ ပဉ္စဒ္ဒါရိက ကံတို့သည်လည်း အလုံးစုံ အားနည်းသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေကို မငင်တတ်ဟူ၍ အဋ္ဌကထာတို့၌ မိန့်ကုန်သည်။ ထိုသို့ ပဋိသန္ဓေကို မဖြစ်တတ်သော ကံ၏အာရုံသည် ဘယ်သို့ကမ္မနိမိတ် ဖြစ်နိုင်အံ့နည်းဟု စောဒနာသည်။

သစ္စမေတံ၊ ဉာတကာဒီဟိ ဥပဋ္ဌာပိတေသု ပန ပုပ္ပါဒီသု သန္နိဟိတေသ္ဝေ မရဏာသမ္ဘဝတော၊ တတ္ထ ဝဏ္ဏာဒိကံ အာရဗ္ဘ စုတိအာသန္နဝီထိဗောဓော ပုရိမဘာဂပ္ပဝတ္တာနံ ပဋိသန္ဓိဇနနသမတ္ထာနံ မနောဒ္ဓါရိကဇဝနာနမာရမ္မဏဘူတေန သဟ သမာနတ္တာ တဒေကသန္တတိပတိတံ

http://www.dhammadownload.com

စုတိအာသန္နဇဝနဂ္ဂဟိတမိုဝ် ပစ္စုပ္ပန္နဝဏ္ဏာဒိကံ့ ကမ္မနိမိတ္တဘာဝေန ဝုတ္တံ— ဟူသော ဋီကာဖြင့် ဖြေ။

ဝေတဲ၊ ဤမရဏာသန္နဇော၏ အာရုံသည် ကမ္မနိမိတ် မဖြစ်ထုဟု စောဒနာသော စကားသည်။ သစ္စံ၊ မူန်၏။ ပန၊ ယင်းသို့မှန်သော်လည်း။ ဉာတကာဒီဟိ၊ ဆွေးမျိုးစသည်တို့သည်။ ဥပဋ္ဌာပိတေသု၊ ထင်စေအပ်ကုန်သော။ ပုပ္ပါဒီသု၊ ပန်းအစရှိသည်တို့သည်။ သန္နိဟိတေသွေဝ၊ အနီးဌဲ့ တည်ကုန်စဉ်လျှင်။ မရဏသမ္ဘဝတော၊ သေခြင်း၏ ဖြစ်သင့်သောကြောင့်။ တတ္ထ၊ ထိုပန်းစသော ဝတ္ထုဌဲ့။ ဌိတံ၊ တည်သော။ ဝဏ္ဏာဒိကံ၊ ရူပါရုံအစရှိသည်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ စုတိအာသန္နဝီထိတော၊ စုတိ၏အနီးဖြစ်သော ဝီထိမှ။ ပုရိမဘာဂပ္ပဝတ္တာနံ၊ ရှေးအဖို့ဌဲ့ဖြစ်ကုန်သော။ ပဋိသန္ဓိဇနနသမတ္ထာနံ၊ ပဋိသန္ဓေကိုဖြစ်ခြင်းပြု စွမ်းနိုင်ကုန်သော။ မနောဒ္ဒါရိက ဇဝနာနံ၊ မနောဒ္ဒါရိကဇောတို့၏။ အာရမ္မဏဘူတေန၊ အာရုံဖြစ်သော ကမ္မနိမိတ်နှင့်။ သဟ၊ တကွ။ သမာနတ္တာ၊ တူသည်၏ အဖြစ်ကြောင့်။ တဒေကသန္တတိပတိတံ၊ ထိုအတိတ် ကမ္မနိမိတ်နှင့် တူသောအစဉ်ဌဲ့ကျသော။ စုတိအာသန္နဇဝနဂ္ဂဟိတမ်ဝ်၊ စုတိ၏အနီးဖြစ်သောဇောသည် ယူအပ်သည်လည်းဖြစ်သော။ ပစ္စုပ္ပန္နဝဏ္ဏာဒိကံ၊ ပစ္စုပ္ပန်ရူပါရုံ အစရှိသည်ကို။ ကမ္မနိမိတ္တဘာဝေန၊ ကမ္မနိမိတ်၏ အဖြစ်ဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

ဤဌဲ့ လိုရင်းအကျဉ်းကား ရှေအဖို့ဌဲ့ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေနိုင်ကုန်သော မနောဒ္ဒါရိကဇောတို့၏ အာရုံဖြစ်သော ကမ္မနိမိတ်ကို အစဉ်အတိုင်း စုတိအာသန္နဇောတို့သည် ယူလေသောကြောင့် ထိုအာရုံကို ပစ္စုပ္ပန် ကမ္မနိမိတ်အဖြစ်ဖြင့် ဆိုအပ်၏ ဟူလိုသည်။

မူလဋီကာဌဲ့လည်း—

ပဋ္ဌဒ္ဒါရေ စ အာပါထမာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိမိတ္တံ အာသန္နကတာ-ကမ္မာရမ္မဏသန္တတိယံ ဥပဋ္ဌပေန္တံ တံသဒိသန္တိ ဒဋ္ဌဗ္ဗံ— ဟူ၍ မိန့်ဆိုသည်။

ပဋ္ဌဒ္ဒါရေ ၀ ပဋ္ဌဒ္ဒါရဌဲ့သည်း။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တံ၊ ပေါက်သော။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ကမ္မနိမိတ္တံ၊ ကမ္မနိမိတ်သည်။ အာသန္နကတာ-ကမ္မာရမ္မဏသန္တတိယံ၊ သေခါနီးကာလဌဲ့ ပြုအပ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏အာရုံအစဉ်ဌဲ့။ ဥပဋ္ဌပေန္တံ၊ ဖြစ်၏။ တံသဒိသံ၊ ထိုကံ၏ အာရုံနှင့်တူ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

http://www.dhammadownload.com

၂၂၄–အသည်သတ်ဗြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ကင်းဆိတ်ပုံကို ပြခြင်း

မေး။ ။အသည်သတ်၊ စုတိလတ်သော်၊ အလျော်စေတနာ၊ နိမိတ်လာကို၊ မရဏာသန်ဇော ယူသလော။

ဖြေ။ ။အသည်သတ်ဘုံ၌ ရုပ်သက်သက်သာ တည်သည်ဖြစ်၍ စုတိသော အခါလည်း မရဏာသန်ဇောမကျ၊ နိမိတ် ၃-ပါးတွင် တပါးပါးကိုလည်း အာရုံမပြုပြီ။ ဆီမီးလျှံသည် ငြိမ်းလေသကဲ့သို့ ရုပ်၏ ပျောက်ငြိမ်းခြင်းဖြင့်သာ စုတိ၍ ကာမဘုံ၌ ပဋိသန္ဓေနေလာသည်။ ဤပဋိသန္ဓေစိတ်သာလျှင် ရှေးကံ၏ အစွမ်းကြောင့်ထင်သော ကံ့ကမ္မနိမိတ်ကို အာရုံပြုသည်။

ထို့ကြောင့် သစ္စသံခိပ်၌–

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတဂေါစရေ–

ဟူ၍ မိန့်အပ်၏။

ဘဝန္တရကတံ၊ အသည်သတ်ဘုံသို့ မရောက်မီ ရှေးဘဝ၌ပြုအပ်သော။ ယံ ကမ္မံ၊ အကြင်အပရာပရိယဝေဒနိယကံသည်။ သြကာသံ၊ အကျိုးပေးခွင့်ကို။ လဘေ၊ ရအပ်၏။ တတော၊ ထိုသို့အခွင့်ရသောကြောင့်။ သာ သန္ဓိ၊ ထို အသည်သတ်မှ စုတေ၍တည်သော ပဋိသန္ဓေသည်။ တေနေဝ၊ ထိုအပရာပရိယ ဖြစ်သော ဥပစာရကသည်သာလျှင်။ ဥပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သော အာရုံ၌။ ဟောတိ၊ ဖြစ်၏။

မီးကိုမွေးသော် အခိုးကိုလည်း ပြုသည် မည်သကဲ့သို့ ထိုဥပစာရကံသည် ပဋိ-သန္ဓေကိုဖြစ်စေသော် ပဋိသန္ဓေ၏အာရုံကိုလည်း ပြုသည်ပင် မည်လေသည်။

ဤတွင် ဘုံပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

၆-ရုပ်ပိုင်း

http://www.dhammadownload.com

ရုပ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

၂၂၅-မဟာဘုတ်ဟူသောဝေါဟာရ

မေး။ ။ပထဝီအာပေါ၊ တေဇောဝါယာ၊ ဓာတ်လေးဖြာကို၊ ဘယ်ခြင်းရာကြောင့်၊ မဟာဘုတ်ဟု၊သမုတ်ပညတ်လေသနည်း။

ဖြေ။ ။ဥပ္ပါဒိဏ္ဍာနုပ္ပါဒိဏ္ဍသဏ္ဌာနေသု သသမ္ဘာရဓာတုဝသေန မဟန္တာဟုတ္ဝာ ဘူတာတိ မဟာဘူတာ။

ယေ ရူပဓမ္မာ၊ အကြင်ရုပ်တရားတို့သည်။ ဥပ္ပါဒိဏ္ဍာနုပ္ပါဒိဏ္ဍသဏ္ဌာနေသု၊ လူနတ် တိရစ္ဆာန်စသော ဥပါဒိဏ္ဍသဏ္ဌာန်, မြေ,ရေ,မြင်းမိုရ် ယုဂန္ဓိုရ်စသော အနုပါဒိဏ္ဍသဏ္ဌာန်တို့၌။ သသမ္ဘာရဓာတုဝသေန၊ အဆောက်အဦဖြစ်သော ဓာတ်၏အစွမ်းဖြင့်။ မဟန္တာ၊ များကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဘူတာ၊ ထင်ရှားဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့များသည်ဖြစ်၍ ထင်ရှားဖြစ်သောသတ္တိကြောင့်။ တေ ရူပဓမ္မာ၊ ထိုရုပ်တရားတို့သည်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။

တနည်း မဟာဘုတ်ဟူသော ဝေါဟာရ

မနာပဝဏ္ဏသဏ္ဌာနာဒီဟိ ဝါ သတ္တာနံ ဝဋ္ဌိတာ ယက္ခိနိအာဒယော ဝိယ မနာပရူပဒဿနာဒိနာ သတ္တာနံ ဝဋ္ဌကတ္တာ မဟန္တာနိ အဘူတာနိ ဧတေသူတိ မဟာဘူတာ။

ဧတေသု၊ ဤရုပ်တရားတို့၌။ မနာပဝဏ္ဏသဏ္ဌာနာဒီဟိ၊ နှစ်သက်ဖွယ်သော အဆင်းသဏ္ဌာန်စသည်တို့ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဝဋ္ဌိတာ၊ လှည့်ပတ်တတ်ကုန်သော။ ယက္ခိနိအာဒယော ဝိယ၊ ဘီလူးမ အစရှိသည်တို့ကဲ့သို့။ မနာပရူပဒဿနာဒိနာ၊ နှစ်သက်ဖွယ်သော အဆင်းကိုပြခြင်း စသည်တို့ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့အား။ ဝဋ္ဌကတ္တာ၊ လှည့်ပတ်တတ်သည်၏အဖြစ်ကြောင့်။ မဟန္တာနိ၊ များစွာကုန်သော။ အဘူတာနိ၊ မဟုတ်မမှန်သော သဘောတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုရုပ်တရားတို့သည်။ မဟာ-ဘူတာ၊ မဟာဘုတ်မည်ကုန်၏။

http://www.dhammadownload.com

၂၂၆-ဥပါဒါရူပ်ကို ပြခြင်း

ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါရူပံ။

ဥပါဒါယ၊ မဟာဘုတ်တို့ကိုမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်တည်း။ ဥပါဒါရူပံ၊ မဟာဘုတ်ကိုမှီ၍ဖြစ်သောရုပ်။

ဤမဟာဘုတ်, ဥပါဒါရုပ်နှစ်ပါးကိုရည်၍ ဒုဝိဓမ္မတံ ဟု ဆိုသည်။

၂၂၇-ပထဝီဓာတ်ကို ပြခြင်း

ပထန္တိ သဟဇာတရူပါနိ ဧတ္ထာတိ ပထဝီ။

ဧတ္ထ၊ ဤရုပ်တရား၌။ သဟဇာတရူပါနိ၊ တကွဖြစ်ဘက် ဖြစ်ကုန်သော ရုပ်တို့သည်။ ပထန္တိ၊ တည်တတ်ကုန်၏၊ ဤဟိတသမွာ၊ ထိုသို့တည်ရာဖြင့်သော သတ္တိကြောင့်။ သာ၊ ထိုရုပ်တရားသည်။ ပထဝီ၊ ပထဝီမည်၏။

ပထဝီယေဝ၊ ပထဝီသည်ပင်လျှင်။ ဓာတု၊ ဓာတ်တည်း။ ပထဝီဓာတု၊ ပထဝီသည်ပင်လျှင်ဓာတ်။

သာ၊ ထိုပထဝီဓာတ်သည်။ ကကွဒ္ဓလကွဏာ၊ ခိုင်မာခြင်းလက္ခဏာရှိ၏။ ပတိဋ္ဌာနရသာ၊ တည်ရာဖြစ်ခြင်းကိစ္စရှိ၏။ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ အာရုံကို ခံခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သသမောတုတ္တယပဒဋ္ဌာနာ၊ ကြွင်းသော ဓာတ်သုံးပါးလျှင် အကြောင်းရင်းရှိ၏။

ပထဝီဒ္ဓါ မုဒ္ဓဇဒ္ဓ, ဒန္တဇထနှစ်ပါးပင် ရေးသင့်၏။

၂၂၈-အာပေါဓာတ်ကို ပြခြင်း

သဟဇာတရူပါနိ အာပေတိ ပတ္ထရတီတိ အာပေါ။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ သဟဇာတရူပါနိ၊ တကွဖြစ်ဘက်ဖြစ်သော ရုပ်တို့ကို။ အာပေတိ ပတ္ထရတိ၊ ပြန့်နှံ့စေတတ်၏။ ဤတိတသွာ၊ ထိုသို့ပြန့်နှံ့စေတတ်သောသတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ အာပေါ၊ အာပေါမည်၏။

သာ၊ ထိုအာပေါဓာတ်သည်။ ပဂ္ဃရဏလက္ခဏာ၊ ယိုစီးခြင်း လက္ခဏာရှိ၏။ ဗြူဟနရသာ၊ ပုံ့ပိုးခြင်းကိစ္စရှိ၏။ သင်္ဂဟပစ္စုပဋ္ဌာနာ၊ ပေါင်းသင်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ သသဓာတုတ္တယပဒဋ္ဌာနာ။ ကြွင်းသော ဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

http://www.dhammadownload.com

၂၂၉-တေဇောဓာတ်ကို ပြခြင်း

သေသဓာတုတ္တယံ တေဇေတိ ပရိပါစေတိ ဥသ္မာပေတီတိ ဝါ တေဇော။

ယော၊ ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ သေသဓာတုတ္တယံ၊ ကြွင်းသော ဓာတ်သုံးပါးကို။ တေဇေတိ ပရိပါစေတိ၊ ရင့်စေတတ်၏။ ဝါ၊ တနည်းကား။ ဥသ္မာပေတိ၊ ပူစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ရင့်စေတတ်, ပူစေတတ်သော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ တေဇော၊ တေဇော မည်၏။

သာ၊ ထိုတေဇောဓာတ်သည်။ ။ဥဏ္ဍတ္တလက္ခဏာ၊ ပူသော အဖြစ်လျှင် လက္ခဏာရှိ၏။ ပရိပါစနရသာ၊ ရင့်စေ, ကျက်စေတတ်သော ကိစ္စရှိ၏။ မဒ္ဒဝ-ပစ္စုပဋ္ဌာနာ၊ နူးညှံသောအဖြစ်လျှင် ထင်ရှားရှိ၏။ သေသဓာတုတ္တယပဒဋ္ဌာနာ၊ ကြွင်းသောဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၀-ဝါယောဓာတ်ကို ပြခြင်း

ဒေသန္တရံ ဝါယတိ ပါပေတီတိ ဝါယော။

ယော ရူပဓမ္မော၊ အကြရုပ်တရားသည်၊ ဒေသန္တရံ၊ အရပ်တပါးသို့။ ဝါယတိ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ရောက်စေတတ် သော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ ဝါယော၊ ဝါယော မည်၏။

သာ၊ ထိုဝါယောဓာတ်သည်။ စလနလက္ခဏာ၊ လှုပ်ရှားခြင်း လက္ခဏာရှိ၏။ သမုဒိရဏရသာ၊ မငြိမ်သက်ခြင်း ကိစ္စရှိ၏။ အဘိနီဟာရပစ္စုပဋ္ဌာနာ၊ ရှေးရှုဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အဝသေသဓာတုတ္တယ-ပဒဋ္ဌာနာ၊ ကြွင်းသောဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၁-ပထဝီ ၄-မျိုးကို ပြခြင်း

ပထဝီသည်—

၁။ လက္ခဏပထဝီ၊ ၂။ သသမ္ဘာရပထဝီ၊
၃။ အာရမ္မဏပထဝီ၊ ၄။ သမုတိပထဝီ—

ဟူ၍ ၄-ပါး အပြားရှိ၏။

ထိုလေးပါးတို့တွင်—

ယံ ရူပံ၊ အကြင်ရုပ်သည်။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌ဖြစ်၏။ ပစ္စတ္တံ၊ အသီး တည်၏။ ကက္ခဋ္ဌံ၊ ခိုင်မာ၏။ ခရိဂတံ၊ ကြမ်းတမ်းခက်မာခြင်းသို့ ရောက်၏။

http://www.dhammadownload.com

ဤသို့ ဟောအပ်သော ပထဝီသည် လက္ခဏပထဝီမည်၏။

ကသာ လောမာ နခါဒန္တာဒယော ဝိသတိကောဋ္ဌာသာ ပထဝီဓာတု။

ဤသို့ ဟောအပ်သော ပထဝီသည် သသမ္ဘာရ ပထဝီမည်၏။

ပထဝီကသိုဏ်းဝန်းသည် အာရမ္မဏ ပထဝီမည်၏။ နိမိတ္တပထဝီလည်း မည်၏။

ပြကဟော့သော မြေကြီးသည် သမုတိ ပထဝီမည်၏။ ဤ ၄-ပါးတို့တွင် လက္ခဏပထဝီကိုသာလျှင် ပရမတ္ထ ဓမ္မဟု ယူအပ်၏။

၂၃၂—အာပေါ ၄-မျိုးကို ပြခြင်း

အာပေါသည်လည်း-

၁။ လက္ခဏအာပေါ၊ ၂။ သသမ္ဘာရအာပေါ၊

၃။ အာရမ္မဏအာပေါ၊ ၄။ သမုတိအာပေါ-

ဟူ၍ ၄-ပါး အပြားရှိ၏။

ထိုလေးပါးတို့တွင် ရှုပ်တို့၏ ပြောင်းပျော့ခြင်း, ပျံ့နှံ့ခြင်း လက္ခဏာသည် လက္ခဏအာပေါမည်၏။

ဂိတ္ထံ သေမှံ စသော ကောဋ္ဌာသ ၁၂-ပါးသည် သသမ္ဘာရ အာပေါ မည်၏။

အာပေါကသိုဏ်းဝန်းသည် အာရမ္မဏ အာပေါမည်၏။

ပြကတော့သောရေသည် သမုတိအာပေါမည်၏။

ဤ ၄-ပါးတို့တွင် လက္ခဏအာပေါကိုသာလျှင် ပရမတ္ထမမှဟု ယူအပ်၏။

တေဇော, ဝါယော တို့၌လည်း ဤနည်းအတူ ၄-ပါးစီ ထုတ်ဆောင်အပ်၏။

ဤကား မူလပဏ္ဏာသ အဋ္ဌကထာ၌ လာသောနည်းတည်း။

ဘူတရုပ် ၄-ပါး ပြီး၏။

၂၃၃—စက္ခုပသာဒရုပ်ကို ပြခြင်း

ဝိညာဏာဒိဋ္ဌံ ဟုတ္ဝာ စက္ခတိ ရူပံ အသာဒေန္တံ ဝိယ ဟောတီတိ စက္ခု။

ယံ ရူပံ၊ အကြင်ရုပ်သည်။ ဝိညာဏာဒိဋ္ဌံ၊ ဝိညာဉ်စသည်တို့၏ တည်ရာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ရူပံ၊ ရူပါခွံကို။ စက္ခတိ အသာဒေန္တံ ဝိယ ဟောတိ၊

http://www.dhammadownload.com

သာယာသကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ စက္ခု၊ စက္ခုမည်၏။

တံ၊ထိုစက္ခုပသာဒသည်။ ဒဋ္ဌုကာမတာ နိဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒ-လက္ခဏံ၊ရှုခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

ရူပါဝိဉ္ဇနရသံ၊ရူပါရုံကို ငင်ခြင်းကိစ္စရှိ၏။ ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ စက္ခုဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၄—သောတပသာဒရုပ်ကို ပြခြင်း

သုဏာတိ သဒ္ဒံ ဧတေနာတိ သောတံ။

ဧတေန၊ ဤပသာဒရုပ်ဖြင့်။ သဒ္ဒံ၊ အသံကို။ သုဏာတိ၊ နာတတ်၏။ ဣတိ တသ္မာ၊ ထိုသို့နာကြောင်းဖြစ်သော သတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ သောတံ၊ သောတမည်၏။

တံ၊ ထိုသောတပသာဒသည်။ သောတုကာမတာ နိဒါနကမ္မသမုဋ္ဌာန-ဘူတပ္ပသာဒလက္ခဏံ၊ နာခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

သဒ္ဒါဝိဉ္ဇနရသံ၊ သဒ္ဒါရုံကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ သောတဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၅-ဃာနပသာဒရုပ်ကို ပြခြင်း

ဃာယတိ ဂန္ဓံ ဧတေနာတိ ဃာနံ။

ဧတေန၊ ဤပသာဒရုပ်ဖြင့်။ ဂန္ဓံ၊ အနံ့ဥဿုံ ဂန္ဓာရုံကို။ ဃာယတိ၊ နမ်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့နမ်းကြောင်း ဖြစ်သောသတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဃာနံ၊ ဃာနမည်၏။

တံ၊ ထိုဃာနပသာဒသည်။ ဃာယိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပ-သာဒလက္ခဏံ၊ နမ်းခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

http://www.dhammadownload.com

ဂန္ဓာဝိဉ္ဇနရသံ၊ ဂန္ဓာရုံကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ ဃာနဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၆-ဇိဝှါပသာဒကို ပြခြင်း

ဇိဝိတံ အဝှါယတီတိ ဇိဝှါ။

ယံ ရူပံ၊ အကြင်ရုပ်သည်။ ဇိဝိတံ၊ အသက်ကို။ အဝှါယတိ၊ ခေါ်သကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဇိဝှါ၊ ဇိဝှါမည်၏။

တံ၊ ထိုဇိဝှါပသာဒသည်။ သာယိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ၊ လျက်ခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

ရသေသု အာဝိဉ္ဇနရသံ၊ ရသာရုံတို့ကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ ဇိဝှါဝိညာဉ်၏ တည်ရာ အဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတသမုဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၃၇-ကာယပသာဒရုပ်ကို ပြခြင်း

ကုစ္ဆိတာနံ သာသဝဓမ္မာနံ အာယောတိ ကာယော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ ကုစ္ဆိတာနံ၊ စက်ဆုပ်အပ်ကုန်သော။ သာသဝဓမ္မာနံ၊ အာသဝေါနှင့် တကွသော တရားတို့၏။ အာယော၊ တည်ရာဖြစ်ရာတည်း။ ဣတိ၊ ထို့ကြောင့်။ ကာယော၊ ကာယမည်၏။

သော၊ ထိုကာယပသာဒသည်။ ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏော၊ တွေ့ခြင်း , ထိခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်း လက္ခဏာရှိ၏။ ဖောဋ္ဌဗ္ဗာဝိဉ္ဇနရသော၊ ဖောဋ္ဌဗ္ဗာရုံကိုငင်ခြင်းကိစ္စရှိ၏။ ဝိညာဏာဓာရပစ္စုပဋ္ဌာနော၊ ကာယဝိညဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနော၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

http://www.dhammadownload.com

၂၃၈-စက္ခုနှစ်မျိုးကို ပြခြင်း

ဤရုပ်ငါးပါးတို့တွင် စက္ခုသည်—

၁။ သသမ္ဘာရစက္ခု

၂။ ပသာဒစက္ခု ဟူ၍နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် မျက်မှောင်ရိုး၏အတွင်း မျက်ကွင်းအိမ်ဖြင့် ပိုင်းခြားအပ်သော အကျဉ်းအားဖြင့် ၁၄-ပါး, အကျယ်အားဖြင့် ၄၄-ပါးသော ရုပ်တို့၏ စုဝေးရာ ဖြစ်သောအသားစိုင်သည် အကြောတို့ဖြင့် ဆိုင်းလျက်တည်၏။ ထိုအသားစိုင်သည် သလိပ်အခိုးကြောင့်လည်း ဖြူ၏။ သည်းခြေအခိုးကြောင့်လည်း မည်း၏။ သွေးအခိုးကြောင့်လည်း စဉ်းငယ်နီ၏။ ပထဝီအခိုးကြောင့်လည်း ခိုင်ခံ့၏။ အာပေါအခိုး ကြောင့်လည်း အရေယို၏။ တေဇောအခိုး ကြောင့်လည်း ချုပ်ချုပ်ပူ၏။ ဝါယောအခိုးကြောင့်လည်း အလွန်လှုပ်၏။ ဤအသားစိုင်သည် သသမ္ဘာရ စက္ခုမည်၏။

ဤသသမ္ဘာရစက္ခု၌ စပ်လျက်တည်သော မဟာဘုတ်တို့၏ ကြည်လင်ရာ အရပ်သည် ပသာဒ စက္ခုမည်၏။

ဤပသာဒ စက္ခုသည် သမ္ဘာရဖြစ်သော မျက်နက်ဝန်း၏ အလယ်၌ ရှေ့ဝယ် တည်သောသူတို့၏ ကိုယ်သဏ္ဌာန် ထင်ရာဌာနအတွင်းမှ သန်းဦးခေါင်း ပမာဏရှိသော အရပ်၌ ၇-ထပ်သော ဝါဝွမ်းလွှာတို့ကို ဆီသည် နှံ့၍တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့ကို ဓာတ် ၄-ပါးတို့သည် နှံ့၍ ဆောင်ခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ယပ်ခတ်ခြင်း ကိစ္စရှိကုန်သော အထိန်း ၄-ဦးတို့သည် မင်းသားငယ်ကို ထိန်းယပြုစုသကဲ့သို့ ကောင်းစွာ တည်စေခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, တုန်လှုပ်စေခြင်း ကိစ္စရှိကုန်သော ဓာတ်လေးရပ်တို့သည် ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရ တို့သည် ထောက်မ, ချီးပင့်ကာ အာယုဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ ရသ ဩဇာတို့ ခြံရံအပ်သည်ဖြစ်၍ စက္ခုဝိညာဉ် စသည်တို့၏ မှီရာဒွါရ၏ အဖြစ်ကို ပြီးစေလျက် တည်၏။

ထိုအဓိပ္ပါယ်ကို ပြခြင်းငှာ အရှင်သာရိပုတ္တရာသည်—

ယေန စက္ခုပသာဒေန ရူပါနိ မနုပဿတိ၊

ပရိတ္တံ သုခုမံ ဧတံ ဥကာသိရသမုပမန္တိ—

ဟူ၍ မိန့်တော်မူသည်။

မနော ၁၄—ပမသစ

http://www.dhammadownload.com

ယေန စက္ခုပသာဒေန၊ အကြင်စက္ခုပသာဒဖြင့်။ ရူပါနိ၊ ရူပါရုံတို့ကို။ အနုပဿတိ၊ အဖန်ဖန်ရှုအပ်၏။ ဧတံ၊ ဤစက္ခုပသာဒသည်။ ပရိတ္တံ၊ နည်း၏။ သုခုမံ၊ သိမ်မွေ့၏။ ဥကာသိရသပုပမံ၊ သန်းဦးခေါင်း ပမာဏသာရှိ၏။

ရုပ် ၁၄-ပါးဟူရာ၌ အဝိနိဗ္ဘောဂရုပ်ရှစ်ပါး သမ္ဘဝရုပ်, သဏ္ဌာနရုပ် နှစ်ပါး စက္ခုပသာဒ, ဇီဝိတ, ဘာဝ, ကာယပသာဒ အားဖြင့် တဆယ့်လေးပါးတည်း။

ထို ၁၄-ပါးတို့တွင် ရှေ ၁၀-ပါးသည် ကံကြောင့်ရင်း, စိတ်ကြောင့်ရင်း, ဥတုကြောင့်ရင်း, အာဟာရကြောင့်ရင်း ဖြစ်ရကား ၄-ခုမြောက်ပွား၍ ၄၀-ဖြစ်သည်။ နောက် ၄-ပါးသည် ကံသက်သက်ကြောင့် ဖြစ်ရကား ၄-ခုရော၍ ၄၄-ပါး ပြားသတည်း။

၂၃၉-သောတနှစ်ပါးကို ပြခြင်း

သောတသည်လည်း ၁။ သသမ္ဘာရသောတ ၂။ ပသာဒသောတဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် မြင်စကောင်းသော နားပေါက် အသားစိုင်သည် သသမ္ဘာရ သောတမည်၏။

ပသာဒ သောတမူကား ထိုနားပေါက်၏အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန် ကဲ့သို့ ကြန်ကြန်နီသော မွေးနုရှိသောအရပ်၌ ဆိုအပ်ပြီးသော အခြင်းအရာရှိ သောဓါတ် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရ တို့သည် ထောက်မ,ချီးပင့်ကာ အာယု ဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့ ခြံရံအပ်သည်ဖြစ်၍ သောတဝိညာဉ်စသည်တို့၏ မှီရာဒွါရ၏ အဖြစ်ကို ပြီးစေလျက်တည်၏။

၂၄၀-ဃာန နှစ်ပါးကို ပြခြင်း

ဃာနသည်လည်း ၁။ သသမ္ဘာရ ဃာန ၂။ ပသာဒ ဃာန ဟူ၍နှစ်ပါး ရှိသည်။

ထိုနှစ်ပါးတို့တွင် မြင်စကောင်းသော နှာခေါင်း အသားစိုင်သည် သသမ္ဘာရ ဃာနမည်၏။

ပသာဒဃာနမူကား– ထိုနှာခေါင်းပေါက်၏ အတွင်း ဆိတ်ခြေ, ခွာ, သဏ္ဌာန် ရှိသောအရပ်၌ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဓာတ် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရတို့သည် ထောက်မ,ချီးပင့်ကာ အာယုဟု

http://www.dhammadownload.com

ဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ၈ဏ္ဏ စသည်ကို ခြံရုံအပ်သည်ဖြစ်၍ ဃာနဝိညာဉ် စသည်တို့မှိရာ ဒွါရ၏အဖြစ်ကို ပြီးစေလျက်တည်၏။

၂၄၁-ဇိဝှါနှစ်ပါးကိုပြခြင်း

ဇိဝှါသည်လည်း ၁။ သသမ္ဘာရဇိဝှါ ၂။ ပသာဒဇိဝှါဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့ကွင် အသားစိုင်ဖြစ်သော လျှာသည် သသမ္ဘာရ ဇိဝှါမည်၏။

ပသာဒဇိဝှါမူကား လျှာ၏အထက် ကြာရွက်အညွှန့် သဏ္ဌာန်ရှိသောအရုပ်၌ ဆိုအပ်ပြီးသော အခြင်းအရာရှိသော ၈၁၀် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရ တို့သည် ထောက်မ,ခိုးပင့်ကာ အာယုဟု ဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ စသည်တို့ခြံရုံအပ်သည်ဖြစ်၍ ဇိဝှါဝိညာဉ်စသည်တို့၏မှိရာ ဒွါရ၏အဖြစ်ကို ပြီးစေလျက်တည်၏။

၂၄၂-ကာယနှစ်ပါးကိုပြခြင်း

ကာယသည်လည်း ၁။ သသမ္ဘာရကာယ ၂။ ပသာဒကာယ ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့ကွင် အလုံးစုံသော ကိုယ်ခန္ဓာသည် သသမ္ဘာရ ကာယ မည်၏။ ပသာဒကာယမူကား ဆံ, ဘဒမွေး, ဝဲခြသည်း, လက်သည်း, သွားတို့မှတပါး ကိုယ်အလုံး၌ ဆီဖြင့်စွတ်သော ပါဏိမ်းကဲ့သို့ဖြစ်၍ ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဓာတ် ၄-ပါးတို့ ကျေးဇူးပြုကာတည်သဖြင့် ဥတု, စိတ်, အာဟာရတို့သည် ထောက်မ,ခိုးပင့်ကာ အာယုဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ,တို့ ခြံရုံအပ်သည်ဖြစ်၍ ကာယဝိညာဉ်စသည်တို့၏ မှိရာ ဒွါရ၏ အဖြစ်ကို ပြီးစေလျက်တည်၏။ (ဤကား အဋ္ဌသာလိနီနည်းတည်း။)

၂၄၃-ရူပါနုံကိုပြခြင်း

ဝဏ္ဏဝိကာရံ အာပဇ္ဇမာနုံ ဟဒယင်္ဂဘာဘာဝံ ရူပယတိ ပကာသေတီတိ ရူပံ။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝဏ္ဏဝိကာရံ၊ အဆင်း၏ဖောက်ပြန်ခြင်းသို့။ အာပဇ္ဇမာနုံ၊ ရောက်သည်ဖြစ်၍။ ဟဒယင်္ဂတဘာဝံ၊ နှလုံး၏အလိုကို။ ရူပယတိ ပကာသေတိ၊ ထင်ရှားပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ရူပံ၊ ရူပမည်၏။

http://www.dhammadownload.com

တံ၊ ထိုရူပါဂုံသည်။ စက္ခုပဋိဟနနလက္ခဏံ၊ စက္ခုပသာဒနှင့် ထိခိုက်ခြင်း လက္ခဏာရှိ၏။

စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ ဝိသယဘာဝရသံ၊ အာရုံအဖြစ်တည်း ဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနံ၊ ကျက်စားရာ အဖြစ်လျှင်ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနံ၊ မဟာဘုတ် ၄-ပါးလျှင်ပဒဋ္ဌာန်ရှိ၏။

၂၄၄- သဒ္ဒါဂုံကို ပြခြင်း

သဒ္ဒိယတိ ကထိယတိတိသဒ္ဒေါ။

ယော ရဝေါ၊ အကြင်အသံကို။ သဒ္ဒိယတိ ကထိယတိ၊ ဤဆိုအပ်၏၊ ဣတိ၊ ထို့ကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။

သော၊ ထိုသဒ္ဒါဂုံသည်။ သောတပဋ္ဌိဟနနလက္ခဏော၊ သောတပသာဒနှင့် ထိခိုက်ခြင်း လက္ခဏာရှိ၏။

သောတဝိညာဏဿ၊ သောတဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံအဖြစ်တည်းဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ကျက်စားရာအဖြစ်လျှင်တင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနော၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၄၅- ဂန္ဓာဂုံကိုပြခြင်း

ဂန္ဓယတိ သုစေတိတိ ဂန္ဓော။

ယော ရူပမမ္မော၊ အကြင်ရုပ်တရားသည်။ ဂန္ဓယတိ သုစေတိ၊ ငါ, သည်တွင် ရှိ၍ဟု ကုန်းချောသကဲ့သို့ ဂင်ရှား ပြဘတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။

သော၊ ထိုဂန္ဓာဂုံသည်။ ဃာနပဋိဟနနလက္ခဏော၊ ဃာနပသာဒနှင့် ထိခိုက်ခြင်းလက္ခဏာရှိ၏။

ဃာနဝိညာဏဿ၊ ဃာနဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံ၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။

http://www.dhammadownload.com

ဂေါစရဘာဝ ပစ္စုပဋ္ဌာနော၊ ကျက်စားရာ အဖြစ်လျှင် ထင်းရှား၏။ စတုမဟာဘူတပဒဋ္ဌာနော၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၄၆-ရသာရုံကိုပြခြင်း

ရသန္တိ သတ္တာ ဧတေနာတိ ရသော။

ဧတေန၊ ဤရုပ်တရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ရသန္တိ၊ သာယာတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သာယာကြောင်း ဖြစ်သော သတ္တိကြောင့်။ ရသော၊ ရသမည်၏။

သော၊ ထိုရသာရုံသည်။ ဇိဝှါပဋိဟနန လက္ခဏော၊ ဇိဝှါပသာဒနှင့် ထိခိုက်ခြင်းလက္ခဏာရှိ၏။

ဇိဝှါဝိညာဏဿ၊ ဇိဝှါဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံ၏အဖြစ်တည်းဟူသောကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ကျက်စားရာအဖြစ်လျှင် ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနော၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

၂၄၇- ဖောဋ္ဌဗ္ဗာရုံကို ပြခြင်း

ဖုသိယကေ ဧတေနာတိ ဖောဋ္ဌဗ္ဗံ။

ဧတေန၊ ဤရုပ်တရားဖြင့်။ ဖုသိယတေ၊ ထိအပ်တွေ့အပ်၏။ ဣတိ၊ ထို့ကြောင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗမည်၏။

တံ၊ ထိုဖောဗ္ဗာရုံသည်။ ကာယပဋိဟနနလက္ခဏံ၊ ကာယပသာဒနှင့် ထိခိုက်ခြင်းလက္ခဏာရှိ၏။

ကာယဝိညာဏဿ၊ ကာယဝိညာဉ်၏။ ဝိသယဘာဝရသံ၊ အာရုံ၏အဖြစ်တည်းဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနံ၊ ကျက်စားရာ အဖြစ်လျှင် ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနံ၊ မဟာဘုတ် ၄-ပါးလျှင်ပဒဋ္ဌာန်ရှိ၏။

၂၄၈- ဂေါစရဟူသော အမည်ကိုပြခြင်း

ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရံ။

ဧတ္တေ၊ ဤရုပ်ငါးပါး၌။ ဂါဝေါ၊ နွားဏ်ပမာ တူလှစွာသော စက္ခုနြေ့ စသည်တို့သည်။ စရန္တိ၊ ကျက်စားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကျက်စားရာဖြစ်သော သတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဂေါစရံ၊ ဂေါစရရုပ် မည်၏။

http://www.dhammadownload.com

၂၄၉-ဣတ္ထိဘာဝရုပ်ကိုပြခြင်း

ဣစ္ဆတိတိ ဣတ္ထိ၊ ဣတ္ထိယာဘာဝေါ၊ ဣတ္ထိဘာဝေါ။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဣတ္ထိ၊ ဣတ္ထိမည်၏။ ဣတ္ထိယာ၊ အလိုရှိတတ်သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဣတ္ထိဘာဝေါ၊ အလိုရှိတတ်သည်၏အဖြစ်။

တံ ရူပံ၊ ထိုရုပ်သည်။ ဣတ္ထိဘာဝလက္ခဏော၊ အလိုရှိတတ်သောအဖြစ်လျှင် လက္ခဏာရှိ၏။

ဣတ္ထိတိ ပကာသနရသံ၊ မိန်းမဟု ထင်ရှားပြတတ်သော ကိစ္စရှိ၏။

ဣတ္ထိလိင်္ဂ, နိမိတ္တ, ကုတ္တာကပ္ပါနံ၊ ဣတ္ထိလိင်္ဂ, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏။ ကာဂုဏဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင်ထင်ရှား၏။

ကမ္မဇရူပပဒဋ္ဌာနံ၊ ကမ္မဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

အကြောင်းလေးပါးတို့တွင်—

၁။ မိန်းမတို့၏အင်္ဂါဇာတ်သည် ဣတ္ထိလိင်္ဂမည်၏။

၂။ နှုးညံ့သောအသံ, အားကြီးသောအလိုတို့သည် မိန်းမဟူ၍ သိရခြင်း၏အကြောင်းဖြစ်သောကြောင့် ဣတ္ထိနိမိတ္တမည်၏။

၃။ မသန့်ရှင်းသော သွားခြင်း နေခြင်း အစရှိသည်တို့သည် ဣတ္ထိကုတ္တမည်၏။

၄။ ကိုယ်သဏ္ဌာန်သည် ဣတ္ထိအာကပ္ပမည်၏။(ဋီကား-ဒီကာဝါဒတည်း။)

အဋ္ဌကထာ အလိုကား—

၁။ ကိုယ်သဏ္ဌာန်သည် ဣတ္ထိလိင်္ဂမည်၏။

၂။ အင်္ဂါဇာတ်သည် မိန်းမဟူ၍ သိခြင်း၏အကြောင်း ဖြစ်သောကြောင့် ဣတ္ထိနိမိတ္တမည်၏။

၃။ ပြုံးရယ်ခြင်း, မြူးထူးခြင်း အမူအရာသည် ဣတ္ထိကုတ္တမည်၏။

၄။ သွားခြင်းစသော အခြင်းအရာသည် ဣတ္ထိအာကပ္ပမည်၏။

ဣတ္ထိတောဟု ဆိုအပ်သော ဣတ္ထိန္ဒြေသည်ကား ရှေးကံကြောင့် ပဋိသန္ဓေက စ၍ဖြစ်၏။

http://www.dhammadownload.com

လိင်္ဂ, နိမိတ္တစသည်တို့ကား ဣတ္ထိန္ဒြေကိုစွဲ၍ ပဝတ္တိအာခါမှ ဖြစ်၏။

ဥပမာကား။ ။မျိုးစေ့ရှိလတ်သော် ထိုမျိုးစေ့ကိုစွဲ၍ ပင်စည်, အကိုင်းအခက်, အရွက်, အသီးတို့သည် ဖြစ်ကုန်သကဲ့သို့ ဣတ္ထိန္ဒြေရှိလတ်သော် ထိုကိုစွဲ၍ လိင်္ဂနိမိတ္တစသည်တို့သည် ဖြစ်ကုန်သတည်း။ ဣတ္ထိန္ဒြေကိုကား စက္ခုဝိညာဉ်ဖြင့် မမြင်အပ်။ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။

ဣတ္ထိလိင်္ဂ စသည်တို့ကိုကား စက္ခုဝိညာဉ်ဖြင့်လည်း မြင်အပ်၏။ မနောဝိညာဉ်ဖြင့်လည်း သိအပ်၏။

၂၅၀-ပုမ္ဘာဝရုပ်ကိုပြခြင်း

အတ္တနော မနောရထံ မာတာပိတုနံ ဝါ ဟဒယံ ပူရေတီတိ ပုရိသော။

ယော ပုဂ္ဂလော၊ အက္ခြင်ပုဂ္ဂိုလ်ဂျာည်။ ဟတ္တနော၊ မိမိ၏။ မနောရထံ ဝါ၊ နှလုံး၏အလိုကိုဂုဏ်း၊ မာတာပိတုနံ၊ အမိအဘတို့၏။ ဟဒယံ ဝါ၊ နှလုံးကိုဂုဏ်း။ ပူရေတိ၊ ပြည့်စေတတ်၏။ ကုတိ၊ ထို့ကြောင့်၊ ပုရိသော၊ ပုရိသမည်၏။

ပုရိသဿ ဘာဝေါ၊ ပုရိသဘာဝေါ။

ပုရိသဿ၊ ပြည့်စေတတ်သောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ ပုရိသဘာဝေါ၊ အလိုကိုပြည့်စေတတ်သောသူ၏အဖြစ်။

ဟံ၊ ထိုပုမ္ဘာဝသည်။ ပုရိသဘာဝလက္ခဏံ၊ ယောကျ်ား၏ အဖြစ်လျှင်လက္ခဏာရှိ၏။

ပုရိသော်တိ ပကာသနရသံ၊ ယောကျ်ားပေါ်၍ ထင်ရှားပြခြင်း ကိစ္စရှိ၏။

ပုရိသလိင်္ဂ နိမိတ္တ ကုတ္တာ ကပ္ပါနံ၊ ပုရိသလိင်္ဂ, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့ဖြစ်။ ကရဏဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင် ထင်ရှား၏။

ကမ္မဇရူပဟဒဋ္ဌာနံ၊ ကမ္မဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

လိင်္ဂစသည်မှာ ရှေးနည်းကိုမှီ၍ သိရမည်။

၂၅၁-ဘာဝရုပ်ကို၏ ပြောင်းလဲပုံကိုပြခြင်း

ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာဘိ ဘာဝေါ။ ဘာဝေါ ဧဝ ရူပံ ဘာဝရူပံ။

ဧတေန၊ ဤရုပ်တရားဖြင့်၊ ဗုဒ္ဓိသဒ္ဒါ၊ မိန်းမ, ယောကျ်ားဟူသော အသိညာဏ်သဒ္ဒါတို့သည်၊ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဤတိတသ္မာ၊ ထို့သို့ဖြစ်ကြောင်းဖြစ်သော သတ်တိကြောင့်။ ကံ ရူပံ၊ ကို ရုပ်သည်။ ဘာဝေါ၊ ဘာဝရုပ်မည်၏။

http://www.dhammadownload.com

ဘာဝေါ ဇေ၊ ဘာဝသည်ပင်လျှင်။ ရှုပံ၊ ရုပ်တည်း။ ဘာဝရှုပံ၊ ဘာဝသည် ပင်လျှင်ရုပ်။

ဤဘာဝရုပ်တို့သည် ကမ္မာဦးသားတို့အား ပဝတ္တိ ကာလ၌ဖြစ်၏။ နောက် အဖို၌ကား ပဋိသန္ဓေကစ၍ ဖြစ်၏။ ယင်းသို့ ပဋိသန္ဓေက ဖြစ်သော်လည်း ပဝတ္တိအခါ၌ ပြောင်းလဲသေး၏။

ဤနှစ်ပါးသော လိင်ကို့ဘဉ် ပုရိသလိင်သည် မြတ်၏။ ဣတ္ထိလိင်သည်ယုတ်၏။

ပုရိသလိင်သည် အကုသိုလ်ကံကြောင့် ကွယ်၏။ ဣတ္ထိလိင်သည် ဒုဇ္ဇလ ကုသိုလ်ကံကြောင့် တည်၏။

ဖြစ်ပြီးသော ဣဘိလိင်သည် အကုသိုလ်ကံကြောင့် ကွယ်၏။ ပုလ္လိင်သည် အားကြီးသော ကုသိုလ်ကံကြောင့် တည်၏။

ထို့ကြောင့် ဒီပန်၌-

ဧဝံ ဥဘယမ္ပိ အကုသလေန အန္တရဓာယတိ၊ ကုသလေန ပဋိလဘ-
တိတိ ဝေဒိတဗ္ဗံ-

ဟူ၍ မိန့်၏။

ဤဘာဝရုပ်ဟုဆိုအပ်သော ဣဘိန္ဒြေ ပုရိသိန္ဒြေတို့သည် ကာယပသာဒ ကဲ့သို့ ကိုယ်အလုံးကို နှံ့လျက်တည်၏။ ယင်းသို့တည်ခြင်းလည်း သစ်သီး၌ ရှုပါရုံ, ရသာရုံတို့သည် မရောယှက်သကဲ့သို့ မရောယှက်ပဲတည်ကုန်၏။

၂၅၂-ဟဒယရုပ်ကို ပြခြင်း

စိတ္တဿ အာဓာရံ ဟရတီတိ ဟဒယံ။ ဟဒယမေဝ ရှုပံ ဟဒယရှုပံ။

ယံ ရှုပံ၊ အကြင်ရုပ်သည်။ စိတ္တဿ၊ စိတ်၏။ အာဓာရံ၊ တည်ရာကို။ ဟရတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရှုပံ၊ ထိုရုပ်သည်။ ဟဒယံ၊ ဟဒယမည်၏။ ဟဒယမေဝ၊ စိတ်၏တည်ရာကို ဆောင်တတ်သော သဘောသည်လျှင်။ ရှုပံ၊ ရုပ်တည်း။ ဟဒယရှုပံ၊ စိတ်၏တည်ရာကိုဆောင်တတ်သောသဘော သည်လျှင် ရုပ်။

တံ၊ ထိုဟဒယရုပ်သည်။ မနောဓာတုမနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ နိဿယလက္ခဏံ၊ မှီရာလက္ခဏာရှိ၏။

အာဓာရရသံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့ကို ဆောင် တတ်သော ကိစ္စရှိ၏။

http://www.dhammadownload.com

ဥပပါဟာနပစ္စုပဋ္ဌာန်၊ နာမ်တရားတို့ကို ထုတ်တင်ပြသော အခြင်းအရာဖြစ်၏။

ကမ္မသမုဋ္ဌာနရူပပဋ္ဌာန်၊ ကံမှဇရုပ်လျှင် အကြောင်းရင်းရှိ၏။

မီးသည် အခိုးကို ထုပ်သကဲ့သို့ စိတ်သည် ကိုယ်တို့၏ ထွက်စေတတ်၏ ဟူလို။

ဤဟဒယရုပ်သည် ငုံခုံငုံ၏အတွင်း၌ တဲလျားကျသော ပဒုမ္မာကြာငုံတမျှ အပဋ္ဌေ ပြေပြစ်သန့်ဂျင်းလျက် အတွင်း၌ သဝဋ်ခါးသီးသဖွယ်, အလယ်၌ ပုန်းညက်စေ့ ဆံလောက်သာ တွင်း၌ တလက်ဆွမ်းမျှလောက်သော သွေးကို မှီ၍ ဓာတ် ၄-ပါးတို့ကို ကျေးဇူးပြုလျက် ဥတု, စိတ်, အာဟာရ, တို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြသည် ဆောင့်လျက် မနုနာဓာတ် မနုနာဝိညာဏဓာတ်တို့၏ တည်ရာအဖြစ်ကို ပြီးစေလျက် တည်၏။

ထိုဆဲးသည်–

ရာဂများသော သူအား ချင်းချင်းနီသည်။

ဒေါသများသော သူအား မည်းသည်။

မောဟများသော သူအား သားမေားရည်နှင့် တူသည်။

ဝိတက်များသော သူအား ပဲပြုတ်ရည်ဆင်းရှိသည်။

သဒ္ဓါများသော သူအား ဝါသည်။

ပညာများသော သူအား ကြည်လင်လျက် ပြိုးပြိုးပြက် အရောင်ရှိသည်။

ထိုဆဲး၏တည်ရာ နှလုံးအိမ်သည် မနုဿညာတို့အား မပွင့်သေးသော ကြာငုံကဲ့သို့၊ တိက္ခဿညာတို့အား စဉ်းငယ်ပွင့်သော ကြာငုံကဲ့သို့ ရှိသည်ဟူ၍ ဝိသုဒ္ဓိမဂ်၌ဆိုသည်။

၂၅၃-ဇီဝိတရုပ်ကို ပြခြင်း

ဇီဝန္ဒြိ သဟဇာတမ္မေ ဓေတနာဘဲ ဇီဝိတံ။
ဂ္ဂန္ဓဋ္ဌေ ကာဓုတိဘဲ ဂ္ဂန္ဒြိယံ။
ဇီဝိတဥ္စ တံ ဂ္ဂန္ဒြိယဉ္စာဟဘဲ ဇီဝိတိန္ဒြိယံ။

ဓေတနာ၊ ဤရုပ်တရားဖြင့်။ သဟဇာတဓမ္မာ၊ သဟဇာတ်တရားတို့သည်။ ဇီဝန္ဒြိ၊ ရှည်တတ်ကုန်၏။ ဂ္ဂဟိ၊ ထုံကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။

http://www.dhammadownload.com

ဣန္ဒဋ္ဌံ၊ အစိုးရသော အဖြစ်ကို။ ကာရေတိ၊ ပြုဟတ်၏။ ဣတိ၊ ထို့ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယမည်၏။

ဇီဝိတဉ္စ၊ သဟဇာတ် တရားတို့၏ ရှင်ကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုရှင်ကြောင်းဟူသည်။ ဣန္ဒြိယဉ္စ၊ အစိုးရသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေမည်၏။

တံ၊ ထိုဇီဝိတိန္ဒြေသည်။ သဟဇာတရူပါနံ၊ တက္ခဖြစ်ဘက်ဖြစ်သောရုပ်တို့ကို။ အနုပါလနလက္ခဏံ၊ စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။ တေသံ၊ ထိုသဟဇာတ် ရုပ်တို့ကို။ ပဝတ္တနရသံ၊ မပြတ်ဖြစ်ခြင်းကိစ္စရှိ၏။

တေသံဟေဝ၊ ထိုသဟဇာတ် ရုပ်တရားတို့ကိုသာလျှင်။ ဌပနပစ္စုပဋ္ဌာနံ၊ တည်စေခြင်းလျှင် ထင်ရှား၏။ ယာပယိတဗ္ဗဘူတပဒဋ္ဌာနံ၊ ဘုတ်တို့၏မျှတခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

ဤဇီဝိတိန္ဒြေသည် ရေသည်ကြာကို မည္ဂိုးအောင် စောင့်သကဲ့သို့ သဟဇာတ်ဖြစ်သော ရုပ်တို့ကို မည္ဂိုးနွမ်းအောင် စောင့်လျက် တက်သမားသည်လှေကို မတိမ်းမကောက်အောင် စောင့်သကဲ့သို့ အသစ်ဖြစ်ကုန်သော ရုပ်တို့ကိုလည်း မဖောက်ပြန်အောင် စောင့်လျက် ကိုယ်အလုံးကို နှံ့၍တည်၏။

၂၅၄-အာဟာရရုပ်ကို ပြခြင်း

အကဗဋ္ဌမိ ကဗဋ္ဌံ ဝိယ ကရိယတီတိ ကဗဋ္ဌီကာရော။
အာဟရိယတိ အဇ္ဈောဟရိယတီတိ အာဟာရော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ အကဗဋ္ဌမိ၊ အလုပ်မပြုကောင်းသော်လည်း။ ကဗဋ္ဌံ ဝိယ၊ အလုပ်ကဲ့သို့။ ကရိယတိ၊ ပြုအပ်၏။ ဣတိ ထို့ကြောင့်။ ကဗဋ္ဌီကာရော၊ ကဗဋ္ဌီကာရမည်၏။

အာဟရိယတိ, အဇ္ဈောဟရိယတိ၊ မျိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ အာဟာရော၊ အာဟာရမည်၏။

ဣန္ဒြေရှစ်ပါးနှင့် တက္ခသော ကိုယ်၏ခိုင်ခံ့ခြင်း အကြောင်းဖြစ်သော အင်္ဂါကြီးငယ်သို့ အစဉ်လျောက်တက်သော မျိုအပ်သော အာဟာရ၏ အစေး အဆီသည် အကြော, အသားတို့သို့ နစ်၍ ဖြစ်တတ်သောကြောင့် "သြသီဒိတ္ဓာ ဇာယတီတိ သြဇာ" ဟူသည်နှင့်ညီစွာ သြဇာမည်၏။ ဤသြဇာကို အလုပ်ပြုခြင်းငှာ မတတ်ကောင်း၊ သြဇာ၏တည်ရာ ထမင်းစသည်ကိုသာလျှင်

http://www.dhammadownload.com

ပြုပြင်ခြင်းငှာ တတ်ကောင်းသောကြောင့်။ "အကဗဋ္ဌမိ ကဗဋ္ဌံ ဝိယ ကရောတိ" ဟူ၍ဆိုလေသည်။ ထိုအနက်ကိုပြခြင်းငှာ ဋီကာ၌-

အဇ္ဇျောဟရိတဗ္ဗာဟာရ သန္နေဟဘူတာ ဩဇာ၊ ဣဓ အာဟာရရူပံ နာမ-ဟူ၍မိန့်သည်။

နိပ္ပန္နရုပ် ၁၈-ခု ပြီး၏

၂၅၅—အနိပ္ပန္နရုပ် ၁၀-ကို ပြခြင်း

အာကာသဓာတ်ဟူသော ပရိစ္ဆေဒရုပ်ကို ပြရာ

အနိပ္ပန္နရုပ်တို့ကိုကား-လက္ခဏာကိုသာ ပြလိုက်အံ့။

ဒဏ္ဍာဒီဟိ နကသီယတီတိ အာကာသော။
သဘာဝံ ဓာရေတီတိ ဓာတု။
အာကာသဿဓာတု အာကာသဓာတု။

ယံ၊ အကြင်ကောင်းကင်ကို။ ဒဏ္ဍာဒီဟိ၊ လှန်ကန်စသည်တို့ဖြင့်။ နကသီ-ယတိ၊ မရေးခြစ်အပ်။ ဣတိ၊ ထိုကြောင့်။ အာကာသော၊ အာကာသမည်၏။ (ကောင်းကင်ရ၏။)

သဘာဝံ၊ မိမိသဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ ဓာတုမည်၏။

အာကာသဿ၊ ကောင်းကင်၏။ ဓာတု၊ သဘောကို ဆောင်တတ်သည်တည်း။ အာကာသဓာတု၊ ကောင်းကင်၏ သဘောကို ဆောင်တတ်သည်။ (ကောင်းကင်နှင့် တူသောရုပ်ရ၏။)

သော၊ ထိုအာကာသဓာတ်သည်—

ကလာပါနံ၊ ကလာပ်တို့ကို။ ကလာပေဟိ၊ တပါးသော ကလာပ်တို့နှင့်။ ပရိစ္ဆေဒလက္ခဏာ၊ ပိုင်းခြားခြင်းလက္ခဏာရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ပရိစ္ဆေဒ-ရူပန္တိ၊ ပရိစ္ဆေဒရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအာကာသဓာတ်သည် စက္ခုဒသကစသော ကလာပ်ကို သောတဒသက စသော ကလာပ်တပါးတို့နှင့် မရောယှက်အောင် ပိုင်းခြားတတ်၏။

အဘယ်ကဲ့သို့နည်းဟူမူ သွေး, ချေး, နို့ ရည်တို့သည် လူတို့ကိုယ်၌ တပေါင်းတည်း တည်သော်လည်း တဦးနှင့် တဦး မရောသကဲ့သို့တည်း။

http://www.dhammadownload.com

ထို့ကြောင့် ဘုရားသခင်သည် ဝိဘင်းပါဠိတော်၌ "အသံဖုဋ္ဌံ စတ္တုဟိ မဟာဘူတေဟိ" ဟူ၍ ဟောတော်မူသည်။

စတ္တုဟိ မဟာဘူတေဟိ၊ လေးပါးသော မဟာဘုတ်တို့သည်။ အသံဖုဋ္ဌံ၊ မထိကြ။ အယံ၊ ဤသို့ မထိကြခြင်းသည်။ အာကာသော၊ အာကာသ မည်၏။

၂၅၆—ကာယဝိညတ်ရုပ်ကို ပြခြင်း

စလမာနကာယေန အဓိပ္ပါယံ ပရံ ဝိညာပေတိ၊
သယဉ္စ တေန ဝိညာယတီတိ ကာယဝိညတ္တိ။

ယာ ဓမ္မတာတိ၊ အကြင်တရားသဘောသည်။ စလမာနကာယေန၊ လှုပ်ရှားသောကိုယ်ဖြင့်။ အဓိပ္ပါယံ၊ အလိုကို။ ပရံ၊ သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဉ္စ၊ မိမိသည်လည်း။ တေန၊ ထိုလှုပ်ရှားသောကိုယ်ဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်, သိစေအပ်သော သတ္တိကြောင့်။ သာ ဓမ္မတာတိ၊ ထိုတရားသဘောသည်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

မဟန္တံ၊ ကြီးစွာသော။ ပါသာဏံ၊ ကျောက်ကို။ ဥက္ခိပန္တဿ၊ ချီသောသူ၏။ သဗ္ဗထာမေန၊ အားကုန်သွန်သဖြင့်။ ဂဟဏကာလေ၊ ချီသောအခါ၌။ ဥဿာဟနကဝိကာရော ဝိယ၊ အားထုတ်သော အခြင်းအရာ အထူးကဲ့သို့။ ရူပကာယဿ၊ ရုပ်အပေါင်း၏။ ပရိပ္ဖန္ဒနပစ္စယဘာဝေန၊ တုန်လှုပ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်။ ဥပလဗ္ဘမာနော၊ ရအပ်သော။ ဝါယောဓာတုယာ ဝိနိမုတ္တော၊ ဝါယောဓာတ်မှ လွတ်သော။ ဝိကာရော၊ အခြင်းအရာအထူးကို။ ကာယဝိညတ္တိတိ၊ ကာယဝိညတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ [ဤကားဋီကာအလို]

ဝိသုဒ္ဓိမဂ်၌ကား ရှေ့သို့ တက်ခြင်းစသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်နှင့်တကွ ဖြစ်သော ရူပကာယကို ခိုင်စေခြင်း, တည်စေခြင်း။ လှုပ်စေခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာ အထူးသည် ကာယဝိညတ်မည်၏ဟု ဆိုသည်။

အဋ္ဌသာလိနီ၌ လာသည့်ကား ယံ ရူပံ၊ အကြင်ရုပ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်နည်း။ ကုသလစိတ္တဿ ဝါ၊ ကုသိုလ်စိတ်ဖြင့်ဖြင်း။ အကုသလစိတ္တဿ ဝါ၊ အကုသိုလ်စိတ်ဖြင့်ဖြင်း။ အဗျာကတစိတ္တဿ ဝါ၊ အဗျာကတစိတ်ဖြင့်ဖြင်း။ အဘိက္ကမန္တဿ ဝါ၊ ရှေ့သို့ တက်သောသူ၏ဖြင်း။ ပဋိက္ကမန္တဿ ဝါ၊ နောက်သို့ ဆုတ်သောသူ၏ဖြင်း။ အာလောကေန္တဿ ဝါ၊ တူရူကြည့်သော သူ၏ဖြင်း။ ဝိလောကေန္တဿ ဝါ၊

http://www.dhammadownload.com

တစောင်းကြည့်သောသူ၏ငင်း။ သမိဥ္ဇန္ဓသ ဂါ၊ ကွေးသောသူ၏ငင်း။ ပသာဒရန္ဓသ ဝါ၊ ဆန့်သောသူ၏ငင်း။ ကာယသ၊ ကိုယ်၏။ ယာ ထမ္ဘနာ၊ အကြင်ခိုင်ခြင်းသည်။ ယာ သန္ဆမ္ဘနာ၊ အကြင်ကောင်းစွာ ထက်ဝန်းကျင် ခိုင်ခြင်းသည်။ ယံ သန္ဆမ္ဘိတတ္တံ၊ အကြင်ခိုင်သော အဖြစ်သည်။ ယာ ဝိညတ္တိ၊ အကြင် သိခြင်းသည်။ ယာ ဝိညာပနာ၊ အကြင် သူ့ကို သိစေခြင်းသည်။ ယံ ဝိညာပိတတ္တံ၊ အကြင်သိအပ်သော အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ ရူပံ၊ ဤရုပ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။

ဤသို့ ဓမ္မသင်္ဂဏီဋ္ဌ ဟောတော်မူသော ကြောင့် ရှေးသို့ တက်အံ့ဟူ၍ငင်း, နောက်သို့ ဆုတ်ဒုံ့ဟူ၍ငင်း အားထုတ်သော စိတ်သည် အင်္ဂကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤအင်္ဂကလာပ်တွင်း၌ပါသော ဇိတ္တဇဝါယောဓာတ်သည် မိမိနှင့် တကွ ဖြစ်သော ရုပ်အပေါင်းကို ကောင်းစွာခိုင်စေ တည်စေ လုပ်စေ၏။ ရှေ့သို့ လည်း တက်စေ၏။ နောက်သို့လည်း ဆုတ်စေ၏။

ထိုသို့ တက်စေရာ တခုသောအာဝဇ္ဇန်းပြုသော ဝီထိ၌ ဇော ၇-ကြိမ်ဖြစ် သည်တွင် ပထမဇော၌ပါသော ဝါယောဓာတ်သည် မိမိနှင့် သဟဇာတ် ဖြစ် သော ရုပ်အပေါင်းကို ခိုင်စေခြင်းငှာသာ စွမ်းနိုင်၏။ ထိုမှ ဤမှ လုပ်စေခြင်း ငှာကား မစွမ်းနိုင်။ ဒုတိယဇောတို့၌လည်း နည်းတူပင်။ သတ္တမဇော၌ ပါသော ဝါယောဓာတ်သည်ကား နောက်ဇောတို့မှ အဝေးကအပ်ကိုရသည် ဖြစ်၍ မိမိနှင့်သဟဇာတ်ဖြစ်သော ရုပ်တို့ကို ခိုင်စေ တည်စေခြင်းငှာငင်း လုပ်ရှားစေခြင်း ရှေ့သို့တက်စေခြင်း နောက်သို့ဆုတ်စေခြင်းငှာငင်း စွမ်းနိုင်လေသည်။ ထိုသတ္တမဇောဖြင့်သာလျှင် သွားခြင်း လာခြင်း စသည်တို့ဖြစ်ကုန်သည်။

ဥပမာဘယ်ကဲ့သို့နည်းဟူမူ။ ။နွား ၇-ရှဉ်းက,သော လှည်း၌ ပထမနွား ရှဉ်းစသည်တို့သည် လှည်းဦးကို ခိုင်ရုံသာ သတ္တမနွားရှဉ်းမှာမှ ရှေ့၍ ပါသကဲ့ သို့တည်း။

ယင်းသို့ ရှေ့ရှားရာ၌ အကြင်စိတ္တသမုဋ္ဌာန်ရုပ်သည် ဖြစ်၏။ ထိုရုပ်သည် လည်း ဝိညတ်မဟုတ်သေး၊ စင်စစ်သော်ကား ထိုစိတ္တဇဝါယောဓာတ်နှင့် တကွ ဖြစ်သော ရုပ်အပေါင်းကို ခိုင်စေ, လုပ်စေခြင်း၏ အကြောင်းဖြစ်ခြင်းငှာ စွမ်းနိုင်သော တခုသော အခြင်းအရာအထူးသည် ရှိ၏။ ထိုအခြင်းအရာအထူး သာလျှင် ကာယဝိညတ်မည်၏။

ဤကာယဝိညတ်သည် အင်္ဂကလာပ်ရုပ်ကဲ့သို့ စိတ္တသမုဋ္ဌာန်မဟုတ် အနိစ္စ စသည်အပြား ရှိကုန်သော တရားတို့၏ ဇရာ, မရဏ သဘော ရှိသည်၏အဖြစ် ကြောင့် ဇရာ, မရဏ ကို အနိစ္စ ဆိုရသကဲ့သို့ စိတ္တသမုဋ္ဌာန်ရုပ်တို့ကို သိစေတတ် သည်၏အဖြစ်ကြောင့်သာလျှင် စိတ္တသမုဋ္ဌာန်မည်၏။

http://www.dhammadownload.com

ထိုစကားကို ထင်ရှားစေဦးအံ့၊ မြင်ကောင်းရာ၌တည်လျက် လက်, ခြေ ကိုရင်း, ဦးခေါင်းကိုရင်း လူပ်သည်ရှိသော် ဤသို့လှုပ်ခြင်းကို စက္ခုဝိညာဉ်ဖြင့် မြင်၏။ ဝိညတ်ကိုကား စက္ခုဝိညာဉ်ဖြင့် မမြင်၊ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။ လက်, ခြေ လှုပ်ခြင်းစသည်ကို စက္ခုဝိညာဉ်ဖြင့်မြင်သော် မနောဝိညာဉ်ဖြင့် ဤသူကား ဤအမှုကိုပြုလို၏ဟု သိ၏။

ဥပပာကား။ ။တောအုပ်တွင် ရေအိုင်၏အနီး သစ်ပင်ကြီးတခု၌ တံခွန် ဆွဲထားခဲ့၍ ရေရှာသောသူတို့အား ထိုအကြောင်းကို ပြောသဖြင့် သွားရှာ၍ တံခွန်ကိုမြင်သော် ယခင်ပြောလိုက်သော စကားကြောင့် ဤ၌ကား ရေရှိသည်ဟု သိရသကဲ့သို့ရင်း၊ ရေ၏အသက်၌ ဗလုံတက်သည်ကိုမြင်၍ အတွင်းတွင် ငါးရှိသည်ဟု သိရသကဲ့သို့ရင်း စက္ခုဝိညာဉ်ဖြင့် လက်လှုပ်ခြင်းစသည်ကို မြင်သော် မနောဝိညာဉ်ဖြင့် အလိုကို သိရ၏။ ဤသိစေကြောင်း ဖြစ်သော အလိုအထူး သာလျှင် ကာယဝိညတ်မည်၏ဟူလိုသည်။

၂၅၇-ဝစီဝိညတ်ရုပ်ကို ပြခြင်း

သဝိညာဏကသဒ္ဒသခ်ါတဝါစာယ အဓိပ္ပါယံ ပရံ ဝိညာပေတိ၊ **သယဥ္ဇ တာယ** ဝိညာယတီတိ ဝစီဝိညတ္တိ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သဝိညာဏကသဒ္ဒသခ်ါတ-ဝါစာယ၊ ဝိညာဉ်နှင့်တကွသောအသံဟုဆိုအပ်သော ဝါစာဖြင့်။ အဓိပ္ပါယံ၊ အလိုကို။ ပရံ၊ သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဥ္ဇ၊ မိမိသည်လည်း။ တာယ၊ ထိုဝါစာဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်, သိစေအပ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဝစီ-ဝိညတ္တိ၊ ဝစီဝိညတ်မည်၏။

ဝစီဘေဒကရစိတ္တသမုဋ္ဌာန ပထဝီဓာတုယာ၊ နှုတ်မြွက်ခြင်းကို ပြုတတ်သော စိတ္တသမုဋ္ဌာန် ပထဝီဓာတ်နှင့်။ အက္ခရုပ္ပတ္တိဋ္ဌာနဂတဥပါဒိဏ္ဏရူပေဟိ၊ အက္ခရာတို့၏ဖြစ်ရာ ဌာန်ငါးဖြာ၌တည်သော ဥပါဒိဏ္ဏရုပ်တို့နှင့်။ သမာဃဋ္ဌနပစ္စယဘူတော၊ ကောင်းစွာထိခတ်ခြင်း၏ အကြောင်းဖြစ်သော။ ဧကော ဝိကာရော၊ တခုသော အခြင်းအရာအထူးသည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။(ဤကား ဋီကာအလို။)

အဋ္ဌသာလိနီ၌ကား ဤစကားကိုဆိုအံ့ဟု ကြံသောစိတ်သည် အဋ္ဌ ကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤကလာပ်၌ပါသော စိတ္တဇပထဝီဓာတ်နှင့် ဥပါဒိဏ္ဏက ဌာန်ငါးပါး၌တည်သော ရုပ်တို့သည် ထိခိုက်ခြင်းကြောင့် အသံဖြစ်သည်။ ဤ အသံသည် စိတ္တဇသဒ္ဒမည်၏။ ဝစီဝိညတ်ကား မဟုတ်သေး။ စင်စစ်ကား ထိုစိတ္တဇပထဝီဓာတ်နှင့် ဥပါဒိဏ္ဏကရုပ်တို့၏ ထိခြင်း, ခတ်ခြင်း၏ အကြောင်း

http://www.dhammadownload.com

ဖြစ်သော က, ခ စသည်ကိုထင်စေသော အခြင်းအရာအထူးသည် ရှိ၏။ ဤအခြင်းအရာအထူးသည်သာလျှင် ဝစီဝိညတ်မည်၏။

ဤဝစီဝိညတ်ကို သောတဝိညာဉ်ဖြင့် မကြားအပ်, မနောဝိညာဉ်ဖြင့်သာ သိအပ်သည်။ သောတဝိညာဉ်ဖြင့်ကား အသံကိုသာ ကြားရ၏။ အလိုအဇ္ဈာသယကိုကား မနောဝိညာဉ်ဖြင့် သိအပ်၏။ ဤအလိုသာလျှင် ဝစီဝိညတ်မည်သတည်း။

ဤဝစီဝိညတ်၌ သန္ဆန်မှုနှစ်သည်တို့၏ မရှိခြင်းကြောင့် သတ္တမဇော သည်ဖြစ်စေအပ်၏ အစရှိသောနည်းကို မရအပ်။ စိတ္တဇပထဝီဓာတ်နှင့် ဥပါဒိဏ္ဏကပထဝီဓာတ်တို့ ထိခိုက်သည်နှင့်တပြိုင်နက်သာလျှင် အသံဖြစ်၏။ ထိုထိခိုက်ခြင်းကိုလည်း ပထမဇော စသည်တို့၌ပင် ရအပ်၏ ဟူ၍ ပြခြင်းငှာ-

ဋီကာ၌-

ဣမ စ သန္ဆန်မှုနာဒီနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာတိ-အာဒိနယော နာ လဗ္ဘတိ၊ ဃဋ္ဋနေန ဟိ သဒ္ဒိ ယေဝ သဒ္ဒါ ဥပ္ပဇ္ဇတိ၊ ဃဋ္ဋနဉ္စ ပထမဇဝနာဒီသုပိ လဗ္ဘတေဝ-

ဟူ၍ မိန့်သည်။

ဣမ စ၊ ဤဝစီဝိညတ်၌ကား။ သန္ဆန်မှုနာဒီနံ၊ ထောက်ပံ့ခိုင်စေခြင်း စသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သတ္တမဇဝနသမုဋ္ဌိတာတိ အာဒိနယော၊ သတ္တမဇော သည်ဖြစ်စေ၏ အစရှိသောနည်းကို။ နာ လဗ္ဘတိ၊ မရအပ်။ ဟိ၊ သင့်စ့်။ ဃဋ္ဋနေန၊ ထိခိုက်ခြင်းနှင့်။ သဒ္ဒိ ယေဝ၊ တကွသာလျှင်။ သဒ္ဒါ၊ အသံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဃဋ္ဋနဉ္စ၊ ထိခိုက်ခြင်းကိုလည်း။ ပထမဇဝနာဒီသုပိ၊ ပထမဇော စသည်တို့၌လည်း။ လဗ္ဘတေဝ။ ရအပ်သည်သာလျှင်ကတည်း။

အဋ္ဌသာလိနီ၌ကား-

တေ သမုဋ္ဌာနိက ကာယံ စာလေတိ နာ စာလေတီတိ အယံ ပန ဝါရော နာ လဗ္ဘတိ၊ ပုရိမစိတ္တသမုဋ္ဌာနာယ ဥပထမ္ဘနကိစ္စံပိ နတ္ထိ-

ဟူ၍ဆိုသည်။

ထိုစကားကို မူလဋီကာ ဆရာ မနှစ်သက်သောကြောင့်-

ဥပထမ္ဘနံ နတ္ထိတိ ဝိစာရေတွာ ဂဟေတဗ္ဗံ-

ဟူ၍ ဆို၏။

ဤဆရာ၏အလိုကား ဇော ၇-ချက်တွင် တချက်တချက်သော ဇောသည် အကွာရာ တလုံး စာလုံးကို ဖြစ်စေတတ် ရကား ပေါင်းသော် ၇- လုံးဖြစ်၏။

http://www.dhammadownload.com

ထို ၇-လုံးတွင် ရှေ ၆-လုံးသည် မထင်၊ သတ္တမ အက္ခရာသာ ထင်၏။ ထို့ကြောင့် ဥပထမ္ဘန ရှိသကဲ့သို့ ထင်၏ ဆိုလိုသည်။

အဋ္ဌကထာဆရာကား။ ။ပထမဇောဋ္ဌဖြစ်သော ပထဝီဓာတ်သည် ဥပါဒိဏ္ဏက ရုပ်နှင့် ထိခြင်းကြောင့် ဗလဝဖြစ်ရကား ထိုပထမဇောစိတ်ဖြင့်ပင်အက္ခရာဖြစ်၏။ ထို့ကြောင့် ဥပထမ္ဘန မရှိကောင်းဟူလိုသည်။ ဤအဋ္ဌကထာ၏ အလိုသို့လိုက်၍ ဋ္ဌီကာဆရာလည်း—

ဣဓ စ သန္ဆမ္ဘနာဒီနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာတိ အာဒိ-နယော နလဗ္ဘတိ-ဟူသော စကားကိုဆိုလေသည်။

အနုဋ္ဌီကာဆရာကား အဋ္ဌကထာဝါဒကို မနှစ်သက်သောကြောင့်—

သတ္တဇဝနာနိ သတ္တက္ခရာနိ နိဗ္ဗတ္တေန္တီတိ ဝါဒံ ပဋိက္ခိပိတ္ဝာ၊ ဧက-ဇဝနဝါရေ ပရိယာပန္နာနိ စိတ္တာနိ ဧကမက္ခရံ နိဗ္ဗတ္တေန္တီတိ ဝဒန္တိ၊ ကိဉ္ဘာပိ ပထမစိတ္တေနာပိ ဃဋ္ဌနာ နိပ္ပဇ္ဇတိ၊ ဧကဿေဝ ပန ဗဟုသော ပဝတ္တနေ၊ န အတ္ထိ ကောစိ ဝိသေသောတိ ပုရိမ ဝဇနသမုဋ္ဌိတာဟိ ဃဋ္ဌနာနာဟိ ပဋိလဒ္ဓါသေဝနေန သတ္တမဇဝနေန သမုဋ္ဌိတာ ဃဋ္ဌနာ ပရိဗျတ္တမက္ခရံ နိဗ္ဗတ္တေတီတိ ဥပထမ္ဘနံ နတ္ထီတိ န သက္ကာ ဝတ္တုံ- ဟူ၍ ဆိုသတည်း။

သတ္တဇဝနာနိ၊ ၇- ကြိမ်သောဇောတို့သည်၊ သတ္တက္ခရာနိ၊ ၇-လုံးသော အက္ခရာတို့ကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိဝါဒံ၊ ဤသို့သောဋ္ဌီကာ ဝါဒကို။ ပဋိက္ခိပိတ္ဝာ၊ ပယ်၍။ ဧကဇဝနဝါရေ၊ တခုသောဇော၏ ဝါရ၌။ ပရိယာ-ပန္နာနိ၊ အကျုံးဝင်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဧကမက္ခရံ၊ တလုံးတလုံး သောအက္ခရာကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပဋမစိတ္တေနာပိ၊ ရှေးဦးစွာသော ဇောစိတ်ဖြင့်လည်း။ ဃဋ္ဌနာ၊ ထိခိုက်ခြင်းသည်။ ကိဉ္ဘာပိ နိပ္ပဇ္ဇတိ၊ အကယ်၍ကားပြီး၏ရှင့်။ ပန၊ ထိုသို့ပြီးသော်လည်း။ ဧကဿေဝ၊ တလုံးသော အက္ခရာကိုပင်လျှင်။ ဗဟုသော၊ များစွာသောဇောဖြင့်။ ပဝတ္တနေ၊ ဖြစ်စေခြင်း၌။ ကောစိ ဝိသေသော၊ တစုံတခုသောအထူးသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ ပုရိမဇဝနသမုဋ္ဌိတာဟိ၊ ရှေ့ဇောတို့ကြောင့် ဖြစ်ကုန်သော။ ဃဋ္ဌနာဟိ၊ ထိခိုက်ခြင်းတို့မှ။ ပဋိလဒ္ဓါသေဝနေန၊ ရအပ်ပြီးသော အာသေဝန ပစ္စည်းရှိသော။ သတ္တမဇဝနေန၊ သတ္တမဇောသည်။ သမုဋ္ဌိတာ၊ ဖြစ်စေအပ်သော။ ဃဋ္ဌနာ၊ ထိခိုက်ခြင်းသည်။ ပရိဗျတ္တံ၊ ထင်သော။ အက္ခရံ၊ အက္ခရာကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပထမ္ဘနံ နတ္ထီတိ၊

http://www.dhammadownload.com

အထောက်အပံ့မရှိဟူ၍။ ဝတ္တုံ။ ဆိုခြင်း ငှါ။ နသက္ကာ၊ မဘတ်ကောင်း။ မဏိမဥ္ဇူဆရာလည်း အနုဋ္ဌိကာ၏ အယူသို့ လိုက်၍....

အမှေဟိ ပိ သတ္တမဇဝနေန ဝေ ကေကွရပ္ပတ္တိ ဝုစ္စတိ၊ ဝဒန္တေဟိ ကေသေဝ ဥစ္စာရိတတ္တာ သုဏန္တေဟိ ကေသေဝ သုတတ္တာ– စသည်ဖြင့်ဆိုလေသည်။ (အနက်လွှယ်၏။)

၂၅၈-ဝိကာရရုပ် ကိုပြခြင်း

၁။ လဟုနော ဘာဝေါ လဟုတာ။

၂။ မုဒုနော ဘာဝေါ မုဒုတာ။

၃။ ကမ္မညဿ ဘာဝေါ ကမ္မညတာ။

လဟုနော၊ ပေါ့သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ လဟုတာ၊ ပေါ့သည်၏ အဖြစ်။

မုဒုနော၊ နူးညံ့သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ မုဒုတာ၊ နူးညံ့ သည်၏ အဖြစ်။

ကမ္မညဿ၊ အမှုဉ်ကောင်းသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ကမ္မညတာ၊ အမှုဉ် ကောင်းသည်၏အဖြစ်။

တေသု၊ ထိုသုံးပါးတို့တွင်။ အရောဂိနော၊ အနာမရှိသောသူ၏။ အဂရုက-တာ ဝိယ၊ မလေးလံသောအဖြစ်ကဲ့သို့။ ရူပါနံ၊ တိဇရုပ်တို့၏။ အဂရုတာ၊ မလေးသည်၏ အဖြစ်သည်။ ရူပလဟုတာ နာမ၊ ရူပလဟုတာမည်၏။

သုပရိမဒ္ဒိတစမ္မဿ၊ ကောင်းစွာ အဖန်ဖန် နယ်အပ်သော သားရေ၏။ အကထိနတာ ဝိယ၊ မကြမ်းတမ်းသော အဖြစ်ကဲ့သို့။ ရူပါနံ၊ တိဇဖြစ်သောရုပ်တို့၏။ အကထိနတာ၊ မကြမ်းတမ်းသောအဖြစ်သည်။ ရူပမုဒုတာ နာမ၊ ရူပ-မုဒုတာ မည်၏။

သုဓန္တသုဝဏ္ဏဿ၊ သစ်သောရွှေ၏။ တံတံပီဌန္ဓနဝိကတိယာ၊ ထိုထိုသော လက်ကောက်, လက်ကြပ်စသော တန်ဆာအထူးအား။ အနုကုလဘာဝေါ ဝိယ၊ လျော်သော အဖြစ်ကဲ့သို့။ သရီရကိရိယာနံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုတို့အား။ ရူပါနံ၊ တိဇဖြစ်သောရုပ်တို့၏။ အနုကူလဘာဝေါ၊ လျော်သောအဖြစ်သည်။ ရူပကမ္မညတာ နာမ၊ ရူပကမ္မညတာမည်၏။

ဤ ၃-ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းကိုစွဲ၍ သိအပ်သောကြောင့် ဝိကာရရုပ်မည်သည်။

http://www.dhammadownload.com

၂၅၉-လက္ခဏ ရုပ်လေးခုတွင် ဥပစယရုပ်နှင့် သန္တတိရုပ်နှစ်ပါး ထူးခြားချက်

၁။ ဥပစယနံ ဥပစယော။

၂။ သန္တာနော သန္တတိ။

ဥပစယနံ၊ ရှေးဦးစွာဖြစ်ခြင်း။ ဥပစယော၊ ရှေးဦးစွာဖြစ်ခြင်း။ သန္တာနော၊ ဖြစ်စဉ်တည်း။ သန္တတိ၊ ဖြစ်စဉ်။

တတ္ထ၊ ထိုဥပစယ, သန္တတိ နှစ်ပါးတို့တွင်။ ပဋိသန္ဓိတော၊ ပဋိသန္ဓေမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်။ စက္ခာဒိဒသကာနံ၊ စက္ခုအစရှိသော လေးပါးသော ဒသကတို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တ္ထေန္တရေ၊ ဤ ၆၄-ရက်၏အကြား၌။ ရူပုပ္ပါဒေါ၊ ရုပ်၏ဖြစ်ခြင်းသည်။ ဥပစယော၊ ဥပစယမည်၏။ တတောပရံ၊ ထိုမှနောက်၌။ ရူပုပ္ပါဒေါ၊ ရုပ်တို့၏ဖြစ်ခြင်းသည်။ သန္တတိ နာမ၊ သန္တတိမည်၏။

၃-ဇရတာရုပ်ကို ပြခြင်း

ယထာသကံခဏမတ္တဋ္ဌာယီနံ၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော ကျေနပညာသခဏ၌သာ တည်လေ့ရှိကုန်သော။ ရူပါနံ၊ စတုဇရုပ်တို့၏။ နိရောဝဘိမုခဘာဝ ဝသေန၊ ချုပ်ခြင်းသို့ရှေ့ရှုသည်၏အစွမ်းဖြင့်။ ဇီရဏံ၊ ရင့်ခြင်းသည်။ ဇရတာ၊ ဇရတာမည်၏။

၄-အနိစ္စတာရုပ်ကို ပြခြင်း

တေသံ၊ ထိုရုပ်တို့၏။ အနိစ္စဘာဝေါ၊ မမြဲသည်၏အဖြစ်သည်။ အနိစ္စတာ၊ အနိစ္စတာမည်၏။

ဤရုပ် ၄-ပါးတို့သည် ပရမတ်ဖြစ်သော ရုပ်တရားတို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော အခိုက်အတန့်၏ အစွမ်းဖြင့် မှတ်ခြင်း၏အကြောင်းဖြစ်သော ကြောင့် လက္ခဏရုပ်မည်၏။

၂၆၀-ဇာတိရုပ်တခုကိုပင် ဥပစယ သန္တတိခေါ်ဆိုရပုံကို ပြခြင်း

ဇာတိရုပ်တခုကိုပင်လျှင် ဥပစယဟူသောအမည်, သန္တတိဟူသောအမည်ဖြင့် ဘယ့်ကြောင့် ခွဲ၍ဆိုအပ်သနည်း။

http://www.dhammadownload.com

ပဌမဈာနိဿိတာသင်္ခါတာပဝါတိုအာကာရဘေဒတော ဝေနေယျဝသေန ဥပစယော သန္တတိတိ ပီဘာဇိတ္ဘာ ဝုတ္တတ္တာ—

ဟူသောဋီကာနှင့်အညီ ရှေးဦးစွာဖြစ်ခြင်း, အထက်၌ဖြစ်ခြင်းဟုဆိုအပ်သော ဖြစ်သောအခြင်းအရာ ပြားသဖြင့် ဝေနေယျတို့အား ထင်ရှားစိမ့်သောငှါ နှစ်ပါးခွဲ၍ ဟောတော်မူသောကြောင့်ဆိုသည် ဟူပေ။

၂၆၁-မဟာအဋ္ဌကထာလာ ရုပ် ၄-ပါးကိုပြခြင်း

ဤမာနိ အဋ္ဌဝိသရုပါနိ၊ ဤ ၂၀-ပါးသော ရုပ်တို့သည်။ အာဟစ္စဘာသိတာနိ၊ ပါဠိတော်၌ တိုက်ရိုက်ဘုရားဟောသော ရုပ်တို့တည်း။ မဟာအဋ္ဌကထာယံ ပန၊ ရဟန္တာဝတို့ဆောင်ခဲ့သော မဟာအဋ္ဌကထာ၌ကား။ ဗလရုပ်၊ ကြီးပွားတတ်သော အားဟူသောဗလရုပ်၎င်း။ သမ္ဘဝရုပ်၊ သုက်ရည်တည်းဟူသော သမ္ဘဝရုပ်၎င်း။ သဏ္ဌာနရုပ်၊ လုံးလျားသဏ္ဌာန်ဖြင့် တည်သော သဏ္ဌာနရုပ်၎င်း။ ဇောဂရုပ်၊ နှာကျင်တတ်သောဇောဂရုပ်၎င်း။ ဤမာနိ စ၊ ဤရုပ်ခလေးပါးတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ ဤတိဝဒန္တိ၊ ဤသို့ဆိုကြကုန်၏။

ယင်းသို့ ရုပ်ခလေးပါးရှိကြောင်းကို ပိဿဒ္ဓိမဂ်၌လာလျက် အရှင်အနုရုဒ္ဓါဆရာ ဘယ်ကြောင့်မပြသနည်းဟူမူကား ဗလရုပ်ကို ဝါယောဓာတ်၌ သွင်း၍၊ သမ္ဘဝရုပ်ကို အာပေါဓာတ်၌သွင်း၍၊ သဏ္ဌာန ရုပ်ကို ဝဏ္ဏ၌သွင်း၍၊ ဇောဂရုပ်ကို ဇရတာ၌သွင်း၍ ဘုရားရှင်ဟောတော်မူသောကြောင့် အရှင်အနုရုဒ္ဓါဆရာလည်း အသီးမပြသည် ဟူပေ။

ထို့ကြောင့် ဉာဏဝိဘင်း အဋ္ဌကထာ၌—

အာပေါဓာတု ဝဏ္ဏာယတနာနမေဝ ဝါ၊ သမ္ဘဝသဏ္ဌာနတော ဝါ ဝိသုံ ဝုတ္တာ။

ဟူ၍ မိန့်၏။

အဓိပါယ်ကား—

စတုဇရုပ်၌ပါသော အာပေါဓာတ်, စတုဇရုပ်၌ပါသော ဝဏ္ဏာယတနတို့ကိုသာလျှင် သမ္ဘဝရုပ်, သဏ္ဌာနရုပ်ဖြစ်သည်ဟူ၍ အသီးဆိုအပ်၏ ဟူလိုသည်။

ဤသမ္ဘဝရုပ်တည်းဟူသော သုက်သည် ကာမ ၁၁-ဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား ဣတ္ထိနွေ, ပုရိသိနွေတို့၏ ရင့်ခြင်းကြောင့် ရာဂစိတ်ဖြစ်လတ် သော် ထိုစိတ်၏အာနုဘော်ဇကြောင့် စတုဇရုပ်၌ရှိသော အာပေါဓာတ်သည် မီး

http://www.dhammadownload.com

အဟုန်ကြောင့် ဆူသောရေကဲ့သို့ ကြီးပွားလျက်ဖြစ်လာ၏။ လူတို့အား ၁၅-နှစ် ၁၆-နှစ်တိုင်မှ ဖြစ်သည်။

ထို့ကြောင့်—

သမ္မာဝေါ ကာမဓာတုယံ ဧကစ္ဆိယ သတ္တာနံ ဣန္ဒြိယပရိပါကပစ္စယော အာပေါဓာတုယာ ပဒတ္တိ အာကာရဝိသေသော—

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီဒု နှာ-၁၀၆-၌ဂျင်း၊

အဋ္ဌကထာယံ စတုသမုဋ္ဌာနိကေသု သမ္ဘဝဿ ဝုတ္တတ္တာ။ သော ပန သောဋ္ဌဿဝဿကာလေ ဥပ္ပဇ္ဇတိ၊ တဿ ရာဂဝသေန ဌာနာ-စာဝနံ ဟောတိ—

ဟူ၍သာရတ္ထဒီပနီဋီဒု နှာ-၃၀၁-၌ဂျင်း မိန့်အပ်၏။

ကထာဝတ္ထု အဋ္ဌကထာ၌ ကာမာဝစရ နတ်တို့အား မေထုန ကိစ္စရှိကြသော်လည်း သုက်လွတ်ခြင်း မရှိဟူ၍ ဆို၏၊ ထိုစကားသည် တည်ဆုမှ မဖွဲ့ခြင်းကို ရည်၍သာဆိုသည်။ သမ္ဘဝရုပ်မရှိ၍ ဆိုသည်မဟုတ်ဟု- ဂျင်းဋီကာ၌ မိန့်၏။

သာရတ္ထဒီပနီဋီကာဒု၌လည်း—

ကထာဝတ္ထု အဋ္ဌကထာယံ တာသံ ဒေဝတာနံ သုက္ကဝိဿဋ္ဌိ နာမ နတ္ထိတိ၊ တမ္မိ ဌာနာစာဝနံ သန္ဓာယ ဝုတ္တန္တိ ဂဟေတဗ္ဗံ—

ဟူ၍မိန့်၏။

ထိုနတ်တို့သည် လူတို့ကဲ့သို့ သံသဂ္ဂဖြစ်သော်လည်း သုက်လွတ်ခြင်းမရှိ၊ မိမိကိုယ်တွင်း၌သာ ငြိမ်းလေ့သောကြောင့် ဂဗ္ဘသေယျ. သန္ဓေမယူနိုင် ဥပ-ပါတ်သာ ဖြစ်လေသည်။

ဤသမ္ဘဝရုပ်ဝသည် အရင်းမှ စတုဇဖြစ်သော်လည်း တည်ဆုမှဖွဲ့၍ ပြင်ပသို့ ရောက်သောအခါ ဥတုဇသာဖြစ်၏။

ထို့ကြောင့်—

ဥပါဒိဏ္ဏကတော ဝိမုတ္တာယံ သမ္ဘဝေါ ဥတုသမုဋ္ဌာနမေဝ—

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ မိန့်၏။

ဤရုပ်သည် ဘုရား, ရဟန္တာ, ပြဟ္မာ တို့၌ မရှိကုန်ဟု ပြခြင်းငှါ—

ဒီဃာသဝါနံ ပန ပြဟ္မာနဉ္စ သမ္ဘဝေါ နတ္ထိ—

ဟူ၍ သာရတ္ထဒီပနီဋီကာဒု နှာ-၃၀၁-၌ မိန့်၏။

ဤကား ရူပသမုဋ္ဌေသ၌ သိဖွယ်တည်း။

http://www.dhammadownload.com

၂၆၂-ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ် ခေါ်ဆိုရသည်ကို ပြခြင်း

မေး။ ။ရုပ်ပသာဒ၊ ငါးပါးမျှကို၊ အဇ္ဈတ္တိက၊ အရဆိုသော်၊ ထို့ပြင် အတွင်းမဖြစ်လော။

ဖြေ။ ။အတ္တဘာဝသခ်ါတံ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿ ပဝတ္တန္တီတိ အဇ္ဈတ္တိ-ကာ။

ယေ ရူပါ၊ အကြင်ရုပ်တို့သည်။ အတ္တဘာဝသခ်ါတံ၊ အတ္တဘောဟုဆို အပ်သော။ အတ္တာနံ၊ ခန္ဓာကိုယ်ကို။ အဓိကိစ္စ ဥဒ္ဒိဿ၊ ရည်ညွှန်းထောက်ပံ့၍။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသွာ၊ ထိုသို့ရည်ညွှန်းထောက်ပံ့၍ ဖြစ်တတ်သောသတ္တိကြောင့်။ တေ ရူပါ၊ ထိုရုပ်တို့သည်။ အဇ္ဈတ္တိကာ။ အဇ္ဈတ္တိက ရုပ်တို့မည်ကုန်၏။

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ပသာဒတည်းဟူသော ငါတို့ ငါးဦးတို့သည် အကယ်၍ မဖြစ်ကုန်မူကား....သင်အတ္တဘောသည် မည်သို့သော ကိစ္စမျှမရှိပဲ လဲ၍ခြောက်သွေ့သော ထင်းတုံးကဲ့သို့သာ ဖြစ်ရာလတ္တံ့ဟု ဆိုဘိ သကဲ့သို့ ဤခန္ဓာကိုယ်ကို အထူးသဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့် အဇ္ဈတ္တိကရုပ် မည်၏။ ဤမှကြင်းသောရုပ် ၂၃-ခုကား ဤကဲ့သို့ ကျေးဇူးမပြု တတ်သောကြောင့် ဗာဟိရရုပ် မည်၏ ဟူလိုသည်။

တနည်းကား –

အတ္တသခ်ါတံ စိတ္တံ အဓိကိစ္စ တဿ ဒ္ဓါရဘာဝေန ပဝတ္တတီတိ အဇ္ဈတ္တံ။

ယံ ပသာဒရူပံ၊ အကြင်ပသာဒရုပ်သည်။ အတ္တသခ်ါတံ၊ အတ္တဟုဆို အပ်သော။ စိတ္တံ၊ စိတ်ကို။ အဓိကိစ္စ၊ စွဲ၍။ တဿ၊ ထိုစိတ်၏။ ဒ္ဓါရဘာဝေန၊ တံခါး၏ အဖြစ်ဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံပသာဒရူပံ၊ ထိုပသာဒရုပ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တမည်၏။

ဤရုပ် ငါးခုတို့သည် စိတ်ကိုစွဲ၍ ထိုစိတ်၏ ထွက်ရာ ဝင်ရာ, ဒ္ဓါရ၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အဇ္ဈတ္တိကရုပ်မည်၏။ ကြင်းသောရုပ်တို့သည် စိတ်မှ အပဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏ ဟူလိုသည်။

အာရမ္မဏံ အရတိ ဇာနာတီတိ အတ္တာ။

ယံ စိတ္တံ၊ အကြင်စိတ်သည်။ အာရမ္မဏံ၊ အာရုံကို။ အရတိ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်၊ အတ္တာ၊ အတ္တာမည်၏။ ဤသို့ဝိဂြိုဟ်ပြု။ သုခိတတ္တာ၌ အတ္တသဒ္ဒါသည် စိတ်ကိုဟောသကဲ့သို့ ဤအတ္တ သဒ္ဒါလည်း စိတ်ကိုဟောသည်။

http://www.dhammadownload.com

၂၆၃-ဒွါရ ၆-ပါး ဖြစ်သော်ငြားလည်း ဒွါရရုပ် ၇-ပါးမြစ်ပုံကို ပြခြင်း

မေး။ ။ဒွါရ ၆-မည်၊ ရှိပါသည်ကို၊ ရုပ်မည်ကရပ်။ ဝိညတ်ခုနှစ်၊ ၇-စုသာ ပြုသည်မှာ ဒွါရဘယ်ကြောင့်ပါးသနည်း။

ဖြေ။ ။ဒွါရ ၆ ပါးတို့တွင် ရုပ်ဒွါရ ၅-ပါး, နာမ်ဒွါရ ၁-ပါးရှိသည်။ တို့တွင် စက္ခုပသာဒရုပ်သည် စက္ခုဝိညာဉ်ဓာတ်သော ၄၆-ပါးသော စိတ်တို့၏ ထွက်ရာ, ဝင်ရာ ဖြစ်သောကြောင့် စက္ခုဒွါရ မည်သည်။

သောတပသာဒရုပ် စသည်မှာလည်း သောတဝိညာဉ်စသော ၄၆-ပါး သောစိတ်တို့၏ ထွက်ရာ, ဝင်ရာ ဖြစ်သောကြောင့် သောတဒွါရ စသည် မည်သည်။

ကာယဝိညတ်ရုပ် သည်းကား ပါဏာတိပါတ်စသော ကာယကံ ၃-ပါးတို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်၍ ကာယဒွါရ မည်သည်။

ဝစီဝိညတ်သည်လည်း မုသာဝါဒစသော ဝစီကံ ၄-ပါးတို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်၍ ဝစီဒွါရ မည်သည်။

ဤသို့ စိတ်၏ဖြစ်ကြောင်း ဒွါရ ၅-ပါး, ကံ၏ ဖြစ်ကြောင်းဒွါရ ၂-ပါးကို ပေါင်းသောအားဖြင့် ရုပ်ဒွါရ ၇-ပါးပြားလေသည်။ နာမ်ဒွါရမှာ အပြားမရှိ။ ရှေးရှေးသောစိတ်သည် နောက်နောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်၍ စိတ်ဟူသမျှ ဒွါရမည်သည် ချည်းဟူပေ။

၂၆၄-ဒွါရရုပ်မည်ကြောင်းကို ပြခြင်း

ဒုဝေ ဇနာ အရုန်တိ ဂစ္ဆန္တိ ဧတေနာတိ ဒွါရံ။

ဧတေန၊ ဤဘံခါးဖြင့်။ ဒုဇဝ ဇနာ၊ ထွက်သူ, ဝင်သား လူနှစ်ပါးတို့သည်။ အရုန်တိ ဂစ္ဆန္တိ၊ သွားလာ ဝင်ထွက်ဟတ်ကုန်၏။ ဤဟ်တသမာ၊ ထို့သို့ သွားလာကြောင်း ဖြစ်သောကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ (ပကတိတံခါးရှင်။)

ဒွါရံ ဝိယာတိ ဒွါရံ။

ဒွါရံ ဝိယ၊ တံခါးကဲ့သို့ ဖြင့်သည်ကည်း။ ဒွါရံ၊ တံခါးကဲ့သို့ ဖြစ်သည်။ စိတ်တို့၏ဝင်း, ကံတို့၏ဝင်း ဖြစ်ရာဖြစ်၍ တံခါးနှင့် တူသော ပသာဒရုပ်, ဝိညတ်ရုပ်ရှင်။

http://www.dhammadownload.com

၂၆၅—ဣန္ဒြိယရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ရှစ်ပါးသောရုပ်တို့သည် ဘယ်သို့ အစိုးရသောကြောင့် ဣန္ဒြိယရုပ်မည်သနည်း။

ဖြေ။ ။ပဉ္စဝိညာဏေသု လိင်္ဂါဒီသု သဟဇာတရူပပရိပါလနေ၊ စ အာဓိပစ္စယောဂတော—

ဟူသော ဋီကာနှင့်အညီ ပသာဒရုပ်တို့သည် မိမိ၏ ကြည်လင်ခြင်းဖြင့် ပညတ်, ဝိညာဉ်၏ ထက်သောအဖြစ်ကို, မိမိ၏ မကြည်လင်ခြင်းဖြင့် ထိုဝိညာဉ်တို့၏ နုံ့သော အဖြစ်ကို ဖြစ်စေတတ်ရကား ဝိညာဉ် (၅) ပါးကို စီရင်ခြင်းငှာ အစိုးရသည်။ ဣတ္ထိဘော, ပုမ္ဘောသည် ဣတ္ထိလိင် စသည်တို့ကို ဖြစ်စေခြင်းငှာ အစိုးရသည်။ ဇီဝိတိန္ဒြေသည် ကံကြောင့်ဖြစ်သောရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသည် ဟူပေ။

ဘယ်သို့ စောင့်သနည်းဟူငြားအံ့၊ အကြင်ကမ္မဇရုပ်တို့၏ ကျေနပညာသစိတ္တက္ခဏ၌ တည်ခြင်းသည် ဇီဝိတိန္ဒြေစောင့်သောကြောင့်သာ ကည်သည်။ မစောင့်မူ မတည်နိုင်။ ဇီဝိတိန္ဒြေလည်း မိမိစောင့်အပ်သော စက္ခု, သောတစသောတရားတို့နှင့် စပ်သဖြင့်သာလျှင် တည်၏။

ဥပမာ ဘယ်ကဲ့သိုနည်းဟူမူ လှေကို မတိမ်းမစောင်းအောင် စောင့်သော လှေသူကြီးသည် မိမိကလည်း လှေကို စောင့်သည်။ လှေကို မှီ၍လည်း မိမိရေပေါ်၌ တည်နိုင်သကဲ့သို့တည်း။

၂၆၆—ရုပ်ဇီဝိတ၏ ရုပ်တိုင်း အစိုးမရပုံ

မေး။ ။ရုပ်ဇီဝိတ၊ အစိုးရလော်၊ တက္ခဥသုံ၊ ကလာပ်စုံကို အကုန်စိုးရပါလေသလော။

ဖြေ။ ။စိတ္တဇ, ဥတုဇ, အာဟာရဇတို့ကို အစိုးမရ၊ ကမ္မဇကလာပ်ကိုသာ အစိုးရ၏။ ထို့ကြောင့်—

ဇီဝိတသ စ ကမ္မဇပရိပါလနေ အာဓိပစ္စံ—

ဟူ၍ မိန့်သည်။

၂၆၇—ဩဋ္ဌာရိကရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ပရမတ်ချင်းသာ၊ တူသင့်ပါလျက်၊ ပသာဒါဝိသယ၊ ရုပ်နှစ်ဝကို၊ ဩဋ္ဌာရိက ဘယ့်ကြောင့်ဆိုသနည်း။

http://www.dhammadownload.com

ဖြေ။ ။ဝိသယဝိသယိဘာဝပ္ပတ္တိဝသေန ထူလတ္တာ သြဋ္ဌာရိကရူပံ-ဟူသော ဋီကာနှင့်အညီ ကျက်စားရာ၌ ကျက်စားတတ်သောအဖြစ်သို့ ရောက်သည်၏အစွမ်းဖြင့် ရှန့်ရင်းသည်၏ အဖြစ်ကြောင့် သြဋ္ဌာရိကရုပ် မည်သည်။

ပုံကား။ ။ဣတ္ထိလိင်, ပုလ္လိင်တို့ဖြင့် ပြုအပ်သော ကိစ္စသည် ရှန့်ရင်းသောကြောင့် လိင်ကိုလည်း သြဋ္ဌာရိက, ဒုဋ္ဌုလ္လဆိုရသကဲ့သို့ ဟူလိုသည်။

၂၆၈—သန္တိကေရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဘယ့်ကြောင့် သန္တိကေရုပ် မည်သနည်း။

ဖြေ။ ။တတောယေဝ ဂဟဏဿ သုကရတ္တာ သန္တိကေ ရူပံ-ဟူသော ဋီကာနှင့်အညီ ထိုသို့ ရှန့်ရင်းသည်၏ အဖြစ်ကြောင့် ဉာဏ်ဖြင့် သိလွယ်သည် ဖြစ်၍ အသိဉာဏ်နှင့် နီးရကား သန္တိကေရုပ် မည်သည်။

၂၆၉—သပ္ပဋိဃရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဘယ့်ကြောင့် သပ္ပဋိဃ မည်သနည်း။

ဖြေ။ ။အာရုံ, ပသာဒတို့သည် အချင်းချင်း ဆိုင်မိသည်ဖြစ်၍ သူနှစ်ယောက်တို့၏ ထိပါးခြင်းနှင့် တူရကား သပ္ပဋိဃရုပ် မည်သည်။

ဤမှ ကြွင်းသော ရုပ် ၁၆-ပါးသည် သိမ်မွေလှသောကြောင့် သုခုမရုပ်လည်း မည်သည်။ သိခြင်းငှါ ခဲသည်ဖြစ်၍ အသိဉာဏ်နှင့် ဝေးသောကြောင့် ဒူရေရုပ်လည်း မည်သည်။ အာရုံနှင့် ထိပါးခြင်းမရှိသောကြောင့် အပ္ပဋိဃရုပ်လည်း မည်သည်။

၂၇၀—သနိဒဿနရုပ် ခေါ်ဆိုရပုံကို ပြခြင်း

ရူပါရုံကို သနိဒဿနရုပ်ဟု အမည်မှည့်ရာ၌ သနိဒဿနသဒ္ဒါကို နိဒဿနေန သဟ ယံ ပဝတ္တတီတိ သနိဒဿနံ-ဟု ဝိဂ္ဂိုဟ်ပြု။

ယံ ရူပံ၊ အကြင်ရုပ်သည်။ နိဒဿနေန၊ မြင်အပ်သော အဖြစ်နှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သနိဒဿနံ၊ သနိဒဿနမည်၏။

မြင်အပ်သောအဖြစ်ဆိုလျှင် အဌကလာပ်၌ ရုပ် ၇-ပါးမှ အသီးဖြစ်သော စက္ခုဝိညာဉ်၏ အာရုံဖြစ်ထိုက်သော ဝဏ္ဏာယတနကို ရသည်။

ယင်းသို့ နိဒဿနသဒ္ဒါဖြင့် ဝဏ္ဏာယတန ကိုရပြီးလျက် သဟသဒ္ဒါဖြင့် မြင်အပ်သောအဖြစ်နှင့်တကွဖြစ်သည်ဟု ဆိုပြန်ခြင်းသည် တရားအသီးရှိသေးသလောဟု စောဒနာ—

http://www.dhammadownload.com

ရူပါရုံမှတပါး အခြားမရှိပြီ၊ မရှိသော်လည်း အပြားရှိသကဲ့သို့ ခေါ်ခြင်းသည် သိလာပုတ္တကသရိယံ၌ ကိုယ်နှင့်ကျောက်သား အပြားမရှိသော်လည်း အပြားရှိသကဲ့သို့ တင်စား၍ခေါ်သော "အဘေဒဘေဒူပစာရ" နည်းသာ ဖြစ်သည်ဟု ဖြေအပ်၏။

ထို့ကြောင့် ဌီကာ၌—

ဓမ္မဘာဝသာမညေန ဟိ ဧကီဘူတေသု ဓမ္မေသု ယော နာနတ္တကရော ဝိသေသော၊ သော အညော ဝိယ ကတ္ဒာ ဥပစရိတုံ ယုတ္တော—

ဟူ၍မိန့်အပ်၏။

ဟိ၊ ထင်စေဦးအုံ့။ ဓမ္မသဘာဝသာမညေန၊ ဓမ္မသဘောအားဖြင့်တူသည်၏ အဖြစ်ကြောင့်။ ဧကီဘူတေသု၊ တခုတည်းကဲ့သို့ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ နာနတ္တကရော၊ တူသည်၏အဖြစ်ကိုပြုတတ်သော။ ယော ဝိသေသော၊ အကြင်အထူးသည်။ အတ္ထိ၊ ရှိ၏။ သော ဝိသေသော၊ ထိုအထူးကို။ အညော-ဝိယ၊ တပါးတရားကဲ့သို့။ ကတ္ဒာ၊ ပြု၍။ ဥပစရိတုံ၊ တင်စား၍ခေါ် ဝေါ်ခြင်းငှါ။ ယုတ္တော၊ သင့်၏။

၂၇၁-ဥပစာနည်းဖြင့် ဂေါစရဂ္ဂါဟိကရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ရုပ်အကုန်ပင်၊ အာရုံစွဲကပ်၊ မယူတတ်ဟု၊ ပြုလတ်ပြီးလျက်၊ ငါးချက်ပသာဒ၊ ရုပ်ဓမ္မကို၊ အသမ္ပတ္တ သမ္ပတ္တဖြင့်၊ ဂေါစရဂ္ဂါဟိက နာမဘယ့်ကြောင့် မှည့်သနည်း။

ဖြေ။ ။ဤရုပ် ငါးပါးကိုမှီ၍ ပဉ္စဝိညာဉ်တို့သည် အာရုံကိုယူတတ်ကုန်ရကား ဌာနီဖြစ်သော ဝိညာဉ်တို့၏ ဂေါစရဂ္ဂါဟိက ဟူသောအမည်ကို ဌာနဖြစ်သောရုပ်၌တင်စား၍ ရုပ်တရားတို့ကိုလည်း ဂေါစရဂ္ဂါဟိက ဟု "ဌာနျူပစာရ" နည်းအားဖြင့် ပညတ်လေသည်ဟူပေ။

၂၇၂-ဂေါစရရုပ်ငါးပါးတွင် စက္ခုသောက နှစ်ပါးတို့၏အသမ္ပတ္တရုပ်ဖြစ်ပုံကို ပြခြင်း

ဂေါစရံ ဂါဟန္တီတိ ဂေါစရဂ္ဂါဟိကာ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဂေါစရံ၊ အာရုံကို။ ဂါဟန္တိ၊ ယူတတ်ကုန်

http://www.dhammadownload.com

၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုကရားတို့သည်။ ဂေါစရဂ္ဂါဟိကာ၊ ဂေါစရဂ္ဂါဟိက တို့မည်ကုန်၏။

ထိုရုပ် ၅-ပါးတို့တွင် စက္ခု၊ ဇသာတ နှစ်ပါးတို့သည် မိမိသို့လည်း အာရုံမရောက်လာ အာရုံရှိရာသို့လည်း မိမိတို့မရောက်သည်ဖြစ်၍ ယူတတ်သောကြောင့် အသမ္ပတ္တဂါဟ မည်ကုန်၏။

စက္ခု၊ သောတ နှစ်ပါးတို့သည် ဒါအာရုံရှိရာသို့သွား၍ ယူ၏ဟုဆိုသော် အဘယ်အပြစ်ရှိရာသနည်း ဟူငြားအံ့။ စက္ခု၊ သောတ နှစ်ပါးတို့သည် အာရုံရှိရာသို့သွား၍ ယူ၏ဟုဆိုခဲ့သော် မံသစက္ခု၊ မံသသောတဖြင့် မမြင်မကြားကောင်းသော ဝေးသောဌာနဋ္ဌိတည်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဖုံးလွှမ်းရာဋ္ဌိတည်သော ရူပါရုံ၊ သဒ္ဒါရုံ၊ သိမ်မွေ့သော ရူပါရုံ၊ သဒ္ဒါရုံတို့သည် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၏ အာရုံဖြစ်၏ဟူသောစကားသည် ပျက်ခဲ့ရာ၏။

ဘယ့်ကြောင့်နည်းဟူမူ အာရမ္မဏိကတို့ သွားလေသောကြောင့် ဒူရမဖြစ်နိုင်ရာပြီ၊ ပဋိဗ္ဗန္ဓနလည်းမဖြစ်နိုင်ရာပြီ၊ ဤသို့သောအပြစ်သည် ရောက်၏ ဟူပေ။

ဤအပြစ်သာလျှင် ဖြစ်ရာသလော ဤမှတပါး ထင်ရှားလောက်သော အပြစ်ကို ဘယ်သို့ သိရာသနည်းဟူငြားအံ့။

ယဒ စေတ ဒွယ အာတ္တ-သမ္ပယောဝ ဂစ္ဆတ။
အက္ခိဝဏ္ဏံ တထာ မူလံ၊ ပသေယျ ဘမုကာသ စ။

ဒိသာဒေသဝဝတ္ထာနံ၊ သဒ္ဒဿ နု ဘဝေယျ စ။
သိယာ စ သရဝေဓိဿ၊ သကဏ္ဏော သရုပါတနံ။

ဇတေ ဒွယံ၊ ဤစက္ခု၊ သောတ နှစ်ပါးအပေါင်းသည်။ အတ္တသမိပံယေဝ၊ မိမိ၏ အနီးဖြစ်သော အာရုံကိုသာလျှင်။ ယဒိ ဂစ္ဆတိ၊ အကယ်၍ယူသည်ဖြစ်အံ့။ ဝေဿတိ၊ ဤသို့ယူသည်ရှိသော်။ အက္ခိဝဏ္ဏံ၊ မျက်ဦ၏အဆင်းကို။ ပသေယျ၊ မြင်ရာ၏။ တထာ၊ ထို့အတူ။ ဘမုကာသ၊ မျက်မှောင်၏။ မူလဉ္စ၊ အရင်းကိုလည်း။ ပသေယျ၊ မြင်ရာ၏။

သဒ္ဒဿ၊ အသံ၏။ ဒိသာဒေသဝဝတ္ထာနဉ္စ၊ ဤအသံသည် ဤမည်သော ဒေသ၌ဖြစ်၏ဟု သဒ္ဒဗ္ဗိုရာသို့သွား၍ မှတ်ခြင်းသည်လည်း။ နု ဘဝေယျ၊ မဖြစ်ရာ။ ယဒိ ဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ သရဝေဓိဿ၊ အသံကိုနားထောင်၍ ပစ်သော လေးသမား၏။ သကဏ္ဏော၊ မိမိနားတွင်း၌။ သရပါတနံ၊ မြားကျခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်အကျဉ်းကား၊ ။စက္ခုသည် ရူပါရုံရှိရာသို့သွား၍ အနီးသို့ရောက်မှ မြင်သည်ဖြစ်အံ့။ မိမိနှင့်အလွန်နီးသော မျက်လုံး၏အဆင်းကိုလည်း မြင်ရာ၏။

http://www.dhammadownload.com

မျက်မှောင်၏အရင်း မျက်ကွင်းကိုလည်း မြင်ရာ၏။ ထိုသို့ကားမမြင် ထို့ကြောင့် အာရုံရှိရာသို့ မသွားကြောင်းကို သိအပ်၏။

သောတသည် သဒ္ဒါရုံရှိရာသို့သွား၍ မှတ်သားကာ ယူသည်ဖြစ်အံ့။ အသံကို နားထောင်၍ပစ်သော လေးသမားသည် မိမိနားတွင်းသို့ အသံဝင်လေသောကြောင့် ထိုအသံကိုပစ်ရသဖြင့် နားတွင်းသို့ မြားကျလေရာ၏။ ယင်းသို့လည်းမကျရကား သဒ္ဒရှိရာသို့ မသွားကြောင်းကို သိအပ်၏ ဟူလို။

၂၃၃-အဝိနိဗ္ဘောဂရွပ် ဂ-ပါးတွင်
ဝဏ္ဏဂန္ဓရသ သြဇာ ရွပ်ကို ပြခြင်း

၁။ ဝဏ္ဏိတမ္မော ဒဋ္ဌမ္မောတိ ဝဏ္ဏော။

ယော ရူပဓမ္မော၊ အကြင်ရွပ်တရားကို။ ဝဏ္ဏိတမ္မော ဒဋ္ဌမ္မော၊ မြင်အပ်၏။ ဣတိ၊ ထိဓကြောင့်။ သော ရူပဓမ္မော၊ ထိုရွပ်တရားသည်။ ဝဏ္ဏော၊ ဝဏ္ဏမည်၏။

၂။ ဂန္ဓယတိ သုစေတိတိ ဂန္ဓော။

ယော ရူပ ဓမ္မော၊ အကြင်ရွပ်တရားသည်။ အတ္တနော ဝတ္ထုံ၊ မိမိ၏ မှိုရုကို။ ဂန္ဓယတိ သုစေတိ၊ ပြတတ်၏။ ဝါ၊ ကုန်းချေသကဲ့သို့ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။

၃။ ရသန္တိ အသာဒေန္တိ ဧတေနာတိ ရသော။

ဧတေန၊ ဤရွပ်တရားဖြင့်။ ပုသန္တိ အသာဒေန္တိ၊ သာယာတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သာယာကြောင်း ဖြစ်သောသတ္တိကြောင့်။ ရသော၊ ရသမည်၏။

၄။ အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ သြဇာ။

ယော ရူပဓမ္မော၊ အကြင်ရွပ်တရားသည်။ အတ္တနော၊ မိမိ၏။ ဥဒယာနန္တရံ၊ ဖြစ်သည်၏ အခြားမဲ့၌။ ရူပံ၊ ရွပ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ရူပဓမ္မော၊ ထိုရွပ်တရားသည်။ သြဇာ၊ သြဇာမည်၏။

နတ္ထိ ဝိသုံ ဝိသုံ နိဘောဂေါ ပဝတ္တိ ယေသန္တိ အဝိနိဗ္ဘောဂေါ။

ယေသံ၊ အကြင်ရွပ်တရားတို့အား။ ဝိသုံ ဝိသုံ၊ အသီးအသီး၊ နိဘောဂေါ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ အသီးအသီးဖြစ်ခြင်း မရှိသော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရွပ်တရားသည်။ အဝိနိဗ္ဘောဂေါ၊ အဝိနိဗ္ဘောဂ မည်၏။

http://www.dhammadownload.com

ဤရှစ်ပါးသောရုပ်တို့သည် တရံတခါမျှ ခွဲခြားခြင်း အသီးအသီးမဖြစ်ကောင်း တပေါင်းတည်းသာဖြစ်တတ်၏ ဟူလိုသည်။

အသီးအသီး ခွဲခြမ်းခြင်း မဖြစ်ဟူသော် ရူပဘုံ၌ ဂန္ဓ, ရသ, ဩဇာတို့မရှိသင့်တကား အသည္ဟသတ်ဘုံ၌လည်း ဂန္ဓ, ရသ, ဩဇာတို့ကို ဇီဝိတဆက္ကသာရှိသည်ဟု မူလဋီကာ ဆိုသည်မဟုတ်လော ဟူငြားအံ့။

ရူပလောကေ ဂန္ဓာဒီနံ အဘာဝဝါဒိမတမ္မိ ဟိ တတ္ထ တတ္ထ အာစရိ-
ယေဟိ ပဋိက္ခိတ္တမေဝ-

ဟုဋီကာမိန့်ပြီ။

ရူပလောကေ၊ ရူပဗြဟ္မာဘုံ၌။ ဂန္ဓာဒီနံ၊ ဂန္ဓစသည်တို့၏၊ အဘာဝဝါဒိမ-တမ္မိ၊ မရှိဟူသော မူလဋီကာအယူကိုလည်း။ တတ္ထ ဟတ္ထ၊ ထိုထိုသော ဋီကာအနုဋီကာတို့၌။ အာစရိယေဟိ၊ ဆရာတို့သည်။ ပဋိက္ခိတ္တမေဝ၊ ပယ်အပ်ကုန်သည်သာတည်း။

၂၇၄-လူတို့ကိုယ်ကို သုံးပိုင်းပိုင်း၍
ရသင့်တိုင်းသော ရုပ်တို့ကို ပြခြင်း

မေး။ ။လည်ခေါင်းနှင့် ချက်၊ ၃ စုဝက်၍၊ အသက်မျှရှောင်း၊ တကိုယ်ကောင်းတွင်၊ ရုပ်ပေါင်းဘယ်မျှ ရသနည်း။

ဖြေ။ ။လူတကိုယ်တွင် ၃-ဖို့ပြုသော် ဦးခေါင်းပိုင်း၌ ကမ္မဇရုပ်လေးစည်း ၉-စည်းတို့တွင် ဝတ္ထုဒသက ကိုလွှဲ၍ ကျန် ဂ-စည်းကို ရှုကောင်းသည်။

အလယ်ပိုင်း၌ စက္ခု, သောတ, ဃာန, ဇိဝှါ ဒသကတို့ကိုလွှဲ၍ ကြွင်းသော ကာယ ဘာဝ ဟဒယ ဇီဝိတ အားဖြင့် ၄- စည်းရှုကောင်းသည်။

အောက်ပိုင်း၌ကာယ, ဘာဝ, ဇီဝိတအားဖြင့် ၃-စည်းသော ကလာပ်ကိုသာ ရှုကောင်းသည်။

စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာရဇကလာပ် တို့ကိုကား ၃- ပိုင်းလုံး ၌ပင် ထပ်တူချည်းရှုကောင်းသည်။

ထို့ကြောင့် ဆရာတို့သည်

တိကောဋ္ဌာသ၊ လူဒဒ္ဒကတ္တ၌၊ အင္ဂဇာတ်ပုံ၊ မင်္ဂလုံစဟု၊ ဒေါက်စုတြိုက်၊ ကမ္မဇတွင်၊ တိဇရုပ်သာ၊ ဇရာယူပါ ဟူ၍ မိန့်ကုန်၏။

http://www.dhammadownload.com

၂၇၅-ခေါက်၍မေးက ရုပ်သေးတရာ ရပုံကို ပြခြင်း

မေး။ ။ခွက်ကိုမှောက်၍၊ မခေါက်ခင်က၊ ရုပ်ဘယ်မျှ၊ ခေါက်၍မေးသော် ရုပ်သေးဘယ်မျှ ထွက်သနည်း။

ဖြေ။ ။ခွက်၌ ဥတုဇ အဌကလာပ်ဖြစ်၍ ရုပ်ရှစ်ခုသာ ရသည် ခေါက်သောကာလ အသံဖြစ်လက်သော် သဒ္ဒနဝက ကလာပ်ဖြစ်သည်။ ထိုနှင်ပါးကို ပေါင်းသော် ၁၇-ဖြစ်သည်၊ အကြား၌ ပရိစ္ဆေဒရုပ်ကား ၁၅-ခုရသည်။ ဤနှစ်ရပ်ကိုစပ်သော် ၃၂- ခုဖြစ်သည်။

ထို ၃၂-ခုကို လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသောရုပ် ၃-ပါးနှင့် မြှောက်သော် ၉၆- ပါးရသည်။

ထိုတွင်လက္ခဏရုပ် ၄-ခုထည့်၍ရုပ်ပေါင်း တရာရ၏။

ထိုကြောင့်-ဆရာတို့သည်-

ခေါက်၍မေးက၊ ရုပ်သေးအရ၊ သုဒ္ဓဋ္ဌနှင့်၊ နဝကလာပ်၊ သတ္တရသ်ဝယ်၊ ပိုင်းဖြတ်ခြင်းငှာ၊ အာကာသဓာတ်၊ ပန္နရသ်လောင်း၊ ချင့်ပေါင်းရူပ၊ ဒွတ္တိံသမှာ၊ သတ္တိရှာ၍၊ တာ ၃- ခုမြှောက်၊ ဆင့်လှောက်လက္ခဏာ၊ လေးခုလာက၊ တရာပြည့်ရိုး၊ လူ့ထိပ်မိုး-
ဟူ၍ စပ်ဆိုကုန်သည်။

၂၇၆-လဟုတာဒိတ္တယရုပ်တို့၏ ဝိကာရမည်ပုံကို ပြခြင်း

မေး။ ။ဝိညတ်စုတွင်၊ တခုခုသာ၊ ဝိကာရမည်၊ ဟောခဲ့သည်မှာ သည့်ပြင်မဖောက်ပြန်ပြီလော။

ဖြေ။ ။ကာယဝိညတ်ကြောင့်ပင် လဟုတာ, မုဒုတာ, ကမ္မညတာ တည်းဟူသော ရုပ် ၃-ပါးလည်း ဖြစ်လေရကား ဤသုံးပါးလည်း ဝိကာရပင်မည်၏။

ထို့ကြောင့် ဌီကာ၌—

အညမည်ံ အဝိဇဟန္တသပိ ဟိ လဟုတာဒိတ္တယသ တံတံဝိကာရာ-ဓိကရူပေဟိ နာနတ္တံ ဝုစ္စတိ-

ဟူ၍ မိန့်သည်။

ဟိ၊ အကြောင်းကို ပြဦးအံ့။ အညမည်ံ၊ အချင်းချင်း ။အဝိဇဟန္တသပိ၊ တကလာပ်တည်းဖြစ်၍ မစွန့်ကြသော်လည်း။ လဟုတာဒိတ္တယသ၊ လဟုတာ

http://www.dhammadownload.com

စသော ရုပ် ၃-ပါးအပေါင်း၏။ တံတံဝိကာရာမိကရူပေဟိ၊ ထိုထိုသော ဖောက်ပြန်ခြင်းအလွန်ရှိသော ရုပ်တို့ဖြင့်။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။

လျင်စွာထလို ထိခိုက်လိုသော သူ၏ တေသမုဋ္ဌာနိကဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် လဟုတာ မည်၏။

နူးညံ့စွာ ထလို ထိခိုက်လိုသော သူ၏ တေသမုဋ္ဌာနိကဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် မုဒုတာ မည်၏။

အမှုအားလျော်စွာ ထလိုထိခိုက်လိုသော သူ၏ ထိုရုပ်တို့၏ ဖောက်ပြန်ခြင်းသည် ကမ္မညတာ မည်၏ ဟူလိုသည်။

၂၇၇-ဩဇာရုပ်၏ သဏ္ဌာန်ကို ပြခြင်း

မေး။ ။ကလာပ်စည်းရာ ဖွဲ့တိုင်းပါသည်၊ ဩဇာရုပ်ကို၊ အဟုတ်အမှန် သဏ္ဌာန် ဘယ်သို့ ထုတ်သနည်း။

ဖြေ။ ။အဇျောဟရိတဗ္ဗာဟာရ သိနေဟဘူတာ ဩဇာ ဣဓ အာဟာရံ ရူပံ နာမ-

ဟူသော ဋီကာနှင့် အညီ မျိုအပ်သော ထမင်းအစရှိသော အာဟာရတို့၏ အစေး, အညှိ ဖြစ်သော ဩဇာသည် ဤ၌ အာဟာရရုပ်မည်၏ ဟူရကား ဩဇာသည် စိုသော မြေစိုင်၌ နှံသော အာပေါဓာတ်သဏ္ဌာန်ရှိ၏ ဟူ၍ ထုတ်ရမည်။

ဤကား ရူပဝိဘာဂ၌ သိမှတ်ဖွယ်တည်း။

၂၇၈—ကံသည် ရုပ်ကို ဖြစ်စေ၏ ဆိုရာ၌ ပဋိစ္စသမုပ္ပါဒ်ပါဋိတော်နှင့် မဆန့်ကျင်ပုံကို ပြခြင်း

ရူပသမုဋ္ဌာန်၌ ကာမကုသိုလ်, အကုသိုလ်, ရူပကုသိုလ်အားဖြင့် ၂၅-ပါးသော စိတ်၌ ယှဉ်သော စေတနာတည်းဟူသော ကံသည် ကမ္မဇရုပ်ကို ဖြစ်စေ၏ ဆိုသော်-ပဋိစ္စသမုပ္ပါဒ်ပါဋိတော်၌ သခ်ါရပစ္စယာ ဝိညာဏံ, ဝိညာဏပစ္စယာ နာမရူပံ ဟူသော ပါဌ်ဖြင့် ကုသိုလ်, အကုသိုလ်ကံ ဟူသော သခ်ါရသည် ဝိညာဉ်ကို ဖြစ်စေသည်။ ဝိညာဉ်သည် စေတသိက်ဒွေပညာသ, ရုပ်အဌဝီသ ဟူသော နာမ်, ရုပ်ကို ဖြစ်စေသည်ဟူသော ဧသနာနှင့် ဘယ်သို့ညီပါအံ့နည်း ဟူမူ-

http://www.dhammadownload.com

တိကောဟိ၊ မြက်ထင်းတို့ကြောင့်။ ဘတ္တံ၊ ထမင်းသည်၊ သိဒ္ဓံ၊ ကျက်၏။ ဤ၌ မီးကြောင့်သာ ထမင်းကျက်သည်ကို မီးလည်း မြက်ထင်းကြောင့် ဖြစ်ရကား အကြောင်းရင်းသို့ လိုက်သောအားဖြင့် ဝေါဟာရ ဖြစ်သကဲ့သို့ ဝိညတ်ကြောင့်ကား ရုပ်ဖြစ်သည်၊ ပိညတ်လည်း ကံကြောင့် ဖြစ်ရကား အကြောင်းရင်းသို့ လိုက်သောအားဖြင့် ကံကြောင့် ဖြစ်၏ ဆိုသည်ဟူပေ။

ကာရကာသဒ္ဒါ-ပစ္စယသဒ္ဒါတို့ကား နိဿော အကြောင်းကို ဟောသည်။ သမုဋ္ဌာနသဒ္ဒါ, မူလသဒ္ဒါ တို့ကား ဝေးသော အကြောင်းကို ဟောသည်၊ ဝါ၊ အကြောင်းရင်းကို ဟောသည်။

၂၇၃—ရုပ်ကို မဖြစ်စေအပ်သော စိတ်တို့ကို ပြခြင်း

မေး။ ။ရုပ်ကို မဖြစ်စေနိုင်သော စိတ်ကားဘယ်မျှနည်း။

ဖြေ။ ။သဗ္ဗသတ္တာနဥ္စ ပဋိသန္ဓိစိတ္တံ, ဓဝကာသဂဟစုတိစိတ္တံ, ဒ္ဝိပဉ္စဝိညာဏာနိ, စတ္တာရိ အရူပဝိပါကာနိတိ ဧသောဋ္ဌသ စိတ္တာနိ ရူပံ န သမုဋ္ဌာပေန္တိ–

ဟူသော သမ္မောအဋ္ဌကထာ နှာ-၂၂-နှင့် အညီ ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိဒိတ်, ဒွေပဉ္စဝိညာဉ် ၁၀-အရူပဝိပါက် လေးခု ဤစိတ်တို့သည် ရုပ်ကို မဖြစ်စေတတ်ဟူလိုသည်။

ယင်းသို့ ဒသဋ္ဌကထာကြီးဆိုပါလျက် သင်္ဂြိဟ်၌ အရူပဝိပါက် ၄-ခုနှင့် ဒွေပဉ္စဝိညာဉ်ကိုသာ ဘယ့်ကြောင့် ကြဉ်သနည်းဟူငြားအံ့။ ။ပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ဘဝင်၌ အကျုံးဝင်သည်ဖြစ်၍ အရေအတွက် မပျက်ရာသောကြောင့် မကြဉ်သည်ဟူပေ။

မူလဋီကာဆရာကား။ ။သဗ္ဗေသမ္ပိ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိဟူသော ပါဠိဖြင့် ခပ်သိမ်းသော သူတို့၏ စုတိစိတ်ကိုပင် ရုပ်ကို မဖြစ်စေတတ်ဟု ဆို၏။

အနုဋီကာဆရာကား။ ။စုတိ၏ရှေးသတ္တရသမစိတ်မှစ၍ ရုပ်ကို မဖြစ်စေပြီဟု ဆို၏။

၂၇၀—ပဋိသန္ဓေစိတ်၏ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်းကို ပြခြင်း

မေး။ ။ပဋိသန္ဓေစိတ်သည် ဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်း။

ဖြေ။ ။တတ္ထ ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုပ္ပလတာယ အပ္ပတိဋ္ဌတာယ ပစ္စယဝေကလ္လတာယ, အဂန္တုကတာယ စ ရူပံ န သမုဋ္ဌာပေတိ–

ဟူသော သမ္မောအဋ္ဌကထာ နှာ ၂၂-နှင့် အညီ ပဋိသန္ဓေစိတ်သည် မှီရာဝတ္ထု

http://www.dhammadownload.com

အားနည်းသည်,ဖြစ်၍ တည်ရာမရှိသေးသည်၏ အဖြစ်ကြောင့်ရင်း, အာဟာရ-စသောအထောက်အပံ့ကင်းသည်ဖြစ်၍ အာဂန္တုကသာ ဖြစ်သောကြောင့်ရင်း ရုပ်ကိုမဖြစ်စေနိုင်။

၂၈၁ – ရဟန္တာတို့စုတိုစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း၏ အကြောင်းကိုပြခြင်း

မေး။ ။ရဟန္တာတို့၏စုတိသည် ဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်သနည်း။

ဖြေ။ ။ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဌမူလဿ ဝူပသန္တတ္တာ နဲ သမုဋ္ဌာ-ပေတိ–ဟူသော သမ္မောအဋ္ဌကထာ နှာ-၂၂-နှင့်အညီ ရဟန္တာတို့၏စုတိသည် ငြိမ်းပြီးသောဝဋ္ဌမူလရှိသည်၏အဖြစ်ကြောင့် မဖြစ်စေနိုင်။

၂၈၂ – ဒွေပဉ္စဝိညာဉ် ၁၀-၏ရုပ်ကိုမဖြစ်စေနိုင်ခြင်း အကြောင်း

မေး။ ။ဒွေပဉ္စဝိညာဉ် ၁၀-သည် ဘယ့်ကြောင့်ရုပ်ကို မဖြစ်စေနိုင်သနည်း။

ဖြေ။ ။ဒွိပဉ္စဝိညာဏေသု စျာနင်္ဂံ နတ္ထိ,မဂ္ဂင်္ဂံ နတ္ထိ,ဟေတု နတ္ထိတိ စိတ္တင်္ဂံ ဒုဗ္ဗလံ ဟောတိ၊ တသ္မာ နဲ သမုဋ္ဌာပေတိ –

ဟူ၍ သမ္မောအဋ္ဌကထာ နှာ-၂၃-နှင့်အညီ ဒွေပဉ္စဝိညာဉ် ၁၀-တို့၌ ဝိတက်စသော စျာနင်လည်းမရှိ၊ သမ္မာဒိဋ္ဌိ စသောမဂ္ဂင်လည်းမရှိ လောဘစသော ဟိတ်လည်း မရှိဖြစ်၍ စိတ်အင်္ဂါအလွန်အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

၂၈၃ – အရူပဝိပါက်စိတ်တို့၏ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

မေး။ ။အရူပဝိပါက်စိတ်တို့သည် ဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်သနည်း

ဖြေ။ ။ရူပဝိရာဂဘာဝနာ နိဗ္ဗတ္တတ္တာ-ဟူသောဋီကာနှင့်အညီ ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာကံသည် ဖြစ်စေအပ်သောအကျိုးဖြစ်သောကြောင့် မဖြစ်စေဟူပေ။

၂၈၄ – ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့၏ကိစ္စအထူးကိုပြခြင်း

အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော ၇၅-ပါးသောစိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေ၏ဟူသော်–အဘယ်စိတ်သည် အဘယ်ရုပ်ကိုဖြစ်စေသနည်း၊ ရုပ်ကိုဖြစ်စေခြင်းမှတပါး - အခြားကိစ္စကို မပြီးစေနိုင်လောဟု စောဒနာရန်ရှိ၍ –

တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ–

ဟူသောပါဌ်ကို မိန့်၏။

http://www.dhammadownload.com

အဓိပ္ပါယ်ကား—ထို ၇၅-ပါးတို့တွင် အပ္ပနာဇော ဆဗ္ဗိသသည် သုဉ်းခြင်း, ရပ်ခြင်း စသော ဣရိယာပုထ်ကိုလည်း ခိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏ ဟူလို။ ။(သမ္မိဏ္ဍန ဒနက်ရှိသော ပိသဒ္ဒါဖြင့် ရှေးအနက်ကို ပေါင်းသည်။)

ဝုဋ္ဌော, ကာမဇောတခုယုတ် ၃၀, အာဘိညာဉ်ဒွေ ဤ ၃၂-ပါးသောစိတ်တို့သည် ကာယဝိညတ်, ဝစီဝိညတ်ကိုလည်း ဖြစ်စေ၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏။

ဤ ၃၂-ပါးတို့တွင် သောမနဿဇောဟေရသဘို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေ၏။

ထို ၁၃-ပါးတို့တွင် ပုထုဇဉ်တို့သည် လောဘမူ သောမနဿ ၄-ပါး, မဟာကုသိုလ် သောမနဿ ၄-ပါး ဤ ၈-ပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ပါး, ကုသိုလ်သောမနဿ ၄-ပါး ဤ ၆-ပါးသောစိတ်ကို့ဖြင့် ရယ်ရွှင်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်ဘို့သည် ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿဇော ၄-ခု ဤ ၅-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

ထို ၅-ပါးတို့တွင်လည်း ဘုရားသခင်တို့သည် သဟိတ်ကြိယာဇော ၄-ခုဖြင့်သာ ရယ်ရွှင်တော်မူကြကုန်၏။ အဟိတ်ဖြစ်သော ဟသိတုပ္ပါဒ်ဇောဖြင့် မရယ်ရွှင်ကြကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ဘုရားသခင်တို့၏ အလုံးစုံသော ကာယကံတော်သည် ဉာဏ်လျှင်ရှေးရှုသိမှသာခြင်း ဉာဏ်ပြင်းသော ဟသိတုပ္ပါဒ်စိတ်ဖြင့် မရယ်ပဲ့၍ အခါအားလျော်တိုင်း ဆိုကုန်၏။ ထိုစကားသည် မသင့်။ ဟသိတုပ္ပါဒ်စိတ်တော်သည်လည်း ပုဗ္ဗေနိဝါသ, အနာဂတံသ, သင်္ခဉ္ဇူတ စသော ဉာဏ်တို့သို့ အစဉ်လိုက်လျက်သာလျှင် ဖြစ်ရကား ဟသိတုပ္ပါဒ်စိတ်ဖြင့် ရယ်သည်ပင် ဟူပေ။ ။[ဋီကာအဆို]

၂၈၅—ရယ်ခြင်း ၆-ပါးကို ပြခြင်း

ဤရယ်ခြင်းသည်—

၁။ သိတ၊ ၄။ ဥပဟသိတ၊

၂။ ဟသိတ၊ ၅။ အပဟသိတ၊

၃။ ဝိဟသိတ၊ ၆။ အတိဟသိတ—

ဟူ၍ ၆-ပါးအပြားရှိ၏။ ထို ၆-ပါးတို့တွင်—

http://www.dhammadownload.com

မျက်နှာချင်ရုံပြုံးခြင်းသည် သိတ မည်၏။
သွားပေါ်ရုံပြုံးခြင်းသည် ဟသိတ မည်၏။
အသံညင်းညင်းထွက်အောင် ရယ်ခြင်းသည် ဝိဟသိတ မည်၏။
မျက်ရည်ထွက်ခဲ့ရယ်ခြင်းသည် ဥပဟသိဟ မည်၏။
ကိုယ်တုန်လှုပ်အောင်ရယ်ခြင်းသည် အပဟသိတ မည်၏။
လက်,ခြေ,အင်္ဂါတို့ကိုပစ်၍ ရယ်ခြင်းသည် အတိဟသိတ မည်၏။

ထို-၆-ပါးတို့တွင် သူဖြူတ်တို့ကား ရွှေနှစ်ပါးဖြင့် ရယ်သည်။ သူလတ်တို့ကား အလယ်နှစ်ပါးဖြင့် ရယ်သည်။ သူယုတ်တို့ကား နောက်နှစ်ပါးဖြင့် ရယ်သည်ဟူ၍ အလင်္ကာကျမ်းဌီး ဆို၏။

၂၀၆-ကမ္မဇ,စိတ္တဇ,ဥတုဇ,အာဟာရဇ ရုပ်တို့၏ ဖြစ်ပုံကာလ အစ အဆုံးကို ပြခြင်း

ထိုစိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် ပဋိသန္ဓေနောင် ပဝတ္တိဘဝ၏ ဥပါဒ်မှစ၍ စုတိစိတ်သုံးခဏအောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်ဆဲကာလဌီသာ ဖြစ်ကုန်၏။ ဌီဘင်္ဂတို့ဌီ မဖြစ်ကုန်။

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇကလာပ်ဌီပါသော တေဇောခတ် ဟုဆိုအပ်သော သိဒ္ဓ, ဥဏှုဥတုသည် ပဋိသန္ဓေစိတ်၏ ဌီတိုင်သောအခါ ဥတုဇအဋ္ဌကလာပ်ရုပ်ကို အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ဖြစ်စေ၏။ ထိုအခါမှစ၍ ဥတုဇကလာပ် ၄-စည်းကျိုသည် ကဒ္ဒဠဝရဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ခဏ ၃-ပါးဌီ ဖြစ်ကုန်၏။

ထိုကမ္မဇကလာပ် ဥတုဇကလာပ်, စိတ္တဇကလာပ်ဌီပါသော ဩဇာသည် သံသေဒဇ, ဥပပါတ်တို့အား ဟံဝေဠုမျိုခြင်း အစရှိသော အာဟာရကိုသုံးဆောင်သောအခါ ဂဗ္ဘသယျက ပဋိဂ္ဂါလ်တို့အား အမိမျိုသော အာဟာရနှုံသောအခါ အာဟာရဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ အာဟာရဇကလာပ်နှစ်စည်းတို့သည် စုတိဘိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ခဏ ၃-ပါးဌီ ဖြစ်ကုန်၏။

ဤသို့လျှင် စိတ္တဇလုပ်လျှ စိတ်တို့၏ဥပါဒ်ခဏဌီသော ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် စိတ်တို့၏ ခဏ ၃-ပါးဌီ ဖြစ်ဟန်ကို-

http://www.dhammadownload.com

ဦးကာဠ-

စိတ္တာဇော စိတ္တာဃ ဥပ္ပါဒက္ခဏေ၊ ကမ္မဇဥတုဇအာဟာရဇော ပန တီသု ခဏေသု ဥပ္ပဇ္ဇန္တိ-

ဟူ၍ မိန့်၏။

၂၈၇-ကံ စိတ် ဥတု အာဟာရဟူ၍ ဒေသနာကြမအား‌ဖြင့် ဖေါ်ဆိုရုံကို မြန်းခြင်း

မေး။ ။ကံ၊ စိတ်၊ ဥတု၊ ပြိသည်ချပ်ဟု၊ သဒ္ဒယူသော်၊ အတူမဝေး၊ ရှေးနောက်ဘယ်ရပ် ဖြစ်သနည်း။

ဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်, ဋီဃာ၌ ဥတုဇရုပ်, ပထမဘဝင်၏ ဥပါဒ်၌ စိတ္တဇရုပ်, သန်္ဓေနောက်မှ အာဟာရဇရုပ် ဖြစ်ရကား ဖြစ်စဉ်အား‌ဖြင့် ကံ, ဥတု, စိတ်, အာဟာရ ဟူ၍ ဖြစ်သည်။ ဒေသနာစဉ် အား‌ဖြင့်သာ ကံ, စိတ်, ဥတု, အာဟာရဟူ၍ ဖေါ်သည်။

၂၈၈-ဃတ္တဝါတို့ မသေရကာလကို မြန်းခြင်း

မေး။ ။သေမင်းခေါ်ရာ၊ မလိုက်ဘာ၊ ဘယ်အခါတွင် လပ်သနည်း။

ဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့်အတူဖြစ်သော ကမ္မဇရုပ်တို့သည် စိတ္တ-က္ခဏ ၁၇-ချက်, ဆက်ပါ ဘဝ-ချက် ဒုတိယဘဝင်ဖြစ်၍ သောဠသမဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်၏၊ ဤစိတ် (၁၇) ချက်အတွင်း၌ ဥပဓတ်ကာလဖြစ်၍ သေမင်းမခေါ် သေလျှင်း မလိုက်။ မရဏမရှိသောအခါ ဟူပေ။

ထို့ကြောင့်—

"သဒ္ဓါဝိကာရော ဇရတာ၊ မရဏဉ္စောပဟတ္တိယံ"-

ဟု အရှင်အနုရုဒ္ဓါစရိယာ မိန့်အပ်ပြီ။

၂၈၉-ပဋိသန္ဓေအခါ သြဇာမျှန့် ရုကာဇာကို မြန်းခြင်း

မေး။ ။အာဟာရဇရုပ်ဟု ဆိုအပ်သော သြဇာသည် ဘိသို့ရောက်သည် ဖြစ်၍ ရုပ်ဖြစ်ပေ၏ ဟူသော် ကာလအား‌ဖြင့် ဘယ်မျှကြာသနည်း။

ဖြေ။ ။ကောဿ ဝါ, ဒိဋ္ဌံ ဝါ, သုတ်ဘာယာနံ ဂတကာလေ၊ ဖရတိတိ ဝေဒိ-တဗ္ဗံ-ဟူသော ဒီပနီနှင့်အညီ ကာသဂ္ဂါဟာဂုဏ်း၊ နုစ်သတ္တမဟုဏ်း ရောက်သော ကာလ၌ ဖြန့်၏ ဟူ၏။

အဘယ်သို့ဝင်၍ ဖြန့်သနည်းဟူငြားအံ့-

ကာယ ဟိ နာဘိဟော ဥဋ္ဌဓော နာဘေဟော မာတုယာ ဥဒရပဋ-လေန ကောဗဒ္ဓါ ဟောတိ သော ဥပ္ပလဒဏ္ဍော ဝိယ ဆိဒ္ဓါဝဆိဒ္ဓါ၊

http://www.dhammadownload.com

တေန သော တတ္ထ အာဟာရရသော သံသရီတ္ထာ အာဟာရသမုဋ္ဌာန-
ရူပံ သမုဋ္ဌာပေတိ–

ဟူသော သမ္မောဒကထာနှင့်အညီ သူငယ်၏ချက်မှပေါက်သော ချက်တန်သည် အမိဝမ်းဗရုနှင့် တစပ်တည်းတည်၏။ ထိုချက်တန်သည် ကြာရှိုးကဲ့သို့ အပေါက်ကြီးငယ်တို့ အာသယ်သပ်ရှိကုန်ရကား အမိစာမျိုးသော အာဟာရသည် ထိုချက်တန်ပေါက်မှ သက်ဝင်၍ ပျံနှံသဖြင့် သူငယ်၏ သဏ္ဌာန်၌ အာဟာရရူပ်ကို ဖြစ်စေ၏ ဟူပေ။

မဇ္ဈိမဋ္ဌကထာဒိကာဒ္ဒကားဒး–

ဧကံသေ ဝါ ဒ္ဝိန္နံ ဝါ သဘ္ဘာဟာနံ အတိက္ကမေ ပဘုတ္တံ ကုစ္ဆိ-
ဂတဿ သရီရေ အပ္ပတ်ံ ဝိယ အာဟာရကိစ္စံ ကရောတိ–

ဟူ၍ မိန့်သည်။

အဓိပ္ပါယ်ကား–တခုခုသော သတ္တဝါဟာကိုဝင်း, နှစ်ခုသော သတ္တဝါဟာကိုဝင်း လွန်၍ အဓိစားအပ်သော အာဟာရသည် ဝမ်းဋ္ဌိတည်သော သူငယ်အား နယ်ဆီကဲ့သို့ ပျံနှံ၍ အာဟာရကိစ္စကို ပြု၏ ဟူလိုသည်။

နရသီဟပ္ပါဒဋ္ဌကား–

ဇမ္ဗုဒီပါ၊ ကျန်းမျက်နှာဋ္ဌ၊ များစွာရပ်နေ၊ လူပိုလ်ခေျ၏၊ ထိပ်ဗေဒီးခေါင်း၊ ဆံဘချောင်းကို၊ သင်းလောင်းဖဲ့ဖြာ။ ၁၆-မြွာမှ၊ မြောက်မှာကျန်းသူ၊ လူဘိုဆံနှင့်၊ နှိုင်းစံဝှေကြ၊ တပင်ရလွက်၊ ထိုကတဖန်၊ ၁၆-ပြန်မှ၊ အလွန်တရာ၊ သိမ်မွေစွာသား၊ ဧရာမရှိ၊သားကောင်၏၊ နံဆီအပါး၊ လက်တီးကြားဋ္ဌ၊ ရောင်ပြားဖွဲသေး၊ ထိုအမွေးနှင့်၊ နှိုင်းသွေးတူချင်၊ ယိုးမှားမှင်မှုင်၊ ယပ်လျှင်ပြန်ရာ၊ စစ်ပြီးစွာသား၊ ဆီနံသာဟယ်၊ နှစ်ကာဖျားငြိ၊ စွဲသည်ရှိမျှ၊ ပဋိသန္ဓေ၊ တည်နေအစ၊ ကလလကာ၊ ပဉ္စမအဗ္ဗုဒါ၊ နောက်မှာပေဒီ၊ သနိမည်ရှု၊ သတ္တဟာချည်း၊ ပေါင်းစည်းပေါ်ငြိမ်၊ ဒွတ္တိံသကာယာ၊ အင်္ဂါအာပြား၊ ခွာတ် ၄-ပါးနှင့်၊ တခြားဥတု၊ စီတ်ကံပြုသား၊ မာတုဘုဉ္ဇ၊ အာဟာရကား၊ တိသတ္တဟာ၊ တိုင်လတ်မှလျှင်၊ ချက်ကာင်ထွေ၊ မျှတ္ဆံပေ၏။ မြဲနေဆယ်လ၊ သန္ဓေပဿည်၊ ဂဘလမြင့်မြဲ–ကြာတင်တည်း။။

ဟူ၍ စပ်ဆိုသည်။

ကမ္မဇရုပ် ၁၈-ပါး။။ ။ ဟဒယဝတ္ထု, ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် ၁-ခု ဤ ၉-ခုသည် ကမ္မဇရုပ် ကောန်မည်၏။ အဝိနိဘ္ဘောဂရုပ် ဂ-ခု, အာကာသဓာတ် ဤ ၉-ခုသည် စတုဇရုပ် အနေကန်မည်၏။

http://www.dhammadownload.com

ဤသို့ ဧကန် ၉-ခု, အနေကန် ၉-ခုအားဖြင့် ကမ္မဇရုပ် အဌာရသ ဖြစ်၏။

စိတ္တဇရုပ် ၁၅-ပါး။ ။ဝိညတ်ဒွေ, လဟုတာဒိတ္တယ ၃-ခု, သဒ္ဒ ဤ ၆-ပါး သောရုပ်သည် စိတ်ကြောင့် ဖြစ်၏။ အဝိနိဗ္ဘောဂရုပ် ဂ-ခု, အာကာသဓာတ် ဟူသော အနေကန် ၉-ပါးနှင့် ပေါင်း၍ စိတ္တဇရုပ် ပန္နရသ ဖြစ်သတည်း။

ဥတုဇရုပ် ၁၃-ပါး။ ။ သဒ္ဒ, လဟုတာဒိတ္တယ ဤ ၄-ပါးသည် ဥတုကြောင့် ဖြစ်၏။ ယခင်အနေကန် ၉-ပါးနှင့် ပေါင်း၍ ဥတုဇရုပ် တေရသ ဖြစ်၏။

အာဟာရဇရုပ် ၁၂-ပါး။ ။ လဟုတာဒိတ္တယတွင် ယခင် အနေကန် ၉-ပါး နှင့်ပေါင်း၍ အာဟာရဇရုပ် ဒွါဒသ ဖြစ်၏။ ။ဤကား ရူပသမုဌာန်၌ သိမှတ် ဖွယ်တည်း။

၂၉၈-ရုပ်ကလာပ်ဖွဲ့ရာ အင်္ဂါလေးပါးကို ပြခြင်း

ကံ အစရှိသော အကြောင်း ၄-ပါးကြောင့် ဖြစ်ကုန်သော ရုပ်တို့သည် တခုစီ, တခုစီ အားဖြင့် မဖြစ်ကုန်။ သဘောတူရာပေါင်း၍ တစု, ကစု အားဖြင့် ဖြစ်ကုန်၏ဟု ပြခြင်းငှာ–

ကေုပ္ပါဒါ ဧကနိရောဓာ၊ ဧကနိဿယာ သဟဝုတ္တိနော–

ဟူသော လက္ခဏာ ၄-ပါးကို ဆိုတော်မူသည်။ ထို ၄-ပါးတို့ကင် ကလာပ်ဖော် ရုပ်တို့၏ ဥပါဒ်ချင်း, ဌီချင်း, ဘင်ချင်း တူ၍ဖြစ်သည်ကို ကေုပ္ပါဒ, ဧကနိရောဓ ဆိုသည်။

ကလာပ်တခုတည်း၌ဖြစ်သော ဥပါဒါရုပ် တို့၏ တပါးတပါးသော မဟာ ဘုတ်၊ ၃-ပါး, ၃-ပါး သော မဟာဘုတ်၊ ၂-ပါး, ၂-ပါးသော မဟာဘုတ်၊ မှီရာတူသည်ကို ဧကနိဿယ ဆိုသည်။

လက္ခဏာ အသီးအသီးရှိသော ရုပ်ကလာပ်တို့သည် ပေါင်း၍ပေါင်း၍ ဖြစ်သည်၏ အဖြစ်ကို သဟဝုတ္တိ ဆိုသည်ဟူ၍ မှတ်။

၂၉၁-ကေုပ္ပါဒနှင့် သဟဝုတ္တိ နှစ်ပါး၏ အထူးကို ပြခြင်း

မေး။ ။ကေုပ္ပါဒနှင့် သဟဝုတ္တိသည် အမ်လို ထူးသနည်း။

ဖြေ။ ။တခုတည်းသော ကလာပ်၌တည်သော ရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် ဟူ၍ဖြစ်သည်ကို ကေုပ္ပါဒ ဆိုသည်။ ဂဗ္ဘသေယျက တို့အား ၃-စည်း, သံသေဒဇ ဥပပါတ် တို့အား ၇ စည်း, ရူပပုဂ္ဂိုလ်တို့အား ၄ စည်းသော ကလာပ်တို့သည်

http://www.dhammadownload.com

ပဋိသန္ဓေမှစ၍ ဟပေါင်းဟည်း ဖြစ်သည်ကို သဟဝုတ္တိ ဆိုသည်။ ဤသို့ ထူးကြ၏ ဟူပေ။

၂၉၂-စက္ခုဒသက ခေါ်ဆိုရပုံကို ပြခြင်း

စက္ခုနှာ ဥပယဝို့တံ ဒသကံ စက္ခုဒသကံ။

စက္ခုနှာ၊ စက္ခုဖြင့်။ ဥပလဒ္ဓိတံ၊ မှတ်အပ်သော။ **ဒသကံ**၊ ရုပ် ၁၀-ခု အပေါင်းတည်း။ **စက္ခုဒသကံ**၊ စက္ခုဖြင့် မှတ်အပ်သော ရုပ် ၁၀-ခုအပေါင်း။ ကြွင်းသော ကလာပ်တို့၌လည်း ဤနည်းဒုတိယ ဝိဂ္ဂိဟ်ပြု၊

၂၉၃-ယောဂျုနည်းအားဖြင့် ဝိညတ်ရုပ်တို့ကိုလည်း ကလာပ်ဖွဲ့စည်းရာ ပါဝင်ပုံကို ပြခြင်း

မေး။ ။ကာယဝိညတ်တို့ နဝကကလာပ်၊ ဝစီဝိညတ်တို့ ဒသကကလာပ် တို့၌ ဝိညတ်ရုပ်တို့သည် စိတ္တာနုပရိဝတ္တမွေဖြစ်၍ တပါးရုပ်တို့ကဲ့သို့ သတ္တရသာယုက မဖြစ်ရကား ယခင်လက္ခဏာ ၄-ပါးတွင် ဘယ်သို့ ကောပ်ပါဒ, ဇာနိရောဓ ဖြစ်နိုင်အံ့နည်း။

ဖြေ။ ။ဤဝိညတ်ရုပ်တို့သည် ဇာနိရောဓ မဖြစ်သော်လည်း ရှမ်း, တလိုင်း, မြန်မာ ရှိသော်လည်း ပုဏ္ဏားမျာ ခြင်းငှာ့ ကြားဟဏဂါမ ဒေါ်ဝေါ်ရ သကဲ့သို့ ဇာနိရောဓဖြစ်သောဌပ် မှုးပသာ ကြောင့် ဖယောဂုယျဝုတ်တိုနည်းအား ဖြင့် ဆိုသေသည်။ (ဝါ) မဒေါ်ပေါ်အပ်သောကြောင့် ဗာဒ္ဓေဟာရိက နည်းအားဖြင့် ဆိုသေသည် ဟူပေ။

၂၉၄-ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်တို့ကို ပြခြင်း

မေး။ ။ဧကဒိသ၊ ကလာပ်ရုပ်၊ ဗဟိဒ္ဓမှာ၊ ထိုက်သလျှင်စွာ မြစ်ရာ ကလာပ် ဘယ်မျှနည်း။

ဖြေ။ ။ဘာဟ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဧဉ္စတိ ဒ္ဒ ဥတုသမုဋ္ဌာနကလာပါ။ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။ ။ဟူသော ပါဠိနှင့်အညီ သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ်အားဖြင့် နှစ်ပါးသော ကလာပ်တို့ကို ထော, ထောင် ရေ, ဓမြ အစ ရှိသော ဗဟိဒ္ဓသန္တာန်၌ ရကပ်၏ ဟူလိုသည်။ ထိုတွင် ရေ, ဓမြ သစ်ပင်တို့၌ သုဒ္ဓဋ္ဌက ကလာပ်ချသည်။ သစ်ပင် သစ်ခက်တို့ ထိခိုက်၍ အသံဖြစ်သောအခါ တို့၌ သဒ္ဒနဝက ကလာပ်ကို ရသည်။

http://www.dhammadownload.com

၂၉၅–ဝစီဝိညတ် ဒသက ကလာပ်နှင့်
တေရသက ကလာပ်တို့ ထူးခြားပုံကို ပြခြင်း

မေး။ ။စိတ္တဇကလာပ် ၆-စည်းတို့တွင် ဝစီဝိညတ္တိဒသက ကလာပ်နှင့် ဝစီ-ဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်တို့သည် ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ယောင်ယမ်း၍ ဆိုသောအသံ, အက္ခရာ မပြီသပဲဆိုသော အသံတို့၌ ဝစီဝိညတ္တိဒသက ကလာပ်ဖြစ်သည်။ အက္ခရာပြီးပြင်စွာ ပြောဆိုသောအသံတို့၌ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်ဖြစ်သည် ဟူပေ။

၂၉၆–ကလာပ်ဖွဲ့ရာ မပါဝင်သော ရုပ် ၅-ပါးကို ပြခြင်း

မေး။ ။လက္ခဏာနှင့်၊ အာကာသဓာတ်၊ ရုပ်ငါးရပ်ကို၊ ကလာပ်အင်္ဂါ၊ ဘယ်ကြောင်းရာကြောင့် မသွင်းသနည်း။

ဖြေ။ ။အာကာသဓာတ်သည် တပါးသောရုပ်တို့၏ ပိုင်းခြားခြင်းသဘော, လက္ခဏရုပ် ၄-ခုသည်သည်း တပါးသောရုပ်တို့၏ လက္ခဏာမျှ ဖြစ်သောကြောင့် ကလာပ်၏ အင်္ဂါမဟုတ်ရကား ကလာပ်စည်းရာ၌ မသွင်းသည်။

၂၉၇–ကလာပ် ၂၁-စည်းတွင်
ရုပ်ပေါင်း ၃၁၆-ပါး ဖြစ်ပုံကို ပြခြင်း

ကမ္မဇကလာပ် ၉-စည်း, စိတ္တဇကလာပ် ၆ စည်း, ဥတုဇကလာပ် ၄-စည်း, အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၂၁-ပါးသော ကလာပ်တို့တွင် တပါးတပါး၌ လက္ခဏရုပ် ၄-ပါး, ပရိစ္ဆေဒရုပ်တပါး အားဖြင့် ငါးခုသော ရုပ်တို့ကို ရကောင်းရကား -

၂၁-ပါး ကိုဟည် - ၅-ခုဖြင့် မြောက်သော် - တရာ့ငါးပါးဖြစ်၏။

ကလာပ် ၂၁ စည်းတို့တွင်---

သုဒ္ဓဋ္ဌက ကလာပ် ၃-စည်း၌ ရုပ်ပေါင်း – ၂၄-ပါး။
နဝက ကလာပ် ၃-စည်း၌ ရုပ်ပေါင်း – ၂၇-ပါး။
ဒသက ကလာပ် ၉ စည်းတို့၌ ရုပ်ပေါင်း – ၉၀-ပါး။
ကောဒသက ကလာပ် ၃-စည်းတို့၌ ရုပ်ပေါင်း – ၃၃-ပါး။
ဒွါဒသက ကလာပ် ၂-စည်းတို့၌ ရုပ်ပေါင်း – ၂၄-ပါး။
တေရသက ကလာပ်၌ ရုပ်ပေါင်း – ၁၃ ပါး။
ဤအလုံးစုံကို ပေါင်းသော် ရုပ်ပေါင်း – ၂၁၁-ပါး ဖြစ်၏။
ထိုရုပ်တို့၌ ယခင် တရာ့ ငါးပါးကို ထည့်သော် – ၃၁၆-ပါးဖြစ်၏။

http://www.dhammadownload.com

ထိုရုပ်တို့၌ နိပ္ပန္နရုပ်တို့သည်–၁၈၉-ပါး ဖြစ်၏။

အနိပ္ပန္နရုပ်တို့သည်–၁၂၇-ပါး ဖြစ်ကုန်၏။

ထို့ကြောင့် ဒီပနီ၌—

လက္ခဏာကာသရူပါနိ၊ ကလာပေသု တဟိံ တဟိံ။
ပဉ္စပဉ္စေဝါတိ ရူပါနိ၊ တိသတံ သောဋ္ဌသာဓိကာတိ–

ဟူ၍ မိန့်ဆိုသည်။

တဟိံ တဟိံ ကလာပေသု၊ ထိုထိုသောကလာပ်တို့၌။ လက္ခဏာကာသ-ရူပါနိ၊ လက္ခဏရုပ်, အာကာသရုပ် ဖြစ်ကုန်သော။ ပဉ္စ ပဉ္စေဝ၊ ငါးပါး ငါးပါးစီတို့ကိုလျှင်။ ကဘွာ၊ ပြု၍။ ဣတိရူပါနိ၊ ဤအလုံးစုံသော ရုပ်တို့သည်။ သောဋ္ဌသာဓိကာ၊ ၁၆ ပါး အလွန်ရှိသော။ တိသတံ၊ သုံးရာသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကား ရူပကလာပ ဟောဇနာ၌ မှတ်ဖွယ်တည်း။

၂၉၈–ပဝတ္တိ ပဋိသန္ဓေအခါ

ရသင့်ရာသော ရုပ်တို့ကို ဝေဖန်၍ ပြခြင်း

ကာမ ၁၁-ဘုံ၌ ပဝတ္တိကာလဝယ် ပုရိသတို့အား ဣတ္ထိဘောကို ချ၍ ၂၇-ပါး, မိန်းမတို့အား ပုမ္ဘောကို ချ၍ ၂၇-ပါးသော ရုပ်တို့ကို ရကောင်းရကား ပြည့်စုံသော ဣန္ဒြရှိသော ပုဂ္ဂိုလ်တို့အား အလုံးစုံသော ရုပ်တို့ကို ရအပ်ကုန်၏ ဟူလိုသည်။

ပဋိသန္ဓေအခါ၌ကား သံသေဒဇ, ဥပပါတ် တို့အား အလွန်၏အစွမ်းအား ဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ၇-ပါးသော ဒသကတို့သည် တပြိုင်နက် ဖြစ်ကြကုန်၏။

ယုတ်သည်၏အစွမ်းဖြင့်ကား ဇစ္စန္ဓတို့အား စက္ခုဒသကကိုချ၍ ၆-ပါး, ဇစ္စဗဓိရတို့အား သောတကိုချ၍ ၆-ပါး, ဇစ္စဃာနတို့အား ဃာနကိုချ၍ ၆-ပါး, နပုံ, ပဏ္ဍုက်တို့အား ဘာဝကိုချ၍ ၆-ပါး, ကမ္ဘာဦးအားတို့အားလည်း ဘာဝရုပ်ကိုချ၍ ၆-ပါး, စက္ခု, သောတ နှစ်ပါးစုံချိုသောသူတို့အား ၂-ပါးကိုချ၍ ၅-ပါး, စက္ခု, သောတ, ဃာန ၃-ပါးချိုသောသူတို့အား ၃-ပါးကိုချ၍ ၄-ပါး, စက္ခု, သောတ, ဃာန, ဘာဝ ချိုသောသူတို့အား ၄-ပါးလုံးချ၍ ၃-ပါးသော ကလာပ်တို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com

၂၉၉-စက္ခုစသည်တို့ ချို့သင့် မချို့သင့်သော ပုဂ္ဂိုလ်တို့ကို ပြခြင်း

ယင်းသို့ စက္ခုစသည်တို့၏ ချိုခြင်းသည် သုဂတိဘုံ၌ သံသေဒဇ ပဋိသန္ဓေ နေသောသူတို့အား ဖြစ်ကုန်၏။ ဥပပါတ်ပဋိသန္ဓေနေသော သူတို့အား မဖြစ်ကုန်။ ။ဘယ့်ကြောင့်နည်းဟူမူ ကြီးမြတ်သော ကုသိုလ်ကံကြောင့်သာ ဥပ-ပါတ်ပဋိသန္ဓေ နေရလေသောကြောင့်တည်း။

ဘာဝရုပ်တို့၏ မရခြင်းကိုလည်း ကမ္ဘာဦး၌ဖြစ်သော လူဥပပါတ်တို့ကိုသာ ယူအပ်ကုန်၏။

ဒုဂ္ဂတိဘုံ၌ကား စက္ခု, သောတ, ဘာဝ ရုပ်တို့၏ ချိုခြင်းကို သံသေဒဇ, ဥပပါတ်နှစ်မျိုး၌ပင် ရအပ်၏။

ဃာန၏ချိုခြင်းကား သံသေဒဇတို့၌သာ ဖြစ်၏။ ဥပပါတ်တို့၌ မဖြစ်။ ။ ထို့ကြောင့် ယမိုက်အဋ္ဌကထာ၌ "အဃာနကော ဩပပါတိကော နတ္ထိ" ဟူ၍ မိန့်တော်မူသည်။

အမိဝမ်း၌ ကိန်းရကုန်သော အဏ္ဍဇ, ဇလာဘုဇ, သတ္တဝါတို့အား ကာယ-ဒသက, ဘာဝဒသက, ဝတ္ထုဒသက အားဖြင့် ၃-စည်းသောကလာပ်တို့သည် ပဋိ-သန္ဓေ၏ ဥပါဒ်မှစ၍ ဖြစ်ကုန်၏။

ထို ၃-စည်းတို့တွင်လည်း နပုံ, ပဏ္ဍုက် တို့အား ဘာဝဒသကကို မရကုန်။ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက တို့သည်ကား အဋ္ဌကထာ တို့၏ အလိုအားဖြင့် သတ္တမသတ္တာဟမှစ၍, ဋီကာအလိုအားဖြင့် ဧကာဒသမ သတ္တာဟမှစ၍ တသတ္တာဟစီ အစဉ်အတိုင်းဖြစ်ကုန်၏။

၃၀၀-ပဋိသန္ဓေ တည်နေစဉ်အစ ကလလရေကြည် ပမာဏကို ပြခြင်း

ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေတည်ဟန်ကို သမ္မောဟဝိနောဒနီ (နှာ-၂၀)၌ ပြသည်ကား-

> ဂဗ္ဘသေယျကသတ္တာနဉ္ဥ ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ အပစ္ဆာ အပုရေ ဧကတော ပါတုဘဝန္တိ။ တသ္မိံ ခဏေ ပါတုဘူတာ ကလလသခ်ါတာ ရူပသန္တတိ ပရိတ္တာ ဟောတိ။

အစရှိသည်တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား—အမိဝမ်း၌ကိန်း၍ သန္ဓေယူရသော သတ္တဝါတို့အား ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ခန္ဓာငါးပါးတို့သည် မရှေးမနှောင်း တပြိုင်နက်

http://www.dhammadownload.com

ထင်ရှားဖြစ်ကုန်၏။ ထိုသို့ဖြစ်သော ရေကြည်ဟုဆိုအပ်သော ရုပ်အစဉ်သည် အလွန်နည်း၏။ ယင်ငယ်သည် တကြိမ်သော လုံ့လဖြင့် သောက်လောက်ရုံမျှသာ ရှိ၏။

ထိုသို့ပြပြီး၍ တဖန် ဤပမာဏပင် များလှသေး၏။ သိမ်မွေ့စွာသော အပ်ကို ဆီ၌ ချ၍ ဆယ်လတ်သော် အပ်သွားဖျားဌ်ပါသော ဆီပေါက်မျှသောက်သာ ရှိ၏ဟု ဆိုပြန်၏။

ထိုစကားကိုလည်း များသည်ဟု ပယ်ပြန်၍ ဤဇမ္ဗူဒိပ်ကျွန်းသူ လူတို့၏ ဆံကို ရှစ်စိတ်စိတ်၍ တစိတ်မျှ သည် ဥတ္တရကုရု ကျွန်းသူတို့၏ ဆံပင်ဖြစ်၏။ ထိုဆံ တပင်နှင့် ကြည်လင်စွာသောဆီ၌ နှစ်၍ ဆယ်သော် ဆံဖျားတွင်ပါသော ဆီပေါက်မျှသောက်သာ ရှိ၏ဟု ဆိုပြန်၏။

ထိုပမာဏကိုပင် များသည်ဟု ပယ်ပြန်၍ ဟိမဝန္တာဝယ် ဇာတိဥဏ္ဏမည်သော သိမ်မွေ့သော သားသတ္တဝါသည် ရှိ၏။ ထိုသား၏ အမွေးတမျှင်ကို ကြည်လင်သောဆီ၌ နှစ်၍ အဖျား၌ တင်လျက်ပါသော ဆီပေါက်ပမာဏသာ ဖြစ်၏ ဟူ၍ ဆိုကုန်၏။

ထိုဆီပေါက်မျှသောရုပ်သည် အလွန်ကြည်လင် သန့်ရှင်း၏ဟု ပြတော်မူလို သော မြတ်စွာဘုရားသည်—

> တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။
> ဧဝံ ဝဏ္ဏပဋိဘာဂံ၊ ကလဏန္တိ ပဝုစ္စတိ။

ဟူ၍ မိန့်တော်မူသည်။

တိလတေလဿ၊ သာမွေးဖျားဌ်ပြီသော နှမ်းဆီ၏။ ဗိန္ဒု ယထာ၊ အပေါက်ကဲ့သို့ဝင်း။ အနာဝိလော၊ နောက်ကျုခြင်းမရှိသော၊ သပ္ပိမဏ္ဍော ယထာ စ၊ ထောပတ်ကြည်ကဲ့သို့ဝင်း။ ဧဝံ၊ ဤအတူ။ ကလသံ၊ ရေကြည်ဟူသောရုပ်ကို၊ ဝဏ္ဏပဋိဘာဂံ၊ တူသောအဆင်း သဏ္ဌာန်ရှိ၏ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ သေးဖွဲငယ်နုလှသောရုပ်၌ ဝတ္ထုဒသက, ကာယဒသက, မိန်းမ တို့အား ဣတ္ထိဘော, ယောကျ်ားတို့အား ပုမ္ဘော ဟူသော ဘာဝဒသက, ဤ ၃-ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ ထို ၃-ပါးတို့တွင် ဝတ္ထုရုပ်သည် မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ ဟူသော ရုပ် ၉-ပါးတို့နှင့် တပေါင်းဟည်းဖြစ်၍ ဝတ္ထုဒသက မည်၏။

http://www.dhammadownload.com

ကာယပသာဒသည် မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတဟူသော ရုပ် ၉ -ပါး တို့နှင့် တပေါင်းတည်း ဖြစ်၍ ကာယဒသက မည်၏။

ဘာဝရုပ်သည်လည်း မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတဟူသော ရုပ် ၉-ပါးတို့နှင့် တပေါင်းတည်း ဖြစ်၍ ဘာဝဒသက မည်၏။

ဤသို့ အမျှ ၃၀-သော ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်ဖြစ်ကုန်၏။ ထိုရုပ်တို့သည် ရူပက္ခန္ဓာ မည်၏။ ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်၏။ ပဋိသန္ဓေစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ။ဤသို့ ခန္ဓာငါးပါးတို့သည် တပြိုင်နက်ဖြစ်ကုန်၏ ဟူလိုသည်။

၃၁၁-ပဋိသန္ဓေအဝါ သတ္တဝါဟုဖြစ်ပုံကို ပြခြင်း

ထိုကလလ ရေကြည်သည် ၇-ရက်ပတ်လုံးတည်၍ လွန်လတ်သော် သားဆေးရည်နှင့်တူသော အမြှုပ်သည် ၇-ရက်ပတ်လုံး ဖြစ်၏၊

ထို ၇- ရက်ကိုလွန်ပြန်သော် ငရုတ်သီး, တင်လဲနှင့်တူသော သားတစ်သည် ၇-ရက်ပတ်လုံး ဖြစ်၏။

ထို ၇-ရက်ကိုလွန်ပြန်သော် ကြက်ဥသဏ္ဌာန်နှင့်တူသော သားစိုင်အခဲသည် ၇-ရက်ပတ်လုံး ဖြစ်၏။

ထို ၇-ရက်ကိုလွန်ပြန်သော် ခြေနှစ်ချောင်း လက်နှစ်ချောင်း ဦးခေါင်းဖြစ်ခြင်းငှာ ငါးဖြာသော အင်္ဂုတ်သည် ထွက်၍ ၇-ရက်ပတ်လုံး ကြီးပွား၏။

ထို ၇-ရက်ကို လွန်သောကာလ–
ဆဋ္ဌမသတ္တာဟပတ်လုံး သူငယ်ရင့်ခြင်းသို့ ရောက်၏။
ထို့နောက် သတ္တမသတ္တာဟ၌ စက္ခုပသာဒသည် ဖြစ်၏။
ထို့နောက် အဋ္ဌမသတ္တာဟ၌ သောတဒသကသည် ဖြစ်၏။
ထို့နောက် နဝမ သတ္တာဟ၌ ဃာနဒသကသည် ဖြစ်၏။
ထို့နောက် ဒသမ သတ္တာဟ၌ ဇိဝှါဒသကသည် ဖြစ်၏။

http://www.dhammadownload.com

ဤသို့အစဉ်အားဖြင့် ဖြစ်၍ ၄၂- သတ္တာဟ ရောက်သောအခါ ကေသာ လောမာအစရှိသော ကောဋ္ဌာသတို့သည် ဖြစ်ကုန်၏။ ထိုအနက်ကို သိစေခြင်းငှာ-

သခေ်ပဋီကာ၌-

ပထမံ ဟိ ကလလံ သတ္တာဟံ ဟောတိ။ ပ။ နဝမ သတ္တာဟာ-
တိက္ကမေန၊ ဇိဝှါပသာဒေါ၊ ဒသမံ သတ္တာဟံ ဇာယတိ ကေသာဒယော
ပန ဒွါစတ္တာလီသမေ သတ္တာဟေ ဟောန္တိ-

ဟူ၍ ပြဆိုသည်။

၃၀၂-အဘိဓမ္မာဋီကာဝါဒအရ
သတ္တာဟဖြစ်ပုံကို ပြခြင်း

အဘိဓမ္မာဋီကာကို စီရင်သော ရှင်အာနန္ဒာ၏ အလိုအားဖြင့်ကား —

ပထမံ ကလလံ ဒွိသတ္တာဟံ, အဗ္ဗုဒံ ဒွိသတ္တာဟံ, ပေသိ ဒွိသတ္တာ-
ဟံ, ဃနံ ဒွိသတ္တာဟံ, ပဉ္စပသာခါ ဒွိသတ္တာဟာ ဟောန္တိ၊ တတော
အတိက္ကမေန စက္ခုပသာဒေါ ကောဒသမသတ္တာဟံ, တတော သော-
တပသာဒေါ ဒွါဒသမံ သတ္တာဟံ, တတော ဃာနပသာဒေါ တေရသမံ
သတ္တာဟံ, တတော ဇိဝှါပသာဒေါ စုဒ္ဒသမံ သတ္တာဟံ ဇာယတိ-

ဟူ၍ ဆိုသည်။

အဓိပ္ပါယ်ကား- ရှေးဦးစွာ ကလလရေကြည်သည် နှစ်သတ္တာဟ ဖြစ်၏။ ထို့နောက် အမြှုပ် နှစ်သတ္တာဟ, ထို့နောက် သားတစ် နှစ်သတ္တာဟ, ထို့နောက် အခဲ နှစ်သတ္တာဟ, ထို့နောက် ခက်မငါးဖြာ နှစ်သတ္တာဟ ဖြစ်သည်။

ထို့နောက်မှ ကောဒသမသတ္တာဟ၌ စက္ခုဒသက, ဒွါဒသမသတ္တာဟ၌ သောတဒသက, တေရသမသတ္တာဟ၌ ဃာနဒသက, စုဒ္ဒသမသတ္တာဟ၌ ဇိဝှါဒသက ဖြစ်၏ ဟူလိုသည်။

ဤသို့ အဌကထာနှင့်ဋီကာ မညီဆိုကြခြင်းသည် အကြောင်းဘယ်သို့နည်း ဟူငြားအံ့၊ ဂဗ္ဘသေယျကသန္ဓေနေသော သတ္တဝါတို့သည် ကာလမညီကြ။ ဆိတ်ခွေး အစရှိသည်တို့မှာ နှစ်လခန့်ကြာသည်၊ နွား, ကျွဲ, ဆင်, မြင်း တို့မှာ လေးလ, ငါးလ, ဆယ်လခန့် ကြာသည်။

လူတို့၌လည်း အချို ၇-လ, အချို ၈-လ, ၉-လ ကြာသည်။ အချို ၁၀-လမင် ကြာသည်ဖြစ်၍ အနည်းဆုံးနေရသော သတ္တဝါတို့အား ဟသတ္တာဟသာ ဖြစ်သင့်သည်ကိုရည်၍ ဟောဋ္ဌိမကောဋ္ဌိနည်းအားဖြင့် အဌကထာဆရာ ဆိုသည်။

http://www.dhammadownload.com

အလွန်ဆုံးနေရသော သတ္တဝါဖြစ်မူ နှစ်သတ္တာဟာ စီ ဖြစ်သေး၏ဟု ဥက္ကံသကောဋိ နည်းအားဖြင့် ဋီကာဆရာ ဆိုသည်။ ထို့ကြောင့် နှစ်ဝါဒ လုံးပင် သင့်၏ဟု ဆရာတို့ ယူကုန်၏။

(ကာလရေကြည်၊ တည်သမျှတွင်၊ စက္ခုဒသက၊ စ၍ဖြစ်ရာ၊ လူတို့မှာ၊ ဘယ်သတ္တာဟာ ကောက်မည်နည်းဟူသော ပုစ္ဆာ၏အဖြေ ပါဝင်ပြီ။)

၃၀၃-သံသေဒဇ ခေါ်ဆိုရပုံကို ပြခြင်း

ကမလ ကုဟရ ဂဇ္ဇမလာဒိကေ သံသေဒေ ဇာတာတိ သံသေဒဇာ။

ယေ သတ္တာ၊ ဒုကြင်သတ္တဝါတို့သည်။ ကမလ ကုဟရ ဂဇ္ဇမလာဒိကေ၊ ကြာတိုက်, ရေညှန်, ကိုယ်ဝန်၏ အညစ်အကြေး အစရှိသော။ သံသေဒေ၊ စိုစွတ်ရာဒေသ၌ဖြစ်၌။ ဇာတာ၊ ဖြစ်ပေါ်ကုန်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ သံသေဒဇာ၊ သံသေဒဇမည်ကုန်၏။

၃၀၄-ဥပပါတ ခေါ်ဆိုရပုံကို ပြခြင်း

မဟန္တာ ဥပဂန္ဓာ ပတန္တိတိ ဥပပါတာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မဟန္တာ၊ ဆယ့်ငါးနှစ်ရှယ်, နှစ်ဆယ်ရှယ်ဖြင့် ကြီးကျယ်ကုန်လျက်။ ဥပဂန္ဓာ၊ ကြာတိုက်စသည်သို့ကပ်၍။ ပဘန္တိ၊ ကျတတ်ကုန်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ တေ သတ္တာ။ ထိုသတ္တဝါတို့သည်။ ဥပပါတာ၊ ဥပပါတ်မည်ကုန်၏။

ဥပပါတာ ဝိယ ဧတေသံ အတ္ထီတိ သြပပါတိကာ။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ဥပပါတာ ဝိယ၊ ကြာတိုက်စသည်သို့ကပ်၍ ကျသကဲ့သို့ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သြပပါတိကာ၊ သြပပါတိကတို့မည်ကုန်၏။

၃၀၅-သံသေဒဇနှင့် ဥပပါတ်နှစ်ပါးတို့၏ အထူး

သံသေဒဇလည်း ကြာတိုက်စသော စိုစွတ်ရာ၌ဖြစ်သည်၊ ဥပပါတ်လည်း ဤနည်းတူပင်ဖြစ်သည်၊ ယင်းသို့ဖြစ်ခြင်းတူကြသော်လည်း သံသေဒဇမှာ ငယ်ကတည်းရွေ့ရွေ့ကြီးပွါးသည်။ ဥပပါတ်မှာ ၁၅-နှစ်ရှယ်, နှစ်ဆယ်ရှယ် စသည်ဖြင့် ရုတ်ခြည်းဖြစ်သည်။ ဤသို့ ထူးကြ၏။

http://www.dhammadownload.com

၃၀၆ - ဂဗ္ဘသေယျကခေါ်ဆိုရပုံကို ပြခြင်း

ဂဗ္ဘေ သေန္တိတိ ဂဗ္ဘသေယျကာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ သေန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဂဗ္ဘ-သေယျကာ၊ ဂဗ္ဘသေယျကမည်ကုန်၏။ ။[အဏ္ဍဇ ဇလာဗုဇတို့ကို ရ၏။]

အဏ္ဍဇခေါ်ဆိုရပုံကား-အဏ္ဍေန ဇာတာတိ အဏ္ဍဇာ။

အဏ္ဍေန၊ ဥခွံဖြင့်။ ဇာတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဏ္ဍဇာ၊ အဏ္ဍဇတို့မည်ကုန်၏။

ဇလာဗုဇ ခေါ်ဆိုရပုံကား-ဇလာဗုမှိ ဇာတာတိ ဇလာဗုဇာ။

ဇလာဗုမှိ၊ ရေနောက်စုဉ်။ ဇာတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဇလာဗုဇာ၊ ဇလာဗုဇတို့ မည်ကုန်၏။

ကေဇ, ဒိဇ, ခေါ်ဆိုရပုံ-ထိုနှစ်ပါးတို့တွင် အဏ္ဍဇ သတ္တဝါသည် အမိဝမ်းမှလည်း တကြိမ်, ဥမှလည်း တကြိမ် ဖွားရသောကြောင့် ဒိဇမည်သည်။

ဇလာဗုဇမှာ ဝမ်းမှ တကြိမ်သာ ဖွားရသောကြောင့် ကေဇမည်သည်။ ထို့ကြောင့် ဝသလသုတ်၌-"ကေဇံ ပါ ဒိဇံ ပါတိ ယော စ ပါဏံ ပိဟိံ သတိ"-ဟု ဟောတော်မူသည်။

၃၀၇-ကမ္မဇရုပ် ချုပ်ရာကာလကို ပြခြင်း

မေး။ ။စုတိစိတ်နှင့်၊ အသင့်ပြိုင်လျက်၊ တချက်မယုတ်၊ ကမ္မဇရုပ်၊ ဘယ်ဌာနက ချုပ်သနည်း။

ဖြေ။ ။မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသမစိတ္တဿ ဌိတိ-ကာလမုပါဒါယ ကမ္မဇရူပါနိ နဉ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမော ပဘတ္တိတ္တာ နိရဇ္ဈန္တိ-

ဟူသော လက်သန်းပါဌ်နှင့်ညီစွာ သေခါနီးကာလ၌ကား စုတိစိတ်သို့ မရောက်မီ အထက် ၁၇-ချက်မြောက်သောစိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်တို့သည် အသစ်မဖြစ်ပြီ။ ၎င်းစိတ်၏ ဥပါဒ်ခဏ်၌ဖြစ်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့်မျှသော ကာလပတ်လုံးသ လျှင်ဖြစ်၍ ၎င်းစုတိစိတ်၏ ဘင်ခဏ၌ ချုပ်ကြကုန်၏ ဟူပေ။

http://www.dhammadownload.com

၃၀၈-စိတ္တဇ အာဟာရဇရုပ်တို့ ချုပ်ရာကာလကို ပြခြင်း

မေး။ ။စိတ္တဇနှင့်၊ အာဟာရဇ၌၊ ရုပ်တို့မှာ ဘယ်အခါတွင် ချုပ်သနည်း။

ဖြေ။ ။တဇတော ပရံ စိတ္တဇာဟာရဇရူပဥ္စ ဝေါစ္ဆိဇ္ဇတိ–

ဟူသည်နှင့်ညီစွာ ထိုကမ္မဇရုပ် ချုပ်သည်နောက်၌ စိတ္တဇရုပ်, အာဟာရဇရုပ်တို့ သည်လည်း ပြတ်၏ ဟူပေ။

ဤ၌ တတော ပရံဟု အပါဒါန်နှင့်ဆိုသော် ထိုကမ္မဇရုပ် ချုပ်ပြီးသည့်နောက် ဘယ်လောက်ကြာသေးသနည်း၊ မကြာဘဲသော် တကောဟူသော အပါဒါန်ကို မဆိုတန်တကား ဟူငြားအံ့။

ဝေါစ္ဆိဇ္ဇတီတိ အဇီဝကသန္တာနေ တေသံ ဥပ္ပတ္တိယာ အဘာဝတော ယထာ နိဗ္ဗတ္တံ စိတ္တဇမာဟာရဇဥ္စ တဘော ပရံ ကိဉ္စိကာလံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ—

ဟူသောဋီကာနှင့်ညီစွာ ထိုစိတ္တဇရုပ်,အာဟာရဇရုပ်တို့သည် အသက်မရှိသော သူ၏ သန္တာန်၌ ဖြစ်ခြင်း၏ မသင့်သောကြောင့် အကြင်မရဏာသန္န ဇောစိတ်တို့၏ ဥပါဒ်ခဏ၌ ဖြစ်သော စိတ္တဇ,အာဟာရဇရုပ်ဘို့သည် ကမ္မဇရုပ် ချုပ်ပြီးသည်နောက် စိုးစဉ်သော ကာလမျှ ဖြစ်၍ ချုပ်၏ ဟူလိုသည်။

ဝိသုဒ္ဓိမဂ်ဋီကာသခင် အရှင်ဓမ္မပါလကား စိတ္တဇရုပ်သည်လည်း စုတိစိတ်နှင့် အမျှသာလျှင် ချုပ်၏ ဟု ဆိုတော်မူသည်။

စိတ္တာလင်္ကာရဋီကား–တတော ဟူ၍ အပါဒါန်ကို ခံခြင်းကြောင့် ကမ္မဇရုပ် ချုပ်ပြီးသည်နောက် သတ္တရသာယုကာ ခန်ဓာမှ ချုပ်၏ ဟု ဆိုသည်။

၃၀၉–လူသေကောင်မှာ ရသင့်ရုံသော ရုပ်ကို ပြခြင်း

မေး။ ။လူသေကောင်မှာ၊ ထိုအခါ၊ ကြွင်းရာရုပ်မပါင်း ဘယ်မျှနည်း။

ဖြေ။ ။ဥတုသမုဋ္ဌာန ရူပပရမ္မရာ ယာဝမတကဋ္ဌေဝရသခ်ီတာ ပဝတ္တန္တီ–ဟူသည်နှင့်ညီစွာ ဥတုကြောင့်ဖြစ်သော ရုပ်အဆက်ဆက်တို့သည် သေ၍ အပုပ်ကောင် ဖြစ်သည် ဟု ဆိုအပ်သည်တိုင်အောင် ဖြစ်ကုန်၏ ဟူ၍ မိန့်ရကား လူသေကောင်၌ ဥတုဇ အဋ္ဌကလာပ်သာ ရ၏ ဟူပေ။

http://www.dhammadownload.com

၃၁၀-တစ္ဆေတို့မှာ လူတို့အလား ရုပ်များ ရှိ, မရှိကို ပြခြင်း

မေး။ ။ဥပပါတ်စိတ်၊ ပဋိသန္ဓေ၊ ထင်ရှားနေသည့်၊ တစ္ဆေတို့မှာ၊ ရုပ်မျိုး လူလို ရှိ၏လော။

ဖြေ။ ။ပရမတ်ကျမ်း၏အလိုအားဖြင့် ဝိနိပါတိက အသုရာဟု ခေါ်အပ်သော သုတ္တန်ကျမ်းအလိုအားဖြင့် ပြိတ္တာ ဟူ၍ရင်း,အသုရာဟူ၍ရင်း, ဘူတယက္ခ ဟူ၍ရင်း ခေါ်ဝေါ်အပ်သော ဘုတ်, ပြိတ်, ဘီလူးတို့ကို ရှေးသူဟောင်းတို့သည် ဥပါ ဟူ၍ရင်း, တစ္ဆေ ဟူ၍ရင်း သမုတ်ကြကုန်သည်။ ထို ဘုတ်, ပြိတ်, ဘီလူးတို့သည် လူတို့ကဲ့သို့ ရုပ်, နာမ် အစုံပင်ရှိသည်။ ကေသာ, လောမာစသော ကောဋ္ဌာသ ၃၂ ပါးပင် ရှိသည်။ထိုဘုတ်,ပြိတ်တို့သည် ပဋိသန္ဓေအားဖြင့် အချိုကား အဟိတ်, အချိုကား ဒွိဟိတ်, အချိုကား တိဟိတ် ပဋိသန္ဓေနေကုန်သည်။ ယောနိအားဖြင့် အချိုကား သံသေဒဇ, အချိုကား ဂဗ္ဘသေယျက, အချိုကား ဥပပါတ် ဖြစ်သည်။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌–

ပေတာနန္တိ ပေတလောကပရိယာပန္နာနံ၊ ဒုက္ကဋ္ဌကမ္မကာရိကာနံ ဝိဘာဝနံ၊ ပေတာတိ ဒွိဟေတုကတိဟေတုကာဟေတုကာ ဟောန္တိ–စသည်ဖြင့် မိန့်တော်မူသည်။

လူတို့ကဲ့သို့ ရုပ်, နာမ် အစုံရှိကြောင်းကို ဘယ်ကို ထောက်၍ သိရသနည်းဟူမူ နတ်, မိန်းမဘို့၌ လူတို့ကဲ့သို့ မင် ၃-ပါးရှိကြောင်း, မေထုနသေဝန ပြုလျှင် ပါရာဇိကကျကြောင်းကို ဝိနည်း၌ ဟောတော်မူသောကြောင့်ရင်း, ထို ဘုတ်, ပြိတ် တို့သည် လူတို့နှင့် အိမ်ရာဖက်၍ သားသမီးပွားစည်းကြောင်းကို ဇာတ်ဟောင်းနိဒါန်းတို့၌ရင်း လာသောကြောင့် သိရသည်။

၃၁၁–တစ္ဆေတို့ကို လူများ မမြင်ရခြင်းအကြောင်းကို သာဓကနှင့်တကွ ပြခြင်း

ယင်းသို့ ရုပ်,နာမ် အစုံရှိလျက် လူတို့ ဘယ့်ကြောင့် မမြင်သနည်းဟူမူ ကိုယ်ကိုကွယ်စေတတ်သော ဆေးကို ကောင်သောကြောင့်ရင်း, မန္တန်ကြောင့်ရင်း, တန်ခိုးကြောင့်ရင်း မမြင်ရ မြင်စေလိုမှ မြင်ရ၏ ဟူပေ။

ဆေးဆောင်ကြောင်းကို ဘယ်ကို ထောက်၍ သိရသနည်းဟူမူ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ဘီလူးမတယောက်သည် သားငယ်နှစ်ဦးကို ထူပါရာမ တံခါးပြင်၌ နေစေ၍ အစာရှာခြင်းငှာ မြို့တွင်းသို့ လာခဲ့သော် အစာမရထည့်သည်နှင့်

http://www.dhammadownload.com

ကြာမြင့်၍ နေ၏။ ပိဏ္ဍပါတိက မထေရ်တဦးသည် မြို့သို့ ဝင်ခြင်းငှာ လာသည်ကို မြင်သဖြင့် သူငယ်နှစ်ဦးတို့က ကိုယ်ထင်ပြလျက် "အရှင်ဘုရား ကျွန်ုပ်တို့ မိခင်သည် မြို့တွင်းသို့ အစာရှာသွားသည်မှာ ကြာပါပြီ၊ ရရာသမျှနှင့် မြန်စွာ လာပါ၊ သင်၏ သားများ ဆာမွတ်လှပြီ" ဟု မိန့်တော်မူလိုက်ပါဟု၍ လျှောက်၏။

မထေရ်မြတ်ကလည်း သင်တို့မိခင်ကို ဘယ်အကြောင်းဖြင့် ငါ မြင်နိုင်, သနိုင အံ့နည်း ဟုဆိုသော-

"အရှင်ဘုရား ဤဆေးမြစ်ကို ယူ၍ ကြွတော်မူပါဟု ဆေးမြစ်ကို ကပ်လိုက်၏၊ ပုံသဏ္ဌာန်ကိုလည်း ညွှန်ကြားလိုက်၏။

မထေရ်လည်း ဆေးမြစ်ကို ဆုပ်ကိုင်၍ လာသော် တံမြက်ခနုးစွန့်ရာ သားငါး, ဖျက်ရာတို့၌ အဆုအထောင်မျှလောက် သွားလာနေထိုင်သော ဘုတ်,ပြိတ် ဘီလူးတို့ကို မြင်ရလေ၏။

သူငယ်နှစ်ဦးတို့၏ မိခင်ဖြစ်သော ဘီလူးမ သည်လည်း တခုသော အိမ်ရိပ်၌ မြုပ်သော ကိုယ်ဝန်၏ အညစ်အကြေးကိုကို ဖော်ယူ၍ လမ်းသို့ ထွက်လာသည်ကို သူငယ်တို့ ပြောလိုက်သော အမှတ်ဖြင့် သိလေလျှင် သားငယ်တို့ မှာလိုက်ကြောင်းကို ပြော၏။

ဘီလူးမလည်း "အရှင်ဘုရား ကျွန်ုပ်ကို ဘယ့်ကြောင့် မြင်သနည်း ဟု မေးလျှင် သင်၏ သားတို့ ပေးလိုက်သော ဆေးကြောင့် မြင်သည် ဟု ပြော၏။

ဆေးကို ပြစမ်းပါဆို၍ လက်ကိုဖြန့်ပြလေသော် ဘီလူးမလည်း ဆေးကို လုယူပြီးမှ လျင်စွာ သွားလေ၏။

ထို့ကြောင့် ထိုသူတို့သည် တခုသောဆေး၏ အာနုဘော်ကြောင့် ကိုယ်ဝှက်နိုင်သည်ဟု သိအပ်၏ဟူ၍ မဇ္ဈိမနိကာယ်, စူဠသကုလဒါယိသုတ်အဋ္ဌကထာ၌ မိန့်သည်။

မန္တန်ဆောင်၍ ကွယ်နိုင်ကြောင်းကို ဇာတ်တို့၌လာ၏။

၃၁၂-တစ္ဆေတို့သေရာ ရုပ်လက္ခဏာပြောင်းပုံကို ပြခြင်း

ထိုတစ္ဆေတို့ သေသောအခါ အသေကောင်ကို မမြင်ရသောအထုကို ရှင်နာဂသိန်း၏ စကားဘော်ဖြင့် သိအပ်၏။

တရုံသောအခါ မိလိန္ဒမင်းကြီးသည် ဤသို့မေး၏။

မနော ၁၇—ပ-မ-သ-စ

http://www.dhammadownload.com

"အရှင်ဘုရား ဤလောကဌ် တစ္ဆေ, ဘုတ်, ပြိတ် ဟု ခေါ်အပ်သောနတ် ဘီလူးတို့သည် ရှိပါသလော" ဟုမေး၏။

ရှင်နာဂသိန်။ ။ရှိ၏ဟု ဖြေဆိုလျှင်။

မင်းကြီး။ ။အရှင်ဘုရား ထိုနတ်, ဘီလူးတို့ကို ဘယ်ကြောင့် မမြင်ရသနည်းဟု မေး၏။

ရှင်နာဂသိန်။ ။မင်းကြီး ဆေး၏အာနုဘော်ကြောင့်ဌင်း၊ မိမိတို့ကမ္မဇဒ္ဓိကြောင့်ဌင်း မမြင်ရခြေ၊ ဒုကယ်၌ မြင်စေလိုအံ့ ပြနိုင်သည်သာတည်းဟု ဖြေပေ၏။

မင်းကြီး။ ။အရှင်ဘုရား ထိုနတ်ဘီလူးတို့သည် ထိုအဖြစ်မှစုတေကြသေး၏လောဟု မေးပြန်၏။

ရှင်နာဂသိန်။ ။မင်းကြီး စုတေကြသည်သာတည်.ဟု ဖြေပေ၏။

မင်းကြီး။ ။အရှင်ဘုရား၊ ထိုနတ်ဘီလူးတို့ စုတေသောအခါ ဆေးကိုလည်း မဆောင်နိုင်ရုပြီ၊ ကိုယ်အကောင်သည် ဘယ်ကြောင့် မထင်ပါသနည်း၊ ပုပ်သောအနံ့ သည်လည်း ဘယ်ကြောင့် မနံပါသနည်းဟု မေး၏။

ရှင်နာဂသိန်။ ။မင်းကြီး နတ်ဘီလူးတို့စုတေသောအခါ ကိုယ်အကောင်လည်းထင်၏၊ ပုပ်သောရနံ့လည်း နံ၏။ သို့ရာတွင် အကြင်နတ်ဘီလူးတို့သည် စုတေအံ့ဆဲသောအခါ ကျန်ရစ်သောဆွေမျိုးတို့ကို လူမသိစိမ့်သောင့် တခုသော မနောဓိဋ္ဌာန်ဖြင့် သေကြ၏။

ထို့ကြောင့် ပိုးရှသဏ္ဌာန်ဖြင့်ဌင်း, ကင်းမြီးမကောက်သဏ္ဌာန်, ကင်းခြေများသဏ္ဌာန်, ပုတ်သင်သဏ္ဌာန်, ပုရစ်သဏ္ဌာန်ဖြင့်ဌင်း, သမင်သဏ္ဌာန် ငှက်သဏ္ဌာန်ဖြင့်ဌင်း သေကောင်ထင်လေသည်ဟု ဖြေပေ၏။ (မိလိန္ဒပဉ္ဉာ)

၃၁၃. ဗြဟ္မာတို့မှာ ရသင့်, မရသင့်သော ရုပ်တို့ကို ပြခြင်း

မေး။ ။ဗြဟ္မာတို့မှာ ဃာနာဒိတ္တယ၊ ဘာဝန္နစ်တန်၊ ကြဉ်သည်မှန်သော်၊ သဏ္ဌာန်ရုပ်ပင် မရှိသလော။

ဖြေ။ ။တတ္ထ ဗြဟ္မပါရိသဇ္ဇတော ပဋ္ဌာယ ဣမာနိ သောဋ္ဌသရူပါဝစရာနိ နာမ တေ သဗ္ဗေ ပုရိသသဏ္ဌာနာ၊ ဣတ္ထိ ပုရိသ ဗျဉ္ဇနနိမိတ္တံပိ နတ္ထိ၊ စက္ခုသောတာနိ အတ္ထိ၊ ရူပံ ပဿန္တိ၊ သဒ္ဒံ သုဏန္တိ ဃာနံ အတ္ထိ၊ ဃာနပသာဒေါ စ ဃာနဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ဂန္ဓံ န ဃာနန္တိ၊ သမာပရိဝတ္တဇိဝှါ အတ္ထိ၊ တသ္မာ ဟသန္တိ၊

http://www.dhammadownload.com

ဝါစံ ဘာသန္တိ၊ ဇိဝှါပသာဒေါ စ ဇိဝှါဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ကိဉ္စိရသံ နဂဟနန္တိ နခါဒန္တိ နပိဝန္တိ စျာနပိတိယေဝ တေသံ အာဟာရော ဟောတိ၊ ကာယော၊ အတ္ထိ၊ ကာယပသာဒေါ စ ကာယဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ဟေ ကိဉ္စိ ဖဿံ နဂဟနန္တိ၊ ဧဝံ သန္တေပိ နိဝါသနပါရုပနသင်္ခါတော ကာနိ အတ္ထိ၊ ပြဟ္မဝိမာနသယနာသနာနိ အတ္ထိ၊ ကေသာ နခါ ဒန္တာ အတ္ထိ၊ သေသကောဋ္ဌာသာနိ ပန နတ္ထိ၊ ဒီပသိခါ ဝိယ သရီရံ ဟောတိ၊ မလမုတ္တမဂ္ဂါ နတ္ထိ ဣတ္ထိယော နတ္ထိ နစ္စဂီတာဒီနိ နတ္ထိ ကေစိ အရိယဝံဟာ-ရေန ကေစိ ဒိဗ္ဗဝိဟာရေန၊ ကေစိ ပြဟ္မဝိဟာရေန ဝိဟာသီတိ-

ဟူ၍ ဇီနာလင်္ကာရဋီကာ လာသည်။

မြန်မာဘာသာ အဓိပ္ပါယ်ကား- ပြဟ္မာဘုံ နှစ်ဆယ်တို့တွင် ပြဟ္မပါရိသဇ္ဇာ မှစ၍ ၁၆-ပါးသော ဘုံတို့သည် ရူပါဝစရဘုံမည်ကုန်၏။

ထိုဘုံတို့၌ ခပ်သိမ်းသော ပြဟ္မာတို့သည် ယောကျ်း၏သဏ္ဌာန်သာ ဖြစ်ကုန်၏။ ယောကျ်းနိမိတ်, မိန်းမနိမိတ်ကား မရှိကုန်။ မျက်စိ, နား တို့သည် လူတို့ကဲ့သို့ ရှိကုန်၏။ အဆင်းကို မြင်ကုန်၏။ အသံကိုလည်း ကြားကုန်၏။ နှာခေါင်း သဏ္ဌာန်ကား ရှိ၏၊ ဃာနပသာဒ, ဃာနဝိညာဉ်ကားမရှိ၊ ထို့ကြောင့် အနံ့ကို မသိကုန်၊ လူးလဲလှုပ်ရှားဟတ်သောလျှာကားရှိ၏။ ဇိဝှါပသာဒ, ဇိဝှါဝိညာဉ် ကားမရှိ၊ ထို့ကြောင့် တစုံတခုသောအရသာကို မသိကုန်။ မစားကုန် မခဲကုန် မသောက်ကုန်၊ စျာန်၌နှစ်သက်သော ပီတိသာလျှင် ထိုပြဟ္မာတို့၏ အာဟာရ ဖြစ်ကုန်၏။

လုံးလုံးလျှောင်းလျှောင်း မြင်စကောင်းသော ကိုယ်သဏ္ဌာန်ကား ရှိ၏။ ကာယပသာဒ, ကာယဝိညာဉ်ကား မရှိ။ ထို့ကြောင့် တစုံတခုသော အတွေ့ကို မသာယာကုန်၊ ယင်းသို့မသာယာသော်လည်း ကိုယ်၌ ဝတ်ရုံသောပုဆိုးတို့သည် ရှိကုန်၏။ ဗိမာန်, အိပ်ရာ, နေရာတို့လည်း ရှိကုန်၏။ ဆံ, ခြေသည်း, လက်သည်း, သွားတို့သည်ရှိကုန်၏။ ကြွင်းသော ကောဋ္ဌာသတို့သည် မရှိကုန်။ ဆီမီး လှျံကဲ့သို့ သော ကိုယ်သည် ဖြစ်၏။ ကျင်ကြီးကျင်ငယ် သွားသောမက် တို့သည် မရှိကုန်။ ပြဟ္မာမိန်းမလည်းမရှိ၊ က ခြင်း, သီခြင်းလည်းမရှိ။ အချို့သောပြဟ္မာတို့သည် အရိယာဝိဟာရဖြင့်နေကုန်၏၊ အချို့သောပြဟ္မာတို့သည် ဒိဗ္ဗဝိဟာရဖြင့် နေကုန်၏၊ အချို့သောပြဟ္မာတို့သည် ပြဟ္မဝိဟာရဖြင့် နေကုန်၏ဟူလိုသည်။

http://www.dhammadownload.com

၃၁၄-ဗြဟ္မာတို့၌ရှိသော် သြဇာသည် အာဟာရဇရုပ် မဖြစ်နိုင်ပုံကို ပြခြင်း

ဤဗြဟ္မာတို့အား သြဇာရုပ်သည် ရှိသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် အာဟာရဇ ကလာပ်ကို မရဟုဆိုသနည်း ဟူငြားအံ့-

အဇ္ဈောဟဋ္ဌာဟာရာဘာဝေန သရီရဂတဿပိ အာဟာရဿ ရူပသမုဋ္ဌာ-ပနာဘာဝတော-

ဟူသော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (၂၁၅)နှင့် အညီ မျိုအပ်သော ဗဟိဒ္ဓါ ဟာရ မရှိသည်၏ အဖြစ်ကြောင့် ကိုယ်တွင်း၌တည်သော သြဇာတည်းဟူသော အာဟာရသည်လည်း ရုပ်ကိုဖြစ်စေခြင်း မရှိသည်၏ အဖြစ်ကြောင့် အာဟာရဇ ကလာပ်ကို မရဟူ၍ဆိုလေသည်။

ဥပမာကား-သစ်ပင်ငယ်တို့၌ အာပေါဓာတ် ရှိငြားသော်လည်း ဗဟိဒ္ဓ အာပေါ ဟူသော အကူအပံ့ကို မရသော် ကြီးပွားခြင်း မဖြစ်နိုင်သကဲ့သို့တည်း။

၃၁၅-ဗြဟ္မာတို့မှာ ဘာဝရုပ် မရခြင်း အကြောင်းကို ပြခြင်း

ဘာဝရုပ်ကို မရခြင်းကား ထူထပ်သော ကာမရာဂ၏ ဥပနိဿယ ကင်းသည်၏ အဖြစ်ကြောင့် မရသည် ဟူပေ။

၃၁၆-အသညသတ် ဗြဟ္မာတို့ ဖြစ်ပုံကို ပြခြင်း

အသညသတ် ပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဝတ္ထု, ဘာဝဒသကတို့ကိုငှင်း, အာဟာရဇကလာပ်, အလုံးစုံသော စိတ္တဇ ရုပ်တို့ကိုငှင်း မရအပ်။ ထိုအသညသတ် ပုဂ္ဂိုလ်တို့အား ၁၇-ပါးသော ရုပ်အစုံ စုဖြင့်သာ ဗိမာန်နေရာ၌ ဖြစ်၏။

လူ့ပြည်၌ ကမ္မဋ္ဌာန်းစီးဖြန်းစဉ်က ထိုင်လျက် စုတေသောသူသည် ထိုင်သော ဣရိယာပုထ်ဖြင့်, လျောင်းလျက် စုတေသောသူသည် လျောင်းသော ဣရိယာပုထ်ဖြင့်သာဖြစ်၏။

ပုံသဏ္ဌာန်ကား ထုလုပ်၍ထားသော အရုပ်ကဲ့သို့ မိမိဖြစ်သော ဣရိယာပုထ်တို့ဖြင့်သာလျှင် ကမ္ဘာငါးရာပတ်လုံး တည်လေ၏ ဟူ၍ **သမ္မောအဋ္ဌကထာ၌ လာသည်။**

http://www.dhammadownload.com

၃၁၇-ဗြဟ္မာတို့မှာ တည်ရာဗိမာန် စသည်ရှိပုံကို ပြခြင်း

ထိုရူပဗြဟ္မာတို့အား မြို့ခိုတည်နေရာဖြစ်သော ဗိမာန်, ဥယျာဉ်, ပဒေသာပင်တို့သည်၎င်း, ကိုယ်တွင်ဆင်သော ဘယက် တန်ဆာတို့သည်၎င်း ဂို့ကုန်၏၊ ထိုအဆောက်အအုံတို့၌ ဇာပ်မက်သော ဆန္ဒရာဂလည်း ဖြစ်သေး၏။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ နိဂ္ဂေပကဏ္ဍ အဖွင့်၌-

ယေ ပန ဗြဟ္မဝိမာနကပ္ပရုက္ခအာဘရဏာဒေသု ဆန္ဒရာဂေါ ဥပ္ပဇ္ဇတီ-ဟု ဟော်တော်မူသည်။

ဤဗြဟ္မာ ပြည်ဘို့၌ တာဝတိံသာနတ်ပြည်ကဲ့သို့ ဗြဟ္မာအမျိုးတို့၏စည်းဝေးရာ သာယဝကောင်းမွန်လှသော သုဓမ္မာ နတ်သဘင်သည်လည်း ရှိ၏။ ထိုသဘင်၌ ဗြဟ္မာအမျိုးတို့ပင် စည်းဝေးကြ၏။ နတ်ပြည်, ဗြဟ္မာပြည် ဟူသမျှ၌ သုဓမ္မာသဘင် မရှိသော ပြည်မည်သည် မရှိဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ မာရတဇ္ဇနိယသုတ် အဖွင့်တွင် ဆိုသည်။

ဤသို့ ကျမ်းသာသည်ကို ထောက်၍ ဗြဟ္မာတို့၏ ရုပ်သဏ္ဌာန်ကို သိရာ၏ ဟူ၎ပ။

၃၁၈-ရူပ ၁၆-ဘုံ၌ ရသင့်သော ရုပ်ကလာပ်တို့ကို ပြခြင်း

ရူပဘုံ၌ ရသောရုပ်ကား ဃာန, ဇိဝှါ, ကာယ ဘာဝဒွေကြည်သော ရုပ်တေဝီသတည်း။ ကလာပ်အားဖြင့်ကား ၈က္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကအားဖြင့် ကမ္မဇကလာပ် ၄-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း အားဖြင့် ၁၄ ပါးတို့ကို ရကုန်၏။

အသညသတ် ဘုံ၌ရသော သတ္တရာသ ရုပ်ဟူသည်ကား လဟုတာဒိတ္တယ, အာကာသဓာတ်, အဂိနိဇ္ဇာဂရုပ် ဂ-ခု, ဇီဝိတိန္ဒြေ, လက္ခဏရုပ် ၄-ခု ဤ ၁၇-ပါးတို့တည်း။ ကလာပ်အားဖြင့်ကား သုဒ္ဓဋ္ဌကကလာပ်, ဇီဝိတနဝက ကလာပ်, လဟုတာဒေကာဒသက ကလာပ်အားဖြင့် ၃-စည်းတို့သာတည်း။

အရူပလေးဘုံ၌ကား သတ္တာသန္တာန်၌ ဖြစ်သော အဇ္ဈတ္တရုပ်လည်း မရှိ၊ ဗိမာန်, ဥယျာဉ်, ရေကန် စသော ဗဟိဒ္ဓရုပ်လည်း မရှိဟု ပြတော်မူလို၍ "အရူပေ နတ္ထိ ကိဉ္စိပိ" ဟူ၍ ဆိုကော်မူသည်။

ဤတွင် ရုပ်နှင့်ဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

နိဗ္ဗာန်နှင့် ဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

၃၁၉-နိဗ္ဗာန်ကို မြင်သော ဒွါရကို ပြခြင်း

မေး။ ။ပထမမက်၊ ရမ္မက်ခုတ်ထွင်၊ နိဗ္ဗာန်ခွင်ကို၊ မြင်သည် ဘယ်ဒွါရတို့နည်း။

ဖြေ။ ။မက်တည်းဟူသော အပ္ပနာသည် မနောဒွါရဝီထိသာ ဖြစ်ရကား မနောဒွါရဖြင့် မြင်၏ ဟူပေ။

ထိုစကားကို ထင်စွာဆိုဦးအံ့၊သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်သည် တောဘုမ္မကသခ်ါရတို့တွင် တပါးပါးကို အာရုံပြု၍—

သဗ္ဗေသခ်ါရာ အနိစ္စာ,
သဗ္ဗေသခ်ါရာ ဒုက္ခာ,
သဗ္ဗေဓမ္မာ အနတ္တာ—

အစရှိသည်ဖြင့် စီးဖြန်းဖန်များ၍ သောတာပတ္တိမဂ်ကို ရလိုလတ်သည်ရှိသော် တောဘုမ္မကသခ်ါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် ထိုအာရုံကို အာရုံပြု၍ မဟာကုသိုလ် ပထမဇော့်တို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၄-ကြိမ်။ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်, မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပထမစျာန်စိတ်သည်ဌင်း, စျာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယစျာန်စိတ်သည်ဌင်း စျာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် တတိယစျာန်စိတ်သည်ဌင်း စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် စတုတ္ထစျာန်စိတ်သည်ဌင်း, ဂေါတြဘူသည် မဟာကုသိုလ် တတိယဇော့်တို့တွင် တခုခုဖြစ်အံ့ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဉ္စမစျာန်စိတ်သည်ဌင်း နိဗ္ဗာန်ကိုအာရုံပြု၍—

http://www.dhammadownload.com

၁။ ဒုက္ခသစ္စာကို ပိုင်းခြားရှု၍ သိခြင်း,

၂။ သမုဒယသစ္စာကို ပယ်ခြင်း,

၃။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း,

၄။ မဂ္ဂသစ္စာကို ပွါးစေခြင်း-

တည်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက်တည်း ပြီးစေလျက် မဂ်ကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် သောတာပတ္တိမဂ် ဇောဖေတနာသည် ဖြစ်စေအပ်သော မဂ်ဒိတ်နှင့် စျာန်အင်္ဂါ အာရုံအစရှိသည်ဖြင့် ဟူသော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိကွဓညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ်ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်ဟု ၂-ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သဖြင့်ဖြစ်၍ ချုပ်၏။

ဤနည်းအားဖူး သကဒါဂါမိမဂ် ဝီထိ, အနာဂါမိမဂ် ဝီထိ, အရဟတ္တမဂ် ဝီထိတို့ကို ချရမည် ဂေါတြဘူနေရာ၌ ဒေါဒါန် ဟု ဆိုရသည်သာ တူး၏။

ဤသို့ မဂ်ဝီထိဟူသမျှသည် အပ္ပနာဇော မနောဒွါရ ဝီထိသာ ဖြစ်သော ကြောင့် မနောဒွါရဖြင့် နိဗ္ဗာန်ကို မြင်၏ ဟု သိရမည်။

၃၂၀-နိဗ္ဗာန် ဂို့မရှိကို သိနိုင်ရန် ပြခြင်း

မေး။ ။ဓမ္မပြည့်နိဗ္ဗာန်၊ ထိန်လျှံဝင်းညီ၊ ရှိ-မရှိကို၊ အသိဘယ်သို့ ထင်သနည်း။

ဖြေ။ ။စိတ်, စေတသိက်, ရူပ်, နိဗ္ဗာနမိတိ သဗ္ဗထာ-

ဟူသောပါဠိဖြင့် စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်ဟူ၍ ၄-ပါးသာ ပရမတ္ထတရားတို့သည် တင်ရှားရှိ၏ ဟူ၍ သင်္ဂြိဟ်၌ ဆိုသောကြောင့်၎င်း၊ စိတ်, စေတသိက်တို့နှင့် နိဗ္ဗာန်သည် နာမ်၏အဖြစ်ဖြင့် တူကြသောကြောင့်၎င်း၊ သတ္တဝါတို့ သန္တာန်၌ စိတ်, စေတသိက် ရှိသကဲ့သို့ နိဗ္ဗာန်လည်းရှိ၏ ဟူ၍ သိရမည်။

ထို့ကြောင့် သင်္ဂြိဟ်ကျမ်း၌—

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုဒ္ဓဂ္ဂဉ္စာဇောန သင်္ဂဏှာတဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ—

ဟူ၍ မိန့်တော်မူသည်။

http://www.dhammadownload.com

လောကုတ္တရသင်္ခါတံ၊ လောကမှ ထွက်မြောက်ရာဟု ဆိုအပ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊ မဂ်, ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ ပန၊ နိဗ္ဗာန်ကိုကား။ ဝါနသင်္ခါတာယ၊ ဝါန ဟု ဆိုအပ်သော။ တဏ္ဍာယ၊ တဏ္ဍာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိုပါဠိတို့တွင် လောကုတ္တရသင်္ခါတံဟူသော ပါဠိဖြင့် ဥပါဒါနက္ခန္ဓာ, ပဉ္စက္ခန္ဓာဟု ဆိုအပ်သော လောကမှ ထွက်သော အဖြစ်ကို ပြသည်။

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ ဟူသောပါဠိဖြင့် သောတာပန်, သကဒါဂါမ် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား မျက်မှောက်ပြု၍ သိနိုင်သော အဖြစ်ကို ပြသည်။

မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဟူသောပါဠိဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အနုမာနဉာဏ်ဖြင့် ကြံဆ၍ သိနိုင်သောအဖြစ်ကို ပြသည်။

ထိုပါဠိအပေါင်းတို့ဖြင့် ကိလေသာတို့၏ အကြွင်းမဲ့ပြတ်ခြင်း တဖန် မဖြစ်ခြင်းကို ပြုတတ်သော မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မည်သည်ကား တခုသော ပရမတ္ထ တရားပင်တည်း။ သက်သက်မဖြစ်ခြင်း, ပျောက်ငြိမ်းခြင်း သဘောမျှကို နိဗ္ဗာန်ဆိုသည်မဟုတ် ဟူသော အနက်ကိုလည်း ပြ၏။

ထို့ကြောင့်ဋီကာကျော် ၂၁၆၌–

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ မဂ္ဂဖလာနမာရမ္မဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ။ သင်္ခတဓမ္မာရမ္မဏံ ဟိ ပညတ္တာရမ္မဏံ ဝါ ဉာဏံ ကိလေသာနံ သမုစ္ဆေဒပဋိပ္ပဿမ္ဘနေ အသမတ္ထံ၊ အတ္ထိ စ လောကေ ကိလေသသမုစ္ဆေဒါဒိ။ တသ္မာ အတ္ထိ သင်္ခတသမ္မုတိမ္မေဝိပရီတော ကိလေသာနံ သမုစ္ဆေဒပဋိပ္ပဿဒ္ဓိကရာနံ မဂ္ဂဖလာနမာရမ္မဏဘူတော နိဗ္ဗာနံ နာမ ဧကော ဓမ္မောတိ သိဒ္ဓံ။ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္ဒဿနေန စ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံဝါဒံ နိသေဓေတီတိ အလမတိပ္ပပဉ္စေန–

ဟူ၍ မိန့်တော်မူသည်။

အနက်ကား။ ။စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ၊ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ ဟူသော ဤပါဠိဖြင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်တရား၏။ တံတံအရိယ-

http://www.dhammadownload.com

ပုဂ္ဂလာနံ၊ ထိုထိုသောအရိယာပုဂ္ဂိုလ်တို့၏။ ပစ္စက္ခသိဒ္ဓတံ၊ မျက်မှောက်ပြု၍သိသောအဖြစ်ကို။ ဒဿေတိ၊ ပြ၏။ မဂ္ဂဖလာနမာရမ္မဏာဘူတန္တိ ဣမိနာ၊ မဂ္ဂဖလာနမာရမ္မဏာဘူတံ ဟူသော ဤပါဠိဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ အနုမာနသိဒ္ဓတံ၊ ကြံဆ၍သိအပ်သော အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

ဟိ၊ ထင်စွာဆိုလိုက်အံ့။ သခ်ိတမမွာရမ္မဏံ ဝါ၊ သခ်ိတ တရားလျင်အာရုံရှိသည်လည်းဖြစ်သော။ ပညတ္တာရမ္မဏံ ဝါ၊ ပညတ်တရားလျင် အာရုံရှိသည်လည်းဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ကိလေသာနံ၊ ကိလေသာတို့ကို။ သမုစ္ဆေဒပဋိပဿဒ္ဓိနိဿရဏဘူတံ၊ အကြွင်းမဲ့ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်း၌။ အသမတ္ထံ၊ မစုံမ်းနိုင်။ လောကေ၊ လောက၌။ ကိလေသသမုစ္ဆေဒါဒိ၊ ကိလေသာတို့၏ အကြွင်းမဲ့ဖြတ်ခြင်းစသော သဘောသည်လည်း။ အတ္ထိ စ၊ ရှိသည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ သခ်ိတသမုတိမမွဝိပရိတော၊ သခ်ိတတရား, ပညတ်တရားတို့မှ ဖောက်ပြန်သော သဘောသည်လည်း။ အတ္ထိ၊ ရှိသည် စင်စစ်တည်း။ ကိလေသာနံ၊ ကိလေသာတို့၏။ သမုစ္ဆေဒပဋိပဿဒ္ဓိကရာနံ၊ ဖြတ်ခြင်း, ငြိမ်းခြင်းကို ပြုတတ်ကုန်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတော၊ အာရုံ၌ဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်သည်ကား။ ဧကော ဓမ္မော၊ တခုသော ပရမတ္ထတရားတည်း။ ဣတိအတ္ထံ၊ ဤသို့သောအနက်သည်။ သိဒ္ဓံ၊ ပြီး၏။

ပစ္စက္ခာနုမာနတာ သန္ဒဿနေန စ၊ မျက်မှောက်သိအပ်သောအဖြစ် ကြံဆ၍သိအပ်သောအဖြစ်ကိုပြသဖြင့်လည်း၊ အဘာဝမတ္တံ၊ မဖြစ်ခြင်းသဘောမျှသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ဤသို့။ ဝိပဿိပန္နာနံ၊ အယူပျက်စီးအချည်းနှီးသော ပုဂ္ဂိုလ်တို့၏။ ဝါဒံ၊ အယူစကားကို။ နိသေဓေတိ၊ တားမြစ်ပေ၏။ ဣတိ၊ ဤသို့ နိဗ္ဗာန်ရှိဟန် သိလောက်တန်သောကြောင့်။ အတိပပဉ္စေန၊ အလွန်ခဲ့သဖြင့်။ အလံ၊ အကျိုးမရှိပြီ။

ဤဋီကာပါဠိဖြင့် စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ိတတရားလျင် အာရုံရှိသောဉာဏ်, ပညတ်တရားလျင် အာရုံရှိသောဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်းဌာ မစုံမ်းနိုင်။ နိဗ္ဗာန်ကိုအာရုံပြုသောဉာဏ်သည်သာလျင် စုံမ်းနိုင်သည်။

လောကဋ္ဌ ကိလေသာတို့ အကြွင်းမဲ့ဖြတ်ခြင်းသဘောသည်လည်း ထင်ရှားရှိခဲ့၏။ ထိုသို့ရှိသောကြောင့် သခ်ိတတရား, သမုတိပညတ်တရားတို့မှ အခြားအသီးဖြစ်သော ကိလေသာကိုဖြတ်တတ်သော မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်မည်သည်ကား တခုသော ပရမတ်တရားပင်ရှိ၏ ဟူသောအနက်သည် ပြီး၏။

http://www.dhammadownload.com

ယင်းသို့ပြီးရကား တစုံတခုမျှ မဖြစ်ခြင်းသဘော ပျောက်ငြိမ်းခြင်းသဘော သည် နိဗ္ဗာန်မည်၏ ဟူ၍ အယူပျက်ကုန်သောသူတို့၏ ဝါဒ စကားကို ယခင်ပါဠိတို့ဖြင့် တားမြစ်၏ဟူလိုသည်။

၃၂၁-ရေတနတ်သား လျောက်ထားရာတွင် ဘုရားသခင်ဟောတော်မူပုံကို ပြခြင်း

တရံသောအခါ ရေဝတမည်သောနတ်သားသည် ဘုရားရှင်ထံသို့ ကပ်၍ "အရှင်ဘုရား နိဗ္ဗာန်မည်သော်ပြည်ကား အဘယ်မျှလောက်ဝေးပါသနည်း။ အဘယ်ခရီးဖြင့် သွားအပ်ပါသနည်း" ဟု လျောက်ရာတွင် ဘုရားသခင်က—

ယတ္ထ ခေါ အာဝုသော နေ ဇာယတိ နေ ဇီယတိ နေ မီယတိ နေ စဝတိ နေ ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။ နေ စာဟံ အာဝုသော အပ္ပတ္ထာဝ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။ အပိ စာဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမ္ပိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ။

ဂမနေန နေ ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
နေ စ အပ္ပတ္ထာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။

ဟူ၍ဟောတော်မူသော ဒေသနာကို ပါရာဇိကဏ်အဋ္ဌကထာ (ပ-နှာ ၇၉) ၌ သာဓကပြု၍ ပြသည်။

အာဝုသော၊ ရေဝတနတ်သား။ ယတ္ထ၊ အကြင်နိဗ္ဗာန်အရပ်၌။ နေ ဇာယတိ၊ ဖြစ်လည်းမဖြစ်။ နေ ဇီယတိ၊ အိုလည်းမအို။ နေ မီယတိ၊ သေလည်းမသေ။ နေ စဝတိ၊ ရွှေ့လျားလည်းမရွှေ့။ နေ ဥပပဇ္ဇတိ၊ တဖန်လည်းပဋိသန္ဓေမနေ။ လောကဿန္တံ၊ လောက၏အဆုံးဖြစ်သော။ တံ ဌာနံ၊ ထိုနိဗ္ဗာန်ဒေသ၌။ ဂမနေန၊ ရထားလှည်း, လှေ, ခြေလျင်သွားခြင်းဖြင့်။ ဉာတေယျံ၊ သိအပ်၏ဟူ၍ငင်း။ ဒိဋ္ဌေယျံ၊ မြင်အပ်၏ဟူ၍ငင်း။ ပတ္တေယျန္တိ၊ ရောက်အပ်၏ဟူ၍ငင်း။ အဟံ၊ ငါဘုရားသည်။ နေ ဝဒါမိ၊ ဟောတော်မမူ၊

အာဝုသော၊ ရေဝတနတ်သား။ လောကဿန္တံ၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ အပတ္ထာဝ၊ မရောက်ပဲလည်း။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကိုပြုတတ်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ နေ ဝဒါမိ၊ ဟောတော်မမူ။

http://www.dhammadownload.com

အာဝုသော၊ ရေဝတနတ်သား။ အပိစ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ သသညိမှိ၊ သညာနှင့်တကွသော။ သမနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံ ယေဝ ကဋ္ဌေဝရေ၊ ဤကိုယ်၌ သာလျှင်။ လောကဥ၊ သင်္ခါရလောကကိုလည်း။ ပညပေမိ ပညတ်တော်မူ၏။ လောကသမုဒယဥ၊ သင်္ခါရလောက၏ ဖြစ်ကြောင်းကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဥ၊ သင်္ခါရလောက၏ ချုပ်ရာနိဗ္ဗာန်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဂါမိနိပဋိပဒဥ၊ လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

အာဝုသော၊ အို ရေဝတနတ်သား။ လောကဿ၊ သင်္ခါရလောက၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ဂမနေန၊ ရထား, မြင်း, ဆင်, ယာဉ်ဖြင့်ဂင်း၊ လှည်း,လှေ, ခြေလျင်သွားခြင်းဖြင့်ဂင်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ နပတ္တဗ္ဗော၊ မရောက်အပ်။ လောကဿန္တံ၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့။ အပတ္ဒာ စ၊ မရောက်ပဲလည်း။ ဒုက္ခာ၊ ဆင်းရဲမှ။ ပမောစနံ၊ လွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဤသို့သော ဒေသနာဖြင့် နိဗ္ဗာန်မည်သည် လူတို့၏မြို့ပြ, ပြည်, ရွာ, ကဲ့သို့ တည်ရာဒေသ မရှိရကား ရထား, မြင်း, ဆင်, စသော ယာဉ်ဖြင့်ဂင်း ခြေလျင်ဖြင့်ဂင်း သွား၍ ရောက်ကောင်းသည်မဟုတ်။ ဝိသုဒ္ဓိပဋိပတ်မြတ်သော အကျင့်ဖြင့်သာ ရောက်အပ်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြင့်သာ မြင်နိုင်သည်။ ဆင်းရဲအပေါင်း၏ ဆုံးရာဖြစ်သည်။ ထိုနိဗ္ဗာန်ကား ကေန်ရှိသည်သာတည်း။ ဤနိဗ္ဗာန်သို့ မရောက်သမျှကို ဒုက္ခမှ ကင်းလွတ်သည် မရှိဟု မိန့်တော်မူသည်။

၃၂၂- မိလိန္ဒမင်းကြီး မေးရာတွင် ရှင်နာဂသိန်

ဖြေဆိုပုံကို ပြခြင်း

မိလိန္ဒပဥာဉ်ကား-

ဘန္တေ နာဂသေန ကတမေ သတ္တာ ကမ္မဇာ၊ ကတမေ ဟေတုဇာ ကတမေ ဥတုဇာတိ။ ယေ ကေစိ မဟာရာဇ သစေတနာ သတ္တာ သဗ္ဗေ ကမ္မဇာ။ ပထဝီ စ သဗ္ဗေ ပဗ္ဗတာ ဇလာ ဝါတာ စ ဥတုဇာ။ အဂ္ဂိ စ သဗ္ဗေဟိ ပဇာ ဟေတုဇာ။ အာကာသော စ နိဗ္ဗာနဥ အကမ္မဇာ အဟေတုဇာ နဥတုဇာတိ အစရှိသည်ဖြင့် လာသည်။

အဓိပ္ပါယ်ကား။ ။အရှင်နာဂသိန် အဘယ်သတ္တဝါတို့သည် ကံကြောင့်ဖြစ်ကုန်သနည်း။ အဘယ်သဘောတို့သည်အကြောင်းကြောင့် ဖြစ်ကုန် သနည်း။ အဘယ်သဘောတို့သည် ဥတုကြောင့် ဖြစ်ကုန်သနည်းဟု မေး၏။

http://www.dhammadownload.com

မင်းကြီးစိတ်ရှိသော အကြင်သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထိုခပ်သိမ်းသော သတ္တဝါတို့သည် ကံကြောင့်သာဖြစ်ကုန်၏။ မြေသည်၎င်း အလုံးစုံသော တောင်တို့သည်၎င်း ရေသည်၎င်း လေသည်၎င်း ဥတုကြောင့်ဖြစ်ကုန်၏။ မီးသည်၎င်း အလုံးစုံသော သစ်ပင်တို့သည်၎င်း အကြောင်းကြောင့် ဖြစ်ကုန်၏။ ကောင်းကင်သည်၎င်း နိဗ္ဗာန်သည်၎င်း ကံကြောင့်လည်းမဖြစ် အကြောင်းကြောင့်လည်းမဖြစ် ဥတုကြောင့်လည်းမဖြစ်ချေ။

မင်းကြီး နိဗ္ဗာန်ကို ကမ္မဇဟူ၍၎င်း ဟေတုဇဟူ၍၎င်း ဥတုဇဟူ၍၎င်း ဖြစ်ပြီးဟူ၍၎င်း ဖြစ်ဆဲဟူ၍၎င်း ဖြစ်လတ္တံ့ဟူ၍၎င်း အတိတ်ဟူ၍၎င်း အနာဂတ်ဟူ၍၎င်း ပစ္စုပ္ပန်ဟူ၍၎င်း စက္ခုဝိညာဉ်ဖြင့် မြင်အပ်သည်ဟူ၍၎င်း, သောတဝိညာဉ်ဖြင့် ကြားအပ်သည်ဟူ၍၎င်း ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်တို့ဖြင့် သိအပ်၏ ဟူ၍၎င်း မဆိုအပ်ခေ။ ဟူ၍ ဖြေဆို၏။

ထိုအခါမင်းကြီးက အရှင်ဘုရား ထိုသို့ဖြစ်တပြီးကား အရှင်ဘုရားတို့သည် မရှိသောသဘောကို နိဗ္ဗာန်ဟူ၍ ညွှန်းတော်မူသလော ဟုလျှောက်၏။

အရှင်နာဂသိန်။ ။မင်းကြီးနိဗ္ဗာန်သည် မရှိသည်ကားမဟုတ်၊ ရှိသည်သာတည်း။ မနောဝိညာဉ်ဖြင့် သိအပ်၏။ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်သည် စင်ကြယ်စွာသော ဉာဏ်ဖြင့် မြင်နိုင်၏ဟု ဖြေလျှင်–

အရှင်ဘုရား ဥပမာဖြင့် သိပါစေလော ဟုလျှောက်ပြန်လရာ–

မင်းကြီး လေသည် ရှိ၏လော၊ဟု မေး၏။

အရှင်ဘုရားရှိပါ၏ဟု လျှောက်လျှင်–

မင်းမြတ် ဤရှိသောလေကို ငါ့အားပြပါလော၊ဟုဆို၏။

မင်းကြီး။ ။အရှင်ဘုရား လေ၏အနီ အဖြူ စသော အဆင်းကိုရှုင်း, အလုံးအပြားစသောသဏ္ဌာန်ကိုရှင်း ကြီးသည် ငယ်သည် တိုသည် ရှည်သည်ကိုရှင်း ပြခြင်းငှာ မတတ်နိုင် ဟူ၍ လျှောက်ပေသော်–

အရှင်နာဂသိန်။ ။မင်းကြီး ထိုသို့မပြနိုင်မူ လေသည်မရှိသလောဟု မေး၏။

အရှင်ဘုရား၊ လေရှိပါ၏၊ ပြခြင်းငှာသာ မတတ်နိုင်ပါဟု လျှောက်လျှင်–

မင်းကြီး၊ ဤအတူ နိဗ္ဗာန်လည်း ဧကန်ရှိ၏။ ပြခြင်းငှာသာ မတတ်နိုင်ဟု မိန့်တော်မူ၏။

အရှင်ဘုရား အလွန်သင့်မြတ်ပေ၏။ အကျွန်ုပ်သည် နိဗ္ဗာန်ရှိကြောင်းကို ဝန်ခံပါ၏ဟု လျှောက်လေသတည်း။

http://www.dhammadownload.com

၃၂၃-ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန် ရ-မရ, မိလိန္ဒမင်းကြီးက မေးရာ အရှင်နာဂသိန် ဒဖြဆိုပုံကို ပြခြင်း

မင်းကြီး။ ။အရှင်နာဂသိန်၊ ခပ်သိမ်းသောသူတို့သည် နိဗ္ဗာန်ကို ရပါ၏ကုန်သလောဟု မေး၏။

အရှင်နာဂသိန်။ ။မင်းကြီး၊ ခပ်သိမ်းသောသူတို့သည် နိဗ္ဗာန်ကို မရကုန်။ စင်စစ်သော်ကာ ကောင်းသောအယူအကျင့်ရှိသော အရိယာသာဝကတို့သည် သာလျှင် နိဗ္ဗာန်ကို ရကုန်၏ဟု မိန့်တော်မူ၏။

မင်းကြီး။ ။အရှင်ဘုရား အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရ၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကား အလွန်ခြမ်းသာ၏ဟူ၍ သိပါ၏လောဟု မေး၏။

အရှင်နာဂသိန်။ ။မင်းကြီး၊ သိပါ၏ဟု ဖြေသော်-

မင်းကြီး။ ။အရှင်ဘုရား ဘယ်သို့သိပါအံ့နည်းဟု လျှောက်၏။

အရှင်နာဂသိန်။ ။မင်းကြီး လက်, ခြေ ဖြတ်ခြင်းကို မခံရဖူးသော သူတို့သည် သူတပါး လက်, ခြေ ဖြတ်ခြင်းကို ခံရသောအခါ ငိုကြွေးသောအသံကို ကြား၍ လက်, ခြေ ဖြတ်ခြင်းဌာန ဆင်းရဲကြီးသည်ကို သိသကဲ့သို့ ဤအတူ အကြင်သူတို့သည် နိဗ္ဗာန်ကို မြင်၏။ ထိုသူတို့၏ ပြောဟောခြီးမွမ်းသောအသံကို ကြားသဖြင့် နိဗ္ဗာန်ကား ဤသို့ ချမ်းသာ၏ဟု သိသတည်း။ ဤသို့ ဖြတော်မူလျှင်-

မင်းကြီး။ ။အရှင်ဘုရား လျှောက်ပတ်၏ဟု ချီးမွမ်း၏။

ဤမှတပါးသော ဥပမာ ဥပမေယျတို့ဖြင့် သမ္မောဟဝိနောဒနီဋီကာ, သတိပဋ္ဌာန်သုတ်, အဋ္ဌကထာ, ဋီကာတို့ဌာနများ လာသည်ကား များသေး၏၊ တွေးဆ ဆင်ခြင်၍ သိမြင်လောက်ဘန်ပြီ ဖြစ်ရကား မရေးသားလိုက်ပြီ။

၃၂၄-နိဗ္ဗာန်အပြား နှစ်ပါးကို ပြခြင်း

ထိုနိဗ္ဗာန်သည်-

၁။ သဥပါဒိသေသ နိဗ္ဗာန်

၂။ အနုပါဒိသေသ နိဗ္ဗာန်ဟူ၍နှစ်ပါးပြားသည်။ရဟန္တာပုဂ္ဂိုလ်တို့အား ကိလေသာကုန်၍ ခန္ဓာငါးပါးသာ အကြွင်းရှိသည်ကား သဥပါဒိသေသ နိဗ္ဗာန်မည်၏။

http://www.dhammadownload.com

ကိလေသာလည်းကုန် ခန္ဓာငါးပါးလည်း အကြွင်းမရှိသည်ကား အနုပါဒိ-သေသ နိဗ္ဗာန်မည်၏။

ဤသို့ပြားခြင်းသည် ပရမတ္ထအားဖြင့် ပြားသည်မဟုတ် သိလွယ်ရာ အကြောင်း အမြွက်ဖြင့်သာ ပြားသည်ဟု ပြလိုသော အရှင်အနုရုဒ္ဓါဆရာသည်—

တဒေတံ ဒုဝိခံ ဟောဘိ ကာရဏာပရိယာယေန—ဟု မိန့်၏။

ဤတိုတ် အဌကထာဌ်လည်း—

ယဒိ ပိ တဿ ပရမတ္ထတော ဘေဒေါ နတ္ထိ၊ ပရိယာယေန ပန ပညာယတိ—

ဟူ၍ ဆိုတော်မူ၏။

၃၂၅ – တနည်း နိဗ္ဗာန်အပြား ၃ ပါးကို ပြခြင်း

မေး။ ။သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပွဏိဟိတနိဗ္ဗာန်ဟူ၍ သုံးတန်ဘယ့်ကြောင့်ပြားသနည်း။

ဖြေ။ ။အတ္တဟူ၍ စွဲလမ်းခြင်းကို စွန့်တတ်သော အနတ္တဟူ၍ စီးဖြန်းခြင်းသည် သုညတာနုပဿနာ မည်၏။ ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝဋ္ဌမှထမြောက်ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် သုညတဝိမောက္ခ မည်၏။ ထိုဇောနောက်ကျသော မဂ်သည်လည်း သုညတမဂ်, ဖိုလ်သည်လည်း သုညတဖိုလ် မည်၏။ ထိုပုဂ္ဂိုလ်၏နိဗ္ဗာန်သည် သုညတနိဗ္ဗာန် မည်လေသည်။

ဝိပ္ပလာသနိမိတ်ကို စွန့်တတ်သော အနိစ္စဟူ၍ စီးဖြန်းခြင်းသည် အနိမိတ္တာ-နုပဿနာ မည်၏။

ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် အနိမိတ္တဝိမောက္ခ မည်၏။

ထိုဇောနောက်ကျသော မဂ်သည်လည်း အနိမိတ္တမဂ်, ဖိုလ်သည် အနိမိတ္တ-ဖိုလ် မည်၏။

ထိုပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် အနိမိတ္တနိဗ္ဗာန် မည်လေသည်။

တဏှာ ဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခဟူ၍ စီးဖြန်းခြင်းသည် အပွဏိဟိတာနုပဿနာ မည်၏။

http://www.dhammadownload.com

ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် အပွဏိဟိတဝိမောက္ခ မည်၏။

ထိုဇောနောက်ကျသော မဂ်သည်လည်း အပွဏိဟိတမဂ်, ဖိုလ်သည်လည်း အပွဏိဟိတဖိုလ် မည်၏။

ထိုပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် အပွဏိဟိတနိဗ္ဗာန် မည်သည်။

ဤသို့ ဝိပဿနာတည်းဟူသော ဆောက်ကြောင်း အခြင်းအရာအားဖြင့် သုံးပါးပြားသည် ဟူပေ။

၃၂၆-လက္ခဏာရေးသုံပါးတို့တွင် တပါးပါးကို ထင်ရုံမျှဖြင့် မဂ်ကို ရ-မရ ပြခြင်း

မေး။ ။လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို နှလုံးသွင်း၍ ထင်သဖြင့် မဂ်ကိုရသလော၊ သုံးပါးလုံးထင်မှ ရသလော။

ဖြေ။ ။တပါးပါးထင်ရုံမျှဖြင့် မရ သုံးပါးလုံးထင်မှရ၏ ဟူပေ။ သုံးပါးလုံးထင်မှ ဘယ်သို့ သုညတမဂ် စသည်မည်အံ့နည်း ဟူငြားအံ့၊ သုံးပါးလုံးထင်သော်လည်း မိမိ နှလုံးသွင်းရင်း လက္ခဏာ တပါးပါးသာ ရှေးဦးစွာ ထင်သည်ဖြစ်၍ ထိုထင်သော ဆောက်ကြောင်း၏ အစွမ်းအားဖြင့်ရင်း မိမိ၏ ဂုဏ်အားဖြင့်ရင်း အာရုံအားဖြင့်ရင်း ဤအကြောင်း သုံးပါးကြောင့် သုညတ စသောအမည်ကိုရ၏ ဟူပေ။

ထိုအနက်ကိုပြခြင်းငှာ အဋ္ဌသာလိနီ ၂၆၆-၌—

သုညတန္တိ လောကုတ္တရမဂ္ဂဿ နာမံ။ သော ဟိ အာဂမနတော သဂုဏတော အာရမ္မဏတောတိ တီဟိ ကာရဏေဟိ နာမံ လဘတိ၊ ကထံ ဣဓ ဘိက္ခု အနတ္တတော အဘိနိဝိသိတ္ဝာ အနတ္တတော သခ်ါရ ပဿတိ။ ယသ္မာ ပန အနတ္တတော ဒိဋ္ဌမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ နာမ နဟောတိ၊ အနိစ္စတောပိ ဒုက္ခတောပိ ဒဋ္ဌုမေဝ ဝဋ္ဌတိ၊ တသ္မာ "အနိစ္စံ ဒုက္ခ မနတ္တာ" တိ တိဝိဓံ အနုပဿနံ အာရောပေတ္ဝာ သမ္မသန္တော စရတိ။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပနဿ တေဘူမကေပိ သခ်ါရေ သုညတောဝ ပဿတိ။ အယံ ဝိပဿနာ သုညတာ နာမ ဟောတိ၊ သာ အာဂမနီယ-ဋ္ဌာနေ ဌတ္ဝာ အတ္တနော မဂ္ဂဿ "သုညတ"နွဲ့ နာမံ ဒေတိ။ ဧဝံ မဂ္ဂေါ အာဂမနတော သုညတနာမံ လဘတိ—

ဟူ၍ မိန့်တော်မူသည်။

http://www.dhammadownload.com

သုညန္တိ၊ သုညတဟူသောအမည်သည်။ လောကုတ္တရမဂ္ဂဿ၊ လောကုတ္တရာမဂ်၏။ နာမံ၊ အမည်တည်း။ ဟိ၊ ဘင်စ္စာဆိုဦးအံ့။ သော၊ ထိုမဂ်သည်။ အာဂမနတော၊ ရောက်ကြောင်းအားဖြင့်ငင်း။ သဂုဏတော၊ မိမိဂုဏ်အားဖြင့်ငင်း။ အာရမ္မဏတော၊ အာဂုံအားဖြင့်ငင်း။ တီဟ ကာရဏေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ နာမံ၊ ဒီမည်ကို။ လဘတိ၊ ရ၏။

ကထံ၊ အာဘယ်သို့ ရသနည်းဟူမူကား။ ဣဒ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနတ္တဓတော၊ အနတ္တအားဖြင့်။ အဘိနိဝိသိတ္ဝာ၊ နှလုံးသွင်း၍။ သခ်ါရေ၊ တေဘူမက သခ်ါရတရာ့ကိုကို။ အနတ္တတော၊ အနတ္တအားဖြင့်။ ပဿတိ၊ မြင်၏။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ အနတ္တတော၊ အနတ္တအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ နာမ၊ မဂ်၏ထင်မြောက်ခြင်းမည်သည်။ နဟောတိ၊ မဖြစ်။ အနိစ္စတောပိ၊ အနိစ္စအားဖြင့်ငင်း။ ဒုက္ခတောပိ၊ ဒုက္ခအားဖြင့်ငင်း။ ဒဋ္ဌုမေဝ၊ မြင်ခြင်းငှာသာလျှင်။ ဝဋ္ဋတိ၊ သင့်၏။

တသ္မာ၊ ထိုသို့မြင်သင့်သောကြောင့်။ အနိစ္စဒုက္ခမနတ္တာတ်၊ အနိစ္စ, ဒုက္ခ အနတ္တ ဟူ၍။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊ အနုပဿနာသို့။ အာရောပေတ္ဝာ၊ ဝင်၍။ သမ္မသန္တော၊ သုံးသပ်လျက်။ စရတိ၊ ကျင့်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပန၊ ဝင်္ဂမ္မထမြောက်ကြောင်းဖြစ်သော ဝိပဿနာသည်ကား။ ဘေဘူမကဝိ သခ်ါရေ၊ ဘုံသုံးပါး၌ဖြစ်သော သခ်ါရတို့ကိုလည်း။ သုညတောဝ၊ ဆိတ်သောအားဖြင့်သာလျှင်။ ပဿတိ၊ မြင်၏။ အယံ ဝိပဿနာ၊ ဤဝိပဿနာသည်။ သုညတော နာမ၊ သုညတဝိပဿနာ မည်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုရှုဦးစွာမြင်သော ဝိပဿနာသည်။ အာဂမနီယဋ္ဌာနေ၊ ရောက်ကြောင်း၏ အချာ၌။ ဌတ္ဝာ၊ တည်၍။ အတ္တနော မဂ္ဂဿ၊ မိမိမဂ်၏။ သုညတန္တိ နာမံ၊ သုညတ ဟူသောအမည်ကို၊ ဒေတိ၊ ပေး၏။ ဧဝံ၊ ဤသို့။ မဂ္ဂေါ၊ မဂ်သည်။ အာဂမနတော၊ ရောက်ကြောင်းဝိပဿနာအားဖြင့်။ သုညတနာမံ၊ သုညတ မဂ်ဟူသော အမည်ကို။ လဘတိ၊ ရ၏။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ သော၊ ထိုမဂ်သည်။ ရာဂါဒီဟိ၊ ရာဂအစရှိသော ကိလေသာတို့မှ။ သုညော၊ ဆိတ်၏။ တသ္မာ၊ ထို့ကြောင့်။ သဂုဏော၊ မိမိဂုဏ်အားဖြင့်သာလျှင်။ သုညတနာမံ၊ သုညတမဂ်ဟူသော အမည်ကို။ လဘတိ၊ ရ၏။ နိဗ္ဗာနံပိ၊ နိဗ္ဗာန်သည်လည်း။ ရာဂါဒီဟိ၊ ရာဂစသည်တို့မှ။ သုညတတ္တာ၊ ဆိတ်သည်၏အဖြစ်ကြောင့်။ သုညဟန္တိ၊ သုညတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။

http://www.dhammadownload.com

ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ မဂ္ဂေါ၊ မဂ်သည်။ အာရမ္မဏတော၊ အာရုံအားဖြင့်။သုညတနာမံ၊ သုညတဟူသောအမည်ကို။ လဘတိ၊ ရ၏။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာဒိတောဝ၊ အစမှလျှင်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အဘိနိဝိသိတ္ဝာ၊ နှလုံးသွင်း၍။ သခ်ါရေ၊ သခ်ါရတရားတို့ကို။ ဒုက္ခတောဝ၊ ဒုက္ခအားဖြင့်သာလျှင်၊ ပဿတိ၊ မြင်၏။ ယသ္မာ ပန၊အကြင်ကြောင့်ကား။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ နာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။ နဟောတိ၊မဖြစ်။ အနိစ္စတောပိ၊အနိစ္စအားဖြင့်ဂင်း။ အနတ္တတော ဝါ၊ အနတ္တအားဖြင့်ဂင်း။ ဒဋ္ဌုမေဝ၊ မြင်ခြင်းဝါသာလျှင်။ ဝဋ္ဌတိ၊ သင့်၏။

တသ္မာ၊ ထို့ကြောင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊ အနုပဿနာသို့။ အာရောပေတ္ဝာ။ တင်၍။ သမ္မသန္တော၊ သုံးသပ်လျက်။ စရတိ၊ ကျင့်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပန၊ဝုဋ္ဌာနဂါမိနိဝိပဿနာသည်ကား။တေဘူမက သခ်ါရေသု၊ ဘုံသုံးပါး၌ ဖြစ်သောသခ်ါရတရားတို့၌။ ပဏိဓိံ၊ တဏှာဟူသော တောင့်တခြင်းကို။ သောသေတ္ဝာ၊ ခြောက်တတ်စေ၍။ ပရိယာဒိယိတ္ဝာ၊ ကုန်စေ၍။ဝိဿဇ္ဇေသိ၊လွှတ်၏။ အယံ ဝိပဿနာ၊ ဤဝိပဿနာသည်။ အပ္ပဏိဟိတာနာမ၊ အပ္ပဏိဟိတ မည်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဝိပဿနာသည်။ အာဂမနီယဋ္ဌာနေ၊ ရောက်ကြောင်း၏အရာ၌။ ဌတ္ဝာ၊ တည်၍။ အတ္တနော မဂ္ဂဿ၊ မိမိမဂ်၏။ အပ္ပဏိဟိတန္တိ နာမံ၊ အပ္ပဏိဟိတဟူသော အမည်ကို။ ဒေတိ၊ ပေး၏။ ဧဝံ၊ ဤသို့။ မဂ္ဂေါ၊ မဂ်သည်။ အာဂမနတော၊ရောက်ကြောင်းအားဖြင့်။အပ္ပဏိဟိတနာမံ၊ အပ္ပဏိဟိတဟူသောအမည်ကို။ လဘတိ၊ရ၏။ ။သဂုဏ စသည်မှာ ရှေးအတူပင်တည်း။

တခုသော အာဝဇ္ဇန်းဖြင့် လက္ခဏာရေး

၃-ပါးလုံးကို မထင်နိုင်ခြင်း

သုံးပါးသော လက္ခဏာထင်မှ မဂ်ကိုရ၏ ဟူသော်–ထိုလက္ခဏာရေး သုံးပါးတို့သည် တခုသောဝီထိ၌ ထင်နိုင်အံ့သော ဟူငြားအံ့ တခုသော ဝီထိ၌ကား တပြိုင်နက်မထင်၊ ယင်သို့မထင်သော်လည်း ညှဉ်မိုက်၌ ထင်းမီးစကိုခြာခြာလှည့်သည်ရှိသော် စက်ဝိုင်းအသွင် ထင်သကဲ့သို့ အာရမ္မဏိက စိတ်တို့သည် အလွန် လျင်သည်၏အဖြစ်ကြောင့် အာရုံသည်တပြိုင်နက်ထင်သကဲ့သို့ ဖြစ်၏ ဟူပေ။

http://www.dhammadownload.com

ထိုအနက်ကိုပြခြင်းငှာ ၎င်းအဋ္ဌသာလိနီအဋ္ဌကထာ နှာ- ၂၆၉၌—

တီဏိ လက္ခဏာနိ ဧကော၀ဇ္ဇနေန ၀ိယ အာဂါဆ မာဂစ္ဆန္တိ။ တိဏ္ဏဉ္စ ဧကတော အာပါထဂမနံ နာမ နတ္ထိ၊ ကမ္မဋ္ဌာနဿ ပန ၀ိဘူတာဘာ၀ဒီပနတ္ထံ ဧ၀ံ ၀ုတ္တံ—

ဟူ၍မိန့်တော်မူသည်။

တီဏိ လက္ခဏာနိ၊ သုံးပါးသော လက္ခဏာတို့သည်။ ဧကော၀ဇ္ဇနေန၊ တခုသော အာ၀ဇ္ဇန်းရှိသော ဝီထိဖြင့်။ အာပါထံ ဝ်ယ၊ ထင်ခြင်းသို့ရောက်သကဲ့သို့။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ စ၊ စင်စစ်ကား။ တိဏ္ဏံ၊ သုံးပါးသော လက္ခဏာတို့၏။ ဧကတော၊ တပေါင်းတည်း။ ၀ါ၊ တပြိုင်နက်။ အာပါထဂမနံ နာမ၊ ထင်ခြင်းသို့ ရောက်သည်မည်သည်နတ္ထိ၊ မရှိ။ ပန၊ ယင်းသို့မရှိသော်လည်း။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏။ ဝိဘူတာဘာ၀ဒီပနတ္ထံ၊ ထင်ရှားသော အဖြစ်ကိုပြခြင်းငှါ။ ဧ၀ံ၊ ဤသို့။ ၀ုတ္တံ၊ ဆိုအပ်၏။

၃၂၇-တပါးကို နှလုံးသွင်းက ၃-ပါးလုံး ထင်ပုံကိုပြခြင်း

သုံးပါးသော လက္ခဏာတို့တွင် ရှေးဦးစွာ တပါးပါးကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား သုံးပါးလုံးမထင်ကာင်းခဟေတုပြခြင်းအံ့ ရှေးဦးစွာက တပါးပါးကို နှလုံးသွင်း သော်လည်း ၀ဋ္ဋဒုက္ခနိဗ္ဗိန္ဒိယဿနာဓဖွဲ့၌ သုံးပါးလုံးကို အာရုံပြုသဖြင့် ထင်ကောင်း၏။ ထိုသို့ထင်ပြသော်လျှင် မဂ်ကိုရ၏ဟူပေ။ ဤအနက်ကို ပြခြင်းငှါ ၎င်းအဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၂၆၉၌—

အနိစ္စာဒိသု ဟိ ယတ္ထ ကတ္ထစိ အာဘိနိ၀ိသိတ္ထာ ဣတရမိဿ လက္ခဏဒ္ဒယံ ဒဋ္ဌုံ ၀ဋ္ဋတိ ဧ၀၊ ဧကလက္ခဏဒဿနမတ္တေနေ၀ ဟိ မဂ္ဂ၀ဋ္ဋာနံ နာမ နယော တိ။ တသ္မာ အနိစ္စတော အာဘိနိ၀ိဒ္ဓာ ဘိက္ခု နာ ကေ၀လံ အနိစ္စတော၁ ၀ဋ္ဋာတိ၊ ဒုက္ခတော အနတ္တတော၁ပိ ၀ဋ္ဋာတိယေ၀။ ဒုက္ခတော, အနတ္တတော၁ အာဘိနိ၀ိဒ္ဓေပိ ဧ၀ံ နယော—

ဟူ၍ မိန့်တော်မူသည်။

ဟိ၊ ထင်စွာဆိုဦးအံ့။ အနိစ္စာဒိသု၊ အနိစ္စစသည်တို့တွင်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော လက္ခဏာကို။ အာဘိနိ၀ိသိတ္ထာ၊ နှလုံးသွင်း၍။ ဣတရဿ၊ ဤမှတပါးလည်းဖြစ်သော။ လက္ခဏဒ္ဒယံ၊ လက္ခဏာနှစ်ပါးကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ ၀ါ၊ မြင်ခြင်းငှာ။ ၀ဋ္ဋတိယေ၀၊ သင့်သည်သာတည်း။ ဟိသစ္စံ၊ မှန်၏။ ဧကလက္ခဏဒဿနမတ္တေနေ၀၊ တခုတည်းသော လက္ခဏာကို မြင်ကာ

http://www.dhammadownload.com

မျှဖြင့်သာလျှင်။ မဂ္ဂစုံဌာနံ နာမ၊ မဂ်၏ထမြောက်ခြင်း မည်သည်။ နဟောတိ၊ မဖြစ်။

ကသ္မာ၊ ထို့ကြောင့်။ အနိစ္စတော၊ အနိစ္စအားဖြင့်။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်းသော။ ဘိက္ခု၊ ရဟန်းသည်။ ကေဝလံ၊ သက်သက်။ အနိစ္စတောဝ၊ အနိစ္စမှသာလျှင်။ နဝုဋ္ဌာတိ။ မထ။ ဒုက္ခတောပိ၊ ဒုက္ခမှလည်းကောင်း။ အနတ္တတောပိ၊ အနတ္တမှလည်းကောင်း။ ဝုဋ္ဌာတိယေဝ၊ ထသည်သာလျှင်တည်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ အဘိနိဝိဋ္ဌေပိ၊ နှလုံးသွင်းရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။ ။ဤနောက်နည်းကား သုတ္တန်ပရိယာယ်နည်းတည်း။

ဤလက္ခဏာရေး သုံးပါးဖြင့်မှတ်၍ စီးဖြန်းသောသူအား ခန္ဓာငါးပါးတို့သည် လည်၌ဆွဲသားသော အကောင်ပုပ်ကဲ့သို့ ထင်၍ ဖြီ ဋ္ဌေ၏။ ထို့ကြောင့် သခ်ါရကို အာရုံပြုသောဉာဏ်သည် ထိုသခ်ါရတို့မှ ထမြောက်ခြင်းဖြစ်၏။

ဥပမာကား။ ။သပိတ်ဝယ်လိုသော ရဟန်းသည် သပိတ်သည်၏ လက်၌ သပိတ်ကိုမြင်သဖြင့် ရှင်လန်းစွာ ယူ၍ ရှုလတ်သော် သပိတ်၌ ပါသော အပေါက် ၃-ခုကိုမြင်အံ့။ အပေါက်ကိုသာ တပ်ခြင်းကင်းသည် မဟုတ်သေး၊ သပိတ်ကိုပင်လိုချင်သကဲ့သို့ ထိုလက္ခဏာရေးဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ၃- ပါးသောလက္ခဏာတို့ထင်လတ်သော် ထိုလက္ခဏာရှိသော ခန္ဓာငါးပါးကိုပင် ခင်မင်ခြင်းကင်းကွာ၍ သခ်ါရတို့မှ ထမြောက်ခြင်းဖြစ်လေသတည်း။

နိဗ္ဗာန်ပိုင်း ခက်ဆစ်များပြီး၏။

ဤတွင် ရုပ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

၇-သမ္ဘဝပြဿနာ

http://www.dhammadownload.com

သမုစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

၃၂၈-ဒွါသတ္တတိအရ ၇၂-ပါးသရုပ်ကိုပြခြင်း

မေး။ ။ဒွါသတ္တတိ ဝိဓာအရ၊ မျှားဓမ္မတွင်၊ ဘေဒ ဘယ်သို့ယူမည်နည်း။

ဖြေ။ ။စိတ်သည် အကျဉ်းမှာ တခုယုတ် ၉၀, အကျယ်မှာ ၁၂၁-ပါး ပြားသော်လည်း လက္ခဏာအားဖြင့် အာရမ္မဏ ဝိဇာနန လက္ခဏာတပါးသာ ရှိရကား တပါးယူ၍ စေတသိက် ဒွေပညာသမှာ လက္ခဏာအသီးသီးရှိရကား ၅၂-ပါးယူ၍ နှစ်ရပ်ကို ပေါင်းသော် နာမ် တေပညာသ ဖြစ်၏။ ရုပ်မှာ လက္ခဏာ အသီးသီးရကောင်းသောရုပ်သည် နိပ္ဖန္ဒရုပ် ၁၈-ပါးသာ ဖြစ်သောကြောင့်ငုင်း, ၁၈-ပါးကိုရောလျှင် ၇၀-ပါးဖြစ်၏။ ထိုတွင် သန္တိလက္ခဏာရှိသော နိဗ္ဗာန်တပါး ကိုထည့်က ဒွါသတ္တတိဝိဓာ ဖြစ်၏ ဟူပေ။

၃၂၉-အာသဝ လေးပါးပြဆိုခြင်း

ဘဝတော အာဘဝဂ္ဂံ ဓမ္မတော အာဂေါတြဘုံ သဝန္တိ ပဝတ္တန္တိတိ အာသဝါ။

ယေ ဓမ္မာ။ အကြင်လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်။ ဘဝတော၊ ဖြစ်ရာဘုံအားဖြင့်။ အာဘဝဂ္ဂံ၊ နေဝသညာ နာသညာ ဟုဆိုအပ်သော ဘဝဂ် တိုင်အောင်။ ဓမ္မတော၊ တရားအားဖြင့်။ အာဂေါတြဘုံ၊ မဂ်၏ရှေ့ဖြစ်သော ဂေါတြဘူတိုင်အောင်။ သဝန္တိ၊ စီးတတ်ကုန်၏။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့စီးတတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အာသဝါ၊ အာသဝ မည်ကုန်၏။

အာသဒ္ဒါသည် အဝဓိ အနက်ကို ဟော၏။ ဤအဝဓိသည်လည်း–

၁။ ကြိယာကို အပပြု၍ ပိုင်းခြားသော မရိယာဒ အဝဓိ

၂။ ကြိယာကို အတွင်းပြု၍ ပိုင်းခြားသော အဘိဝိဓိအဝဓိ–

အားဖြင့် နှစ်ပါးပြားသည်တွင် ဤ၌ အာသဒ္ဒါသည် အာဘဝဂ္ဂံ သဒ္ဒေါ, အဗ္ဘုဂ္ဂတော ကဲ့သို့ ကြိယာကို အတွင်းပြု၍ဖြစ်သော အဘိဝိဓိ အဝဓိ ဟူ၍ မှတ်အပ်၏။

ဤအာသဝေါတရားတို့သည် ဘေဒအားဖြင့်–

၁။ ကာမာသဝ၊ ၃။ ဒိဋ္ဌာသဝ၊

၂။ ဘဝါသဝ၊ ၄။ အဝိဇ္ဇာသဝ–

ဟူ၍ လေးပါးပြားကုန်သည်။ ထိုလေးပါးတို့တွင်–

http://www.dhammadownload.com

၁။ ကာမ ၁၁-ဘုံ၌ တပ်ငြိတတ်သောလောဘသည် ကာမာသဝ မည်၏။

၂။ ရူပ ၁၅-ဘုံ,အရူပ ၄-ဘုံ၌ တပ်ငြိတတ်သော လောဘသည်ရင်း, ဈာန်၌ တပ်တတ်သော ရာဂသဿတဒိဋ္ဌိနှင့်တကွသော ရာဂသည်ရင်း ဘဝါသဝ မည်၏။

၃။ ၆၂-ပါးအပြားရှိသော မိစ္ဆာအယူသည် ဒိဋ္ဌာသဝ မည်၏။

၄။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ဣဒပ္ပစ္စယတာ, ပဋိစ္စသမုပ္ပါဒမေ ဤဌာန ရှစ်ပါး၌ လွှမ်းတားပိတ်ပင်တတ်သော မောဟသည် အဝိဇ္ဇာသဝ မည်၏။

မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကိုပြခြင်း

၆၂-ပါးသော မိစ္ဆာအယူတို့ကား—

စတ္တာရော သဿတဝါဒါ, စတ္တာရော ဧကစ္စ သဿတဝါဒါ, စတ္တာရော အန္တာနန္တိကဝါဒါ, စတ္တာရော အမရာဝိက္ခေပဝါဒါ, ဒွေ အဓိစ္စသမုပ္ပန္နိကဝါဒါတိ အဋ္ဌာရသ ပုဗ္ဗန္တာနုဒိဋ္ဌိယော။ သောဋ္ဌသ သညီဝါဒါ,အဋ္ဌအသညီဝါဒါ, အဋ္ဌ နေဝသညီနာသညီဝါဒါ,သတ္တ ဥစ္ဆေဒဝါဒါ, ပဉ္စ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါတိ စတုစတ္တာလီသ အပရန္တာနုဒိဋ္ဌိယောတိ သမောဓာနဝသေန ဒွါသဋ္ဌိဒိဋ္ဌိယော ဟောန္တိ--

ဟူသော သီလကွန် အဋ္ဌကထာနှင့်အညီ သဿတဝါဒ ၄-ပါး, ဧကစ္စသဿတဝါဒ ၄-ပါး, အန္တာနန္တိကဝါဒ ၄-ပါး, အမရာဝိက္ခေပဝါဒ ၄-ပါး, အဓိစ္စသမုပ္ပန္နဝါဒ ၂-ပါးအားဖြင့်-(၁၈)ပါးသော ပုဗ္ဗန္တာနုဒိဋ္ဌိ။

သညီဝါဒ ၁၆-ပါး,အသညီဝါဒ ၈-ပါး,နေဝသညီ နာသညီဝါဒ ၈ပါး ဥစ္ဆေဒဝါဒ ၇-ပါး, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါးအားဖြင့် (၄၄)ပါးသော အပရန္တာနုဒိဋ္ဌိ။ ဤနှစ်ရပ်ကိုပေါင်း၍ ဒိဋ္ဌိ(၆၂)ပါးဖြစ်သပ ည်း။ ။ဤဒိဋ္ဌိတို့ဖိယူသော အခြင်းအရာကို ဒိဋ္ဌိဒီပက ကျမ်း၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ အကျယ်မဆိုတော့ပြီ။

၃၃၄-သြဃ ၄-ပါးကိုပြဆိုခြင်း

ဇလပ္ပဝါဟော သတ္တေ သြတ္ထရိတ္တာ ဟနန္တာ ဝိယ သတ္တေ ဝဋ္ဌသို့ သြဃန္တိ သြသီဒါပေန္တီတိ သြဃာ။

ယေ မ္မော၊ အကြင်လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်။ ဇလပ္ပဝါဟော၊ ရေအယဉ်သည်။ သတ္တေ၊ သတ္တဝါတို့ကို။ သြတ္ထရိတ္တာ၊ လွှမ်းမိုး၍။ ဟနန္တာ ဝိယ၊ သတ်ကုန်သကဲ့သို့။ သတ္တေ၊ သတ္တဝါတို့ကို။ ဝဋ္ဌသို့၊ ဝဋ္ဌဆင်းရဲ၌။ သြဃန္တိ

http://www.dhammadownload.com

ဩသီဒါပေနွှီ၊ နစ်မွန်းစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့နစ်မွန်းစေတတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဩဃာ၊ ဩဃမည်ကုန်၏။ ထိုဩဃတရားတို့သည် ဘေဒအားဖြင့်—

၁။ ကာမောဃ၊ ၃။ ဒိဋ္ဌောဃ၊

၂။ ဘဝေါဃ၊ ၄။ အဝိဇ္ဇောဃ-

ဟူ၍လေးပါးအပြားရှိကုန်၏။ ။ ယခင်အာသဝနည်းတူဝေဖန်၍သိလေ။

၃၃၁–ယောဂလေးပါးကို ပြဆိုခြင်း

တံသမင်္ဂီပုဂ္ဂလံ ဝဋ္ဌသ္မိံ ယောဇေနွှီတိ ယောဂါ။

ယေ ဓမ္မာ၊ အကြင်လောဘ, ဒိဋ္ဌိ, မောဟတရားတို့သည်။ တံသမင်္ဂီ-ပုဂ္ဂလံ၊ ထိုယောဂနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝဋ္ဌသ္မိံ၊ ဝဋ္ဌဆင်းရဲ၌။ ယော-ဇေနွှီ၊ ယှဉ်စေတတ်ကုန်၏ ဣတိ တသ္မာ၊ ထိုသို့ယှဉ်စေတတ်သောသတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ယောဂါ၊ ယောဂမည်ကုန်၏။

ထိုယောဂတရားတို့သည် ဘေဒအားဖြင့်-

၁။ ကာမယောဂ၊ ၃။ ဒိဋ္ဌိယောဂ၊

၂။ ဘဝယောဂ ၄။ အဝိဇ္ဇာယောဂ-

ဟူ၍ လေးပါးအပြားရှိ၏။ ။အာသဝ၏နည်းတူ ဝေဖန်၍သိလေ။

၃၃၂–ဂန္ထလေးပါကို ပြဆိုခြင်း

တံသမင်္ဂီပုဂ္ဂလံ ဝဋ္ဌသ္မိံ ဂထေနွှီတိ ဂန္ထာ။

ယေ ဓမ္မာ၊ အကြင်လောဘ, ဒိဋ္ဌိ, မောဟတရားတို့သည်။တံ သမင်္ဂီပုဂ္ဂလံ၊ ထိုဂန္ထနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝဋ္ဌသ္မိံ၊ ဝဋ္ဌဆင်းရဲ၌။ ဂထေနွှီ၊ ချည်နှောင်သကဲ့သို့ ထုံးဖွဲ့တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ထုံးဖွဲ့တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဂန္ထာ၊ ဂန္ထမည်ကုန်၏။ ထိုဂန္ထတို့သည် ဘေဒအားဖြင့် –

၁။ အဘိဇ္ဇာဟာယဂန္ထ၊

၂။ ဗျာပါဒဟာယဂန္ထ၊

၃။ သီလဗ္ဗတ ပရာမာသ ကာယဂန္ထ၊

၄။ ဣဒံသစ္စာနိဘိနိဝေသ ကာယဂန္ထ-

ဟူ၍ လေးပါးအပြားရှိ၏။

http://www.dhammadownload.com

ထိုလေးပါးတို့တွင် အဘိဇ္ဈာတို့၏ အဓိပါင်းဖြစ်သော နာမကာယနှင့် ရူပကာယကို ထုံးဖွဲ့ခြင်းသည် အဘိဇ္ဈာကာယဂန္ထမည်။

ဗျာပါဒတို့၏ အဓိပါင်းဖြစ်သော နာမကာယနှင့် ရူပကာယကို ထုံးဖွဲ့ခြင်းသည် ဗျာပါဒ ကာယဂန္ထမည်၏။

ဤဌာန ကာယသင်္ခါရသည် အဓိပါင်းကိုဟော၏။ သူ၏စည်းစိမ် ကို ရှေ့ရှုလို ချင်ခြင်းသည် အဘိဇ္ဈာသာမည်၏။ ဒေဘယ်သို့ငါရပါအုံးနည်းဟု အဖန်ဖန်ရှေ့ ရှုကြံခြင်းသည် အဘိဇ္ဈာကာယမည်၏။

အမျက်ထွက်၍ ဖျက်ဆီးလိုခြင်းသည် ဗျာပါဒမည်၏။ ဘယ်သို့ ငါဖျက်နိုင်ပါအုံးနည်းဟု အဖန်ဖန်ရန်ငြိုးဖွဲ့ခြင်းသည် ဗျာပါဒကာယမည်၏။ ထိုအဘိဇ္ဈာကာယဗျာပါဒကာယ ဟူသော နာမ်ကာယ၌ ဝင်္ဆေးဝင်းရဲ၍ ထုံးဖွဲ့တတ်သောကြောင့် ဂန္ထမည်၏ဟူလိုသည်။

နှားခေါင်းစသည်တို့၏ အကျင့်ကဲ့သို့ စိတ်ရှိတိုင်းကျင့်သော်လည်း အပြစ်မရှိ ဟု မှားသောအားဖြင့် စွဲလမ်းသောဒိဋ္ဌိတရားအဓိပါင်းသည် သီလဗ္ဗတပရာမာသ ကာယဂန္ထမည်၏။

ငါ၏အယူသာ မှန်၏။ သူတပါး၏အယူကား အချည်းနှီသာတည်း ဟု နှလုံးသွင်းသော ဒိဋ္ဌိတရားအဓိပါင်းသည် ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထမည်၏။

ဠီကာဆရာကား – ဂန္ထဝါ၊ နာမကာယနှင့် ရူပကာယကို။ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို။ ဖြေနိုင်ခဲ့အောင် ထုံးဖွဲ့နှောင်ရစ်ပတ်တတ်ကုန်သော တရား, ဟူ၍ သမ္ဘာန်လိုသည်။

အဋ္ဌသာလိနီဋီကား – ဝင်္ဆေးဝင်းရဲ၍ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ထုံးဖွဲ့တတ်ကုန်သော ဇာတိဟူ၍ သမ္ဘာန်လိုသည်။

၃၃၃ – ဥပါဒါန်လေးပါးကို ပြဆိုခြင်း

ပန္ဒဂါ ဝိဒ ဓမ္မကံ ဘုသံ ဒဠှံ အာ-ဒိယန္တိတိ ဥပါဒါနာနိ။

ယာနိ၊ အကြင်လောဘ, ဒိဋ္ဌိ, တရားတို့သည်။ ပန္ဒဂါ၊ မြေ့သည်။ ဓမ္မကံ၊ ဖဒးကို။ ဘုသံ ဒဠှံ၊ မြဲမြံစွာ။ အာ-ဒိယန္တိ ငယ၊ စွဲလမ်းတိသကဲ့သို့။ ဘုသံ ဒဠှံ၊ ပြင်းထန်မြဲမြံစွာ။ အာ-ဒိယန္တိ၊ အာရုံကို။ အာ-ဒိယန္တိ၊ စွဲလမ်းတတ်ကုန်၏။ ဤတိ-ပဒသည်၊ ထိုသို့စွဲလမ်းတတ်သောသတ္တိကြောင့်။ တေ မမ္မာ၊ ထိုတရားတို့သည်။ ဥပါဒါနာနိ၊ ဥပါဒါန် မည်ကုန်၏။ ဤဥပါဒါန်သည် ဘေဒအားဖြင့် –

http://www.dhammadownload.com

၁။ ကာမုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊
၂။ ဒိဋ္ဌုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်–

ဟူ၍လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကာမဂုဏ်အာရုံငါးပါတို့၌ မြဲမြံစွာ စွဲလမ်းခြင်းသည် ကာမုပါဒါန်မည်၏။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိယူကို စွဲလမ်းခြင်းသည်။ ဒိဋ္ဌုပါဒါန်မည်၏။ သတ္တဝါတို့ အထူးမကျင့်ပဲ မိလိုက်ဘလာကျင့်စဉ်ဖြင့် သံသရာမှစင်ချိန်တန်သော် စင်၏ဟူ၍ စွဲလမ်းခြင်သည် သီလဗ္ဗတုပါဒါန် မည်၏။ ငါးပါးသော ခန္ဓာတို့၌ ငါ၏ကိုယ်စသည်ဖြင့် စွဲလမ်းအပ်သော သက္ကာယဒိဋ္ဌိနှစ်ဆယ်သည် အတ္တဝါဒုပါဒါန်မည်၏။

၃၃၄—ဥပါဒါန်၏အာရုံကိုပြခြင်း

မေး။ ။လောဘ, ဒိဋ္ဌိ၊ ရှိသည်အမှန်၊ ဥပါဒါန်သည်၊ ဘယ်ခန္ဓာ၏ အာရုံနည်း။

ဖြေ။ ။ဥပါဒါနက္ခန္ဓ သခ်ါတလောကဟော–

ဟူသော ဋီကာဟိတ်ကိုမှီ၍ လေ့ကျင့်ဖြစ်သော ခန္ဓာငါးပါလျှင် အာရုံရှိသည်ဟုသိအပ်၏။

၃၃၅·သက္ကာယဒိဋ္ဌိ ၂၀·ကိုပြဆိုခြင်း

မေး။ ။အတ္တဝါဒ၊ ပါဒါန်မူတွင်၊ ငါဟုကြံရာ၊ အောင့်မေ့စွာသည်၊ ခြင်းရာနှစ်ဆယ်၊ ဘယ်သို့အပြားဆိုအံ့နည်း။

ဖြေ။ ။သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဟူသည်ကား——

၁။ ရုပ်သည် ကိုယ်ပင်တည်းဟုယူခြင်း,
၂။ ကိုယ်၌ ရုပ်ရှိသည်ဟု ယူခြင်း,
၃။ ရုပ်၌ ကိုယ်ရှိသည်ဟု ယူခြင်း,
၄။ ကိုယ်သည် ရုပ်ရှိသည်ဟု ယူခြင်း,

ဤသို့ ရူပက္ခန္ဓာ၌ လေးပါး

၁။ ဝေဒနာသည် ကိုယ်ပင်တည်းဟု ယူခြင်း,
၂။ ကိုယ်၌ ဝေဒနာရှိသည်ဟု ယူခြင်း,
၃။ ဝေဒနာ၌ ကိုယ်ရှိသည်ဟု ယူခြင်း,
၄။ ကိုယ်သည် ဝေဒနာရှိ၏ဟု ယူခြင်း၊

http://www.dhammadownload.com

ဤသို့ ဝေဒနာကွန္ဒာဉ် လေးပါး

၁။ သညာသည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ သညာရှိသည် ဟု ယူခြင်း,

၃။ သညာ၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် သညာရှိ၏ ဟု ယူခြင်း၊

ဤသို့ သညကွန္ဓာဉ် လေးပါး

၁။ သခ်ါရသည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ သခ်ါရရှိသည် ဟု ယူခြင်း,

၃။ သခ်ါရ၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် သခ်ါရရှိ၏ ဟု ယူခြင်း၊

ဤသို့သခ်ါရကွန္ဓာဉ် လေးပါး

၁။ ဝိညာဉ်သည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ ဝိညာဉ်ရှိသည် ဟု ယူခြင်း,

၃။ ဝိညာဉ်၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် ဝိညာဉ်ရှိသည် ဟု ယူခြင်း၊

ဤသို့ ဝိညာဏ်ကွန္ဓာဉ် လေးပါးအားဖြင့် သက္ကာယဒိဋ္ဌိ နှစ်ဆယ် ဖြစ်သတည်း။

ပရမတ်အားဖြင့် ကိုယ်ပင်သည်ကို ကိုယ်ရှိ၏ဟု မှတ်ခြင်းကြောင့် သက္ကာယ-ဒိဋ္ဌိ ဆိုသည်ဟု အဂ်ုတ္တိုရ်ပါဋ္ဌိ လာသည်။

၃၃၆-နီဝရဏ ၆-ပါးကိုပြဆိုခြင်း

ကုသလစိတ္တံ နီဝါရေန္တီတိ နီဝရဏာနိ။

ပညာစက္ခုံ အာဝရန္တိ ပဋိစ္ဆာဒေန္တီတိ နီဝရဏာနိ။

ယာနိ၊ အကြင် ရှစ်ပါးသောတရားတို့သည်။ ကုသလ စိတ္တံ၊ ကုသိုလ်စိတ်ကို။ နီဝါရေန္တိ၊ တားမြစ်တတ်ကုန်၏။ ဝါ၊ တနည်းကား။ ပညာစက္ခုံ၊ ပညာမျက်စိကို။ အာဝရန္တိ ပဋိစ္ဆာဒေန္တိ၊ ဖုံးလွှမ်းတတ်ကုန်၏။ ဘုတိ တသ္မာ၊ ထိုသို့တားမြစ်တတ် ဖုံလွှမ်းတတ်သော သတ္တိကြောင့်။ နီဝရဏာနိ၊ နီဝရဏ တို့မည်ကုန်၏။

http://www.dhammadownload.com

ထိုနီဝရဏသည် ဘေဒအားဖြင့် ၆-ပါးရှိသည်တွင်—

၁။ ကာမဂုဏ်ငါးပါးတို့၌ ညွှတ်သောအားဖြင့် ဖြစ်ခြင်းသည် ကာမစ္ဆန္ဒ-နီဝရဏမည်၏။

၂။ ဤသူကား ငါ၏အကျိုးမဲ့ကို ယခုပြုဆဲဟူ၍၎င်း, ရှေးကပြုဘူးပြီဟူ၍၎င်း, နောင်ပြုလတ္တံ့ဟူ၍၎င်း ရန်ငြိုးဖွဲ့ခြင်း,

ဤသူသည် ငါ့မိတ်ဆွေ၏အကျိုးမဲ့ကို ယခုပြုဆဲ, ရှေးကပြုဘူးပြီ, နောင်လည်းပြုလတ္တံ့ ဟူ၍ ရန်ငြိုးဖွဲ့ခြင်း,

ဤသူသည် ငါ့ရန်သူ၏ အကူအပံ့ကို ယခုပြုဆဲ, ရှေးကလည်းပြုဘူးပြီ, နောင်လည်းပြုလတ္တံ့ ဟူ၍ ရန်ငြိုးဖွဲ့ခြင်း။

ဤ ၉-ပါးသော အာဃာတ ဝတ္ထု, အဌာနကောပ နှင့်တကွ ဆယ်ပါးသော ဒေါသသည် ဗျာပါဒ နီဝရဏ မည်၏။

၃။ ပျင်းရိခြင်း ငိုက်မည်းခြင်းသည် ထိန မိဒ္ဓ နီဝရဏမည်၏။

၄။ ပြန့်လွင့်ခြင်း, ပူပန်ခြင်းသည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏမည်၏။

[အကြွင်းသိသာပြီ။]

၃၃၇-ထိန, မိဒ္ဓ စသည်တို့၏ မကွဲပြားပုံကို ပြခြင်း

မေး။ ။ထိန, မိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကုက္ကုစ္စမှာ၊ တူမကွာ၊ ဘယ်အရာကြောင့် တွဲသနည်း။

ဖြေ။ ။ကိစ္စာဟာရ, ပဋိပက္ခာနံ သမာနဘာဝတော— ဟူသော ဋီကာနှင့် အညီ ကိစ္စ အားဖြင့်၎င်း, ဟာရ အားဖြင့်၎င်း, ပဋိပက္ခ အားဖြင့်၎င်း တူသည်၏အဖြစ်ကြောင့် နှစ်ပါးသောတရားတို့ကို တွဲ၍ ဆိုအပ်၏ ဟူပေ။

ကိစ္စအားဖြင့် ဘယ်သို့ တူသနည်းဟူမူကား—

ထိနလည်း စိတ်၏တွန့်တိုခြင်းကိစ္စ၊

မိဒ္ဓလည်း စေတသိက်တို့၏ တွန့်တိုခြင်းကိစ္စ ရှိသည်ဖြစ်၍ တူသည်။

ဟာရ အားဖြင့် ဘယ်သို့ တူသနည်းဟူမူကာ,—

ထိနလည်း စိတ်၏ဆန့်ကျင်ခြင်းလျှင် အကြောင်း

မိဒ္ဓလည်း စေတသိက်တို့၏ ဆန့်ကျင်ခြင်းလျှင် အကြောင်းရှိသည်ဖြစ်၍ တူကြသည်။

http://www.dhammadownload.com

ပဋိပက္ခ အားဖြင့် ဘယ်သို့ တူသနည်းဟူမူကား-

ထိနလည်း ဝီရိယ၏ ဆန့်ကျင်ဘက်

မိဒ္ဓလည်း ဝီရိယ၏ ဆန့်ကျင်ဘက် ဖြစ်၍ တူကြသည်။

ကိစ္စအားဖြင့် ဥဒ္ဓစ္စလည်း စိတ်၏မငြိမ်သက်ခြင်းကို ပြုတတ်သောကိစ္စ။ ကုက္ကုစ္စလည်း စိတ်၏မငြိမ်သက်ခြင်းကို ပြုတတ်သောကိစ္စ တူကြသည်။

ဟာရအားဖြင့် ဥဒ္ဓစ္စလည်း ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ကို ကြံခြင်းလျှင် အကြောင်း၊ ကုက္ကုစ္စလည်း ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ကို ကြံခြင်းလျှင် အကြောင်းဖြစ်၍ တူကြသည်။

ပဋိပက္ခအားဖြင့် ဥဒ္ဓစ္စလည်း သမထတရားတို့၏ ဆန့်ကျင်ဘက်။ ကုက္ကုစ္စလည်း သမထတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ တူကြသည်။ ဤသို့ ကိစ္စ, ဟာရ, ပဋိပက္ခအားဖြင့် တူကြသောကြောင့် ပေါင်းသည်ဟုဖြေ။

၃၃၈-အနုသယ ၇-ပါးကို ဖြဆိုခြင်း

သတ္တသန္တာနေ အနု အနု သေန္တီတိ အနုသယာ။

ယေ ဓမ္မာ၊ အကြင် ၇-ပါးသော တရားတို့သည်။ သတ္တသန္တာနေ၊ သတ္တဝါတို့၏ အတွင်းသန္တာန်၌။ အနု အနု၊ အဖန်တလဲလဲ။ ဝါ၊ သင့်လျော်သော အကြောင်းကို မျော်၍။ သေန္တိ၊ ကိန်းအောင်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကိန်းအောင်းတတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အနုသယာ၊ အနုသယမည်ကုန်၏။

ထိုအနုသယတို့သည် ဘေဒအားဖြင့်—

၁။ ကာမရာဂါနုသယ၊ ၅။ ဒိဋ္ဌာနုသယ၊

၂။ ဘဝရာဂါနုသယ၊ ၆။ ဝိစိကိစ္ဆာနုသယ၊

၃။ ပဋိဃာနုသယ၊ ၇။ အဝိဇ္ဇာနုသယ၊

၄။ မာနာနုသယ၊

ဟူ၍ ၇-ပါး အပြားရှိ၏။

ထိုတရားတို့သည် ကျားသည် ချုံ၌အောင်းနေ၍ အစာဖြစ်သော သမင် ကျွဲနွား စသည်ကိုမြင်သော် ထ၍ ကိုက်သကဲ့သို့ ဟဒယ ဝတ္ထုတည်းဟူသောဂူ၌ အောင်းနေ၍ လိုအပ်သောအာရုံကို တွေ့လတ်သော် လွှေ့လွှေ့ရမ်းရမ်း ဖမ်းယူတတ်သော သဘောရှိသည်ဖြစ်၍ အနုသယဟု ဟောတော်မူသည်။

http://www.dhammadownload.com

၃၃၉-သံဃောဇဉ် ၁၀-ပါးကို ပြဆိုခြင်း

ဝဋ္ဋသို့ သတ္တော သံဃောဇနီတိ သံဃောဇနာ။

ယေ ဓမ္မာ၊ အကြင်ဆယ်ပါးသော တရားတို့သည်။ သတ္တော၊ သတ္တဝါတို့ကို၊ ဝဋ္ဋသို့၊ ဝဋ်ဆောင်းရဲ၌။ သံဃောဇနီဟူ၍ယှဉ်စေတတ်၏။ ကုဘိဟသ္မာထို့ ကြောင့်။ တေဓ မ္မာ၊ ထိုတရားတို့သည်း သံယောဇနာနဲ့ သံယောဇဉ်မည်ကုန်၏။ ထို သံယောဇဉ်တို့၏ဘာဝကို အဋ္ဌကထာဖြင့် သိသာပြီ။

၃၄၀-ကိလေသ ၁၀-ပါးကို ပြဆိုခြင်း

ကိလိဿန္တိ ကံသ ဝိပုဂ္ဂလံ ဝဋ္ဋသို့ ဥပ ဒေဝန္တိ တိ ကိလေသာ။

ယေဓမ္မာ၊ အကြင်ဆယ်ပါး သော တရားတို့သည် စံသဖဝိပုဂ္ဂလ်၊ ထိုကိလေသာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ပဋ္ဌသို့ ၊ ဝဋ္ဋယင်းရဲ၌။ ကိလိဿန္တိ၊ ညှဉ်းဆဲစေတတ်ကုန်၏။ ဥပတာ ဝေန္တိ၊ ပူပန်စေတတ်ကုန်ပါ။ ဤသို့သော်၊ ထိုသို့ ညှဉ်းဆဲနှိပ်စက်စေသော သဘော်ကြောင့်၊ ထို တရားတို့သည်။ ကိလေသာမည်ကုန်၏။

ထိုကိလေသာတို့၏ဘေဒကား—

၁။ လောဘ၊	၆။ ဒိဋ္ဌိကိလေသ၊
၂။ ဒေါသ၊	၇။ ထိန၊
၃။ မောဟ၊	၈။ ဥဒ္ဓစ္စ၊
၄။ မာန၊	၉။ အဟိရိက၊
၅။ ဒိဋ္ဌိ၊	၁၀။ အနောတ္တပ္ပ—

ဟူ၍ ဆယ်ပါး အပြားရှိ၏။

၃၄၁-ဆောင့်ငါးရာ ကိလေသာကို ပြဆိုခြင်း

အာကျယ်အားဖြင့်ကား—

နာမ်တေဘူသ ၅၃-ခု၊နိဗ္ဗန္ဓရုပ် ၁၈-ခု။လက္ခဏရုပ် ၄-ခုအားဖြင့် ၇၅ ပါး။

ထို ၇၅-ပါးဒေသ တရားတို့ကိုတည်း၊ အစ္ဆတ္တ, ဗဟိဒ္ဓ ဟူသောသန္တာန် ၂-ပါး နှင့်မြှောက်၊ ဟရာငါးဆယ် ၁၅၀-ရ၏။

ထို ၁၅၀-ကို ကိလေသ ၁၀-ပါးနှင့်မြှောက်, တန်ဆောင့်ငါးရာ ၁၅၀၀-ဖြစ်၏။

သည်ကိုရည်၍ ဟတ္ထိပါလပျိုဒြ—

http://www.dhammadownload.com

ခုနှစ်ဆယ်ငါး၊ နာမ်, ရုပ်ထားမှ၊ နှစ်ပါးဆယ်ဟွေ၊ မြောက်ပွားရေသော်။ ကိလေသာစက်၊ သုံးထောင်ဝက်ကား—ဟူ၍စပ်ဆိုသည်။

၃၄၂-ခုဒ္ဒကဝိဘင်းလာ ကိလေသာကို ပြခြင်း

ခုဒ္ဒကဝတ္ထု၊ ဝိဘင်း၌လာသော ရှစ်ရာ့တခုသော ကိလေလာတို့တွင် တဏှာ ဝိစရိုက် တရာရှစ်ပါးကိုပယ်၍ ၆၊၃၃-ပါး။ ၎င်းတွင် မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကိုရော၍ ၇၅၅-ပါး။ ၎င်းကို ဥပ္ပန္ဒ အနုပ္ပန္ဒနှစ်ပါးနှင့်မြောက်သော် ၁၅၁၀-ဖြစ်၏။

ထို ၁၅၁၁-တွင် ၁၀-အလွန်ကို မရေတွက်သော် ဥနသင်္ချာအားဖြင့် ၁၂၀၀ ဆိုလေသည်။

၃၄၃-တခုသောတရား ဖြစ်သော်ငြားလည်း အမည်များပြားပုံကို ပြခြင်း

မေး။ ။တရားတဦးဦးကိုပင် အထူးထူးဘယ့်ကြောင့် အမည်တတ်သနည်း။

ဖြေ။ ။အဝတ်တမျိုးကိုပင်

ခါး၌ဝတ်သည်ကိုစွဲ၍ ပုဆိုး,

ကိုယ်၌ ဝတ်သည်ကိုစွဲ၍ အင်္ကျီ ဒုရင်,

ဦးခေါင်း၌ ဝတ်သည်ကိုစွဲ၍ ဦးပေါင်း,

ပခုံး၌ တင်သည်ကိုစွဲ၍ စုလျား တဘက်,

ခြုံသည်ကိုစွဲ၍ ရထည်

ဟု အမည်အထူးထူး ခေါ်သကဲ့သို့ လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်ပင်

စီးဝင်တတ်သော သတ္တိကိုစွဲ၍ အာသဝ,

နှစ်မွန်းစေတတ်သော သတ္တိကိုစွဲ၍ ဩဃ,

ဝဋ္ဌဆင်းရဲ၌ အမြဲယှဉ်စေတတ်သည်ကို စွဲ၍ ယောဂ,

သံသရာဝဋ္ဌမှ မလွတ်အောင် ထုံးဖွဲ့တတ်သောကြောင့် ဂန္ထ,

ဤသို့စသည်ဖြင့် ဓမ္မတို့၏ သတ္တိများကြောင်းကို ထင်ရှားစိမ့်သောငှာ ဝေါဟာရ အထူးထူးတတ်၍ ဟောတော်မူသည် ဟုဖြေ။

အကုသလသင်္ဟ ပြီး၏။

http://www.dhammadownload.com

၃၄၄-မိဿကသင်္ဂဟကို ပြဆိုချက်
ဟိတ်တရားတို့ကို ပြဆိုခြင်း

ဟိနောတိ ပဝတ္တတိ ဖလံ နေတဟိတိ ဟေတု။

ဧတေဟိ၊ ဤ ၆-ပါးသောတရားတို့ဖြင့်။ ဖလံ၊ အကျိုးဘည်။ ဟိနောတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်ဖြစ်သော သတ္တိကြောင့်။ ဟေ ဓမ္မာ၊ ထိုတရားတို့သည်။ ဟေတု၊ ဟိတ်မည်ကုန်၏။ ထိုဟိတ်တို့သည်-

၁။ လောဘဟိတ်၊ ၄။ အလောဘဟိတ်၊
၂။ ဒေါသဟိတ်၊ ၅။ အဒေါသဟိတ်၊
၃။ မောဟဟိတ်၊ ၆။ အမောဟဟိတ်-

ဟူ၍ ၆-ပါး အပြားရှိကုန်၏။

ထိုတရားတို့သည် မိမိနှင့် သမ္ပယုတ်ဖြစ်ကုန်သော စိတ်, ဆေတသိက် တို့၏ တည်ရာ အကြောင်း ဖြစ်သောကြောင့် ဟိတ်လည်း မည်သည်။ သစ်ပင်တို့၏ အမြစ်နှင့်တူသောကြောင့် မူလလည်း မည်သည်။

ဟိတ်မရှိသော တရားတို့သည် ရေပါ၌ခွဲရောက်သော ခွေးကြီး မျောသေးနှင့်သာ တူကုန်သည်။

ရဟတ် ဆရာမှားသည် သဒ္ဓေးဖျိုးခွေသည် သဝေးစပါးကိုပြုံးစေသကဲ့သို့ရှင်း, ပတ္တမြားသည် အဆောင်ကို ပြုံးစေသကဲ့သို့ရှင်း, ကုသိုလ်, အကုသိုလ်မည်သောအဖြစ်ကို ပြုံးစေသော သဘောသည် ဟိတ်တို့၏ သတ္တိတည်းဟု ဆို၏။

ထိုစကားသည် မောဟမူဒဋ္ဌိရှိသော ဧမောဟသည် အဖော်ဟိတ်တပါး မရှိရကား အကုသိုလ် မမည်ရာသောကြောင့်ရှင်း, ဟိတ်ကင်းသော အဟိတ်စိတ် ၁၈-ခုတို့သည် အဗျာကတာ မမည်ရာသောကြောင့်ရှင်း မသင့်ချေ။

ယင်းသို့ ဟိတ်သည် ကုသိုလ်စသည် မည်သောအဖြစ်ကို ပြုံးစေတတ်သော သတ္တိမရှိသော် အဘယ်အကြောင်းဖြင့် ကုသိုလ် အကုသိုလ် မည်ပါသနည်းဟူမူ ယောနိသောမနသိကာရ အားဖြင့် ကုသိုလ်အဖြစ်သည် ပြုံး၏။ အယောနိသော မနသိကာရအားဖြင့် အကုသိုလ်အဖြစ်သည် ပြုံး၏။ ရဟန္တာတို့၏ သန္တာန်နှင့်စပ်သဖြင့် ကြိယာအဖြစ်သည် ပြုံး၏။ ကံနှင့်စပ်သဖြင့် ပဝါက်ဖြစ်ခြင်းသည် ပြုံး၏။ အကျိုးမရှိခြင်းနှင့်စပ်သဖြင့် အဗျာကတာ အဖြစ်သည် ပြုံး၏ ဟူပေ။

http://www.dhammadownload.com

၃၄၅-ဈာနင် ၇-ပါးကို ပြခြင်း

မေး။ ။ဈာန်ဟုမည်ရ၊ ခေါ်ဝေါ်ကြသည်၊ မုဒျဘယ်တရားတို့နည်း။ ဈာန်အဖြစ်ကို၊ တားမြစ်တတ်လှ၊ နီဝရဏကို၊ ဈာန်ရအင်္ဂါ၊ ဘယ်သောခါမှ၊ ထိုက်ရာ ဘယ်သို့လာသနည်း။

ဖြေ။ ။အာလမ္ဗဏံ ဥပနိဇ္ဈာယတိ ပစ္စနိကဓမ္မေ ဈာပေန္တီတိ ဝါ ဈာနာနိ။ ဈာနဿ အင်္ဂါနိ ဈာနင်္ဂါနိ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အာလမ္ဗဏံ၊ ကသိုဏ်းစသောအာရုံကို။ ဥပနိဇ္ဈာယတိ၊ ကပ်၍ရှုတတ်၏။ ဝါ၊ တနည်းကား။ ပစ္စနိကဓမ္မေ၊ ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကို။ ဈာပေန္တိ၊ လောင်ကျွမ်းတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တာနိ၊ ထိုတရားတို့သည်။ ဈာနာနိ၊ ဈာန်မည်ကုန်၏။ ဈာနဿ၊ ဈာန်၏။ အင်္ဂါနိ၊ အကြောင်းတို့တည်း။ ဝါ၊ အစိတ်တို့တည်း။ ဈာနင်္ဂါနိ၊ ဈာန်၏အကြောင်းအစိတ်တို့။

ထိုဈာနင်သည်–

၁။ ဝိတက်၊ ၅။ သောမနဿ၊

၂။ ဝိစာရ၊ ၆။ ဒေါမနဿ၊

၃။ ပီတိ၊ ၇။ ဥပေက္ခာ–

၄။ စေဂဋတာ၊

ဟူ၍ ၇-ပါးအပြားရှိ၏။

လှည်းသန်, ဝင်ရိုး, ဘီးစသော အစိတ်သည် ရထားဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း, အစိတ်ဖြစ်သောကြောင့်ရင်း ရထား၏အင်္ဂါမည်သည်။ စုရုံးမိသောအခါ လိုရာသို့စီး၍ သွားနိုင်သော သတ္တိကြောင့် ရထားမည်သည်။

ထိုကဲ့သို့ ဝိတက်စသော တရားတို့သည် ဈာန်၏ အကြောင်းအစိတ်ဖြစ်သောကြောင့် ဈာနင်မည်ကုန်သည်။ ထိုတရားတို့စုရုံးလျက် ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်း ပစ္စနိကဓမ္မ တို့ကို လောင်းကျွမ်းနိုင်ခြင်း သတ္တိသည် ဈာန်မည်၏ ဟူလိုသည်။

ဤ ၇-ပါးတို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်မည်၏။ အကြွင်း ၆-ပါးသည် ကုသိုလ်, အကုသိုလ်, အဗျာကတ ဈာနင် မည်၏။

http://www.dhammadownload.com

ဘယ်သို့မည်သနည်းဟူမေးကား မဟာကုသိုလ် စသည်၌ယှဉ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ပို့ဿည် ကုသိုလ်စျာနင် မည်ကုန်၏။

အကုသိုလ်စိတ်၌ယှဉ်သော ဝိဟက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့သည် အကုသိုလ်စျာနင် မည်ကုန်၏။

မဟာကြိယာစသည်၌ယှဉ်သော ဝိတက်စသည်တို့သည် အဗျာကတစျာနင် မည်ကုန်၏။ ဤသို့ ခဲ့လေ။

စျာနလာဘီ ပုဂ္ဂိုလ်တို့သည် တစုံတခုသော အဓြေခြင်းဖြင့် စျာန်မှလျော်လတ်သော် ငါ့အား ဤစ်ဘဝတာ သည် ပျောက်ခဲမြို့ ဟူ၍ ဒေါမနဿသည် ဖြစ်၏။ ထိုဒေါမနဿကို အာရုံးပြု၍ ရှုဖွယ်သော အာဠုံကို ရှုပြန်သဖြင့် စျာန်စိတ်ဖြစ်သော သူအား ထိုဒေါမနဿသည် ကုသိုလ်စျာန်၏ အဓြေခြင်းလည်း ဖြစ်သည်ဟု ဆိုထိုက်၏။

၃၄၆ - မဂ္ဂင် ၁၂-ပါးကို ပြဆိုခြင်း

သုဂတိဒုဂ္ဂတိနှံ နိဗ္ဗာနဿ စ အာဒုံ မဂ္ဂတိ ပါပေတိတိ မဂ္ဂါ။ မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ။

ယော ဒဓမ္မော၊ အဓြေခြင်းတရားသည်။ သုဂတိဒုဂ္ဂတိနဉ္စ၊ သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့သို့ဇင်း။ နိဗ္ဗာနဿ စ၊ နိဗ္ဗာန်သို့ဇင်း။ အာဒိမ္ဟိ၊ ရှေးဦး။ မဂ္ဂတိ ပါပေတိ၊ ရောက်စေတတ်၏။ ဤဝိဘတ်၊ ထို့သို့ ရောက်စေတတ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်၊ မဂ္ဂေါ၊ မဂ်မည်၏။ မဂ္ဂဿ၊ မဂ်၏။ အင်္ဂါနိ၊ အစိတ်တို့တည်း။ မဂ္ဂင်္ဂါနိ၊ မဂ်၏အစိတ်တို့။

ဤမဂ္ဂင်သည် သောဘနစိတ်၌ ယှဉ်သော မဂ္ဂင်ဖွစ်ဟူး, အကုသိုလ်စိတ်၌ ယှဉ်သော မဂ္ဂင်လေးပါးအားဖြင့် ၁၂-ပါးရှိသည်။

ထို ၁၂-ပါးတို့တွင် တိဟိတ်စိတ် ၄၇-ခုတို့၌သော ပညာသည် သမ္မာဒိဋ္ဌိ မဂ္ဂင် မည်၏။

ကာမာဝစရသောဘဟေတုစိတ် ၂၄-ခု၊ ပထမစျာန်စိတ် ၁၁-ခုတို့၌ရှိသော ဝိတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။

မဟာကုသိုလ်စိတ်ရှစ်ခု၊ လောကုတ္တရာစိတ်ရှစ်ခုတို့ ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။

ထိုစိတ် ၁၆-ခုတို့ရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်၏။

http://www.dhammadownload.com

သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝ မဂ္ဂင် မည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော ဝီရိယစေတသိက်သည် သမ္မာ-ဝါယာမ မဂ္ဂင် မည်၏။

ထိုတခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင် မည်၏။

ထိုတခုယုတ် ၆၀-၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမ္မာသမာဓိ မဂ္ဂင် မည်၏။

လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိ မဂ္ဂင်မည်၏။

အကုသိုလ်စိတ် ၁၂-ခု၌ရှိသော ဝိတက်သည် မိစ္ဆာသင်္ကပ္ပမဂ္ဂင် မည်၏။

ဂင်းအကုသိုလ်စိတ် ၁၂-ခု၌ရှိသော ဝီရိယသည် မိစ္ဆာဝါယာမမဂ္ဂင် မည်၏။

ဝိစိကိစ္ဆာသဟဂုတ် ကြဉ်သော အကုသိုလ်စိတ် ၁၁-ခု၌ရှိသော ဧကဂ္ဂတာ သည် မိစ္ဆာသမာဓိ မဂ္ဂင် မည်၏။

ဤမဂ္ဂင် ၁၂-ပါးထိုတွင် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် သုဂတိဘုံသို့ ဂင်း, နိဗ္ဗာန်သို့ဂင်း ရောက်စေတတ်သည်။

မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင် ၄-ပါးသည် ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သည်။

၃၄၇-ဣန္ဒေ ၂၂-ပါးကို ပြဆိုခြင်း

စက္ခုဝိညာဏာဒီနံ အတ္တနော ဝသေ ပဝတ္တာပနဝသေန ဤသန္တိ အဘိဘဝန္တီတိ ဣန္ဒြိယာနိ။

ယေ ဓမ္မာ၊ အကြင်စက္ခုပသာဒစသော တရားတို့သည်။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဉ်စသည်တို့ကို။ အတ္တနော ဝသေ၊ မိမိအလို၌။ ပဝတ္တာပနဝသေန၊ ဖြစ်စေသည်၏အစွမ်းအားဖြင့်။ ဤသန္တိ အဘိဘဝန္တိ၊ လွှမ်းမိုး၍ဖြစ်တတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဣန္ဒြိယာနိ၊ ဣန္ဒေမည်ကုန်၏။ ။ဤသဓာတ်ဖြစ်၍ ဤသိယဟု ဆိုသင့်လျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းအားဖြင့် ဤကို ဣ, သကိုန္ဒ ပြု၍ ဣန္ဒြိယ ဟု ရုပ်ပြီးသည်။

ထိုဣန္ဒေတို့သည် ဘေဒအားဖြင့် ၂၂-ပါးပြားသည်တွင် –

စက္ခုပသာဒသည် မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်တို့ကိုဂင်း, မိမိကိုမှီသော စက္ခုဝိညာဉ် စသည်တို့ကိုဂင်း အစိုးရသောကြောင့် စက္ခုန္ဒေမည်သည်။

http://www.dhammadownload.com

သောတပဿာဒသည် မိမိနှင့်သဟဇာတ်ဖြစ်သောရုပ်တို့ကိုဎင်း, မိမိကိုမှီသော သောဏဝိညာဉ် စသည်တို့ကိုဎင်း အစိုးရသောကြောင့် သောတိန္ဒြေမည်သည်။ ဃာနပသာဒ စသည်တို့လည်း နည်းတူ။

ဣတ္ထိဘောသည် ဣတ္ထိန္ဒြေ၊ ပုမ္ဘောသည် ပုရိသိန္ဒြေမည်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတနှစ်ပါးသည် ဇီဝိတိန္ဒြေ မည်၏။ စိတ်တခုယုတ် ၄၀-သည် မနိန္ဒြေမည်၏။ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာသည် သုခိန္ဒြေမည်၏။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသော ဝေဒနာသည် ဒုက္ခိန္ဒြေမည်၏။

သောမနဿသဟဂုတ်စိတ် ၆၂-ခုဉ်၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။

ဒေါသမူဒ္ဓေဉ်၌ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုဉ်၌ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။

သောဘာစိတ်ဟုယုတ် ၆၀-ဉ်၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။

၇၃-ပါးသောစိတ်၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

သောဘာစိတ် တခုယုဉ် ၆၀-ဉ်၌ရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။

ဝိစိကိစ္ဆာ, ဇဒ္ဒပဉ္စဝိညာဉ် ၁၀,မဒနာခေတ် ၃-ခု, သန္တီရဏ ၃-ခု ကြဉ်သော ၇၂-ပါးသော စိတ်၌ရှိသော ဇကဝ္ဂဘာစေတသိက်သည် သမာဓိန္ဒြေ မည်၏။

လောကီတိဟိတ်စိတ် ၃၉-ခုဉ်၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။

သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာစေတသိက်သည် အနညာတညဿာမိတိန္ဒြေ မည်၏။

အာဇာက်မဂ် ၃-ခု အောဂ်ဖိုလ် ၃-ခုဉ်၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။

အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေ မည်၏။

ဤသို့ သင်္ဂဟိထုံးသောအားဖြင့် ၂၂-ပါး ပြားသည်။

တရားကိုယ်အားဖြင့်ကား ပသာဒ, ဘာဝ, ဇီဝိတ ဟူ၍ ရုပ်ကွန်ရှစ်ပါး၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဇောဂ္ဂတာ, ပညာ ဟူ၍ နာမ်ကွန်ရှစ်ပါးအားဖြင့် ၁၆-ပါးရှိသည်။

http://www.dhammadownload.com

ပြည်သူရွာသားတို့သည် တဦးသောသူကို မိမိတို့အပေါ်၌ မင်းပြုစေသော် ထို မင်းသည် ပြည်သူတို့အား အစိုးရသကဲ့သို့ သဟဇာတ်တရားတို့သည် တခုခုသော တရားကို မင်းပြုစေသော် ထိုမင်းပြုသော တရားသည် သဟဇာတ်တို့အား မိမိအလိုဆို့ လိုက်စေသောအားဖြင့် အစိုးရသည်။ ထို့ကြောင့် ဣန္ဒေမည်၏ ဟူလိုသည်။

အနမတဂ္ဂသံသာရေ အနညာတံ စတုသစ္စဓမ္မံ ဥဿာမီတိ အဇ္ဈာ-
သယေန ပဋိပန္နဿ ဣန္ဒြိယံ အနညာတညဿာမီတိန္ဒြိယံ။

အနမတဂ္ဂသံသာရေ၊ အစမထင်သော သံသရာ၌။ အနညာတံ၊ မသိစဘူး သော။ စတုသစ္စဓမ္မံ၊ သစ္စာလေးပါးတရားကို။ ဥဿာမိ၊ သိအံ့။ ဣတိအဇ္ဈာ-သယေန၊ ဤသို့သောအလိုဖြင့်၊ ပဋိပန္နဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒေသည်။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒေမည်၏။

ပထမမဂ္ဂေန ဒိဋ္ဌမရိယာဒံ အနတိက္ကမိတ္ဘာ အဇာနန္တဿ ဣန္ဒြိယံ အညိန္ဒြိ-
ယံ။

ပထမမဂ္ဂေန၊ ရှေးဦးစွာသောမဂ်ဖြင့်။ ဒိဋ္ဌမရိယာဒံ၊ မြင်အပ်သောအပိုင်း အခြားကို။ အနတိက္ကမိတ္ဘာ၊ မလွန်မူ၍။ အဇာနန္တဿ၊ သိဆဲသောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒေသည်။ အညိန္ဒြိယံ၊ အညိန္ဒေမည်၏။

အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယံ။

အညတာဝိနော၊ သစ္စာလေးပါးကို သိဘူးပြီးသောသူ၏။ ဣန္ဒြိယံ၊ ဣန္ဒေ တည်း။ ဣတိ၊ ထို့ကြောင့်။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒေမည်၏။

မေး။ ။ရုပ်ဣန္ဒေ၊ နာမ်ဣန္ဒေ၊ ရှစ်ထွေနှစ်လ၊ အညီဖြစ်ရ၊ မိဿကကို၊ အရဘယ်သို့ ကောက်သနည်း။

ဖြေ။ ။မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ သုံးတန်အနေ၊ ဣန္ဒေသိစေ ဘယ်သို့ ထူးသနည်း။

ဤပုစ္ဆာတို့၏ အဖြေများလည်း ပါဝင်ပြည့်စုံလေပြီ။

၃၄၈-ဖိုလ် ၉-ပါးတို့ကို ပြဆိုခြင်း

အသဒ္ဓိယကောသဇ္ဇပမာဒဥဒ္ဓစ္စအပိဇ္ဇာအဟိရိကအနောတ္တပ္ပသခ်ါတေဟိ ပဋိပက္ခဓမ္မေဟိ အကမ္ပိယဋ္ဌေန သမ္ပယုတ္တဓမ္မေသု သိရသာဝေန စ ဗလာနိ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အသဒ္ဓိယ ကောသဇ္ဇ ပမာဒ ဥဒ္ဓစ္စ အဝိဇ္ဇာ အဟိရိက အနောတ္တပ္ပ သခ်ါတေဟိ၊ မကြည်ညိုခြင်း, ပျင်းရိခြင်း-

http://www.dhammadownload.com

မေ့လျော့ခြင်း, ပျံ့လွှင့်ခြင်း, ဖုံလွှမ်းခြင်း, မရှက်ခြင်း, မကြောက်ခြင်း ဟုဆို အပ်ကုန်သော။ ပဋိပက္ခဓမ္မေဟိ၊ ဆန့်ကျင်ဘက်တရားတို့သည်။ အကမ္ပိယဌေန ၉၊ မတုန်လှုပ်နိုင်သော အနက်ကြောင့်၎င်း။ သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရားတို့၌။ ထိရဘာဝေန စ၊ တည်တံ့သော အနက်ကြောင့်၎င်း။ ဗလာနိ၊ ဗိုလ်မည်ကုန်၏။

ဗလသဒ္ဒါသည် ပါဋိပဒိက ပုဒ်ဖြစ်၍ ဝိဂ္ဂိုဟ်စစ်မရကောင်းသောကြောင့် ဝိဂ္ဂိုဟ်တုသာ ဋီကာဆရာ ပြသည်။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏။

၇၃-ပါးသော စိတ်၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယ ဗိုလ်မည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သတိဗိုလ် မည်၏။

ဝိစိကိစ္ဆာမှတပါး ဝီရိယဖြစ်သောစိတ် ၇၂-ပါး၌ရှိသော ဧကဂ္ဂတာစေတသိက် သည် သမာဓိဗိုလ် မည်၏။

တိဟိတ်စိတ် ၄၇-ခု၌ရှိသော ပညာစေတသိက်သည် ပညာဗိုလ် မည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော ဟိရီစေတသိက် ဩတ္တပ္ပစေတသိက် သည် ဟိရီဗိုလ် ဩတပ္ပဗိုလ်မည်၏။

အကုသိုလ်စိတ် ၁၂-ခု၌ရှိသော အဟိရိကစေတသိက်သည် အဟိရိကဗိုလ်။ အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ် မည်၏။ ဤသို့ ဗိုလ်ကိုးပါး ပြားသတည်း။

ထိုဘွင် သဒ္ဓါဗိုလ်စသော ဗိုလ်ငါးပါးတို့သည် မတုန်လှုပ်တတ်သော သတ္တိ, ခိုင်ခံ့တည်ကြည်တတ်သော သတ္တိနှစ်ပါးကြောင့် ဗိုလ်မည်သည်။ အဟိရိက, အနောတ္တပ္ပနှစ်ပါးတို့မူကား ခိုင်ခံ့တည်ကြည်သော သတ္တိတပါးကြောင့်သာ ဗိုလ်မည်သည်။ ဘယ့်ကြောင့်နည်းဟူမူ—ဥဒ္ဓစ္စနှင့်တကွ ဖြစ်လေသောကြောင့် မတုန်လှုပ်တတ်သော သတ္တိကား မရှိချေ။ တုန်လှုပ်သည်သာလျှင် ဖြစ်သတည်း။

၃၄၉-အဓိပတိသေးပါးတို့ကို ပြဆိုခြင်း

အဓိနာနံ ပတီတိ အဓိပတိ။

အဓိနာနံ၊ ပိပိနှင့်စပ်ကုန်သော တရားတို့၏။ ပတိ၊ အရှင်ဘည်း။ ဣတိ-ကသ္မာ၊ ထိုသို့အရှင်ဖြစ်သော သတ္တိကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။

http://www.dhammadownload.com

ထိုအဓိပတိသည်—

၁။ ဆန္ဒာဓိပတိ၊ ၂။ စိတ္တာဓိပတိ၊

၃။ ဝီရိယာဓိပတိ၊ ၄။ ဝိမံသာဓိပတိ—

ဟူ၍ လေးပါး အပြားရှိ၏။

ထိုတွင် မောဟမူဒွေ,ဟသိတုပွါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခုဉ်ရှိသော ဆန္ဒသည် မိမိရှေဆောင်၍ ဖြစ်ခိုက် သာဓိပတိဇော ၅၂-ခု, ဆန္ဒ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ,ထိုဇောတ်ပြုအပ်သော စိတ္တဇရုပ် ဤမျသောတရားတို့ကို အစိုးရသည်ဖြစ်၍ ဆန္ဒာဓိပတိမည်၏။

သာဓိပတိဇော ၅၂-ခုဟု ဆိုအပ်သော စိတ်သည် မိမိရှေဆောင်၍ ဖြစ်ခိုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဇကပညာသ, သာဓိပတိစိတ္တဇရုပ် ဤမျသောတရားတို့ကို အစိုးရသည်ဖြစ်၍ စိတ္တာဓိပတိမည်၏။

သာဓိပတိဇော ၅၂-ခုဉ်ရှိသော ဝီရိယသည် မိမိရှေဆောင်၍ဖြစ်ခိုက် သာဓိပတိဇော ၅၂-ခု,ဝီရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ,သာဓိပတိစိတ္တဇရုပ် ဤမျသောတရားတို့ကို အစိုးရသည်ဖြစ်၍ ဝီရိယာဓိပတိမည်၏။

သာဓိပတိ တိဟိတ်ဇော ၃၄-ခုဉ်ရှိသော ပညာသည် မိမိရှေဆောင်၍ဖြစ်ခိုက် သာဓိပတိ တိဟိတ်ဇော ၃၄-ခု, ပညာကြဉ်သော စေတသိက် သတ္တတိံသ, သာဓိပတိ စိတ္တဇရုပ် ဤမျလောက်သောတရားတို့ကို အစိုးရသည်ဖြစ်၍ ဝိမံသာဓိပတိမည်၏။

ထိုကြောင့် ပဋ္ဌာန်းပါဋ္ဌိတော်၌—

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော—

ဟူ၍ ဟောတော်မူသည်။

ထိုအဓိပတိတရားတို့သည် အစိုးရသောအားဖြင့် ဘယ်သို့ဖြစ်သနည်း ဟူမူကား ကိုယ်တော်မှ ရေအစုံ မီးအစုံ ထွက်စေလိုသောဆန္ဒရှိက ထွက်ရဘိသကဲ့သို့ ဆန္ဒရှိက အမှုကိုပြီးစီးစေတတ်သောသူအား ပါဏိဆန္ဒဖြင့် ဤအမှုကိုပြီးစေအံ့ ဟူသောစိတ်သည် ဖြစ်၏။ ထိုစိတ်တို့တွင် ရှေးရှေးသောစိတ်၌ပါသော ဆန္ဒသည်

http://www.dhammadownload.com

နောက်နောက်သောစိတ်အားလုံး, သဟဇာတ်တရားတို့အားလုံး အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ဆိုတရားတို့လည်း ဆန္ဒ၏အလိုသို့ လိုက်၍ ဖြစ်ကုန်ရကား ဆန္ဒသည် အဓိပတိသတ္တိဖြင့် ဖြစ်၏ဟူလိုသည်။

ပဋ္ဌာန်နတ်သားသည် မိုဃ်းကိုရွာစေလိုသော စိတ်ရှိလတ်သော် တပြိုင်နက် ရွာရာဘိသကဲ့သို့ စိတ်ရှိက အမှုပြီးစီးတတ်သောသူအား ငါ၏စိတ်ဖြင့် ဤအမှုကို ပြီးစီးစေအံ့ဟူသောအကြံသည် ဖြစ်၏။ ထိုကြံသောစိတ်တို့တွင် ရှေးရှေးသော စိတ်သည် နောက်နောက်သောစိတ်အားလုံး, သဟဇာတ်တရားတို့အားလုံး အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ထိုတရားတို့လည်း စိတ်၏အလိုသို့ လိုက်၍ ဖြစ်ကုန်ရကား အဓိပတိသတ္တိဖြင့် ဖြစ်၏ ဟူလိုသည်။

အားထုတ်၍ အမှုပြီးစီးလေ့ရှိသောသူအား ငါအားထုတ်ကြ၏ အမှု ပြီးစီးအံ့သည်သာတည်းဟု အားထုတ်ခြင်း ပဓာန လက်ပြု၏။ တိုသို့ပြုရာတွင် ရှေးရှေးသော စိတ်၌ပါသော ဝီရိယသည် နောက်နောက်သောစိတ်အားလုံး, သဟဇာတ်တရားတို့အားလုံး အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ထိုတရားတို့လည်း ဝီရိယ၏အလိုသို့လိုက်၍ ဖြစ်ကုန်ကရား အဓိပတိသတ္တိဖြင့် ဖြစ်၏ဟူလိုသည်။ ပညာလည်း ဤနည်းအတူ မှတ်လေ။ ဦးကာကျော်ဆရာ အဓိပ္ပါယ်

၃၅၀-အဓိပတိနှင့် ဣန္ဒြေတို့၏ ထူးခြားချက်

အဓိပတိလည်း အစိုးရသောသဘော ဣန္ဒြေလည်း အစိုးရသောသဘောရှိခဲ့သော် ထိုဘရားနှစ်ပါးတို့ ဘယ်သို့ထူးခြားပါအံ့နည်း ဟူငြားအံ့၊ ပြည်ရှင်မင်းသည် တပါးသောသူတို့၏ အစိုးရသောသတ္တိကိုမြစ်၍ မိမိသောအကြီးအကဲအဖြစ်ဖြင့် အစိုးရသည်ကား အဓိပတိသတ္တိတည်း။

အသီးအသီးသော မြို့ဝန် စသည်တို့သည် သူတပါးတို့၏ သတ္တိကို မမြစ်မူ၍ မိမိအရာ၌သာ အစိုးရသကဲ့သို့ စက္ခုပသာဒ စသည်တို့သည် သူတပါးတို့၏ သတ္တိကို မမြစ်မူ၍ မိမိ၏အရာ၌သာ အစိုးရသည်ကား ဣန္ဒြေယသတ္တိတည်း။ ဤသို့ ထူးကြ၏ (ဂူပေ)။

၃၅၁-အာဟာရ ၄-ပါးကို ပြခြင်း

အာဟရိယန္တိ အဇ္ဈောဟရိယန္တီတိ အာဟာရာ။

ဩဇာဒ္ဒမကဗ္ဗပါဒယော အာဟရန္တီတိ ဝါ အာဟာရာ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အာဟာရိယန္တိ အဇ္ဈောဟာရိယန္တိ၊ မျိုအပ်ကုန်၏။ ဤတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အာဟာရာ၊ အာဟာရ မည်ကုန်၏။

http://www.dhammadownload.com

ဝါ၊ တနည်းကား။ သြဇာဌမကရူပါဒယော၊ သြဇာလျှင်ရှစ်ခုမြောက်သော ရုပ်စသည်တို့ကို။ အာဟရန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာဟာရာ၊ အာဟာရမည်ကုန်၏။

ထမင်း, သစ်သီး စသည်တို့၏ အစေးအညှိသည် ကဗဋ္ဌိကာရအာဟာရ မည်၏။ ထိုအာဟာရသည် သြဇာလျှင် ရှစ်ခုမြောက်ရှိသော အဌကလာပ်ရုပ်ကို ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ဆောင်သည်။

စိတ်တခုယုတ် ၉၀-၌ရှိသော ဖဿသည် ဖဿာဟာရ မည်၏။ ထိုဖဿာဟာရ သည် ဝေဒနာသုံးပါးကို ဆောင်သည်။

လောဘီကုသိုလ် အကုသိုလ်စေတနာ ၂၉-ခုသည် မနောသဉ္ဇေတနာဟာရ မည်၏။ ထိုစေတနာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ဆောင်သည်။

ပဋိသန္ဓေစိတ် ဇကူနဝီသသည် ဝိညာဏာဟာရမည်၏။ တနည်းကား စိတ်တ ခုယုတ် ၉၀-သည် ဝိညာဏာဟာရ မည်၏။ ထိုဝိညာဏာဟာရသည် မိမိနှင့် တကွ ဖြစ်သော နာမ်, ရုပ် တို့ကို သဟဇာတသတ္တိဖြင့် ဆောင်သည်။

(ဒုတိယ, တတိယ, စတုတ္ထဟု အမည်ပေးသည်မှာ ဒေသနာစဉ် အားဖြင့် ဆိုသည်။)

၃၅၂ ပဋ္ဌဝိညာဉ်မှာရှိသော ဝေဒနာ၏ စျာနင် မထိုက်ပုံကို ပြခြင်း

မေး။ ။ဒွေပဋ္ဌဝိညာဏ်၊ စိတ်မှန်ကြည်လင်၊ တဆယ်တွင်၊ စျာနင် ဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။ပဋ္ဌဝိညာဏ် ဝိတက္ကဝိစာရ ဝိရဟေန အာရမ္မဏေသု အဘိနိပါတ-မတ္တတ္တာ ဿသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာသုခဒုက္ခာနိ ဥပနိဇ္ဈာနာ ကာယသ အဘာဝတော စျာနဂဘာဝေန နဥဒ္ဓဋ္ဌာ-

ဟူသော ဌီကာနှင့် အညီ ပဋ္ဌဝိညာဉ်စိတ်တို့သည် အာရုံသို့ ရှေ့ရှုတင်တတ် သောဝိဘက်, အာရုံကို သုံးသပ်တတ်သော ဝိစာရတို့မှ ကင်းခြင်းကြောင့် အာရုံ၌ ရှေ့ရှုကျကာမျှသာ ဖြစ်သောကြောင့် ထိုစိတ်တို့၌ယှဉ်သော ဥပေက္ခာ သုခ, ဒုက္ခ ဝေဒနာတို့သည် ရှိပါငြားသော်လည်း အာရုံသို့ကပ်၍ ရှုခြင်းကိစ္စ မရှိသည်၏ အဖြစ်ကြောင့် စျာနင်၏အဖြစ်ဖြင့် မထုတ်အပ် ဟူပေ။

http://www.dhammadownload.com

၃၅၃-အဝီရိယစိတ်မှာ ဗိုလ်မပါပုံနှင့်
အဟိတ်စိတ်တွင် မဂ္ဂင်မရှိပုံကို ပြခြင်း

မေး။ ။အဟိတ်စိတ်တွင်၊ မဂ္ဂင်မရှိ၊ အဝီရိယ၊ သောဌသမှာ၊ ဗိုလ်သာ ဘယ့်ကြောင့် မရသနည်း။

ဖြေ။ ။အဝီရိယေသု ဗလာနိ နလဘန္တိ၊ ဝီရိယပဋ္ဌာနတ္တာ ဗလဿ-

ဟူသော ဋီကာနှင့်အညီ ဗိုလ်မည်သည်ကား ကြီးပွားတည်တံ့ခြင်းသဘော ဖြစ်သောကြောင့် ဝီရိယလျှင် ပဋ္ဌာနရှိရကား အဝီရိယစိတ် ၁၆-ခုတို့၌ ဗိုလ်ကို မရအပ်။

အဟေတုကေသု မဂ္ဂင်ါနိ နလဘန္တိ ဟေတုပဋ္ဌာနတ္တာ မဂ္ဂဿ-

ဟူသော ဋီကာနှင့် အညီ မင်ဟူသည်ကား သုဂတိ, ဒုဂ္ဂတိ ဘဝ၏ အကြောင်း ဖြစ်သောကြောင့် ဟိတ်လျှင် ပဋ္ဌာနရှိရကား အဟိတ်စိတ်တို့၌ ဟိတ်မရှိသောကြောင့် မဂ္ဂင်ကို မရအပ်ဟူပေ။

၃၅၄-ဝိစိကိစ္ဆာစိတ်မှာရှိသော ဧကဂ္ဂတာ၏
မဂ္ဂင် စသည် မမည်ပုံကို ပြဆိုခြင်း

မေး။ ။ဝိစိကိစ္ဆာ၊ စိတ်မှာယှဉ်လျက်၊ ဧကဂ္ဂတာ၊ ဖြစ်ရာ၌ပင်၊ မဂ္ဂင် ဣန္ဒြေ၊ ဗိုလ်နေဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။ဝိစိကိစ္ဆာစိတ္တေ သဟာဟဘူတဿ အဓိမောက္ခဿ ဝိရဟိတတ္တာ။ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ နကစ္ဆတီတိ ဝေဒိတဗ္ဗံ-

ဟူသော ဋီကာနှင့်အညီ ဝိစိကိစ္ဆာစိတ်၌ အဖော်ဖြစ်သော အဓိမောက္ခ၏ ကင်းခြင်းကြောင့် ထိုစိတ်၌ယှဉ်သော ဧကဂ္ဂတာသည် မိစ္ဆာသမာဓိမဂ္ဂင်, သမာဓိန္ဒြေ, မိစ္ဆာသမာဓိဗိုလ် အဖြစ်သို့ မရောက် ဟူလိုသည်။

မိဿကသင်္ဂဟ ပြီး၏။

ဗောဓိပက္ခိယသင်္ဂဟ

၃၅၅-သတိပဋ္ဌာန်လေးပါးကို ပြဆိုခြင်း

ဘုသံ အနုပဝိသိတ္ဝာ ကေသာဒိအာရမ္မဏံ ပတိဋ္ဌန္တိတိ ပဋ္ဌာနာ။
သတိယေဝ ပဋ္ဌာနာ သတိပဋ္ဌာနာ။

http://www.dhammadownload.com

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ကေသာဒိအာရမ္မဏံ၊ ဆံအစရှိသော အာရုံကို။ ဘုသံ၊ မြဲမြံစွာ ။ အနုပဝိသိတွာ ၊ သက်ဝင်၍။ ပတိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ပဋ္ဌာနာ၊ ပဋ္ဌာန မည်ကုန်၏။

သတိယေဝ၊ သတိသည်သာလျင်။ ပဋ္ဌာနာ၊ မြဲမြံစွာ သက်ဝင်၍ တည်တတ်သည်တည်း။ သတိပဋ္ဌာနာ၊ သတိသည်သာလျင် မြဲမြံစွာ သက်ဝင်၍ တည်တတ်သည်။

တရားကိုယ်အားဖြင့် သတိတပါးတည်းဖြစ်လျက် အာနာပါန, ဣရိယာပထ, ကေသာဒိ ကောဋ္ဌာသ အစရှိသော ရှုပဒာယကို အာရုံပြု၍ ရှုတတ်သော ကာယာနုပဿနာ သတိပဋ္ဌာန်၊

ခံစားခြင်းဝေဒနာကို ရှုတတ်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

စိတ်ကို ရှုတတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

သင်္ခါရဓမ္မတို့ကို ရှုတတ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ အာရုံ၏ အပြားအားဖြင့်ရင်း, သုဘ, သုခ, နိစ္စ, အတ္တ ဟူ၍ မုတ်ခြင်းတည်းဟူသော သညာဝိပွလ္လာသ ၄-ပါးကို ပယ်သောအားဖြင့်ရင်း ၄-ပါးအပြား ရှိလေသည်။

၃၅၆-သမ္မပ္ပဓာန် လေးပါးကို ပြဆိုခြင်း

သမ္မာ ပဒဟန္တိ ဧတေဟီတိ သမ္မပ္ပဓာနာ။

ဧတေဟိ၊ ဤတရားတို့ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဒဟန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့အားထုတ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်မည်ကုန်၏။

တရားကိုယ်အားဖြင့် ဝိရိယ တပါးတည်းဖြစ်လျက် —

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊
မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊
မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊
ဖြစ်ပြီးသောကုသိုလ်တရားတို့ကို လွန်စွာ ပွားစိမ့်သောငှာ အားထုတ်ခြင်း-
ဟူ၍ သတ္တိပြားသောအားဖြင့် ၄ ပါးပြားလေသည်။

မင်္ဂဇက်ဖိုလ်ဉာဏ်၏ အဝင်းအသင်းဖြစ်သော တရားကိုသာ ဗောဓိပက္ခိယ ဆိုသည်ဖြစ်ရကား ဤသင်္ဂဟ၌ လောကုတ္တရာစိတ် ရှစ်ခု၌ ယှဉ်သော သတိသာလျင် သတိပဋ္ဌာန်မည်သည်။ ၎င်းစိတ်ရှစ်ခု၌ယှဉ်သော ဝိရိယသည်သာလျင် သမ္မပ္ပဓာန် မည်သည်။

http://www.dhammadownload.com

အခြားအရာ၌ကား လောကီကုသိုလ်စိတ်၌ ယှဉ်သော သတိလည်း သတိပဋ္ဌာန်မည်သည်၊ ဝီရိယလည်း သမ္မပ္ပဓာန်မည်သည်။ ထိုသတိပဋ္ဌာန်, သမ္မပ္ပဓာန်တို့သည် လောကီကုသိုလ်စိတ်၌ကား ၄-ပါ-လုံး တပြိုင်နက် မဖြစ်နိုင်ကုန်။ ဘယ့်ကြောင့်နည်းဟူမူကား အပါးသော အာရုံကိုသာ စိတ်ဖြင့် ယူနိုင်သောကြောင့်တည်း။

လောကုတ္တရာစိတ်၌ကား လေးပါးလုံး တပြိုင်နက် ဖြစ်သည်။ ဘယ့်ကြောင့်နည်းဟူမူကား မင်္ဂနင့်ယှဉ်သော သတိ,ဝီရိယဖြစ်၍ ပယ်အပ်သည်ကို ပယ်ခြင်း ပွားစေအပ်သည်ကို ပွားစေခြင်းကိစ္စ၌ တပြိုင်နက်ပြီးသောကြောင့်တည်း။

၃၅၃-ဣဒ္ဓိပါဒ် လေးပါးကို ပြဆိုခြင်း

ဣဇ္ဈတိ နိမ္မိတာဒိဝိဓိ တောယာတိ ဣဒ္ဓိ။

ဣဒ္ဓိယာပါဒေါ ဣဒ္ဓိပါဒေါ။

တောယ၊ ဤတန်ခိုးဖြင့်။ နိမ္မိတာဒိဝိဓိ၊ မနောမိဌာန် စိတ်ကကြံတိုင်း ဖန်ဆင်းအပ်သော အစီအရင်သည်။ ဣဇ္ဈတိ၊ ပြည့်စုံတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။

ဣဒ္ဓိယာ၊ ဖန်ဆင်းအပ်သော ရုပ်အစဉ်၏။ ပါဒေါ၊ အခြေတည်း။ ဣဒ္ဓိပါဒေါ ဖန်ဆင်းအပ်သော ရုပ်အစဉ်၏အခြေ။

အဓိဌာန်၍ ဖန်ဆင်းအပ်သော အဓိဌာန်တန်ခိုး, ကိုယ်ကိုဖောက်ပြန်စေ၍ ဖန်ဆင်းအပ်သော ဝိကုပ္ပနာတန်ခိုး, ဤနှစ်ပါး ပြည့်စုံခြင်း၏ အကြောင်းဖြစ်၍ ဣဒ္ဓိဝိဓအဘိညာဉ်သည် ဣဒ္ဓိမည်သည်။ ထိုဣဒ္ဓိ၏ တည်ရာအခြေဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ၄-ပါးသည် ဣဒ္ဓိပါဒ်မည်သည်။

လောကုတ္တရာစိတ် ရှစ်ခု၌ ယှဉ်သော ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ်, ဝီရိယသည် ဝီရိယိဒ္ဓိပါဒ်, လောကုတ္တရာစိတ်သည် စိတ္တိဒ္ဓိပါဒ်, ပညာသည် ဝီမံသိဒ္ဓိပါဒ်မည်၏။ ဗောဓိပက္ခိယအရာဖြစ်၍ လေ ကုတ္တရာကိုသာ ယူရမည်။

လောကီဖြစ်သော ဈာန်အဘိညာဉ်တို့၌လည်း ဤ ဣဒ္ဓိပါဒ် ၄-ပါးကို ရသည်ပင် ဖြစ်သည်။ ထိုသို့ရသည်တွင် ပထမဈာန်၏ ပရိကံသည် ဣဒ္ဓိပါဒ်မည်၏။ ပထမဈာန်သည် ဣဒ္ဓိမည်၏။ ဒုတိယဈာန်စသည်၌လည်း နည်းတူယူလေ။

ရပြီးသော ဈာန်အားဖြင့်လည်း ပထမဈာန်သည် ဣဒ္ဓိပါဒ်မည်၏။ ဒုတိယဈာန်သည် ဣဒ္ဓိမည်၏။ ၎င်းဒုတိယဈာန်သည် ဣဒ္ဓိပါဒ်မည်၏။ တတိယဈာန်သည် ဣဒ္ဓိမည်၏။ ကြွင်းသော ဈာန်တို့၌လည်း နည်းတူယူ။

http://www.dhammadownload.com

သောတာပတ္တိမဂ်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာသည် ဣဒ္ဓိပါဒ်မည်၏။ သောတာပတ္တိမဂ်သည် ဣဒ္ဓိမည်၏။ ၎င်းသောတာပတ္တိမဂ်သည် ဣဒ္ဓိပါဒ်မည်၏။ သကဒါဂါမ်မဂ်သည် ဣဒ္ဓိမည်၏။ ။ ကြွင်းသောမဂ်တို့၌လည်းနည်းတူ သိလေ။

ထို့ကြောင့် ဒိပနိ၌–

ပထမစျာနပရိကမ္မံ ဣဒ္ဓိပါဒေါ နာမ၊ ပထမစျာနံ ဣဒ္ဓိ နာမ။ ပဋိလာဘေနပိ ဒီပေတုံ ဝဋ္ဌတိ၊ ပထမစျာနံ ဟိ ဣဒ္ဓိပါဒေါ နာမ၊ ဒုတိယစျာနံ ဣဒ္ဓိ နာမ၊ သေသစျာနေသုပိ အယံ နယော၊ သောတာပတ္တိမဂ္ဂဿ ဝိပဿနာ ဣဒ္ဓိပါဒေါ နာမ၊ သောတာပတ္တိမဂ္ဂေါ ဣဒ္ဓိ နာမ၊ သေသမဂ္ဂေသုပိ အယံ နယော–

ဟူ၍ ဆိုတော်မူသည်။

၃၅၈-ဣန္ဒြေငါးပါးကို ပြခြင်း

ဣန္ဒတ္တံ ကရောတီတိ ဣန္ဒြိယံ။

ဣန္ဒတ္တံ၊ အစိုးရသောအဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယ မည်၏။

လောကုတ္တရာစိတ်ရှစ်ခုဉ်ရှိသော သဒ္ဓါသည် သဒ္ဓိန္ဒြေ မည်၏။ ဝီရိယသည် ဝီရိယိန္ဒြေမည်၏။ သတိသည် သတိန္ဒြေ မည်၏။ ဧကဂ္ဂတာသည် သမာဓိန္ဒြေ မည်၏။ ပညာသည် ပညိန္ဒြေမည်၏။

၃၅၉-ဗိုလ်ငါးပါးကို ပြခြင်း

ဗလတိ သမ္ပယုတ္တဓမ္မေသု ဥပတ္ထမ္ဘေတီတိ ဗလံ။

သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရားတို့၌။ ဗလတိ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗလံ၊ ဗိုလ်မည်၏။

လောကုတ္တရာစိတ်ရှစ်ခုဉ်ရှိသော သဒ္ဓါသည် သဒ္ဓါဗိုလ်မည်၏။ ဝီရိယသည် ဝီရိယဗိုလ်မည်၏။ သတိသည် သတိဗိုလ်မည်၏။ ဧကဂ္ဂတာသည် သမာဓိဗိုလ်မည်၏။ ပညာသည် ပညာဗိုလ်မည်၏။

၃၆၀-ဗောဇ္ဈင်၇-ပါးကို ပြခြင်း

အရိယသစ္စာနိ ဗုဇ္ဈတိ ဧတာယာတိ ဗောတိ၊ ဓမ္မသာမဂ္ဂိ။ ။ဗောဓိ-ယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။

http://www.dhammadownload.com

တောယ ဓမ္မသာမဂ္ဂိယာ၊ ဤသတိ,ပညာ စသောတရားတို့၏ ညီညွတ်ခြင်းဖြင့်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထိုသို့သိကြောင်းဖြစ်သောသတ္တိကြောင့်။ ဗောဓိ၊ ဗောဓိ မည်၏။ ဓမ္မသာမဂ္ဂိ၊ တရားအပေါင်းတို့၏ ညီညွတ်ခြင်းကို။ လဘတိ၊ ရ၏။

ဗောဓိယာ၊ သိတတ်သော တရားအပေါင်း၏။ အင်္ဂေါ၊ အစိတ်တည်း။ ဗောဇ္ဈင်္ဂေါ။ သိတတ်သောတရားအပေါင်း၏အစိတ်။

လောကုတ္တရာစိတ် ရှစ်ခုဉ်ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏။ ဆင်ခြင်ရွေးချယ်ဟတ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏။ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။ ပီတိသည် ပီတိသမ္ဗောဇ္ဈင် မည်၏။ ပဿဒ္ဓိသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏။ ဧကဂ္ဂတာသည် သမာဓိ-သမ္ဗောဇ္ဈင် မည်၏။ ထိုထိုသောအာရုံ၌ လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏။ ဤသို့ သတ္တိအထူးအားဖြင့် ၇-ပါးအပြားရှိ၏။

ထို ၇-ပါးသောတရားတို့သည် ဉာဏ်၏ဥပနိဿယဖြစ်၍ အရိယသစ္စာကို သိခြင်းကိစ္စကို လွန်စွာပြီးစေတတ်ရကား ဗောဇ္ဈင် မည်၏ ဟူလိုသည်။

ဥပမာကား–တိက္ခပညာပုဂ္ဂိုလ်အား ငယ်ရွယ်သောအခါက သိတတ်သော ပညာရှိကြားသော်လည်း ထောက်ပံ့တတ်သော ပကတူပနိဿယ နည်းရကား များစွာ မသိနိုင်။ ကြီးရင့်သောအခါ၌ကား မေးမြန်းခြင်း, နည်းခံခြင်း, အတုယူခြင်း, အကြားအမြင်များခြင်း, သင်ခြင်း, စဉ်းစားခြင်း, များစွာ နှလုံးသွင်းခြင်းအစရှိသော ဥပနိဿယ အားကြီးရကား သူတပါးသိနိုင်ခဲသော အရာ မသိတူးသောအရာတို့ကို ထင်စွာသိနိုင်သကဲ့သို့ပင် မှတ်ရမည်။

ဤဥပမာ၌ မေးမြန်းခြင်း, နည်းခံခြင်း,အကြားအမြင်များခြင်း, သင်ခြင်း, နှလုံးသွင်းခြင်းတို့သည် သိတတ်သောဉာဏ်၏ အဖော်သာ ဖြစ်ကုန်သကဲ့သို့ သတိ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာတို့လည်း ဓမ္မဝိစယ၏ အဖော်သာဖြစ်ကုန်၍ သိခြင်းကိစ္စကို ပြီးကုန်ရကား ၇-ပါးလုံးပင် ဗောဇ္ဈင် မည်လေသည်။

၃၆၁-မဂ္ဂင်ရှစ်ပါးကို ပြဆိုခြင်း

ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။

မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ။

http://www.dhammadownload.com

ယော ဓမ္မသမ္ဗုဟော၊ အကြင်တရားအပေါင်းသည်။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ ပယ်သတ်လျက်။ ဂစ္ဆံတိ၊ နိဗ္ဗာန်သို့သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မသမ္ဗုဟော၊ ထိုတရားအပေါင်းသည်။ မဂ္ဂါ၊ မဂ္ဂမည်၏။

မဂ္ဂဿ၊ မဂ်၏။ အင်္ဂါနိ၊ အစိတ်တို့တည်း။ မဂ္ဂင်္ဂါနိ၊ မဂ်၏အစိတ်တို့။ လောကုတ္တရာစိတ်၌ ယှဉ်သော ပညာ စေတသိက်သည် မဖောက်မပြန် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ဝိတက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင်မည်၏။

သမ္မာဝါစာသည် သမ္မာဝါစာ မဂ္ဂင်မည်၏။

သမ္မာကမ္မန္တသည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။

သမ္မာအာဇီဝသည် သမ္မာအာဇီဝ မဂ္ဂင်မည်၏။

ဝီရိယသည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

သတိသည် သမ္မာသတိ မဂ္ဂင်မည်၏။

ကေဂ္ဂတာသည် သမ္မာသမာဓိ မဂ္ဂင်မည်၏။

ဤမဂ္ဂင်ဝါရားတို့သည် လောကုတ္တရာစိတ်၌ တပြိုင်နက်ဖြစ်ကုန်၏။ မဟာကုသိုလ်စိတ်ရှစ်ခု၌ကား ဝိရတီ ၃-ပါးတို့သည် တခု တခုစီသာ ဖြစ်ကုန်၏။

၃၆၂-ဗောဓိပက္ခိယတရားကိုယ်ကို ပြခြင်း

မေး။ ။ဗောဓိပက္ခိယ၊ သတ္တိံသဝယ်၊ အရဆိုလျှင်၊ ဝါရားကိုယ် ဘယ်မျှရှိသနည်း။

ဖြေ။ ။ဆန္ဒော စိတ္တမုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံ သပ္ပဘေဒေန၊ သတ္တာခာ တတ္ထ သင်္ဂဟာ။

ဟူသော ဂါထာဖြင့် တရားကိုယ် ၁၄-ပါးပြားကြောင်းကို သင်္ဂြိဟ် အင်္ဂကထာ၌ မိန့်ပြီ။

ဗောဓိပက္ခိယသင်္ဂဟ ပြီး၏။

http://www.dhammadownload.com

သဗ္ဗ သင်္ဂဟ

၃၆၃-ခန္ဓာ ဥပါဒါနက္ခန္ဓာ နှစ်ပါး

ထူးခြားပုံကို ပြခြင်း

မေး။ ။ခန္ဓာနှစ်ထပ်၊ ဟောပေလတ်သည်၊ အထပ်ဘယ်သို့ အကြောင်းနည်း။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဘယ်အရာကြောင့် မည်သနည်း။

ဖြေ။ ။ခံ အတ္တနိစ္စာဒိသုညံ ဓာရေတီတိခန္ဓာ။

ခံ အတ္တနိစ္စာဒိသုညံ၊ ကိုယ်ဟူသောအဖြစ်,မြဲသောအဖြစ်စသည်မှ ဆိတ်ခြင်းကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ (ဒီပနီ)

ခံ-ဣန္ဒြိယံ ဓာရေတီတိ ခန္ဓာ။

ဝါ၊ တနည်းကား။ ခံ-ဣန္ဒြိယံ၊ ဣန္ဒြေရှစ်ပါးကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ (ဧကက္ခရဋ္ဌီကာ)

ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခါဒိတဗ္ဗာတိ ခန္ဓာ။

ဇာတိဇရာမရဏာဒီဟိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း အစရှိကုန်သော။ သံသာရဒုက္ခေဟိ၊ သံသရာ၌ ဖြစ်သော ဆင်းရဲတို့သည်။ ခါဒိတဗ္ဗာ၊ အဖန်တလဲလဲ ခဲအပ်စားအပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ (ကစ္စည်းကျမ်း)

အတီတာနာဂတပစ္စုပ္ပန္နာဒိဘေဒါ တေ သဘာဝဓမ္မာ ရာသဋ္ဌေန ခန္ဓာ။

အတီတာနာဂတပစ္စုပ္ပန္နာဒိဘေဒါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသည် အပြားရှိကုန်သော။ တေ သဘာဝဓမ္မာ၊ ထိုသဘောတရားတို့သည်။ ရာသဋ္ဌေန၊ ပေါင်းစုအပ်သော အနက်ကြောင့်။ခန္ဓာ၊ ခန္ဓာမည်ကုန်၏။(သမ္မောအဋ္ဌကထာ)

ဤဝစနတ်ဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဋ္ဌာရိက, သုခုမ, ဟီန, ပဏိတ, ဒူရ, သန္တိက တည်းဟူသော ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော ရုပ်တရားသည် ရူပက္ခန္ဓာ မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော ဝေဒနာတရားသည် ဝေဒနာက္ခန္ဓာ မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော သညာတရားသည် သညာက္ခန္ဓာ မည်၏။

http://www.dhammadownload.com

ဤ ၁၁-ပါးသော ဧကာဒ္ဒသဖြင့် ပေါင်းစုအပ်သော ဖဿ, စေတနာ စသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏။

ဤ ၁၁-ပါးသော ဧကာဒ္ဒသဖြင့် ပေါင်းစုအပ်သော စိတ်တရားသည် ဝိညာဏက္ခန္ဓာ မည်၏—ဟူသောအနက်ကို ပြသည်။

ဤ ၁၁-ပါးသော ဧကာဒ္ဒသ မရှိသောကြောင့် နိဗ္ဗာန်သည် ခန္ဓာဟူသော ဧရတွက်ခြင်းမှ လွတ်၏။

ဤနောက်နည်း၌ ခန္ဓသဒ္ဒါသည် အစုဟူသောအနက်ကိုဟောသော အနိပ္ဖန္နပါဠိပဒီကပုဒ်ဟု ယူသည်။

ရွှေဝစနတ်ဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့သည် ဇာတိစသောသံသရာ ဆင်းရဲတို့သည် ခဲအပ်စားအပ်သောကြောင့် ခန္ဓာမည်၏ ဟုဆိုသဖြင့် ထိုဆင်းရဲတို့သည် မခဲမစားအပ်သော နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

တရားကိုယ်တပါး ပြစ်ဆော်ခြားလည်း
ခန္ဓာမည်ပုံကို ပြခြင်း

အပေါင်းအစုဖြစ်သော အနက်ကြောင့် ခန္ဓာမည်၏ ဆိုသော် အပေါင်းမရှိသော ရူပါရုံတခုသည် ခန္ဓာမမည်ပြီလော ဟူငြားအံ့၊ ဤရူပါရုံသည် အတိတ်၌လည်းဖြစ်ပြီ, ပစ္စုပ္ပန်လည်းဖြစ်ဆဲ, အနာဂတ်၌လည်း ဖြစ်လတ္တံ့ ဤသို့ ဘာဏ်ဖြင့် ပိုင်းခြားသော် ၁၁-ပါးသော အစုရှိသည်သာ ဖြစ်ရကား ရူပါရုံတခုသည်ပင် ခန္ဓာမည်၏ ဟူပေ။ ဝေဒနာ, သညာ, စသည်တို့၌လည်း ဤနည်းတူ။

အချို့ဆရာတို့ကား အပါင်း၏ အမည်ကို အစိတ်၌တင်စား၍ အဝယဝူပစာအားဖြင့် ခန္ဓာမည်သည်ဟု ဆို၏။ မသင့်ပေ။

ထိုခန္ဓာတို့၏ သရုပ်ကား-

၁။ ဂူန္ဒြိယပဒဖြစ်သော ရုပ်အဒ္ဓဝိသသည် ရူပက္ခန္ဓာ မည်၏။

၂။ စိတ်တခုယုတ် ၉၀-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ ဝေဒနာ, သညာ မှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊

http://www.dhammadownload.com

၅။ အကျဉ်း တခုယုတ် ၉၀-အကျယ် ၁၂၁-ပါးသော စိတ်သည် ဝိညာဏ-ကွန္ဓာမည်၏။

ဤခန္ဓာငါးပါးကိုပင် ဥပါဒါန်၏ အာရုံဖြစ်ထိုက်သည်ကို သီးသန့်၍ ဥပါဒါ-နကွန္ဓာ ဟူသောအမည်ဖြင့် ဟောတော် မူပြန်သည်။

သရုပ်အားဖြင့်ကား-

၁။ ရုပ် ၂၈-ခုသည် ရူပုပါဒါနကွန္ဓာ မည်၏

၂။ လောကီစိတ် ၈၁-ခုဌ်ရှိသော ဝေဒနာသည် ဝေဒနုပါဒါနကွန္ဓာ မည်၏။

၃။ ၎င်းစိတ် ၈၁-ခုဌ်ရှိသော သညာသည် သညုပါဒါနကွန္ဓာမည်၏။

၄။ ၎င်းစိတ် ၈၁ ခုဌ်ရှိသော စေတသိက်ပညာသည် သင်္ခါရုပါဒါနကွန္ဓာ မည်၏။

၅။ လောကီစိတ်သည် ဝိညာဏုပါဒါနကွန္ဓာ မည်၏။

ဤနှစ်ပါးအထူးကား ခပ်သိမ်းသော စတုဘူမက တရားတို့ကို လောကီ လောကုတ်မခွဲပဲ ငါးစုပြု၍သာ ဟောတော်မူသည်ကား ခန္ဓာ မည်သည်၊ လောကီ တရားကိုသာ ငါးစုပြု၍ ဟောသည်ကား ဥပါဒါနကွန္ဓာ မည်သည်။ ဤသို့ထူး ကြ၏။

ထိုကြောင့် ရုပ်သည် လောကီစင်စစ်ဖြစ်ရကား ရုပ်အစုနှင့်တကွ လောကီနာမကွန္ဓာ လေးပါးသည် ခန္ဓာလည်းမည်၏။ ဥပါဒါနကွန္ဓာလည်းမည်၏။ လောကုတ္တရာ နာမကွန္ဓာ လေးပါးသည်ကား ခန္ဓာသာမည်၏။ ဥပါဒါနကွန္ဓာ မမည်ဟု မှတ်ရမည်။

၃၆၄-ခန္ဓာငါးပါးကို ဥပမာအားဖြင့် ပြဆိုခြင်း

ဥပါဒါနာနံ ဂေါစရဘူတာနီ ခန္ဓာနီတိ ဥပါဒါနကွန္ဓာနိ။

ဥပါဒါနာနံ၊ ဥပါဒါန် တထုးလေးပါးတို့၏။ ဂေါစရဘူတာနိ၊ ကျက်စားရာ အာရုံဖြစ်ကုန်သော။ ခန္ဓာနိ၊ ခန္ဓာတို့တည်း။ ဣတိအသွာ၊ ထို့ကြောင့် ဥပါဒါ-နကွန္ဓာနိ၊ ဥပါဒါနကွန္ဓာ မည်ကုန်၏။

ထိုခန္ဓာငါးပါးတို့ကို ဥပမာအားဖြင့် ဘယ်သို့ သိအပ်သနည်း ဟူမူကား-

ဂိလာနသာလုပမော ရူပကွန္ဓော၊ ဂေလညုပမော ဝေဒနုပါဒါ-နကွန္ဓော၊ ဂေလည သမုဋ္ဌာနုပမော သညုပါဒါနကွန္ဓော၊ အသပ္ပါယ-

http://www.dhammadownload.com

သေဝနုပမော သခ်ါရုပါဒါနက္ခန္ဓော၊ ဂိလာနုပမော ဝိညာဏုပါဒါ-နက္ခန္ဓော–

ဟူသောပါဠ်နှင့်အညီ–ရူပက္ခန္ဓာသည် သူနာဇရပ်နှင့် တူ၏။ ဘယ့်ကြောင့်နည်းဟူမူ ဝိညာဏုပါဒါနက္ခန္ဓာ တည်းဟူသော သူနာ၏ မှီခိုရာ သွားလာထွက်ဝင်ရာ ဖြစ်သောကြောင့်တည်း။

ဝေဒနုပါဒါနက္ခန္ဓာသည် အနာရောဂါနှင့် တူ၏၊ ဘယ့်ကြောင့်နည်းဟူမူ-ကျင်နာကိုက်ခဲ့တတ်သည်၏ အဖြစ်ကြောင့်တည်း။

သညုပါဒါနက္ခန္ဓာသည် အနာ၏ ဖြစ်ကြောင်းဖြစ်သော ဓာတ်မညီညွတ်ခြင်းနှင့် တူ၏။ ဘယ်ကြောင့်နည်းဟူမူ- သုဘ, သုခ, နိစ္စဟူသော အမှတ်ရှိသောကြောင့်တည်း။

သခ်ါရုပါဒါနက္ခန္ဓာသည် မလျောက်ပတ်သော ဆေးဝါး, အစာ အာဟာ-ရနှင့် တူ၏။ ဘယ့်ကြောင့်နည်းဟူမူ - ဝေဒနာ တည်းဟူသော ရောဂါ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်တည်း။

ဝိညာဏုပါဒါနက္ခန္ဓာသည် သူနာနှင့် တူ၏။ ဘယ့်ကြောင့်နည်းဟူမူ-ဝေဒနာ တည်းဟူသော ရောဂါဖြင့် မပြတ်နှိပ်စက် သောကြောင့်တည်း။

တနည်းကား—

ရူပုပါဒါနက္ခန္ဓာသည် ထမင်းထည့်ရာခွက်နှင့်တူ၏။

ဝေဒနုပါဒါနက္ခန္ဓာသည် ဘောဇဉ်နှင့် တူ၏။

သညုပါဒါနက္ခန္ဓာသည် ဟင်းလျာနှင့် တူ၏။

သခ်ါရုပါဒါနက္ခန္ဓာသည် ထိုဘောဇဉ် ဟင်းလျာတို့ကို ရှာမှီးမှုံးစုသည်နှင့် တူ၏။

ဝိညာဏုပါဒါနက္ခန္ဓာသည် ထိုဘောဇဉ်ဟင်းလျာ တို့ကို စားသောသူနှင့် တူ၏၊

တနည်းကား–

ရူပက္ခန္ဓာသည် ရေမြှုပ်စိုင်နှင့် တူ၏။

ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏။

သညာက္ခန္ဓာသည် တံလှပ်နှင့် တူ၏။

သခ်ါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူ၏။

http://www.dhammadownload.com

ဝိညာဏက္ခန္ဓာသည် မျှက်လှည့်သည်နှင့် တူ၏။
ဤသို့ ဥပမာအားဖြင့် သိရှုသည်။ (ဒီပနီ)

၃၆၅-အာယတန ၁၂-ပါးကို ပြဆိုခြင်း

အာယဘူတေ ဓမ္မေ ဇာနေန္တိ ဝိတ္ထာရေန္တိတိ အာယတနာနိ။
အာယတံ သံသာရဒုက္ခံ နယန္တိတိ အာယတနာနိ။

အာယဘူတေ၊ ထိုထိုသောဒွါရအာရုံဒွါဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ တနေန္တိ ဝိတ္ထာရေန္တိ၊ ခွဲခြတတ်ကုန်၏။ ဤတိ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတနမည်ကုန်၏။

ဝါ၊ တနည်းကား။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာဒွါဖြစ်သော ဆင်းရဲကို။ နယန္တိ၊ ဆောင်တတ်ကုန်၏။ ဤတိ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတန မည်ကုန်၏။

ဒွါရ, အာရုံအားဖြင့် ရွှေ့ရှုဖြစ်ကြသော တရားတို့ကို ရှေးဦး မထင်ရှားသည်တို့ကို ထင်ရှားအောင်ပြု၍ မတပ်မက်သည်ကို တပ်မက်အောင်ပြု၍ ခွဲခြတတ်သောကြောင့်ရင်း, သံသရာဒုက္ခကို ရှည်အောင် ဆောင်တတ်သောကြောင့်ရင်း လောကီတရားတို့သည် အာယတနမည်ကုန်သည်။

လောကုတ္တရာတရားတို့မူကား အာရုံမဖြစ်ကြသော စိတ်, စေတသိက်တို့၏ အကြောင်းဖြစ်၍ အာယတနမည်သည်။

၃၆၆-အာယတန ၁၂-ပါးသဘော်ကို ပြဆိုခြင်း

သရုပ်အားဖြင့်ကား—

၁။ စက္ခာယတန၊	၁။ ရူပါယတန၊
၂။ သောတာယတန၊	၂။ သဒ္ဒါယတန၊
၃။ ဃာနာယတန၊	၃။ ဂန္ဓာယတန၊
၄။ ဇိဝှါယတန၊	၄။ ရသာယတန၊
၅။ ကာယာယတန၊	၅။ ဖောဋ္ဌဗ္ဗာယတန၊
၆။ မနာယတန-	၆။ ဓမ္မာယတန-
ဟူ၍ ဒွါရအားဖြင့် ၆-ပါး။	ဟူ၍ အာရုံအားဖြင့် ၆-ပါးပြားသည် ဖြစ်၍ ၁၂-ပါးရှိသတည်း။

http://www.dhammadownload.com

ထို ၁၂-ပါးတို့တွင် ကမ္မဇရုပ်ဖြစ်သော—

၁။ စက္ခုပသာဒသည် စက္ခာယတနမည်၏။

၂။ သောတပသာဒသည် သောတာယတနမည်၏။

၃။ ဃာနပသာဒသည် ဃာနာယတနမည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။

၅။ ကာယပသာဒသည် ကာယာယတနမည်၏။

၆။ စိတ်တခုယုတ် ၉၀-သည် မနာယတနမည်၏။

၇။ စတုသမုဋ္ဌာနိကရုပ်ဖြစ်သော ရူပါရုံ, ဥတုဇဖြစ်သော ရူပါရုံသည် ရူပါယတနမည်၏။

၈။ စိတ္တဇ, ဥတုဇအားဖြင့် ဒ္ဒိသမုဋ္ဌာနိကဖြစ်သော သဒ္ဒါရုံသည် သဒ္ဒါ-ယတနမည်၏။

၉။ စတုသမုဋ္ဌာနိကဖြစ်သော ဂန္ဓာရုံ, ဥတုဇဖြစ်သော ဂန္ဓာရုံသည် ဂန္ဓာ-ယတနမည်၏။

ထို့အတူ—

၁၀။ ရသာရုံသည် ရသာယတနမည်၏။

၁၁။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

၁၂။ စေတသိက် ဒ္ဒေပညာသ သုခုမရုပ်သောဋ္ဌသ နိဗ္ဗာန်အားဖြင့် ၆၉-ပါး သော ဓမ္မာရုံသည် ဓမ္မာယတနမည်၏။

ဤသို့ သတ္တိအားဖြင့် ၁၂ ပါး ပြားသတည်း။

ဥပမာအားဖြင့်ကား—အဇျတ္တိကာယတန ၆-ပါးတို့သည် ငြိမ်သက်စွာ နေသော ရွာသူရပ်သားတို့နှင့် တူ၏။

ဗာဟိရာယတန ၆-ပါးတို့သည် ရွာကိုဖျက်ဆီးသော ခိုးသားတို့နှင့်တူ၏။

တနည်းကား—အဇျတ္တိကာယတန ၆-ပါးတို့သည် ယောဂျားကို တောင့်တ ကာနေသော သမီးလုလင်နှင့် တူ၏။

ဗာဟိရာယတန ၆-ပါးတို့သည် ထိုမိန်းမငယ်တို့ကို သွေးဆောင်သော ယောဂျားနှင့် တူ၏။ ဤသို့ သိရာသည်။

http://www.dhammadownload.com

ဓာတ် ၁၈-ပါးကို ပြဆိုခြင်း

အနေကပ္ပကာရံ သံသာရဒုက္ခံ မိယန္တိ ဝိဓဟန္တိ ဥပ္ပါဒေန္တိတိ ဓာတုယော။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အနေကပ္ပကာရံ၊ များသောအပြားရှိသော။ သံသာရဒုက္ခံ၊ သံသရာဌ်ဖြစ်သော ဆင်းရဲကို။ မိယန္တိ ဝိဓဟန္တိ၊ စီရင်တတ်ကုန်၏။ ဝါ-မိယန္တိ ဥပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

အတ္တနော သဘာဝံ ဓာရေန္တိတိ ဓာတုယော။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

ဝန်ထမ်းသော သူတို့သည် မိမိတို့၏ ထမ်းရန်ဝန်ကို ဆောင်ရဘိသကဲ့သို့ ခန္ဓာဘည်းဟူသောဝန်ကို ဆောင်ရသော သတ္တဝါတို့သည် ခန္ဓာဌ်အကျုံးဝင်သော ဤတရားတို့ကို ဆောင်တတ်သောကြောင့်ရင်း, ဒဿနကိစ္စ, သဝနကိစ္စအစရှိသော မိမိသဘောကို ဆောင်တတ်သောကြောင့်ရင်း ဓာတ်မည်၏ဟု ဆိုလိုသည်။

ဓာတ် ၁၈-ပါးသရုပ်ကိုပြခြင်း

ထိုဓာတ်တို့သည် သရုပ်အားဖြင့်

၁။ စက္ခုဓာတ်၊	၁။ ရူပဓာတ်၊	၁။ စက္ခုဝိညာဏဓာတ်၊
၂။ သောတဓာတ်၊	၂။ သဒ္ဒဓာတ်၊	၂။ သောတဝိညာဏဓာတ်၊
၃။ ဃာနဓာတ်၊	၃။ ဂန္ဓဓာတ်၊	၃။ ဃာနဝိညာဏဓာတ်၊
၄။ ဇိဝှါဓာတ်၊	၄။ ရသဓာတ်၊	၄။ ဇိဝှါဝိညာဏဓာတ်၊
၅။ ကာယဓာတ်၊	၅။ ဖောဋ္ဌဗ္ဗဓာတ်၊	၅။ ကာယဝိညာဏဓာတ်၊
၆။ မနောဓာတ်၊	၆။ ဓမ္မဓာတ်-	၆။ မနောဝိညာဏဓာတ်-
ဟူ၍ ဒွါရအားဖြင့် (၆)ပါး။	ဟူ၍ အာရုံအားဖြင့်(၆)ပါး။	ဟူ၍ ဒွါရအာရုံဌ် ဖြစ်သော ဝိညာဉ်အားဖြင့်(၆)ပါးရှိသည်ဖြစ်၍ ၁၈-ပါးပြားသတည်း။

ထိုဝ၈-ပါးတို့တွင်—

၁။ စက္ခုပသာဒသည် .... စက္ခုဓာတ်မည်၏။

၂။ သောတပသာဒသည် .... သောတဓာတ်မည်။

http://www.dhammadownload.com

၃။ ဃာနပသာဒသည် .... ဃာနဓာတ်မည်၏။
၄။ ဇိဝှါပသာဒသည် .... ဇိဝှါဓာတ်မည်၏။
၅။ ကာယပသာဒသည် .... ကာယဓာတ်မည်၏။
၆။ ပဉ္ဇဒ္ဓါရဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေသည် .... မနောဓာတ်မည်၏။
၇။ ရူပါရုံသည် .... ရူပဓာတ်မည်၏။
၈။ သဒ္ဒါရုံသည် .... သဒ္ဒဓာတ်မည်၏။
၉။ ဂန္ဓာရုံသည် .... ဂန္ဓဓာတ်မည်၏။
၁၀။ ရသာရုံသည် .... ရသဓာတ်မည်၏။
၁၁။ ဖောဋ္ဌဗ္ဗာရုံသည် .... ဖောဋ္ဌဗ္ဗဓာတ်မည်၏။
၁၂။ ဓမ္မာရုံသည် .... ဓမ္မဓာတ်မည်၏။
၁၃။ စက္ခုဝိညာဉ်ဒွေသည် .... စက္ခုဝိညာဏဓာတ် မည်၏။
၁၄။ သောတဝိညာဉ်ဒွေသည် ....သောတဝိညာဏဓာတ်မည်၏။
၁၅။ ဃာနဝိညာဉ်ဒွေသည် .... ဃာနဝိညာဏဓာတ်မည်၏။
၁၆။ ဇိဝှါဝိညာဉ်ဒွေသည် .... ဇိဝှါဝိညာဏဓာတ် မည်၏။
၁၇။ ကာယဝိညာဉ်ဒွေသည် .... ကာယဝိညာဏဓာတ်မည်၏။
၁၈။ ဒွေပဉ္ဇဝိညာဉ် ၁၀-မနောဓာတ် ၃-ခု ကြွင်းသော ၇၆-ပါးသော စိတ်သည် မနောဝိညာဏဓာတ် မည်၏။

၃၆၇-ဓာတ်တပါးသည် ဓာတ်တပါးအား

ကျေးဇူးပြုပုံ

ပဋ္ဌာန်းပစ္စည်းတပ်သော နည်းအားဖြင့်ကား-

စက္ခုဓာတ်သည် စက္ခုဝိညာဏဓာတ်အား ဝိပ္ပယုတ္တ, ပုရေဇာတ, အတ္ထိ, အဝိဂတ, နိဿယ, ဣန္ဒြိယ တည်းဟူသော ၆-ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ရူပဓာတ်သည် စက္ခုဝိညာဏဓာတ်အား ပုရေဇာတ, အတ္ထိ, အဝိဂတ အာရမ္မဏ ဟူသော ၄-ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

ဤအတူ သောတဝိညာဓတ် စသည်တို့၌လည်း သိအပ်၏။

ပဥ္စဒ္ဒါရာဝဇ္ဇန်းတည်းဟူသော မနောဓာတ်သည် ပဥ္စဝိညာဏဓာတ်တို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အနန္တရူပနိဿယ တည်းဟူသော ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ထိုပဥ္စဝိညာဏ ဓာတ်သည် သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်အား,

သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်သည် သန္တီရဏ ဟူသော မနောဝိညာဏ ဓာတ်အား,

သန္တီရဏသည် ဝုဋ္ဌောဟူသော မနောဝိညာဏဓာတ်အား၎င်း ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ပဏမဇောသည် ဒုတိယဇောအား, ဒုတိယဇောသည် တတိယဇောစသည် အား ယခင် ၅-ပစ္စည်းတွင် အာသေဝနကို ထည့်၍ ၆-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

သတ္တမဇောသည် တဒါရုံအား၎င်း, ဘဝင်အား၎င်း ယခင် ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ဤသို့စသည်ဖြင့် သိရာသည်။

၃၆ဂ-ဓာတ်တရားတို့ကို ဥပမာအားဖြင့်ပြခြင်း

ဥပမာအားဖြင့်ကား—

စက္ခုဓာတ်ကို .... စည်မျက်နှာပြင်ကဲ့သို့,
ရူပဓာတ်ကို .... စည်လက်ခတ်ကဲ့သို့,
စက္ခုဝိညာဏဓာတ်ကို.... စည်သံကဲ့သို့ မှတ်အပ်၏။

တနည်းလည်း—

စက္ခုဓာတ်ကို ကြေးမုံပြင်ကဲ့သို့
ရူပဓာတ်ကို မျက်နှာကဲ့သို့
စက္ခုဝိညာဏဓာတ်ကို ထင်သောမျက်နှာရိပ်ကဲ့သို့ မှတ်အပ်၏။

တနည်းလည်း—

စက္ခုဓာတ်ကို .... ကြံ နှမ်း ကဲ့သို့,
ရူပဓာတ်ကို ကြံညှစ် ဆီညှစ် ယန္တရားကဲ့သို့,
စက္ခုဝိညာဏဓာတ်ကို .... ကြံရည်ဆီကြည်ကဲ့သို့ မှတ်အပ်၏။

http://www.dhammadownload.com

ကြွင်းသောဓာတ်တို့၌လည်း ဤနည်းကို မှီ၍သိရာသည်။

၃၆၉-သစ္စာလေးပါးကို ပြဆိုခြင်း

အရိယန္တိ ဉာယန္တိ ဗုဒ္ဓါဒီဟိတိ အရိယာနိ။

သတနံ သစ္စံ။ အရိယာနိ စ တာနိ သစ္စာနိစာတိ အရိယသစ္စာနိ။

အရိယေဟိ ဗုဇ္ဈိတဗ္ဗာနိ သစ္စာနိ အရိယသစ္စာနိ။

ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည်။ အရိယန္တိ ဉာယန္တိ၊ သိအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အရိယာနိ၊ အရိယာမည်ကုန်၏။

သတနံ၊ မဖောက်မပြန် ဟုတ်မှန်ခြင်းတည်း။ သစ္စံ၊ မဖောက်မပြန်ဟုတ်မှန်ခြင်း။

အရိယာနိစ၊ ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည် သိအပ်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထို သိအပ်သော တရားတို့သည်။ သစ္စာနိ စ၊ မဖောက်မပြန် မှန်ကန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါး သော သတ္တိကြောင့်။ အရိယသစ္စာနိ၊ အရိယသစ္စာမည်ကုန်၏။

ဝါ၊ တနည်းကား။ အရိယေဟိ၊ မြတ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဗုဇ္ဈိတဗ္ဗာနိ၊ သိအပ်ကုန်သော။ သစ္စာနိ၊ သစ္စာတို့တည်း။ အရိယသစ္စာနိ၊ မြတ်ကုန်သော ပုဂ္ဂိုလ်တို့သည် သိအပ်ကုန်သော သစ္စာတို့။

ဤအရိယာသစ္စာမည်သော တရားတို့သည် သရုပ်အားဖြင့်-

၁။ ဒုက္ခသစ္စာ၊ ၂။ နိရောဓသစ္စာ၊

၂။ သမုဒယသစ္စာ၊ ၄။ မဂ္ဂသစ္စာ-

ဟူ၍ ၄-ပါးအပြားရှိကုန်သည်။

ထို ၄-ပါးတို့တွင် ဣန္ဒြိယဗဒ္ဓဖြစ်သော ရုပ်အဌဝီသ, လောကီစိတ် ဧကာသီတိ, လောဘ ကြဉ်သော စေတသိက် ဧကပညာသ ဤတေဘုမ္မက ဝဋ္ဌတရားတို့သည် ဒုက္ခသစ္စာမည်၏။

ထို ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော တဏှာဟူသော လောဘသည် သမုဒယသစ္စာ မည်၏။

ထို ဒုက္ခသမုဒယ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ဤသို့ တရားကိုယ်အားဖြင့် ၄-ပါး ပြားကုန်သတည်း။

http://www.dhammadownload.com

၃၇၀-သစ္စာအနုက် ၁၆-ချက်ကို မြဆိုခြင်း

ဖေး။ ။သစ္စာတချက်၊ အနုက်ရှုဤ၊ လေးပါးဝိ၊ လေးလီဘယ်သို့ ဖြားသနည်း။

ဖြေ။ ။ထိုသစ္စာ ၄-ပါး၏ အနုက် ၁၆-ချက် ဟူသည်ကား-

ဒုက္ခသစ္စာ၌-

၁။ ပိဋ္ဌနဒု=နှိပ်စက်တတ်သော အနုက်၊

၂။ သန်္တတဒု=ပြုပြင်အပ်သော အနုက်၊

၃။ သန္တာပဒု=ပူပန်စေကုန်သော အနုက်၊

၄။ ဝိပရိဏာမဒု=ဖောက်ပြန်တတ်သော အနုက်-

အားဖြင့် ၄-ပါးဖြစ်သတည်း။

ဤ ၄-ပါးတို့တွင် ပထမအနုက်ကား မိမိ၏သဘောဖြစ်သော အနုက်တည်း။

ဒုတိယကား အားတုတ်တတ်သော သမုဒယသစ္စာကို ထောက်သဖြင့် သိအပ်သော အနုက်တည်း။

တတိယကား ပူပန်ခြင်းကို ငြိမ်းစေသော မဂ္ဂသစ္စာကို ထောက်သဖြင့် သိအပ်သော အနုက်တည်း။

စတုတ္ထကား မဖောက်ပြန်သော နိဗ္ဗာန်သစ္စာကို ထောက်သဖြင့် သိအပ်သော အနုက်တည်း။ (သ,မ,နီ။)

သမုဒယသစ္စာ၌-

၁။ အာယူဟနဒု=ဝဋ်ဆွဲငင်းရဲကို ရခြင်းငှာ အားထုတ်တတ်ခသော ဒုနုက်၊

၂။ နိဒါနဒု=ဆင်းရဲ၏ အကြောင်းဖြစ်သော အနုက်၊

၃။ သံယောဂဒု=ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော အနုက်၊

၄။ ပလိဗောဓဒု=ဝဋ်ဥ၌ မပြတ်နှောင်ဖွဲ့တတ်သော အနုက်-

အားဖြင့် ၄ ပါးဖြစ်သတည်း။

ဤ ၄-ပါးတွင် ပထမအနုက်ကား-မိမိ၏သဘောအားဖြင့် ထင်ရှားသော အနုက်တည်း။

http://www.dhammadownload.com

ဒုတိယအနက်ကား အကျိုးဖြစ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား ဝဋ်၌ မယှဉ်သော နိရောဓသစ္စာကို ထောက်သဖြင့် ထင်ရှား၊ သော အနက်တည်း။

စတုတ္ထကား ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။ (ဒု,နိ,မာ။)

နိရောဓသစ္စာ၌—

၁။ နိဿရဏတ္ထ=ဝဋ်မှ ထွက်မြောက်တတ်သော အနက်၊

၂။ ဝိဝေကတ္ထ=ဆိတ်ငြိမ်တတ်သော အနက်၊

၃။ အသင်္ခတတ္ထ=မပြုပြင်အပ်သော အနက်၊

၄။ အမတတ္ထ=မသေဆုဖြစ်သော အနက်—

အားဖြင့် ၄-ပါးဖြစ်သတည်း။

ဤ ၄-ပါးတွင် ပထမအနက်ကား မိမိ၏သဘောလက္ခဏာဖြစ်သော အနက်တည်း။

ဒုတိယကား မဆိတ်ငြိမ်တတ်သော သမုဒယသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား အကြောင်းဖြစ်၍ ပြုပြင်တတ်သော မဂ္ဂသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

စတုတ္ထကား သေတတ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။ (သ,မ,ဒု)

မဂ္ဂသစ္စာ၌—

၁။ နိယျာနိကတ္ထ=ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သောအနက်၊

၂။ ပဟတ္တတ္ထ=နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အနက်၊

၃။ ဒဿနတ္ထ=နိဗ္ဗာန်ကို မြင်တတ်သော အနက်၊

၄။ အဓိပတေယျတ္ထ=အကြီးအကဲဖြစ်သောအနက်—

အားဖြင့် ၄-ပါးဖြစ်သတည်း။

http://www.dhammadownload.com

ဤ ၄-ပါးတွင် ပထမအနက်ကား မိမိ၏ သဘောလက္ခဏာဖြစ်သော အနက်တည်း။

ဒုတိယကား ဝဋ္ဌ်နစ်မွန်းကြောင်းဖြစ်သော သမုဒယသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား မြင်နိုင်ခဲသောနိရောဓသစ္စာကို ထောက်သဖြင့်ထင်ရှားသော အနက်တည်း။

စတုတ္ထကား နှိပ်စက်တတ်သောဒုက္ခသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။ ။(သ,နိ,ဒု။)

ဤသို့သစ္စာ ၄-ပါးတွင် တပါး, တပါး၌ ၄-နက် ၄-နက်စီဖြစ်၍ ၁၆-နက်ဖြစ်သတည်း။

၃၇၁-ဋီကာအလာ အရာရာသိဒ္ဓိပေါက်
အဆောင်ဂါထာကို ပြခြင်း

ဤကိုရည်၍ ဋီကာဆရာတို့သည်—

ပဌမံ သကလက္ခဏမေကပဒံ။ ဒုတိယာဒိပဒဿနိဒဿနတော။
သမနီ ဒုနိမာ သမဒူ၊ သနိဒူ ကမတော ဝိဘဇေ ပထမေန ဝိနာ။

ဟူ၍ (သခေ်ပဝဏ္ဏနာဋီကာ-၂၉၆) ဂါထာဆိုတော်မူသည်။

ပဌမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ တခုသောအနက်အဖို့သည်။ သကလက္ခဏံ၊ မိမိ၏သဘောလက္ခဏာ အနက်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒိပဒဿ၊ ဒုတိယအစရှိသောအနက်အဖို့ကို။ သမနီ၊ သမုဒယ, မဂ္ဂ, နိရောဓသစ္စာကိုဌင်း။ ဒုနိမာ၊ ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာကိုဌင်း။ သမဒူ၊ သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာကိုဌင်း။ သနိဒူ၊ သမုဒယ, နိရောဓ, ဒုက္ခသစ္စာကိုဌင်း။ နိဒဿနတော၊ ထောက်ထား၍မြင်အပ်သောကြောင့်။ ပဌမေန၊ ပထမအနက်နှင့်။ ဝိနာ၊ ကင်း၍။ ကမတော၊ အစဉ်အတိုင်း။ ဝိဘဇေ၊ ဝေဖန်ရာ၏။

ဤဂါထာကား-တပါဒ, တပါဒ၌ သ ဂိုဏ်းလေးခုစီရှိသော ဋ္ဌောဋ္ဌက ဂါထာတည်း။ လေနတ် စောင့်သော သ ဂိုဏ်းချည်းဖြစ်၍ဌင်း၊ သစ္စာအနက် ၁၆-ချက် အနက်သဘော မှန်ကန်သည်ဖြစ်၍ဌင်း၊ အာနုဘော် ထက်မြက်လှသည်၊ အကျိုးများစွာပေးနိုင်သည်၊ ထို့ကြောင့် ရှေးသူဟောင်းတို့ အဆောင်အရွက် ပြုကြကုန်သည်။

http://www.dhammadownload.com

မှတ်ချက်။ ။ဤဂါထာကို အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်က ထင်ထင်ရှား ရှား အကျိုးထူးခံစားခွင့်များ ရနိုင်ပေသည်။

၃၇၂-သစ္စဝိမုတ် တရားများကို ပြခြင်း

မေး။ ။မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်၊ သစ္စာလွတ်သည်၊ မချွတ်စင်စစ်မှန်၏ လော။

ဖြေ။ ။တော, တောင်, ရေ, မြေ, သစ်ပင်စသော အဝိညာဏက ရုပ်သည် အနိန္ဒြိယဗန္ဓဖြစ်၍ ဒုက္ခသစ္စာမမည်။ အသက်ရှိသော သတ္တဝါတို့၏ ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်သည်သာလျှင် ဒုက္ခသစ္စာမည်သည်။

လောကီစိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမမည်။ မဂ်စိတ်လေးခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသာလျှင် မဂ္ဂသစ္စာ မည်၏။

မဂ်နှင့်ယှဉ်သော စေတသိက်ဆတ္တိံသတို့တွင် မဂ္ဂင်ရှစ်ပါးမှ တပါးသော စေတသိက် ၂၈-ခု, မဂ်စိတ်အားဖြင့် ၂၉-ပါးသော မဂ်စိတ္တုပ္ပါဒ်တို့သည်၎င်း။ ဖိုလ်စိတ်လေးခု, စေတသိက်ဆတ္တိံသအားဖြင့် ၃၇-ပါးသော ဖိုလ်စိတ္တုပ္ပါဒ် တို့သည်၎င်း မုချအားဖြင့် သစ္စာမမည်၊ သစ္စာ ၄-ပါးမှ လွတ်ရကား သစ္စဝိမုတ် ဖြစ်ကုန်၏။

သဒိသူပစာအားဖြင့်ကား သင်္ခါရဒုက္ခ၌ ဝင်သောကြောင့် ဒုက္ခသစ္စာအဖြစ် ဖြင့် ယူအပ်ကုန်၏။

သဗ္ဗသင်္ဟ ပြီး၏။

၃၇၃-ပုထုဇဉ် နှစ်မျိုးကို ပြဆိုခြင်း

၁။ ပုထုနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော။
ပုထုဇ္ဇနန္တောဂတတ္တာ ပုထုဝါယံ ဇနော ဣတိ။

၂။ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေဘော ပုထုဇ္ဇနော။

တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏ-ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ သော ကလျာဏပုထုဇ္ဇနော။

ပုထုနံ၊ များစွာသောကိလေသာတို့ကို။ ဇနနာဒီဟိ၊ ဖြစ်စေတတ်သည် အစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ် မည်၏။

http://www.dhammadownload.com

ဝါ၊ တနည်းကား။ ပုထုဇ္ဇနန္တောဂတတ္တာ၊ အရိယာတို့၏တရားမှ မျက်ကွယ်ဖြစ်ကုန်သောသူတို့၏ အတွင်းဌာင်သည်၏အဖြစ်ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။

ဝါ၊ တနည်းကား။ အယံ ဇနော၊ ဤသူသည်။ ပုထု၊ အရိယာတို့မှ အသီးအခြားဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။

အန္ဓော၊ ပညာမျက်စိကာဏ်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်လည်း။ ဧကော၊ တယောက်။ ကလျာဏော၊ ပညာမျက်စိကောင်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်လည်း။ ဧကော၊ တယောက်။ ဣတိ၊ ဤသို့။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ကို။ ဒုဝေ၊ နှစ်ယောက်ရှိ၏ဟူ၍။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

တတ္တ၊ ထိုပုထုဇဉ်နှစ်ယောက်တို့တွင်။ ယဿ၊ အကြင်သူအား။ ခန္ဓ ဓာတု-အာယတနာဒီသု၊ ခန္ဓာ, ဓာတ်, အာယတန အစရှိသော ပရမတ်တရားတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာသဝနဓာရဏ ပစ္စဝေက္ခဏာနိ၊ သင်အံခြင်း, မေးမြန်းခြင်း, နာခံခြင်း, ဆောင်ရွက်ခြင်း, ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤပုထုဇဉ်သည်။ အန္ဓပုထုဇ္ဇနော၊ ပညာမျက်စိကာဏ်းသော ပုထုဇဉ်မည်၏။ ယဿ၊ အကြင်ပုထုဇဉ်အား။ တာနိ၊ ထိုခန္ဓာ, အာယတန ဓာတ်စသော ပရမတ်တရားတို့၌ သင်အံခြင်း, မေးမြန်းခြင်း, နာခံခြင်း, ဆောင်ရွက်ခြင်း, ဆင်ခြင်ခြင်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သော၊ ထိုပုထုဇဉ်သည်။ ကလျာဏ-ပုထုဇ္ဇနော၊ ပညာမျက်စိအမြင်ရှိသော ပုထုဇဉ်ကောင်းမည်၏။

ဤသို့ သုမင်္ဂလဝိလာသနီမည်သော သီလကွန်အဋ္ဌကထာဌ်လာရကား သာသနာတော်၌ ကြုံကြိုက်သော အမျိုးကောင်းသားတို့သည် ပညာကာဏ်းသော အန္ဓပုထုဇဉ်အဖြစ်မှလွတ်၍ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်စေခြင်းငှာ စိတ်စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ္တမွေတို့၏သရုပ်ကို ဝေဖန်ကာ ခန္ဓာ အာယတန ဓာတ် သစ္စာတရားတို့ကို မှတ်သားလေ့လာ၍ များစွာနှီးနှောခြင်း, ပြောဟောရာ နာခံခြင်းတို့ကို ပြုကုန်ရာသတည်း။

ဤတွင် သမုစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com



http://www.dhammadownload.com

ပစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

၃၇၄-ပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးဆူးခြားပုံကို ပြခြင်း

မေး။ ။ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၌ ပစ္စည်း ပစ္စယုပ္ပန် အမှုန်ဘယ်သို့ ထားသနည်း။

ဖြေ။ ။ပဋ္ဌိစ္စ ဖလံ ဘောသ္မာ တေ ပဝတ္တာတိတိ ပဒ္ဓယော။

တေသ္မာ၊ ဤအကြောင်းတရားမှ။ ပဋ္ဌိစ္စ၊ စဲ၍။ ဖလံ၊ အကျိုးသည်။ တေ-ပဝတ္တာတိ၊ ဖြစ်တတ်၏။ ဤတိဘသ္မာ၊ ထိုသို့ အကျိုးတရားတို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ပဒ္ဓယော၊ ပစ္စယမည်၏။

ဤသို့သော ဝစနတ္ထနှင့်ညီစွာ ဤအကြောင်းတရားသည် ထင်ရှားရှိလတ်သော် ဤမည်သောအကျိုးတရားသည် ဖြစ်၏ဟူ၍ သိအပ်သောဒို့ရာအကြောင်းအထောက်အပံ့ဖြစ်သောအကြောင်းသည် ပစ္စည်း မည်၏။

ပစ္စယေန ဥပဿံ ပစ္စယုပ္ပန်။

ပစ္စယေန၊ အကြောင်းကြောင့်။ ဥပဿံ၊ ဖြစ်သည်တည်း။ ပစ္စယုပ္ပန်၊ အကြောင်းကြောင့်ဖြစ်သည်။

ဤသို့သော ဝစနတ္ထနှင့်ညီစွာ အကြောင်းကို မှီကာဖြစ်သော အကျိုးတရားတို့သည် ပစ္စယုပ္ပန် မည်၏။

၃၇၅-ပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့ကို ပြခြင်း

ဤအရာ၌ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာသည် လွန်စွာနက်နဲခက်ခဲဆန်းကြယ်သည်ဖြစ်ရကား ဝိဘင်းအဋ္ဌကထာ, ၎င်းဋီကာအဖွင့်တို့ကိုမှီ၍ အမြွက်မျှ ပြလိုက်ဦးအံ့။

၃၇၆-အဝိဇ္ဇာကိုပြခြင်း

အဝိဇ္ဇံယံ ဝိဇ္ဇတိ, ဝိဇ္ဇိယံ နာ ဝိဇ္ဇတီတိ အဝိဇ္ဇာ။

ယော မောဟော၊ အကြောင်းမောဟသည်။ အဝိဇ္ဇိယံ၊ မရအပ်, မနှစ်သက်အပ်သော ကာယဒုစရိုက်စသည်ကို။ ဝိဇ္ဇတိ၊ ရတတ်နှစ်သက်တတ်၏။ ဝိဇ္ဇိယံ၊ ရအပ်, နှစ်သက်အပ်သော ကာယသုစရိုက်စသည်ကို။ နာ ဝိဇ္ဇတိ၊ မရတတ် မနှစ်

http://www.dhammadownload.com

သက်တော်။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော မောဟော၊ ထိုမောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

အဝိန္ဒိယဝိန္ဒာ ဆိုလိုလျက် ဝဏ္ဏနာသ နိရုတ္တိနည်းအားဖြင့် ဝိန္ဒိယဟူသော အက္ခရာကိုချ၍ အဝိဇ္ဇာဆိုသည်ဟူလို။

ဝေဒိတပ္ပံ စတုသစ္စာဒိကံ နာ ဝိဒိတံ ကရောတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊ တနည်းကား။ ယော မောဟော၊အကြောင်မောဟသည်။ ဝေဒိတပ္ပံ၊သိအပ်သိထိုက်သော။ စတုသစ္စာဒိကံ၊ သစ္စာလေးပါးအစရှိသော တရားကို။ နာ ဝိဒိတံ ကရောတိ၊မသိခြင်းကို ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော မောဟော၊ ထိုမောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အဝိဒိတ ကလျာ ဟုဆိုလိုလျက် သုတ်ကြီးဖြင့် အဝိဇ္ဇာပြု၍ ဆိုသည် ဟူလို။

သံသာရ ဝဋ္ဋေ သတ္တော ဇဝါပေတီတိ အဝိဇ္ဇာ။

ယော မောဟော၊ အကြောင်မောဟသည်။ သံသာရဝဋ္ဋေ၊ သံသရာတည်းဟူသောဝဋ်၌။ သတ္တော၊ သတ္တဝါတို့ကို။ ဇဝါပေတိ၊ မျောစေတတ်၏။ ဣတိ-ထသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

အဝိဇ္ဇာ ဧဝ ပစ္စယော အဝိဇ္ဇာပစ္စယော။

အဝိဇ္ဇာ ဧဝ၊အဝိဇ္ဇာသည်သာလျှင်။ ပစ္စယော၊အကြောင်းတည်း။ အဝိဇ္ဇာ-ပစ္စယော၊ အဝိဇ္ဇာသည်သာလျှင် အကြောင်းတည်း။

အဝိဇ္ဇာသည်-

အာရုံ၏ သဘောကို မသိခြင်း လက္ခဏာ,
ပြင်းစွာတွေဝေခြင်း ကိစ္စ,
ဖုံးလွှမ်းတာဘ်သော ပစ္စုပဋ္ဌာန်,
အာသဝေါ လေးပါးလျှင် ပဒဋ္ဌာန် ရှိ၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသောပုဒ်၌ တရားကိုယ် အားဖြင့်ကား ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ, ဟူသောသစ္စာ ၄-ပါး၊ ပုဗ္ဗန္တ, အပရန္တ, ဣဒ-ပ္ပစ္စယတာ,ပဋိစ္စသမုပ္ပန္န ဤဌာနရှစ်တန်ကို ဟုတ်မှန်စွာမသိအောင် ဖုံးလွှမ်း တတ်သော အကုသိုလ်ဒွါဒသင်္ခါရိသော မောဟ စေတသိက်သည် အဝိဇ္ဇာ မည်၏။

ဤအဝိဇ္ဇာသည် ကောင်းမြတ်သော အကျင့်ကို မကျင့်ခြင်း, ယုတ်သော အကျင့်ကို ကျင့်ခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏။

http://www.dhammadownload.com

ဂတိငါးပါး၏ အဖြစ်ကို ဖုံးလွှမ်းသောအားဖြင့်ကား ငါးပါး။

အာရုံခြောက်ပါး၌ ဖုံးလွှမ်းသောအားဖြင့်ကား ခြောက်ပါး အပြားရှိ၏။

၃၇၇-သင်္ခါရကို ပြခြင်း

သင်္ခတံ အဘိသင်္ခရောန္တိတိ သင်္ခါရာ။

ယေ ဓမ္မာ၊ အကြင်ကုသိုလ်, အကုသိုလ်စေတနာတရားတို့သည်။ သင်္ခတံ၊ ပြုပြင်အပ်သော ဝိပါက်ကဋ္ဌတ္တာရုပ်ကို။ အဘိသင်္ခရောန္တိ၊ ပြုပြင်စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပြုပြင်စီရင်တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ သင်္ခါရာ၊ သင်္ခါရ မည်ကုန်၏။

(ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ သံ—ပုဗ္ဗ, ကရဓာတ်, အ—ပစ္စည်း,) အရကား လောကီကုသိုလ်, အကုသိုလ် စေတနာ ၂၉-ခုရ၏။

သင်္ခါရသည်–

ပြုပြင်ခြင်း လက္ခဏာ,

လွှန်စွာအားထုတ်ခြင်း ကိစ္စ,

သမ္ပယုတ်တရားတို့ကို သိစေတတ်သော ပစ္စုပဋ္ဌာန်,

အဝိဇ္ဇာလျှင် ပဒဋ္ဌာန် ရှိ၏၊

သင်္ခါရ အပြား ၃-ပါးကို ပြခြင်း

တရားကိုယ်အားဖြင့်–

အကုသိုလ်ဒွါဒသ, လောကီကုသိုလ် သတ္တရသ၌ ရှိသော စေတနာ ၂၉-ခုသည် သင်္ခါရ မည်၏။

ထိုသင်္ခါရသည်–

၁။ ပုညာဘိသင်္ခါရ၊

၂။ အပုညာဘိသင်္ခါရ၊

၃။ အနဥ္ဇာဘိ သင်္ခါရ၊

ဟူ၍ ၃-ပါးအပြားရှိ၏။

http://www.dhammadownload.com

ထို ၃-ပါးတို့တွင် မဟာကုသိုလ်စိတ် ရှစ်ခုဉ်ရှိသော စေတနာသည် ပဋိသန္ဓေအခါ ကာမသုဂတိဘုံ၌ ပဝတ္တိအခါ ကာမ, ရူပဘုံတို့၌၊ ရူပကုသိုလ်ငါးခုဉ်ရှိသော စေတနာသည် ပဋိသန္ဓေအခါ, ပဝတ္တိအခါ, ရူပ ၁၅-ဘုံ၌ ဝိပါက်ကတ္တာ ရှပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် ပုညာဘိသင်္ခါရ မည်၏။

အကုသိုလ် ဒွါဒသဉ်ရှိသော စေတနာသည် ပဋိသန္ဓေအခါ အပါယ်လေးဘုံ၌ ပဝတ္တိအခါ ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ၌ ဝိပါက်ကဋတ္တာ ရှပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် အပုညာဘိသင်္ခါရ မည်၏။

အရူပကုသိုလ် ၄-ခုဉ်ရှိသော စေတနာသည် အရူပဘုံ၌ ပဋိသန္ဓေ ပဝတ္တိနာမကွန္ဓာတို့ကို ပြုပြင်စီရင်တတ်သောကြောင့် အာနဥာဘိသင်္ခါရ မည်၏။

တနည်း သင်္ခါရ အပြား ၃-ပါး

၁။ ကာယသင်္ခါရ၊

၂။ ဝစီသင်္ခါရ၊

၃။ စိတ္တသင်္ခါရ–

အားဖြင့်လည်း ၃-ပါးပြား၏။

ထို ၃ ပါ တို့တွင် ကာယဒွါရဖြင့် ပြီးစေအပ်သော ကာယဒုစရိုက် ၃-ပါး, သုစရိုက် ၃-ပါး, ပုညကြိယဝတ္ထုဆယ်ပါးကို မှီသော စေတနာသည် ကာယသင်္ခါရ မည်၏။

ဝစီဒွါရဖြင့် ပြီးစေအပ်သော ဝစီဒုစရိုက် ၄-ပါး, သုစရိုက် ၄ ပါး, ပုညကြိယဝတ္ထုဆယ်ပါးကို မှီသော စေတနာသည် ဝစီသင်္ခါရ မည်၏။

မနောဒွါရဖြင့် ပြီးစေအပ်သော မနောဘုံ ၃-ပါး, ဘာဝနာမယ, ပုညကြိယဝတ္ထုတို့သည် စိတ္တသင်္ခါရ မည်၏။ ထို့ကြောင့် ကာမကုသိုလ်, အကုသိုလ်, စေတနာကို ကာယ, ဝစီ, စိတ္တဟူသော သင်္ခါရ ၃-ပါးဖြင့် ရေတွက်အပ်၏။

ရူပကုသိုလ်, အရူပကုသိုလ် ၉-ခုဉ်ရှိသော စေတနာကို စိတ္တသင်္ခါရဖြင့်သာ ရေတွက်အပ်၏။

ဤသင်္ခါရကိုးပါးကား အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့ချည်းပေတည်း။

တနည်းသင်္ခါရ အပြား ၄-ပါး

ဤမှ တပါး သင်္ခါရသဒ္ဒါဖြင့် ဟောအပ်သော သင်္ခါရတို့ကား—

http://www.dhammadownload.com

၁။ သခ်ၤတ သခ်ၤါရ၊

၂။ အဘိသခ်ၤတ သခ်ၤါရ၊

၃။ အဘိသခ်ၤါရဏ သခ်ၤါဒု၊

၄။ ပယောဂါဘိသခ်ၤါရ-

ဟူ၍ ၄-ပါး အပြားရှိကုန်သည်။

ထို ၄-ပါးတို့တွင် အနိစ္စာဝတသခ်ၤါရာ ဥပါဒဝယ ဓမ္မိနော စသည်ဖြင့် ဟော တော်မူအပ်သော အကြောင်းရှိသော တရားအလုံးစုံသည် သခ်ၤတ သခ်ၤါရ မည်ကုန်၏။

ကံကြောင့်ဖြစ်သော တေဘူမကဂျပ်, နာမ်အပေါင်းတို့သည် အဘိသခ်ၤတ-သခ်ၤါရ မည်ကုန်၏။

ဘုံ ၃-ပါး၌ ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ၃၃-ခုသည် အဘိသခ်ၤါ-ရဏ သခ်ၤါရ မည်ကုန်၏။

ကိုယ်ကိုဌင်း, စိတ်ကိုဌင်း အားထုတ် စေသောဇိရိယသည် ပယောဂါဘိ-သခ်ၤါရ မည်ကုန်၏။

ဤ ၄-ပါးသော သခ်ၤါရတို့ကိုကား အဘိဓာန်အကျိုး မဟုတ်သောကြောင့် ဤ၌ မယူအပ်ကုန်။

၃၂၈-ဝိညာဉ်ကိုပြခြင်း

ဝိဇာနာတီတိ ဝိညာဏံ။

ယံ စိတ္တံ၊ အကြင်စိတ်သည်။ ဝိဇာနာတီ၊ အထူးထူးသော အာရုံကို သိတတ်၏။ကူတိတသ္မာ၊ ထိုသို့ သိတတ်သော သတ္တိကြောင့်။ တံ စိတ္တံ၊ ထိုစိတ် သည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ (ဝိပဋ္ဌ-ဉာ-ဓာတ်,ယု- ပစ္စည်း) ပဋိသန္ဓေ ဝိညာဉ်, ပဝတ္တိဝိညာဉ် နှစ်ပါးရှိ၏။

ဝိညာဉ်သည်—

သိခြင်း လက္ခဏာ,

နာမက္ခန္ဓာတို့၏ ရှေ့ဆောင်ဖြစ်သော ကိစ္စ,

စွေစပ်တတ်သော ပစ္စုပဋ္ဌာန်,

သခ်ၤါရလျှင် ပဒဋ္ဌာန်ရှိ၏။

http://www.dhammadownload.com

သခ်ၤါရပစ္စယာ ဝိညာဏံ ဟူသောပုဒ်၌ ပဋိသန္ဓေ ကျေနပ်သည်ရှင်း၊ လောကီဝိပါက်ဗာတ္တိံသသည်ရှင်း၊ စိတ်တခုယုတ် ၉၀-သည်ရှင်း ဝိညာဉ်မည်၏။

၃၂၉-နာမ်ရုပ်ကို ပြခြင်း

အာရမ္မဏေ နမတိတိ နာမံ။

ရုပ္ပတိတိ ရူပံ။

နာမဉ္စ ရူပဉ္စ နာမရူပံ။ ။

ယံ ဓမ္မဇာတံ၊ အကြင်စေတသိက်သဘောသည်။ အာရမ္မဏေ၊ စိတ်ယူပြီး သောအာရုံ၌။ နမတိ၊ ညွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။တံ ဓမ္မဇာတံ၊ ထိုစေတသိက်သဘောသည်။ နာမံ၊ နာမ် မည်၏။

ယံ ဓမ္မဇာတံ၊အကြင်တရားသဘောသည်။ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ထိုတရားသဘောသည်။ ရူပံ၊ ရုပ်မည်၏။

နာမဉ္စ၊ နာမ်တရားလည်း၊ ရူပဉ္စ၊ ရုပ်တရားလည်း။ နာမရူပံ၊ နာမ်တရား, ရုပ်တရား။

နာမ်တရားသည်-

အာရုံ၌ညွတ်သော လက္ခဏာ,
စိတ်နှင့် မကွာယှဉ်ခြင်း ကိစ္စ,
သီးခြား၍ မဖြစ်သော ပစ္စုပဋ္ဌာန်
စိတ်လျှင် ပဒဋ္ဌာန် ၌၏။

ရုပ်တရားသည်-

ဖောက်ပြန်တတ်သော လက္ခဏာ,
ဖရိုဖရဲကြဲခြင်း ကိစ္စ,
အဗျာကတဖြစ်သော ပစ္စုပဋ္ဌာန်,
ဝိညာဉ်လျှင် ပဒဋ္ဌာန် ၏။

ဝိညာဏပစ္စယာ နာမရူပံ ဟူသောပုဒ်၌ စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌ-ဝီသသည် နာမ်,ရုပ် မည်၏။

http://www.dhammadownload.com

၃၈၀-သဋ္ဌာယတနကို ပြခြင်း

အာယံ တနတီတိ အာယတနံ။

အာယတံ ဝဋ္ဌံ နယတီတိ ဝါ အာယတနံ။

ယံ စက္ခာဒိကံ၊ အကြင်စက္ခုပသာဒ အစရှိသည်သည်။ အာယံ၊ စိတ်စေတသိက် အပေါင်းကို။ တနတိ၊ ခဲ့ျတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ စက္ခာဒိကံ၊ ထိုစက္ခုပသာဒ အစရှိသည်သည်။ အာယတနံ၊ အာယတန မည်၏။

ဝါ၊ တနည်းကား။ အာယတံ၊ ရှည်စွာသော။ ဝဋ္ဌံ၊ ဝဋ္ဌတရားကို။ နယတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာယတနံ၊ အာယတနမည်၏။

ဆ ဧဝ အာယတနံ သဋ္ဌာယတနံ။

ဆ ဧဝ၊ ခြောက်ပါးသာလျှင်ဖြစ်သော။ အာယတနံ၊ အာယတနတည်း။ သဋ္ဌာယတနံ၊ ခြောက်ပါးသာလျှင်ဖြစ်သော အာယတန။ ။(ဒိဂုမိဿက-တပုရိယ်ဝိဂြိုဟ် ဆကိုသပြု၊ ဋ္ဌ အက္ခရာလာ၍ သဋ္ဌာယတန ပြီးသည်။) သဋ္ဌာယတနသည်-

အာရုံသို့ဝင်ခြင်း လက္ခဏာ,
ထင်စွာမြင်ခြင်းကြားခြင်းစသော ကိစ္စ
မှိရာဒွါရ၏အဖြစ်ကည်းဟူသော ပစ္စုပဋ္ဌာန်,
နာမ်,ရုပ်နှစ်ပါးလျှင် ပဋ္ဌာန်ရှိ၏။

နာမရူပပစ္စယာ သဋ္ဌာယတနံ ဟူသောပုဒ်၌-

၁။ စက္ခာယတန၊ ၄။ ဇိဝှါယတန၊
၂။ သောတာယတန၊ ၅။ ကာယာယတန၊
၃။ ဃာနာယတန၊ ၆။ မနာယတန-

ဟူသော အဇ္ဈတ္တိကာယတနခြောက်ပါးသည်သဋ္ဌာယတန မည်၏။

၃၈၁ ဖဿကို ပြခြင်း

အာရမ္မဏေ ဖုသတီတိ ဖသော။

ယော ဓမ္မော၊ အကြင်ဟရားသည်။ အာရမ္မဏေ၊ အာရုံ၌။ ဖုသတိ၊ သိတတ်တွေ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဖသော၊ ဖဿမည်၏။

http://www.dhammadownload.com

ဖဿသည်-

အာရုံ၌တွေ့ခြင်း လက္ခဏာ၊

ထိခိုက်တတ်သော ကိစ္စ၊

ပသာဒ, ဝိညာဉ်, အာရုံတို့၏ပေါင်းဆုံခြင်း ပစ္စုပဋ္ဌာန်၊

သဋ္ဌာယတနလျှင် ပဒဋ္ဌာန် ရှိ၏။

စိတ်တခုယုတ် ၉၀-၌ရှိသော ဖဿ စေတသိက်သည် ဖဿ မည်၏။ ဖဿသည် ဒွါရ၏ အစွမ်းအားဖြင့်-

၁။ စက္ခုသမ္ဖဿ၊ ၄။ ဇိဝှါသမ္ဖဿ၊

၂။ သောတသမ္ဖဿ၊ ၅။ ကာယသမ္ဖဿ၊

၃။ ဃာနသမ္ဖဿ၊ ၆။ မနောသမ္ဖဿ၊

ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင် လက်ခုပ်နှစ်ခုကို ဆိုင်၍ ခပ်သော် အသံဖြစ်သကဲ့သို့ စက္ခုပသာဒနှင့် ရူပါရုံထိခိုက်သော်စက္ခုဝိညာဉ်စသော နာမ်တရားတို့၏ ဖြစ်ခြင်းသည် စက္ခုသမ္ဖဿမည်၏။

ထို့ကြောင့် ထိုအနက်ကို သိစေခြင်းငှါ မြတ်စွာဘုရားသည်-

စက္ခုံ စ ရူပေ စ ပဋိစ္စ ဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဟူ၍ဟောတော်မူသည်။

စက္ခုံ စ၊ စက္ခုပသာဒကိုငှင်း။ ရူပေ စ၊ ရူပါရုံတို့ကိုငှင်း။ ပဋိစ္စ၊ စွဲ၍။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးသော တရားတို့၏။ သင်္ဂတိ၊ ပေါင်းမိခြင်းသည်။ဖဿော၊ ဖဿမည်၏။ (သောက စသည်တို့၌လည်း နည်းတူသိလေ။)

၃၈၂-ဝေဒနာကို ပြခြင်း

ဝေဒယတီတိ ဝေဒနာ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ အာရမ္မဏရသံ။ အာရုံ၏အရသာကို။ ဝေဒယတီ၊ သိတတ်၏။ ဝါ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဝေဒနာ၊ ဝေဒနာမည်၏။

http://www.dhammadownload.com

ဝေဒနာသည်-

အာရုံကိုထင်စွဲသိခြင်း လက္ခဏာ၊
ကောင်းစွာခံစားခြင်း ကိစ္စ၊
သုခ, ဒုက္ခဟူသော ပစ္စုပဋ္ဌာန်၊
ဖဿလျှင် ပဒဋ္ဌာန် ရှိ၏။
စိတ်တခုယုတ် ၉၀-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။

ထိုဝေဒနာသည်—

၁။ စက္ခုသမ္ဖဿဇာဝေဒနာ။
၂။ သောတသမ္ဖဿဇာဝေဒနာ၊
၃။ ဃာနသမ္ဖဿဇာဝေဒနာ၊
၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ၊
၅။ ကာယသမ္ဖဿဇာဝေဒနာ၊
၆။ မနောသမ္ဖဿဇာဝေဒနာ၊

ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးကိုတွင် စက္ခုပသာဒနှင့် ရူပါရုံထိခိုက်၍ နာမ်တရားတို့ တွေ့သော အခါ ကုဋ္ဌ, အနိဋ္ဌ,သောမနဿ ဒေါမနဿ အခြင်းအနာပြင့် ဖြစ်ခြင်းသည့်စက္ခု-သမ္ဖဿဇာဝေဒနာမည်၏။ ။(သောတ စသည်၌လည်း နည်းတူသိလေ)

၃၀၃-တဏှာကို ပြခြင်း

ပရိဿယတိတိ တဏှာ။

ယာဝ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်၊ ပရိဿယတိ၊ ပြင်းစွာတောင့်တတတ်၏။ ဝါ၊ အဖန်ဖန်တပ်မက်တတ်၏။ဝါ၊ ပူပန်ခြောက်ချားတတ်၏။ ကုတိ-တသ္မာ၊ ထို့သို့ တောင့်တ တပ်မက်တတ်သောသူတို့, ပူပန်ခြောက်ချားတတ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ တဏှာ၊ တဏှာ မည်၏။

တဏှာသည်—

အဓကြောင်းရင်းဖြစ်သော လက္ခဏာ,
လွန်စွာနှစ်လိုတတ်သော ကိစ္စ,

http://www.dhammadownload.com

မရောင့်ရဲနိုင်သော ပစ္စုပဋ္ဌာန်,
ခံစား ခြင်းလျင် ပဒဋ္ဌာန် ရှိ၏။
လောဘမူစိတ်ရှစ်ခုဥ်ရှိသော လောဘစေတသိက်သည် တဏှာမည်၏။

ထိုတဏှာသည်—

၁။ ကာမတဏှာ၊
၂။ ဘဝတဏှာ၊
၃။ ဝိဘဝတဏှာ အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ကိုယ်လေသာကာမဂုဏ်, ဝတ္ထုကာမဂုဏ်၌ တပ်သောတဏှာသည် ကာမတဏှာမည်။

နောင်တဖန်ဖြစ်ခြင်း၌ တပ်သောဏှာသည် ဘဝတဏှာမည်၏။

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။
တနည်းကား—

၁။ ရူပတဏှာ၊ ၄။ ရသတဏှာ၊
၂။ သဒ္ဒတဏှာ၊ ၅။ ဖောဋ္ဌဗ္ဗတဏှာ၊
၃။ ဂန္ဓတဏှာ၊ ၆။ ဓမ္မတဏှာ—
ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့ကုန်—

ရူပါရုံ၌ တဏှာမက်ခြင်းသည် ရူပတဏှာ မည်၏။
သဒ္ဒါရုံ စသည်၌ တပ်မက်ခြင်းသည် သဒ္ဒတဏှာစသည် မည်၏။
ပညတ်ဖြစ်သော ဓမ္မာရုံ၌ တပ်မက်ခြင်းသည် ဓမ္မတဏှာမည်၏။

၃၈၄-ဥပါဒါန်ကို ပြခြင်း

ဥပသံဟရစ္စ အာဒိယကိတိ ဥပါဒါနံ။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဥပသံဟရစ္စ၊ အာရုံ၌ကပ်ငြိ၍။ အာဒိယတိ၊ စွဲလမ်းတတ်၏။ ဣတိယသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။

http://www.dhammadownload.com

ဥပါဒါန်သည်—

ယူမိသော အာရုံကိုစွဲလမ်းခြင်း လက္ခဏာ၊
မခွါမလွှတ်လိုခြင်း ကိစ္စ၊
မြဲမြံစွာယူခြင်းလျှင် ပစ္စုပဋ္ဌာန်၊
တဏှာလျှင် ပဒဋ္ဌာန် ရှိ၏။

တဏှာပစ္စယာ ဥပါဒါနံ ဟူသောပုဒ်၌ လောဘမူစိတ် ရှစ်ခုဌ်ရှိသောလောဘ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုဌ်ရှိသော ဒိဋ္ဌိ စေတသိက်သည် ဥပါဒါန် မည်၏။

ထိုဥပါဒါန်သည်—

၁။ ကာမုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊
၂။ ဒိဋ္ဌုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်—

ဟူ၍ ၄-ပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကိလေသာကာမဂုဏ်, ဝတ္ထုကာမဂုဏ်တို့၌ ခုံမင်စွဲလမ်းခြင်းသည် ကာမုပါဒါန်မည်၏။

၆၂-ပါးသော မိစ္ဆာအယူ၌ စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန်မည်၏။

အမျိုးတို့၏ အလေ့အကျင့်ကို စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။

မိမိထင်ရာအယူ၌ စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန်မည်၏။

၃၈၅-ဘဝကို ပြခြင်း

ဘာဝယတီတိ ဘဝေါ။

ယော ဓမ္မော၊ အကြင်ကုသိုလ် အကုသိုလ် ကံကရားသည်။ ဝိပါကကဋ္ဌတ္တာရူပါနိ။ ဝိပါက်ကဋ္ဌတ္တာရုပ်တို့ကို။ ဘာဝယတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုကံတရားသည်။ ဘဝေါ၊ ဘဝမည်၏။ (ကုသိုလ်၊ အကုသိုလ် စေတနာတည်းဟူသော ကမ္မသဝရ၏။)

ဘဝတီတိ ဘဝေါ။

ယော ဓမ္မော၊ အကြင်ဝိပါက်ကဋ္ဌတ္တာရုပ်တရားသည်, ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုရုပ်တရားသည်။ ဘဝေါ၊ ဘဝမည်၏။

http://www.dhammadownload.com

(ပဋိသန္ဓေ ဝိညာဉ်, ထိုဝိညာဉ်နှင့်ယှဉ်သော နာမကွန္ဓာ ကဋတ္တာ ရုပ်တည်း ဟူသော ဥပပတ္တိဘဝရေး)

ဘဝဟူသည်—

ကြီးကြောင်း လက္ခဏာ၊

ထင်ရှားစွာသော ကိစ္စ၊

ကုသိုလ်, အကုသိုလ်, အဗျာကတ တည်းဟူသော ပစ္စုပဋ္ဌာန်၊

ဥပါဒါန်တရားလျှင် ပဒဋ္ဌာန် ရှိ၏။

ဥပါဒါနပစ္စယာ ဘဝေါ ဟူသောပုဒ်၌ ဘဝသည် —

၁။ ကမ္မဘဝ၊

၂။ ဥပပတ္တိဘဝ အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၂၉-ခုသည် ကမ္မဘဝမည်၏။

ဝိပါက်, ကဋတ္တာရုပ်တို့သည် ဥပပတ္တိဘဝမည်၏။

ဆဝင်းကြီး ၃-ပါးကို ပြန်၊

ဘုံဥပယဂတိဘေဒေသည် ဤ—

၁။ ကာမဘဝ၊	၆။ အာဘဿရဘုံသားတို့ဘဝ၊
၂။ ရူပဘဝ၊	၇။ ဃနေဝေါကာရဘဝ၊
၃။ အရူပဘဝ၊	၈။ ဃတူဝေါကာရဘဝ၊
၄။ သညီဘဝ၊	၉။ ပဉ္စဝေါကာရဘဝ—
၅။ အသညီဘဝ၊	

အားဖြင့် ၉-ပါး အပြားရှိ၏။

ထို ၉-ပါးတို့တွင် ကာမဘဝိပါက်တေဝီသ, စေတသိက် တေတ္တိံသ, ကမ္မဇရုပ် ဝီသတို့သည် ကာမဘဝမည်၏။

ရူပဝိပါက် ၅-ခု, စက္ခုဝိညာဉ်ဒွိ, ဃာနဝိညာဉ်ဒွိ, သမ္ပဋိစ္ဆိုင်းဒွိ, သန္တီရဏ ၃-ခု, အာဝဇ္ဇန်းဒွိ, စေတသိက်ပဉ္စတိံသ, ဂဋ္ဌိဇောဒ, ပုဗ္ဗဏှာ, ဃာနာဒိတ္တယကြဉ်သော ကမ္မဇရုပ်ပန္နရသ တို့သည် ရူပဘဝမည်ကုန်၏။

http://www.dhammadownload.com

အရူပဝိပါက် ၄-ခု, စေတသိက်တေတ္တိံသတ္ဆိသည် အရူပဘဝမည်ကုန်၏။

နေဝသညာနာသညာယတနဝိပါက် ကြဉ်သော လောကီဝိပါက် ဧကတိံသ, စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်ဝိသတ္ဆိသည် သညီဘဝမည်ကုန်၏။

ဇီဝိတဆက္က, ဇီဝိတနဝက ကဘာပ်ရုပ်သည် အသညီဘဝမည်၏။

နေဝသညာနာသညာယတနဝိပါက်စိတ်တခု, စေတသိက် တေတ္တိံသသည် နေဝသညီ နာသညီဘဝမည်၏။

ရူပကွန္ဓာ ဘပါးသာရှိသော အသညသတ်ပဋိသန္ဓေသည် ဧကဝေါကာရဘဝမည်၏။

နာမကွန္ဓာ ၄-ပါးရှိသောအရူပပဋိသန္ဓေ ၄-ခုသည် စတုဝေါကာရဘဝမည်၏။

ခန္ဓာဝါးပါးလုံးရှိသော ပဉ္စဝေါကာရ ပဋိသန္ဓေသည် ပဉ္စဝေါကာရဘဝမည်၏။

၃၁၆-ဇာတိ ဇရာ မရဏတို့ကို ပြခြင်း

ဇနနံ ဇာတိ။

ဇနနံ၊ အသစ်ဖြစ်ခြင်းသည်။ ဇာတိ၊ ဇာတိမည်၏။

ဇိရဏံ ဇရာ။

ဇိရဏံ၊ ရင့်ရော်ခြင်းသည်။ ဇရာ၊ ဇရာမည်၏။

မရန္တိတိ မရဏံ။

မရန္တိ၊ စုတေပျက်ကြွေ သေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မရဏံ၊ မရဏမည်၏။

ဇာတိသည်—

ဦးစွာဖြစ်ခြင်း လက္ခဏာ၊

ခန္ဓာတို့ကိုရခြင်း ကိစ္စ၊

ဇရာသည်—

ရင့်ရော်ခြင်းလက္ခဏာ၊

ခန္ဓာတို့၏ ယိုယွင်းခြင်းကိစ္စ၊

http://www.dhammadownload.com

မရဏသည်—

ပျက်စီးခြင်းလက္ခဏာ၊

ခန္ဓာတို့၏ပွေ့ခြင်းကိစ္စ၊

အနိစ္စသဘောသည် ပဋိပဒ္ဓာန်၊

နာမ်ရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

ဘဝပစ္စယာ ဇာတိ ဟူသော်ပုဒ်၌ ဇာတိသည်—

၁။ ရုပ်၏ဇာတိ၊

၂။ နာမ်၏ဇာတိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာတို့၏ပြစ်ခြင်းသည် ရုပ်၏ဇာတိမည်၏။

ဇရာသည်လည်း—

၁။ ရုပ်၏ဇရာ၊

၂။ နာမ်၏ဇရာအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာတို့၏ ရင့်ခြင်းသည် ရုပ်၏ဇရာမည်၏။

နာမက္ခန္ဓာ ၄-ပါးတို့၏ ရင့်ခြင်းသည် နာမ်၏ဇရာမည်၏။

မရဏသည်လည်း—

၁။ ရုပ်၏မရဏ၊

၂။ နာမ်၏မရဏအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာ၏ပျက်ခြင်းသည် ရုပ်၏မရဏမည်၏။

နာမက္ခန္ဓာတို့၏ ပျက်ခြင်းသည် နာမ်၏မရဏမည်၏။

၃၇၂-သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကိုပြခြင်း

သောစနံ သောကော။

သောစနံ၊ စိုးရိမ်ပူဆွေးခြင်းသည်။ သောကော၊ **သောကမည်၏**။

ပရိဒေဝနံ ပရိဒေဝေါ။

http://www.dhammadownload.com

ပရိဒေဝနံ၊ ငိုကြွေးမည်တမ်းခြင်းသည်။ ပရိဒေဝေါ၊ ပရိဒေဝမည်၏။

ဒုက္ခယတီတိ ဒုက္ခံ။

ဒုက္ခာယတိ၊ ဆင်းရဲဘတ်၏။ ကွတိဘာသွာ၊ ထွံကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။

ဒုမနသာ ဘာဝေါ ဒေါမနဿံ။

ဒုမနသ၊ မကောင်းသောစိတ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဒေါမနဿံ၊ မကောင်းသောစိတ်၏အဖြစ်။

ဥပဘူသော အာယာသော ဥပါယာသော။

ဥပဘူသော၊ ပြင်းထန်စွာသော။ အာယာသော၊ ပင်ပန်းခြင်းတည်း။ ဥပါယာသော၊ ပြင်းထန်စွာသော ပင်ပန်းခြင်း။

ဒေါသမူလဒ္ဒဋ္ဌိသော ဧဝရူပော အတသိက်သည် သောက မည်၏။

ဆွေမျိုးသားချင်း စသည်တို့၏ သေဆုံးခြင်း စသည်တို့ကို ငိုကြွေးမြည်းတမ်းခြင်းကြောင့် ဖြစ်သော ဝိပ္ပလာသ စိတ္တဇသဒ္ဓသည် ပရိဒေဝ မည်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၌ရှိသော ဧဝရူပော စေတသိက်သည် ဒုက္ခမည်၏။

ဒေါသမူလဒ္ဒဋ္ဌိသော ဧဝရူပော စေတသိက်သည် ဒေါမနဿမည်၏။

ဤသောက အစရှိသည်တို့ကား ဇာတိ၏မူခံဖြစ်သော အကျိုးဆက် ဖြစ်သောကြောင့်၎င်း၊ ဇရာမရဏနှင့် အနိစ္စလက္ခဏာ တူသောကြောင့်၎င်း ဇရာမရဏ၌ အကျုံးဝင်ရကား အင်္ဂါအားဖြင့် မချေတွက်အပ်ကုန်။

၃၈။ အဝိဇ္ဇာကျေးငှဲးပြုပုံ

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟု ဘဂဝါတော်မူရာ၌ အဝိဇ္ဇာသည် တရားကိုယ်အားဖြင့် မောဟဖြစ်သောကြောင့် အကုသိုလ်ဖြစ်သော အပုညာဘိသင်္ခါရကား ဖြစ်ဘုန်စေ၊ ကုသိုလ်ဖြစ်သော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိ သင်္ခါရတို့သည် ဘယ်သို့သော အကြောင်းဖြင့် ဖြစ်ပါအံ့နည်း။ ဤသို့ စောဒနာကို နှလုံးထား၍ ထင်ရှားပြလိုသော ဆရာသည် သမ္မောအဌကထာ, ဝိသုဒ္ဓိမဂ်အဌကထာတို့၌-

ပစ္စယော ဟောတိ ပုညာနံ၊ ဒုဝိဓော နေကဓော ပန။
ပရေသံ ပဇ္ဈိမာနံ သာ၊ ကေဓော ပစ္စယော မတော -

ဟူ၍ မိန့်တော်မူသည်။

http://www.dhammadownload.com

သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပုညာနံ၊ ကာမ, ရူပ, ကုသိုလ်စေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရတို့အား။ ဒုဝိဓာ၊ အာရမ္မဏ, ပကတူပနိဿယ တည်းဟူသော နှစ်ပါးသော အပြားအားဖြင့် ။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုမှတပါး။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပရေသံ၊ တပါးကုန်သော အပုညာဘိသင်္ခါရတို့အား။ အနေကဓာ၊ အာရမ္မဏ သတ္တိစသော များစွာဓသာ အပြားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပစ္ဆိမာနံ၊ နောက်ဖြစ်သော အာနဥ္ဇာဘိသင်္ခါရတို့အား။ ဧကဓာ၊ ပကတူပနိဿယ တည်းဟူသော တပါးသောအဖို့အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မတာ၊ သိအပ်ကုန်၏။

အဓိပ္ပါယ်ကား။ ။မောဟ ဟူသောအဝိဇ္ဇာသည် ကာမကုသိုလ်, ရူပ ကုသိုလ် စေတနာဟုဆိုအပ်သော ပုညာဘိသင်္ခါရ ၁-ခုခုတို့အား အာရမ္မဏ ပစ္စည်း, ပကတူပနိဿယပစ္စည်း တည်းဟူသော သတ္တိနှစ်ပါးဖြင့် ကျေးဇူးပြု၏။ ထိုနှစ်ပစ္စည်းတို့တွင် အာရမ္မဏ ပစ္စည်းတတ်ဟန်ကား အဝိဇ္ဇာကို အာရုံပြု၍ အနိစ္စ, ဒုက္ခ စသည်ဖြင့် သုံးသပ်သောအခါ ကာမာဝစရ ပုညာဘိသင်္ခါရအား အဘိညာဉ်စိတ်ဖြင့်, မောဟနှင့်တကွသောစိတ်ကို သိသောအခါ ရူပါဝစရ-ပုညာဘိသင်္ခါရတို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာကို လွန်မြောက်ခြင်းငှါ ဒါန, သီလ စသော ကုသိုလ် ပြုသော သူအားငှင်း။ ရူပစျာန်ကို ဖြစ်စေသော သူအားငှင်း ထိုအဝိဇ္ဇာသည် ကာမ, ရူပ, ပုညာဘိသင်္ခါရ တို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။။ ထိုမှတပါး အဝိဇ္ဇာရှိ၍ အပြစ်ကို မသိခြင်းကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ၌ ပြည့်စုံသော သမ္ပတ္တိကို တောင့်တ၍ ဒါန, သီလ စသော ကာမကုသိုလ်, ရူပ ကုသိုလ် တို့ကို ဖြစ်စေသောအခါ ထိုပုညာဘိသင်္ခါရတို့အား ပကတူပနိဿယ-သတ္တိဖြင့် ကျေးဇူးပြု၏။

အပုညာဘိသင်္ခါရအား ကျေးဇူးပြုဟန်ကား သူတပါးမိုက်သည်ကို အာရုံပြု၍ငှင်း၊ မိမိ၏အဝိဇ္ဇာကို အာရုံပြု၍ငှင်း၊ ရာဂစိတ်စသည် ဖြစ်သောအခါ၌ငှင်း အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏။

ကာမဂုဏ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ၌ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သတ္တိဖြင့် ကျေးပြု၏။

အဝိဇ္ဇာဖြင့် တွေဝေခြင်း အားကြီးသောကြောင့် အပြစ်ကို ရှုလေ့မရှိသည် ဖြစ်၍ ပါဏာတိပါတ် စသည်ကို ပြုသောအခါ၌ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

ပဿမဇော စသည်သည် ဒုတိယဇော စသည်အားး အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

တစုံတခုသော အကုသိုလ်ကို ပြုသောသူ၏ ပဿမဇော စသည်၌ဖြစ်သော အဝိဇ္ဇာသည် အကုယှဉ်လျက် ပါသော သမ္ပယုတ္တိအားး ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိ တ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ဤသို့ယှဉ် အဝိဇ္ဇာသည် အကုသလဟိသမ္ပယုတ်အားး ၁၂-ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ဥပနိဿယ ၃-ပါးကို အသိးး ပွားသော် ၁၃-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယ ၃-ပါးကို အသိယူသည်ကား ဝိသုဒ္ဓိမဂ် ဋီကာအလို၊ အသိးမယူသည်ကား ဘခေပဋိကာ ဒုတိယဝတ္ထုး။

အာနုဘောဘိသင်္ခါရအားး ကျေးဇူးပြုဟန်ကား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပြုဟန်ကား အဝိဇ္ဇာဖြင့် ဝေဒနာခန္ဓာ၌ ကြောင်းကျိုးသည် ထင်၍ အာကာသာနဉ္စာယတနဈာန် စသည်ကို ဖြစ်စေရသကား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ သိအပ်၏။

ဆောင်ပုဒ်

ပုညအားသာ၊ အဝိဇ္ဇာ၊ တပ်ပုနှစ်ပစ္စည်း။
အပုညဖြာ၊ အဝိဇ္ဇာ၊ တပ်ရာသယ်ငါးတည်း။
အာနဉ္ဇမှာ၊ အဝိဇ္ဇာ၊ တပ်ရာတခုတည်း။

၃၀၉–သင်္ခါရကျေးဇူးပြုပုံ

သင်္ခါရုပစ္စယာ ဝိညာဏံ ဟူသောပုဒ်၌ ဝိညာဉ်၏အရကား ကုသိုလ်, အကုသိုလ်ကံကုသိုးဟူသော သင်္ခါရမျိုးဖြစ်သော လောကီဝိပါက်ဗဟုတို့သနာမက္ခန္ဓာရုပ်။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၊ ဓာတုကထာပါဠိတော်တို့၌ကား စိတ်တခုယုတ် ၉၀ကိုပင် ဟောတော်မူသည်။

ထိုသင်္ခါရကြောင့် ဝိပါက်ဝိညာဉ်ဖြစ်၏ ဟူသော် အဘယ်ပစ္စည်းတပ်၍ ဖြစ်ပါသနည်းဟူမူ သမ္မောအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌—

ပဂတ္တဖာနံ သန္ဓိမှာ၊ ဒွိခာ ကမ္မုန ဝတ္တတိ။
မိဿာဒိဟိ စ တေဒေဟိ၊ တေဒသာ ဒုဝိမာဒိကော။

ဟူ၍ မိန့်သည်။

http://www.dhammadownload.com

တံ ဝိပါကဝိညာဏံ၊ ထိုလောကိဝိပါက်ဟု ဆိုအပ်သော ဝိညာဉ်သည်။သန္ဓိမှိ၊ ပဋိသန္ဓေအခါ၌။ ပဝတ္တမာနံ၊ ဖြစ်သည်ရှိသော်။ ကမ္မေန၊ ကံကြောင့်။ ဒ္ဓိဓာ၊ နှစ်ပါးသော နာနက္ခဏိကကမ္မ, ပကတူပနိဿယပစ္စည်းအပြားအားဖြင့်။ဝတ္တတိ၊ ဖြစ်၏။ ပဝတ္တိယမ္ပိ၊ ပဝတ္တိအခါ၌လည်း။ ကမ္မေန၊ ကမ္မပစ္စည်းအားဖြင့်။ ဝတ္တတိ၊ ဖြစ်၏။ မိဿာဒီဟိ၊ ရုပ်နှင့်တကွ ဆောခြင်းအစရှိကုန်သော။ ဘေဒေဟိ၊ အပြားတို့ဖြင့်။ အဿ၊ ထိုဝိပါက်ဝိညာဉ်၏။ ဒုဝိဓာဒိကော၊ နှစ်ပါးပြားခြင်းအစရှိသော။ ဘေဒေါ၊ အပြားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပါယ်ကား ဆိုခဲ့ပြီးသော သခ်ါရ သုံးပါးတို့တွင် ပဋိသန္ဓေအခါ ဥဒ္ဓစ္စစေတနာကြဉ်သော အပုညာဘိသခ်ါရ။ ပဋိသန္ဓေ, ပဝတ္တိနှစ်ပါး၌ပင် အဘိညာဉ် စေတနာကြဉ်သော ပုညာဘိသခ်ါရ။ အာနဥာဘိသခ်ါရတို့သည် ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ဧကူနဝီသအား နာနက္ခဏိက ကမ္မသတ္တိဖြင့်၊ ပဝတ္တိအခါ နာနက္ခဏိကကမ္မ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သခ်ေပဝဏ္ဏနာဌ်ကား—— အချို့သော ကားပဋိသန္ဓေသည် သခ်ါရဖြစ်သော ကံကို အာရုံပြုသည်။ ထို့ကြောင့် အာရမ္မဏ, ဥပနိဿယ ပစ္စည်းနှစ်ပါးတပ်၏ ဟူ၍–

တေသံ တယော သခ်ါရာ ယထာရဟံ အာရမ္မဏူပနိဿယဝသေန
ဒုဝိဓာ ပစ္စယော ဟောတိ–

ဟူ၍ ဆိုတော်မူသည်။

ပေဋကောပဒေသ, ပဌာနသာရ ဒီပနိဌ်ကား–

နာနက္ခဏိကကမ္မပစ္စည်းကို ရတိုက်သော်လည်း ကံလျှင် အာရုံရှိသော ပဋိသန္ဓေစသည်တို့၏ ထို့ကံသည် အာရမ္မဏပစ္စည်း၏ အဖြစ်ဖြင့် ဖြစ်ခြင်းငှာ မတတ်ကောင်း။ ဘယ့်ကြောင့်နည်းဟူမူ ကမ္မပစ္စည်း အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ အချင်းချင်း ပယ်အပ်သည်၏ အဖြစ်ကြောင့်ဘည်း။

မရဏာသန္ဓကာလေ နာနက္ခဏိကံ ကမ္မံ လဘတိ သဗ္ဗံပိ သမာနံ၊
ကမ္မာရမ္မဏာနံ ပဋိသန္ဓိယာဒီနံ ကမ္မာရမ္မဏပစ္စယဘာဝေန ဘဝိတုံ နာ-
သက္မိ၊ ကသ္မာ ဒ္ဓိနံ ပစ္စယဘာဝါနံ အညမညပဋိက္ခေပတော–

ဟူ၍မိန့်၏။

ဤပုဒ်အရာ၌ အဌကထာ, ဋီကာ အလွန်ကျယ်၏။

ဆောင်ပုဒ်

သခ်ါရကား၊ ဝိညာဉ်အား၊ တပ်ငြားနှစ်ပစ္စည်း။
ကမ္မနာနူ၊ ပကတူ၊ မှတ်ယူကျမ်းလာနည်း။

http://www.dhammadownload.com

၃၉၀–ဝိညာဉ် ကျေးဇူးပြုပုံ

ဝိညာဉ်သည် နာမ်ရှပ်အား အကြောင်းပြုဟန်ကို သမ္မောအဌကထာ, ဝိသုဒ္ဓိမဂ်တို့၌—

နာမဿ ပါကဝိညာဏံ၊ နဝဓာ ဟောတိ ပစ္စယော။
ဝတ္ထုရူပဿ နဝဓာ၊ အဌဓာ သေသရူပဿ။
အဘိသခ်ါရဝိညာဏံ၊ ဟောတိ ရူပဿ ဧကဓာ။
တဒည် ပန ဝိညာဏံ၊ တဿ တဿ ယထာရဟံ။

ပါကဝိညာဏံ၊ဝိပါက်ဝိညာဉ်သည်။ နာမဿ၊ စိတ်စေဘသိက်တည်း ဟူသော နာမ်အား။ နဝဓာ၊ ၉-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထုရူပဿ၊ ဝတ္ထုရုပ်အား။ နဝဓာ၊ ၉-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေသရူပဿ၊ ဟဒယဝတ္ထုမှ ကြွင်းသော ကမ္မဇရုပ်အား။ အဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဘိသခ်ါရဝိညာဏံ၊ ကုသိုလ်, အကုသိုလ် ဝိညာဉ်သည်။ ရူပဿ၊ ကမ္မဇရုပ်အား။ ဧကဓာ၊ ပကတူပနိဿယတပါးဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တဒည် ပန ဝိညာဏံ၊ တိုမှ တပါးသော ပထမဘဝင်အစရှိသော ဝိညာဉ်သည်ကား။ တဿ တဿ၊ တိုထိုနာမ်ရှပ်အား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌ ဝိပါက်ဝိညာဉ်သည် ဝေဒနာစသော နာမကွန္ဓာအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတစသော ၉-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓေအခါ ဝိပါက်ဝိညာဉ်သည် ဟဒယဝတ္ထုအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၉-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓေအခါ ဝိပါက်ဝိညာဉ်သည် ဟဒယဝတ္ထုမှ တပါးသော ကမ္မဇရုပ်အား ယခင် ၉-ပစ္စယတွင် အညမညကိုပယ်၍ ရှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသိုလ် အကုသိုလ် ဟူသော အဘိသခ်ါရဝိညာဉ်သည် အသည်သတ်ကမ္မဇရုပ် ပဉ္စဝေါကာရကမ္မဇရုပ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

အဘိသခ်ါရဝိညာဉ်သည် ကံကို အာရုံပြုသော ပဋိသန္ဓေအားဌင်း၊ နာမ်ကို အာရုံပြုသော လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်သောအခါ နာမ်အား ဌင်း အာရမ္မဏပစ္စည်းဖြစ်ကြောင်းကို ဋီကာ ဆိုဏ်။

ပဋိသန္ဓေဝိညာဉ် အဘိသခ်ါရဝိညာဉ်မှ ကြွင်းသော ပထမဘဝင်မှ စ၍ ခပ်သိမ်းသော ဝိညာဉ်သည် ထိုထိုသော နာမ် ရုပ်အား ဟေတု, ပုရေဇာတ, ကမ္မ, ဈာန, မဂ္ဂ ပစ္စည်းတို့မှတပါးသော ၁၉-ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူး ပြု၏။

ဆောင်ပုဒ်

ဝိပါက်ဝိညာဉ်၊ အားသာလျှင်၊ တမ်ချင် ၉-ပစ္စည်း။
ဝတ္ထုအားသာ၊ နဝမာ၊ ကြွင်းမှာရှစ်ပစ္စည်း။
သန္ဓေအခါ၊ တပ်သည်သာ၊ မှတ်ပါယင်းသည်နည်း။
ပဝတ္တိအခါ၊ ဖြစ်လျှင်မှာ၊ ဟပ်ရာဆယ့်ကိုးတည်း။

၃၉၁ နာပ်တရားကျေးဇူးပြုပုံ

နာမ်, ရုပ်တရားတို့သည် သဋ္ဌာယတနအား အယ်သို့ အကြောင်းပြုအံ့နည်း။ စက္ခာယတန စသည်လည်း ရုပ်၌ ဝင်ဖြီမဟုတ်လောဟု စောဒနာဖွယ် ရှိသော ကြောင့် အကြောင်းပြုဟန်ကို ပြလိုသောဆရာသည် သမ္မောအဋ္ဌကထာ,ဝိသုဒ္ဓိ မဂ်တို့၌ —

နာမံ ခန္ဓတ္တယံ ရူပံ၊ ဘူတဝတ္ထာဒိကံ မတံ။
ကတေကသေသံ အန္တဿ၊ တာဒိသဿေဝ ပစ္စယော—

စသည်ဖြင့် မိန့်၏။

ခန္ဓတ္တယံ၊ ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်းကို။ နာမံ၊ နာမ်ဟူ၍။ မတံ၊ သိအပ်၏။ ဘူတဝတ္ထာဒိကံ၊ ဘူတရုပ်လေးခု, ဝတ္ထုရုပ် ၆-ခု, ဇီဝိတရုပ် အာဟာရရုပ်ကို။ ရူပံ၊ ရုပ်ဟူ၍၊ မတံ၊ သိအပ်၏။ ကတေကသေသံ၊ နာမဥ ရူပဥ-နာမရူပံ ဟူ၍ ပြုအပ်သော တခုကြွင်းရှိသော။ တံ နာမရူပံ၊ ထိုနာမ်ရုပ် သည်။ တာဒိသဿေဝ၊ ထိုပြုအပ်သော တခုကြွင်းရှိသည်သာလျှင် ဖြစ်သော။ တဿ၊ ထိုသဋ္ဌာယတနအား။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

နာမရူပံ-ဟူသောပုဒ်၌ ရူပသဒ္ဒါဖြင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဘာဝရုပ်တို့ကို သဟဇာတ နိဿယ အနုပါလနအဖြစ် မရှိသောကြောင့် မယူအပ်ဟူ၍ ဋီကာ မိန့်၏။

ဝ ဝ ဝ

နာမမဟေဝ ဟ အာရုပ္ပေါ၊ ပဋိသန္ဓိပဝတ္တာသု။
ပစ္စယော သတ္တာခာ ဆဋ္ဌာ၊ ဟောတိ တံ အဝကံသတော။

ဟိ၊ အကျယ်ဆိုဦးအံ့။ အာရုပ္ပေါ အရူပလေးဘုံ၌။ ပဋိသန္ဓိပဝတ္တိသု၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ တံ နာမမဟေဝ၊ ထိုခန္ဓာသုံးပါးတည်းဟူသော နာမ်သည်သာ ဟူ၏။ ဆဋ္ဌာ၊ ခြောက်ခုမြောက်သော မနာယတနအား။ အဝကံသတော၊ ယုတ်သော အဖို့အား ဖြင့်။ ဘတ္တစာ၊ ၇-ပါးအပြားအား ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပဘုံ၌ ပဋိသန္ဓေအခါ ခန္ဓာသုံးပါးဟူသော နာမ်သည် မနာယတနအား အယုတ်အားဖြင့် သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ ဟူသော ၇-ပစ္စယာတို့ဖြင့် ကျေးဇူးပြု၏။

ဤစကားဖြင့် နာမ် ဟူသမျှ၌ အညီအမျှသင့်သောပစ္စည်းကို ပြုသည်။ အလွန်အားဖြင့်ကား ပုရေဇာတ, ပစ္ဆာဇာတ, ဝိပ္ပယုတ္တမူတပါး ၂၁ ပစ္စည်းတို့၌ ယထာရဟ ယူရမည်။

ပဝတ္တိအခါ၌ ဝိပါက်ခန္ဓာသုံးပါးသည် ဆိုခဲ့ပြီးသော နည်းအားဖြင့် ကျေးဇူးပြုအံ့။

ကုသိုလ်, အကုသိုလ်, ကြိယာ ခန္ဓာ ၃-ပါးသည် အယုတ်အားဖြင့် ယခင် ၇-ပစ္စည်းတွင် ဝိပါကကိုပယ်၍ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အလွန်အားဖြင့်ကား ၂၁-ပစ္စည်းတို့ဖြင့် ယသာရဟ ကျေးဇူးပြု၏။

အညသ္မိံ ပိ ဘဝေ နာမံ၊ တဒာဓာရ ပဋိသန္ဓိယံ။
ဆဋ္ဌာယ ဟုတဒရသ္မာ၊ ဧဟာကာ၊ ရေတိ ပစ္စယော။

အညသ္မိံ ပိ ဘဝေ၊ ဒူရူပတဝ၊ တပါးသော ပဋ္ဌဝေါကာရဘုံ၌လည်း။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ တံ နာမံ၊ ထိုဝိပါက်နာမ်သည်။ ဆဋ္ဌာယ၊ မနာယတနအား။ တဒာဓာရ၊ ထိုအာဟုသာလျင်။ ဧဟာကာ၊ ယုတ်သောအဖို့ဖြင့်။ သတ္တာခာ၊ ၇-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တံ နာမံ၊ ထိုဝိပါက်နာမ်သည်၊ ဟုတဒရသ္မာ၊ မနာယတနမှ တပါးကုန်သော ဥပ်အာယတန ၅-ပါးတို့အား။ ဆဟာကာဓရေတိ၊ ပြုပါးသော အခြင်းအရာကိုဖြင့်။ စ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

ပဋ္ဌဝေါကာရ ပဋိသန္ဓေအခါ ဝေဒနာစသော ဝိပါက်နာမကွန္ဓာ ၃-ပါးဘည့် ဟဒယဝတ္ထုလျှင် အဖော်ရှိသော မနာယတနအား ၇-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အလွန်အားဖြင့် ၂၄-ပစ္စည်းပင် ကျေးဇူးပြု၏။

ထိုဝိပါက်နာမကွန္ဓာ ၃-ပါးသည် စက္ခာယတန စသော အာယတနငါးပါး အား သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, ဒေဝိကတ ဟူသော ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဝတ္တေပိ တထာ ဟောတိ၊ ပါကံ ပါကဿ ပစ္စယော။
အပါကံ အဝိပါကဿ၊ ဆဓာ ဆဋ္ဌဿ ပစ္စယော။

ပဝတ္တေပိ၊ ပဋ္ဌဝေါကာရပဝတ္တိအခါဠဲလည်း။ ပါကံ၊ ဝိပါက်နာမကွန္ဓာသည်။ ပါကဿ၊ ဝိပါက်ဖြစ်သော မနာယတနအား။ တထာ၊ ထို့အတူ။ အဝကံသ-တော၊ ယုတ်သော အဖို့အားဖြင့်။ သတ္တမော၊ ၇-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝေ၊ ဖြစ်၏။ အပါကံ၊ ဝိပါက်မှတပါးသော ကုသိုလ်, ဒုက-သိုလ် နာမကွန္ဓာသည်။ အဝိပါကဿ၊ ဝိပါက်မှတပါးသော။ ဆဋ္ဌဿ၊ မနာ-ယတနအား။ အဝကံသတော၊ ယုတ်သောအဖို့အားဖြင့်။ ဆဓာ၊ ၆-ပါးအပြား အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။အဓိပ္ပါယ်မှာ သိသာပြီ။

တတ္ထဝ သေသပဋ္ဌန်၊ ဝိပါကံ ပစ္စယော ဘဝေ။
စတုခာ အဝိပါက်ပိ၊ ဝေဒမဝ ပကာသိသံ။

တတ္ထဝ၊ ထိုပဋ္ဌဝေါကာရ ပဝတ္တိအခါဠဲပင်လျှင်။ ဝိပါကံ၊ ဝိပါက်နာမကွန္ဓာ သည်။ သေသပဋ္ဌန်၊ မနာယတနမှကြွင်းသော ပဋ္ဌာယတနတို့အား။ စတုခာ၊ လေးပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဒဝ၊ ဖြစ်၏။ အဝိပါ-ကံပိ၊ ဝိပါက်မှတပါးသော ကုသိုလ်, အကုသိုလ်, နာမ်ကိုလည်း။ ဝေဒမဝ၊ ဤဝိပါက်အတူသာလျှင်။ ပကာသိတံ၊ ပြအပ်၏။

ပဋ္ဌဝေါကာရပဝတ္တိအခါ ဝိပါက်နာမကွန္ဓာ ၃-ပါးသည် စက္ခုစသော အာယတနငါးပါးအား ပဋ္ဌာယတန, ဝိပ္ပယုတ္တ, အတ္ထိ, ဒေဝိကတဟူသော ၄-ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ။ကုသိုလ်နာမကွန္ဓာစသည်လည်း ၎င်းနည်း ကျေးဇူး ပြု၏ ဟူလို။

နာမ်သည် သဋ္ဌာယတနအား ပစ္စည်းတပ်ဟန် ပြီး၏

၃၆၂-ရုပ်တရားကျေးဇူးပြုပုံ

ရူပတော သန္ဓိယံ ဝတ္ထု၊ ဆဓာ ဆဋ္ဌဿ ပစ္စယော။
ဘူတာနိ စတုမဟာ ဟောန္တိ၊ ပဋ္ဌန်မဝိဒေသတော။

http://www.dhammadownload.com

ပဥ္ဇဝေါကာရဘဝေ၊ ပဥ္ဇဝေါကာရဘုံ၌။ သန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ရူပတော၊ ရုပ်တို့တွင်။ ဝတ္ထု၊ ဟဒယဝတ္ထုသည်။ ဆဋ္ဌဿ၊ မနာယတနအား။ ဆဓာ၊ သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၆-ပစ္စယသတ္တိ ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဘူတာနိ၊ ဘုတ် ၄-ပါး တို့သည်။ အဝိသေသတော၊ ပဋိသန္ဓေ, ပဝတ္တိဟု အထူးမပြုသော အားဖြင့်။ ပဥ္ဇန္ဓံ၊ စက္ခုစသောအာဟတန ငါးပါးတို့အား။ စတုဓာ၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတဟူသော ၄-ပစ္စည်းဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အဓိပ္ပါယ်ထင်ပြီ။

တိဓာ ဇီဝိတမေတေသံ၊ အာဟာရော စ ပဝတ္တိယံ။
တာနေဝ ဆဓာ ဆဋ္ဌဿ၊ ဝတ္ထု တသေဝ ပဥ္ဇဓာ။

ပဝတ္တိယံ၊ ပဥ္ဇဝေါကာရ ပဝတ္တိအခါ၌ရင်း။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌ရင်း။ ဇီဝိတံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ဧတေသံ၊ ထိုစက္ခာယတနစသည်တို့အား။ တိဓာ၊ ဣန္ဒြိယ, အတ္ထိ, အဝိဂတဟူသော ၃-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ အာဟာရော စ၊ ကဗဋ္ဌိကာရာဟာရသည်ကား။ ပဝ-တ္တိယံ၊ ပဝတ္တိအခါ၌။ ဧတေသံ၊ ထိုပဥ္ဇာယတနတို့အား။ တိဓာ၊ အာဟာရ, အတ္ထိ, အဝိဂတ ဟူသော ၃-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တာနေဝ၊ ထိုပဥ္ဇာယတနတို့သည် သာလျှင်။ ပဝတ္တိယံ၊ ပဝတ္တိ အခါ၌။ ဆဋ္ဌဿ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ်ဟု ဆိုအပ် သော မနာယတနအား။ ဆဓာ၊ နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၆-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဝတ္ထု၊ ဟဒယဝတ္ထုသည်။ တသေဝ။ ထိုပဥ္ဇဝိညာဉ်မှ ကြွင်းသော မနာယတနအားသာလျှင်။ ပဥ္ဇဓာ၊ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ငါးပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိဖြစ်၏။ ။(အဓိပ္ပါယ်ထင်၏။)

ရုပ်သည် သဋ္ဌာယတနအား ပစ္စည်းတပ်ဟန် ပြီး၏။

နာမရူပံ ပနုဘယံ၊ ဟောတိ ယံ ယဿ ပစ္စယော။
ယထာ စ တမ္ပိ သဗ္ဗတ္ထ၊ ဝိညာတဗ္ဗံ ဝိဘာဝိနာ။

သဗ္ဗတ္ထ၊ အလုံစုံသော ပဋိသန္ဓေ ပဝတ္တိအခါ၌။ ဥဘယံ၊ နှစ်ပါးစုံသော။ ယံ ပန နာမရူပံ၊အကြင်နာမ်ရုပ်သည်။ ယဿ၊ အကြင်သဋ္ဌာယတနအား။

http://www.dhammadownload.com

ယထာ၊ အကြောင်အခြင်းဖြင့်။ ပစ္စယော၊ကျေးဇူးပြုအံ့သည်။ ဟောတိ၊ ဖြစ်၏။ တမ္မိ၊ ဆိုကျေးဇူးပြုခြင်းကိုလည်း။ ဝိဘာ ဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗံ၊ သိအပ်၏။

ပဋိသန္ဓေအခါ နာမက္ခန္ဓာ ၃-ပါး, ဝတ္ထုဟုဆိုမှပ်ံသော နာမ်, ရုပ်သည် မနာယတနအား သဟဇာတ, အညမည, နိဿယ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ စသော ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူးပြု၏။ ဤကား အကျဉ်းတည်း။အကျယ်ကိုကား ဆိုခဲ့ပြီသောအတိုင်း ယူလေ။

ဆောင်ပုဒ်

သုံးပါးခန္ဓာ၊ နာမ်မှတ်ပါ၊ သင်္ချင်းဆယ့်နှစ်။
ဝတ္ထုဘူတာ၊ အာဟာရ၊ ဇီဝရုပ်ဆယ်နှစ်။
ဝိပါက်နာမ်ကား၊ မနအား၊ ဟပ်ငြားသတ္တဝါ။
အဝိပါက်ကား၊ ၎င်းအား၊ တပ်ငြားဆဗ္ဗဝါ။
အဝကံသ၊ တနည်းပြ၊ ကြံဆဥတ္တံသား။
(စတုဓောကာရ, ပဉ္စဓောကာရ, ပဘဿိပဒိဿနန္ဒနပါးဦးပင် မှတ်။)
ဝိပါက်နာမ်ကား၊ စက္ခုအား၊ ငါးပစ္စယာ။
(သန္ဓေအခါကို ယူ၊ ဓသာဇာစသည် နည်းဝူ မှတ်။)
ပဝတ္တိအခါ၊ ဖြစ်လျှင်မှာ၊ တပ်ရာ ၃-ပစ္စည်း။
ပဝတ္ထုရုပ်ကား၊ မနအား၊ ဟပ်ငြား ၆-ပစ္စည်း။
ပဝတ္တိအခါ၊ တပ်သည်မှာ၊ မှတ်ပါ ၅-ပစ္စည်း။
ဝတ္ထု ၅-ပါး၊ မနအား၊ မမှားဖြင့် ပစ္စည်း။
ဘူတရုပ်ကား၊ စက္ခုအား၊ ၃-ပါးပစ္စယာ။
သဟဇာဝ၊ နိဿ၊ အတ္ထိ အဝိဂတာ။
(သောဇ စသည်လည်း နည်းတူ)
ဇီဝိတကား၊ စက္ခုအား၊ ၃-ပါးပစ္စယာ။
အာဟာရလည်း၊ ၃-ပစ္စည်း၊ တနည်း တပ်သည်သာ။

ဒုဗ္ဗဂ်-သင်္ဃာယတန ကျေးဇူးပြုပုံ

သင်္ဃာယတနပစ္စယော ပဿေး ဟူသော်ဖွဲ့၌ သင်္ဃာယတနကြောင့် ဖဿ ဘယ်သို့ ဖြစ်ပါသနည်း ဟူသော စောဒနာကို နှုတ်ဆောင်၍ သင်္ဃာအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် တို့၌-

http://www.dhammadownload.com

ဆဓာ ပဥ္ဇ တတော ဧကံ၊ နဝဓာ ဗာဟိရာနိ ဆ။
ယထာသမ္ဘဝမေတဿ၊ ပစ္စယတ္တေ ဝိဘာဝယေ။

ဟူ၍ မိန့်၏။

ပဥ္ဇ၊ ငါးပါးကုန်သော စက္ခာယတန စသည်တို့သည်။ ဖဿဿ၊ စက္ခုသမ္ဖဿစသော ငါးပါးအား။ ဆဓာ၊ ၆-ပါး အပြားအားဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုနောင်မှ။ ဧကံ၊ တခုသောမနာယတနသည်။ မနောသမ္ဖဿဿ၊ မနောသမ္ဖဿအား။ နဝဓာ၊ကိုးပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ဖြစ်၏။ ဆ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနိ၊ ရူပစသော ဗာဟိရာယတနတို့သည်။ တေဿ၊ ထို ၆-ပါးသော ဖဿအား။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ပစ္စယတ္တေ၊ ကျေးဇူးပြုသည်၏အဖြစ်၌။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

(ဤ၌ ဝိပါက်တွင်ယှဉ်သော ဖဿကိုသာ ယူ၊ဝေဒနာလည်း နည်းတူ။)

အဓိပ္ပါယ်ကား—စက္ခာယတနသည် စက္ခုသမ္ဖဿအား။ ပ။ ကာယာယတနသည် ကာယသမ္ဖဿအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

မနာယတနသည် မနောသမ္ဖဿအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဗာဟိရာယတန ၆-ပါးတွင် ရူပါရုံသည် စက္ခုသမ္ဖဿအား။ ပ။ ဖောဋ္ဌဗ္ဗာရုံသည် ကာယသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဟူသော ၄-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဗာဟိရာယတန ၆-ပါးလုံးသည် မနောသမ္ဖဿအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

သောင်ပုဒ်

စက္ခုသည်ကား၊ ဖဿအား၊ တပ်ငြား ၆-ပစ္စည်း။
သောတာယတန၊ စသည်မှ၊ တပ်ကြ ဤနည်းချည်း။
မနသော်ကား၊ ဖဿအား၊ ၉-ပါးတပ်သတည်း။
ရူပါရုံကား၊ ဖဿအား၊ တပ်ငြား ၄-ပစ္စည်း။
အာရုံ ၆-ပါး၊ မနအား၊ နည်းပါးတခုတည်း။

http://www.dhammadownload.com

၃၉၄-ဖဿကျေးဇူးပြုပုံ

ဖဿပစ္စယာ ဝေဒနာဟူသော ပုဒ်၌ ဝေဒနာနှင့် ဖဿသည် ကေပွါဒစသည်ဖြင့် ဖြစ်လျက် အကြောင်းအကျိုး အဖြစ်ဖြင့် ဟောပြန်ခဲ့၏။ ဘယ်သို့ ဖြစ်သနည်း ဟူသော စောဒနာကို ဖြေလိုရကား သမ္မောအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် တို့၌-

အဋ္ဌဓာ တတ္ထ ပဉ္ဇန်၊ ပဉ္ဇဒ္ဓါရမှိ ပစ္စယော။
သေသာနံ ဧကဓာ ဖဿော၊ မနောဒ္ဓါရေပိ သော တထာ။

ဟူ၍ မိန့်၏။

တတ္ထ၊ ထိုဖဿပစ္စယာ ဝေဒနာ-ဟူသော ပုဒ်၌။ ပဉ္ဇဒ္ဓါရမှိ၊ ငါးပါးသောဒ္ဓါရတို့၌။ ဖဿော၊ စက္ခုသမ္ဖဿစသည်သည်။ ပဉ္ဇန်၊ ငါးပါးကုန်သော သမ္ဖဿဇာဝေဒနာစသည် တို့အား။ အဋ္ဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖဿော၊ စက္ခုသမ္ဖဿစသည်သည်။ သေသာနံ၊ စက္ခုသမ္ဖဿဇာ ဝေဒနာမှ ကြွင်းကုန်သော သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံအစွမ်းဖြင့်ဖြစ်ကုန်သော မနောသမ္ဖဿဇာ ဝေဒနာတို့အား။ ဧကဓာ၊ ပကတူပနိဿယတပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မနောဒ္ဓါရေပိ၊ မနောဒ္ဓါရဌ်လည်း။ သော၊ ထိုသဟဇာတ် ဖြစ်သော မနောသမ္ဖဿသည်။ ကာမာဝစရဝိပါကဝေဒနာနံ၊ တဒါရုံ၏အစွမ်းဖြင့်ဖြစ်သော ကာမဝိပါက်ဝေဒနာတို့အား။ တထာ၊ ထို့အတူ။ အဋ္ဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စက္ခုဒ္ဓါရဌ်ဖြစ်သော ဖဿသည် စက္ခုသမ္ဖဿဇာဝေဒနာအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

တိုစက္ခုသမ္ဖဿသည် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဖြစ်သော မနောသမ္ဖဿဇာဝေဒနာအား ပကတူပနိဿယတပစ္စည်းဖြင့် ကျေးဇူးပြု၏။ (သောတစသည်နည်းဘူ။)

မနောဒ္ဓါရဌ် တဒါရုံ၏ အစွမ်းဖြင့်ဖြစ်သော ဝိပါက်ဝေဒနာတို့အား တက္ဒဖြစ်သော မနောသမ္ဖဿသည် သဟဇာတ စသော ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓေ, ဘဝင် အစွမ်းဖြင့် ဖြစ်ကုန်သော တေဘုမ္မကဝိပါက်, ဝေဒနာတို့အားလည်း တက္ဒဖြစ်သော မနောသမ္ဖဿသည် သဟဇာတ စသော ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော မနောသမ္ပယုတ်သည် တဒါရုံ၏ အစွမ်းဖြင့် ဖြစ်သော ဝေဒနာအား ပကတ္တူပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဤနည်းဖြင့် ခပ်သိမ်းသော ဘနန္တရဖဿ၏ ထိုထိုဝိပါက်ဝေဒနာအား ပကတ္တူပနိဿယအဖြစ်ကို ယှဉ်အပ်၏ ဟူ၍ မူလဋ္ဌကာ မိန့်သည်။

ဆောင်ပုဒ်။

ဝေဒနာအား၊ ဖယကား၊ ရှစ်ပါးတပ်ပစ္စည်း။
ခရှးရှေးဖယာ၊ နောက်အားသာ၊ တပ်ရာတခုတည်း။

၃၉၅ ဝေဒနာကျေးဇူးပြုပုံ

ဝေဒနာပစ္စယာ တဏှာ ဟူသောပုဒ်၌ ဝေဒနာကြောင့် တဏှာဖြစ်ဟန်ကို ဝေဖန်၍ ပြလိုရကား သမ္မောအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်တို့၌—

ယသ္မာ စေတ္ထ အဓိပ္ပေတာ၊ ဝိပါကသုခဝေဒနာ။
ကောဝ ကေစာဝေသာ၊ တသ္မာ တဏှာယ ပစ္စယော။

ယသ္မာ ဝါ—

ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယ္ယောပိ ကင်္ခတိ။
ဥပေက္ခာ ပန သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။
တဏှာယ ပစ္စယာ တသ္မာ၊ ဟောန္တိ တိသောပိ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ၊ ဣတိ ဝုတ္တာ မဟေသိနာ—

ဟူ၍ မိန့်၏။

ဤဝေဒနာပစ္စယာ တဏှာဟူသောပုဒ်၌။ ယသ္မာ၊ အကြောင်းကြောင့်။ ဝိပါကသုခဝေဒနာ၊ ဝိပါက်ဧကန္တ်ယှဉ်သော သုခဝေဒနာကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝေါ၊ ဝိပါက်ဇာတ်အားဖြင့် တပါး တည်းသာဖြစ်သော။ သော ဝေဒနာ၊ ဤဝေဒနာသည်။ ဝေ၊ ဝ၊ တခုသော ဥပနိဿယပစ္စည်းဖြင့်သာလျှင်။ တဏှာယ၊ တဏှာအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝါ၊ ဟုနည်းကား။ ယသ္မာ၊ အကြောင်းကြောင့်။ ဒုက္ခီ၊ ဆင်းရဲခြင်းရှိသောသူသည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တ၏။ သုခီပိ၊ ချမ်းသာခြင်းရှိသောသူသည်လည်း။ ဘိယ္ယော၊ လွန်စွာသော။ သုခံ၊ ချမ်းသာ ကို။ ဝင်္ခတိ၊ အလိုရှိ၏။ ဥပေက္ခာ ပန၊ ဥပေက္ခာကိုကား။ သန္တတ္တာ၊ ငြိမ်သက်သည်၏ အဖြစ်ကြောင့်။ သုခမိစ္စေဝ၊ သုခဟုသာလျှင်။ ဘာသိတာ၊ ဆိုအပ်၏။

ဟသ္မာ၊ ထို့ကြောင့်။ တိသောပိ ဝေဒနာ၊ သုံးပါးကုန်သောဝေဒနာတို့သည်လည်း။ တဏှာယ၊ တဏှာအား။ ပစ္စယော၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်

http://www.dhammadownload.com

ကုန်၏။ တသွာ၊ ထို့ကြောင့်။ ဝေဒနာပစ္စယာ တဏ္ဍာဣတိ၊ ဝေဒနာပစ္စယာ တဏ္ဍာဟူ၍။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဧကဓာဟိ ဥပနိဿယပစ္စယေနေဝဟု အဋ္ဌကတာမိန့်ရကား ဝိပါကသုခ ဝေဒနာသည် တဏ္ဍာအား ပကတူပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဤသုခဝေဒနာသာလျှင် တဏ္ဍာအား ပစ္စည်းတပ်သည်မဟုတ်၊ ဝိပါကဒုက္ခ ဥပေက္ခာဝေဒနာသည်လည်း တဏ္ဍာအား ပစ္စည်းတပ်သည်သာတည်းဟု ပြလိုချိ ယုသွာ စသည်ကို မိန့်၏။

အမိပ္ပါယ်ကား—ဆင်းရဲခြင်းရှိသော သူသည် သုခကို အလွန်တောင့်တ၏။ ယိုသူအား ဒုက္ခသည် တောင့်တတတ်သောတဏ္ဍာအား ပကတူပနိဿယ ပစ္စည်း တပ်၏ ဟူလိုသည်။

သုခရှိသောသူသည် ထိုသုခကို ထောက်ထား၍ တပါးသောသုခကို တောင့် တသောအခါ ပကတူပနိဿယပစ္စည်းတပ်၏။

ဥပေက္ခာသည်လည်း သန္တသောဝေ ရှိသောကြောင့် သုခမည်၏။ ထိုထို ဥပေက္ခာကို တောင့်တသောအခါ တဏ္ဍာအား ပကတူပနိဿယပစ္စည်း တပ်၏ ဟူလို။

ဒိုကာဒ္ဒကား—အကုသလဝိပါက် ဥပေက္ခာသည် အနိဋ္ဌဖြစ်၍ သုခဒ္ဒ ဝင်၏။ ထိုဥပေက္ခာနှစ်ပါး သည် သုခ,ဒုက္ခကဲ့သို့ တဏ္ဍာအား ဥပနိဿယပစ္စည်းတပ်၏ဟု ဆို၏။

ရဟန္တာတို့အားကား ထိုဝေဒနာသုံးပါးသည် တဏ္ဍာအား ပစ္စည်းမတပ်ပြီ။

ဝေဒနာကြောင့်ဖြစ်သော တဏ္ဍာသည်ကား အာရုံ ၆-ပါးဒ္ဒ ဖြစ်သော ကြောင့် ရူပတဏ္ဍာ စသောအားဖြင့် ၆-ပါးပြား၏။

ယင်းတဏ္ဍာ ၆-ပါးတို့ဖြစ်သော အခြင်းအရာကိုစွဲ၍—

၁။ ကာမတဏ္ဍာ၊

၂။ ဘဝတဏ္ဍာ၊

၃။ ဝိဘဝတဏ္ဍာ—

ဟူ၍ သုံးပါးပြားရကား ဤသုံးပါးဖြင့်မြောက် ၁၈-ဖြစ်၏။ ထို ၁၈-ကို အဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးနှင့်မြောက် ၃၆-ဖြစ်၏။ ထို ၃၆-ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးနှင့်မြောက် တရာ့ရှစ်ဖြာ တဏ္ဍာဒုစရိုက် ဖြစ်၏။

http://www.dhammadownload.com

ပဘောင်ပုဒ်

အာရုံ ၆-ပြန်၊ တဏ္ဍာကန်၊ မြောက်ရန် သုံးတဏ္ဍာ။
တွင်း,ပ,သန္တာန်၊ စုံနှစ်ရန်၊ မြောက်ပြန် ဆတ္တိ ံသာ။
ကာလသုံးဟန်၊ မြောက်တုံပြန်၊နိဋ္ဌာန်ဋ္ဌသတာ။
ဝေဒနာကား၊ တဏ္ဍာအား၊ တပ်ငြားတပစ္စည်း။
ဋီကာကျမ်းကို၊ ထောက်၍ဆို၊ တပ်လို ၄-ပစ္စည်း။

(အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပ, ပကတူပနိဿယ ဤ ၄-ပစ္စည်း တပ်၏ ဟူပေ။)

၃၉၆-တဏ္ဍာဓကျေးဇူးပြုပုံ

တဏ္ဍာပစ္စယာ ဥပါဒါနံဟူသော ပုဒ်၌ တဏ္ဍာသည် ဘယ်သို့ ဥပါဒါန်၏ အကြောင်းဖြစ်ရန်ဟု စောဒနာဖွယ်ရှိသောကြောင့်—

တဏ္ဍာ စ ပုရိမဿေတ္ထ၊ ကေဓာ ဟောတိ ပစ္စယော။
သတ္တဓာ အဋ္ဌဓာ ဝါပိ၊ ဟောတိ သေသတ္တယဿ သာ။

ဟူ၍ မိန့်၏။

ဧတ္တ စ၊ ဤဥပါဒါန် ၄-ပါးတို့တွင်လည်း။ တဏ္ဍာစ၊တဏ္ဍာသည်ကား။ ပုရိမဿ၊ ရှေးဖြစ်သောကာမုပါဒါန်အား။ကေဓာ၊အဓုသောပကတူပပစ္စည်းဖြင့်။ပစ္စယော၊ ကျေးဇူးပြုသည်။ဟောတိ၊ဖြစ်၏။ သာ တဏ္ဍာ၊ ထိုတဏ္ဍာသည်။သေသတ္တယဿ၊ ကာမုပါဒါန်မှ ကြွင်းသော ဥပါဒါန်သုံးပါးအား။ သတ္တဓာ ဝါ၊ ၇-ပါးအပြားဖြင့် ၎င်း။ အဋ္ဌဓာ ဝါပိ၊ ရှစ်ပါးအပြားဖြင့်၎င်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

တဏ္ဍာဖြင့် လွန်စွာနှစ်သက်အပ်ကုန်သော အာရုံတို့၌ ကာမုပါဒါန်ဖြစ်ခြင်း ကြောင့် တဏ္ဍာသည် ကာမုပါဒါန်အား ပကတူပပစ္စည်းတပ်၏။

ဒိဋ္ဌိဂတသမ္မယုတ်ဖြစ်သော တဏ္ဍာသည် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္မယုတ္ထ, အတ္ထိ, အဝိဂတဟူသော ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဝါ၊ ဥပနိဿယကို ထည့်၍ ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဥပနိဿယသဒ္ဒါဖြင့် အာရမ္မဏူပနိဿယ, ပကတူပနိဿယကို ဆိုအပ်သော ကြောင့် အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ပစ္စည်းတို့ကိုလည်း သင်္ဂြိုဟ်အပ်၏ဟူ၍ ဋီကာဆို၏။

http://www.dhammadownload.com

တဏှာနှင့် ဥပါဒါန်အထူး

တဏှာလည်း လောဘ, ဥပါဒါန်လည်း လောဘ စေတသိက်ဖြစ်သည်။ ဘယ်သို့ ထူးသနည်းဟူမူ ရှေးဦးဖြစ်သည်ကား တဏှာ၊ နောက်ဖြစ်သည်ကား ဥပါဒါန်၊ အားနည်းသော လောဘကား တဏှာ၊ အားကြီးသော လောဘကား ဥပါဒါန်။

ဝါ၊ အမိုက်တိုက်ကိုဝင်၍ ရှာအံ့သောဌာ ခိုးသူ၏ လက်ဆန့်ခြင်းကဲ့သို့ မရောက်သေးသော အာရုံကို တောင့်တခြင်းသည် တဏှာ၊ ခိုးသူ၏ လက်သို့ ရောက်သောဥစ္စာကို သိမ်းပိုက်ခြင်းကဲ့သို့ ရောက်ပြီးသော အာရုံကို စွဲလမ်းခြင်းသည် ဥပါဒါန်။

ဝါ၊ အလိုနည်းခြင်း၏ ဆန့်ကျင်ဘက်ကား တဏှာ၊ ရောင့်ရဲလွယ်ခြင်း၏ ဆန့်ကျင်ဘက်ကား ဥပါဒါန်။

ဝါ၊ ရှာမှီးခြင်း ဆင်းရဲ၏ အကြောင်းကား တဏှာ၊ စောင့်ရှောက်ခြင်း ဆင်းရဲ၏ အကြောင်းကား ဥပါဒါန် ဤသို့ ထူးကြ၏။

ဆောင်ပုဒ်

ရှေးဖြစ်တဏှာ၊ နောက်ဖြစ်ခါ၊ ဥပါဒါန်မည်မြဲ။
အားနည်းတဏှာ၊ အားကြီးခါ၊ ဥပါဒါန်ခေါ်မြဲ။
မရောက်သေးပါ၊ တောင့်တရာ၊ တဏှာမှန်မလွဲ။
အာရုံရောက်ခါ၊ စွဲလမ်းရာ၊ ဥပါဒါန်တင်စွဲ။
အပိစ္ဆတာ၊ သန္တောသာ၊ စဉ်ကာဆန့်ကျင်မြဲ။
ရှာမှီးဒုက္ခာ၊ မူလကာ၊ တဏှာဖြစ်စမြဲ။
စောင့်ရှောက်ဒုက္ခာ၊ အရင်းမှာ၊ ဥပါဒါန်မလွဲ။
ပရိယေသန၊ အာရက္ခ၊ မူလလွန်ဆင်းရဲ။

၃၉၇-ဥပါဒါန် ကျေးဇူးပြုပုံ

ဥပါဒါနပစ္စယာ ဘဝေါ ဟူသောပုဒ်၌ ဥပါဒါန်သည် ဘဝအား ဘယ်သို့ အကြောင်းပြုသနည်း ဟူသော စောဒနာကို ဖြေလိုရှိ-

http://www.dhammadownload.com

ရူပါရူပဘဝါနံ ဥပနိဿယပစ္စယော ဥပါဒါနံ။
သဟဇာတာဒိဟိပိ တံ၊ ကာမဘဝဿာတိ ဝိညေယျံ။
ဟူသော ပရိယာယ် ဂါထာကို မိန့်၏။

ဥပါဒါနံ၊ ဥပါဒါန် ၄-ပါးသည်။ ရူပါရူပဘဝါနံ၊ ရူပဘဝ, အရူပဘဝတို့အား။ ဥပနိဿယပစ္စယော၊ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ ဥပါဒါနံ၊ ထိုဥပါဒါန်သည်။ ကာမဘဝဿ၊ သမ္ပယုတ်ဖြစ်သော ကာမဘဝအား။ သဟဇာတာဒိဟိပိ၊ သဟဇာတစသော ပစ္စည်းတို့ဖြင့်လည်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝိပွယုတ္တဿ ပန၊ ဝိပွယုတ်ဖြစ်သော ကာမဘဝအား။ ဥပနိဿယော၊ ဥပနိဿယပစ္စည်းဖြင့်လျှင်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောဟိ၊ ဖြစ်၏။

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအား ဖြင့် နှစ်ပါးတို့တွင် ကမ္မဘဝသည်-

(၁) စေတနာကမ္မဘဝ၊
(၂) စေတနာသမ္ပယုတ္တကမ္မဘဝ-

အားဖြင့် နှစ်ပါးပြား၏။

ထိုတွင် ပုညာ, ပုည, အာနဉ္ဇာဘိသင်္ခါရဖြစ်သော စေတနာသည် စေတနာကမ္မဘဝ မည်၏။

အပုညာဘိသင်္ခါရဖြစ်သော စေတနာနှင့် ယှဉ်သော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိသည် စေတနာသမ္ပယုတ္တကမ္မဘဝမည်၏။

ကံကြောင့်ဖြစ်သော ခန္ဓာသည် ဥပပတ္တိဘဝမည်၏။ ထိုဥပပတ္တိဘဝသည်-

၁။ ကာမဘဝ၊
၂။ ရူပဘဝ၊
၃။ အရူပဘဝ၊
၄။ သညီဘဝ၊
၅။ အသညီဘဝ၊
၆။ နေဝသညီ နာသညီဘဝ၊
၇။ ဧကဝေါကာရဘဝ၊
၈။ စတုဝေါကာရဘဝ၊
၉။ ပဉ္စဝေါကာရဘဝ—

ဟူ၍ ၉-ပါးအပြားရှိ၏။

ထိုတွင် ကမ္မဘဝသည်—

ဘဝတိ တေသ္မာတိ ဘဝေါ-ဟူသော အပါဒါန သာဓန။
ဘာဝေတီတိ ဝါ ဘဝေါ-ဟူသော ဟေတုကတ္တုသာဓန။

http://www.dhammadownload.com

ဘဝတိ နေတနာတိ ဝါ ဘဝေါ–ဟူသော ကရဏသာဓန ဝစနတ္ထကြောင့် ဘဝမည်၏။

ဥပပတ္တိဘဝသည်ကား—

ဘဝတိတိ ဘဝေါ ဟူသော ကတ္တုသာဓနကြောင့် ဘဝမည်၏။

၄-ပါးသော ဥပါဒါန်သည် ရူပ, အရူပဖြစ်သော ကမ္မဘဝ, ဥပပတ္တိဘဝအား ၎င်း၊ ပုညာဘိသင်္ခါရ ဖြစ်သောကာမကုသိုလ်တည်းဟူသော ကမ္မဘဝအားဖြင့် ဥပနိဿယ ပစ္စည်းဖြင့် ဟောပြ၏။

အပုညာဘိသင်္ခါရတို့တွင် ဒိဋ္ဌဂတဝိပ္ပယုတ်၌ရှိသော ကာမုပါဒါန်သည် သမ္ပယုတ်ဖြစ်သော စေတနာကမ္မဘဝအား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၇- ပစ္စည်းဖြင့် ဟောပြ၏။

ဝိပ္ပယုတ်ဖြစ်သော ကမ္မဘဝအားကား ပကတူပနိဿယ ပစ္စည်းဖြင့် ဟောပြ၏။

ဒိဋ္ဌဂတဝိပ္ပယုတ်၌ရှိသော ကာမုပါဒါန်သည် စေတနာအား ဆိုအပ်ပြီးသော ၇-ပစ္စည်းဖြင့် ဟောပြ၏။

ကြွင်းသော ဥပါဒါန်သုံးပါးသည်ကား ယခင် ၇- ပစ္စည်းတွင် ဟောတုနှင့် မဂ္ဂင်္ဂကို လှယ်၍ ၇-ပစ္စည်းဖြင့် ဟောပြ၏။

စေတနာသမ္ပယုတ္တ ကမ္မဘဝဖြစ်သော အဘိဇ္ဈာအားလည်း ဤနည်းအလား ၇-ပစ္စည်းဖြင့် ဟောပြ၏။

ဋီကာဌကား–ဥပနိဿယ သဒ္ဒါဖြင့် အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, အနန္တရစသော ပစ္စည်းတို့ကို ယူရမည်ဟု မိန့်၏။ ရသင့်တိုင်းကို ပေါင်းသော် ၁၇-ပစ္စည်း ဖြစ်၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ်၌ သင်္ခါရ အရလည်း စေတနာ, ကမ္မဘဝ အရလည်း စေတနာပင် ဖြစ်ရကား ဤနှစ်ပါး ဘယ်သို့ ထူးသနည်းဟူမူ–

ဤပစ္စုပ္ပန်ဘဝ၏ အကြောင်းဖြစ်သော အတိဘဲကာလ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏။

အနာဂတ် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ပစ္စုပ္ပန်ကာလ၌ ဖြစ်သော စေတနာသည် ကမ္မဘဝ မည်၏။ ဤသို့ ထူး၏ ဟူပေ။

http://www.dhammadownload.com

ဆောင်ပုဒ်

ဥပါဒါန်ကား, ဘဝအား, တတ်ငြားသတ္တုရသ်။
ယထာရဟ, ယှဉ်ပြီးမှ, ကြုံဆာခွဲငေမှတ်။
ယူနည်းသွယ်သွယ်, အမိပွါယ်, သိလွယ် မခဲကပ်။

၃၉၇-ဘဝ ကျေးဇူးပြုပုံ

ဘဝပစ္စယာ ဇာတိ ဟူသောပုဒ်၌ ပစ္စည်းတပ်ဟန်ကို ဝေဖန်လိုရကား-

တတ္ထ တတ္ထ နိဗ္ဗတ္တမာနာနံ သတ္တာနံ ယေ ယေ ခန္ဓာ ပါတုဘဝန္တိ တေသံ ပထမပါတုဘာဝေါ ဇာတိ နာမ။ ဘဝေါတိ ပနေတ္ထ ကမ္မဘဝေါ အဓိပ္ပေတော၊ သော ဇာတိယာ ပစ္စယော၊ နု ဥပပတ္တိဘဝေါ သော စ ပန ကမ္မပစ္စယ ဥပနိဿယ ပစ္စယဝသေန ဒွေဓာဝ ပစ္စယော ဟောတိ။

ယသ္မာ စ အသတိ ဇာတိယာ, ဇရာ, မရဏံ နာမ သောကာဒယော ဝါ ဓမ္မာ နုဟောန္တိ၊ တသ္မာ အယံပိ ဇရာမရဏသ္မ ဧဝ သောကာဒီနဉ္စ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗော။ သာ ပန ဥပနိဿယ ကောဋိယာ ဧကဓာဝ ပစ္စယော ဟောတီတိ။ ။(သမ္မော, ဝိသုဒ္ဓိမဂ်)

တတ္ထ တတ္ထ၊ ထိုထိုဘဝ၌။ နိဗ္ဗတ္တမာနာနံ၊ ဖြစ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ယေ ယေ ခန္ဓာ၊ အကြင်ကြင် ခန္ဓာတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တေသံ၊ ထိုခန္ဓာတို့၏။ ပထမပါတုဘာဝေါ၊ ရှေးဦးစွာ ထင်ရှားဖြစ်ခြင်းသည်။ ဇာတိ နာမ၊ ဇာဝေါမည်၏။ ပန၊ အထူးကား။ ဧတ္ထ၊ ဤဘဝပစ္စယာဇာတိဟူသောပုဒ်၌။ ဘဝေါတိ ပဓေန၊ ဘဝေါ ဟူသော ပုဒ်ဖြင့်။ ကမ္မဘဝေါ၊ ကံမ္မဘဝကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုကမ္မဘဝသည်။ ဇာတိယာ၊ ဇာတိအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဥပပတ္တိဘဝေါ၊ ဥပပတ္တိဘဝသည်။ ဇာတိယာ၊ ဇာတိအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ နု ဟောတိ၊မဖြစ်။ သော စ ပန၊ ထိုဘဝသည်ကား။ ကမ္မပစ္စယ, ဥပနိဿယပစ္စယ ဝသေန၊ ကမ္မပစ္စည်း, ဥပနိဿယပစ္စည်း၏ အစွမ်းဖြင့်။ ဒွေဓာဝ၊ နှစ်ပါးအပြားဖြင့်သာလျှင်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိသော်။ ဇရာမရဏံ နာမ ဇရာမရဏမည်သော။ ဓမ္မာ ဝါ၊တရားတို့သည်ဌင်း။ သောကာဒယော၊ သောက အစရှိကုန်သော။ ဓမ္မာ ဝါ၊ တရားတို့သည်ဌင်း။ နု ဟောန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ အယံပိ၊ ဤဇာတိသည်လည်း။ ဇရာမရဏသ္မ ဧဝ၊ ဇရာမရဏအားဌင်း။ သောကာဒီနဉ္စ၊ သောကစသည်တို့

http://www.dhammadownload.com

အားရင်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သာပန၊ ထိုဇာတိသည်ကား။ ဥပနိဿယကောဋိယာ၊ ပကတူပနိဿယ အစွမ်းဖြင့်။ ဧကဓာဝ၊ တပါးဖြင့်သာလျှင်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤဘဝပစ္စယာဇာတိ ဟူသောပုဒ်၌ ဘဝ၏အရတွင် ဥပပတ္တိဘဝကို မယူအပ်သောအဖြစ်ကို ဋီကာကျော်၌–

နစ တဒေဝ တဿ ကာရဏံ ယုတ္တံ- ဟူ၍မိန့်၏။

တဒေဝ၊ ထိုရှေးဦးစွာ ထင်ရှားဖြစ်သော ခန္ဓာတည်းဟူသော ဥပပတ္တိ ဘဝသည်ပင်လျှင်။ တဿ၊ ထိုရှေးဦးစွာ ထင်ရှားဖြစ်သော ခန္ဓာတည်းဟူသော ဇာတိ၏။ ကာရဏံ၊ အကြောင်း၏ အဖြစ်သည်။ နစ ယုတ္တံ၊ မသင့်သည်သာတည်း။

ကုသိုလ် အကုသိုလ် စေတနာတည်းဟူသော ကမ္မဘဝသည် ထိုထိုဘဝ၌ ရှေးဦးစွာထင်ရှားဖြစ်သော ခန္ဓာဟူသော ဇာတိအား, ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဇာတိမရှိသော် ဇရာ, မရဏ တို့သည်ရင်း သောက, ပရိဒေဝ စသည်တို့သည်ရင်း မဖြစ်ရကား ထိုဇာတိသည် ဇရာ, မရဏ, သောက, ပရိဒေဝ စသည်တို့အား သုတ္တန်နည်းအားဖြင့် ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ အဘိဓမ္မာနည်းအားဖြင့် တစုံတခုသော ပစ္စည်းကိုမူ မရအပ်။

ဇာတိသည် သောကစသည်တို့၏ အကြောင်းသာ ဖြစ်သည်မဟုတ်။ အဝိဇ္ဇာအား ကျေးဇူးပြုတတ်ရကား အဝိဇ္ဇာ၏ အကြောင်းလည်း ဖြစ်၏။ အဘယ့်ကြောင့် နည်းဟူမူ အဝိဇ္ဇာနှင့် မကင်းသောကြောင့်တည်း။

ဤသို့လျှင် မသိအပ်သော အစရှိသော ပြုပြင်တတ်သောသူ။ ခံစားတတ်သောသူမှကင်းသော ၁၂-ပါးသော ဆိတ်ခြင်းတို့ဖြင့် ဆိတ်ငြိမ်သော ဤစက်သည် အမြဲပင် မပြတ်လေပ်ဖြစ်၏။

သောင်ပုဒ်

အဝသည်ကား ဇာတိအား၊ နှစ်ပါးတပ်ပစ္စည်း။
ဇာတိသော်ကား၊ ဇရာအား၊ နည်းပါးတခုတည်း။
ယင်းသည်ဇာတိ၊ သောကာဒိ၊ တပ်ဘိ ဤနည်းချည်း။
သောကဖြင့်သာ၊ အဝိဇ္ဇာ၊ တပ်ရာပြီးသည်း။

ပစ္စယာကာရနည်းသည် ပြီး၏။

http://www.dhammadownload.com

၃၉၉-ပဋိစ္စသမုပ္ပါဒ်တရား၏ အင်္ဂဇန်, အင်္ဂါစသည်ကိုပြခြင်း

မေး ။ ဝဋ်လည်း ၃-ထပ်၊ အစပ် ၃-ဖြာ၊ အလှာ ၄-ခု၊ စတုသင်္ခေါ်၊ တွက်ရေဝိသ၊ ဒွါဒသကို၊ အရာဘယ်သို့ ကောက်သနည်း။

၂။ သုံးပါးဝဋ်၊ ဒွေမူလ၊ ဘဝဘယ်သို့ ဇကောက်သနည်း။

၃။ သညီဘဝ၊ စသည်အပြား၊ ကိုးပါးမည်ရှိ၊ ဥပပတ္တိ၊ ပဋိသန္ဓေ၊ ဘုံအနေမှာ၊ ခွဲဝေဘယ်သို့ ပြမည်နည်း။

၄။ စက်သံသရာ၊ ခေါ်သည်မှာ၊ ဘယ်သာမုချ ရသနည်း။

ဖြေ။ ။ဤသို့ ဆိုအပ်ပြီးသော ပဋိစ္စသမုပ္ပါဒ်၌—

၁။ အဝိဇ္ဇာ–၃-ပါး၊

၂။ သင်္ခါရ–၁၂-ပါး၊

၃။ အခြင်းအရာ-၂၀၊

၄။ အစပ်–၃-ပါး၊

၅။ အလှာ--၄-ပါး၊

၆။ ဝဋ်–၃-ပါး၊

၇။ မူလ–၂-ပါး--

အပြားရှိ၏။ ဤသို့ရှိသည်တွင်–

အင်္ဂဇန် ၃-ပါး

အဝိဇ္ဇာ, သင်္ခါရသည် အတိတ်ကာလ၌ ဖြစ်ရကား အဇိတ်အင်္ဂဇန် မည်၏။

ဇာတိ, ဇရာ, မရဏသည် ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်၌ ဖြစ်ရကား အနာဂတ်အင်္ဂဇန်မည်၏။

ဝေဒနာ, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည်ဒုင်း, တဏှာ, ဥပါဒါန်, ဘဝသည်ဒုင်း ပစ္စုပ္ပန်အင်္ဂဇန်မည်၏။

http://www.dhammadownload.com

အင်္ဂါ ၁၂-ပါး

အင်္ဂါ ၁၂-ပါးဟူသော်ကား-အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ- ဟူ၍ ၁၂-ပါး ပြားသတည်း။

ခြင်းရာနှစ်ဆယ်

အခြင်းအရာ ၂၀-ဟူသည်ကား-အတိတ်အဓွန့်၌ အဝိဇ္ဇာ, သင်္ခါရတို့ကို ယူသဖြင့် အဝိဇ္ဇာဖြင့် မကွေမကွာ ဖြစ်လေ့ရှိသော တဏှာ, ဥပါဒါန်ကိုလည်း ယူအပ်၏။ သင်္ခါရနှင့် စေတနာချင်းတူသော ကမ္မဘဝ ကိုလည်း ယူအပ်၏။ ယင်းသို့ ယူရသောကြောင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူ၍ အတိတ်၌ အကြောင်း ၅-ပါးရ၏။

ထိုအတိတ်အကြောင်းကြောင့် ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုး ၅-ပါးသည် ဖြစ်၏။

ပစ္စုပ္ပန် အဓွန့်ရှစ်ပါးတွင် တဏှာ, ဥပါဒါန်ကို ယူသဖြင့် ထိုနှင့်မကွေမကွာ ဖြစ်လေ့ရှိသော အဝိဇ္ဇာကိုလည်း ယူအပ်၏။ ဘဝကိုယူသဖြင့် ကမ္မဘဝချင်းတူသော သင်္ခါရကိုလည်း ယူအပ်၏။ ယင်းသို့ ယူသောကြောင့် တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရဟူ၍ ပစ္စုပ္ပန်၌ အကြောင်း ၅-ပါးဖြစ်၏။

အနာဂတ်အဓွန့်၌ ဇာတိ, ဇရာ, မရဏကိုယူသဖြင့် ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသောအကျိုး ၅-ပါးကို ယူအပ်၏။

ဘယ့်ကြောင့်နည်းဟူမူ ထိုဇာတိ, ဇရာ, မရဏသည် တပါးသော တရားတို့၏ ဇာတိ, ဇရာ, မရဏ မဟုတ်၊ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်၌ ဖြစ်လတ္တံ့သော ဝိညာဉ်, နာမ် ရုပ် စသည်တို့၏ ဇာတိ, ဇရာ, မရဏပင် ဖြစ်သောကြောင့်တည်း။ ဤသို့လျှင် အခြင်းအရာ ၂၀-ဖြစ်သတည်း။

ထို့ကြောင့်-

ပုရိမကမ္မဘာဝသို့ မောဟော အဝိဇ္ဇာ၊ အာသုဟနာ သင်္ခါရော တဏှာ ဥပါဒါနံ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသို့ ဣဓ ပဋိသန္ဓိဝိညာဏ ဩက္ကန္တိနာမရူပံ ပသာဒေါ အာယတနံ, ဖဿော, ဝေဒယိတံ ဝေဒနာ၊ ဣတိ ဣမေ ပဉ္စ ဓမ္မာ ဣဓုပပတ္တိ ဘဝသို့ ပုရေ-ဇာတာ ကမ္မဿ ပစ္စယာ-

စသည်ဖြင့် ဟောတော်မူသည်။

http://www.dhammadownload.com

သင်္ခါရနှင့် ဘဝ အထူးကား။ ။ဤဘဝ၌ ဝိညာဉ်စသော အကျိုးကို ပြုပြင်ပြီးသော အဘိတ်ဘဝ၌ ဖြစ်သော စေတနာသည် သင်္ခါရမည်၏။ ဝိညာဉ်စသည်ကို မပြုပြင်သော စေတနာသည် ဘဝမည်၏။

တနည်းကား။ ။ပုဗ္ဗစေတနာသည် သင်္ခါရ မည်၏။ မုဉ္ဇစေတနာသည် ဘဝမည်၏။

ဝါ၊ တခုသော ဝီထိ၌ ရှေဇော ၆-ချက်စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောစေတနာသည် ဘဝမည်၏။

ဝါ၊ တခုသောဝီထိ၌ စိတ်တိုင်းယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။ သမ္မယုတ်တရားတို့သည် သင်္ခါရမည်၏။

ဆောင်ပုဒ်

ပုဗ္ဗစေတနာ၊ သင်္ခါရာ၊ မုဉ္ဇာဘဝမှတ်။
ဇော ၆-ချက်မှာ၊ သင်္ခါရာ၊ ဆုံးခါဘဝမှတ်။
သမ္မယုတ္တာ၊ သင်္ခါရာ၊ ကံမှာဘဝမှတ်။

အစပ် ၃-ပါး

အစပ် ၃-ပါးဟူသော်ကား —

၁။ အတိတ်အကြောင်း ၅-ပါးနှင့် ပစ္စုပ္ပန်အကျိုး ၅-ပါး၏ အကြားသည် တခုသောအစပ်မည်၏။

၂။ ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅ ပါး၏အကြားသည် တခုသောအစပ်မည်၏။

၃။ ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့် အနာဂတ် အကျိုး ၅-ပါး၏ အကြားသည် တခုသောအစပ်မည်၏။ ဤသို့ အစပ် ၃-ပါး ဖြစ်သတည်း။

အလွှာ ၄-ပါးဟူသော်ကား—

၁။ အတိတ်အကြောင်း ၅-ပါးတလွှာ၊

၂။ ပစ္စုပ္ပန်အကျိုး ၅-ပါးတလွှာ၊

၃။ ပစ္စုပ္ပန်အကြောင်း ၅-ပါးတလွှာ၊

၄။ အနာဂတ်အကျိုး ၅-ပါးတလွှာ—

ဤသို့ ၄-လွှာဖြစ်သတည်း။

http://www.dhammadownload.com

ဝဋ် ၃-ပါး

ဝဋ် ၃-ပါးဟူသော်ကား အင်္ဂါ ၁၂-ပါးတွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည် ကိလေသာဝဋ် မည်၏။

သင်္ခါရ၏အရဖြစ်သော အတိတ်ကုသိုလ် အကုသိုလ်စေတနာ၊ ကမ္မဘဝ၏ အရဖြစ်သော ပစ္စုပ္ပန်ကုသိုလ်, အကုသိုလ်စေတနာသည် ကမ္မဝဋ်မည်၏။

ဝိညာဉ်, နာမ်, ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ ဟူသော အင်္ဂါ ၇-ပါး, အနာဂတ်၌ အကျုံးဝင်သော ဥပပတ္တိဘဝသည် ဝိပါကဝဋ်မည်၏။ ။ဤသို့ ဝဋ် ၃-ပါး ဖြစ်သတည်း။

မူလ ၂-ပါး

မူလ, နှစ်ပါးဟူသော်ကား– ၁။ အဝိဇ္ဇာသည် ပုဗ္ဗန္တ၏ မူလ။ ၂။ တဏှာသည် ပရန္တ၏ မူလ ဤသို့ မူလနှစ်ပါးဖြစ်သတည်း။

ဤကိုရည်၍ ရှင်ရဌသာရအကျော် ဆရာတော်သည်–

ကာလသုံးစဉ်, ဝဲယဉ်သုံးထပ်, အစပ်သုံးခု, စတုသင်္ခေ, တွက်ရေဝီသ,အာကာရဖြင့်, ပဋိစ္စသမုပ္ပါဒ်, ဟောမှတ်လေတွဲ့, ဟိတ်ဖိုလ်ချဲလျက်, တဆယ့်နှစ်အင်, ဒွါဒသင်ဟု, ညွှန်ရှင်ကျိုးစက်, အဆက်ဆက်ကို, လွှတ်ထွက်နိုင်ကြောင်း, ကောင်းသားလုံ့လ, အားထုတ်ကြလျက်, မြစ်မနှစ်မြွာ, နှုတ်ပစ်ခွာ၍, အညာနိဗ္ဗာန်, သူတော်ဌာန်သို့ဆန်အံ့ရင်းတည် စူးစူးရည်သည်၊ မလည်မသုန်,မဟာဂုဏ်တို့–ဟူ၍ သံဂရ ပျို့ ၌စပ်တော်မူသည်။

၄၁၀-အဝိဇ္ဇာ၏ အကြောင်းမူလကို ပြခြင်း

အဝိဇ္ဇာကို မူလအရင်းဟု ဟောခဲ့သော် အဝိဇ္ဇာသည် ဖြစ်ကြောင်းမရှိပဲ မိမိ၏ သဘောအားဖြင့် လောက၏အရင်း ဖြစ်သလောဟု စောဒနာငြားအံ့ အကြောင်း မရှိသည်ကား မဟုတ်၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောဟူ၍ ဟောတော်မူ သောကြောင့် အာသဝေါ တရားတို့သည် အဝိဇ္ဇာ၏ဖြစ်ကြောင်းတည်းဟူ၍ ဖြေအပ်၏။

အာသဝေါတရားကြောင့် အဝိဇ္ဇာဖြစ်ခဲ့သော် အဝိဇ္ဇာကို မူလကာရဏ, ဟူ၍ မဟောသင့်ပြီ ဘယ့်ကြောင့်ဟောပြန်သနည်း ဟူငြားအံ့။ ဝဋ်စကား၏

http://www.dhammadownload.com

အရှင်းဖြစ်သော ကြောင့်သာ ဟောတော်မူ၏။ လောကဓံ၏ အရင်းဖြစ်သော ကြောင့် ဟောတော်မူသည်မဟုတ်။

ထိုအနက်ကို ပြခြင်းငှာ သမ္မောအဋ္ဌကထာဌ်—

အတ္ထိ ပန ပရိယာယော ယေန မူလကာရဏံ သိယာ။ ကော ပနေသောတိ၊ ဝဋ္ဋကထာယ သိသဘာဝေါ ဘဂဝါ ဟိ ဝဋ္ဋကထံ ကထေးန္တော ဒွေ ဓမ္မေ သိသံ ကတ္ဝာ ကထေသိ၊အဝိဇ္ဇံ ပါ ဘဝတဏှံ ဝါ—

ဟူ၍မိန့်တော်မူ၏။

ယေန ပရိယာယေန၊အကြောင်ပရိယာယ်ဖြင့်။ မူလကာရဏံ၊ အကြောင်းရင်းသည်။ သိယာ၊ ဖြစ်ထု၏။ သော ပရိယာယော၊ထိုအကြောင်းသည်။အတ္ထိ ပန၊ ရှိသလျှင်ကတည်း။ ဧသော၊ ဤပရိယာယ်သည်။ ကော ပန၊ အဘယ်နည်း။ ဣတိပုစ္ဆာယံ၊ ဤသို့မေးသည်ရှိသော်။ ဝဋ္ဋ ကထာယ၊ ဝဋ်စကား၏။ သိသ ဘာဝေါ၊ အရင်း၏အဖြစ်တည်း။ ဟိသစ္စံ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝဋ္ဋ ကထံ၊ ဝဋ်စကားကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ အဝိဇ္ဇံ ဝါ၊ အဝိဇ္ဇာကို ၎င်း။ ဘဝတဏှံ ဝါ၊ ဘဝဟာကျာကိုဌင်း။ ဒွေ ဓမ္မေ၊ နှစ်ပါးသောတရားတို့ကို။ သိသံ ကတ္ဝာ၊ အရင်းပြု၍။ ကထေသိ၊ဟောတော်မူ၏။

၄၀၁-အဝိဇ္ဇာ, တဏှာ နှစ်ပါး

ဝဋ်မြစ်သားပုံ

တပါးပါးသော တရားကိုသာလျှင် အရင်းမထားပဲ ဘယ့်ကြောင့် နှစ်ပါးသောတရားကို အရင်းထား၍ ဟောသနည်းဟူမူကား—

သုဂတိ ဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတုဘူတတ္တာ ဒုဂ္ဂတိဂါမိနော ဟိ ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ သုဂတိဂါမိနော ပန ကမ္မဿ ဝိသေသဟေတု ဘဝတဏှာ။

ဟူသော အဋ္ဌကထာနှင့်ညီစွာ သုဂတိဘုံသို့ လားစေတတ်သော ကံ, ဒုဂ္ဂတိဘုံသို့ လားစေတတ်သောကံ၏ ထူးသော အကြောင်း၏အဖြစ်ကြောင့် နှစ်ပါးသော တရားကို အရင်းထားသည် ဟူပေ။

ထိုစကားကို ထင်စွာပြဦးအံ့။ ဒုဂ္ဂတိဘဝသို့ လားစေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်းကား အဝိဇ္ဇာဖြစ်သည်။

သုဂတိဘဝသို့ လားစေတတ်သော ကုသိုလ်ကံ၏ ထူးသောအကြောင်းကား တဏှာဖြစ်သည်။

http://www.dhammadownload.com

ဘယ်သို့ဖြစ်သနည်းဟူမူ–သတ်အပ်သော နွားမကို ကိုယ်အလုံးကို မီးကင်၍ ဆောက်ပုတ်တို့ဖြင့် ပုတ်ခတ်ပြီးလျှင် ရေပူကို တိုက်သည်ရှိသော် ထိုနွားမသည် ပင်ပန်းလှရကား သာယာခြင်းမရှိပဲလျက် မိမိ၏ အကျိုးမဲ့အောင် ဆောင်မည်ကို သိလျက် ရေပူကိုသောက်ရဘိသကဲ့သို့ ကိလေသာဟူသော ပူပန်ခြင်းဖြင့် နှိပ်စက်သော ပုထုဇဉ်မိုက်အား ဒုဂ္ဂတိသို့ လားရအံ့သည်ကို သိလျက် မိမိ၏ အကျိုးမဲ့အောင် ဆောင်မည်ကိုသိလျက် ပါဏာတိပါတ်အစရှိသော မကောင်းမှုကံကို အဖန်ဖန်အားထုတ်ရ၏။ ထိုအားထုတ်ခြင်း၏အကြောင်းကား အဝိဇ္ဇာပင်တည်း။

သုဂတိကံ၏ အကြောင်းဖြစ်ဟန်ကား— ယခင်ထုခတ်ခြင်းကို ခံရသော နွားမသည် သက်သာရာရခြင်းကို အလွန်တောင့်တသည်ဖြစ်၍ ရေအေးကို ရှာလျက် ရလတ်သောအခါ ထပ်၍သာ သောက်ချင်ဘိသကဲ့သို့ ဘဝတဏှာဖြင့် လွန်စွာနှိပ်စက်သော ပုထုဇဉ်သည် အလွန်သောဒုက္ခကို မခံရစိမ့်သောငှာ ပါဏာတိပါတ်စသည်မှ ရှောင်ခြင်း, ပုညကြိယဝတ္ထုကို ပြုခြင်းအစရှိသော ကုသိုလ်ကံတို့ကို အားသစ်၏။ ထိုကံ၏အကြောင်းရင်းကား ဘဝတဏှာတည်း။ ဤသို့သိရာ၏ ဟူပေ။

ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

၄၀၂-ပဋ္ဌာန်းနည်း

ပဋ္ဌာန်းပစ္စည်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စည်းတပ်ဟန်ကို ဉာဏ်နုသောသူတို့ ဆောင်လွယ်, သိလွယ်ရုံ အကျဉ်းမျှပြလိုက်ဦးအုံ။

ဟေတုပစ္စည်းကို ပြခြင်း

ဟေတုပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်—

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်၊ ၃။ ပစ္စနိက်–အားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤဟိတ် ၆-ပါးတို့သည် ဟေတုပစ္စည်း တပ်သော တရားမည်ကုန်၏။

သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒ္ဒေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

http://www.dhammadownload.com

အဟိတ်စိတ်အဌာရသ, ဆန္ဒ ကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် အားဖြင့် ၇-စွန်းသော မဟာဘုတ် ၄-ပါး ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားမည်ကုန်၏။

ထိုပစ္စည်း, ပစ္စယုပ္ပန်နှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသောပစ္စယုပ္ပန်တရားတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ အစိတ်, အစိတ်ကား–လောဘမူစိတ်ရှစ်ခုဌ်ရှိသော လောဘသည် မောဟသည် လောဘ မောဟသည် ပဉ္စဝေါကာရ ၂၆-ဘုံဌ် ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံဌ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား–လောကီစိတ် ကောသီတိ စေတသိက် ဒွေပညာသ, ရုပ်အဌဝီသ, ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ လောဘမူဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လက်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် ထိုအာရုံကို အာရုံပြု၍ လောဘမူစိတ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် ပိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွှေ့ ဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ လောဘမူပထမဇောအစရှိသော စိတ္တက္ခဏတခုခုဌ်ရှိသော လောဘသည်, မောဟသည်, လောဘ, မောဟသည် ပဉ္စဝေါကာရ ၂၆-ဘုံဌ်ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံဌ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မနောဒွါရဝီထိကိုသာ အရင်းတည်၍ ပြလိုက်သည်၊ ပဉ္စဒွါရဝီထိတို့ ကျရာဌ်ရှိလည်း ဤနည်းအတူ ပစ္စည်းတပ်ဟန်ကို သိလေ။

၂။ ဒေါသမူဒွေဌ်ရှိသော ဒေါသသည် မောဟသည် ဒေါသ မောဟသည် ကာမ ၁၁-ဘုံဌ်သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com

ပစ္စည်းဝယ်ဟန်ကား-လောကီဒိဘ် ကောသီဘိ, စေတသိက် ဒဋ္ဌပညာသ, ရုပ်အဋ္ဌဝီသ, ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဒေါသမူဇော, ပီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် ဘဝင်္ဂလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ဒေါသမူဒဋ္ဌတို့တွင် တခုခုသည် ဇောကိစ္စ ၇-ကြိမ်, ဝိဘူတာရုံ ဝိထင်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခုတို့တွင် တခုခုသည် တဒါရုံနှစ်ကြိမ်, ထို့နောင် ဘဝင်၊ အဝိဘူတာရုံဝိထိ ဥပေက္ခာပဋိသန္ဓေ နေသေးသူ ဖြစ်အံ့ ဥပေက္ခာဘဝင် ၆-ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ သောမနဿ ပဋိသန္ဓေနေသေးသူဖြစ်အံ့ ဥပေက္ခာသဟဂုတ်သန္တီရဏသည် အာဂန္တုက ဘဝင်၊ထို့နောင် မိမိပဋိသန္ဓေနှင့်တူသော သောမနဿဘဝင်စိတ်တို့သည် ယထာရဟ ဖြစ်ကုန်၏။ ထိုသို့ဖြစ်သော်အခါ ဒေါသမူပထမဇော အစရှိသော စိတ္တက္ခဏတခုခု၌ ရှိသော ဒေါသသည် မောဟသည် ဒေါသ, မောဟသည် ကာမဘဝ-ဘုံ၌သာ သမ္မယုတ္တခန္ဓာသဟ်တ်စိတ္တဇရုပ်တို့အား ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။

၃။ မောဟမူဒ္ဒွိဋ္ဌိရှိသော မောဟသည် ပဋ္ဌဝေါကာရ ၂၆-ဘုံ၌ဖြစ်သော အခါ သမ္မယုတ္တခန္ဓာသဟ်တ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္မယုတ္တခန္ဓာအားသာ ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။ လောဘမူကဲ့သို့ ဝိထိချ၍ ပစ္စည်းတပ်လေ။

၄။ မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခုဋ္ဌိရှိသော အလောဘသည် အဒေါသသည် အမောဟသည် အလောဘ အဒေါသသည် အလောဘ အမောဟသည် အလောဘ အဒေါသ အမောဟသည် ပဋ္ဌဝေါကာရ ၂၆-ဘုံ၌ဖြစ်သောအခါ သမ္မယုတ္တခန္ဓာ သဟ်တ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္မယုတ္တခန္ဓာအားသာ ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။ ဝိထိချ၍ ပစ္စည်းတပ်လေ။

၅။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခုဋ္ဌိရှိသော အလောဘသည် အဒေါသသည် အလောဘ အဒေါသသည် ပဋ္ဌဝေါကာရ ၂၆-ဘုံ၌ဖြစ်သော အခါ သမ္မယုတ္တခန္ဓာ သဟ်တ်စိတ္တဇရုပ်တို့အား, စတုဝေါကာရဘုံ၌ကား သမ္မယုတ္တခန္ဓာ အားသာ ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။ ဝိထိချ၍ ပစ္စည်းတပ်လေ။

၆။ မဟာဝိပါက်ဉာဏသမ္မယုတ် ၄-ခုဋ္ဌိရှိသော ဟိတ် ၃-ပါးသည့် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေအခါ သမ္မယုတ္တခန္ဓာ သဟ်တ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္မယုတ္တခန္ဓာ သဟ်တ်စိတ္တဇရုပ်တို့အား ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com

ပစ္စည်းတပ်ဟန်ကား-သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ ၂၁-ဘုံ၌ အသည်သတ်ဘုံ အရှစ ၄-ဘုံ တို့ဟူ၍ တဘုံဘုံမှ စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်္ဂ-စလန ဘဝင်္ဂုပစ္ဆေဒ,နိမိတ် ၃-ပါးတို့၌ အာဝဇ္ဇန်းပြု၍ မနောဒ္ဓါတု-ဝဇ္ဇန်း,မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် မရဏာသန္နဇောကိစ္စ ငါးကြိမ်, ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် စုတိကိစ္စတာကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုသည် မရဏာသန္န-ဇောသည် မနောဒ္ဓါရဖြင့် ယူအပ်သော နိမိတ် ၃-ပါးတို့၌ အာဝဇ္ဇန်းပြု၍ ပဋိသန္ဓေကိစ္စတကြိမ်, ထို့နောင် ပဋိသန္ဓေသင်္ဃန်းနှင့် တူသောစိတ်သည် ဘဝင်္ဂကိစ္စ ၁၅-ကြိမ်, ၁၆-ကြိမ်,ထို့နောင် ပဋိသန္ဓေသစ်ကို အာဝဇ္ဇန်းပြု၍ ဆင်ခြင်တတ်သော မနောဒ္ဓါဇဝဇ္ဇန်း, ထို့နောင် ပဋိသန္ဓေသစ်ကို အာဝဇ္ဇန်းပြု၍ ပြင်းစွာ တပ်တတ်သော လောဘမူစိတ် ရှစ်ခုတို့တွင် တခုခုသည် ဘဝနိကန္တိက လောဘဇော ၇-ကြိမ်, ထို့နောင် ဘဝင်္ဂကိစ္စဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေ နာမက္ခန္ဓာဌ်ရှိသော တိဟိတ် ၃-ပါးသည် ကာမသုဂတိ ၇-ဘုံဌ်သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၇။ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုဌ် ရှိသော ဟိတ်နှစ်ပါးသည် ကာမသုဂတိ ၇-ဘုံဌ်သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိ အခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား, ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ယခင်ကဲ့သို့ ဝိထိချလေ။)

၈။ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခုဌ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံဌ် ဖြစ်သေးအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဧတုဝေါကာရဘုံဌ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုနေပ၏။ (ကုသိုလ်ကဲ့သို့ ဝိထိချလေ) ဉာဏ်ပ္ပယုတ်လည်း ဤနည်းအတူ။ ဟိတ်နှစ်ပါးဆိုရသည်သာ တူး၏။

၉။ ရူပကုသိုလ် ၁၂.ခုဌ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံဌ်သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတု-သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား-ပထမစျာန်ကို ရလိုသော ကာမတိဟိတ်ပုဂ္ဂိုလ်သည် ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော

http://www.dhammadownload.com

ဆံအစရှိသော ကောင္ဌာသပညတ်, အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရ တရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဂါပညတ် ဤ ၂၅-ပါးသော ပညတ်တို့တွင် တပါးပါးကို အာရုံပြု၍ ပထဝီ, ပထဝီ စသည်ဖြင့် စီးဖြန်းဖန်များ၍ ပထမစျာန်ကို ရလိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ထို့နောင် ၂၅-ပါးသော ပညတ်တို့တွင် တပါးပါးကို အာရုံပြု၍ ခြင်ဆင်တတ်သော မနောဒွါရာဇွန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘူ ဟူ၍ ၄-ကြိမ်, တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူ ဟု ၃-ကြိမ် ဥပစာသမာမိဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပထမစျာန်စိတ်သည် အာဒိကမ္မိကဖြစ်အုံ- တကြိမ်သာ, သမာပဇ္ဇနဝီထိဖြစ်အုံ-ဘဝင် အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပွနာ သမာမိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွှေ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ ရူပါဝစရ ပထမစျာန် ဇောစိတ္တက္ခဏ တခုခုဉ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဋ္ဌဝေါကာရ ၂၂-ဘုံဉ်သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤနည်းကို မှီ၍ ဒုတိယစျာန် ဝီထိစသည်တို့၌ ပစ္စည်းတပ်ဟန်ကို သိရမည်။

၁၀။ ။ရူပါဝစရပထမစျာန် ဝိပါက်ဉ်ရှိသော ဟိတ်၃-ပါးသည် ပထမစျာန် ၃-ဘုံဉ်သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဒုတိယစျာန်ဝိပါက် တတိယစျာန်ဝိပါက်ဉ်ရှိသော ဟိတ် ၃-ပါးသည် ဒုတိယစျာန်ဘုံဉ်သာ, စတုတ္ထစျာန်ဝိပါက်ဉ်ရှိသော ဟိတ် ၃-ပါးသည် တတိယစျာန်ဘုံဉ်သာ, ပဋ္ဌမစျာန်ဝိပါက်ဉ်ရှိသော ဟိတ် ၃-ပါးသည် စတုတ္ထစျာန်ဘုံဉ်သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ဝီထိမှာ မဟာဝိပါက်၏ နည်းအတိုင်း ချရမည်၊ ကြိယာလည်း ကုသိုလ်နှင့် တူပြီ)

၁၁။ ။အရူပကုသိုလ် ၄-ခုဉ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဋ္ဌဝေါကာရ ၂၂-ဘုံဉ် ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံဉ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူး

http://www.dhammadownload.com

ပြုပေ၏။ ။(အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိ, ချရိုးအတိုင်းချ၍ ပစ္စည်းတပ်လေ)

၁၂။ ။မင်္ဂစိတ် ၄-ခုဌ် ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္ဇဝေါကာရ ၂၂-ဘုံဌ် ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိဟ်စိတ္တဇရုပ်တို့အား, စတုဝေါကာရဘုံဌ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား – သောတာပတ္တိမင်, သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသော ဝိပဿနာယောဂီဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် တေဘုမ္မက သင်္ခါရတို့တွင် တပါးပါးကို အာရုံပြု၍ သဗ္ဗေ သင်္ခါရာ အနိစ္စာဟူ၍ငင်း၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဟူ၍ငင်း၊ သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍ငင်း အဖန်တလဲလဲ စီးဖြန်းဖန်များ၍ သောတာပတ္တိမင်ကို ရလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် တေဘုမ္မကသင်္ခါရတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် မဟာကုသိုလ်ပထမဒ္ဒေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနိဝိပဿနာဇော ကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်, မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်, စျာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သောတာပတ္တိမင် ပထမစျာန်စိတ်သည်ငင်း၊ စျာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒုတိယစျာန်စိတ်သည်ငင်း၊ စျာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော တတိယစျာန်စိတ်သည်ငင်း၊ စျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထစျာန်စိတ်သည်ငင်း ဂေါတြဘူသည် မဟာကုသိုလ် တတိယဒ္ဒေတို့တွင် တခုခုဖြစ်အုံ၊ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဉ္ဇမစျာန်စိတ်သည်ငင်း၊ နိဗ္ဗာန်ကို အာရုံပြု၍ ဒုက္ခသစ္စာကို ပိုင်းခြားရှိသ်ခြင်း သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း တည်းဟူသော ကိစ္စလေးပါးကို တပြိုက်နက် တချက်တည်းပြီးစေလျက်မင်္ဂကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် သောတာပတ္တိမင်ဇောစေတနာသည် ဖြစ်စေအပ်သော သောတာပတ္တိမင်စိတ်နှင့် စျာန်အင်္ဂါ, အာရုံအစရှိသောအားဖြင့် တူသော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ် ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဟု ၂-ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စဖြစ်ထိုက်သရွှေ ဖြစ်၍ ချုပ်၏။

http://www.dhammadownload.com

ထိုသို့ဖြစ်သောအခါ သောတာပတ္တိမဂ် စိတ္တက္ခဏ တခုဥ်ရှိသော ဟိတ် ၃-ပါး သည် အပါယ်ကြဥ်သော ပဥ္စဝေါကာရ ၂၂-ဘုံဥ် ဖြစ်သောအခါ သမ္မယုတ္တာခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (နောက်ဝိထိတို့ ဥ်လည်း ဤနည်းတူ ပြည့်စုံစွာဆိုပေလ)

၁၃။ အကျဉ်းချုံး၍ ရေးလိုက်ပေအုံ့။ သောတာပတ္တိမဂ်, သောတာပတ္တိ ဖိုလ်ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် ဇာတာမှကသခ်ါရတို့တွင် တပါးပါးကို အာရုံပြု၍-

သဗ္ဗေ သခ်ါရာ အနိစ္စာ ဟူ၍၎င်း၊

သဗ္ဗေ သခ်ါရာ ဒုက္ခာ ဟူ၍၎င်း၊

သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍၎င်း—

အဖန်တလဲလဲ စီးဖြန်းဖန်များ၍ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရလိုလတ်သော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဓါဝဇ္ဇန်း၊ ထို့နောင် မဟာ ကုသိုလ် ပထမဇ္ဈတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပဒီကံ, ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ဟု ၄-ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ဟု ၃-ကြိမ် ဝုဋ္ဌာနဂါမိနီဝိပ-ဿနာဇောကိစ္စဖြစ်၍ ချုပ်၏၊ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်, စျာန်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော သကဒါဂါမိမဂ် ပထမစျာန်စိတ်သည်၎င်း၊ စျာန်အင်္ဂါ ၄-ပါး နှင့် ပြည့်စုံသော ဒုတိယစျာန်စိတ်သည်၎င်း၊ စျာန်အင်္ဂါ ၃-ပါးနှင့်ပြည့်စုံသော တတိယစျာန် စိတ်သည်၎င်း၊ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထစျာန်စိတ်သည်၎င်း၊ ဝေါဒါန်သည် မဟာကုသိုလ် တတိယဇ္ဈတို့တွင် တခုခုဖြစ်အံ့ စျာန်အင်္ဂါနှစ်ပါး နှင့်ပြည့်စုံသော သကဒါဂါမိမဂ် ပဥ္စမစျာန်စိတ်သည်၎င်း၊

၁။ ဒုက္ခသစ္စာကို ပိုင်းခြားး၍ သိခြင်း၊

၂။ သမုဒယသစ္စာကို ပယ်ခြင်း၊

၃။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊

၄။ မဂ္ဂသစ္စာကို ပွားစေခြင်း—

ဟူသောကိစ္စ ၄-ပါးကို တပြိုင်နက် တချက်တည်းပြီးစေလျက် မဂ်ကိစ္စတ ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် သကဒါဂါမိမဂ်ဇော စေတနာသည် ဖြစ်စေအပ် သော သကဒါဂါမိမဂ်စိတ်နှင့် စျာန်အင်္ဂါ, အာရုံအစရှိသောအားဖြင့် တူသော သကဒါဂါမိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်,

http://www.dhammadownload.com

ဖိုလ်, ဖိုလ်, ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဟု နှစ်ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွှေ ဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ သကဒါဂါမိမဂ်, စိတ္တက္ခဏတခုဥ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံဥ်ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား, စဘုဝေါကာရ ဘုံဥ်ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အနာဂါမိမဂ် ဝိထိ, အရဟတ္တမဂ် ဝိထိ တို့ကိုလည်း ဤနည်းအတူ ဆိုလေ

၁၄။ ။သောတာပတ္တိမဂ် ၅-ပါး၏ ရှေ့ဥ်ကျသော ဂေါတြဘူ ၅-ပါးသည် တိက္ခပညာ, မန္ဒပညာ ပုဂ္ဂိုလ်အားဖြင့် နှစ်ပါးပြားရကား ၂- ခုနှင့်မြောက် ၁၀-ပါးဖြစ်၏။

ထို ၁၀-ပါးကို သုညတ အပွဏိဟိတ, အနိမိတ္တတည်းဟူသော ဝိပဿနာ ၃-ပါးနှင့်မြောက် ဂေါတြဘူ ၃၀-ဖြစ်၏။

အထက်မဂ် ၃-ခု၏ရှေ့ဥ် ကျသော ဝေါဒါန်စိတ်ကိုလည်း ဤနည်းအတူ မြောက်သော် ၃၀-စီရ၏။

ဂေါတြဘူ ၃၀- ဝေါဒါန် ၃၀×၃-လီအားဖြင့် ၁၂၀-သောစိတ်တို့သည် မနောဒ္ဓါရာဝဇ္ဇန်းယူခဲ့သော အာရုံကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုကြသော ကြောင့် အာဝဇ္ဇန်းကင်းသောစိတ် မည်ကုန်၏။

၁၅။ ။ဖလသမာပတ္တိ ဝိထိဖြစ်ဟန်ကား သောတာပတ္တိမဂ်, သောတာ-ပတ္တိဖိုလ်ကို ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိဖိုလ်ကို ဝင်စားလိုလတ်သော် ဘဝင်စလန, ဘဝင်ပစ္ဆေဒ, နိဗ္ဗာန်ကို အာရုံပြု၍ မနောဒ္ဓါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ပထမဒွေတို့တွင် တခုခု သည် မန္ဒပညာပုဂ္ဂိုလ်အား အနုလုံ, အနုလုံ ဟု ၄-ကြိမ်, တိက္ခပညာပုဂ္ဂိုလ် အား အနုလုံ, အနုလုံ, ဟု ၃-ကြိမ် ဝုဋ္ဌာဂါမိနိဝိပဿနာဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် သောတာပတ္တိဖိုလ် ပထမ စျာန်စိတ်သည်ရင်း၊ ဒုတိယ စျာန်စိတ် သည်ရင်း၊ တတိယ စျာန်စိတ်သည်ရင်း၊ စတုတ္ထ စျာန်စိတ်သည်ရင်း၊ စတုတ္ထ အနုလုံသည် မဟာကုသိုလ် တတိယ ဒွေတို့တွင် တခုခုဖြစ်အံ့ ပဉ္စမစျာန်စိတ် သည်ရင်း၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဖိုလ်ဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွှေဖြစ်၏။

ထိုသို့ဖြစ်သောအခါ သောတာပတ္တိဖိုလ်, စိတ္တက္ခဏ တခု, တခုဥ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ဘုံဥ်ဖြစ်သောအခါ

http://www.dhammadownload.com

သမ္မယုတ္တာခန္ဓာ သဟိဘာစိတ္တေရုပ်တို့အား စတုဝေါကာရ ဘုံဒွိကား သမ္မယုတ္တာခန္ဓာအားသာ ဟေတုသတ်ဖြင့် ကျေးဇူးပြုပေ၏။ (အထက်ဖိုလ် ၃-ပါးကိုလည်း ဤနည်းအတူ ဝိထိချလေ။)

ဤမျှလောက်သော ဝီထိတို့ကို နှုတ်တက်ဆောင်မှု အထက်ပစ္စည်း တပ်ဟန်များကိုလည်း သိနိုင်မည်ဖြစ်၍ ဝီထိကျဟန်တို့ကို အကျဉ်းရေးလိုက်သည်။

သဟိတ်စိတ် ကေသတ္တာတိ တို့၏ ဝီထိချဟန်

ဟေတု ပစ္စည်းတပ်ဟန် ပြီး၏။

၄၀၃-အာဝဇ္ဇန ပစ္စည်းကို ပြခြင်း

အာဝဇ္ဇန ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်၊ ၃။ ပစ္စနိက်-အား ဖြင့် ၃-ပါး အပြား ရှိကုန်၏။

ထို ၃-ပါးတို့ဟူ၌ စိတ်တခုယုတ် ၉၀, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပစ္စည်းထိုက်သော အခြို့သော ပညတ် ဤတရားတို့သည် အာဝဇ္ဇန ပစ္စည်းတပ်သော တရားမည်ကုန်၏။

စိတ်တခုယုတ် ၉၀ ,စေတသိက် ဒွေပညာသ , နာမကွန္ဓာ ဤတရားတို့သည် အာဝဇ္ဇနပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ ။(ပစ္စနိက်ကား-မရှိ)

ထိုပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာဝဇ္ဇနသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။

၁၄ ။တနည်းဆိုး—

ပစ္စုပ္ပန် ရူပါရုံသည် စက္ခုဝိညာဉ်ဒွေအား,
ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတဝိညာဉ်ဒွေအား,
ပစ္စုပ္ပန် ဂန္ဓာရုံသည် ဃာနဝိညာဉ်ဒွေအား,
ပစ္စုပ္ပန် ရသာရုံသည် ဇိဝှါဝိညာဉ်ဒွေအား,
ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်ဒွေအား,
ပစ္စုပ္ပန် ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေဟု ဆိုအပ်သော မနောဓာတ် ၃-ခုအား

ကာမစိတ် စတုပညာသ,စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရုံ ၆-ပါးသည် တဒါရုံကောဒသ, ဟသိတုပ္ပါဒ်အား—

http://www.dhammadownload.com

လောကီစိတ်ကောသီဘို့စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ,ပညတ် ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် အကုသိုလ်ဒုဒါဒသ,မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ် ၄-ခု, မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ခု အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၃-ခု,စေတသိက်ဒွေ-ပညာသ,ရုပ်အဋ္ဌဝီသ,ပညတ် ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု,ကုသိုလ်အဘိညာဉ်အား-

ထိုကုသိုလ်အဘိညာဉ်တို့တွင်လည်း ပစ္စုပ္ပန်ဖြစ်သော မိမိ၏ရူပကာယသတ-သဟဿ ဒေးစရှိသော နိမ္မိတရုပ် ပါဒကစျာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား-

ဒုရ, ပဋိစ္ဆန္န သဏ္ဌ, သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်အား-

ဒုရ, ပဋိစ္ဆန္န, သဏ္ဌ, သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကုသိုလ် အဘိညာဉ်အား-

လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌ တည်သော သူတပါးသန္တာန်၌ရှိသော အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၃-ခု, စေတသိက်ဒွေပညာသ ဟု ဆိုအပ်သော ဓမ္မာရုံသည် စေတောပရိယ ကုသိုလ်အဘိညာဉ်အား-

ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ် ၈၃-ခု, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ခန္ဓာငါးပါး, ထိုခန္ဓာ ငါးပါးနှင့်စပ်သော အမည်,အမျိုး,အစရှိ သော ပညတ်, နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ပုဗ္ဗေနိဝါသာ-နုဿတိ ကုသိုလ်အဘိညာဉ်အား-

အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ် ဟုဆိုအပ်သောဓမ္မာရုံသည် ယထာ-ကမ္မူပဂ ကုသိုလ်အဘိညာဉ်အား-

အနာဂတ်ဖြစ်သောစိတ် ၈၃-ခု,စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသဟုဆို အပ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်,အမျိုးအစရှိသော ပညတ်,နိဗ္ဗာန် ဟုဆိုအပ်သော အာရုံ ၆-ပါးသည် အနာဂတံသကုသိုလ် အဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ။စိတ်တခုယုတ် ၉၀,စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ,နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, ကြိယာအဘိညာဉ်အား-

http://www.dhammadownload.com

ထိုကြိယာအဘိညာဉ်တို့တွင်လည်း ပစ္စုပ္ပန်ဖြစ်သော မိမိ၏ ရူပကာယ-သတ္တသဟာဿအစရှိသော နိမ္မိတရုပ်, ပါဒကစျာန်ဟုဆိုအပ်သော အာရုံ ၆-ပါး သည် ကုဒ္ဓိဝိဓ ကြိယာအဘိညာဉ်အား-

ဒူရ, ပဋိဆ္ဆန္န, သဏ္ဌ, သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား-

ဒူရ, ပဋိဆ္ဆန္န, သဏ္ဌ, သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာအဘိညာဉ်အား-

လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါးဉ်တည်သော သူတပါးသန္တာန်ဉ်ရှိသော စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ ဟုဆိုအပ်သော ဓမ္မာရုံသည် စေတောပရိယကြိယာအဘိညာဉ်အား-

ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်ခုယုတ် ၉၀, စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝိသ ဟုဆိုအပ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်, အမျိုး အစရှိသော ပညတ်, နိမ္မာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်အား-

အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် ကံ ဟုဆိုအပ်သော ဓမ္မာရုံသည် ယထာကမ္မူပဂ ကြိယာအဘိညာဉ်အား-

အနာဂတ်ဖြစ်သော စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ ရူပ်အဋ္ဌ-ဝိသ ဟုဆိုအပ်သော ခန္ဓာငါးပါး ထိုခန္ဓာငါးပါးနှင့်စပ်သော အမည် အမျိုး အစရှိသော ပညတ် နိမ္မာန် ဟုဆိုအပ်သော အာရုံ ၆-ပါးသည် အနာဂတံသ ကြိယာအဘိညာဉ်အား အာရုံမှတသတ်ဖြင့် ကျေးဇူးပြုပေ၏။

၄။ ။ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသ ပညတ်, အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်, မေတ္တာ, ကရုဏာ, မုဒိတာ, ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၂၅-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် ရူပပထမစျာန် ဝိတ် ၃-ခုအား-

ကသိုဏ်းဆယ်ပါး, အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်, မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၁၄-ပါးသော ပညတ်

http://www.dhammadownload.com

ဟု ဆိုအပ်သော မမှာရုံသည် ရူပဒုတိယစျာန် ၃-ခု, တတိယစျာန် ၃-ခု, စတုတ္ထစျာန် ၃-ခုအား-

ကသိုဏ်းဆယ်ပါး, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားတပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၁၂-ပါးသော ပညတ်ဟု ဆိုအပ်သော မမှာရုံသည် ရူပပဉ္စမစျာန်စိတ်၌ ၃-ခုအား-

အာကာသ ကသိုဏ်းသည် ကြည်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွာ၍ရအပ်သော ကောင်းကင် ပညတ်ဟု ဆိုအပ်သော မမှာရုံသည် အာကာသာနဉ္စာယတနစိတ် ၃-ခုအား-

အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော မမှာရုံသည် ဝိညာဏဉ္စာယတနဝိပါက်အား-

အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟု ဆိုအပ်သော မမှာရုံသည် ဝိညာဏဉ္စာယတနကြိယာအား-

အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ဟု ဆိုအပ်သော မမှာရုံသည် အာကိဉ္စညာယတနကုသိုလ်ဝိပါက်အား-

အာကာသာနဉ္စာယတန ကုသိုလ်ကြိယာ၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို ဆိုအပ်သော မမှာရုံသည် အာကိဉ္စညာယတနကြိယာအား-

အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မမှာရုံသည် နေဝသညာနာသညာယတနကုသိုလ်အား-

အာကိဉ္စညာယတနကုသိုလ် ကြိယာဟု ဆိုအပ်သောမမှာရုံသည် နေဝသညာနာသညာယတနကြိယာအား-

နိဗ္ဗာန်ဟု ဆိုအပ်သော မမှာရုံသည် လောကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဤအကျဉ်းကို မှီ၍ ဝိထိစုံအောင် အကျယ်ခဲ့၍ ပစ္စည်းတပ်ရမည်။)

၄၀၄-အဓိပတိပစ္စည်းကိုပြခြင်း

အဓိပတိပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ အဓိပတိသည်-

၁။ အာရမ္မဏာဓိပတိ၊

၂။ သဟဇာတာဓိပတိ-

အားဖြင့် နှစ်ပါးအပြားရှိ၏။

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် အာရမ္မဏာဓိပတိဖြစ်အံ့ ပစ္စုပ္ပန် ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ် အဋ္ဌာရသ, ဒေါသမူဒ္ဓေ, မောဟမူဒ္ဓေ, ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော စိတ် ၈၄-ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇-ခု, နိဗ္ဗာန် ဤတရား၀ို့သည် အာရမ္မဏာဓိပတိပစ္စည်း တပ်သော တရားမည်ကုန်၏။

အဓိပတိအားဖြင့်ကား အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၍စ်ခု, မဟာကုသိုလ်စိတ် ၍စ်ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, လောကုတ္တရာစိတ် ၍စ်ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ကြဉ်သော စေတသိက် ၄၅-ခု, နာမက္ခန္ဓာ ဤတရား၀ို့သည် အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရား၀ို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရား၀ို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ။အစိတ်အားဖြင့်ကား အလေးအမြတ် ပြုအပ်သော လောဘမူစိတ် ၍စ်ခု လောကီကုသိုလ် သတ္တရာသ, ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော လောကီဝိပါက်ကေတိ သ ကြိယာစိတ်ဝိသ ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ်အဋ္ဌာရသ ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ၍စ်ခုအား-

အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရာသဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄-ခုအား-

အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရာသ အောက်မဂ် ၃-ခု အောက်ဖိုလ် ၃-ခု နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုအား-

အလေးအမြတ်ပြုအပ်သော အာရဟတ္တမဂ်, အာရဟတ္တဖိုလ်, နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုအား-

အလေးအမြတ်ပြုအပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ်ပြုတတ်သော လောကုတ္တရာစိတ် ၍စ်ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။သဟဇာတာဓိပတိဖြစ်အံ့ - မောဟမူဒ္ဓေ, ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၌ ရှိသောဆန္ဒ, ဝီရိယ, သာဓိပတိဇော ၅၂-ခုဟု ဆိုအပ်

http://www.dhammadownload.com

သော စိတ္တ, သာဓိပတိ တိဟိတ်ဇော ၃၄-ခုဥ္ဌရှိသော ဝီမံသ ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

အဓိပတိတပ်ခိုက် အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကပညာသ, သာဓိပတိ စိတ္တဇရုပ် ဤ တရားတို့သည် သာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ။တနည်းကား – သာဓိပတိဇော ၅၂-ခုဥ္ဌရှိသော ဆန္ဒာဓိပတိသည် သာဓိပတိဇော ၅၂-ခု ဆန္ဒ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ပညာသ, သာဓိ-ပတိစိတ္တဇရုပ်တို့အား–

သာဓိပတိဇော ၅၂-ခုဥ္ဌရှိသော ဝီရိယာဓိပတိသည် သာဓိပတိဇော ၅၂-ခု, ဝီရိယ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ, သာဓိပတိ စိတ္တဇရုပ်တို့အား–

သာဓိပတိဇော ၅၂-ခုဟုဆိုအပ်သော စိတ္တာဓိပတိသည် ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကပညာသ, သာဓိပတိစိတ္တဇရုပ်တို့အား–

သာဓိပတိတိဟိတ်ဇော ၃၄-ခုဥ္ဌရှိသော ဝီမံသာဓိပတိသည် သာဓိပတိ တိဟိတ်ဇော ၃၄-ခု, ဝီမံသ ကြဉ်သော စေတသိက်သတ္တတိံသ, သာဓိပတိ စိတ္တဇ ရုပ်တို့အား သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ။တနည်းကား–လောဘမူစိတ်ရှစ်ခုဥ္ဌရှိသော အဓိပတိတရားကိုယ်၃-ပါး တို့တွင် တပါးပါးသည် ပဉ္စဝေါကာရဘုံဥ္ဌဖြစ်သောအခါ, သမ္ပယုတ္တခန္ဓာ, သာဓိ-ပတိစိတ္တဇရုပ်တို့အား, စတုဝေါကာရဘုံဥ္ဌကား သမ္ပယုတ္တခန္ဓာအားသာ–

ဒေါသမူဒွေဥ္ဌရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါးသည် ကာမ ၁၁-ဘုံဥ္ဌသာ သမ္ပယုတ္တခန္ဓာသာဓိပတိစိတ္တဇရုပ်တို့အား–

မဟာကုသိုလ်ရှစ်ခုဥ္ဌရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါးသည် ပဉ္စဝေါကာရဘုံဥ် ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံဥ္ဌကား သမ္ပယုတ္တခန္ဓာအားသာ–

မဟာကြိယာရှစ်ခုဥ္ဌရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံဥ်ဖြစ်သောအခါ သမ္ပယုတ္တ-ခန္ဓာ, သာဓိပတိစိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံဥ္ဌကား သမ္ပယုတ္တခန္ဓာ

http://www.dhammadownload.com

အားသာ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ဉာဏသမ္မယုတ်၌ ၄-ပါး, ဉာဏဝိပ္ပယုတ်၌ ၃-ပါးယှဉ်သည်။)

၅။ ။ရူပကုသိုလ် ၅-ခု, ကြိယာ ၅-ခု၌ရှိသော အဓိပတိတရားကိုယ် ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌သာ သမ္မယုတ္တခန္ဓာသာဓိပတိစိတ္တဇရုပ်တို့အား—

အရူပကုသိုလ် ၄-ခု, ကြိယာ ၄-ခု, လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော အဓိပတိတရားကိုယ် ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္မယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား သမ္မယုတ္တခန္ဓာအားသာ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (သာဓိပတိဇောမှကြွင်းသော နိရောဓိပတိစိတ်တို့ကို ပစ္စနိုင်ယူလေ)

၄၀၅-အနန္တရပစ္စည်းကို ပြခြင်း

အနန္တရပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်—

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် - အားဖြင့်နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ရဟန္တာတို့၏စုတိကြွင်းသော ဖရိုးဖွေးသော စိတ်တခုယုတ် ၉၀-စေတသိက်ဒွေပညာသနာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် အနန္တရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ။တနည်းကား-ပဋိသန္ဓေနာမက္ခန္ဓာသည် ပထမဘဝင်နာမက္ခန္ဓာအား။ ပထမဘဝင်အစဉ်သော ဖရိုးဖရိုးသော နာမက္ခန္ဓာသည် ဒုတိယဘဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာအား၊ ပဉ္စဝေါကာရဘဝဂုံပစ္ဆာဒ, ၁၅-ခုသည် အာဝဇ္ဇန်းဒွေအား၊ စတုဝေါကာရဘဝဂုံပစ္ဆာဒ ၄-ခုသည် မနောဒွါရာဝဇ္ဇန်းအား။ ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဝိညာဉ်အား၊ ပဉ္စဝိညာဉ်သည် သမ္ပဋိစ္ဆိုင်းဒွေအား။ သမ္ပဋိစ္ဆိုင်းဒွေသည် သန္တီရဏ ၃-ခုအား၊ သန္တီရဏ ၃-ခုသည် ဝုဋ္ဌေအား၊ ပရိတ္တာရုံဝိထိဖြစ်အုံ— ပထမဝုဋ္ဌေသည် ဒုတိယဝုဋ္ဌေအား၊ ဒုတိယဝုဋ္ဌေသည် ပဉ္စဝေါကာရဘဝင် ၁၅-ခုအား—

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝိထိဖြစ်အုံ— ဝုဋ္ဌေ မနောဒွါရာဝဇ္ဇန်းသည် ပထမဇောအား၊ ပထမဇောသည် ဒုတိယဇောအာ

http://www.dhammadownload.com

ဒုတိယဇောသည် တတိယဇောအား၊ တတိယဇောသည် စတုတ္ထဇောအား၊ စတုတ္ထဇောသည် ပဉ္စမဇောအား၊ ပဉ္စမဇောသည် ဆဋ္ဌမဇောအား၊ ဆဋ္ဌမဇောသည် သတ္တမဇောအား-

လောဘမူ, မောဟမူ, မဟာကုသိုလ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့- အဆုံးဇောသည် တဒါရုံကောဒသအား၊ တဒါရုံမကျသည်ဖြစ်အံ့-ဘင်ငကူနဝိသအား၊ ဒေါသမူဇောနောင် တဒါကျသည်ဖြစ်အံ့- အဆုံးဇောသည် ဥပေက္ခာတဒါရုံ ၆-ခုအား၊ တဒါရုံမကျသည်ဖြစ်အံ့—ကာမဥ[illegible]ဘဝင် ၆-ခုအား။ ဟသိတုပပ္ပါဒ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့—အဆုံးဇောသည် သောမနဿ တဒါရုံ ၅-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့-ပဥ္စဝေါကာရတိဟိတ်ဝင် ၆-ခုအား-

မဟာကြိယာသောမနဿဇောနောင် တဒါရုံကျသည် ဖြစ်အံ့-အဆုံးဇောသည် သောမနဿတဒါရုံ ၅-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့ တိဟိတ်ဘဝင်ဇောတရာသအား-

မဟာကြိယာဥပေက္ခာဇောနောင် တဒါရုံကျသည်ဖြစ်အံ့-ဥပေက္ခာတဒါရုံ ၆-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့-တိဟိတ်ဘဝင်ကေရသအား။ ပထမတဒါရုံသည် ဒုတိယတဒါရုံအား။ ဒုတိယတဒါရုံသည် ကာမဘဝင် ၁၀-အားအနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။အပုနာပိထိဋ္ဌိ ပရိကံသည် ဥပစာအား, ဥပစာသည် အနုလုံအား, အနုလုံသည် ဂေါတြဘူ ဇဝါဒါန်အား, ရှေးရှေးဌိဖြစ်သော အနုလုံသည် နောက်နောက်ဖြစ်သော ဇောဘူအနုလုံအား-

ဂေါတြဘူ, ဇဝါဒါန်, အနုလုံ ကိစ္စဖျပ်သော မဟာကုသိုလ် ပထမဒွေသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ခု, မဂ်သောမနဿသဟဂုတ် ၁၆ခု အောက်ဖိုလ်သောမနဿသဂုတ် ၂၂-ခုအား-

ဂေါတြဘူ, ဇဝါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေသည် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု-အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ခုအား-

ဝေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒွေသည် မဟဂ္ဂုတ်ကြိယာ သောမနဿ ၄-ခု, အရဟတ္တဖိုလ် သောမနဿ ၄-ခုအား-

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာ တတိယဒွေသည် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် တာဒုအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com

၃။ ။သမာပဇ္ဇနဝီထိ၌ ရှေးရှေးသော မဟဂ္ဂုတ် ကုသိုလ် ကြိယာဇော သည် နောက်နောက်သော ဇောတူမဟဂ္ဂုတ်ကုသိုလ် ကြိယာအား-

ရူပါဝစရ ကုသိုလ်ကြိယာ အဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ခုအား-

အာကာသာနဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဓေါကာရတိဟိတ်ဘဝင် ၉-ခု, အာကာသာနဉ္စာယတနဘဝင်အား-

ဝိညာဏဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ခု, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ဘဝင်အား-

အာကိဉ္စညာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉- ခု, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန ဘဝင်အား-

နေဝသညာနာသညာယတနကုသိုလ် အဆုံးဇောသည် တိဟိတ်ဘဝင်တေ-ရသ,နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်အား-

နေဝသညာနာသညာယတနကြိယာ အဆုံးဇောသည် တိဟိတ်ဘဝင် တေ-ရသ, နိရောဓသမာပတ်မှ ထသောအခါအရဟာတ္တဖိုလ်အား-

သောတာပတ္တိမဂ်သည် သောတာပတ္တိဖိုလ်အား။သကဒါဂါမိမဂ်သည် သက-ဒါဂါမိဖိုလ်အား။ အနာဂါမိမဂ်သည် အနာဂါမိဖိုလ်အား။ အနာဂါမိမဂ်သည် အနာဂါမိဖိုလ်အား။ အရဟတ္တမဂ်သည် အရဟတ္တဖိုလ်အား-

ရှေးရှေးသော ဖိုလ် ၄-ခုသည် နောက်နောက်ဖြစ်သော ဇောတူဖိုလ်လေး ခုအား-

ဖိုလ်လေးခုအဆုံးဇောသည် တိဟိတ်ဘဝင်တေရသအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ။မရဏာသန္နဝီထိ၌ ဇောနောင် စုတိတို့တွင် အကုသိုလ် ဇောနောင် စုတိဖြစ်အံ့ အဆုံးဇောသည် ကာမစုတိ ၁၀-အား-

မဟာကုသိုလ်ဇောနောင် စုတိဖြစ်အံ့ အဆုံးဇောသည် စုတိကွေနဝိသအား ကြိယာဇောနောင် စုတိဖြစ်အံ့ အဆုံးဇောသည် တိဟိတ်စုတိ တေရသအား-

http://www.dhammadownload.com

တဒါရုံနောင်စုတိဖြစ်အံ့ ဒုတိယတဒါရုံသည် ကာမစုတိ ၁၀-အား-
ဘဝင်နာင် စုတ်ဖြစ်အံ့ ဘဝင်ကြွနဝိသသည် စုတိကြွနဝိသအား-
ဒ္ဒိဟိတ်, အဟိတ် စုတိသည် ကာမပဋိသန္ဓေ ၁၀- အား-
ကာမတိဟိတ်စုတိ ၎-ခုသည် ပဋိသန္ဓေကြွနဝိသအား-
ရူပစုတိ ၅-ခုသည် သဟိတ် ပဋိသန္ဓေသတ္တရသအား-
အာကာသာနဉ္စာယတနစုတိသည် အရူပပဋိသန္ဓေ ၎-ခုကာမတိဟိတ်ပဋိ-
သန္ဓေ ၎-ခုအား-

ဝိညာဏဉ္စာယတနစုတိသည် ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, ပဋိ-
သန္ဓေ ၃- ခု, ကာမတိဟိတ်ပဋိသန္ဓေ ၎-ခုအား။

အာကိဉ္စညာယတနစုတိသည် အာကိဉ္စညာယတန, နေဝသညာနာသညာယ-
တန, ပဋိသန္ဓေ ၂- ခု ကာမတိဟိတ်ပဋိသန္ဓေ၎-ခုအား။

နေဝသညာနာသညာယတနစုတိသည် နေဝသညာနာသညာယတန ပဋိ-
သန္ဓေ ၎-ခုအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ရုပ်အဋ္ဌဝိသကား ပစ္စ
နိုက်။ (သမန္တရလည်း တူပြီ)

အနန္တရပြီး၏။

၎၀၆-သဟဇာတပစ္စည်းကိုပြခြင်း

သဟဇာတပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သမ္ပယုတ်တို့သည်-
၁။ ပစ္စည်း ၂။ ပစ္စယုပ္ပန်- အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၎-ပါး, စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ,ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ အားဖြင့် ၇-စုနှံးသော မဟာဘုတ် ၎-ပါး, ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ကျိတ်ရားတို့သည် သဟဇာတ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၎-ပါး, စိတ္တဇ,ပဋိသန္ဓေကမ္မဇ, ဗာ-ဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိဥပါဒါရူပ်နှင့်တကွ အလုံးစုံသောမဟာဘုတ် ၎-ပါး ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ကျိတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးဘော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com

၁။ ။တနည်းကား အလုံးစုံသော ပဘွိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး တို့တွင် တပါးပါးသော နာမကွန္ဓာသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ၃-ပါး, ၃-ပါးသော နာမကွန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အာ စတုဝေါ-ကာရဘုံ၌ကား၃-ပါး, ၃-ပါးသော နာမကွန္ဓာအားသာ။ ၃-ပါး ၃-ပါးသော နာမကွန္ဓာသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ တပါး, တပါးသော နာမ-ကွန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား တပါး တပါးသော နာမကွန္ဓာအားသာ။ နှစ်ပါးနှစ်ပါးသော နာမကွန္ဓာသည် ပဋ္ဌ-ဝေါကာရဘုံ၌ ဖြစ်သောအခါ နှစ်ပါးနှစ်ပါးသော နာမကွန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား နှစ်ပါးနှစ်ပါးသော နာမ-ကွန္ဓာအားသာ ၄-ပါးသော နာမကွန္ဓာသည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား-

၂-စွန်းသောမဟာဘုတ် ၄-ပါးတို့တွင် တပါးတပါးသော မဟာဘုတ်သည် ၃- ပါး, ၃-ပါးသော မဟာဘုတ် ဥပါဒါရုပ်တို့အား။ ၃-ပါး, ၃-ပါးသော မဟာဘုတ်သည် တပါးတပါးသော မဟာဘုတ်, ဥပါဒါရုပ်တို့အား။ နှစ်ပါးနှစ်ပါးသော မဟာဘုတ်သည် နှစ်ပါးနှစ်ပါးသော မဟာဘုတ်, ဥပါဒါရုပ်တို့အား။ ၄-ပါးသောမဟာဘုတ်သည် ဥပါဒါရုပ်အား။ ပဋ္ဌဒါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုတို့တွင် တပါးတပါး, ၃-ပါး ၃-ပါး, ၂-ပါး ၂-ပါး, ၄-ပါးသော နာမ-ကွန္ဓာသည် ဟဒယဝတ္ထုအား။ ဟဒယဝတ္ထုသည် တပါးတပါး, ၃-ပါး ၃-ပါး, ၂-ပါး ၂-ပါး, ၄-ပါးသော နာမကွန္ဓာအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု ၎င်း။

၂။ ။တနည်းကား လောဘမူရှစ်ခု, နာမကွန္ဓာ ၄-ပါးတို့တွင် တပါးပါး သော နာမကွန္ဓာသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ၃-ပါး၃-ပါးသော နာမကွန္ဓာ စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား ၃-ပါး ၃ပါးသော နာမ-ကွန္ဓာအားသာ။ ၃-ပါး ၃-ပါးသော နာမကွန္ဓာသည် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ တပါးတပါးသော နာမကွန္ဓာ, စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား တပါးတပါးသော နာမကွန္ဓာအားသာ-

နှစ်ပါးနှစ်ပါးသော နာမကွန္ဓာသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နှစ်ပါးနှစ်ပါးသော နာမကွန္ဓာ, စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား -နှစ်ပါးနှစ်ပါးသော နာမကွန္ဓာအားသာ။ ၄-ပါးသောနာမကွန္ဓာသည် စိတ္တဇရုပ်တို့

http://www.dhammadownload.com

အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဤနည်းအတူ စိတ်တခုယုတ် ၉၀-၌ဆိုလေ။ ။ပစ္စနိက်မရှိ။

သဟဇာတပစ္စည်းပြီး၏။

၄၀၇-အညမညပစ္စည်းကိုပြခြင်း

အညမညပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄-ပါးအချင်းချင်းအား ထောက်သော ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇ အားဖြင့် ၇-စွန်းသောမဟာဘုတ် ၄-ပါး, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမကွန္ဓာ, ဟဒယဝတ္ထုဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့မည်ကုန်၏။။ ၎င်းတရားတို့သည်ပင် ပစ္စယုပ္ပန် တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အညမညလတ္တိဖြင့် ကျေးဇူးပြုပေ၏။

(သဟဇာတအတိုင်းတွင် ဥပါဒါရုပ်ကိုသာ ချရမည်။ အကျယ်ကိုလည်း သဟဇာတပစ္စည်းကဲ့သို့ စိတ်ကုန်ဆိုလေ)

အညမညပစ္စည်းပြီး၏။

၄၀၈-နိဿယပစ္စည်းကို ပြခြင်း

နိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ နိဿယသည်-

၁။ သဟဇာတနိဿယ၊ ၂။ ပုရေဇာတနိဿယ-အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် သဟဇာတနိဿယဖြစ်အံ့ သဟဇာတနှင့်တူ၏။ ပုရေဇာတနိဿယ သည်လည်း-

၁။ ဝတ္ထုပုရေဇာတနိဿယ၊

၂။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ-

အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် ဝတ္ထုပုရေဇာတဖြစ်အံ့ ပဝတ္တိအခါ ဆဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း တပ်သောတရားတို့မည် ကုန်၏။

ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်၄ -ခုကြဉ်သောစိတ်၇၅-ခု ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန် တရားတို့အား နိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ပစ္စည်းတပ်ဟန်ကား-ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယ-ဝတ္ထုသည် ပထမဘဝင်အာဝဇ္ဇန်း။ ပထမဘဝင်အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ဒုတိယဘဝင်အစရှိသော နောက်နောက်ဖြစ်သောစိတ်အား-

ပဠဝေါကာရ ဘဝင်ဂုံပစ္ဆေဒ ၁၅-ခုနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် အာဝဇ္ဇန်းဒွေအား-

မန္ဒာ,မန္ဒ,မဇ္ဈိမာယုက အားဖြင့် ၃-ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတိတ ဘဝင်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ဒွေအား။ ၎င်းနည်း ဥပါဒ်သော သောတဝတ္ထုသည် သောတဝိညာဉ်ဒွေအား။ ဃာနဝတ္ထုသည် ဃာနဝိညာဉ်ဒွေအား။ ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဉ်ဒွေအား။ ကာယဝတ္ထုသည် ကာယဝိညာဉ်ဒွေအား-

ပဠဝိညာဉ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သမ္ပဋိစ္ဆိုင်းဒွေအား။ သမ္ပဋိစ္ဆိုင်းဒွေနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သန္တီရဏ ၃-ခုအား။ သန္တီရဏ ၃-ခုနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဝုဋ္ဌေါအား-

ပရိတ္တာရုံဝီထိဖြစ်အံ့ ပထမဝုဋ္ဌေါနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယဝုဋ္ဌေါအား။ ဒုတိယဝုဋ္ဌေါနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပဠဝေါကာရ ဘဝင် ၁၅-ခုအား-

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ, ဝီထိဖြစ်အံ့-ဝုဋ္ဌေါ မနောဒ္ဓါဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပထမဇောအား။ ပထမဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယဇောအား။ ပ။ ဆဋ္ဌ-ဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သတ္တမဇောအား-

လောဘမူ,မောဟမူ,မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-အဆုံး ဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် တဒါရုံကောဒသအား။ တဒါရုံမကျသည်ဖြစ်အံ့-ပဠဝေါကာရ ဘဝင် ၁၅-ခုအား-

http://www.dhammadownload.com

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့-အဆုံးဇောနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် ဥပေက္ခာဝတဒါရုံ ၆-ခုအား။ မကျသည်ဖြစ်အံ့-ကာမဥပေက္ခာဘဝင် ၆-ခုအား-

ဟသိတုပ္ပါဒ် မဟာကြိယာ သောမနဿဇောနောင် တဒါရုံကျသည်ဖြစ်အံ့-အဆုံးဇောနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် သောမနဿတဒါရုံ ၅-ခုအား။ မကျသည်ဖြစ်အံ့-ပဥ္စမဝါကာရတိဟိတ်ဘဝင် ၉-ခုအား-

မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင်, တဒါရုံကျသည်ဖြစ်အံ့ အဆုံးဇောနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် ဥပေက္ခာတဒါရုံ ၆-ခုအား။ မကျသည်ဖြစ်အံ့-ပဥ္စဝေါကာရတိဟိတ်ဘဝင် ၉-ခုအား။ ပထမတဒါရုံနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယတဒါရုံအား။ ဒုတိယတဒါရုံနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် ကာမဘဝင် ၁၀-အား-

အပ္ပနာဝီထိ၌ ပရိကံနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် ဥပစာရ်အား။ ဥပစာနှင့်အတူညပါဒ်သော ဟဒယဝတ္ထုသည် အနုလုံအား။ အနုလုံနှင့် အတူညပါဒ်သော ဟဒယဝတ္ထုသည် ဂေါတြဘူ ဝေါဒါန်အား။ ရွှေးရွှေးဖြစ်သော အနုလုံနှင့် အတူ ညပါဒ်သော ဟဒယဝတ္ထုသည် နောက် နောက်ဖြစ်သော ဇောတူ အနုလုံအား-

ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပထမဇ္ဈန်နှင့် အတူ ညပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ် ၄-ခု, မဂ်သောမနဿ သဟဂုတ် ၁၆-ခု, ဖလာက်ဖိုလ်သောမနဿ သဟဂုတ် ၁၂-ခုအား-

ဂေါတြဘူ, ဒေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် တတိယဇ္ဈန်နှင့် အတူ ညပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု, ဖောက်ဖိုလ်ဥပေက္ခာသဟဂုတ် ၃-ခုအား-

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာပထမဇ္ဈန်နှင့်အတူ ညပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကြိယာသောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ်, သောမနဿသဟဂုတ် ၄-ခုအား-

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာ တတိယဇ္ဈန်နှင့်အကူ ညပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် တခုအား-

http://www.dhammadownload.com

သမာပဇ္ဇနဝီထိ၌ ရှေးရှေး၌ဖြစ်သော မဟာကုသိုလ်ကြိယာဇောနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် နောက်နောက်၌ဖြစ်သော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ကြိယာဇောအား-

မဟဂ္ဂုတ် ကုသိုလ်ကြိယာ ဇောနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုအား-

နိရောဓသမာပတ်မှ ထသောအခါ ရှေးစိတ္တက္ခဏတချက်၏ ဥပါဒ်ခန့်ကာ-လမျှ၌ရှိသော ဟဒယဝတ္ထုသည် အနာဂါမိဖိုလ်,အရဟတ္တဖိုလ်အား-

မဂ် ၄-ခုနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဖိုလ် ၄-ခုအား။ ရှေးရှေး ဖြစ်သော ဖိုလ် ၄-ခုနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် နောက်နောက် ဖြစ်သော ဇောတူဖိုလ်လေးခုအား-

ဖိုလ် ၄-ခု,အဆုံးဇောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုအား-

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရဘဝင် ၁၅-ချက်, အာဝဇ္ဇန်းဒွေ,သမ္ပဋိစ္ဆိုင်းဒွေ,သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ ၂-ချက်,စုတိအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏ ဟူလို သော်။

၂။ ။ဝတ္ထာရမ္မဏပုရေဇာတဖြစ်အံ့ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း တပ်သောတရားမည်ကုန်၏။

ပဉ္စဝေါကာရဘဝင် ၁၅-ချက်, အာဝဇ္ဇန်းဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ နှစ်ချက်, စုတိ ဤတရားတို့ သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ဝတ္ထာရမ္မဏပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤပစ္စည်းခက်ခဲဟန်အမြွက်ကား—

ဝတ္ထု စ တံ အာရမ္မဏဥာတိ ဝတ္ထာရမ္မဏံ။

ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝတ္ထု စ၊ မှီရာလည်းဟုတ်၏။ တံ၊ ထိုမှီရာသည်။ အာရမ္မဏဥ၊ အာရုံလည်းဟုတ်၏။ ဣတိ၊ ထိုနှစ်ပါးသော

http://www.dhammadownload.com

သတ္တိကြောင့်။ ဝတ္ထာရမ္မဏံ၊ ဝတ္ထာရမ္မဏာ မည်၏။ မှီရာလည်းဖြစ်, အာရုံလည်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟူလိုသည်။

၃။ ။မရဏာသန္နအခါ သတ္တဝါဟူသမျှသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြုသည် မဟုတ်ပါလော ဟဒယဝတ္ထုကို ဘယ်သို့ အာရုံပြုနိုင်အံ့နည်းဟူငြားအံ့–

တံ ကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓံ ပုဗ္ဗမုပကရဏဘူတဉ္စ–

ဟူ၍ အဋ္ဌကထာဆိုသည်နှင့်အညီ ရူပါဒိကံ၌ အာဒိဝန်ဖြင့် ဓမ္မာရုံကို ယူသင့်ရကား ဟဒယဝတ္ထုသည် ခမ္မာရုံကမ္မနိမိတ်ဖြစ်သည် ဟူပေ။

ဤဟဒယဝတ္ထုသည် ဓမ္မာရုံဆိုသော် သင့်တန်စေ–ကမ္မနိမိတ်ဟူရာ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သောကံ၏ အာရုံကိုသာ ကမ္မနိမိတ်ဆိုသည်။ ပဋိသန္ဓေကို မဖြစ်စေနိုင်သော အာရုံသာမန်ကို ကမ္မနိမိတ်မဆို။ ဤဟဒယဝတ္ထုသည် ဘယ်သို့ ကံ၏အာရုံဖြစ်နိုင်အံ့နည်း။

စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ပ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ–

ဟူ၍ ပဋ္ဌာန်း၌ ဟောတော်မူသည်နှင့်ညီစွာ ဟဒယဝတ္ထုကို လက္ခဏာရေးတင်၍ စီးဖြန်းသော ပုဂ္ဂိုလ်အား ဝိပဿနာတော တည်းဟူသော ကံ၏အာရုံဖြစ်ကောင်း၏။ ထို့ကြောင် ကမ္မနိမိတ်ဖြစ်သည်ဟူ၍ မဏိသာရမဉ္ဇူ။ တတိယပိုင်း၌ ဆိုသည်။

ဤဟဒယဝတ္ထုကို ဓမ္မာရုံကမ္မနိမိတ်ဆိုသော် ဓမ္မာရုံကို မနောဒ္ဒါရဖြင့်သာ ယူသည်မဟုတ်လော ပဉ္စဒ္ဒါရိကစိတ်တို့သည် ဘယ့်ကြောင့် ပစ္စယုပ္ပန်ဖြစ်သနည်း။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော–

ဟူ၍ ဘုရားပင် ဟောတော်မူသောကြောင့် ပဉ္စဒ္ဒါရိက စိတ်တို့လည်း ပစ္စယုပ္ပန်ဖြစ်၏ ဟူပေ။

ဤပါဠိ၌ မှီရာဖြစ်ကြောင်းကိုသာ ဟောသည်။ အာရုံဖြစ်ကြောင်းကို မဟောတကား ဟူငြားအံ့။ ဤပါဠိဖြင့် ဝတ္ထုပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတ ၂-ပါးကို ပြသည်ဟု အဋ္ဌကထာ ဆိုခြင်းကြောင့် မှီရာ အာရုံ နှစ်ပါးကိုပင် ယူသင့်၏ ဟူပေ။

http://www.dhammadownload.com

မဏိသာရမဥ္ဇူဆရာကား-မရဏာသန္နကာလ၌ ဓမ္မာရုံကမ္မနိမိတ်ကို ပဋ္ဌဒ္ဓါရိကစိတ်တို့ ယူ၏ဟု အာဒေါ်ရှိသည်။

ပဋ္ဌာနသာရဒီပနီဋီကာ၌ကား ဓမ္မာရုံကမ္မနိမိတ်ကို မနောဒ္ဓါရိက စိတ်တို့သာ ယူသည်။ ပဋ္ဌဒ္ဓါရိကစိတ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ဟောတော်မူသည်မှာ ပဝတ္တိအခါ အတိမဟန္တာရုံဖြင့် ယူသည်ကို ရည်၍ ဟောသည်ဟု ဆိုသည်။ ထိုဋီကာ၌ များစွာသော ဝါဒကို ပြလျက် ကျယ်ဝန်းစွာ ဆို၏။

နိဿယပစ္စည်းပြီး၏။

၄၀၉-ဥပနိဿယပစ္စည်းကိုပြခြင်း

ဥပနိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဥပနိဿယသည်-

၁။ အာရမ္မဏူပနိဿယ၊ ၂။ အနန္တရူပနိဿယ၊

၃။ ပကတူပနိဿယအားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူ၏။ အနန္တရူပနိဿယသည် အနန္တရ နှင့်တူ၏။

ပကတူပနိဿယသည် ဖြစ်အံ့ဗလဝဖြစ်သော စိတ်တခုယုတ် ၉၀-စေတသိက် ဒဋ္ဌဗ္ဗညာဿ, ရုပ်အဋ္ဌဝိဿ, ပညတ် ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

စိတ်တခုယုတ် ၉၀, စေတသိက် ဒဋ္ဌဗ္ဗညာဿ, နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားဘို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား...ဗလဝဖြစ်သော စိတ်တခုယုတ် ၉၀, စေတသိက်ဒဋ္ဌဗ္ဗညာဿ, ရုပ်အဋ္ဌဝိဿ, ပညတ် ဤတရားတို့သည် ကုသိုလ်ကဝိဿ, ဝိပါက်ဆတ္တိံသ, ကြိယာဝိဿ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အား-

လောကီစိတ် ကောသိတိ, စေတသိက်ဒဋ္ဌဗ္ဗညာဿ, ရုပ်အဋ္ဌဝိဿ, ပညတ် ဤတရားတို့သည် အကုသိုလ်ဒွါဒသ, နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဥပနိဿယပစ္စည်း ပြီး၏။

http://www.dhammadownload.com

၄၁၀-ပုရေဇာတ ပစ္စည်းကို ပြခြင်း

ပုရေဇာတ ပစ္စယောဟူသော ပစ္စယုဒ္ဒေသဉ် ပုရေဇာတသည်-

၁။ အာရမ္မဏပုရေဇာတ၊ ၂။ ဝတ္ထုပုရေဇာတ-အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အာရမ္မဏ ပုရေဇာတဖြစ်အံ့ ပစ္စုပ္ပန်ဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ကာမစိတ် စတုပညာသ, အဘိညာဉ်ဒွေ, အပ္ပမညာ ကြဉ်သော စေတသိက်ပညာသ ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန် တရားတို့အား အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား-ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဉ်ဒွေအား။ ပ ။ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်ဒွေအား ။ ပစ္စုပ္ပန်ပဉ္ဉာရုံသည် ပဉ္ဉဒ္ဓါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေ ဟုဆိုအပ်သော မနောဓာတ် ၃-ခုအား။ ပစ္စုပ္ပန်နိပ္ပန္နရုပ် အဋ္ဌာရသသည် ကာမဇောတခုယုတ် ၃၀, တဒါရုံကော ဒသ, မနောဒ္ဓါရာဝဇ္ဇန်းအား။ ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခု ကုသိုလ်ကြိယာ အဘိညာဉ်အား။ ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကုသိုလ်, ကြိယာ အဘိညာဉ်အား။ အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။

ပုရေဇာတ ပစ္စည်း ပြီး၏။

၄၁၁-ပစ္ဆာဇာတ ပစ္စည်းကို ပြခြင်း

ပစ္ဆာဇာတ ပစ္စယောဟူသော ပစ္စယုဒ္ဒေသဉ် သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်-အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ပဉ္ဇဝေါကာရဘုံဌ် ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅-ခု, နာမက္ခန္ဓာ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်၏ ၁၈ ၃-ပါးဌ်ပါသော ဧကဇ, ဒိဇ, တိဇ, စတုဇကာယ ဤ တရားသည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယပ္ပန် တရားတို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ပစ္စည်းတပ်ဟန်ကား--ထင်ရှားရှိသော ဘဝမှ ဇွဲလျော့သောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိဖြင်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ဘာဂ်စလန, ဘဝဂုံပစ္ဆေဒ, ထိုနောင် နိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြု၍ အာဝဇ္ဇန်းဒွဲ, သမ္ပဋိစ္ဆိုင်းဒွဲ, သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ ၂-ချက် စုတိ ဖြစ်၍ ချုပ်၏။

ထိုနောင် ပဋိသန္ဓေ, ဘဝင် ၁၅-ကြိမ်, ၁၆-ကြိမ်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိဇော ၇ကြိမ်, ထိုနောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ လံသေဒဇ, ဩပပါတိက ပဋိဂ္ဂါလ်တို့အား စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၇-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်, ဌိ, ဘင် ဟု ဆိုအပ်သော ခဏ ၃-ပါးခွဲ ဖြစ်ကုန်၏။

ဂဗ္ဘသေယျက ပဋိဂ္ဂါလ်တို့အား ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၃-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင်။

စက္ခုဒသကသည် သတ္တမဘတ္တာဟမှစ၍, သောတဒသကသည် အဋ္ဌမသတ္တာဟမှစ၍, ဃာနဒသကသည် နဝမသတ္တာဟမှစ၍, ဇိဝှါဒသကသည် ဒသမသတ္တာဟမှ စ၍ စုတ်စိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ်, ဌိ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါးခွဲ ဖြစ်ကုန်၏။

ရူပပဋိဂ္ဂါလ်တို့အား စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇိဝိတနဝက ကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် ၄-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ဥပါဒ်, ဌိ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါးခွဲ ဖြစ်ကုန်၏။

စက္ခုဒသက အစရှိသော ကမ္မဇရုပ်ခွဲပါသော တေဇောဓာတ်ဟု ဆိုအပ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ ဌိကာလမှစ၍ ဥတုဇဒွဒသကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုဒုဒသကမှစ၍ ဥတုဇကလာပ် ၄-စည်းတို့တွင် တစည်းစည်းသည် မတကဋ္ဌဝရ ဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ခဏ ၃-ပါးခွဲ ဖြစ်ကုန်၏။

http://www.dhammadownload.com

ပဋိသန္ဓေနောင် ပထမဈာန်ဟုဆိုအပ်သော ဒုတိယစိတ်သည် မိမိဥပါဒ်သောအခါ စိတ္တဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ စိတ္တဇကလာပ်ဖြစ်သည်းတို့တွင် တစည်းစည်းသည် စုတိတိုင်အောင် အရုပဝိပါက ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြွင်းသော စိတ် ၂၅-ခုတို့၏ ဥပါဒ်ဆဲကာလ၌ ဖြစ်ကုန်၏။

သံသေဒဇ, ဥပပါတ်တို့အား တံတွေးမျိုခြင်း အစရှိသော အာဟာရကို သုံးဆောင်သော အခါ။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား နှစ်သက်တွာပာလွန်၍ အဝီမျိုသောအာဟာရ နှံသောအခါ ကဗဠီကာရ အာဟာရဟုဆိုအပ်သော အာဟာရဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။

ထိုအခါမှ စ၍ အာဟာရဇကလာပ်နှစ်စည်းဟူတွင် တစည်းစည်းသည် စုတိတိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်, ဌိ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ပထမဈာန်စိတ်သည် ပဋိသန္ဓေ စိတ်၏ ဥပါဒ်၌ ပါသော ကမ္မဇရုပ်ဟုဆိုအပ်သော ဧကဇကာယ, ပဋိသန္ဓေစိတ်၏ ဌိ,ဘင်၌ ပါသော ကမ္မဇ, ဥတုဇ ဟုဆိုအပ်သော ဒွိဇကာယအား-

ဒုတိယဈာန် အစရှိသော နောက်နောက်သော စိတ်သည် ပထမဈာန် အစရှိသော ရှေးရှေးသောစိတ်၏ ခဏ ၃-ပါး၌ပါသော ကမ္မဇ, စိတ္တဇ, ဥတုဇ ဟုဆိုအပ်သော တိဇကာယအား-

အာဟာရဖြစ်၍ နှံဖသောအခါ နောက်နောက်ဖြစ်သော စိတ်သည် ရှေးရှေးသောစိတ်၏ ခဏ ၃-ပါး၌ပါသော တိဇ, ဥတုဇကာယအား-

အာဝဇ္ဇန်းဒွေသည် ပဉ္စဝေါကာရဘဝင် ၁၅- ခု၏ ခဏသုံးပါး၌ ပါသော တိဇ, ဥတုဇကာယအား-

ပဉ္စဝိညာဉ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ-ကာယအား-

သမ္ပဋိစ္ဆိုင်းဒွေသည် ပဉ္စဝိညာဉ်၏ခဏ ၃-ပါး၌ ပါသော ဒွိဇ, တိဇ ကာယ အား-

သန္တီရဏ ၃-ခုသည် သမ္ပဋိစ္ဆိုင်း၏ ခဏ ၃ ပါး၌ပါသော တိဇ စတုဇကာယ အား-

http://www.dhammadownload.com

ဝုဋ္ဌေသည် သန္ဓိရဏ ၃-ခု၏ ခဏသုံးပါး၌ ပါသော တိဇ,စတုဇ, ကာယ အား-

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံဝီထိဖြစ်အံ့ ပထမဇော သည် ဝုဋ္ဌေ,မနောဒ္ဒါရာဝဇ္ဇန်း၏ ခဏ ၃ ပါး၌ပါသော တိဇ,စတုဇကာယအား-

ဒုတိယဇောသည် ပထမဇော၏ ခဏသုံးပါး၌ပါသော တိဇ,စတုကာဇယအား ။ပ။သတ္တမဇောသည် ဆဋ္ဌဇော၏ ခဏ၃-ပါး၌ပါသော တိဇ, စတုဇကာယအား-

လောဘမူ, မောဟမူ, မဟာကုသိုလ် ဇောနှောင် တဒါရုံ ကျသည်ဖြစ်အံ့ တဒါရုံ ကောဒသ၊ မကျသည်ဖြစ်အံ့ ပဋ္ဌဝေါကာရဘဝင် ၁၅-ခုသည် အဆုံး ဇော၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား-

ဒေါသမူဇောနှောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆-ခု။မကျသည် ဖြစ်အံ့ ကာမဥပက္ခာဘဝင် ၆-ခုသည် အဆုံးဇော၏ခဏ ၃-ပါး၌ပါသော စတုဇ-ကာယအား-

ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿသဟဂုတ်ဇောနှောင် တဒါရုံကျသည် ဖြစ်အံ့ သောမနဿတဒါရုံ ၅-ခု။ မကျသည် ဖြစ်အံ့ ပဋ္ဌဝေါကာရတိဟိတ်ဘဝင် ၉-ခုသည် အဆုံးဇော၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား-

မဟာကြိယာဥပေက္ခာဇောနှောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခု။ မကျသည်ဖြစ်အံ့ ပဋ္ဌဝေါကာရ တိဟိတ် ၉-သည် အဆုံးဇော၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား-

ဒုတိယတဒါရုံသည် ပထမတဒါရုံ၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား-

ကာမဘဝင် ၁၀-သည် ဒုတိယတဒါရုံ၏ ခဏ ၃-ပါး၌ပါသော စတုဇကာယ အား-

အပ္ပနာဝီထိဖြစ်အံ့ မဟဂ္ဂုတ် ကုသိုလ်သောမနဿ ၄-ခု, မဂ်သောမနဿ-သဟဂုတ် ၁၆-ခု,အောက်ဖိုလ်သောမနဿသဟဂုတ် ၁၂-ခုသည် ဂေါတြဘူ, ဝေါဒါန်, အနုလုံ, ကိစ္စတပ်သော မဟာကုသိုလ်ပထမဒ္ဒု၏ ခဏ သုံးပါး၌ ပါသော တိဇ, စတုဇကာယအား-

မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ သဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု, အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ခုသည် ဂေါတြဘူ, ဝေါဒါန်, အနုလုံ, ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒ္ဒု၏ ခဏ ၃-ပါး၌ ပါသော တိဇ, စတုဇ ကာယအား-

http://www.dhammadownload.com

မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿ-သဟဂုတ် ၄-ခုသည် ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာပထမဒွေ၏ ခဏ ၃-ပါးဌ်ပါသော တိဇ, စတုဇကာယအား-

မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာ တခုသည် ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာတတိယဒွေ၏ ခဏ ၃ ပါးဌ် ပါသော တိဇ, စတုဇကာယအား-

သမာပဇ္ဇနဝိထိဌ် နောက်နောက်သောဇောတူ မဟဂ္ဂုတ် ကုသိုလ်ကြိယာ ဇောသည် ရှေးရှေးမသာဇောတူ မဟဂ္ဂုတ် ကုသိုလ်ကြိယာ၏ ခဏ ၃-ပါးဌ် ပါသော တိဇ စတုဇကာယအား-

ပဥ္ဇဝေါကာရ တိဟိတ်ဘဝင် ၉-ခုသည် မဟဂ္ဂုတ် ကုသိုလ်,ကြိယာအဆုံးဇော ၏ ခဏ ၃-ပါးဌ်ပါသော တိဇ,စတုဇကာယအား-

နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သည် ရှေးတ ချက်သောစိတ်၏ ခဏ ၃-ပါးဌ် ပါသော ဒ္ဒိဇ,တိဇကာယအား-

သောတာပတ္တိဖိုလ်သည် သောတာပတ္တိမဂ်၏ ခဏ ၃-ပါးဌ်ပါသော တိဇ, စတုဇကာယအား-

သကဒါဂါမိဖိုလ်သည် သကဒါဂါမိမဂ်၏ ခဏ ၃-ပါးဌ်ပါသော တိဇ,စတုဇ-ကာယအား-

အနာဂါမိဖိုလ်သည် အနာဂါမိမဂ်၏ ခဏ ၃-ပါးဌ် ပါသော တိဇ, စတုဇ-ကာယအား-

အရဟတ္တဖိုလ်သည် အရဟတ္တမဂ်၏ ခဏ ၃-ပါးဌ်ပါသော တိဇ,စတုဇ-ကာယအား-

နောက်နောက်ဖြစ်သော ဇောတူ ဖိုလ်လေးခုသည် ရှေးရှေးဖြစ်သော ဇောတူ ဖိုလ်လေးခု၏ ခဏ ၃-ပါးဌ်ပါသော တိဇ,စတုဇ ကာယအား-

ပဥ္ဇဝေါကာရတိဟိတ်ဘဝင် ၉-ခုသည် ဖိုလ်လေးခုအဆုံးဇော၏ ခဏ ၃-ပါး ဌ်ပါသော တိဇ,စတုဇကာယအား-

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၆-ချက်မြောက်သော စိတ်သည် ၁၇-ချက်မြောက်သော စိတ်၏ ခဏ ၃-ပါးဌ်ပါသော တိဇ, စတုဇ-ကာယအား-

http://www.dhammadownload.com

၁၅-ချက်မြောက်သောစိတ်သည် ၁၆-ချက်မြောက်သောစိတ်၏ ခဏ ၃-ပါးဌ်ပါသော ဒွိဇ,တိဇကာယအား ။ပ။ တချက်မြောက်သောစိတ်သည် နှစ်ချက်မြောက်သောစိတ်၏ ခဏ ၃-ပါးဌ်ပါသော ဒွိဇ,တိဇကာယအား။ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရူပဘုံဌ် အာဟာရဇရုပ်ကို မရသောကြောင့် ကမ္မဇ,စိတ္တဇ,ဥတုဇရုပ် ၃-ပါးကို ရည်၍ တိဇကာယဟု ဆိုသည်။

ကာမပုဂ္ဂိုလ်ဘို့အား ၄-ပါးစလုံး ရကောင်းသောကြောင့် စတုဇကာယဟု ဆိုအပ်သည်ဟူ၍ မှတ်။

မရဏာသန္နကာလဌ်ကား–စုတိ၏အထက် ၁၇-ချက်မြောက်သောစိတ်၏ ဌီမှစ၍ ကမ္မဇရုပ် အသစ်မဖြစ်ရကား ရူပပုဂ္ဂိုလ်မှာ ဒွိဇကာယ,ကာမပုဂ္ဂိုလ်မှာ တိဇ-ကာယသာ ရှိတော့သည်။

ပစ္ဆာဇာတပစ္စည်း ပြီး၏။

၄၁၂–အာသေဝန ပစ္စည်းကို ပြခြင်း

အာသေဝနပစ္စယော ဟူသော ပစ္စယုဒ္ဒေသဌ် သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အဆုံးဇော, မဂ်ဇော,ဖိုလ်ဇော ကြဉ်သော ဇောသတ္တစတ္တာလီသ ဤတရားတို့သည် အာသေဝနပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ပထမဇော, ဖိုလ်ဇောကြဉ်သော ဇော့ဧကပညာသ, ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား–ကာမဇောဝါရဌ် ပထမဇောသည် ဒုတိယဇောအား၊ ဒုတိယဇောသည် တတိယဇောအား ။ပ။ ဆဋ္ဌဇောသည် သတ္တမဇောအား–

အပွနာဝိထိဌ် ပရိကံသည် ဥပစာအား၊ ဥပစာသည် အနုလုံအား၊ အနုလုံသည် ဂေါတြဘူ,ဝေါဒါန်အား–

ဂေါတြဘူ,ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ခု, မဂ်သောမနဿ ၁၆-ခုအား–

http://www.dhammadownload.com

ဂေါတြဘူဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်တတိယဒုတိယည့် မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ ၅-ခု မဂ်ဥပေက္ခာ ၄-ခုအား-

ဂေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒုတိယည့် မဟဂ္ဂုတ် ကြိယာ သောမနဿ ၄-ခုအား-

ဂေါတြဘူ,အနုလုံကိစ္စတပ်သော မဟာကြိယာတတိယဒုတိယည့် မဟဂ္ဂုတ် ကြိယာ ဥပေက္ခာ ၅-ခုအား-

သမာပဇ္ဇနဝီထိ၌ ရှေးရှေးဖြစ်ဆဲသော မဟဂ္ဂုတ်ကုသိုလ် ကြိယာစေ့သည့် နောက်နောက်ဖြစ်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာစေ့အား အာသေဝန သတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာသေဝနပစ္စည်း ပြီး၏။

၄၁၃—ကမ္မပစ္စည်းကို ပြခြင်း

ကမ္မပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည်—

၁။ သဟဇာတကမ္မ၊ ၂။ နာနာက္ခဏိက ကမ္မအား ဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သဟဇာတကမ္မ၌ စိတ်တစုယုတ် ၉၀-၌ရှိသော စေတနာသည် သဟဇာတကမ္မပစ္စည်းတပ်သော တရားမည်ကုန်၏။

စိတ်တစုယုတ် ၉၀, စေတနာကြွင်သော စေတသိက် ကေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား-လောဘမူစိတ် ရှစ်ခု၌ရှိသော စေတနာသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (စိတ်တစု ယုတ် ၉၀ ကုန်သော ဟေတုမူကဲ့သို့ ဝိထိဝါရမည်)

နာနာက္ခဏိက ကမ္မ၌ အတိတ်အနန္တရ အစရှိသော အတိတ်ကာလ၌ ဖြစ်သော ကုသိုလ်,အကုသိုလ်, စေတနာ ၃၃-ခုသည် နာနာက္ခဏိကကမ္မ ပစ္စည်းတပ်သော တရားမည်ကုန်၏။

http://www.dhammadownload.com

ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ, ပဋိသန္ဓေကမ္မဇ, အာသဉ္ဉသတ်ကမ္မဇ, ပဝတ္တိကမ္မဇ ဤတရားတို့သည် နာနာကွဲကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုဖူးပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား နာနာကွဲကိုက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ တနည်းကား- အကုသိုလ်ဒွါဒသင်္ဂါရှိသော စေတနာသည် အကုသလဝိပါက် ၇-ခု ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား-

ကုသိုလ်ကေဝိသင်္ဂါရှိသော စေတနာသည် ကုသလဝိပါက် ကွေနတိံသ, ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား-

ထိုကုသိုလ်ကေဝိသတို့ဝင် မဟာကုသိုလ် ရှစ်ခုဂ်ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား-

ရူပကုသိုလ် ၅-ခုဂ်ရှိသော စေတနာသည် ရူပဝိပါက် ၅-ခု, ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ် တို့အား-

အာရုပကုသိုလ်လေးဂုဏ် ရှိသော စေတနာသည် အာရုပဝိပါက် ၄-ခု, သမ္မယုတ္တခန္ဓာအား-

မဂ်စိတ် ၄-ခုဂ်ရှိသော စေတနာသည် ဖိုလ် ၄-ခုသမ္မယုတ္တခန္ဓာအား နာနာကွဲကိုက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ဝိသေသအားဖြင့်ကား တိဟိတ်ဉာက်ဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္မယုတ် ၄-ခုဂ်ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား-

တိဟိတ်ဩမက, ဒွိဟိတ်ဉာက်ဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခု, ဉာဏဝိပ္ပယုတ် ၄-ခုဂ်ရှိသောစေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား-

ဒွိဟိတ်ဩမကဖြစ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄-ခုဂ်ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား နာနာကွဲကိုကကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ တနည်းကား- တိဟိတ်ဉာက်ဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္မယုတ် အသင်္ခါရိုက နှစ်ခုဂ်ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်အသင်္ခါရိုက ၄-ခု, ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်တို့အား-

http://www.dhammadownload.com

တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် သသင်္ခါရိုက် နှစ်ခုဖြင့် ရှိသောစေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာ ဝိပါက်သ သင်္ခါရိုက ၄-ခု, ပဋိသန္ဓေကာမဂရုပ်, ပဝတ္တိကာမဂရုပ်တို့အား-

တိဟိတ် သြမဂ, ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိုကနှစ်ခု ဉာဏဝိပ္ပယုတ် အသင်္ခါရိုကနှစ်ခုဖြင့်သော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိုကနှစ်ခု, ပဋိသန္ဓေကာမဂနှစ်, ပဝတ္တိကာမဂရုပ်တို့အား-

တိဟိတ်သြမဂ, ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိုကနှစ်ခု, ဉာဏဝိပ္ပယုတ် သသင်္ခါရိုက နှစ်ခုဖြင့်သော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသင်္ခါရိုက နှစ်ခု, ပဋိသန္ဓေကပုဂ္ဂလ်, ပဝတ္တိကာမဂရုပ်တို့အား-

ဒွိဟိတ် သြမဂဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခုဖြင့်သော စေတနာသည် အဟိတ်ကုသလ ဝိပါက်ရှစ်ခု, ပဋိသန္ဓေကာမဂရုပ် ပဝတ္တိကာမဂရုပ် တို့အား နာနာကွဏိကဝသတ်ဖြင့် ဓကျူးဌူးပြုပေ၏။

၄။ ရူပါဝစရပထမစျာန် ကုသိုလ်စေတနာသည် ပထမစျာန်ဝိပါက် ပဋိသန္ဓေကာမဂရုပ်, ပဝတ္တိကာမဂရုပ်တို့အား။ပ။ ရူပါဇစရုတ္ထစျာန် ကုသိုလ် စေတနာသည် စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေကာမဂရုပ်, ပဝတ္တိကာမဂရုပ်တို့အား-

ရူပါဝစရပဉ္စမစျာန်ကုသိုလ်ဌိုသော စေတနာသည် ပဉ္စမစျာန်ဝိပါက် ပဋိသန္ဓေကာမဂရုပ်, ပဝတ္တိကာမဂရုပ်, အာသညသတ် ကာမဂရုပ်တို့အား--

အာကာသာနဉ္စာယတနကုသိုလ်ဌိ ရှိသော စေတနာသည် အာကာသာနဉ္စာယတနဝိပါက် သမ္ပယုတ္တခန္ဓာအား။ပ။ နေဝသညာနာသညာယတနကုသိုလ်ဌိ ရှိသော စေတနာသည် နေဝသညာနာသညာယတနဝိပါက် သမ္ပယုတ္တခန္ဓာ ဒသ-

သောတာပတ္တိမဂ်စေတနာသည် သောတာပတ္တိဖိုလ်နာမက္ခန္ဓာအား။ပ။အရဟတ္တမဂ်စေတနာသည် အရဟတ္တဖိုလ်နာမက္ခန္ဓာအား နာနာကွဏိကဝသတ်ဖြင့် ကျူးဌူးပြုပေ၏။

ကုသိုလ်ပစ္စည်း ပြီး၏။

http://www.dhammadownload.com

၄၁၄ – ဝိပါကပစ္စည်းကို ပြခြင်း

ဝိပါကပစ္စယော ဟူသော ပစ္စယုဒ္ဒေသဉ် သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်–အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ ဤတရားတို့သည် ဝိပါကပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

ဝိပါက်စိတ်ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ, နာမကွန္ဓာ ထိုနာမကွန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိပါကပစ္စည်း ပြီး၏။

---

၄၁၅ – အာဟာရပစ္စည်းကို ပြခြင်း

အာဟာရပစ္စယော ဟူသော ပစ္စယုဒ္ဒေသဉ် အာဟာရပစ္စည်းသည်–

၁။ နာမ်အာဟာရ၊ ၂။ ရုပ်အာဟာရအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် နာမ်အာဟာရဖြစ်အံ့ ဖဿ, စေတနာ, ဝိညာဉ် ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

စိတ်တခု ယုတ် ၉၀, စေတသိက်ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ရုပ်အာဟာရဖြစ်အံ့ အဇျတ္တသန္တာန်ဌိရှိသော စတုသမုဋ္ဌာနိကသြဇာ, ဗဟိဒ္ဓသန္တာန်ဌိရှိသော ဥတုဇသြဇာ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com

၁။ တနည်းကား—ကမ္မဇကလာပ် ၉-စည်းတို့တွင် စက္ခုဒသကဒ္ဒပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု, သောတဒသက အစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား—

သောတဒသက, ဃာနဒကသ, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဒ္ဒပါသောဩဇာသည် ဩဇာကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု, စက္ခုဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား—

ဇီဝိတနဝက ကလာပ်ဒ္ဒပါသော ဩဇာသည် ဩဇာကြဉ်သော ကလပ်တူကမ္မဇရုပ် ရှစ်ခု, စက္ခုဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား အာဟာရရုပ်သတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ စိတ္တဇကလာပ် ၆-စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်ဒ္ဒပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ စိတ္တဇရုပ် ၇-ခု, စက္ခုဒသက အစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား။ ပ။ ဥတုဇကလာပ် ၄-စည်းတို့တွင် သုဒ္ဓဋ္ဌကကလာပ်ဒ္ဒပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ ဥတုဇရုပ် ၇-ခု, စက္ခုဒသက အစရှိသော ကလာပ်ပြားဖြစ်သော ဥတုသမုဋ္ဌာနိကရုပ်တို့အား။ ပ။ အာဟာရဇကလာပ်နှစ်ပါးတို့တွင် သုဒ္ဓဋ္ဌကကလာပ်ဒ္ဒပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ အာဟာရဇရုပ် ၇-ပါး, စက္ခုဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာဟာရပစ္စည်း ပြီး၏။

၄၁၆-ဣန္ဒြိယပစ္စည်းကို ပြခြင်း

ဣန္ဒြိယပစ္စယောဟူသော ပစ္စယုဒ္ဒေကဒ္ဒ ဣန္ဒြိယသည်—

၁။ သဟဇာတိန္ဒြိယ၊ ၂။ ပုရေဇာတိန္ဒြိယ၊ ၃။ ရုပ်ဇီဝိတိန္ဒြိယအားဖြင့် ၃-ပါး အပြားရှိ၏။

၁။ ထို ၃-ပါးတို့တွင် သဟဇာတိန္ဒြိယဖြစ်ဒုံ၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဇကဂ္ဂတာ, ပညာ ဤနာမ်ဣန္ဒြေရှစ်ပါးတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

စိတ်တခုယုတ် ၉၀, စေတသိက်ဒွေပညာသ, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပွန်ဖြစ်သော တရားတို့မည်ကုန်၏။

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတ်နှိုယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ပုရေဇာတိနှိုးဟ၌ အကျုံးဝင်သော ပဿဒရုပ် ၅-ခုသည် ပုရေဇာတိနှိုယ ပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

ဒွေပဉ္စဝိညာဉ် ၁၀, သမ္ပစိတ္တသာဓာရဏဧတသိက် ၇-ခု ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သောတရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတိနှိုယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်နှင့် ညပါဒ်ပြိုင်သော စက္ခုပသာဒသည် စက္ခုဝိညာဉ် ဒွေအား။ပ။ ကာယပသာဒသည် ကာယဝိညာဉ် ဒွေအား ပုရေဇာဝိနှိုယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ရူပဇီဝိတိန္ဒြိယဉ် ပဂတ္တိပဋိသန္ဓေအား ဖြင့် ရူပဇီဝိတိန္ဒြေတို့သည် ပစ္စည်းတပ်သောတရားမည်ကုန်၏။

ရူပဇီဝိတိန္ဒြေကြိုသော ကလာပ်တို့က ဧရူပ်တို့သည် ပစ္စယုပ္ပန်ဖြစ်သောတရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ တနည်းကား—ကမ္မဇကလာပ် ၉-စည်းတို့တွင် စက္ခုဒသကဒ္ဒပါသော ရူပဇီဝိတိန္ဒြေသည် ရူပဇီဝိတိန္ဒြေကြိုသော၊ ကလာပ်တူ ကမ္မဇရူပ်တို့အား။ သောတဒသကဒ္ဒပါသော ရူပဇီဝိတိန္ဒြေသည် ရူပဇီဝိတိန္ဒြေကြိုသော ကလာပ်တူ ကမ္မဇရူပ်တို့အား။ပ။ ဇိဝှာဒသကဒ္ဒပါသော ရူပဇီဝိတိန္ဒြေသည် ရူပဇီဝိန္ဒြေကြိုသော ကလာပ်ဟူကမ္မဇရူပ်တို့အား ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤနှိုယပစ္စည်း ပြီး၏။

၎၁၇-ဈာနပစ္စည်းကို ပြခြင်း

ဈာနပစ္စယောဟူသော ပစ္စယုဒ္ဒေသဉ် သာရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဤတရားတို့သည် ဈာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

http://www.dhammadownload.com

ဒေ့ပဉ္ဇဝိညာဉ် ၁၀-ကြဉ်သော စိတ်တခုယုတ် ၈၀-စေတသိက် ဒေ့ပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား စျာနသတ္တိဖြင့် ကျေးဇူးပြုပေ၏။

စျာနပစ္စည်း ပြီး၏။

၄၁၈-မဂ္ဂပစ္စည်းကို ပြခြင်း

မဂ္ဂပစ္စယော ဟူသော ပစ္စယုဒ္ဒေသဌ် သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ပညာ, ဝိတက်, ဝိရတီ ၃-ခု၊ ဝိရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

သဟိတ်စိတ် ဧကသတ္တတိ, စေတသိက် ဒေ့ပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဂ္ဂပစ္စည်း ပြီး၏။

၄၁၉-သမ္ပယုတ္တပစ္စည်းကို ပြခြင်း

သမ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသဌ် သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် စိတ်တခုယုတ် ၉၀, စေတသိက် ဒေ့ပညာသ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ၎င်းတရားတို့သည်ပင် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သမ္ပယုတ္တပစ္စည်း ပြီး၏။

http://www.dhammadownload.com

၄၂၀-ဝိပ္ပယုတ္တပစ္စည်းကို ပြခြင်း

ဝိပ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဝိပ္ပယုတ္တသည်—

၁။ သဟဇာတဝိပ္ပယုတ်၊ ၂။ ပုရေဇာတဝိပ္ပယုတ်၊ ၃။ ပစ္ဆာဇာတဝိပ္ပယုတ် အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် သဟဇာတဝိပ္ပယုတ်ဖြစ်အံ့၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၅-ခု, စေတသိက် ဒွေပညာသ, ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတဝိပ္ပယုတ် ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယ-ဝတ္ထု ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား—နာမက္ခန္ဓာ ၄-ပါးသည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား—

တပါး တပါး ၃-ပါး ၃-ပါး၊ ၂-ပါး ၂-ပါးသော ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုအား—

ဟဒယဝတ္ထုသည် တပါး တပါး၊ ၃-ပါး ၃-ပါး၊ ၂-ပါး ၂-ပါးသော ပဋိသန္ဓေနာမက္ခန္ဓာအား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတနှင့် တူ၏။ ။ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့် တူ၏။

ဝိပ္ပယုတ္တပစ္စည်း ပြီး၏။

၄၂၁-အတ္ထိပစ္စည်းကို ပြခြင်း

အတ္ထိပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည်—

၁။ သဟဇာတတ္ထိ၊ ၂။ ပုရေဇာတတ္ထိ၊ ၃။ ပစ္ဆာဇာတတ္ထိ၊ ၄။ အာဟာ-ရတ္ထိ၊ ၅။ ဣန္ဒြိယတ္ထိ အားဖြင့် ငါးပါး အပြားရှိ၏။

ထိုငါးပါးတို့တွင် သဟဇာတတ္ထိသည် သဟဇာတနှင့် တူ၏။ ။ပုရေဇာ-တတ္ထိသည် ပုရေဇာတနှင့်တူ၏။ ။ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏။ အာဟာရတ္ထိသည် အာဟာရနှင့်တူ၏။ ဣန္ဒြိယတ္ထိသည် ရုပ်ဇီဝိတိန္ဒြေနှင့်တူ၏။

နတ္ထိ,ဝိဂတသည် အနန္တရနှင့်တူ၏။ ။အဝိဂတသည် အတ္ထိနှင့်တူ၏။

http://www.dhammadownload.com

ဤသို့လျှင် ၂၄-ပါးသော ပစ္စည်းတရားတို့၏ သရုပ်ကို အကျဉ်းသိဒေပ်၏ ဟူလိုသောဝ်။

ဤမျှလောက်ဆောင်မှ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စည်းတပ်ဟန်ကို နားလည်ရာသောကြောင့် စုံလင်စွာ သဒ္ဒံပဖြင့် ဖေးလိုက်သည်။

၇၂၂-အာနန္တရသမုစ္စည်းဘို့၌ ရဟန္တာစုတိဩဇာပုံကို ပြခြင်း

ပေး။ ။အာနန္တရ၊ စသည်တပ်ရာ၌၊ ၄-ပစ္စည်းမှာ၊ ရဟန္တာစုတိ၊ မရှိ ကြောင့်သည်၊ ဖြစ်အောင် အယ်ဒေခြောင်းပကြောင့်နည်း။

ဖြေ။ ။ရဟန္တာတို့၏ စုတိသည် အဆုံးစွန်စိတ်ဖြစ်၍ နောက်စိတ်ဖြစ်ခြင်း မရှိရကား ပစ္စည်းမဘပ်နိုင် ပစ္စယုပ္ပန်ဟု ဖြစ်၏ ဟူပေ။

၇၂၃-သဟဇာတကမ္မနာနာက္ခဏိက နှစ်ပါး ပြဆိုး

ပေး။ ။သဟဇာတကမ္မနာနာက္ခဏိက၊ နှစ်ဝပစ္စယာ၊ ဟပ်ကြွရာ၌၊ ကာလ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။သဟဇာတကမ္မမှာ မိမိနှင့်တကွဖြစ်သော နာမက္ခန္ဓာ စိတ္တဇရုပ်, ပဝတ္တိကမ္မဇရုပ် တို့ကိုသာ ဖေးကူးပို့သည်ဖြစ်၍ ပဋိသန္ဓေကာလကို မှီသည်။ နာနာက္ခဏိကကမ္မပစ္စည်းမှာ ရှေးရှေးဟာကပြုကောင်စတနာသည် ကျိဘဝ၌ရင်း, နောက်ဘဝ၌ရင်း ပဲပါက်တဒ္ဓဂ္ဂဘာရုပ်တို့ဩဇာဖြင့် ဖေးကူးပို့သည်ဖြစ်၍ ကာလ ၃-ပါးကို မှီသည်။ ဝါ၊ ဘဝခြားလျက် ပစ္စည်းတပ်သည်။ ကျိသို့ထူး၏ ဟူပေ။

၇၂၄-အာဝဇ္ဇနသော ၄-ပစ္စည်း၌ ပစ္စည်းအလုံးစုံဝင်ပုံကို ပြခြင်း

ပေး။ ။အာဝဇ္ဇနဿ၊ ဥပနိဿယ၊ ကမ္မ အတ္ထိ၊ ရှိသည် ရုံးစည်း၊ ၄-ပစ္စည်းမှာ၊ ပစ္စည်းတကာ၊ ဧပါင်းဆုဘယ်အရေကြောင်း ကြောင့်နည်း။

ဖြေ။ ။နဟိ ဖယော ဧကာစိ ပစ္စယော အတ္ထိ၊ သော စိတ္တစေတသိကာနံ အာဝဇ္ဇနဿဘာဝံ နဂစ္ဆေယျ၊ သကသကပစ္စယုပ္ပန္နသ စ ဥပနိဿယဘာဝံ နဂစ္ဆတိ၊ ကမ္မဟေတုကတ္တာ စ လောကဝိပ္ပတ်ယော ဖလဟေတုပစ္စယရဝသေန သဗ္ဗေပိ တသ သဘာဝံ နာတိဝတ္တန်တေ စ ပရမတ္ထတော လောကသမုတိ-ဝဟနေ စ ဝိဇ္ဇမာနယော၀ါတိ သဗ္ဗေပိ စတူသု သမောဓာနံ ဂစ္ဆန်တိ-

http://www.dhammadownload.com

ဟူသောဒီကာဒနှင့်အညီ စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မဇ္ဈက်သော တစုံတခုသော တရားမည်သည်မရှိ။ ထို့ကြောင့် အလုံးစုံသောပစ္စည်းသည် အာရမ္မဏပစ္စည်း၌ ဝင်၏။

မိမိ၌ဖို့၏ ပစ္စယုပ္ပန်ကို မမှီသောပစ္စည်းမည်သည်သည်းမရှိ။ ထို့ကြောင့် ဥပနိဿယပစ္စည်း၌လည်း ဝင်၏။

ခပ်သိမ်းသော သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကံလျှင် အကြောင်းရှိသည်၏ အဖြစ်ကြောင့် အကျိုးအကြောင်း တင်စားသည်၏အစွမ်းဖြင့် ဖြစ်ရကား ခပ်သိမ်းသောပစ္စည်းတို့သည် ထိုသဘောကို မလွန်နိုင်။ ထို့ကြောင့် ကမ္မပစ္စည်း၌လည်း ဝင်၏။

ထို ၂၄-ပါးသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်ရင်း၊ သမ္မုတိပညတ်အားဖြင့်ရင်း, ထင်ရှားရှိသည်သာ ဖြစ်၏။ ထို့ကြောင့် အတ္ထိပစ္စည်း၌လည်း ဝင်၏။

ယင်းသို့ အလုံးစုံသောပစ္စည်းဘို့ကို အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ဟူသော ၄-ပါးသော ပစ္စည်းတို့၌ ပေါင်းအပ်ကုန်၏ ဟူလိုသည်။

ပဋ္ဌာန်းအဋ္ဌကထာ၌ကား —

အာရမ္မဏပစ္စယော ဝိသုံယေဝ ဧကော ဥပနိဿယော တိဝိဓော တေသု အာရမ္မဏောပနိဿယေ အာရမ္မဏာဓိပတိသဓမာဓာနံ ဂစ္ဆတိ—

အစရှိသည်ဖြင့် လာ၏။

အဓိပ္ပါယ်ကား-အာရမ္မဏပစ္စည်း အသီးအခြား တပါးတည်းသာ ဖြစ်၏။ ဥပနိဿယကား ၃-ပါးပြားသည်တွင် အာရမ္မဏူပနိဿယ၌ အာရမ္မဏာဓိပတိသည် ပေါင်း၏။

အနန္တရူပနိဿယ၌ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတပစ္စည်းတို့သည်ရင်း, ဖလာနန္တရ, မဂ်စေတနာတို့သည်ရင်း ပေါင်း၏။,

ပကတူပနိဿယ၌ နာနာက္ခဏိကကမ္မသည် ပေါင်း၏။

အတ္ထိ၌ ပေတု, သဟဇာတာဓိပတိ, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, သဟဇာတကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့သည် ပေါင်း၏။

ကမ္မဇရုပ်၏ ပစ္စည်းဖြစ်သော နာနာက္ခဏိက ကမ္မသည်ကား အာရမ္မဏ, ဥပနိဿယ, အတ္ထိဟူ ဆိုအပ်သော ၃-ပါးသောပစ္စည်းတို့၌ ပေါင်းခြင်းသို့

http://www.dhammadownload.com

မရောက်၊ ထို့ကြောင့် ထိုကမ္မဇရုပ်ဟို၏ ပစ္စည်းဖြစ်သော နာနာကွဏိက ကမ္မကို ရည်၍ ကမ္မပစ္စည်းကို အသီးဆိုအပ်၏ ဟူ၍ မိန့်လေသည်။

၄၂၅–၂၄-ပစ္စည်းကို ကာလ ၃-ပါးဖြင့်

ပိုင်းခြား၍ ပြခြင်း

မေး။ ။နှစ်ဆယ့်လေးဖြာ၊ ပစ္စည်းမှာ၊ ကာလအားဖြင့်၊ ခြား၍ ဘယ်သို့ ယူမည်နည်း။

ဖြေ။ ။အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတအားဖြင့် ငါး ပစ္စည်းတို့သည် အတိတ်ကာလ၌ဖြစ်၏။

ကမ္မပစ္စည်းသည် အတိတ်, ပစ္စုပ္ပန် ကာလနှစ်ပါး၌ဖြစ်၏။

အာရမ္မဏာဓိပတိ, ဥပနိဿယဟူသော ပစ္စည်းနှစ်ပါးသည် အတိတ်,အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလ သုံးပါး၌ ဖြစ်၏။

ဤမှတပါးသော ၁၅-ပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်၏။ ဤသို့ ယူမည် ဟူပေ။

၄၂၆–နိဗ္ဗာန်သည်ကား နာမ်တရားဖြစ်ပုံ

မေး။ ။အနုတ္တရံ၊ မြို့ကိနိဗ္ဗာန်သည်၊ နာမ်လော, ရုပ်လော, ပညတ်လော။

ဖြေ။ ။တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဥ္စေတိ ပဥ္စဝိဓမ္ပိ၊ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ– ဟူသော အဌကထာဖြင့်ပင် နာမ်ဖြစ်ကြောင်းကို သိသာလှ၏ ဟူပေ။

တတ္ထ၊ ထို ရုပ်,နာမ်,ပညတ် သုံးရပ်ဟို့တွင်။ ရူပဓမ္မာဝ၊ ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်တရားတို့သည်သာလျှင်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ စိတ္တစေတသိက-သင်္ခါတာ၊ စိတ် တခုယုတ်-၉၀၊ စေတသိက် ဒွေပညာသ ဟု ဆိုအပ်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ ရုပ်မရှိကုန်သော။ ခန္ဓာ စ၊ ဝေ-ဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော ခန္ဓာတို့သည်ရင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်သည်ရင်း။ ဣတိ၊ ဤသို့၊ ပဥ္စဝိဓမ္ပိ၊ ငါးပါးအပြားရှိသော တရားကိုလည်း။ အရူပန္တိ စ၊ အရူပ ဟူ၍ရင်း။ နာမန္တိ စ၊ နာမ် ဟူ၍ရင်း။ ပဝုစ္စတိ၊ အပြား အားဖြင့် ဆိုအပ်၏။

(ရူပက္ခန္ဓောဝ-၌ ဧဝ-သဒ္ဒါသည် အဌာနပယုတ် ဖြစ်၍ ရူပဓမ္မာ-ဟူသော ပုဒ်နောင် ယှဉ်၍ ယောဇနာ)

http://www.dhammadownload.com

၀ေ-သဒ္ဒါဖြင့်-

၁။ သန္နိဋ္ဌာနတ္ထ၊ ၂။ နိဝတ္တနတ္ထ၊ ၃။ အနုညာတတ္ထ ၃-ပါးကို ယူအပ်ရကား- သတ္တဝါတို့၏ သန္တာန်၌ ရှိသော ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်တရားတို့သည် သာလျှင် ရူပက္ခန္ဓာ မည်၏ ဟူသော အနက်သည် သန္နိဋ္ဌာနတ္ထ ဖြစ်၏။

တော့,တောင်,ရေ,မြေ အစရှိသော ဗာဟိရ ရုပ်တို့သည် အတ္ထပညတ်မျှသာ ဖြစ်၍ ရူပက္ခန္ဓာ မမည်ဟူသော အနက်သည် နိဝတ္တနတ္ထ ဖြစ်၏။

ထို ဗာဟိရရုပ်တို့သည် ရူပါရုံ, သဒ္ဒါရုံ ဖြစ်သောအခိုက်၌ ရူပက္ခန္ဓာသို့ ဝင်သေး၏ ဟူသောအနက်သည် အနုညာတတ္ထ ဖြစ်၏။

ထို့ကြောင့် နိယံဆရာတို့သည်-

"ဝေရှိရာ အကန့်ရှာ၊ ဝေနောက်မှာ အနုညာ၊ သန္နိဋ္ဌာန်ကျ ဝေတ္ထ၊ မုချ ယူလေပါ"-ဟူ၍ မိန့်ကုန်၏။

ဤ သန္နိဋ္ဌာနတ္ထကို ရည်၍ ပရမတ္ထဇောတိကာ အဋ္ဌကထာ၌-

သတ္တေသုယေဝ ဟိ ခန္ဓာပစာရော သိဒ္ဓါ။

ကသ္မာ ခန္ဓေသုယေဝ သတ္တောတိ ပညာပေတဗ္ဗတော-

ဟူ၍ မိန့်ဆိုသည်။

ဟိ၊ သင့်စ့်။ သတ္တေသုယေဝ၊ သတ္တဝါသန္တာန်တို့၌သာလျှင်။ ခန္ဓေပစာရော၊ ခန္ဓာဟူ၍ ခေါ်ဝေါ်ခြင်းသည်။ သိဒ္ဓါ၊ ပြီး၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ခန္ဓေသုယေဝ၊ ပရမတ်ဖြစ်သော ခန္ဓာတရားတို့၌ သာလျှင်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပညာပေတဗ္ဗတော၊ ပညတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

၄၂၃-ပညတ် နှစ်မျိုးကို ပြခြင်း

ထို ရုပ်နာမ်တရားတို့မှ ကြွင်းသော ပညတ်ဘရားသည်-

၁။ အတ္ထပညတ်၊ ၂။ နာမပညတ် ဟူ၍ နှစ်ပါး အပြား ရှိသည်။

၁။ ထိုနှစ်ပါးတို့တွင် မြေ, တောင် အစရှိသော အနက်၊ နေ, လ, ကြယ် တာရာ စသော အနက်သည်....

အတ္ထံ ဟုတ္ဝာ တေန ဇတေန ပကာရေန ဉာပေတဗ္ဗာတိ အတ္ထပညတ္တိ-

ဟူသော ဟေတုကမူသာဓနု၏ ဝစနတ်ကြောင့် အတ္ထပညတ် မည်၏။

http://www.dhammadownload.com

အတ္ထံ၊ ဒြပ်သည်။ ဟုတ္ဟာ၊ ဖြစ်၍။ တေန တေန ပကာရေန၊ ထိုထိုသော အပြားဖြင့်။ ဉာပေတဗ္ဗာ၊ သိစေအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေအပ်သော သတ္တိကြောင့်။ အတ္ထပညတ္တိ၊ အတ္ထပညတ် မည်၏။

ဤ အတ္ထပညတ်သည်ပင် အထူးထူးသော အမည်ဖြင့် ဆိုအပ်သောကြောင့် ဝိဝိဓေဟိ နာမေဟိ ဝတ္တဗ္ဗန္တိ ဝစ္စံ-ဟူသော ဝစနတ္ထနှင့် ညီစ္ဆာ ဝစ္စပညတ်လည်း မည်၏။

၂။ အနက်ဒြပ်ကို ခေါ်ဆိုကြောင်း ဖြစ်သော သဒ္ဒါပညတ်သည်-

အတ္ထပညတ္တိယာ ပကာရေဟိ ဉာပေတီတိ ပညတ္တိ။
နာမသင်္ခါတာ ပညတ္တိ နာမပညတ္တိ-

ဟူသော ဟေတုကတ္တုသာဓန၏ ဝစနတ်ကြောင့် နာမပညတ် မည်၏။

အတ္ထပညတ္တိယာ၊ အတ္ထပညတ်ကို။ ပကာရေဟိ၊ အထူးထူးသော အပြားတို့ဖြင့်။ ဉာပေတိ၊ သိစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်သော သတ္တိကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ နာမသင်္ခါတာ၊ အမည်ဟု ဆိုအပ်သော။ ပညတ္တိ၊ ပညတ်တည်း။ နာမပညတ္တိ၊ အမည်ဟု ဆိုအပ်သောပညတ်။

ဤ နာမပညတ်သည် နှုတ်မြွက်၍ ခေါ်ဆိုကြောင်း ဖြစ်သောကြောင့် ဝဒန္တိ ဧတေနာတိ ဝါစကော-ဟူသော ဝစနတ်နှင့် ညီစ္ဆာ ဝါစက ပညတ်သည်း မည်၏။

သူတပါးတို့၏ သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒပညတ်လည်း မည်၏။

၄၂၈-အတ္ထပညတ် အပြား ၆-ပါးကို ပြခြင်း

ဤ နှစ်ပါးတို့တွင် အတ္ထပညတ်သည် အကျဉ်းအားဖြင့်

၁။ တဇ္ဇာ ပညတ်၊ ၄။ သန္တတိပညတ်၊
၂။ ဥပါဒါပညတ်၊ ၅။ အဝတ္ထာဝိသေသပညတ်၊
၃။ သမူဟပညတ်၊ ၆။ ဝိကပ္ပပညတ်၊

ဟူ၍ ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတို့တွင် ပညတ်တရား, ပရမတ်တရားတို့၏ မိမိသဘောအလျောက် ဖြစ်ခြင်းသည် တဇ္ဇာပညတ် မည်၏။

တခုခုကို စွဲ၍ အသီးအသီး ထင်ရှားခြင်းသည် ဥပါဒါပညတ် မည်၏။

http://www.dhammadownload.com

ပေါင်းစု၍ ဖြစ်ခြင်းသည် သမူဟပညတ် မည်၏။

ပရမတ်တရားတို့၏ အစဉ်အဘ့ဉးဖြင့် ဖြစ်ခြင်းသည် သန္တတိပညတ် မည်၏။

အခိုက်အတန့် ထူးသောအားဖြင့် ဖြစ်ခြင်းသည် အဝတ္ထာဝိသေသပညတ် မည်၏။

ထင်ရှားမရှိပဲ ကြုံ၍သိအပ်သော အနက်သည် ဝိကပ္ပပညတ်မည်၏။

တဇ္ဇောပါဒါ သမူဟာဉ္စ၊ သန္တတိ ဝတ္ထာ ဝိသေသာ။
ဝိကပ္ပါတိ ဆဓာ ဥဉ္ဇာ၊ သဒ်ေပါ် အတ္ထညတ္တိယော-
ဟူ၍ ဂါထာ ဆိုအပ်၏။

ထိုသရုပ်ကို ပြခြင်းငှါ သင်္ဂြိဟ် အဋ္ဌကထာ၌-

ကထံ တံ တံ ဘူတ ဝိပရိဏာမာကာရ မုပါဒါယ၊ တထာ တထာ
ပညတ္တာ ဘူမိပဗ္ဗတာဒိကာ-

စသည်ဖြင့် ပြဆိုသည်။

အဓိပ္ပါယ်ကား— ထိုထိုသော ဘူတရုပ်တို့၏ ဖောက်ပြန်သော အခြင်းအာဆုကို စွဲ၍ ထိုထိုသော အခြင်းအရာအားဖြင့် ပညတ်အပ်သော မြေ, တောင်, ကျောက်ဆောင်, ကျောက်ပြား အစရှိသော တဇ္ဇောပညတ်။

သစ်ဝါးတို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ အိမ်, ရထား, လှည်း ဟူ၍ရင်း၊ မြေစိုင်တို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ အိုး, အင်, အုတ်ခဲ ဟူ၍ရင်း၊ ချည်မျှင်တို့ စုဝေးသော အခြင်းအဆုကို စွဲ၍ ပုဆိုး, အဝတ် ဟူ၍ရင်း ပညတ်အပ်သော သမူဟပညတ်။

ပရမတ်ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ယောကျ်ား, ပုဂ္ဂိုလ်, လူ, နတ်, ဗြဟ္မာ စသည်ဖြင့် သမုတ်အပ်သော ဇာတိပညတ်၊ ဝါ။ သန္တတိပညတ်။

နေ, လ တို့၏ လည်ခြင်း စသည်ကို စွဲ၍ သမုတ်အပ်သော အရှေ့, အနောက်, တောင်, မြောက် စသော ဒိသာပညတ်။

နံနက်, ညဉ့်, ပက္ခ, မာသ စသော ကာလပညတ်၊ ဝါ၊ ဝိကပ္ပပညတ်။

ထိုထိုသော ရုပ်ကလာပ်တို့ဖြင့် မတွေ့အပ်သော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော တွင်း, ဂူ, လိုဏ်ခေါင်း အစရှိသော အာကာသပညတ်။

http://www.dhammadownload.com

ထိုထိုသော ကသိုဏ်းဝန်း စသော အာရုံ ဘာဝနာအထူးကို စဲ၍ ပညတ်အပ်သောကသိုဏ်း နိမိတ် စသော နိမိတ္တပညတ် ကျွန်ုပ်၏ အဝတ္ထာဝိသေသ ပညတ်ဟု ဆိုသည်။

ဤသို့ စသည်ဖြင့် ပြားသော ဒနက်ခြင်းတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိပဲလျက် ပရမတ္ထဓမ္မ၏ အရိပ်အရောင် အတုဟူသော အခြင်းအရာဖြင့် စိတ် စေတသိက်တို့၏ အာရုံဖြစ်၍ ထင်ရှားသောကြောင့် ဗာဟိရပညတ် မည်၏ ဟူလိုသည်။

ဋီကာကျော်၌ကား-

သမ္မုဟာသန္တာနအဝတ္ထာဝိသေသာဒိဘေဒေါ-

ဟူ၍ အာဒိဝန်နှင့် ဆင်၏။

ပုဂ္ဂလပညတ် အနုဋ္ဌကာ၌ကား-

တော ဟိ ပညတ္တိယော သန္တာနပညတ္တိ, သမ္မုဟပညတ္တိ, အဝတ္ထာ-ဝိသေသ ပညတ္တိတိ တတ္ထ ပဗန္ဓော သန္တာနော သမ္မုဒါယော, သမ္မုဟော, ဥပါဒါဒိကော, ဒဟရသာဝါဒိကော စ၊ အဝတ္ထာဝိသေသော-

ဟူ၍ မိန့်၏။

ဟိ၊ ထင်စွာဆိုအံ့။ တော ပညတ္တိယော၊ ဤ အတ္ထပညတ်တို့သည်။ သန္တာန-ပညတ္တိ၊ အစဉ်ဖြစ်သော ပညတ်ငင်း။ သမ္မုဟပညတ္တိ၊ အပေါင်းဖြစ်သော ပညတ်ငင်း။ အဝတ္ထာဝိသေသပညတ္တိ၊ အခိုက်အတန့်ထူးကို စဲ၍ ဖြစ်သော ပညတ်ငင်း။ အဝတ္ထာဝိသေသပညတ္တိ၊ အခိုက်အတန့်ထူးကို စဲ၍ ဖြစ်သော ပညတ်ငင်း။ ဣတိ၊ ဤ ၃-ပါးတို့တည်း။ တတ္ထ၊ ထို ၃-ပါးတို့တွင်၊ ပဗန္ဓော၊ မပြတ်ဖြစ်သော အစဉ်သည်။ သန္တာနော၊ သန္တတိပညတ် မည်၏။ သမ္မုဒါယော၊ အညီအညွတ် ဖြစ်ခြင်းသည်။ သမ္မုဟော၊သမ္မုဟပညတ်မည်၏။ဥပါဒါဒိကော စ၊ ဥပါဒ်အစရှိသည် သည်ငင်း။ ဒဟရဘာဝါဒိကော စ၊ ငယ်သောအဖြစ်စသည် သည်ငင်း။ အဝတ္ထာဝိသေသော၊ အခိုက်အတန့်ထူးဖြင့် ဖြစ်သော ပညတ် မည်၏။

ဤ ဋီကာ၏အလိုသော် အတ္ထပညတ် ဟူသမျှကို ဤ ၃-ပါး၌သာ သင်္ဂြိဟ်အပ်၏ ဟူလိုသည်။

၅၂၉-နာမပညတ်အပြား ၆-ပါးကို ပြခြင်း

ထိုအနက်ခြင်းကို သိစေတတ်သော ဝါစက သဒ္ဒဖြစ်သော နာမပညတ်ကို ကား-

http://www.dhammadownload.com

၁။ နာမည်၊ ၄။ နိရုတ္တိ၊
၂။ နာမကမ္မ၊ ၅။ ဗျဥ္ဇန၊
၃။ နာမဋ္ဌယျ၊ ၆။ အဘိလာပ-

ဟူသော ၆-ပါးသော အခြင်းအရာဖြင့် ပြအပ်၏။

ထို ၆-ပါးတို့ဝင်-

အတ္ထသူ နာမေတိတိ နာမံ-

ဟူသော ဝစနတ်နှင့်ညီစွာ မြေ, တောင် စသော အနက် ဒြပ်တို့၌ ညွတ်တတ်သောကြောင့်ဌင်း၊

အတ္တနိ စတ္ထေ နာမေတိတံ နာမံ-

ဟူသော ဝစနတ်နှင့် ညီစွာ မိမိတို့ အနက်ဒြပ်ကို ညွတ်စေတတ်သောကြောင့် ဌင်း, ဘူမိ,ပဗ္ဗာ စသော အမည်သည် နာမပညတ် မည်၏။

ဌပနံ ဌေယျံ။ နာမဿ ဌေယျံ နာမဌေယျံ။

ဌပနံ၊ ထားခြင်း။ ဌေယျံ၊ ထားခြင်း။ နာမဿ၊ အမည်ကို။ ဌေယျံ၊ ထားခြင်းတည်း။ နာမဌေယျံ၊ အမည်ကိုထားခြင်း။

ဤဝစနတ်နှင့်ညီစွာ ပြုအပ်ပြီးမသာအမည်ကို ဒြပ်ပေါ်၌ ထားခြင်းသည် နာမဌေယျ မည်၏။

အတ္ထံ နိဟရိတ္ဝာ ဉတ္တိ နိရုတ္တိ။

အတ္ထံ၊ အနက်သဘောကို။ နိဟရိတ္ဝာ၊ ထုတ်ဆောင်၍။ ဉတ္တိ၊ ဆိုခြင်းတည်း။ နိရုတ္တိ၊ အနက်ကို ထုတ်ဆောင်၍ဆိုခြင်း။

ဤဝစနတ်နှင့်ညီစွာ ထားပြီးသော နာမ၏အနက်ကို အကွရကို အကြောင်းပြုသဖြင့် ထုတ်ဆောင်၍ ဆိုခြင်းသည် နိရုတ္တိ မည်၏။

အတ္ထံ ဝိဝရိတ္ဝာ ဗျဥ္ဇယတိတိ ဗျဥ္ဇနံ။

အတ္ထံ၊ အနက်ကို။ ဝိဝရိတ္ဝာ၊ ဖွင့်လှစ်၍။ ဗျဥ္ဇယတိ၊ ပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗျဥ္ဇနံ၊ ဗျဥ္ဇန မည်၏။

အဘိမုခေါ ဟုတ္ဝာ လပတိတိ အဘိလာပေါ။

အဘိမုခေါ၊ အနက်သဘောသို့ ရှေရှုသည်။ ဟုတ္ဝာ၊ ဖြစ်၍။ လပတိ၊ ခေါ်တတ်၏။ ဣတိတသ္မာ၊ ထို့သို့ အနက်ကိုရှေရှုသည်ဖြစ်၍ ခေါ်ဆိုတတ်သောသတ္တိကြောင့်။ အဘိလာပေါ၊ အဘိလာပ မည်၏။

http://www.dhammadownload.com

ဇတ္ထ အဘိလပတိတိ အတ္ထာဘိမုခေါ ဟုတ္ဝာ တံ ဒေတိတိ အတ္ထော။(ဒီပနီ)

ထားအပ်သော အနက်သဘောကို သိစေခြင်းငှာ ဖွင့်ပြအပ်သော ဝါကျသည် ဗျဉ္ဇန မည်၏။

ထိုအနက်သဘောကို ရှေ့ရှုလျက် ခေါ်ဆိုခြင်းသည် အဘိလာပမည်၏ ဟူလိုသည်။

ပညတ် ၆-ပါး၏ သဘောကို ပြခြင်း

ဤအမည် ၆-ပါးတို့ ထင်ရှားလောက်သော ဥဒါဟရဏ်ကား ဆရာတပါး သည် တပည့်သူငယ်ကို ရှင်ပြုပြီးသော် ခေါ်ဆိုရုံ အမည်မှည့်အံ့ဟု ကြံ၍ ပဏ္ဍိတ ဟူသော အမည်ကို ပြု၏၊ ပြီးလျှင် ထိုအမည်ကို ထိုသာမဏေ၏ ကိုယ်၌ထား၏။

ဘယ့်ကြောင့် ဤသာမဏေကို ပဏ္ဍိတ မည်သနည်းဟု သူတပါးမေးလျှင် သိမြင်တတ်သော ဉာဏ်ရှိပေသည်။ ထို့ကြောင့်-

ပဏ္ဍန္တိ ဇာနန္တီတိ ပဏ္ဍော။ ပဏ္ဍောယ ဣတာတိ ပဏ္ဍိတော-

ဟူသော ဝစနတ္ထ ရသင့်သည့်နှင့်ညီစွာ သိမြင်လိမ္မာသောပညာဖြင့် ဖြစ်တတ်သောကြောင့် ပဏ္ဍိတမည်သည်ဟု ဆိုသည်။ဤသို့ နှလုံးသွင်း၍ ပဏ္ဍိတဟူသော အမည်ဖြင့် သာမဏေကို ခေါ်ဆိုလေ၏။

ဤ ဥဒါဟရဏ်၌ အမည်မှည့်ရန် ကြံခြင်းသည် နာမ။

ပ,အက္ခရာ, ဏ္ဍိ-အက္ခရာ, တ-အက္ခရာတို့ကို ရုံးစု၍ ပဏ္ဍိတဟူသော အမည်ကို မှည့်ခြင်းသည် နာမကမ္မ။

ထိုအမည်ကို သာမဏေ၏ကိုယ်၌ ထားခြင်းသည် နာမဋ္ဌေယျ။
အကြောင်းဖြစ်သော သတ္တိဗျတ္တိကို ထုတ်ဆောင်ခြင်းသည် နိရုတ္တိ။
ထုတ်ဆောင်သော အနက်ထင်ရှားအောင် ပဏ္ဍန္တိ ဇာနန္တိ စသော ဝါကျကို ပြုခြင်းသည် ဗျဉ္ဇန။

ထိုဝါကျအနက်ကို ရှေ့ရှု၍ ပဏ္ဍိတဟူသော အမည်ကို ခေါ်ဆိုခြင်းသည် အဘိလာပမည်၏ဟု မှတ်ရမည်။

(သိမ်မွေ့၏၊ ကဲ့အောင် စေ့စေ့ နှလုံးသွင်းလေ။)

ဤနာမပညတ်သည်-

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ခေါ်ဆိုသော ဝိဇ္ဇမာနပညတ်၊

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို ခေါ်ဆိုသော အဝိဇ္ဇမာနပညတ်၊

http://www.dhammadownload.com

၃။ ထင်ရှားရှိသည်ကို စွဲ၍ မရှိသည်၌ ခေါ်ဆိုသော ဝိဇ္ဇမာနေန အဝိဇ္ဇ-
မာနပညတ်၊

၄။ ထင်ရှားမရှိသည်ကို စွဲ၍ ရှိသည်၌ ခေါ်ဆိုသော အဝိဇ္ဇမာနေန ဝိဇ္ဇမာန
ပညတ်၊

၅။ ထင်ရှားရှိသည်ကို စွဲ၍ ထင်ရှားရှိသည်၌ ခေါ်ဆိုသော ဝိဇ္ဇမာနေန
ဝိဇ္ဇမာနပညတ်၊

၆။ ထင်ရှားမရှိသည်ကို စွဲ၍ ထင်ရှားမရှိသည်၌ ခေါ်ဆိုသော အဝိဇ္ဇမာ-
နေန အဝိဇ္ဇမာနပညတ်–

ဟူ၍ ၆-ပါး အပြားရှိ၏။ ။ ဥဒါဟရဏ်နှင့်တကွ နောက်က ပြခဲ့ပြီ။

ဤတွင် ပစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com



http://www.dhammadownload.com

ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ
ပုစ္ဆာဝိသဇ္ဇနာများ

၄၃၀– သမထ,ဝိပဿနာ, ဘာဝနာ ကမ္မဋ္ဌာန်း ခေါ်ဆိုရပုံကိုပြခြင်း

မေး။ ။ကမ္မဋ္ဌာန်းလေးဆယ်၊ ခေါ်ဘွယ်မည်ရ၊ သမထဘာဝနာ၊ လက္ခဏာ ၃-ပါး၊ တရားတို့မှာ၊ ဝိပဿနာ၊ သညာဘယ့်ကြောင့်ဆိုသနည်း။

ဖြေ။ ။ဘာဝေတဗ္ဗာတိ ဘာဝနာ-ဟူသော ဝစနတ္ထနှင့်ညီစွာ နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း ပွားစေအပ်သောသမ္မာဆန္ဒ,ဝီရိယသည် ဘာဝနာမည်၏။

ဤဘာဝနာသည်ပင်-

ဒုဝိဓာ ဘာဝနာ ကမ္မဿ ပဝတ္တိဋ္ဌာနတာယ ကမ္မဋ္ဌာနံ–

ဟူသောဋီကာနှင့်ညီစွာ နှစ်ဖြာသော ဘာဝနာကုသိုလ်ကံ၏ ဖြစ်ရာဖြစ်သောကြောင့်လည်း ကမ္မဋ္ဌာန်းမည်၏။

ဤကမ္မဋ္ဌာန်းသည်-

၁။ သမထကမ္မဋ္ဌာန်း ၂။ ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်ပါးအပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ကသိုဏ်းစသော ကမ္မဋ္ဌာန်း ၄၀-သည်–

နီဝရဏာနိ သမေတိတီ သမထော–

ဟူသော ဝစနတ္ထကြောင့် သမထကမ္မဋ္ဌာန်းမည်သည်။

ယော ဓမ္မော၊အကြင်တရားသည်။နီဝရဏာနိ၊ကာမဆန္ဒစသောနီဝရဏတို့ကို။ သမေတိ၊ငြိမ်းစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ငြိမ်းစေတတ်သော သတ္တိကြောင့်။ သမထော၊သမထ မည်၏။ ။အရကား တခုတည်းသောအာရုံကို အာရုံပြု၍ တည်ကြည်ခြင်းဟူသော သမာဓိတရားရ၏။

အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာရေး၃-ပါးသည်–

ဝိဝိဓေန အာကာရေန သခ်ါရေ ပဿတီတိ ဝိပဿနာ–

ဟူသောဝစနတ္တကြောင့် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။

ယော ဓမ္မော၊ အကြင်ဘုဏ် တရားသည်။ ဝိဝိဓေန၊ အထူးထူးအပြားပြားသော။ အာကာရေန၊ အခြင်းအရာဖြင့်။ သခ်ါရေ၊သခ်ါရတရားတို့ကို။ ပဿတိ၊ ရှုတတ်မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

အရကား–မှန်ကန်စွာသိတတ်သော ပညာတရားရ၏။

http://www.dhammadownload.com

၄၃၁–ကာမကုသိုလ်-ရူပကုသိုလ် ၂-ပါးလုံးပင် နီဝရဏ ငြိမ်းနိုင်ပုံကို ပြခြင်း

ကမ္မဋ္ဌာန်း ၄၀-သည် နီဝရဏကို ငြိမ်းစေတတ်၏ဟူသော် ကာမကုသိုလ်စိတ်ဖြင့် စီးဖြန်းသော ဘာဝနာဖြင့် ငြိမ်းပါအံ့လော, ရူပစိတ်ဖြစ်မှ ငြိမ်းသလော ဟူငြားအံ့-

ရုံဖန်စီးဖြန်းသောပုဂ္ဂိုလ်၏ ကာမကုသိုလ်ဘာဝနာဖြင့်သည်း ငြိမ်း၏။ငြိမ်းသော်လည်း ကုသိုလ်စိတ်ဖြင့် အဒိုက်အတန့်သာ ငြိမ်းသည်၊ ဈာန်၏ ရှေအဖို့၌ ဖြစ်သော ကာမကုသိုလ်စိတ်တို့၌ကား ရူပဈာန်မှာ ဝေးကွာသကဲ့သို့ ဝိက္ခမ္ဘန ဖြင့်ပင် ငြိမ်း၏ ဟူပေ။

ဘာဝနာ ၃-ပါး နိမိတ် ၃-ပါးဈာန်တရား ဖြစ်ပုံတို့ကို ပြခြင်း

သရုပ်ကို ထင်စွာဆိုဦးအံ့ ဈာန်ရလိုသော ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းစသည်တို့တွင် တပါးပါးကိုအာရုံပြု၍ ပထဝီ ပထဝီဟု စီးဖြန်း၏။ထိုသို့စီးဖြန်းခြင်းသည် ပရိကမ္မဘာဝနာမည်၏။

ထိုဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်းသည် ပရိကမ္မနိမိတ် မည်၏။

ထိုပရိကမ္မဘာဝနာဖြင့် လွန်စွာပွားစေသော ပုဂ္ဂိုလ်အား မျက်စိဖြင့်မြင်သကဲ့သို့ မနောဒွါရ၌ လွန်စွာထင်သော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

ထိုဥဂ္ဂဟ နိမိတ်ဖြစ်သည်မှ နောက်၌ ထိုနိမိတ်ကို အာရုံပြု၍ တဖန်တလဲလဲ ပွားစေသောပုဂ္ဂိုလ်အား ထိုနိမိတ်ထက် သန့်ရှင်းကြည်လင်စွာထင်သော မှီရာဒြပ်မှလွတ်သော ပညတ်သက်သက်ဖြစ်သော အာရုံသည် ပဋိဘာဂနိမိတ်မည်၏။

ထိုအခါ ကာမာဝစရသမာဓိဟု ဆိုအပ်သော ဥပစာရဘာဝနာသည် ပြီးပြည့်စုံ၏။

ထိုပဋိဘာဂနိမိတ်ထင်သည်မှ နောက်၌ ထိုနိမိတ်ကို အာရုံပြု၍ ဥပစာရဘာဝနာဖြင့် မှီဝဲသောပုဂ္ဂိုလ်အား ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူဟူသော ကာမကုသိုလ်ဇောနောင် ရူပါဝစရကုသိုလ် ပထမဈာန်သည် အာဒိကမ္မိကအား တကြိမ်သာဖြစ်၍ ဘဝင်ကျ၏။ ထိုအခါ ဘာဝနာအား အပွနာဘာဝနာဖြစ်၏။

ပရိကမ္မဘာဝနာ၌ ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်နှစ်ပါးထင်သည် ဥပစာရဘာဝနာ၌ ပဋိဘာဂနိမိတ်ထင်သည်။ အပွနာဘာဝနာ၌လည်း ၎င်းပဋိဘာဂနိမိတ်ပင်ထင်သည်။

ယင်းသို့ ဥပစာရသမာဓိဖြစ်သော ကာမကုသိုလ်ဇောမှစ၍ ကသိုဏ်းဝန်းတည်းဟူသောအာရုံ၌စိတ်ကိုရှေရှုတင်ခြင်း,အာရုံကိုအဖန်တလဲလဲ သုံးသပ်ခြင်း

http://www.dhammadownload.com

အာရုံကို နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း မပျံ့လွင့်ပဲ တည်ကြည်ခြင်းဟူသော အင်္ဂါ-ငါးပါးနှင့် ပြည့်စုံပြီးဖြစ်၍ ကာမဆန္ဒ အမျက်တွက်တတ်သောဗျာပါဒ ငိုက်မျည်း ပျံးရိတတ်သောထိန,မိဒ္ဓ, တုန်လှုပ်ပူပန်တတ်သော ဥဒ္ဓစ္စကုက္ကုစ္စ, ယုံမှားတတ်သောဝိစိကိစ္ဆာ ဤနိဝရဏ ငါးပါးတို့သည် မနှေားမကပ်လာပဲ ဝေးကွာငြိမ်းချမ်း လေကုန်သည်။

ထို့ကြောင့် ကသိုဏ်းဝန်းစသော ကမ္မဋ္ဌာန်း ၄၀-တို့သည် နိဝရဏကိုငြိမ်းစေတတ်သည်ဖြစ်၍ သမဆမည်၏ ဟူလေသည်။

၄၃၂—စရိုက် ၆-ပါးကို ပြခြင်း

မေး။ ။သီးခြားအလိုက်၊ စရိုက်ပြားရာ၊ ပုဂ္ဂိုလ်မှာ၊ ထိုက်ရာကမ္မဋ္ဌာန်း ဘယ်မျှနည်း။

ဖြေ။ ။စရိုက်သည် တထုံးကိုယ်အားဖြင့်-

၁။ ရာဂစရိုက်၊ ၄။ သဒ္ဓါစရိုက်

၂။ ဒေါသစရိုက်၊ ၅။ ဗုဒ္ဓိစရိုက်၊

၃။ မောဟစရိုက်၊ ၆။ ဝိတက်စရိုက်—

ဟူ၍ ၆-ပါးအပြားရှိသည်။

ပုဂ္ဂိုလ်အားဖြင့်ကား ၆၃-ပါး အပြားရှိ၏၊ဘယ်သို့ပြားသနည်း ဟူမူကား-
ရာဂါဒိတိက်၌-

ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်၊ ရာဂဒေါသစရိုက်,ရာဂမောဟစရိုက်, ဒေါသမောဟစရိုက်, ရာဂ ဒေါသ မောဟစရိုက်ဟူ၍ ကေက ၃-ပါး,ဒုက ၃-ပါး တိက တပါးအားဖြင့် ၇-ပါးပြားသည်။
သဒ္ဓါဒိတိက်၌လည်း-

သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါဗုဒ္ဓိစရိုက်,သဒ္ဓါဝိတက်စရိုက်, ဗုဒ္ဓိ-ဝိတက်စရိုက်,သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်စရိုက်ဟူ၍ကေက ၃ ပါး,ဒုက ၃ ပါး,တိကတပါး အားဖြင့် ၇-ပါးပြားသည်။

နှစ်ရပ်ကိုပေါင်းသော် ၁၄-ပါးဖြစ်၏။ဤသတ္တကနှစ်ရပ်တို့တွင် ရှေသတ္တကဒု တပါးတပါးကို မူလတည်၍ နောက်သတ္တကဖြင့် စပ်လျက်ယူအပ်ရကား-

http://www.dhammadownload.com

ရာဂသဒ္ဓါစရိုက်,ရာဂဗုဒ္ဓိစရိုက်၊ ရာဂဝိတက်စရိုက်,ရာဂသဒ္ဓါဗုဒ္ဓိစရိုက်,ရာဂ သဒ္ဓါ ဝိတက်စရိုက်, ရာဂဗုဒ္ဓိ ဝိတက်စရိုက်၊ ရာဂ သဒ္ဓါ ဗုဒ္ဓိ ဝိတက်စရိုက်ဟူ၍ ၇-ပါး ဖြစ်၏။

ဤအတူ ဒေါသကို မူတည်ရာ၌ ၇-ပါး။ မောဟကိုမူတည်ရာ၌ ၇-ပါး။ ရာဂ, ဒေါသ,ကို မူတည်ရာ၌လည်း ၇-ပါး။ ရာဂမောဟကို မူတည်ရာ၌လည်း ၇-ပါး။ ဒေါသ, မောဟကို မူတည်ရာ၌လည်း ၇-ပါး။ ၃-ပါးလုံးကို မူတည်ရာ၌လည်း ၇-ပါးစီဖြစ်၍ တေသဋ္ဌိ စရိုက် ၆၃-ပါး ဖြစ်သတည်း။ ထို့ကြောင့်-

ရာဂါဒိကေ တိကေ သတ္တ၊ သတ္တ သဒ္ဓါဒိကေ တိကေ။

ကေဒ္ဓိတိကမူလမှိ၊မိဿတော သတ္တသတ္တကံ-

ဟူ၍မိန့်သည်။

ရာဂါဒိကေတိကေ၊ ရာဂစသောတိက်၌။ သတ္တ၊၇-ပါးသော စရိုက်တို့ဝင်း။ သဒ္ဓါဒိကေ တိကေ၊ သဒ္ဓါစသောတိက်၌။ သတ္တ၊ ၇-ပါးသော စရိုက်တို့ဝင်း။ ကေဒ္ဓိတိက မူလမှိ၊ ကေမူ ၃-ပါ-း၊ ဒ္ဓိမူ ၃-ပါး တိမူတပါး၌။မိဿတော၊ရောနှော သောအားဖြင့်။သတ္တသတ္တကံ၊ ၇-ပါးသောသတ္တကဝင်း၊ ဣတိ၊ ဤသို့။ တေသဋ္ဌိ စရိတာ၊ ၆၃-ပါးသော စရိုက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၃၃-စရိုက်နှင့် ကမ္ပဋ္ဌာန်းကို ယှဉ်တွဲ၍ပြခြင်း

ဤစရိုက်နှင့် လျော်သောကမ္ပဋ္ဌာန်းကို သင်္ဂြိုဟ်ကျမ်း၌-

ဒသအသုဘာ ကာယဂတာသတိ သခ်ါတာ ကောဋ္ဌာသဘာဝနာစ ရာဂစရိတဿ သပ္ပါယာ။

စတသော အပ္ပမညာယော နီလာဒိနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ။

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

ဗုဒ္ဓါနုဿတိ အာဒယော ဆ သဒ္ဓါစရိတဿ။

မရဏဥပသမသညာဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။

သေသာနိ ပန သဗ္ဗာနိပိ ကမ္ပဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ-

ဟူ၍ ပြဆိုသည်။

ဆောင်ပုဒ်။

အသုဘနှင့်၊ ကာယဂတာ၊ဆယ့်တဖြာ၊ ရာဂကြီးသူအား။

အပ္ပမညာ၊ နီလာဒိက၊ဤရှစ်ဝ၊ဒေါသကြီးဖို့ထား။

http://www.dhammadownload.com

အာနာပါန၊ ဤတဝ၊ မောဟ ဝိတက်များ။
ဗုဒ္ဓဓမ္မ၊ သံဃ သီ စာ၊ ဒေဝတာ၊ သဒ္ဓါထက်သူအား။
ဥပသမာ၊ မရဏာနုဿ်၊ သညာဝဝတ္ထာန်၊ ဤ-၄တန်၊ဉာဏ်ခံကြီးသူများ။
၈ရိုက်ဝေဒု၊သုံးဆယ်မျ၊ သေသခပ်သိမ်းအား။
ဤသို့ဖြေလေ။

၄၃၄-ကမ္မဋ္ဌာန်းနှစ်ပါး ပြားပုံကိုပြခြင်း

မေး။ ။စရိုက်ကိုရှေး၊ နည်းပေးစရာ၊ ပုဂ္ဂိုလ်မှာ၊ ထိုက်ရာကမ္မဋ္ဌာန်း၊ ဘယ်မျှနည်း။

ဖြေ။ ။ကမ္မဋ္ဌာန်းသည်-

၁။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊

၂။ ပါရိဟာရိယ ကမ္မဋ္ဌာန်း-

ဟူ၍ နှစ်ပါးအပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယော, အာလောက, အာကာသ ဟူသော ကသိုဏ်း ၆-ပါး အာနာပါန ၄-ပါး ဤသယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော စရိုက်ရှိသောပုဂ္ဂိုလ်နှင့် လျောက်ပတ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

ကြွင်းသော ကမ္မဋ္ဌာန်း ၃၀-သည် အထူးထူးသော စရိုက်ရှိသော ပုဂ္ဂိုလ် အားလျော်စွာ လျောက်ပတ်သောကြောင့် ပါရိဟာရိယ ကမ္မဋ္ဌာန်းမည်၏။

၄၃၅-ဗြဟ္မဝိဟာရတရား လေးပါး

ဓမး။ ။အပ္ပမညာ၊ လေးဖြာအမှန်၊ စီးဖြန်းရန်၊ ပ၊ ကံဘယ်သို့ ပြားသနည်း။

ဖြေ။ ။အပ္ပမညာလေးပါးကို စီးဖြန်း၍ စျာန်ရသော ပုဂ္ဂိုလ်တို့၏ စီးဖြန်းဟန် ပရိကံကို ဝိသုဒ္ဓိမဂ်၌ လာသောနည်းဖြင့် အကျဉ်းမျ ပြလိုက်အုံ။

၄၃၆-မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

အပ္ပမညာလေးပါးတွင် မေတ္တာဟူသော ဗြဟ္မဝိဟာရကို ပွား၍ ပထမစျာန် စသည်ကို ရခြင်းငှာ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ကြောင့်ကြကြီး

http://www.dhammadownload.com

ဆယ်ပါး, ကြောင့်ကြငယ် ခုနစ်ပါးတို့ကို ဖြတ်ပြီးသော် ဆွမ်းစား ခြင်းကိစ္စကိုပြု၍ ထိုဆွမ်း၏အဆိပ်ကို ငြိမ်းစေပြီးမှ ဆိတ်ငြိမ်ရာဌာနသို့ ကပ်၍ ခင်းအပ်သော နေရာ၌ ကောင်းစွာထိုင်နေပြီးလျှင် ရှေးဦးစွာ အမျက်ထွက်ခြင်း ဟူသော ဒေါသ၌ အပြစ်ကိုငဲ့, သည်းခံခြင်း ဟူသော ခန္တီ၌ အကျိုးကိုငဲ့ ဆင်ခြင်ခဲ့အောက်မေ့အပ်၏။

အဘယ်ကြောင့်နည်းဟူမူ ဤမေတ္တာဘာဝနာဖြင့် ဒေါသကို ပယ်အပ်၏၊ ခန္တီတရား သို့ ကပ်အပ်၏၊ ဒေါသ၏အပြစ်ကို မမြင်သော် ပယ်ခြင်းငှာ မတတ်ကောင်း။ ခန္တီ၏အကျိုးကို မမြင်သော် ရခြင်းငှာ အလိုမရှိ။ ထို့ကြောင့် အမျက်ထွက်ခြင်း၌ အပြစ်ကိုငဲ့ သည်းခံခြင်း၌ အကျိုးကိုငဲ့ ရှေးဦးစွာ ဆင်ခြင်အပ်၏။

အမျက်ထွက်ခြင်း၏အပြစ်

ဘယ်သို့ ဆင်ခြင်အပ်သနည်း ဟူမူ ငါတို့ဆရာ မြတ်စွာဘုရားသည်-

ကောဓော အတ္ထံ နဇာနာတိ၊ ကောဓော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ-

ဟူ၍ ဟောတော်မူသည်။

ကောဓော၊ အမျက်ထွက်သောသူသည်။ အတ္ထံ၊ အကျိုးကို။ နဇာနာတိ၊ မသိနိုင်။ ကောဓော၊ အမျက်ထွက်သောသူသည်။ ဓမ္မံ၊ အကြောင်းကို။ နပဿတိ၊ မမြင်နိုင်။ ယဒါ၊ အကြင်အခါ၌။ ယံ နရံ၊ အကြင်သူကို။ ကောဓော၊ အမျက်ဒေါသသည်။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။ အန္ဓကမံ၊ အလွန်မိုက်မဲတွေဝေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာအမြွက်ဖြင့် အမျက်ထွက်သောသူသည် အကျိုးကိုငဲ့, အကြောင်းကိုငဲ့ ကောင်းစွာ မသိမမြင်နိုင်သည်သာ ဖြစ်၏။ အကြင်သူ၏ အမျက်သည် အတွင်းမှထွက်၍ ကိုယ်အလုံးကို နှိပ်စက်သောအခါ လွန်စွာ မိုက်မဲတွေဝေသည်သာ ဖြစ်၏။ တိုသို့ မိုက်မဲတွေဝေသောကြောင့် မပြုသင့်သော အမှု, မဆိုသင့်သောစကားကို ပြုမိဆိုမိသည်သာ ဖြစ်၏။ ထို့ကြောင့် အမျက်ဒေါသကို မထွက်ရအောင် ငါသိမ်းဆည်းအံ့ဟု နှလုံးသွင်းရာသည်၊ နှလုံးသွင်းပြီးမှ သည်းခံခြင်း ခန္တီ၏အကျိုးကိုလည်း ဤသို့ ဆင်ခြင်အပ်၏။

သည်းခံခြင်း၏အကျိုး

ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

http://www.dhammadownload.com

တိတိကွာ၊ သူတပါးပြစ်မှားသည်ကို အတုံမလှန် သည်းခံခြင်းလက္ခဏာ ရှိသော။ ခန္တီ၊ ခန္တီတရားသည်။ ပရမံ၊ မြတ်သော။ ဟပေါ၊ မြိုးခြံသော အကျင့်တည်း။ နိဗ္ဗာနံ၊ ဒေါသမာန်စောင်၏ ငြိမ်းခြင်းကို။ ပရမံ၊ မြတ်လှ၏ ဟူ၍။ ဗုဒ္ဓါ၊ ဘုရားသခင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ခန္တိဗလံ၊ သည်းခံခြင်း တည်းဟူသော အားသည်။ ဗလာနိကံ၊ အားအပေါင်းတို့ထက် ကောင်းမွန်ကြီးမြတ်သော အားဟည်း။ တံ၊ ထိုခန္တိဗလ ရှိသောသူကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ဤသို့သော ဒေသနာဖြင့် မြတ်စွာဘုရားသည် သူတပါးတို့ ပြစ်မှားသမှု ထောင်းထုသွင်းဆဲ စောင်းမဲရေးရွတ် ပေါက်လွှတ်နှိပ်စက်သော အမှုကိုလျက် အမျက်မရှ ဒေါသမပြန် သည်းခံသောအကျင့်သည် ခပ်သိမ်းသော အကျင့် ဟူသမျှထက် မြတ်ထွတ်လှသော အကျင့်ဖြစ်သည်ဟူ၍ ပြတော်မူသောကြောင့် စင်ဖြူသောစာရိတ္တကို တောင့်တသော ငါသည်လည်း အားဟကာတို့ထက် လွန်မြတ်သော ခန္တိဗလကို ပြည့်ရအံ့သည်တကားဟု ခန္တိတရား၏အကျိုးကို ဆင်ခြင်အပ်၏။

ယင်းသို့ ဆင်ခြင်၍ မြင်အပ်ပြီးသော အပြစ်ရှိသောဒေါသကို ခွာခြင်းငှာ သိအပ်ပြီးသော အကျိုးရှိသော ခန္တိဗလ၌ နိစ္စယှဉ်ခြင်းငှာ မေတ္တာတရားကို ပွားလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ မေတ္တာမပွားရာသောပုဂ္ဂိုလ် ပွားရာသော ပုဂ္ဂိုလ် တို့ကိုလည်း ပိုင်းခြား၍ သိအပ်၏။

ရှေးဦးစွာ မေတ္တာမပွားထိုက်သူ ၄-ဦး

ဘယ်သို့ သိအပ်သနည်းဟူမူ–

၁။ မစုံမက်လှ မုန်းကြသော အပိုယပုဂ္ဂိုလ်၊

၂။ အလွန်ချစ်ကြသော ပိယပုဂ္ဂိုလ်၊

၃။ မမုန်းမချစ် လျစ်လျူသော တည်သော မဇ္ဈတ္တပုဂ္ဂိုလ်၊

၄။ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်–

ဤ ၄-ဦးသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မေတ္တာကို မပွားစေအပ်။

အသွင်မတူသော ပုဂ္ဂိုလ်တို့၌လည်း မေတ္တာကို မပွားစေအပ်။ အသွင် မတူသောသူ ဟူသည်ကား ယောကျ်ားသည် မိန်းမ၌, မိန်းမသည် ယောကျ်ား၌ မပွားစေအပ် ဟူလိုသည်။

http://www.dhammadownload.com

သေလေပြီးသော ပုဂ္ဂိုလ်တို့၌လည်း မပွားစေအပ်။ ဘယ့်ကြောင့်နည်း ဟူလျှင် မချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့အား ချစ်သောအရာ၌ ထားရခြင်း သည်လည်း ပင်ပန်း၏။

အလွန်ချစ်ခင်သော ပုဂ္ဂိုလ်တို့အား လျစ်လျူသောအရာ၌ ထားရခြင်း သည် ပင်ပန်း၏။

လျစ်လျူသော ပုဂ္ဂိုလ်ဘို့အား ဂရုအရာ၌ ထားရခြင်း, ဝေရီပုဂ္ဂိုလ် တို့အား ချစ်ခင်သော အရာ၌ ထားရခြင်းသည်လည်း ပင်ပန်း၏။ သမာဓိကို ဖြစ်စေခြင်းငှာ စွမ်းနိုင်ခဲ၏။ ထို ကြောင့် ဤ ၄-ဦးသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာမပွားရာသတည်း။

အသွင်မတူသော မိန်းမတို့အား ရှေးဦးစွာ မေတ္တာပွားမူ တပ်မက်စသော ရာဂတရား ဖြစ်ပေါ်တတ်၏။

သေလွန်ပြီးသော ပုဂ္ဂိုလ်တို့အား အာရုံပြုကာ ဓမ္မတာပွားမူ ပရိဒေဝ တရား ဖြစ်တတ်၏။ ထို့ကြောင့် ဤ ၂-ဦးသော ပုဂ္ဂိုလ်တို့အားလည်း ရှေးဦး စွာ မေတ္တာမပွားရာသတည်း။

ရှေးဦးစွာ မေတ္တာပွားထိုက်သူနှင့် မေတ္တာပွားပုံ

အဘယ်ပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာဖွားရာသနည်းဟူမူကား မိမိကိုယ်၌ ရှေးဦးစွာ ပွားစေအပ်၏။ ဘယ်သို့ပွားစေအပ်သနည်းဟူမူ-

အဟံ သုခီ ဟောမိ၊ အဟံ နိဒုက္ခော ဟောမိ၊ အဟံ အဝေရော ဟောမိ၊ အဟံ အဗျာပဇ္ဈော ဟောမိ၊ အဟံ အနီဃော ဟောမိ၊ အဟံ သုခီ အတ္တာနံ ပရိဟရော ဟောမိ။

ဟူ၍ ပွားစေအပ်၏။

မြန်မာဘာသာပြန်- ငါသည် ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသတည်း။ ငါသည် ဆင်းရဲခြင်းမှ ကင်းစေသတည်း။ ငါသည် ရန်သူအပေါင်း မကောင်း မှုအပေါင်းမှ ကင်းဖေသတည်း။ ငါသည် ပျက်စီးခြင်း, နှလုံးပင်ပန်းခြင်း, အမျက်ထွက်ခြင်းမှ ကင်းစေသတည်း။ ငါသည် ဥပဒ္ဒဝေါ အပေါင်းမှ ကင်း စေသတည်း။ ငါသည် ချမ်းသာဘိလျက် မိမိကိုယ်ကို ကောင်းစွာ ရှက်ဆောင် နိုင်စေသတည်း-ဟူလိုသည်။

ယင်းသို့ မိမိကိုယ်၌ အဖန်ဘာလဲလဲ ပွားစေအပ်သော မေတ္တာဖြင့် ဥပစာရ-သမာဓိ, အပ္ပနာသမာဓိတို့ကို ဆောင်နိုင်ပါအံ့လောဟူမူ မိမိကိုယ်ကိုသာလျှင်

http://www.dhammadownload.com

အနှစ်တရာ, အနှစ်တထောင် ပတ်လုံး ပွားစေအပ်သော မေတ္တာဖြင့် သမာဓိ နှစ်ပါးကို မဆောင်နိုင်ချေ။ ယင်းသို့ မဆောင်နိုင်လျက် ဘယ်အကျိုးရှိ၍ မိမိကိုယ်ကို ရှေးဦးစွာ ပွားရာသနည်းဟူမူ မိမိကိုယ်၌ ကိုအပ်ပြီးသော နည်းအားဖြင့် မေတ္တာပွားပြီးသော ပုဂ္ဂိုလ်အား ငါသည် ချမ်းသာခြင်းကို အလိုရှိသည်။ ဆင်းရဲခြင်းကို စက်ဆုပ်သည် အသက်ရှည်ခြင်းကို အလိုရှိသည် သေခြင်းကို အလိုမရှိ။

ငါကဲ့သို့ပင် တပါးသော သတ္တဝါတို့သည်လည်း ချမ်းသာခြင်းကို အလိုရှိကုန်၏။ ဆင်းရဲခြင်းမှ စက်ဆုပ်ကုန်၏ဟု မိမိကိုယ်ကို သက်သေထား၍ တပါးသော သတ္တဝါတို့၌ မေတ္တာစိတ် ဖြစ်လွယ်စိမ့်သောငှာ မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရာသတည်း။

ယင်းသို့ ပွားပြီးသည်၏ အခြားမဲ့၌ တပါးသူတို့ဘွင် အဘယ်သူကို ရှေးဦးစွာ ပွားရာသနည်းဟူမူ မိမိအား သင်ကြားပြုသော ဆရာ, ဩဝါဒပေးသော ဥပဇ္ဈာယ်ဖြစ်စေ, တိုဆရာဥပဇ္ဈာယ်မျှလောက်သော ပုဂ္ဂိုလ်ကို ဖြစ်စေ တဦးဦးသော ပုဂ္ဂိုလ်အား ရည်မှတ်သား၍ အလေးပြုအပ် ချီးမွမ်းအပ်သော ထိုဆရာ၏ သီလ, ပညာ, သမာဓိဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၍-

သေ ဧသော သပ္ပုရိသော၊ ဤသူတော်ကောင်းသည်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ နိဒုက္ခော၊ ဆင်းရဲမရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အဝေရော၊ ရန်မရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အဗျာပဇ္ဇော၊ ဝိုးရိမ်ကြောင့်ကြခြင်းမရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အနီဃော၊ ဘေးရန်မရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခီ၊ ချမ်းသာစွာ။ ပရိဟရတု၊ ရွက်ဆောင်နိုင်ပါစေသတည်း။ ဤသို့သော ပရိကံဖြင့် အဖန်တလဲလဲ ပွားစေအပ်၏။

ယင်းသို့သော ပုဂ္ဂိုလ်၌ ပွားစေသော မေတ္တာဖြင့် မကြာမြင့်မီပင် ဥပစာရသမာဓိ, အပွနာသမာဓိ တဆုးသည် ပြည့်စုံသည်သာ ဖြစ်၏။ ထိုသို့ ပြည့်စုံသော်လည်း ဤမျှဖြင့် ဆောင့်ရဲခြင်းကို မပြုမူ၍ မိမိကိုယ် ချစ်အပ်သော ပိယပုဂ္ဂိုလ်, မိမိကိုယ် မုန်းအပ်သော အပိယပုဂ္ဂိုလ်, မချစ်မမုန်း လျစ်လျူဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်, ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ် ဤ ၄-ယောက်တို့သည် အထူးအပြားမရှိ ထပ်တူမေတ္တာမျှသဖြင့် အပိုင်းအခြား မရှိခြင်းတည်းဟူသော သီမာသမ္ဘေဒ ကို ပြုခြင်းငှာ ဥပဇ္ဈာယ်ဆရာတို့၌ ပွားအပ်သော မေတ္တာဖြင့် အပွနာကို ရပြီးသည့်နောက်၌ အလွန်ချစ်ခင်အပ်သော ဆင်းရဲဖော်, ချမ်းသာဖက်ဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။

http://www.dhammadownload.com

ထို့နောက်မှ လျစ်လျူဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။
ထို့နောက်မှ ဆန့်ကျင်ဘက် ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။

ရန်သူ၌ မေတ္တာစိတ်ရောက်အောင် ဒေါသကို ပယ်ဖျောက်နည်းများ

(၁) ထိုပုဂ္ဂိုလ် ၃-ဦးတို့တွင် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူပုဂ္ဂိုလ်အား မိမိကိုယ်, ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ် တို့ကဲ့သို့ ကြည်ညိုစွာ မေတ္တာကို ပွားစေခြင်းငှာ ခဲယဉ်း၏။ ထိုရန်သူသည် ပြုအပ်သော အပြစ်ကို အဖန်တလဲလဲ အောက်မေ့မိလျက် အမျက်ထွက်ခြင်းတည်းဟူသော ပဋိဃသာ လျင်စွာ ဖြစ်ပေါ်တတ်၏။

ယင်းသို့ ပဋိဃဖြစ်လတ်သော် ယခင်ပိယ, မဇ္ဈတ္တ, ပုဂ္ဂိုလ်တို့၌ဖြစ်သော မေတ္တာစျာန်ကို အဖန်တလဲလဲ ဝင်စားပြီးလျှင် ရန်သူ၌ထင်လာသော အပြစ်အာဃာတ, ပဋိဃ ကို ဖျောက်အပ်၏။

(၂) ယင်းသို့ ဖျောက်ပါလျက် မငြိမ်းပဲဖြစ်ငြားအံ့။ ထိုသို့မငြိမ်းခဲ့သော် ဟယ်သူယုတ်–သင်သည် အပြစ်ဒေါသ ကြီးလှချေ၏တကား, သုံးလူဆရာ မြတ်စွာဘုရားသည် ဟောကြားဆုံးမခဲ့သည်မှာ–

ဘိက္ခဝေ၊ ရဟန်းတို့။ သြစရကာ၊ အကျင့်ညစ်ညမ်း ဆိုးသွမ်းကုန်သော။ စောရာ၊ခိုးသားတို့သည်။ ဥဘတော ဒဏ္ဍကေန၊ နှစ်ဘက်အရိုးတတ်သော။ကက-စေန၊သုံလွှဖြင့်။ အင်္ဂမင်္ဂါနိ။ခြေလက်စသော အင်္ဂါကြီးငယ် တို့ကို။စေပိ သြက္ကန္တေယျုံ၊ အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့။ တတြာပိ၊ ထိုသို့တိုက်ဖြတ်သော သူတို့၌လည်း။ ယော၊အကြင်သူသည်။ မနောပဒေါသေယျုံ၊ ဒေါသစိတ်ဖြင့်ပြစ်မှားငြားအံ့။တေန၊ထိုသို့ပြစ်မှားသဖြင့်၊ သော၊ထိုသူသည်။နမေ သာသနက-ရော၊ငါဘုရားဆုံးမတိုင်းလိုက်နာ၍ ကျင့်သောသူ မမည်ချေ။

ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်တတ်သောသူကို။ ပဋိကုဇ္ဈတိ၊ အတုံတဖန် ပြန်၍အမျက်ထွက်၏။သော၊ထိုသူသည်။ တေန၊ထိုအမျက်ကြောင့်။ တဿေဝ၊ထိုရှေးဦးစွာ အမျက်ထွက်သော သူ၏အောက်လည်း။ ပါပိယော၊ ယုတ်မာသည်မည်၏။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပဋိကုဇ္ဈန္တော၊ အမျက်တုံ့မမူသော သူသည်သာလျှင်။ဒုဇ္ဇယံ၊အောင်နိုင်ခဲ့သော။ သင်္ဂါမံ၊ဒေါသတည်းဟူသောစစ်မြေကို။ ဇေတိ၊အောင်သည်သာမည်၏။

ဤသို့သောစကားဖြင့် ဘုရားဆုံးမတော်မူသည်ဖြစ်လျက် အမျက်ကို မချုပ်မူ၍ ထိုသူ၌ ရန်ငြိုးထားခြင်းသည် ဘုရားဆုံးမတိုင်း မလိုက်နာသည်ဖြစ်ခဲ့ရာ၏။ ရှေးဦးတင်စ, ဒေါသမူသော ထိုသူအောက်လည်း သင်ယုတ်မာသည်ဖြစ်ရာ၏။ အောင်နိုင်ခဲ့သော စစ်မြေကို အောင်ပေနိုင်သော သူရဲကောင်းမမည်လေရာ

http://www.dhammadownload.com

စင်ကြယ်စွာကို အာမ္ပက်ရန်ငြိုးကို ဖျောက်လော ဟူ၍ မိမိကိုယ်ကို ဆိုဆုံးမသဖြင့် ပဋိညကို ဖျောက်အပ်၏။

(၃) ယင်းသို့ဖျောက်ပါလျက် ထိုအာမ္ပက်ပဋိညသည် မငြိမ်းနိုင်သည်ဖြစ်မူကား ထိုရန်သူဖြစ်သော သူ၏ ကိုယ်အကျင့်, နုတ်အကျင့်, နှလုံးအကျင့်ကို ထောင့်ချွင့်စဉ်းစား၍ တပါးပါးသော အကျင့်သည် ကြည်ညိုဖွယ်ရှိဘုံ၊ ထိုအကျင့်ကို အဖန်ဖန်နှလုံးမူ၍ ကျိုသူသည် ကျိုးကျင့်၌ ကောင်းမွန်ကြည်ညိုဖွယ်ရှိပေစွတကား၊ အနည်းငယ်မျှ မကောင်းသည်ကို အပြစ်ယူ၍ ရန်ပူခြင်းကို သင်မပြုအပ်ဟု နှလုံးသား၍ ဖြစ်ပွားသော ပဋိညကို ဖျောက်အပ်၏။

အကယ်၍ ရန်သူ၏အကျင့်သည် တခုခုမျှ ကြည်ညိုဖွယ်မရှိ ကြမ်းတမ်းရန ရင်းသည်သာ ဖြစ်အံ့။ ထိုသူအား သနားဖွယ် ရှိသည်၏ အဖြစ်ကို ဝိစစ်၍ ဖောင့်မေ့အပ်၏။

ကျိုသူသည် ယခုမူကား လူ့ဘဝည်၌ ကျင်လည်ပျော်ပါး၍ သူတထူးအား ပြစ်မှားရသေးသည်၊ စင်းစစ်သော်ကား ဘဝလားလျင် ရှင်ပါးမသားငရဲဘုံတွင် တစုံတခုသောငရဲ၌ဖြစ်၍ ဆင်းရဲကြီးစွာခံရလတံ့။ ယင် သို့ ငရဲဒုက္ခသောသူအား သနားထိုက်လှ၏ဟု ကရုဏာတရားကို ဖြစ်စေလျက် ထိုအာမ္ပက်ကို ဖျောက်အပ်၏။

(၄)ယင်းသို့ ဖျောက်ပါလျက် ထိုအာမ္ပက်ရန်ငြိုးသည် မငြိမ်းနိုင်သည်ဖြစ်မူကား ကျိုသို့ခသော ပရဒုက္ခဖမူအား ဖြင့် ပိုင်းခြားရှု၍ ဖျောက်အပ်၏။

ဓမ္မာနုံ၊ ပရမတ္ထဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့၏။ ခဏိကတ္တာ၊ ဥပါဒ်, ဌိ, ဘင် တည်းဟူသော ခဏနှင့်ယှဉ်သည် ၏အဖြစ်ကြောင့်။ ယေဟိ-ဓမ္မေဟိ၊ အကြင်မိုက်မဲသော ရုပ်နာမ်တရားတို့သည်။ တေ၊ သင်၏။ အမနသံ၊ မနှစ်လိုဖွယ်မသောအမှုကို။ ကတံ၊ ပြုအပ်၏။ တေ၊ ထိုပြုသော ရုပ်နာမ်ခန္ဓာတို့သည်။ နိဂ္ဂဟီ၊ ချုပ်လေကုန်ပြီ။ ဒါနိ၊ ယခု။ ဣဓ၊ ဤရန်သူသဏ္ဌာန်၌။ ကဿ၊ အဘယ်မည်သောခန္ဓာကို။ ကုဇ္ဈသိ၊ အမျက်ထွက်ပါအံ့နည်း။

ဤဒေသနာဖြင့် သင် ရန်သူမှာ်သော သင်္ဘာဝါသည် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်း ခဏနှင့်သာ ယှဉ်သည်။ အကြင်ရုပ်နာမ်ခန္ဓာတို့သည် သင်၏အကျိုးမဲ့ကို ပြု၏၊ထိုပြုသောခန္ဓာတို့သည် ချုပ်ဖလကုန်ပြီဖြစ်၍ ယခုမရှိခဲ့တကား။ အာယတနာအား သင် အမျက်ထွက်ပါအံ့နည်း။ ယခုဖြစ်ဆဲသော ခန္ဓာသည် သင်၏ အကျိုးမဲ့ကို ပြုသည်းဟုတ်ပေတကား၊ အကျိုးမဲ့မပြုသော ခန္ဓာကို သင် အမျက်မထွက်သင့်ပေဟု ဆုံးမ၍ ထိုပဋိညကို ဖျောက်အပ်၏။

(၅) ယင်းသို့ဖျောက်ပါလျက် အာမ္ပက်မငြိမ်းခဲ့မူကား ဝိဝိဓဒုက္ခ၊ ရန်သူ၏ဒုက္ခ၊ ကံသုံးလျင်ဖူစေရှိသော အဖြစ်ကို ဆင်ခြင်အပ်၏။ အဘယ်သို့

http://www.dhammadownload.com

ဆင်ခြင်အပ်သနည်းဟူမူအချင်းပညာရှိ၊သင်သည် ရန်သူအား အမျက်ထွက်၍ ဘယ်အကျိုး ရှိအံ့နည်း။ သင်၊ အမျက်ထွက်ခြင်းလျှင် အကြောင်းရှိသော မကောင်းမှုကံသည် သင်၏ အကျိုးမဲ့ကိုသာ ဆောင်လတ္တံ့ မဟုတ်လော။ သင်သည် ကံလျှင်ဥစ္စာရှိ၏။ကံ၏အမွေခံသာ ဖြစ်၏။ ကံသာလျှင် ဖြစ်ကြောင်း ရှိ၏။ ကံသာလျှင်ဆွေမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်လည်းလျောင်းရာဖြစ်၏။ အကြင်ကံကို သင်ပြုအံ့။ ထိုပြုသောကံ၏ အမွေခံသာ ဖြစ်လတ္တံ့။ ထို့ကြောင့် သူ့အား အမျက်ထွက်၍ဘယ်အမှု ပြီးစီးနိုင်လတ္တံ့နည်း။ သင်၏ အမျက်ထွက်သော မကောင်းမှုကံသည် ဘမ္မာသမ္မောဓိဆု, ပစ္စေကဗောဓိဆု, သာဝက-ဗောဓိဆုကိုဌင်း၊ ဗြဟ္မာအဖြစ်,သိကြားအဖြစ်ကိုဌင်း၊, ပဒေသရာဇ်, ဧကရာဇ်, စကြဝတေးစသည်တို့တွင် တပါးပါးသောစည်းစိမ်ကိုဌင်း၊ ပြီးစေနိုင်သည်မဟုတ်၊ စင်စစ်သော်ကား သင်၏ ဒေါသတရားသည် ချမ်းသာမှလျော့ပါး၍ စားကြွင်း စား၏အဖြစ် အဆင်းမလှသောအဖြစ်ကိုဌင်း, ငရဲ့တိရစ္ဆာန်တို့၌ကြီးစွာသော ဆင်းရဲကိုဌင်း ဖြစ်စေဘိရာသည်။

ဤအမျက်ထွက်သော သင်သည် လက်နှစ်ဘက်ဖြင့် ရဲရဲညီးသောမီးကြီး ခဲကို ကိုင်၍ သူတပါးအား ပစ်ဆတ်သော်ယောက်ျားသည် မိမိကိုယ်ကိုသာ ရှေး ဦးစွာ ထိုမီးလောင်သကဲ့သို့ဌင်း၊ မစင်ဖြင့်ကိုင်၍ ပစ်ဆတ်သောယောက်ျားသည် မိမိကိုယ်၌သာ ရှေးဦးစွာအနံ့မကောင်း လူးသကဲ့သို့ဌင်း သင်၏ကိုယ်၌သာ ရှေးဦးစွာ မကောင်းမှုကံသည် ကပ်နံ့လိမ်းမည်တကားဟု မိမိကိုယ်၏ကံသာ လျှင် ဥစ္စာရှိသောအဖြစ်ကို ဆင်ခြင်အပ်သတည်း။ ဤသို့ ဆင်ခြင်ပြီးမှ ရန်သူ ဖြစ်သော့သူ၏လည်း ကံသာလျှင် ဥစ္စာရှိသောအဖြစ်ကို ဤနည်းအတူ ကြံယူဆင် ခြင်လျက် အမျက်ထွက်ခြင်းဟူသော ဒေါသကို ငြိမ်းစေအပ်၏။

(၆) ယင်းသို့ ဆင်ခြင်ပါလျက် အမျက်ထွက်ခြင်းသည် မငြိမ်းပြန်မူကား ဘုရားသခင်၏ ရှေးအကျင့်တော်တည်းဟူသော ဂုဏ်ကို အာရုံစွဲ၍ အဖန် တလဲလဲ ဆင်ခြင်အပ်၏။ ဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ၊ အချင်းပညာရှိသင်၏ ဆရာ မြတ်စွာဘုရားသည် ဘုရားဖြစ်ကြောင်းကောင်းမှုပါရမီကို ဖြည့်သော် အခါ လေးသချေ်နှင့်ကမ္ဘာတသိန်းကြာအောင် များစွာသော ဇာတ်ဘဝတို့၌ ကိုယ်တော်ကို သေကြေပျက်စီးအောင်သတ်ဖြတ်ညှဉ်းဆဲသော ရန်သူ၌သော် လည်း စိတ်မျှဖြင့်ပြစ်မှားခြင်းကိုမပြု၊ သည်းခံတော် မူသည်တကား။ ဘယ်သို့ သည်းခံသနည်းဟူမူ–

သည်းခံပုံသာဝက—သီလဝမင်းဝတ္ထု

သီလဝဇာတ်၌ ဗာရာဏသီမင်း ဖြစ်သောအခါ မိပိ၏ မိဖုရား၌မှားယွင်းသော အမတ်သည် ခေါ်ဆောင် အပ်သည်ဖြစ်၍ ယူဇနာသုံးရာ ကျယ်သော တိုင်းနိုင်

http://www.dhammadownload.com

ငံကို ယူအံ့သောငှာ စစ်ဆင်လာသော ဥဇ္ဇေနီမင်းကို တားမြစ်၍ စစ်ထိုးခြင်းငှာ အားထုတ်ပါသော အမတ်တို့အား အခွင့်မပေးမူ၍ ရန်သူမင်း၏ လက်ဘဉ်းသို့ အခေါက်ခံသဖြင့် နိုင်ငံထီးနန်းနှင့်တကွ အပ်သည်ကိုလျက် ငဲ့ကွက်သနားခြင်းမရှိ အမတ်တထောင်နှင့်တကွ သူကောင်ပြစ်သော တစပြင်၌ လည်တိုင်အောင် မြုပ်ထားသော်လည်း စိတ်ပြစ်မှားခြင်းကို မပြုပဲ သည်းခံတော်မူသည်။

သူကောင်ကို စားမည်လာသော ခွေးတို့၏ မြေယက်ခြင်းကို ကြံဖန်အမှီပြု၍ အားထုတ်သဖြင့် အသက်ကို ရသည်ရှိသော် ဘီလူးနှစ်ဦး၏ အာနုဘော်ကြောင့် မိမိ၏ နန်းတော်တိုက်ခန်းသို့ ဆောက်လျင် ကျက်သရေရှိသော မင်းအိပ်ရာ၌ အိပ်နေသော ရန်သူမင်းကို ဖြင်၍မျှလည်း အမျက်မထွက် အချင်းချင်းသစ္စာပြု၍ ထိုရန်သူကိုပင်လျင် အဆွေခင်ပွန်းပြု၍ အညီအညွတ် ပေါင်းဖက်တော်မူသည်။

ခန္ဓိဝါဒီရသေ့ဝတ္ထု

ဆိုမှတပါး ခန္ဓိဝါဒီရသေ့ အဖြစ်၌လည်း ပညာမဲ့သော ကာသိကရာဇ်မင်းကသင်သည် ဘယ်အယူအာကျင့် ရှိသနည်းဟု မေး၍ ခန္ဓိအယူရှိသည်ဟု ဖြေလျင် အဆူးရှိသော သံကြိမ်လုံးဖြင့် ရိုက်နှက်၍ ခြေလက်တို့ကို ဖြတ်လည်း မင်းအား အမျက်မထွက်ပဲ သည်းခံတော်မူခဲ့လသည်။

စူဠဓမ္မပါလဝတ္ထု

ဤသီလဝဇာတ် , ခန္ဓိဝါဒီဇာတ်၌ သက်ရှယ်ရင့်ပြီး ပညာကြီးသည် ဖြစ်၍ သူတပါးနှိပ်စက်သော အမှုကိုမခု ရန်ငြိုးစိတ်မဆိုးပဲ သည်းခံနိုင်ခြင်းသည် အံ့ဖွယ်မရှိသေး။ စူဠဓမ္မပါလဇာတ်၌ ပက်လက်အိပ်တတ်ကာမျှ ငယ်လူသော သတိုးသားဖြစ်လျက် ခမည်းတော် မဟာပတာပမင်းသည် ပြင်းစွာ အမျက်ဝင်၍ အရှင်လတ်လတ် သူသတ်တို့ကိုစေ၍ လက်ခြေကို လိုးသော်လည်း ကြက်သီးဝှန်တက် အမျက်မပြန် သည်းခံ၍သာ နေတော်မူသည်။

ယင်းသို့ ခြေလက်ဖြတ်ကာမျှဖြင့် စိတ်က မရောင့်ရဲသေး၊ အဝသွေးအသားကို သောက်စားလိုသော ဘီလူးကဲ့သို့ ဟူးဟူးအမျက်ထွက်လှသော ပတာပ ခမည်းတော်သည် မယ်တော်မိခင်ကာ အရှင်မင်းကြီး မည်းချစ်ဖွယ် နုနယ်ဖွံ့ထွားသနားစရာ ဗာရာဏသီ မဟီတလ တိုင်းမဟာရန်း စိုးမြန်းမည့်သူ သက်တူမြေးသားတော်ခမမူပါလ၏ မွေးလှကြိုင်မြူး စွန့်ကူးနှံသာ ကောင်းစွာလိမ်းကျံလျက် အလှန်နုထွတ်သော လက်တို့ကို ဖြတ်လျက် ပစ်ခဲ့ကုန်ပြီ။ မဒီမသာ

http://www.dhammadownload.com

သို့ကြင်နာလျက် ငိုရှာခြင်းမျှမပြုဝံ့၊ တလွန့်လွန့်သာ ခံရှာပါသည်၊ ချမ်းသာ ပေးသင့်လှပါ၏ဟု တောင်းပန်ငိုယို ဆိုမည်တမ်းစဉ် ဦးခေါင်းကို ဖြတ်လောဟု သူသတ်တို့ကို စေဆိုသောခဏ၌ အချင်းဓမ္မပါလ ယခုအခါကား သင်၏စိတ်ကို နှိပ်ကွပ်ဆုံးမရာသော ကာလတည်း။

ခေါင်းဖြတ်ချေစေသော ခမည်းတော်၌ရင်း၊ ဖြတ်သော သူသတ်တို့၌ရင်း၊ ငိုမည်တမ်းသော မယ်တော်၌ရင်း၊ သင်၏ကိုယ်၌ရင်း၊ ဤသူ ၄-ဦးကို မထူးမပြားမခြားနားပဲသာ၊ မေတ္တာစိတ်ကို ဖြစ်စေလောဟု မြဲမြန်စွာ ဓိဋ္ဌာန်ခြင်းကို ပြုလျက် အမျက်မရှိပဲ သည်းခံတော်မူသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထု

ဤဓမ္မပါလဇာတ်၌လည်း လူဖြစ်၍သာ ကောင်းစွာ သည်းခံနိုင်သည်ကား ထူးခြား၍ အံ့ဖွယ်မရှိသေး။ တိရစ္ဆာန်အမျိုး တောင်ရိုးတောယံ ဆဒ္ဒန်ဆင်မင်းဖြစ်တော်မူသော ဘုရားလောင်းသည် သောနုတ္ထိုရ်မုဆိုးက ဆိပ်လူးမြားဖြင့် ငမ်းလယ်ချက်အောက်က ကျောပေါက်အောင် ပစ်သော်လည်း ထိုမုဆိုး၌ ရန်ငြိုးသိုထား ပြစ်မှားသော အာဃာတစိတ်ကို မဖြစ်စေမူ၍ တွင်း၌ အောင်းသော မုဆိုးကို နှာမောင်းဖြင့် ဆွဲယူပြီးလျှင် သင်မုဆိုးသည် ဘယ်အလို့ငှာ ငါ့ကိုမြားဖြင့် ပစ်ပါသနည်း ဘယ်သူစေခိုင်း၍ ပစ်သနည်းဟု မေး၏။

မုဆိုးကြီးကလည်း ကာသိကရာဇ်မင်း၏ မိဖုရားသုဘဒ္ဒါသည် ရောင်ခြောက်ဖြာတောက်ပသော စွယ်တော်ကို ယူ၍ ပေးရမည် ဆိုသောကြောင့် လာရကြောင်းကို လျှောက်ဆိုလျှင် ထိုမိဖုရား၏ နှလုံးကို ပြည့်စေလျက် ရောင်ခြောက်ထွေထွက်သော စွယ်တော်မြတ်ကို လွှဖြင့်တိုက်ဖြတ်၍ မုဆိုးအားပေးတော်မူလိုက်သည်။

မျောက်မင်းဝတ္ထု

ထိုမှတပါး တောဖျားမြိုင်တွင်း မျောက်မင်းအစစ် ဖြစ်တော်မူသော အခါ၌လည်း နက်စွာသော ချောက်ကြားမှ တုတ်ဆောင်၍ တောင်ထိပ်သို့တင်အပ်သော ပုဏ္ဏားယုတ်သည် မောပန်းလှ၍ တခဏအိပ်နေရာ၌ ဤမျောက်ကား လူစားကောင်းသော အစာဖြစ်သည်။ ငါလည်း ထမင်းမစားရ၍ မွတ်သိပ်လှ၏။ ဤမျောက်ကို သတ်၍ စားရသော် ယခုလည်းဝ၏၊ ကျန်သမျှအသားလည်း ခရီးသွားရာ၌ ရိက္ခာဖြစ်လတ္တံဟု ကြံလျက်၊ အစွန်းထက်သော ကျောက်ခဲဖြင့် ဦးခေါင်းကို ထုသော်လည်း ထိုသူယုတ်၌ မျက်ကြုတ်ထွက်မူ၍ မျက်ရည်ပြည့်သော မျက်စိဖြင့် ထိုသူယုတ်ကို ကြည့်လျက် အရှင်ပုဏ္ဏား ငါ့အားဘယ့်ကြောင့် ကြမ်းကြုတ်သောအမူကို ပြုရက်ဘိသနည်း၊ အချည်းသက်သက် မေတ္တာဆက်၍ သေကွက်မှ ကယ်ယူပါသော ငါသို့စဉ်၌ သင်ပြစ်မှားသည်ကား

http://www.dhammadownload.com

ထူးခြား၍ အံ့ဖွယ် ရှိလှ၏ဟု ဆိုပြီးလျှင် ထိုပုဏ္ဏားအား ခရီးမမှားအောင် ပိုဆောင်တော် မူလိုက်သေးသည်။

ယင်းသို့ အံ့ဖွယ်သရဲ လွန်ကဲသော သည်းခံခြင်းကို ပြုတော်မူ၍ တဆူသော ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားမြတ်စွာကို ဆရာဟု ညွှန်ပြသော သင်အား အမျက်ဒေါသကို ပွားစေသဖြင့် မသင့်မလျောက်ပတ်ချေတကားဟု ဆင်ခြင်လျက် အမျက်ဒေါသကို ဖျောက်ရာသတည်း။

(၇) ယင်းသို့ ဘုရားသခင်၏ ရှေးအကျင့်တော်ဂုဏ်ကို အာရုံပြု၍ အောက်မေ့ ဆင်ခြင်သော်လည်း မြင့်ရှည်စွာ ကာလပတ်လုံးဖြစ်သော ရန်ငြိုးအမျက်သည် မငြိမ်းနိုင်သည်ဖြစ်အံ့၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော အနမတဂ္ဂသုတ္တန်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့အပ်၏။ ဘယ်သို့ အောက်မေ့အပ်သနည်းဟူမူက :—

ချစ်သားရဟန်းတို့ အကြင်သတ္တဝါသည် အမိမဖြစ်ဘူး, အဖမဖြစ်ဘူး, အစ်ကို အစ်မ, နှစ်မသားသွီးဖြစ်ဘူး။ ဤသို့သော သတ္တဝါသည် ရလွယ်သည် မဟုတ် အလွန်ရခဲသည်သာတည်းဟူ၍ ဘုရားက ဟောတော်မူသောကြောင့် ရန်သူဖြစ်သော ဤသူသည် ရှေးဘဝ ဝါ့အမိဖြစ်၍ ဆယ်လပတ်လုံး ဝမ်းဖြင့် လွယ်လျက် ပွားသောအဝါလည်း လွန်စွာ ဒက်ဆုပ်ပွယ်သော ကျင်ကြီး ကျင်ငယ် အညစ်အကြေးတို့ကို စန္ဒကူးနံ့သာကဲ့သို့ မဒက်ဆုပ်ပဲ သုတ်သင်ဆေးကြောလျက် ရင်ထက်ပိုက်ဖျား ခါးဖြင့်ချီပိုး မညှိုးမပန်းရအောင် ကြဉ်းဆောင်မွေးမြူဘူးသည်တကား။

အဖဖြစ်၍ ချစ်ငွေကဲလျှံ ဝေးစွန်ရပ်ချား တပါးပြည်မှာ ဥစ္စာရကြောင်း ကုန်ရောင်းကုန်ဝယ် ယာလယ်ခုတ်ထွန် မှုဝန်မင်းရေး သေဘေးမုချ စစ်ဝရွှေဖျား သွားချ်ထမ်းပေ လှိုင်းရေကျယ်ပြော သင်္ဘောလှေစီး မြစ်ကြီးကူးခတ်ရအပ်သမျှ ရှာထရွှေငွေ ဆန်ရေစပါး ကျွဲနွား မြင်း, ဆင် ပုံယင် ကျွန်ကျေး သားမြေးဖို့သာ ရှာမှီးသဖြင့် ကြီးမြင့်စည်းစိမ် ရိပ်ငြိမ်ကြွယ်ဝအောင် မွေးခဲ့လှလေပြီတကား။

အစ်ကိုအစ်မ စသည် ဖြစ်၍လည်း ချစ်ခင်လေးမြတ်စွာ မေတ္တာပိယ, သက်ဝင်ကြလျက် နှစ်သက်ခွင်မြူး ကျေးဇူးဥပကာရ ပြုကြတူးပြီတကား။

ဤသို့ မြေကြီးမြင်းမိုရ် နှိုင်းမဆိုရ ကြီးလှကျေးဇူး အထူးတင်သည် မိခင်ဖချစ်, အစ်ကိုအစ်မ, နှစ်မသားချင်း, ဆွေရင်းမျိုးချာ, ဖြစ်ဘူးသူ၌ ငြူစူအမျက်မထွက်သင့်ချေ မွေးမေဖခင် သားချင်းသွင်သို့ ကြင်နာထိုက်လှသည် တကားဟု အဖန်တလဲလဲ အောက်မေ့လျက် အမျက်ဒေါသကို ငြိမ်းစေအပ်၏။

http://www.dhammadownload.com

မေတ္တာအကျိုး ၁၁-မျိုး

(၈) ယင်းသို့ ဆင်ခြင်လျက်, အမျက်မငြိမ်းသေးသည်ဖြစ်အံ့၊ မေတ္တာ၏ အကျိုးဆက်ကို ဆင်ခြင်အောက်မေ့အပ်၏။ ဘယ်သို့အောက်မေ့ အပ်သနည်း ဟူမူ အချင်းပညာရှိ ဘုရားမြတ်စွာသည် မေတ္တာ၏အကျိုးကို တဆယ့်တပါး ဟု ဟောတော်မူသည်မဟုတ်လော ဤမေတ္တာကို ကောင်းစွာ ပွားသောသူသည်-

၁။ ချမ်းသာစွာအိပ်ရခြင်း၊

၂။ ချမ်းသာစွာ နိုးရခြင်း၊

၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊

၄။ လူတို့၏ ချစ်ခင်ခြင်း၊

၅။ နတ်တို့၏ ချစ်ခင်ခြင်း၊

၆။ နတ်တို့ စောင့်ရှောက်ခြင်း၊

၇။ မီးတို့သည်၎င်း, အာဆိပ်သည်၎င်း, ဓားလက်နက်သည်၎င်း, မထိမပါးနိုင်ခြင်း

၈။ လျင်စွာ စိတ်၏တည်ကြည်ခြင်း၊

၉။ မျက်နှာအဆင်း ကြည်ညိုဖွယ်ရှိခြင်း၊

၁၀။ မတွေဝေပဲ သေရခြင်း၊

၁၁။ သေသည်၏ အခြားမဲ့၌ ဗြဟ္မာပြည်သို့ ရောက်ခြင်း-

တည်းဟူသော ဒီကျိုးတဆယ့်တပါးကို ခံစားရမည်ဟု ဟောတော်မူလျက် သင် အမျက်မငြိမ်းရှာ၍ မေတ္တာ မပွားသည်ဖြစ်အံ့၊ ဤအကျိုးတဆယ့်တဝကို မရသည်သာ ဖြစ်ရာ၏ဟု ဆင်ခြင်အောက်မေ့လျက် အမျက်ဒေါသကို ငြိမ်းစေအပ်၏။

၉။ ယင်းသို့ အောက်မေ့လျက် အမျက် မငြိမ်းပြန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် ဓာတ်ကိုဝေဖန်ခြင်းကို ပြုအပ်၏။ ဘယ်သို့ဝေဖန်အပ်သနည်းဟူမူ အချင်းပညာရှိ သင်သည် ရုန်သူဖြစ်သောသူအား အမျက်တွက်၏။ ထိုသူ၌ ဆံအစရှိသော ၃၂-ပါးသော အခြင်းအရာတို့သည် ရှိကုန်၏။ ထို ၃၂-ပါးတို့တွင် ဆံကိုတည်း အမျက်ထွက်သလော။ ထိုသို့မဟုတ် အမွေး, ခြေသည်း, လက်သည်း စသည်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။ ထိုမှတပါး ဆံ စသည်၌

http://www.dhammadownload.com

တည်သော ပထဝီဓာတ်ကိုတည်း အမျက်ထွက်သလော။ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။

ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာကိုဟူ၍ အမျက်တွက်သလော။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။

အာယတန ၁၂-ပါးတို့တွင် စက္ခာယတနကိုတည်း အမျက်ထွက်သလော။ သောတာယတနစသည်တို့ကွင် တပါးပါးကိုတည်း အမျက်ထွက်သလော။

ဓာတ် ၁၈-ပါးတို့တွင် စက္ခုဓာတ်ကိုတည်း အမျက်တွက်သလော။ ထိုသို့ မဟုတ် သောတခဲတ်စသည်ဘို့တွင် တပါးပါးကိုဝည်း အမျက်ထွက်သလောဟု ဓာတ်ကိုဝေဖန်ခြင်းကို ပြုအပ်၏။

ထိုသို့ ဓာတ်ကို ဝေဖန်သည်ရှိသော် ပုဒ်ဆောက်ဖျားဌ် မုံညင်းသီးသည် တည်ရာကို မရသကဲ့သို့ဂုင်း၊ ကောင်းကင်ဌ် ပန်းခိုင်ဆေးသည် တည်ရာကို မရသကဲ့သို့ဂုင်း၊ အမျက်ဒေါသသည် တည်ရာကို မရနိုင်သည်ဖြစ်၍ ငြိမ်းရာ၏။

(၁၀) ယင်းသို့ ဓာတ်ကို ဝေဖန်၍မျှ မငြိမ်းဆေးမူကား ပေးကမ်းဝေဖန်ခြင်းကို ပြုအပ်၏။ ဘယ်သို့ ပြုအပ်သနည်းဟူမူ မိမိ၏ပစ္စည်းကို ရန်သူဖြစ်သော သူအားပေးအပ်၏။ ရန်သူ၏ ပစ္စည်းကိုကား မိမိမယူအပ်။ အကယ်၍ ပစ္စည်းတို့ကို ယူပေမူကား ဤသူသည် ငါနှံဆားသော အနာဂါမိကဒါနဖွဲအိုးကို စောင့်ထိန်းပေသည်ဟု နှုးညှတ်အပ်၏။ ဤသို့ ပေးကမ်းဝေဖန်ခြင်းကို ပြုသည်ရှိသော် ထိုရန်သူပုဂ္ဂိုလ်ဌ် မိမိ၏ရန်ငြိုးသည် ငြိမ်းရာ၏။

ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဆင်ခြင်အောက်မေ့လျက် အမျက်ဒေါသကို ငြိမ်းစေပြီးသော ယောဂီပုဂ္ဂိုလ်အား ချစ်ခင်လေးမြတ်အပ်သော ဆရာစသော ပုဂ္ဂိုလ် အလွန်ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ် မချစ်မမုန်း လျစ်လျူ ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ် ဤသုံးယောက်တို့ဌ် တူမျှစွာသော မေတ္တာစိတ် ဖြစ်သကဲ့သို့ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ဌ်လည်း၊ ညီမျှစွာသော မေတ္တာစိတ် ဖြစ်သည်သာတည်း။

သီမာသမ္ဘေဒဖြစ်ပုံကို ပြခြင်း

ယင်းသို့ ညီမျှသော မေတ္တာကို များစွာ ပုံ့နှံ့စေသဖြင့် ဤပုဂ္ဂိုလ် ၄-ပါးတို့ဌ် အပိုင်းအခြားမရှိသောသီမာသမ္ဘေဒကို ပြုအပ်၏။ ဘယ်သို့ပြုအပ်သနည်းဟူမူ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ချစ်သောပုဂ္ဂိုလ်, လျစ်လျူဖြစ်သောပုဂ္ဂိုလ်, ရန်သူဖြစ်သောပုဂ္ဂိုလ်တို့နှင့်တကွ နေကြစဉ် ခိုးသူ

http://www.dhammadownload.com

တို့သည် လာ၍ ငါ့အား တယောက်တယောက်သောသူကို ပေးလော၊ ထိုသူ၏ လည်ချောင်းသွေးကို ယူ၍ နတ်စာပြုလိုသည်ဟု အာဏာယ်၍ ဆိုငြားအံ့။ ထိုသို့ ဆိုမူ ဤသူကို ယုပါဟု ငါပေးမည်ဟူ၍ စိတ်အကြံဖြစ်ငြားအံ့။ သိမသမ္ဗေဒ မဖြစ်သေး။ အာဏာယ်၍ ငါ့ကိုသာ ယူလော့၊ ဤသူသုံးယောက်ကို မယူလင့်ဟု စိတ်အကြံဖြစ်ငြားအံ့။ တိုသို့ဖြစ်သော်လည်း သိမသမ္ဗေဒ မဖြစ်သေးပေ။

အကြင်အခါ၌ကား မိမိကိုယ်ချစ်သောသူ, လျစ်လျူဖြစ်သောသူ, ရန်သူဖြစ်သောသူတို့၌ မထူးမခြား မေတ္တာသည် ပွားရ၍ ခိုးသူတို့အား တယောက်မျှ ပေးထိုက်သောသူကို မမြင်၊ ထိုအခါ၌လျှင် သိမသမ္ဗေဒသည် ဖြစ်၏။

ထိုသို့ဖြစ်သောမေတ္တာစိတ်နှင့် တပြိုင်နက်ပင် နိမိတ်သည်းခြင်း၊ ဥပစာရသမာဓိသည်ဎင်း ဖြစ်၏။ ထိုသို့ သိမသမ္ဗေဒကို ပြုပြီးသော် နိမိတ်ကို အဖန်တလဲလဲ မှီဝဲပွားစေသော ယောဂိပုဂ္ဂိုလ်အား မငြိုငြင်သဖြင့်သာ အပ္ပနာသမာဓိသို့ ရောက်သည်ဖြစ်၍ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့ကို ရသည်သာလျှင် ဖြစ်၏။

ထိုသို့ စျာန်ရသော ပုဂ္ဂိုလ်သည်သာလျှင် ငါးရာနှစ်ဆယ်ရှစ်ပါးသော မေတ္တာအပ္ပနာတို့တွင် တပါးပါး၏အစွမ်းဖြင့် သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာပြန့်စေလျက် စျာန်ကို ဝင်စားအပ်၏။

ငါးရာနှစ်ဆယ်ရှစ်ပါးဟူသော်ကား ပဋိသမ္ဘိဒါမဂ်၌ လာသောနည်းအားဖြင့် သဗ္ဗဖရဏာမေတ္တာ ၄၈-ပါး၊ ဒိသာဖရဏာမေတ္တာ ၄၈၀၊ ဤငါးရာနှစ်ဆယ် ရှစ်ပါးတို့တည်း။

ဤကား မေတ္တာပွားထုံသော နည်းတည်း။

၄၃၇-ကရဏာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

ကရဏာဟူသော ဗြဟ္မဝိဟာရတရားကို စီးဖြန်းအားထုတ်လိုသော ပုဂ္ဂိုလ်သည် သတ္တဝါတို့အား သနားကင်းခြင်း၌အပြစ်ကိုဎင်း၊ သနားခြင်း၌ အကျိုးကိုဎင်း အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ ဘယ်သို့ ဆင်ခြင်အပ်သနည်း ဟူမူကား-

ယော သတ္တော ဇိဝိတာဝေါရောပနေန ဝါ အင်္ဂပစ္စင်္ဂဆေဒနေန ဝါ ဓနဇာနိယာ ဝါ အလာဘာယ ဝါ အဝါသာယ ဝါ အနတ္ထာယ ဝါ အယသးတ္ထာယ ဝါ ပရိသံသက္ကနေန ဝါ အန္တိမသော ယထာဝဇ္ဇဒဿနေနပိ ဝိဟေဌေတိ၊ တဿ သေသော ပမာဒဝိဟာရော ဒိဋ္ဌေဝ ဓမ္မေ အလာဘာယပိ ဒုဗ္ဘာတိ၊ လဒ္ဓဿ ပရိဟာနာယပိ ဟောတိ၊ တန္နိမိတ္တံ ပါပကော ကိတ္တိ-

http://www.dhammadownload.com

သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အဝိသာရဒေါ ပရိသံ ဥပသက်မတိ မက်ုဘူတော၊ သမ္မူဠ္ဌော ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ဒုဂ္ဂတိ ပါဋိကခ်ါ၊ သုဂတိယမ္ပိ မနုဿဘူတော ဒုဇ္ဇစ္စောပိ ဟောတိ နိစကုလိကော၊ ဒုဗ္ဗဏ္ဏောပိ ဟောတိ ဒုဒ္ဒသိကော၊ ဗဟ္ဟာဗာဓောပိ ဟောတိ ရောဂ-ဗဟုလော၊ ဒုဂ္ဂတောပိ ဟောတိ အပ္ပန္နပါနော၊ အပ္ပါယုကောပိ ဟောတိ ပရိတ္တဇီဝိတော။

(ဝိသုဒ္ဓိမဂ်ဋီကာ ၁- နှာ-၃၇၀-၁။)

ယော၊ အကြင်သူသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဇီဝိတာ၊ ဇီဝိဘိန္ဒေမှ။ ဝေါရောပနေန ဝါ၊ ချုခြင်းဖြင့်၎င်း။ အင်္ဂပစ္စင်္ဂစ္ဆေဒနေန ဝါ၊ အင်္ဂါကြီးငယ်တို့ ဖြတ်ခြင်းဖြင့်၎င်း။ ဓနဇာနိယာဝါ၊ ဥစ္စာစည်းစိမ် ဆုံးရှုံးစေခြင်းငှာ၎င်း။ အလာ-ဘာယ ဝါ၊ လာဘ်မရစိမ့်သောငှာ၎င်း။ အဝါသာယ ဝါ၊ နေမြဲနေရာ၌ မနေစိမ့်သောငှာ၎င်း။ အနတ္ထာယဝါ၊ အကျိုးမဲ့ဖြစ်စေခြင်းငှာ၎င်း။ အယသတ္ထာယ ဝါ၊ အကျော်အစောမရှိစိမ့်သောငှာ၎င်း။ ပရိသံသက္ကနေန ဝါ၊ လုံ့လပြုသဖြင့်၎င်း။ အန္တမသော၊ အယုတ်သဖြင့်။ ယထာဝဇ္ဇဒဿနေနပိ၊ အပြစ်အားလျော်စွာ ဘေးကိုပြသဖြင့်လည်း။ ဝိဟေဌေတိ၊ နှိပ်စက်ညှဉ်းဆဲ၏။ ဟဿ၊ ထိုပုဂ္ဂိုလ်၏။ သော ပမာဒဝိဟာရော၊ ထိုသို့မေ့လျော့သောအားဖြင့် နေခြင်းသည်။ ဒိဋ္ဌေဝ-ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်။ အလာဘာယ ဝါ၊ လာဘ်မရခြင်းငှာ၎င်း။ ဟောတိ၊ ဖြစ်၏။ လဒ္ဓဿ၊ ရပြီးသောလာဘ်၏။ ပရိဟာနာ ယပိ၊ ကုန်ခန်းခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။တန္နိမိတ္တံ၊ ထိုသတ္တဝါတို့ကို ညှဉ်းဆဲ နှိပ်စက်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ပါပကော၊ ယုတ်မာ သော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ အဝိသာရဒေါ၊ မရဲရင့်သည်ဖြစ်၍။ မက်ုဘူတော၊ မျက်နှာမလှသည်ဖြစ်၍။ ပရိသံ၊ ပရိသတ် ၄-ပါးသို့။ ဥပသက်မတိ၊ ကပ်ရ၏။ သမ္မူဠ္ဌော၊ တွေဝေလျက်။ ကာလံ ကရောတိ၊ သေရ၏။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာပျက်သည်မှနောက်၌။ ဒုဂ္ဂတိ၊ မကောင်းသောဘဝကို။ ပါဋိကခ်ါ၊ အလိုရှိအပ်၏။ သုဂတိယံ၊ သုဂတိ ဘုံ၌။ မနုဿဘူတောပိ၊ လူဖြစ်သော်လည်း။ ဒုဇ္ဇစ္စောပိ၊ မကောင်းသော အမျိုး ရှိသည်၎င်း။ နိစကုလိကော၊ ယုတ်နိမ့်သော အမျိုးရှိသည်၎င်း။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗဏ္ဏောပိ၊ မကောင်းသောအဆင်းရှိသည်၎င်း။ ဒုဒ္ဒသိကော၊ ရှုဖွယ် မလှသည်၎င်း။ ဟောတိ၊ ဖြစ်၏။ ဗဟ္ဟာဗာဓောပိ၊ များသောအနာရှိသည် လည်း။ ဟောတိ၊ဖြစ်၏။ ရောဂဗဟုလောပိ၊ ရောဂါများသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဒုဂ္ဂတောပိ၊ ဆင်းရဲငြိုငြင်သည်၎င်း။ အပ္ပန္နပါနောပိ၊ နည်းသောအစာ

http://www.dhammadownload.com

အာဟာရ ရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။ အပ္ပါယုကောပိ၊ နည်းသောအသက်ရှိသည်ရင်း။ ပရိတ္တဇီဝိတောပိ၊ တိုသောအသက်ရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောပြသောဒေသနာဖြင့် ကရုဏာကင်းခြင်း၌ အပြစ်ကို ဆင်ခြင်အောက်မေ့လျက် သနားတက်သောသူ၏ အကျိုးကို ဆိုအပ်ပြီးသည်မှ ပြန်သောအားဖြင့် ဆင်ခြင်အောက်မေ့အပ်၏။

ရှေးဦးစွာ ကရုဏာမပွားထိုက်သူ ၆-ဦး

ယင်းသို့ အကျိုးအပြစ်ကို အောက်မေ့ပြီး ကရုဏာတရားကို ပွားစေအပ်၏။ ပွားရာသော ပုဂ္ဂိုလ်သည်လည်း ချစ်ခင်လေးမြတ်အပ်သော ဆရာမိဘစသော ပိယပုဂ္ဂိုလ် မုန်းထားအပ်သော အပ္ပိယပုဂ္ဂိုလ် ဆင်းရဲဖော် ချမ်းသာဖက်ဖြစ်သော အတိပိယပုဂ္ဂိုလ်, မမုန်းမချစ် လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်, ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်, လိင်္ဂဝိသဘာဂပုဂ္ဂိုလ်, ဤ ၆-ဦးသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာကရုဏာကို မပွားစေအပ်။ ဘယ့်ကြောင့်နည်းဟူမူ ဤပုဂ္ဂိုလ် ၆-ယောက်တို့သည် သနားအပ်သောအရာ၌ မတည်လေသောကြောင့်တည်း။

ရှေးဦးစွာကရုဏာပွားထိုက်သူ

တစုံတယောက်သော သနားဖွယ်ရှိသော ဆင်းရဲပင်ပန်းစွာ စားရာမဲ့ ဝတ်ရာမဲ့ဖြစ်လျက် ခွက်သက်စွဲရသောသူကိုရင်း။ လက်ခြေပြတ်ပျက်သဖြင့် စက်ဆုပ်ရွံရှာဖွယ်သို့ ဆောက်သောသူသည် ဇရပ်တန်ဆောင်း လမ်းကြောင်းအပါး၌ နေသည်ကိုရင်း မြင်လျှင် ဤသူကား အလွန်ဆင်းရဲဌိုငြင်ခြင်းဖြင့် နှိပ်စက်လှ၏တကား၊ အကယ်၍ ဤသူသည် ဤဆင်းရဲမှ လွတ်ပါမူကား ကောင်းလေစွဟု နှစ်လုံးပြု၍ –

ဣမိနာ ဒုက္ခာ ပမုဥ္ဇန္တု, ဣမိနာ ဒုက္ခာ ပမုဥ္ဇန္တု–ဟု အဖန်တလဲလဲ စီးဖြန်းခြင်းကို ပြုအပ်၏။

ထိုသို့သဘောရှိသော ဒုက္ခိတကို မတွေ့မြင်မူကား ချမ်းသာသောသူပင်ဖြစ်သော်လည်း မကောင်းမှုကို ပြုလေ့ရှိသောသူအား ဤသို့ သနားအပ်၏။ ခိုးထုပ်နှင့်တကွမိသော ခိုးသူကို စိုးမင်းသူသတ်တို့သည် သတ်ချေစေသည်ဖြင့် ကြိုးနှောင်ဖွဲ့၍ ဒဏ်ခတ်ခြင်းကိုပြုလျက် သတ်ရာသခ်ျိုင်းသို့ ဆောင်လေသော် ထိုသသူအား မြို့ရွာလူများတို့သည် သနားကြ၍ ဘောဇဉ်ခဲဖွယ်ကို ပေးကြကုန်၏။ ထိုခိုးသူသည် လူတို့ပေးကြသော ဘောဇဉ်ခဲဖွယ်တို့ကို ရသော်လည်း သုခသမ္ပတ္တိရှိသည်ဟု မထင်၊ ဤသူ မကြာခင်သေရလတ္တံ့-ဖဝါးတလှမ်းထက် တလှမ်းသည် သေခန်းနှင့်နီးသည်သာဖြစ်၏ဟု ပြည်သူတကာ လွန်စွာ သနားကြသကဲ့သို့ ထို့အတူ ဤမကောင်းမှုပြုသောသူသည် ယခုမူကား ချမ်း

http://www.dhammadownload.com

သာစွာ စည်းစိမ်ကို ခံစားရသေး၏။ များမကြာမီပင် ဝိညာဉ်ကင်း၍ သေခြင်း သို့ရောက်သဖြင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၏ချာ၌ ကြီးစွာသောဆင်းရဲကို ခံစား ရလတ္တံ့သတည်းဟု ထိုသူ၌ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။

ထိုယောဂီသည် ဤသို့ပြဲ့သော ဒုဂ္ဂတပုဂ္ဂိုလ်တို့၌ အဖန်တလဲလဲ ကရုဏာ ကို ပွားစေသဖြင့် ဥပစာရသမာဓိမှသည် အပွနာသို့ ရောက်၏။ ယင်းသို့ ရောက် သော်လည်း ဤမျှတည်းဖြင့် ရောင့်ရဲခြင်းကို မဖြစ်စေမူ၍ မေတ္တာဗြဟ္မဝိဟာရ၌ ပြအပ်ပြီးသည်နှင့်အတူ သိမာသမ္ဆေဒကိုပြုခြင်းငှာ ပိယ, အတိပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်တို့၌လည်း, အစဉ်အတိုင်း ကရုဏာကို ပွားစေအပ်၏။ ဤသို့ အဖန်တလဲ လဲ ပွားစေသဖြင့် မိမိ၌ရင်း, ချစ်အပ်သောသူ, လျစ်လျူဖြစ်သောသူ, ရန်သူ ဖြစ်သောသူ ဤသူ ၄-ဦးတို့၌ အထူးအပြားမရှိ သိမာသမ္ဆေဒ ဖြစ်၍နိမိတ်သည် ၎င်း ဥပစာရသမာဓိ, အပွနာသမာဓိသည်၎င်း ဖြစ်လတ်သည်ရှိသော် ထိုနိမိတ်ကို ပွားစေသဖြင့် အစဉ်အတိုင်း ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်တို့ကို ရသည်သာလျှင် ဖြစ်ကုန်၏။

ထိုကရုဏာဟူသော ဗြဟ္မဝိဟာရဖြင့် စျာန်ရပြီးသော ပုဂ္ဂိုလ်သည် ထိုစျာန် ကို ပွားစေသဖြင့် အနောဒိဿ ကရုဏာငါးပါး, ဩဒိဿ ကရုဏာ ၇-ပါး၊ သဗ္ဗဖရဏကရုဏာ ၁၂-ပါး ဒိသာဖရဏကရုဏာ ၁၂၀-အားဖြင့် ၁၃၂-ပါးသော ကရုဏာတို့ကို ပျံ့စေလျက် စျာန်ကို ဝင်စားအပ်၏။

အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား ရှေးဦးစွာ ဝေရီပုဂ္ဂိုလ်အား သနားအပ်၏။ ထို့နောက်မှ ဒုဂ္ဂတပုဂ္ဂိုလ်, ထို့နောက်မှ ပိယပုဂ္ဂိုလ်, ထို့နောက်မှ မိမိကိုယ်ကို သနားအပ်၏ဟူ၍ ဆိုသည်။

ထိုစကားသည် သော ဒုဂ္ဂတံ ဒုရှုပေတံ ဟူသော ဝိဘင်းပါဋ္ဌိတော်နှင့်မညီ။ ဤကား ကရုဏာပွားခြင်း၌ နည်းအမြွက်တည်း။

၄၃၈-မုဒိတာ ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

မုဒိတာကိုပွားစေသော ပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ အတိပိယပုဂ္ဂိုလ်, ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်တို့၌ မပွားအပ်။

သောဏ္ဍသဟာယ တို့၌သာ ပွားအပ်၏ဟူ၍ အဋ္ဌကထာ ဆိုသောကြောင့် အကြင်မိတ်ဆွေသည် တွေ့မြင်သောအခါ ရှင်ပြသောမျက်နှာဖြင့် ကောင်းစွာ မေးမြန်း နှုတ်ခွန်းဆက်ခြင်းကို ပြု၏။ စည်းစိမ်ဥစ္စာဖြင့်လည်း ချမ်းသာခြင်းသို့ ရောက်၏။ ဒုစရိုက်မနားပဲ သုစရိုက်တရားတို့၌သာ ပျော်ပါးလေ့ရှိ၏။ ထိုမိတ် ဆွေအား ရည်မှတ်သား၍–

http://www.dhammadownload.com

အယံ သတ္တော၊ ဤသတ္တဝါသည်။-အဟော သာဓု၊ ဩဒြ်ကောင်းစွာ၏။ အဟော သုဋ္ဌု၊ ဩဒြ်-ချမ်းသာစွာ၏-

ဟူ၍ ပရိဂ်ုံပြုအပ်၏။ ထို့နောက်မှ ပိယပုဂ္ဂိုလ်အား, ထို့နောက်မှ မဇ္ဈတ္တ, ဝေရီ စသောသတ္တဝါခပ်သိမ်းတို့အားလည်း မုဒိတာ တရားဖြင့် နှံစေရာ၏။

ဤကိုရည်၍ ဝိဘင်းပါဠိတော်၌-

သေယျထာပိ နာမ ဧကံ ပုဂ္ဂလံ ပိယံ မနာပံ ဒိဿာ,မုဒိကော အဿ၊ ဧဝမေဝ သဗ္ဗသတ္တေ မုဒိတာယ ဖရတိ-

ဟူ၍ ဟောတော်မူသည်။ ဤသို့လျှင် သဟာယပုဂ္ဂိုလ်, ပိယ-ပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်, မိမိကိုယ် ဟူသော ပုဂ္ဂိုလ် ၄-ပါး-တို့၌ တူမျှသောစိတ်ကို ထားသဖြင့် အပိုင်းအခြားမရှိပဲ အဖန်ဖန်လဲလဲ ဝမ်းမြောက်သာမုဒိတာသည် မေတ္တာဝဘာဝနာ၌ကဲ့သို့ ၄-ပါးသော ဈာန်နှင့်ယှဉ်သော အပ္ပနာဇောတို့သည် အာဒိကံ၊ ဒုတိယံ စသော အစဉ်အတိုင်း ဖြစ်ကုန်၏။

ဤကဲ့သို့ မုဒိတာပွားခြင်း၌ နည်းအမြွက်တည်း။

၄၃၉-ဥပေက္ခာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

ဥပေက္ခာကို ပွားလိုသောပုဂ္ဂိုလ်သည် မေတ္တာဘာဝနာရှိသော သမထ၄-ပါး တို့တွင် တပါးပါးဖြင့်ရအပ်သော ဈာန် ၃-ရပ်ဘဲဖြစ်သော် မိမိရအပ်သော တတိယဈာန်မှထ၍ ၎ါဒိသော တတိယဈာန်သည် ချစ်ခြင်း, မုန်းခြင်း၏ အနီး၌ဖြစ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့် ဈာန်အင်္ဂါသည် ရုန့်ရင်းလှုပ်ရှားခြင်းစသော ဈာန်၌ အပြစ်ကို ရှု၍ ဥပေက္ခာ၏ အာနိသင်ကို ခင်မင်ပြီးလျှင် အကြင် မဇ္ဈတ္တပုဂ္ဂိုလ်တို့အား ခင်မင်ခြင်း, သနားခြင်း, ဝမ်းမြောက်ခြင်း မရှိသော အဖြစ်သည် အလွန်ငြိမ်သက်၏။ ဤ အတူသာ ပိယပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ် စသော သတ္တဝါ ခပ်သိမ်းတို့အား လျစ်လျူရှုအံ့ဟု နှလုံးသွင်းရာ၏။

ဤကို ရည်၍ ဝိဘင်းပါဠိတော်၌-

သေယျထာပိ နာမ ဧကံပုဂ္ဂလံ နေဝ မနာပံ နာ အမနာပံ ဒိဿာ ဥပေက္ခကော အဿ၊ ဧဝမေဝ သဗ္ဗသတ္တေ ဥပေက္ခာယ ဖရတိ-

ဟူ၍ ဟောတော်မူသည်။

ဤသို့လျှင် ဝေရီ,ပိယ, သဟာယပုဂ္ဂိုလ်, မိမိကိုယ်၌လည်း မဇ္ဈတ္တပုဂ္ဂိုလ်နှင့် ထပ်တူထားသဖြင့် အပိုင်းအခြားမရှိဟူ၍ လျစ်လျူရှုခြင်းဟူသော ဥပေက္ခာကို

http://www.dhammadownload.com

ဖန်လဲများစွာ ပွားစေသဲပုဂ္ဂိုလ်အဲး စတုတ္ထစျာန်ဟူသော အပ္ပနာတရားသည် ဖြစ်လေသတည်း။ (ဤအား ဥပက္ခာကို ပွဲသဲခြင်းဌိနည်.အမြွက်တည်း။)

ဥပေက္ခာကမ္မဋ္ဌာန်းဖြင့် ပုဂ္ဂိုလ်တိုင်း စျာန်ဧရနိုင်

ပဆဒီ ကသိဏ်းစသည်ကို ဂီးဖြန်းချိုရအပ်သော တတိယစျာန်ရှိသော ပုဂ္ဂိုလ်အား ဤဥပေက္ခာဝေဒနာဖြင့် စတုတ္ထစျာန် ဖြစ်ပါဒဲ့လော – ဟူငြားဒဲ့ မဖြစ်။ ဘယ့်ကြောင့်နည်းဟူမူ အာရုံသဘောမဘူသည်၏ အဖြစ်ကြောင့်တည်း။

မေတ္တာ အစရှိသော ဗြဟ္မဝိဟာရ ၃-ပါး ရဒးအ်သော တတိယစျာန်ရှိသော သူအားသာလျှင် အာမုံသဘောတူသည်၏ အဖြစ်ကြောင့် ဖြစ်သတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌-

> မေတ္တာဒီသု ဥပ္ပန္နတတိယစျာနသော ဥပဓိတို အာဘုမ္မတသဘာဂ-
> တာယတာတ။

ဟူ၍ မိန့်သည်။ ပဆဒီကသိဏ်းစသော ကမ္မဋ္ဌာန်းတို့ကို ဗီးဖြန်းရန် ပရိဟံနည်းကို ဝိထိလက်ရိုးတို့၌ပင် ထင်ရှားလှသောကြောင့် မဟုတ်လိုက်ပြီ။

၄၄၀-စျာန်ကို မရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး

မေး။ ။ဘုဒ္ဓါနုဿတိ၊ အစရှိသား၊ ရှစ်ပါးတကွ၊ ကသည်၊ ဝဝတ္ထာန်သည့် စျာန်ရ၏လော, မရလော။

ဖြေ။ ။ဘုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမိဇ္ဈတိ။ နတ္ထိ အပ္ပနာ—

ဟူ၍ လက်သန်းအဋ္ဌကထာ၌ လာသောကြောင့် ဤငယ်ပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် အပ္ပနာစျာန်ကို မရ, ဥပစာရဘာဝနာမျှ၌သာ တည်၏ဟူပေ။ အဘယ့်ကြောင့် စျာန်ကို မရသနည်းဟူမူ—

> ဘုဒ္ဓဂုဏာဒီနံ ပရမတ္ထဘာဝတော အနေကဝိတ္တာ ဧကဿာပိ
> ဂမ္ဘီရဘာဝတော၊ ဘုဒ္ဓါနုဿတိအာဒီသု ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာ-
> ဝသေန ပတိဋ္ဌာတုံ အသက္ကုဏေယျတ္တာ၊ အပ္ပနာဘာဝံ အပတ္တာ၊
> သမာဓိ ဥပစာရဘာဝေနေဝ ပတိဋ္ဌာတိ-

ဟူသော ဋီကာနှင့်အညီ ဘုရားဂုဏ်စသည်တို့၏ ပရမတ္ထသဘောဖြစ်သည့်၏ အဖြစ်ကြောင့်ရင်း, များသော အပြားရှိသည်၏ အဖြစ်ကြောင့်ရင်း တခုခု

http://www.dhammadownload.com

သောဂုဏ်၏လည်း အလွန်နက်နဲသည်၏ အဖြစ်ကြောင့်၎င်း ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းဆယ်ပါးတို့၏ အပွနာ၏အစွမ်းဖြင့် သမာဓိတရား၏တည်ရာမဖြစ်နိုင်သောကြောင့် အပွနာသို့ မရောက်မူ၍ ဥပစာရသမာဓိ၌သာ တည်၏ ဟူပေ။

၄၄၁-ကသိုဏ်းကိုရှုရာ စက္ခုဒ္ဓါ မနုနှစ်ဒွါရဖြင့် ရှုခြင်း

မေး။ ။ဗျာန်ကိုရမှု၊ကသိုဏ်းရှုသော်၊ဖြစ်မှုအစ၊ဘယ်ဒွါရဖြင့် ယူသနည်း။

ပရိကမ္မ၊ ရသည်အဟုတ်၊ ဥဂ္ဂဟနိမိတ်၊ အရိပ်ထင်ကာ၊ ဇောစိတ်မှာ ဘယ်ဒွါရသို့ ရောက်သနည်း။

ဖြေ။ ။ကသိုဏ်းဝန်းကိုရှု၍ ပထဝီ, ပထဝီစသည်ဖြင့် စီးဖြန်းစသော ပရိကမ္မဘာဝနာ၌ စက္ခုဒွါရဖြင့်ရှု၍ တဒနုဝတ္တက မနောဒွါရဖြင့် ယူသည်။ ရှုဖန်များ၍ မျက်စိဖြင့် မြင်သကဲ့သို့ မနောဒွါရ၌ ထင်သောအခါ မနောဒွါရဖြင့်သာ ယူသည်။ စိတ်လည်း မနောဒွါရိကဇောစိတ်ဖြစ်သည် ဟူပေ။

၄၄၂-ပဋိဘာဂနိမိတ်ထင်ရာ ဥပစာရ ဘာဝနာသာဖြစ်ခြင်း

မေး။ ။ပညတ်မည်ရှိ၊ ပဋိဘာဂ၊ နိမိတ်ရသော်၊ ဖြူဆွဘာဝနာ၊ သုံးပါးမှာ၊ ဘယ်ဘာဝနာဖြစ်သနည်း။

ဖြေ။ ။ဘာဝနာယ ပဋိသခ်ါရကမ္မဘူဘာ အာဒိကမ္မဘူတာ ဝါ ပုဗ္ဗဘာဂဘာဝနာ ပရိကမ္မဘာဝနာ နာမ။

နီဝရဏဝိကွမ္ဘနတော ပဋ္ဌာယ ဂေါတြဘုပရိယောသာနာ ကာမာဝစရဘာဝနာ ဥပစာရဘာဝနာ နာမ။

အပွနာယ သမီပစာရိတ္တာ ဂါမူပစာရာဒယော ဝိယ။ မဟဂ္ဂတဘာဝပွတ္တာ အပွနာဘာဝနာ နာမ။ အပွနာသခ်ါတဝိတက္ကပမုခတ္တာ—

ဟူသော ဋီကာနှင့် အညီ အပွနာဘာဝနာကို ပြုပြင်တတ်သော အစစ္စာဖြစ်သော ဝါ-ရှေးဦးစွာဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။

နီဝရဏဝါးဖြာကို ခွာသည်မှစ၍ ဂေါတြဘူအဆုံးရှိသော ကာမာဝစရဘာဝနာသည် အပွနာ၏အနီး၌ဖြစ်သောကြောင့် ဥပစာရဘာဝနာမည်၏။ အဘယ်ကဲ့သို့နည်းဟူမူ ရွာ၏အနီး ဖြစ်သောအရပ်ကို ဂါမူပစာ, အိမ်၏အနီး၌ဖြစ်သောအရပ်ကို သရူပစာဟူသကဲ့သို့တည်း။

မဟဂ္ဂုတ်အဖြစ်သို့ ရောက်သော ဘာဝနာသည် အပွနာဟုဆိုအပ်သော ဝိတက်၏အဦးဖြစ်သောကြောင့် အပွနာဘာဝနာမည်၏ဟု မိန့်ဆိုရကား ဥဂ္ဂဟ-

http://www.dhammadownload.com

နိမိတ်ထင်သည်မှစ၍ ပဋိဘာဂ နိမိတ်ထင်ပြီးသော် ဂေါတြဘူတိုင်အောင်သော ဘာဝနာသည် ဥပစာရဘာဝနာသာ ဖြစ်သည်ဟုဖြေ။

၄၄၃-အာဒိကမ္မိကဝိထိ၌ အပွနာစျာန်စိတ်
အဝရအတွက်ကို ပြခြင်း

မေး၊ ။ပထမစျာန်၊ အမှန်ရကာ၊ ဝီထိမှာ၊ အပွနာစိတ်အစဉ်၊ ဘယ်မျှနည်း။

ဖြေ။ ။ပထမစျာန်ကို ရလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် မဟာ-ကုသိုလ်ဉာဏသမ္ပယုတ် ပထမဒွေဟို့တွင် တရုခုသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်, ထို့နောင် ရူပကုသိုလ်ပထမစျာန်စိတ်သည် အာဒိကမ္မိက ဖြစ်အံ့၊ တကြိမ်သာ, အပွနာဇောကိစ္စဖြစ်၏။ ထို့နောင် ဘဝင်ကျ၏ဟူ၍ဖြေ။ (ဝီထိလက်ရိုးမှာ အကျယ်ရှိပြီ)

၄၄၄-ပထမစျာန်စသည်ဟို့ကို
ရစေနိုင်သော ကမ္ပဋ္ဌာန်းတို့ကို ပြခြင်း

မေး။ ။ပထမစျာန်၊ ဧကန်ရလတ်၊ စီးဖြန်းအပ်သည်၊ ပညတ်ဘယ်နှစ်ပါးတို့နည်း။

ဒုတိယနှင့်၊ တတိယဟုတ်၊ စတုတ္ထစျာန်၊ စီးဖြန်းရန်၊ ရဟန်ပညတ် ဘယ်မျှနည်း။

ပဉ္စမစျာန်၊ ဧကန်ရကြောင်း၊ စီးဖြန်းကောင်းသည်၊ အပေါင်းဘယ်မျှ ပညတ်နည်း။

ဖြေ။ ။ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, ကာယဂတာသတိ, အာနာ-ပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာ ဤ ၂၅-ပါးသော ပညတ်သည် ပထမစျာန်ကို ရစေတတ်သည်။

ကသိုဏ်းဆယ်ပါး, အာနာပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာ ဤ ၁၄-ပါးသော ပညတ်သည် ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ကို ရစေတတ်သည်။

ကသိုဏ်း ၁၀-ပါး, အာနာပါနဿတိ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ ဤ ၁၂-ပါးသော ပညတ်သည် ပဉ္စမစျာန်ကို ရစေတတ်သည် ဟူပေ။

ဆောင်ပုဒ်။ ပဉ္စဝီသ၊ ပထမစျာန်ရ၊ ဒု-တ-စ-မှာ၊ စုဒ္ဒသာ၊ ပဉ္စမာရ၊ ဒ္ဒါဒသ၊ ပေါင်းကြသောခါ၊ ဆဗ္ဗီသာ၊ ရူပါစျာန်လမ်း ကမ္ပဋ္ဌာန်း။

http://www.dhammadownload.com

၄၄၅-အာရုပဒျာန် ၄-ပါး၏ အာရုံတို့ကို ပြခြင်း

မေး။ ။အာရုပမှာ၊ ဈာန်လေးဖြာ၊ အာရုံဘယ်သို့ ယူသနည်း။

ဖြေ။ ။အဲကာသာနဉ္စာယတနဈာန်သည် အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုသည်။

ဝိညာဏဉ္စာယတနဈာန်သည် ပထမာရုပ္ပဝိညာဉ်ကို အာရုံပြုသည်။

အာကိဉ္စညာယတနဈာန်သည် ပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုသည်။

နေဝသညာနာသညာယတနဈာန်သည် တတိယာရုပ္ပဝိညာဉ်ကို အာရုံပြုသည်။

၄၄၆-အာဘိညာဉ် ၅-ပါး ထားခြင်း၏ အကြောင်းကို ပြခြင်း

ကုဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခူတိ ပဉ္စဓာ။

မေး။ ။အဘိညာဉ်ကား၊ ၇-ပါးဟု၊ ဘုရားဟောလျက်၊ သဒ္ဒါကြီးထု၊ ကျမ်းပြုဆရာ၊ နုရုဒ္ဓါသည်၊ ငါးဖြာဘယ့်ကြောင့် မိန့်သနည်း။

ဖြေ။ ။ယထာကမ္မုပဂ အာဘိညာဉ်, အနာဂတံသ ဒိဗ္ဗစက္ခုဉ် ဝင်သည်ဖြစ်၍ အဇ္ဈာဂဓနည်းအားဖြင့် ငါးပါးဟူ၍ မိန့်သတည်း။

၄၄၇-ဈာန်ရုပ္ပဂို့လ်တိုင်း အာဘိညာဉ်ရ မရကို ပြခြင်း

မေး။ ။ရူပ အရူပ၊ စသည့်အပြား၊ဈာန်တရားကို၊ ဝင်စားနိုင်လျှင်၊ အာဘိညာဉ်ကို၊ အစဉ်ရပါလိမ့်မည်လော။

ဖြေ။ ။ဈာန်ကိုးပါးကို ဝသီဘော်ငါးပါးဖြင့် ဝင်စားနိုင်ရုံနှင့် အာဘိညာဉ်ကို မရသေး၊ ၁၄-ပါးသောအခြင်းအရာဖြင့် လေ့လာခြင်းကို ပြုပြီးမှ အာဘိညာဉ်ကို ရနိုင်သည် ဟူ၏ပေ။

၁၄-ပါးသော အခြင်းအရာဟူသော်ကား-

၁။ ကသိဏာနုလောမ=ကသိုဏ်းတို့၏ အနုလုံအားဖြင့်ရင်း၊

၂။ ကသိဏပဋိလောမ=ကသိုဏ်းကို့၏ ပဋိလုံအားဖြင့်ရင်း၊

http://www.dhammadownload.com

၃။ ကသိဏာနုလောမ ပဋိလောမ=ကသိုဏ်းတို့၏ အနုလုံ ပဋိလုံအားဖြင့်ရင်း၊

၄။ ဈာနာနုလောမ=ဈာန်တို့၏ အနုလုံအားဖြင့်ရင်း၊

၅။ ဈာနပဋိလောမ=ဈာန်တို့၏ ပဋိလုံအားဖြင့်ရင်း၊

၆။ ဈာနာနုလောမ,ပဋိလောမ=ဈာန်တို့၏ အနုလုံ,ပဋိလုံအားဖြင့်ရင်း၊

၇။ ဈာနုက္ကန္တိက=အစဉ်သောဈာန်ကို ခုန်သောအားဖြင့်ရင်း၊

၈။ ကသိဏုက္ကန္တိက=အစဉ်သော ကသိုဏ်းကို ခုန်သောအားဖြင့်ရင်း၊

၉။ ဈာနကသိဏုက္ကန္တိက=ဈာန်, ကသိုဏ်းကို ခုန်သောအားဖြင့်ရင်း၊

၁၀။ အင်္ဂသင်္ဂတိက=အင်္ဂါကို လွန်သောအားဖြင့်ရင်း၊

၁၁။ အာရမ္မဏသင်္ဂတိက=အာရုံကို လွန်သောအားဖြင့်ရင်း၊

၁၂။ အင်္ဂါရမ္မဏ သင်္ဂတိက=အင်္ဂါ အာရုံကို လွန်သောအားဖြင့်ရင်း၊

၁၃။ အင်္ဂဝဝတ္ထာပန=အင်္ဂါကို မှတ်သောအားဖြင့်ရင်း၊

၁၄။ အာရမ္မဏဝဝတ္ထာပန=အာရုံကို မှတ်သောအားဖြင့်ရင်း။

ဤသို့ ၁၄-ပါးတည်း။

ထို ၁၄-ပါးတို့တွင် ပထဝီကသိုဏ်း၌ ဈာန်ကိုဝင်စားပြီး၍ အာပေါကသိုဏ်း၌ ဝင်စားပြန်၏။ ထို့နောင် တေဇောကသိုဏ်း, ထို့နောင် ဝါယောကသိုဏ်း၌ ဝင်စား၏။ ဤသို့ သြဒါတ တိုင်အောင်သော ကသိုဏ်းရှစ်ပါးတို့၌ အစဉ်အားဖြင့် အကြိမ်တရာရင်း, အကြိမ်တထောင်ရင်း ဝင်စားခြင်းသည် ကသိဏာနုလောမ မည်၏။

သြဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းတိုင်အောင် ပြန်ကာပြန်ကာ ဝင်စားခြင်းသည် ကသိဏပဋိလောမမည်၏။

အစဉ်အားဖြင့်ရင်း ပြန်ကာပြန်ကာရင်း ဝင်စားခြင်းသည် ကသိဏာနုလောမ, ပဋိလောမ မည်၏။

ပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန် တိုင်အောင် အစဉ်အတိုင်း ဝင်စားခြင်းသည် ဈာနာနုလောမမည်၏။

နေဝသညာနာသညာယတန ဈာန်မှစ၍ ပထမဈာန်တိုင်အောင် ပြန်၍ ဝင်စားခြင်းသည် ဈာနပဋိလောမမည်၏။

http://www.dhammadownload.com

စျာန်ကိုးချပ်ကို အစဉ်အား ဖြင့်ဂုဏ်း, ပြန်၍ဂုဏ်း ဝင်စားခြင်းသည် စျာနာနုလောမ, ပဋိလောမ မည်၏။

ပဌဝီကသိုဏ်း၌ ပထမစျာန်ကို ဝင်စား၍ ဤကသိုဏ်း၌ တတိယစျာန်ကို ဝင်စား၏။ ထို့နောက် အာကာသာနဉ္စာယတနစျာန်ကို၊ ထို့နောက် အာကိဉ္စညာယတနစျာန်ကို ဝင်စား၏။ ဤသို့ ကသိုဏ်းကို ပလွန်ပဲ စျာန်ကို တခုခြား လွန်၍ ဝင်စားခြင်းသည် စျာနုက္ကန္တိက မည်၏။

ကသိုဏ်းကို တဲ့ခုခြားကျော်၍ ဝင်စားခြင်းသည် ကသိဏုက္ကန္တိကမည်၏။

ပထဝီကသိုဏ်း၌ ပထမစျာန်ကို ဝင်စား၍ ဒေဝေါကသိုဏ်း၌ တတိယစျာန်ကို ဝင်စား၏။ ထို့နောင် နီလကသိုဏ်းကို ခွာ၍ အာကာသာနဉ္စာယတနစျာန်, ထို့နောင် ကာမဇောဖြင့် လောဟိတ ကသိုဏ်းကို အာဝဇ္ဇန်၍ ထို့နောင် အာကိဉ္စညာယတနစျာန်ကို ဝင်စား၏။ ဤသို့သောနည်းဖြင့် စျာန်ကိုဂုဏ်း၊ ကသိုဏ်းကိုဂုဏ်း ဧကန္တရိက တခုခြားလွန်ခြင်းသည် စျာနကသိဏုက္ကန္တိက မည်၏။

ပထဝီကသိုဏ်း၌ ပထမစျာန်ကို အင်္ဂါအစဉ်အားဖြင့် ဝင်စား၍ ထိုကသိုဏ်း၌ ဒုတိယစျာန်စသည်ကို အင်္ဂါအစဉ်အားဖြင့် ဝင်စားခြင်းသည် အင်္ဂသင်္ကန္တိက မည်၏။

ပထမစျာန်၌ အာရုံပြောင်းကာ, ပြောင်းကာ ဝင်စားခြင်းသည် အာရမ္မဏသင်္ကန္တိကမည်၏။ (ဤနည်းကိုမှီ၍ နောက်ကျန်သည်များကို သိရမည်။)

ရှေး၌ ပွားစေအပ်ပြီးသော ဘာဝနာမရှိသော အာဒိကမ္မိကဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို မဆုံးမပဲ ဤဒိဝိဓ အဘိညာဉ်ကို ဖြစ်စေနိုင်ရာသော အကြောင်းမရှိ။

ထို့ကြောင့် အဘိညာဉ်ကို ရလိုသောသူအား ဤ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမရာ၏ဟု ပြုခြင်းငှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-

> ဤမေဟိ ပန စုဒ္ဒသဟိ အာကာရေဟိ စိတ္တံ အပရိဒမေတ္တာ ပုဗ္ဗေ အဘာဝိဘာဝဝနာ အာဒိကမ္မိကော ယောဂါဝစရော ဤဒ္ဓိဝိကုဗ္ဗနံ သမ္ပာဒေဿာဘိတိ နေတံ ဌာနံ ဝိဇ္ဇတိ– ဟူ၍ မိန့်တော်မူသည်။

ယင်းသို့ စိတ်ကိုဆုံးမ၍ ကောင်းစွာ တည်ကြည်ခြင်းသို့ ရောက်သော နိဝရဏတို့မှ စင်ကြယ်သော ပြိုးပြိုးပြက်အရောင်ရှိသော သုခစသည်၌ တပ်သော ဆာဂတည်းဟူသော မြူကင်းပြီးသော ပီတိစသော အညစ်အကြေး ကင်းပြီးသော တုန်လှုပ်ခြင်းကင်းသော အဖြစ်သို့ရောက်သော အလိုရှိတိုင်းလိုက်သည်

http://www.dhammadownload.com

ဖြစ်၍ နူးညှံ့သော ဦးပြီးသောရှေ့ကဲ့သို့ အမှုဌ်ခံ့သော ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော စိတ်သည်သာလျှင် အဘိညာဉ်သို့ ရှေ့ရှုဆောင်ခြင်းငှာ စွမ်းနိုင်သတည်း။ ထိုအနက်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်-

ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတုပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ အာနဉ္ဇပတ္တေ ဣဒ္ဓိဝိကုဗ္ဗနာယ စိတ္တံ အဘိနိန္နာမေသိ-

ဟူ၍ ဟောတော်မူသည်။

ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာဖြင့်။ စိတ္တေ။ စိတ်သည်။ သမာဟိတေ၊ ကောင်းစွာ တည်ကြည်ပြီးသော်။ ပရိသုဒ္ဓေ၊ စင်ကြယ်ပြီးသည်ရှိသော်။ ပရိယောဒါတေ၊ ပြိုးပြိုးပြက်ရှိပြီးသော်။ အနင်္ဂဏေ၊ ရာဂစသော မြူကင်းပြီးသော်။ ဝိဂတုပက္ကိလေသေ၊ ညစ်ညူးခြင်းကင်းပြီးသော်။ မုဒုဘူတေ၊ နူးညှံ့စွာဖြစ်ပြီးသော်။ ကမ္မနိယေ၊ တန်ခိုးဖန်ဆင်းခြင်းအမှုဌ်ခံ့ပြီးသော်။ အာနဉ္ဇပတ္တေ၊ တုန်လှုပ်ခြင်းကင်းသောအဖြစ်သို့ ရောက်ပြီးသော်။ ဣဒ္ဓိဝိကုဗ္ဗနာယ၊ တန်ခိုးဖန်ဆင်းခြင်းငှာ။ စိတ္တံ၊ စိတ်ကို၊ အဘိနိန္နာမေသိ၊ ရှေ့ရှုညွှတ်စေပြီ။

ဤအင်္ဂါရှစ်ပါးတို့တွင် အာနဉ္ဇပတ္တ၏ အင်္ဂါ ၆-ပါးပြားဟန်ကို ဝိသုဒ္ဓိမဂ်၌ မိန့်သည်ကား-သဒ္ဓါ ပရိဂ္ဂဟိတံ၊ သဒ္ဓါဖြင့်သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ အသဒ္ဓိယေန၊ မသဒ္ဓါခြင်းဖြင့်။န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဝီရိယ ပရိဂ္ဂဟိတံ၊ ဝီရိယဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇေန၊ ပျင်းရိခြင်းဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။သ တိပရိဂ္ဂဟိတံ၊ သတိဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ပမာဒေန၊ မေ့လျော့ခြင်းဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ သမာဓိ-ပရိဂ္ဂဟိတံ၊ သမာဓိဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စေန၊ ဥဒ္ဓစ္စဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ပညာပရိဂ္ဂဟိတံ၊ ပညာဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ သြဘာသဂတံ၊ ထွန်းလင်းခြင်းသို့ ရောက်သော။ စိတ္တံ၊ စိတ်သည်။ကိလေသန္ဓ-ကာရေန၊ ကိလေသာတည်းဟူသော အမိုက်တိုက်ဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ဤသဒ္ဓါ,ဝီရိယ, သတိ,သမာဓိ,ပညာ,သြဘာသ ဟူသော တရား ၆-ပါးတို့ဖြင့်။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်းအပ်သော စိတ်သည်။ အာနဉ္ဇ-ပတ္တံ၊ တုန်လှုပ်ခြင်း ကင်းသော အဖြစ်သို့ ရောက်သည်။ ဟောတိဖြစ်၏။ ။ (အဘိညာဉ်ဝီထိကျဟန်ကိုကား ဝီထိပိုင်းက ဆိုခဲ့ပြီ။)

၄၄၈-ဣဒ္ဓိအမျိုး,တန်ခိုးဆယ်ပါးကို ပြခြင်း

မေး။ ။ကိုယ်ခန္ဓာကို၊ အရာ, အထောင်၊ ဖြစ်အောင်ပြုပြင်၊ ကောင်းကင်ပျံလွှား၊ သွားသည်အမျိုး၊ တန်ခိုးဘယ်မျှ ပြားသနည်း။

http://www.dhammadownload.com

ဖြေ။ ။ဒသ ဣဒ္ဓိယော အဓိဋ္ဌာနိဒ္ဓိ, ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိ, ဉာဏဝိပ္ဖါရိဒ္ဓိ, သမာဓိဝိပ္ဖါရိဒ္ဓိ, အရိယိဒ္ဓိ, ကမ္မဝိပါကဇိဒ္ဓိ, ပုညဝတောဣဒ္ဓိ, ဝိဇ္ဇာမယိဒ္ဓိ, ဘာဝနာမယိဒ္ဓိတိ–

ဟူသည်နှင့်ညီစွာ တန်ခိုးဆယ်ပါး အပြားရှိ၏။

၁။ ထိုဆယ်ပါးတို့တွင် ပြကတေ့သော ကိုယ်ခန္ဓာသည် အဏုဇင်း အထောင်ထင်း ဖြစ်စိမ့်သောငှာ နှလုံးသွင်း၍ ဘာဝနာဉာဏ်ဖြင့် ဓိဋ္ဌာန်ခြင်းကို ပြု၏။ ဤအဓိဋ္ဌာန်၏ အတိုင်း အဏုအထောင်သော ကိုယ်၏ဖြစ်ခြင်းသည် အဓိဋ္ဌာနိဒ္ဓိ အဓိဋ္ဌာန်၏အစွမ်းဖြင့်ပြီးသော တန်ခိုးမည်၏။

၂။ ပြကတေ့သောအသွင်ကို စွန့်၍ သူငယ်၏အသွင်, နဂါး ဂဠုန်၏ အသွင်ဖြစ်အောင် ဓိဋ္ဌာန်၍ ဖြစ်စေခြင်းသည် ဝိကုဗ္ဗနိဒ္ဓိ အထူး ဖောက်ပြန်သည်၏အစွမ်းဖြင့် ပြီးသော တန်ခိုးမည်၏။

၃။ ဤကိုယ်မှတပါး အသီးသီးပြုပြင်သော ကိုယ်များစွာကို ဖန်ဆင်းခြင်းသည် စိတ်ကြံတိုင်း ရုပ်, နာမ် ပွားသည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် မနောမယိဒ္ဓိ စိတ်ကြံတိုင်းပြီးသော တန်ခိုးမည်၏။

၄။ မင်္ဂလာဖြစ်သည်မှ ရှေ့ဦးရင်း, နောက်ဦးရင်း, ထိုခကဦးရင်း ဉာဏ်အာနုဘော်ကြောင့် ဖြစ်သော အထူးသည် ဉာဏဝိပ္ဖါရိဒ္ဓိ ဉာဏ်ပြန့်ခြင်းကြောင့် ဖြစ်သော တန်ခိုးမည်၏။

အရှင် ပဝကုလထေရ်

ပြရန်သက်သေကား- အရှင် ပဝကုလထေရ်၏ ဒေသလောင်းဖြစ်သော သူငယ်သည် ဖွား၍ ၇-ရက်လွန်သောအခါ မင်္ဂလာပြုခြင်း အကျိုးငှာ ဂင်္ဂါမြစ်ရေကို ချိုးစေရာတွင် အဆိန်းဘိုလက်မှ ငါးကြီးဟပ်မျိုး၍ သွားသဖြင့် ထိုငါးကြီးသည် ယူဇနာ ၃၀-ကျော်ဝေးသော ဗာရာဏသီပြည် ဆိပ်ကမ်းသို့ ရောက်၍ တံငါတို့ ဖိသဖြင့် သင်္ဘောကြီး၏ မယားကို မောင်းလတ်သော် သင်္ဘောမလည်း ချက်ပြုတ်ခြင်းငှာ ဝမ်းကိုဖောက်ခဲ့စေရာတွင် ငါး၏ဝမ်းဝယ် အန္တရာယ်မရှိပဲ ပါလာသော ရွှေဆင်းတုနှင့်တူသော သူငယ်ကိုမြင်၍ ငါ့အား သားဖောင်း ရဖြီဟု ဝမ်းမြောက် ဝမ်းသာယူ၍ မွေးမြူလေ၏။ ဤသို့ ငါး၏ဝမ်းတွင်းသို့ ရောက်လျက်အနာကင်းသောအဖြစ်သည် ဤဘဝ၌ရလတ္တံ့သော အရဟတ္တမဂ် ဉာဏ်၏ အာနုဘော်ကြောင့်ဖြစ်ရကား ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

http://www.dhammadownload.com

အရှင်သံကိစ္စပထေရ်ဝတ္ထု

အရှင် သံကိစ္စ၏ အလောင်းဖြစ်သော သူငယ်သည်လည်း ဝမ်းမှ မဖွားမြင်မီ မယ်တော် ကံကုန်၍ အလောင်းကို သုသာန်ထင်းစင်၌ တင်၍ မီးသင်္ဂြိုဟ်သော အခါ တံစူးဝါးနှင့် ထိုးရာတွင် သူငယ်၏ မျက်ထောင့်ကို ထိုးမိ၍ ငိုလေသဖြင့် ထိုငိုသံကို ကြားမှ သုသာန်စောင့်တို့က အလောင်းကို မီးတွင်းမှဆယ်၍ သူငယ်ကိုယူပြီးလျှင် အဘွားမအား ပေးအပ်၍ မွေးစေရသည်။ ဤသို့ မီးပုံတွင်းသို့ ရောက်လျက် မသေနိုင်ခြင်းသည်လည်း ထိုဘဝ၌ ရလတ္တံ့သော မဂ်ဉာဏ်၏ အာနုဘော်ပင် ဖြစ်ပေသည်၊

ဘူတပါလ သူငယ်ဝတ္ထု

သူဆင်းရဲ လှည်းသမား၏ သားဖြစ်သော ဘူတပါလ သူငယ်သည်လည်း အဘသည် တောမှ လှည်းဖြင့်ထင်းတင်၍ လာသည်တွင် မြို့တံခါး၏ အနီးသို့ ရောက်သောကာလ နွားတို့သည် ထွက်ပြေးလေ၍ သူငယ်ကို လှည်းရင်း၌ ထားခဲ့ပြီး နွားကိုလိုက်လေသော် မြို့တွင်းက မထွက်မီ မြို့တံခါးကို ပိတ်ထားသည်နှင့် မထွက်ရပဲ တညဉ့်ပတ်လုံး နေရလေ၏။ ဘီလူး သားရဲတို့၏ သွားလာရာခရီး ဖြစ်သော မြို့၏ အပ၌ ညဉ့်သုံးယာမ် လုံး သူငယ်ကို ပစ်ထားလျက် အန္တရာယ် မရှိခြင်းသည်လည်း ဤဘဝ၌ ရလတ္တံ့သော မဂ်ဉာဏ်၏ အာနုဘော်ပင် ဖြစ်ရကား ဉာဏဝိပ္ပါရိဒ္ဓိ မည်၏။

သမာဓိဝိပ္ပါရိဒ္ဓိနှင့် ရှင်သာရိပုတ္တရာ

၅။ သမထ ၄၀-တို့တွင် တပါးပါးကို နှလုံးသွင်း၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးတွင် တပါးပါးဖြစ်သည်မှ ရှေအဖို့၌ရင်း, နောက်အဖို့၌ရင်း, ဟိုခဏ၌ရင်း သမထ၏ အာနုဘော်ကြောင့် ဖြစ်သော အထူးသည် သမာဓိဝိပ္ပါ-ရိဒ္ဓိ မည်၏။

သက်သေပြရန်ကား- အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှင့် တကွ ကပေါတ မည်သော ချောက်၌ လွင်တီးခေါင်တွင် နေသော အခါ မိစ္ဆာဒိဋ္ဌိ ဘီလူး တယောက်သည် လည်ပတ်လာရာ ရှင်သာရိပုတ္တရာ ကို မြင်၍ ပုတ်ခတ်ချင်သော အမူအရာကို ပြုရကား အဖော် ဘီလူးတဦးက တားမြစ်သော်လည်း မနေ၊ ကြီးစွာသော လှံကန်ဖြင့် ဦးခေါင်းကို ရိုက်ခတ်သည် ရှိသော် မိုးကြိုးသံကဲ့သို့ ပြင်းထန်သော အသံသည် ဖြစ်၏။ အရှင်မြတ်လည်း သမာပတ်ဝင်စားခိုက်ဖြစ်၍ ထိုသမာဓိ၏ အာနုဘော်ကြောင့် တစိုးတစိမျှသော နာကျင်ခြင်းသည် မဖြစ်လေ။

http://www.dhammadownload.com

၄င်း-သဉ္ဇိဝ မထေရ်ပတ္ထု

သဉ္ဇီဝထေရ် သည်လည်း နိရောဓသမာပတ် ဝင်စား နေသောအခါ များ စွာသော နွားကျောင်းသားတို့သည် ရဟန်းသေကောင်မှတ်၍ ထင်းအမှိုက်တို့ဖြင့် မီးတိုက်ကြလေကုန်သည်။ အရှင်မြတ်လည်း သမာပတ်၏ အာနုဘော်ကြောင့် သက်နှီးတော်၌ ချည်တမျှင်ကိုမျှ မလောင်ပဲ ပြကတေ့သာ တည်တော်မူ၏။

၄င်း-ဥတ္တရာဝတ္ထု

ပုဏ္ဏသဌေး၏ သွီးဖြစ်သော ဥတ္တရာဥပါသိကာမသည်လည်း ဆွမ်းချက်၍ နေရာ၌ သိရိမာသည် ကြိုက်ကြိုက်ဆူသော ထောပတ်ပူဖြင့် လောင်းသည်ရှိ သော် ဥတ္တရာလည်း မေတ္တာဘာဝနာ သမာဓိဖြင့်သာ နေရကား မွေးညင်း တပင်မျှမပူ ကြာတော၌ကျသော ရေပေါက်၏ အတူသာ ဖြစ်၏။

၄င်း-သာမာဝတီ မိဖုရားဝတ္ထု

သာမာဝတီ မိဖုရားအား ဥတေနမင်းသည် မြားဖြင့် ပစ်သတ်ခြင်းငှာ လေး ကိုတင်ပါသော်လည်း မတင်နိုင်၊ ပစ်လွှတ်ပါသော်လည်း အပါး၌သာ မြား ကျ၍ နေ၏။ ဤသို့ အထူးဖြစ်ခြင်းတို့သည် သမာဓိဝိပ္ပါရိဒ္ဓိ သမာဓိနှံခြင်း ကြောင့်ဖြစ်သော တန်ခိုးမည်၏။

၆။ စက်ဆုပ်ရွံရှာဖွယ်သော သူကောင်ပုပ် စသည်တို့၌လည်း မစက်ဆုပ် ခြင်း, တပ်နှစ်သက်ဖွယ်သော နတ်သွီး စသည်တို့၌လည်း မတပ်မက်, အလုံးစုံ သော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ တို့၌ တုန်လှုပ်ခြင်း မဖြစ်မူ၍ လျစ်လျူရှုနိုင်ခြင်းသည် စေတောဝသီပတ္တ ဖြစ်သော ရဟန္တာအရိယာတို့အားသာလျှင် ဖြစ်သော တန်ခိုးဖြစ်သောကြောင့် အရိယိဒ္ဓိ မည်၏။

၇။ ငှက် စသည်တို့အား ကောင်းကင်ဖြင့် သွားနိုင်ခြင်း, နတ်တို့အား ကိုယ်ကိုငှင်း ဗိမာန်ကိုငှင်း ကွယ်ဝှက်နိုင်ခြင်း, မြင်စေလိုမှ ထင်စွာပြနိုင်ခြင်း, ကောင်းကင်၌ သွားနိုင်ခြင်း တို့သည် ကမ္မဝိပါကဇိဒ္ဓိ ကံ၏အကျိုးကြောင့် ဖြစ်သော တန်ခိုးမည်၏။

၈။ စကြဝဟေးမင်းသည် မိပိ၏အခြံအရံပရိသတ်နှင့်တကွ ကောင်းကင် ဖြင့် သွားနိုင်ခြင်း, ဇောတိကသဌေးအား မဟာပသဝိမှ ထွက်၍ ပြာသာဒ် ပဒေသာပင်တို့ ပေါက်ရခြင်း, ဇဋိလသဌေးအား အတောင်ရှစ်ဆယ်မြင့်သော ရွှေတောင်ကြီး ပေါက်ရခြင်း, မေဏ္ဍကသဌေးအား ရွှေဆိတ်ရုပ် ပဒေသာပင် ပေါက်လာရခြင်း, ကောင်းကင်ကို မျှော်၍ ခေါ်တ-ငြားက သလေးစပါးမိုး

http://www.dhammadownload.com

ရွာရခြင်းတို့သည် ရှေးကုသိုလ်ကြောင့်ပြီးသော တန်ခိုးဖြစ်ရကား ပုညဝတော-ဣဒ္ဓိမည်၏။

၉။ ဝိဇ္ဇာဓိုရ်တို့အား မန္တာန်ကိုစုပ်၍ရင်း, ဆေးပယောဂတို့ဖြင့်ရင်း ကောင်းကင်သို့ သွားခြင်း, မြေအပြင်၌ ဝေးစွာသောခရီးကို တခဏနှင့်ရောက်နိုင်ခြင်း, ဆင်, မြင်းဗိုလ်ပါကို ထင်စေနိုင်ခြင်း, သူသေကောင်ကို ထင်စေနိုင်ခြင်းတို့သည် အတတ်ဖြင့်ပြီးသော တန်ခိုးဖြစ်ရကား ဝိဇ္ဇာမယိဒ္ဓိ မည်၏။

ဤဆယ်ပါးသော တန်ခိုးတို့တွင် ဣဒ္ဓိဝိဓအဘိညာဉ်သည် သတံ ဟောမိ, သဟဿံ ဟောမိ-စသည်ဖြင့် ဓိဋ္ဌာန်ခြင်းကြောင့် ဖြစ်ရကား အဓိဋ္ဌာနိဒ္ဓိမည်၏။ ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိ ကိုလည်း ယူအပ်သတည်း။ (ပါဠိကို လိုမူ ဝိသုဒ္ဓိမဂ်၌ ယူလေ။)

သမထပိုင်း ပြီး၏။

http://www.dhammadownload.com

ဝိပဿနာပိုင်း

၇၄၉-သီလအစ မဂ်ဖိုလ်ဓာလယ် နိဗ္ဗာန်အဆုံး
၃-ပါးကို ပြခြင်း

၈၁။ ။သီလအစ, မဂ်ဖိုလ်အလယ်, နိဗ္ဗာန်အဆုံး သုံးပါး ထင်ရှား သည်တရားကို ခြားအောင်ဘယ်သို့ ခွဲမည်နည်း။

၈၂။ ။မဂ်ဖိုလ်ကို ရ၍ နိဗ္ဗာန်ကို မြင်လိုသော ဝိပဿနာယောဂီဖြစ်သော ကာမတိဟိတ် ပုဂ္ဂိုလ်သည်-

၁။ သီလဝိသုဒ္ဓိ=သီလးပါးသော ပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ=စိတ်၌ နိဝရဏ်ကင်းသော ဈာန်ဖြစ်သို့ ရောက်သဖြင့် စင် ကြယ်ခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ=ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ=၁၆-ပါးသော ယုံမှားခြင်းကို လွန်မှောက်သော ဉာဏ်၏ စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ=မဂ် ဟုတ်သည်-မဟုတ်သည်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၆။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ=မဂ်သို့ရောက်ကြောင်းဖြစ်သော အကျင့်ကို သိတတ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ=မဂ်တည်းဟူသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း-

ဤဝိသုဒ္ဓိ ၇-ပါးတို့ အစဉ်အတိုင်း ပြည့်စုံမှ မဂ်ဖိုလ်ကိုရသည်။ ရပြီးသည့် နောက်လည်း မဂ္ဂင်္ဂဈာန် ဖလင်္ဂဈာန် ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တည်၍ ဆုံးသော ကာလမှ နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၍ သီလအစ, မဂ်ဖိုလ်ဓာလယ်, နိဗ္ဗာန် အဆုံးဟု ဆိုလေသည်။

သီလဝိသုဒ္ဓိ၌ ပါရိသုဒ္ဓိသီလ ၄-ပါးကို ပြခြင်း

သီလဝိသုဒ္ဓိ၌ စတုပါရိသုဒ္ဓိသီလ ဟူသည်ကား-

၁။ အာပတ် ၇-ပုဒ်ကို လုံခြုံစွာ စောင့်စည်းခြင်းသည် အပါယ်လားခြင်း စသည်မှ ကင်းလွတ်တတ်သောကြောင့် ပါတိမောက္ခသံဝရသီလမည်၏။

၂။ စက္ခုန္ဒြေစသော ဣန္ဒြေ ၆-ပါးကို တားမြစ် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

http://www.dhammadownload.com

၃။ ကုလဒူသကရှစ်ပါး, အနေသန နှစ်ဆယ့်တပါး, ကုဟန, လပန စသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ စင်ကြယ်စွာ အသက်မွေးသော သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။

၄။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာသတိဖြင့် သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

ဤလေးပါးနှင့် ပြည့်စုံမှ သီလဝိသုဒ္ဓိ ဖြစ်သတည်း။

၄၅၀-သီလ ၄-ဖြာ လူတို့မှာလည်း ရသင့်ပုံကို ပြခြင်း

မေး။ ။ ရဟန်းတို့မှု၊စတုပါရိ၊သုဒ္ဓိသီလ၊ဆွဆွဖြူသည်၊ လူမှာမရကောင်းဘူးလော။

ဖြေ။ ။ ဤသီလလေးပါးကို ရဟန်းတို့၌ကား မုချအားဖြင့် ရသည်။ လူတို့၌ကား ဥပစာအားဖြင့်သာ ရသည်။

ဘယ်သို့ရသနည်းဟူမူ လူဘို့အား မလွန်ကျူးအပ်ဟု တားမြစ်တော်မူသော ဒုစရိုက်ဆယ်ပါးမှ စောင့်စည်းခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။

ဣန္ဒြေ ၆-ပါးကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

အဓမ္မိကဝါဏိဇ္ဇငါးပါးမှ ရှောင်ကြဉ်၍ အပြစ်ကင်းသောအမှုဖြင့် အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

ပစ္စည်းလေးပါးကို ခံစားသုံးဆောင်သောအခါ ပဋိကူလသညာ စသည်ဖြင့် သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

ဤ ၄-ပါးနှင့် ပြည့်စုံခြင်းသည် သီလဝိသုဒ္ဓိ မည်၏။ ဘယ့်ကြောင့် ဤသို့ယူအပ်သနည်းဟူမူကား လူတို့လည်း မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရကြသောကြောင့် ထိုမဂ်,ဖိုလ်ရသောအကျိုးကို ဆသဖြင့် သီလဝိသုဒ္ဓိဖြစ်၏ ဟူသော အကြောင်းရင်းကို သိရသတည်း။ ကျမ်းဂန်တို့၌ တိုက်ရိုက်လာသည်ကိုမူ မတွေ့မိချေ။

စိတ္တဝိသုဒ္ဓိကို ပြခြင်း

စိတ္တဝိသုဒ္ဓိ၌ စိတ်၏ နီဝရဏကင်းခြင်းသည် ဘယ်အခါ၌ ဖြစ်သနည်းဟူမူကား– ဘုရားဂုဏ်စသည်ကို အာရုံပြု၍ ဥပစာရသမာဓိဇော ဖြစ်သောအခါ၌ရင်း ၊ကသိုဏ်းဝန်း စသည်ကို အာရုံပြု၍ ဥပစာရသမာဓိဇော,အပ္ပနာဇော

http://www.dhammadownload.com

ဖြစ်သောအခါ၌၎င်း နိဝရဏကင်းသည်။ ထိုသို့ကင်းသောစိတ်ကို စိတ္တဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိကို ပြခြင်း

မေး။ ။ လက္ခဏ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့်၊ နာမ်, ရုပ်အပေါင်း၊ သိမ်းဆည်းကြောင်းကို၊ သုဒ္ဓိဆိုသည်၊ ကျမ်းလိုဘယ်သို့ ကောက်သနည်း။

ဖြေ။ ။ နာမ်, ရုပ်တရားတို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ဝေဖန်ပိုင်းခြားရှိ သိသောပညာကို ဉာဏ်အမြင် စင်ကြယ်ခြင်းဖြစ်၍ ဒိဋ္ဌိ ဝိသုဒ္ဓိ ဆိုသည်။

ရုပ်,နာမ်တရား ခန္ဓာငါးပါးတို့ကို သိမ်းဆည်းပုံ

ထိုစကား၌ ခန္ဓာငါးပါးကို အဘယ်သို့ သိမ်းဆည်းရာသနည်းဟူမူကား–

၁။ ရုပ္ပနလက္ခဏံ ရူပံ, ဝိကီရဏ ရသံ, အဗျာကတပစ္စုပဋ္ဌာနံ, ဝိညာဏ-ပဒကာရဏံ။

၂။ ဝေဒယိတလက္ခဏာ ဝေဒနာ, ဝိသယသံဘောဂရသာ, သုခ ဒုက္ခ ပစ္စုပဋ္ဌာနာ, ပဿဒ္ဓိ ပဒဋ္ဌာနာ။

၃။ သဉ္ဇာနနလက္ခဏာ သညာ, ပုန သညာဏပစ္စယ နိမိတ္တကရဏ ရသာ, ယထာဂဟိတနိမိတ္တဝသေန အဘိနိဝေသ ပစ္စုပဋ္ဌာနာ, ယထာဥပဋ္ဌိတ-ဝိသယ ပဒဋ္ဌာနာ။

၄။ အဘိသခ်ရဏလက္ခဏာ သခ်ါရာ, အာယူဟန ရသာ, ဝိပ္ပါရ ပစ္စုပဋ္ဌာ-နာ, သေသခန္ဓတ္တယပဒဋ္ဌာနာ။

၅။ ဝိဇာနနလက္ခဏံ ဝိညာဏံ, ပုဗ္ဗင်္ဂမရသံ, သန္ဓာန ပစ္စုပဋ္ဌာနံ, နာမရူပ ပဒဋ္ဌာနံ။

၁။ ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကီရဏရသံ၊ ဖရိုဖရဲကြဲခြင်း ကိစ္စရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာနံ၊ အကျိုး မပေးတတ်သော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒကာ-ရဏံ၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်းရှိ၏။

၂။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ အာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ဝိသယသံဘောဂရသာ၊ တွေ့တိုင်းသော အာရုံကို သုံးဆောင် ခြင်းကိစ္စရှိ၏။ သုခ ဒုက္ခ ပစ္စုပဋ္ဌာနာ၊ သုခ,ဒုက္ခလျှင် ထင်သော အခြင်း

http://www.dhammadownload.com

အထူရှိ၏။ ပဿဒ္ဓိပဒဋ္ဌာနာ၊ ကိုယ်စိတ်၏ ပြဋ္ဌာန်းခြင်းလျှင် နီးစွာသော အကြောင်းဋ္ဌိ၏။

၃။ သညာ၊ သညာသည်။ သဉ္ဇာနနလက္ခဏာ၊ အမှတ်ကိုပြု၍ သိခြင်း လက္ခဏာရှိ၏။ ပုနသညာဏပစ္စယနိမိတ္တကရဏရသာ၊ တဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကို ပြုခြင်းကိစ္စရှိ၏။ ယထာဂဟိတနိမိတ္တဝသေန၊ ဗာကြင်ယူဘူးသော အာရုံ၏အစွမ်းဖြင့်။ အဘိနိဝေသပစ္စုပဋ္ဌာနာ၊ နှလုံးသွင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ယဿာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ၊ ထင်လာတိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

၄။ ဝေဒါရာ၊ သဒ္ဒါရတ္ထရေးတို့သည်။ အဘိသမ်ရဏ လက္ခဏာ၊ ပြုပြင်ခြင်းလက္ခဏာရှိကုန်၏။ အာယူဟနရသာ၊ သမ္ပယုတ်တရားဘို့ကို မိမိတို့၏ကိစ္စတို့၌ ပေါင်းရုံးခြင်းကိစ္စရှိကုန်၏။ ဝိပ္ပါရပစ္စုပဋ္ဌာနာ၊ ဗျာပါရရှိသည်၏အဖြစ်လျှင် ထင်ခသောအခြင်းအရာရှိကုန်၏။ သေသဒွတ္တိယပဒဋ္ဌာနာ၊ ကြွင်းသော ခန္ဓာသုံးပါးသာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

၅။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်း လက္ခဏာရှိ၏။ ပဋိသန္ဓိမရသံ၊ ပြဋ္ဌာန်းခြင်း, ရှေ့သွား ဖြစ်ခြင်းကိစ္စရှိ၏။ သန္ဓာနပစ္စုပဋ္ဌာနံ၊ ရှေးရှေးသောစိတ်နှင့် မပြတ်ဆက်သော အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ နာမ,ရူပ,ပဒဋ္ဌာနံ၊ နာမ်,ရုပ် အပေါင်းလျှင် ပဒဋ္ဌာန်ရှိ၏။ ။ ဤသို့သိမ်းဆည်းရာ၏ ဟူပေ။

ကဒါဒိတရဏဝိသုဒ္ဓိကို ပြခြင်း

သတ္တဝါတို့၏ သန္တာန်၌ နာမ် တရား၊ ရုပ် တရားတို့သည် ပဋိသန္ဓေအခါ၌ ရှေးဘဝကဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော အကြောင်းကြောင့် ဖြစ်၏။

ပဝတ္တိအခါ၌ကား ရုပ်သည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသောအကြောင်းကြောင့်ဖြစ်၏။တစုံတယောက်သော ငြဟ်မာ,သကြား,ဘုရားဖန်ဆင်း၍ ဖြစ်သည် မဟုတ်ဟု နာမ်,ရုပ် တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည် ၁၆-ပါးအပြားရှိသောယုံမှားခြင်းကို လွန်မြောက်ကြောင်းဖြစ်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

၇၅၁--ယုံမှားခြင်း ၁၆-ပါး

မေး။ ။တဆယ့်ခြောက်ပါး၊ ယုံမှားခြင်းကိုပင်၊ လွန်နိုင်ခြင်းသည်၊ကင်္ခါဝိတရဏ,သည်အရပ်ယ်,ဘယ်သို့ ယုံမှားဖြစ်သနည်း။

ဖြေ။ ။၁၆ ပါးသော ယုံမှားခြင်းဟူသည်ကား-

http://www.dhammadownload.com

အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ, နာ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကိံ ဟုတ္ဝာ ကိံ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ။ (အတိတ် ၅-ပါး)

ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ, နာ နု ခေါ ဘဝိဿံ အနာဂတမဒ္ဓါနံ, ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကိံ ဟုတ္ဝာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ။ (အနာဂတ် ၅-ပါး)

အဟံ နု ခေါသ္မိ, နော နု ခေါသ္မိ, ကိံ နု ခေါသ္မိ, ကထံ နု ခေါသ္မိ, အယံ နု ခေါ သတ္တော ကုတော အာဂတော, ဧသော ကုဟိံ ဂါမီ ဘဝိဿတိ။ (ပစ္စုပ္ပန် ၆-ပါး)

ဤသို့ အတိတ်၌ငါးပါး, အနာဂတ်၌ငါး ပါး, ပစ္စုပ္ပန်၌ခြောက်ပါး အားဖြင့် ၁၆-ပါး ပြားသည်။

အဓိပ္ပါယ်ကား–

၁၊ ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဘူးလေသလော၊

၂။ ငါသည် လွန်လေပြီးသော ကာလ၌ မဖြစ်ဘူးသလော၊

၃။ ငါသည် လွန်လေပြီးသော ကာလ၌ ဘယ်သို့ဖြစ်ဘူးသနည်း၊

၄။ ငါသည် လွန်လေပြီးသော ကာလ၌ ဤကဲ့သို့ သဏ္ဌာန်အဖြင့် ဖြစ်ဘူးလေသလော၊

၅။ ငါသည် လွန်လေပြီးသော ကာလ၌ အဘယ်သူဖြစ်၍ အဘယ်သူ ဖြစ်ဘူးလေသနည်း၊

၆။ ငါသည် လာလတ္တံ့သော အခွန်၌ ဖြစ်ဦးအံ့လော၊

၇။ ငါသည် လာလတ္တံ့သော အခွန်၌ မဖြစ်တော့လတ္တံ့လော၊

၈။ ငါသည် လာလတ္တံ့သော အခွန်၌ ဘယ်သို့ဖြစ်လတ္တံ့နည်း၊

၉။ ငါသည် လာလတ္တံ့သော အခွန်၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်လတ္တံ့နည်း၊

၁၀။ ငါသည် လာလတ္တံ့သော အခွန်၌ အဘယ်သူဖြစ်၍ အဘယ်သူဖြစ် လတ္တံ့နည်း၊

http://www.dhammadownload.com

၁၁။ ဤရုပ်နာမ်သည် ငါဖြစ်၏လော၊

၁၂။ ငါမဖြစ်လော၊

၁၃။ အဘယ်သို့ ငါဖြစ်သနည်း၊

၁၄။ အဘယ်အခြင်းအရာဖြင့် ငါဖြစ်သနည်း၊

၁၅။ ထို ငါသည် အဘပယ်မှ့လာခဲ့သနည်း၊

၁၆။ ငါသည် အဘယ်သို့ လားရဦးအံ့နည်း-
ဟူ၍ ယုံမှားခြင်းရှိ၏ ဟူလိုသည်။

ယုံမှားခြင်း ဂ-ပါး

ဤမှတပါး ရှစ်ပါးသောယုံမှားခြင်းဟူသည်ကား-

၁။ ဗုဒ္ဓေ ကင်္ခတိ၊ ၅။ ပုဗ္ဗန္တေ ကင်္ခတိ၊

၂။ ဓမ္မေ ကင်္ခတိ၊ ၆။ အပရန္တေ ကင်္ခတိ၊

၃။ သံဃေ ကင်္ခတိ၊ ၇။ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊

၄။ သိက္ခာယ ကင်္ခတိ၊ ၈။ ကဒါစိစ္စယတာ ပဋိစ္စသမုပ္ပန္နေသု
ဓမ္မေသု ကင်္ခတိ-

ဟူသည်တည်း။ ။ (အနက်လွယ်ပြီ)

၄၅၂-မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကိုပြခြင်း

ဥပက္ကိလေသတရား ၁၀-ပါး

မေး။ ။ မဂ္ဂါမဂ္ဂ ဉာဏဒဿန အရမ္မာလည်း, ဝိပဿနာ ညစ်ညူးရာမှန်
ဆယ်ပါးရန်ကို ကောန်ဘယ်သို့ဒကာက်သနည်း။

ဖြေ။ ။သြဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော၊
သုခံ ဉာဏ မုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ စေတိ။
ဟူ၍ အနုဂုဒ္ဓါဆရာပင် ပြဆိုပြီ။

သြဘာသော စ၊ ဝိပဿနာဝိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အလင်း
ဟု ဆိုကပ်သော အရောင်ရင်း။ ပီတိ စ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော ခုဒ္ဓကာ,
ခဏိကာ, သြက္ကန္တိကာ, ဥဗ္ဗေဂါ, ဖရဏာဟူငါးဖြာသောနှစ်သက်ခြင်းဂုဏ်း။ ပဿဒ္ဓိ
စ၊ ကိုယ်၏ပူပန်ခြင်း, စိတ်၏ပူပန်ခြင်းမှ ငြိမ်းချမ်းခြင်းသည်ဂုဏ်း။အဓိမောက္ခော

http://www.dhammadownload.com

စ၊ အားကြီးသော သဒ္ဒိန္ဒြဟုဆိုးအပ်သော အဂိမောက္ခဝင်း။ ပဂုဟော စ၊ သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယာဃမ္မာဇ္ဈင်ဒုင်း။ သုဇ္ဇာလွန်မြတ်သော ချမ်းသာဝင်း။ ဉာဏ္ဆ၊ ဝရိုန်လက်နက်ကဲ့သို့ ထက်မြက်စွာ၍ လက္ခဏာရေးသုံး ပါးကို ပိုင်းခြားနိုင်သော ပညာသည်ဝင်း။ ဥပဋ္ဌာနဉ္ဆ၊ အဖန်ဖန်လဲလဲ အာက်မေ့ နိုင်သော ထင်သောသတိဝင်း။ ဥပေက္ခာ စ၊ လိုထိုအာရုံ၌ ဟုန်လျှံကြွတတ်သော ဥပေက္ခာသမ္မောဇ္ဈင်သို့ ရောက်တတ်သော ပဋိတ္ထုပေက္ခာ အာပဇ္ဇန်းယှဉ်သော ဝေဒနုပေက္ခာဝင်း။ နိကန္တိ စ၊ ညြာဘုယစသော မမွက်းပါးဌ် တပ်သော သိမ်မွေ့သော တဏှာဝင်း။ ဤဆယ်ပါးတို့သည် ပိပဿနာ၏ ညစ်ညူးကြောင်း ဘေးမှန်တို့တည်း။

ဝိပဿနာရူဟန်ကား–မင် ရုပ်မ့်သောဘဝ ဝိပဿနာကို အားထုတ်သော ပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော နည်းအားဖြင့် နာမ် ရုပ်တရားတို့၏ လက္ခဏာကိုဝင်း ဖြစ်ကြောင်းတရားကိုဝင်း သိမ်းဆည်းပြီးသော် တိုသို့သော အခြင်းအရာဖြင့် သိမ်းဆည်းအပ်ကုန်သော အကြောင်းနှင့်တကွ ဖြစ်ကုန်သော အတိတ် စသည်ဖြင့် ပြားကုန်သော တေဘူမက သင်္ခါရတရားတို့၌ ခန္ဓာကို ဝေဖန်သော နည်းအားဖြင့်ဝင်း ဒွါရ ၆ ပါး အာရုံ ၆-ပါး ထိုဒွါရ၌ ဖြစ်သောတရားတို့ကို ဝေဖန်သောဒါးဖြင့်ဝင်း အာရုံပြု၍ အပေါင်းအစည်း၏ အစုမ်းဖြင့်ချုံး၍ အကြင်ရုပ်စုသည် အတိတ်၌ဖြစ်၏။ ထိုရုပ်စုသည်အဝံတ်၌ချုပ်လေပြီ။ အကြင်ရုပ်သည် အနာဂတ်၌ ဖြစ်လတ္တံ့၊ ထိုရုပ်လည်း အနာဂတ်၌ချုပ်လတ္တံ့။ အကြင်ရုပ်သည် ဖြစ်ဆဲဖြစ်၏။ ထိုရုပ်လည်း အနာဂတ်သို့ မရောက်ပဲ ဤပစ္စုပ္ပန်၌ပင် ချုပ်တတ်၏။

ယင်းသို့ ကုန်ခန်း ချုပ်ပျောက်တတ်သော အနက်ကြောင့် အနိစ္စသဘောသာတည်း။ ကြောက်မက်ဖွယ်ဖြစ်သော အနက်ကြောင့် ဒုက္ခသဘောသာတည်း။ အနှစ်မရှိသော အနက်ကြောင့် အနတ္တသဘောသာပတည်း။ ဤသို့ကာလ၏ အစုမ်းဖြင့်ဝင်း၊ သပ္ပာယသာယုကဖြစ်စဉ်၏ အစုမ်းဖြင့်ဝင်း၊ ဥပါဒ်၊ ဌိ၊ ဘင် တည်းဟူသော ခဏ၏ အစုမ်းဖြင့်ဝင်း၊ သုံးသပ်ဆင်ခြင်တတ်သော ဉာဏ်ဖြင့် လက္ခဏာရေးသို့ဟင်၍ သုံးသပ်သော ပုဂ္ဂိုလ် [illegible] တရားတို့၌သာလျှင် အကြောင်း၏ အစုမ်းဖြင့်ဝင်း၊ ခဏ၏ အစုမ်းဖြင့်ဝင်း၊ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော ဉာဏ်ဖြင့် ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ ရှုသော ပုဂ္ဂိုလ်အား အလွန်အားကြီးသော ဝိပဿနာအဟုန်ကြောင့် အလုံးစုံသော ကိုယ်မှ အရောင်အလင်းသည်ဝင်း၊ နှုန်သက်ခြင်းပိတိ, ပဿဒ္ဓိ စသည်တို့သည်ဝင်း ဖြစ်၏။

ထိုသို့ဖြစ်လတ်သော ဟရုးဆယ်ပါး [illegible] ပိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်သာတည်းဟု နှလုံးသွင်း၍ သိမ်းဆည်းသည်၏ အစုမ်းဖြင့် မင်ဟုတ်

http://www.dhammadownload.com

သည် မဟုတ်သည်၏လက္ခဏာကို မှတ်ခြင်းသည် မင်္ဂဟုတ်သည် မဟုတ်သည်ကို သိစေသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းဖြစ်၍ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြခြင်း

ယင်းသို့ ဆီးတားခြင်းဘေးရန်မှ လွတ်လျက် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်တတ်သော ဥဒယဗ္ဗယဉာဏ်ကို ရပြီးသော် ဖြစ်ခြင်းကို လွတ်၍ ပျက်ခြင်းကိုသာ အဖန်များစွာ ရှုသဖြင့် ပြိုလဲသော ကမ်းစွန်းဌိတည်သော သစ်ပင်ကဲ့သို့ မိမိတွင်ရှိသောရုပ်နာမ်ခန္ဓာတို့ကို ပျက်ဆဲဆဲဟုမြင်သော ဘင်္ဂဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် ရှုပြန်သောကာလ ကျွး, ခြသေ့ စသည်ကို တွေ့သောအခါ ကဲ့သို့ ကြောက်လန့်ဖွယ်ရှိသော အခြင်းအရာဖြင့် ထင်သောဘယဉာဏ်သည် ဖြစ်၏။

ထိုဘယဉာဏ်ဖြင့် ရှုပြန်သောက လ ငါးဝသောခန္ဓာ တို့သည် မီးလောင်၍ လာသောအိမ်ကဲ့သို့ ထိန်ထိန်လောင်သော အခြင်းအရာဖြင့် ထင်သည်ဖြစ်၍ အပြစ်ဟု သိသော အာဒီနဝဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် ရှုပြန်သောအခါ ဤခန္ဓာ၌ လွန်စွာငြီးငွေ့ဖွယ်သာ နိုပ္ပိန္နဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသော ပုဂ္ဂိုလ်အား မီးလောင်သောအိမ်မှ ထွက်သွားလိုသကဲ့သို့ တောဘုမကခမ္မတိမှ လွတ်လိုသော မုစ္စိတုကမျှသာဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသောအခါ လွတ်ရာလွတ်ကြောင်းကို ဆင်ခြင်မြော်မြင်တတ်သော ပဋိသင်္ခါနုပဿနာဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသော ပုဂ္ဂိုလ်အား စွန့်ပစ်ထိုက်၍ စွန့်ပစ်လိုက်သော မယားကို အရပ်တပါး၌ မြင်သော်လည်း ခင်မင်စိတ်မဖြစ်လာ၊ လျစ်လျူသာရှုဘိသကဲ့သို့ မိမိ၏ခန္ဓာ သင်္ခါရအစုတို့၌ လျစ်လျူရှုတတ်သော သင်္ခါရုပေက္ခာဉာဏ်သည်ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်တလဲလဲရှုပြန်သောကာလ ရလတ္တံ့သော မင်္ဂအား လျော်သော သစ္စာနုလောမဉာဏ် သည် ဖြစ်၏။

ရှေးပြခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ဝိပဿနာအဆင့်ဆင့်ဖြင့် ကျင့်ကြံသော ပုဂ္ဂိုလ်အား ကိုးပါးသောဝိပဿနာဉာဏ်တို့၏ ဖြစ်ခြင်းသည် ကျင့်စဉ်ဉာဏ်၏ စင်ကြယ်ခြင်းဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

http://www.dhammadownload.com

ဉာဏဒဿန ဝိသုဒ္ဓိကို ပြခြင်း

ယင်းသို့ ဆိုအပ်ပြီးသော အစဉ်အားဖြင့် လက္ခဏာရေးသုံးပါးကို အားထုတ်လျှက် ဝိပဿနာရင့်ခြင်းသို့ ရောက်သဖြင့် အပ္ပနာဇောဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်္ဂလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် တောဘူမကဓမ္မတို့၏ အနိစ္စလက္ခဏာစသည်ကို အာရုံပြု၍ ဆဉ်ခြင်တတ်သော မနောဒ္ဒါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ မဟာကုသိုလ် ပထမဇ္ဈာန်တို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၄-ကြိမ်, တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူ ဟု ၃ ကြိမ် [illegible] ကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် စျာန်နှင့်ဆင်းပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပထမစျာန်စိတ်သည်၎င်း စျာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယ စျာန်စိတ်သည်၎င်း၊ စျာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် တတိယစျာန်စိတ်သည်၎င်း၊ စျာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် စတုတ္ထစျာန်စိတ်သည်၎င်း၊ ဂေါတြဘူသည် မဟာကုသိုလ် တတိယဒွေဘို့တွင် တခုခုမှစ၍ စျာန်အင်္ဂါ [illegible] ပါသော သောတာပတ္တိမဂ် ပဉ္စမစျာန်စိတ်သည်၎င်း၊ [illegible] အာရုံပြု၍ ဒုက္ခသစ္စာကို ပိုင်းခြားနိုင်ခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွားစေခြင်းတည်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက်တည်းပြီးစေလျက် မဂ်, ဖောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် သောတာပတ္တိမဂ်ဝေနေယျဟန် သည်ဖြစ်စေဘိ၊ သောတာပတ္တိမဂ်နှင့် စျာန်အင်္ဂါ, အာရုံအစရှိသော အားဖြင့် တူသော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ် ဟု ၃-ကြိမ်, မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ် ဟု ၂ ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စုတ်သည် ဘဝင်္ဂကိစ္စဖြစ်ထိုက်သော်ဖြစ် ဖြစ်၍ ချုပ်၏။ ။ယင်းသို့ စိတ်အစဉ်ဖြင့် နိဗ္ဗာန်ကို မြင်သော မဂ်စိတ်၏ဖြစ်ခြင်းသည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဤကို ရည်၍ ပုစ္ဆာဝေယျာသည်—

ပဋိပဒါဉာဏဒဿနအရ ခဲခြင်း သိန်ဝှင်စွမ်းလျှင် ငြမ်းထိုထိုထက်
နေ့တိုင်းဝက်, မဂ်ဖြင့်မပြတ်ရှု—

ဟူ၍ဆိုလေသည်။

http://www.dhammadownload.com

၄၅၃–မဂ်၏နီးပါး ကာမဇောများပင်

သမာဓိဇောဖြစ်ကြောင်း

မေး။ ။မဂ်ဖြင့်နီးကာ ဘာဝနာဖြင့် သမာဓိဇော သဘောဘယ်သို့ ပြုသနည်း။

ဖြေ။ ။သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ်ဆယ်ပါးဖြစ်အောင် ရှုသော ကာမကုသိုလ်ဇောစိတ်သည် သမာဓိဇောပင် ဖြစ်သည်။

အနုလုံ ၄-ပါး စုံသောဝီထိကို ပြခြင်း

မေး။ ။အနုလုံ,အနုလုံ ၄-ချက်စုံနှင့်၊ ဉာဏ်ရုံကျယ်သည် ဘယ်ဝီထိမှာ၊ ဖြစ်သနည်း။

ဖြေ။ ။သောတာပတ္တိမဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားသော အခါ၌ ဖြစ်သည်။

မေး။ ။မဂ်ဖြစ်သောအခါ၊ လက္ခဏာဟရား၊ အစွမ်းအားဖြင့်၊ သုံးပါးအစုံ ဖြစ်သလော။

ဖြေ။ ။နိဗ္ဗာန်ပိုင်းက ပြခဲ့လေပြီ။

အနိစ္စာဒိ၊ ဝိပဿနာ၊ ရှုကာပြတ်ပြတ်၊ မှတ်အပ်မှတ်ကြောင်း၊ ခန္ဓာပေါင်းကို၊ မှတ်ကြောင်းအလို၊ သင့်အောင်ဆိုလျှင်၊ မဂ်,ဖိုလ် လေးကြိမ် ပေါက်လတ်မည်။

ဤတွင် ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ

ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

http://www.dhammadownload.com

ကျမ်းပြီး နိဂုံး

စတုစက္ကသမ္ပုဏ္ဏဿ၊ ကဥ္ဇနာဂိရိနဂြဿ။
စက္ကဋ္ဌေ တိလကဗ္ဘူတေ၊ ကျီးသဲဣတျာဘိသမ္မတေ။

မဟာနိဂမေ ဇာတတ္တာ ဝယပတ္တေ စ တသ္မိ ယေဝ ပဗ္ဗာဇေတ္ဝာ ဥပ-သမ္ပာဒေတ္ဝာဝ နာနာစေရာနံ သန္တိကေ ပရိယတ္တိယော ဥဂ္ဂဏ္ဍိတ္ဝာ ဆေကင်္ဂတေ ဟဿ ပါစိနဘူမိဇေဋ္ဌေ မဟာမစ္စေန ကာရာပိတေ သာသနဒ္ဓရာယ ပုတ္တဒါ-ရာနံ စတုဘူမကာဝါသေ ပထမံ ဝသိတတ္တာ စ, ကျီးသဲ ၄-ထပ်တိ အာချာ-တေန စက္ကသန္ဓရစေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမ္မန္တေန သီလာဒိ-ဂုဏယုတ္တေန ဝေပုလ္လပညာဝေယျတ္တိကေန တိပေဋကဝေဒတ္တယဂန္ထန္တရ-ဗဟုသုတဂုဏေဟိ ဝိသုတေန ဂဏဝါစကေန မုနိန္ဒာဘိဓဇသညိနာ မယာ သာသနသံဝုစုနတ္ထံ ပဏိဓာယ ပန်းတောင်းနဂရေ ဝသန္တေ ဂန္ထဝံသ နိဿ-ယဥ္ဇ ဇိနတ္ထပကာသနိနာမ ပကရဏဥ္ဇ ရစိတ္ဝာ အုပ်ဖိုလ်ဒေသ သီလဘေဒပကာ-သနီ ဂပ္ပါရယ ဝဿပဘုတိ ဥတ္တရတိတ္ထံနာမ ဇနပဒမုပနိဿာယ နဝဝိဟာရဝဗ္ဗေ ဝသန္တေ မင်္ဂလတ္ထဒီပနီယာ နိဿယဥ္ဇ, ဝေယျာ ကရဏ ဂန္ထဥ္ဇ ဒိဋ္ဌိဒီပက ပဥ္ဇာဗျာ-ကရဏ နိဗ္ဗာန်လမ်းပြ ဝိမတိစ္ဆေဒနီပကရဏာနိ သင်္ဂဟနိဿယဥ္ဇ လိက္ခိတ္ဝာ ဣဒါနိ စ ပရမတ္ထဆေကိစ္ဆာနံ သဇ္ဇနသမ္မတာနံ ဥပါသကာနမာယ စနဥ္ဇ သာ-သနောဒယာဘိကာမဿ သာဓုမာနိတဂုဏဿ ပဥ္ဇာလထေရဿ အဇ္ဇျေသနဥ္ဇ မာရဗ္ဘ, ပေါရာဏုပဒေသံ သဇ္ဇန္တော, နဝပညုတ္တရာနိ, ပက္ခိပိတ္ဝာ သဒ္ဒနယံ ပမုဥ္ဇန္တော သာရဘူတံ အတ္ထနယံ ဝိဂ္ဂါဟေတ္ဝာ မနောရထပူရဏာယ သုရ-စိတမိဒံ ဂန္ထံ နိဋ္ဌင်္ဂတော သော'နာယာသေန ဣသိ, နေရု, သိန္ဓု, စမ္မေ, ဇိနစဝက္က, ပါဏဂ္ဂိ, နေတြ, ရူပေ သက္ကရာဇေ ဘဒြမာသကာလပက္ခေ ဒသမေ စန္ဒြဒိနကေ။

ဓမ္မစက္ကာနုဘာဝေန-' ခိလသတ္တာ သုခါရိဝ။
ယဿ တေဇေန သဇ္ဇနာ၊ သုခိတာ လောကလာဘကာ။
ဝေရမဒ္ဒါဘိသမယာ၊ ဟောန္တု သဗ္ဗေပိ ဇန္တုနော။

စတုစက္ကသမ္ပုဏ္ဏဿ၊ ပဋိရူပစသည်အင်္ဂါ စက်လေးဖြာနှင့် လွန်စွာပြည့်စုံ ထသော။ ကဥ္ဇနာဂိရိနဂြဿ၊ ရွှေတောင်အမည်ရှိသောမြို့၏။ တိလကဗ္ဘူတေ၊ မှန်ကင်းတဆူ မှန်ကူသဖွယ်လည်းဖြစ်ထသော။စက္ကဋ္ဌေ၊ဘုရားသြဝါ သာသနာ၏ တည်ရာခေတ်မြတ် လည်းဖြစ်ထသော။ ကျီးသဲဣတျာဘိသမ္မတေ၊ ကျီးသဲဟူ၍ ဗိုလ်လူသမိုက်အပ်ထသော။ ။မဟာနိဂမေ၊ မြစ်သာနီးတုံ ဈေးမစုံသော

http://www.dhammadownload.com

ကြောင့် နိဂုံးမည်သီး ရွာရပ်ကြီး၌။ ဇာတတ္တာ စ၊ သန္ဓေကျိန်းပျော် ဖွားမြော်ကြီးရင့်သည်၏ အဖြင့်ကြောင့်ဂုင်း။ ဝယပတ္တေ၊ အရွယ်သို့ ရောက်လတ်သော်။ တသ္မိံ ယေဝ ဂါမေ၊ ထိုရွာ၌ သာလျှင်။ ပဗ္ဗာဇေတွာ၊ ရှင်ရဟန်းပြု၍။ ဥပသမ္ပာဒေတွာ၊ ပဉ္စင်းခံယူ၍။ နာနာစေရာနံ၊ အထူးထူးသော မြို့ရပ်ပြည်ရွာ ဆရာမွန် ဆရာမြတ်တို့၏။ သန္တိကေ၊ အထံ၌။ ပရိယတ္တိယော၊ သင်အပ်သော အတတ်ပညာ နာနာဝါဒတို့ကို။ ဥဂ္ဂဏှိတွာ၊ ကောင်းစွာသင်ယူ၍။ ဆေကင်္ဂတေ၊ ပြွမ်းတီးလိမ္မာခြင်းသို့ ရောက်လတ်သော်။ တဿ နိဂမဿ၊ ထိုကျီးသဲအမည်ရှိသော နိဂုံး၏။ ပါစိနဘူမိဇေဋ္ဌေ၊ အရှေမျက်နှာ တာသုံးရာခန့် မျှော်ရာဗွေဘုံ မြေခုံညွန့်မြိတ် ကုန်းဦးထိပ်၌။ မဟာမစ္စေန၊ ရှေတောင်, ပန်းတောင်း ကူးပြောင်းလှည့်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ် ဝန်ကြီးလုပ်ရသော မင်းကြီး **မဟာမင်းကျော် နော်ရထာ** ကြော်ငြာတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓရာယ၊ သာသနာကို စည်ပင်စွာဆောင်ရွက်စေခြင်း အကျိုးငှာ။ ပုတ္တဒါရာနံ၊ ရင်နှစ်, နှစ်ဖော် ကြင်ဘော်ဇနီး မြောက်သားကြီးတို့ကို။ ကာရာပိတေ၊ မိ မွေ ဘဝုတ် ကံကျွေး ထုတ်၍ ဆောက်လုပ်တည်ထောင်စေအပ်သော။ စတုဘူမကာဝါသေ၊ လေးထပ်ကျောင်းကြီး၌။ ပထမံ၊ ရှေးဦးစွာ။ ဝသိတတ္တာ၊ ရာပိုထ်ပြည့်တင်း, သီတင်းသုံးနေသည်၏ အဖြစ်ကြောင့်။ ကျီးသဲ ၄- ထပ်ကိအာချာတေန၊ ကျီးသဲ ၄-ထပ် ဆရာတော်ဟု ခေါ်ဝေါ်အပ်ထသော။ စက္ကသန္ဓရစေရာနံ၊ ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာကို ကောင်းစွာဆောင်ကုန်သော ဆရာမွန်ဆရာမြတ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်ဆာဆင်သကဲ့သို့ ဖြစ်ထသော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမ္မန္တေန၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏယုတ္တေန၊ သံဝရဝိနည်း, အာစာရဝိနည်း စောင့်စည်းခြိုးခြံ မြူမရံသော သီလ သိက္ခာ သမာဓိ ဂုဏ်နှင့်လည်းယှဉ်ထသော။ ဝေပုလ္လပညာဝေယျတ္တိကေန၊ ပြန့်ပြောကျယ်ဝင်း ထိုးထွင်းနိုက်နဲ ခွဲခြမ်းဝေဖန်နိုင်သော ဉာဏ်ပညာအစွမ်းလည်းရှိထသော။ တိပေဋကဝေဒတ္တယ, ဂန္ထန္တရ ဗဟုသုတ ဂုဏေဟိ၊ ပါဋ္ဌိ, အဋ္ဌကထာ, ဋီကာ ဥဿုံကျမ်းသုံးပုံကို ချက်ကုန်ထုတ်ဖောက် လှံ,မ,စောက်ဖြင့် ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်းတည်းဟူသော ပိဋကတ္တယ ဗဟုသုတ, ဆန်း, အလင်္ကာ သဒ္ဒါ, နေတ္တိ, ဝိ ဂ်, ဒဏ္ဍီ-ဗျဉ္ဇီ, ကလာပ် ဗြို့ဟဒ်, ရာဇမတ္တဏ်, ပူရာဏ်, သရောဒယ, ဇောတိသတ္ထ, သိဒ္ဓန္တဟု စသည်သုံးခန်း၊ ဝေဒလ်ကျမ်းတို့၌ ပြွမ်းတီးလေ့လာလိမ္မာသိမြင်ခြင်းတည်းဟူသော ဗေဒတ္တယ ဗဟုသုတ, ထုံးရာဇဝင် ပုံပြင်လင်္ကာကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း ဓာတ်ကျမ်းစာမ လောကဝိဇ္ဇာကျမ်းအရာတို့၌ကောင်းစွာသိမြင်ခြင်း တည်းဟူသော ဂန္ထန္တရ, ဗဟုသုတ ဂုဏ်တို့ကြောင့်။ ဝိသုတေန၊ နိုင်ငံအနှံ ပြန့်သောကျော်စောခြင်းလည်း ရှိထသော။ ဂဏဝါစကေန၊ ရှစ်ခွင်ဒိသာ ရောက်ဝင်လာသော သံဃာတော်အပေါင်းတို့၏ စာပို့ဆရာ

http://www.dhammadownload.com

လည်းဖြစ်ထသော။ မုနိန္ဒာဘိဇေလည်နာ၊မုနိန္ဒာဘိဇေ အမည်ရှိသော။ ယော၊ ငါသည်။ ။(သုရစိတံ၌စပ်)

သာသနသံဝစုနတ္ထံ၊ ဘုရားသာသနာ၏ လွန်စွာရှည်လျား ပြန့်ပွားရာ သောအကျိုးကို။ ပဏိဓာယ၊ တောင့်တမျှော်ခေါ်သဖြင့်။ ပန်းတောင်းနဂရေ၊ ပန်းတောင်းမြို့၌။ ဝသန္တေ၊ သီးတင်းသုံးနေစဉ်၊ ဂန္ထဝံသနိဿယဉ္စ၊ ဂန္ထဝံသ ကျမ်း၏ မှိရာနိဿယကိုဂင်း။ ဇိနတ္ထပကာသနီနာမ ပကရဏဉ္စ၊ ဇိနတ္ထပကာသနီ မည်သောကျမ်းကိုဂင်း။ ရစိတွာ၊ ရေးသားစီရင်ပြီး၍။ အုပ်ဖိုလ်ဒေသေ၊အုပ်ဖိုလ် အရပ်၌။ ဝသန္တေ၊ သီတင်းသုံးနေစဉ်။ သီလဘေဒပကာသနီ၊ သီလဘေဒပကာ-သနီကျမ်းကို။ ရစိတွာ၊ ရေးစီရင်ပြီး၍။ ဂပ္ပါရယ ဝဿပဘုတိ၊ သက္ကရာဇ်တထောင့် နှစ်ရာ နှစ်ဆယ့် သုံးခုနှစ်မှစ၍။ ဥတ္တရတိတ္ထံနာမ ဇနပဒံ၊ မြောက်ဆိပ်အမည်ရှိ သောဇနပုဒ်ကြီးကို။ ဥပနိဿာယ၊ အမှီပြု၍။ နဝဝိဟာရဂဗ္ဘေ၊ အသစ်တည် ထောင်အပ်သော ကျောင်းတိုက်၌။ ဝသန္တေ၊သီတင်းသုံးနေစဉ်။ မင်္ဂလတ္ထဒီပနိ-ယာ၊ မင်္ဂလတ္ထဒီပနီဋီကာ ကျမ်းကြီး၏။ နိဿယဉ္စ၊ မှိရာအတ္ထ နိဿယကိုဂင်း။ ဝေယျာကရဏဂန္ထဉ္စ၊ စွယ်စုံ ကျော်တင် ပုစ္ဆာကိုဖြေရာ ဝေယျာကရဏ်းကျမ်း ကြီးကိုဂင်း။ ဒိဋ္ဌိဒီပက ပဉ္ဉာဗျာကရဏ,နိဗ္ဗာန်လမ်းပြ,ဝိမတိစ္ဆေဒနီပကရဏာနိ စ၊ ဒိဋ္ဌိဒီပကကျမ်း, ပဉ္ဉာဗျာကရဏကျမ်း, နိဗ္ဗာန်လမ်းပြကျမ်း,ဝိမတိစ္ဆေဒနီကျမ်းတို့ ကိုဂင်း။ သင်္ဂဟနိဿယဉ္စ၊ သင်္ဂြိုဟ်နိဿယကိုဂင်း။ လိက္ခိတွာ၊ ရေးသားပြုပြင် စီရင်ပြီး၍။ ဣဒါနိ စ၊ ယခုအခါ၌လည်း။ ပရမတ္ထဆေကိစ္ဆာနံ၊ ပရမတ်တရား မှတ်သားလေ့လာ လိမ္မာ ပြွမ်းတီးခြင်းကို အလိုရှိကုန်သော။ သဇ္ဇနသမ္မ-တာနံ၊ ဒုရာဇီဝ သုဇီဝဖြင့် ဓမ္မ မျှေလျော် လူသူတော်ဟု ခေါ်ဝေါ်သမုတ် အပ်ကုန်သော။ ဥပါသကာနံ၊ ပိဋကတ်ဒါယကာ ကြေငြာထင်ပေါ် မောင် မြတ်ကျော် အမှူးရှိကုန်သော ဥပါသကာတို့၏။ အာယာစနဉ္စ၊ အဖန်ဖန် တောင်းပန်ခြင်းကိုဂင်း။ သာသနောဒယာဘိကာမဿ၊ သာသနာတော်၏ ဖြောင့်မတ်စွာ တက်ထွန်းခြင်းကို အလွန်အလိုရှိလသော။သာဓုမာနိတဂုဏဿ၊ သူတော်ကောင်းတို့သည် ညွှတ်ပြောင်းမြတ်နိုးအပ်သော သီလသံဝရ ဥဿာဟ ဂုဏ်နှင့်လည်းပြည့်စုံထသော။ ပဉ္ဇာလထေရဿ၊ ပဉ္ဇာလဟု နာမခေါ်တွင် အရှင်ထေရ်မြတ်၏။ အဇ္ဈေသနဉ္စ၊ အလွန်တိုက်တွန်းခြင်းကိုဂင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပေါရာဏုပဒေသံ၊ ရှေးဆရာတို့ နည်းနာရအောင် မေးပြ သော ပရမတ္ထပုစ္ဆာကို။ သဇ္ဇန္တော၊ ဖြေသင့်လျက်။ နဝပညုတ္တရာနိ၊ အသစ် သော အမေးအဖြေတို့ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ သဒ္ဒနယံ၊ ကျမ်းလာ ကစ္စည်း သဒ္ဒါနည်းကို။ ပမုဉ္စန္တော၊ လွှတ်လျက်။ သာရဘူတံ၊ အနှစ်သဖွယ် ဖြစ်သော။ အတ္ထနယံ၊ သဘောအဓိပ္ပါယ်ဖြစ်သော အနက်နည်းကို။ ဝိဂ္ဂါဟေ-တွာ၊ အထူးထူးသော ကျမ်းဂန်မှယူ၍။ မနောရထပူရဏာယ၊ ဆန်းကြယ်

http://www.dhammadownload.com

ထူးကဲ နက်နဲစွာသိလိုသောသူတို့၏ နှလုံးအလိုကို ပြည့်စေခြင်းငှာ၊ ဣဒံ ဂန္ထံ၊ ဤကျမ်းကို။ သုရစိတံ၊ ကောင်းစွာစီရင်အပ်ပြီ။

သော ဂန္ထော၊ ထို "မနောရထပူရဏီ" မည်သောကျမ်းသည်။ ဇိနစက္ကေ၊ မြတ်စွာဘုရား သာသနာတော်သည်။ ဣသိ-နေရှ သိန္ဓု စမ္မေ၊ နှစ်ထောင့်လေးရာ တဆယ့်ခုနှစ်ခုနှစ်ဖြစ်သော။ သက္ကရာဇေ၊ လူတို့မှတ်ဆစ် သက္ကရာဇ်သည်။ ပါဏဂ္ဂိနေတြရှပေ၊ တထောင့်နှစ်ရာ သုံးဆယ်ငါးခုဖြစ်သော။ ဝဿေ၊ နှစ်၌။ ဘဒြမာသကာလပက္ခေ၊ ဇကော်သလင်းလဆန်း ပက္ခဖြစ်သော။ ဒသမေစန္ဒဒိနကေ၊ လဆန်းဆယ်ရက် တနင်းလာနေ့၌။ အနာယာသေန၊ ရောဂါဘေးဘျမ်း မငြိမသန်းခြင်းဖြင့်။ နိဋ္ဌင်္ဂတော၊ အပြီးသို့ရောက်၏။

ဓမ္မစက္ကာနုဘာဝေန၊ ဓမ္မစကြာ ဟောသောအခါ၌ ဒေသနာနုဘော် မြတ်တေဇော်ကြောင့်။ အခိလသတ္တာ၊ မြေပေါ်မိုးထက် ဘဝင်အထိ ဝီစိတိုင်ရောက် ထက်အောက်တပြင် ဝန်းကျင်ဥဿုံ ကြွင်းမဲ့ကုန်သော သတ္တဝါတို့သည်။ သုခါရိဝ၊ ဘေးမျိုးကွာ၍ ချမ်းသာရကုန်သကဲ့သို့။ ယဿ၊ အကြင် "မနောရထပူရဏီ" ဂုဏ်ဆီပြည့်လျမ်း ဤသည့်ကျမ်း၏။ တေဇေန။ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဇ္ဇနာ၊ ဣသာ, ပက္ခေ, ပလာသေနှင့် ရန်မွေခြောက်သင်း စောင်းမာန်ကင်းသော သူတော်ကောင်းတို့သည်။ သုခိတာ၊ ပီတိငါးဖြာ ပြန့်ပွားကာဖြင့် ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အာလောကလာဘကာ၊ ဉာဏ်တည်းဟူသော အလင်းကို ရကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဝေရမဒ္ဒါ။ အဇျတ်ဗာဟီ နှစ်လ်သောရန် မိစ္ဆာမာန်ကို ပယ်သုန်နှိပ်နင်းနိုင်ကုန်သည်။ အဘိသမယာ၊ ဆယ်တန်ဓိပသ် ဉာဏ်အမြတ်ဖြင့် ပညတ်ပရမတ် ခဲကပ်သမျှ မွေခပင်း ထိုးထွင်းဥဿုံ သိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သဗ္ဗေပိ ဇန္တုနော၊ အလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိတာ၊ လိုအင်ပြည့်ဝ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

ဣဿာ၊ ငြူစူခြင်း။ မက္ခေပ၊ သူ၏ဂုဏ်ကျက်သရေကို ချေဖျောက်ခြင်း။ ပလာသ၊ အဖျင်းမူခြင်း။ ဥပါရမ္ဘ၊ စွပ်စွဲပြောဆိုခြင်း။ အတ္တုက္ကံသန၊ မိမိကိုယ်ကို ချီးမြောက်ခြင်း။ ပရဝမ္ဘန၊ သူကိုရှုတ်ချခြင်း။ အတွင်းရန် ၆-ပါးတည်း။

ဤရန်မွေ ၆-သင်း ကင်းလွတ်သောသူ နာယူသင်ကြားမှ ပီတိသုခနှင့်တကွ ဉာဏ်တည်းဟူသော အလင်းကို ရမည်ဖြစ်၍ ပတ္ထနာသည်။

ဤတွင် နိဂုံးခါးပတ် အပြီးသတ်တည်း။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

(၂) ။ဂွဲဆ-ဝဝဝၖ—ငပ-ၖ-ၖၗ—ၖငၖ—ဓ-ထ-ဇ-ဂ

http://www.dhammadownload.com

http://www.dhammadownload.com

အလိမ္မာ စာမျာရှိသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာနမှ

မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ။

မြန်မာပြန်ကျမ်းများ

၁။ ဒီဃနိကာယ် (သုတ္တန်) ပါဒုတ (၃-ကျမ်း) ၃-အုပ်

၂။ မဇ္ဈိမနိကာယ် (သုတ္တန်) " (၃-ကျမ်း) ၃-အုပ်

၃။ သံယုတ္တနိကာယ် (သုတ္တန်) " (၅-ကျမ်း) ၃-အုပ်

၄။ အင်္ဂုတ္တရနိကာယ် (သုတ္တန်) " (၁၁-ကျမ်း) ၃-အုပ်

၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၁၀) မှ ဝိနည်း (၅-ကျမ်း) ၅-အုပ်

အဘိဓမ္မာ (၄-ကျမ်း) ၅-အုပ်

အခြားသုတ္တန် (၁၄-ကျမ်း) ၃-အုပ်

တိပိဋက ပါဠို-မြန်မာအဘိဓာန်ကြီး

၁၀-တွဲ ထွက်ပြီ

မဟာပဒ္ဓဝင်

ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ဂ-အုပ် အပြည့်အစုံထွက်ပြီ။